# ဗုဒ္ဓလင်္ကာစွဲဒီပနီ

ဦးသောင်းဖေ

# စာရေးသူ၏ မေတ္တာရပ်ခံချက်

ကျွန်ုပ်၏ ထာဝရစဉ် စာအုပ်ကိုယ်စားလှယ်တော်ကြီးများနှင့် ချစ်လှစွာသော စာဖတ် ပရိသတ် အပေါင်းတို့ခင်ဗျား—

ကျွန်ုပ်သည် ဤစာအုပ်ကို တရားဥပဒေအတိုင်း ပုံနှိပ်စက်ပေါ်သို့ ရောက်ရှိရန် စာမူကြမ်းရေးပြီးသည့် ၁၉၇၇—ခုနှစ်မှစ၍ ကြိုးစားခဲ့ရာ—၁၉၈၁-ခုနှစ် စာအုပ်ကြီးချုပ် ပြီးသည့်အထိ အခက်အခဲမျိုးစုံကြောင့် ပေါင်း(၄)နှစ်တာမျှ အချိန်ကြာမြင့်ခဲ့ပါသည်။

ထိုမှတဖန်၊ စာအုပ်ရောင်းချခွင့်အမိန့် အခက်အခဲ ကြုံလာပြန်ပါသဖြင့်၊ ယနေ့ (၁၂-၇-၁၉၈၂)ခုအထိ နောက်ထပ်တနှစ်ကျော်ကြာမျှ ရပ်ဟန့်နေခဲ့ရ ပြန်ပါသည်။ ယခုမူ ဤစာအုပ်၏ နောက်ပိုင်းတွင် ပူးတွဲ ဖော်ပြထားသည့်-

(၁)။ မြန်မာနိုင်ငံ အစ္စလာမ် သာသနာရေးကောင်စီ ဌာနချုပ်၊ ရန်ကုန်မှ အထူးလေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် အတွေတွေ အတွင်းရေးမှူးချုပ် တို့၏ ထောက်ခံချက်ဖြင့် လည်းကောင်း၊

(၂)။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ်၊ ရန်ကုန်မှ—အထူး လေးစားအပ် သော ဥက္ကဋ္ဌကြီး၏ ထောက်ခံချက်ဖြင့် လည်းကောင်း။

(၃)။ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များ ကောင်စီ၊ ရန်ကုန်မှ— အထူး လေးစားအပ်သော အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောကြားထောက်ခံ ချက်ဖြင့် လည်းကောင်း။

အခြားပုဂ္ဂိုလ်ကြီးအပေါင်းတို့၏ ကူညီထောက်ခံမှုဖြင့်လည်းကောင်း၊ ဤစာအုပ် ကြီးကို ကျွန်ုပ်၏ ချစ်လှစွာသော စာဖတ်ပရိသတ် အားလုံးတို့၏ လက်အတွင်းသို့ အရောက် ပေးပို့နိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်အား ဝိုင်းဝန်းကူညီ ထောက်ခံပေးကြသော အထက်ဖော်ပြပါ ပုဂ္ဂိုလ်ကြီးအပေါင်းတို့အား ကျေးဇူးတင်လှပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

သို့ ကျေးဇူးတင်သည့်အားလျော်စွာ၊ ၎င်းပုဂ္ဂိုလ်ကြီး အပေါင်းတို့၏ ထောက်ခံ ချက်များနှင့်တွဲ၍ ဖော်ပြထားသော ပုံနှိပ်တိုက်၏အမှားနှင့် အယူအဆ အကိုးအကား မတူညီသော (အမှား-အမှန်)ပြင်ဆင်ချက် ကလေးများကိုလည်းသည်းခံ၍ သူ ဘာသာ

သူ့အခန်း စာမျက်နှာတို၌ ကျေးဇူးပြု၍ ပြင်ဆင်ပြီး ဖတ်ရှုကြပါရန် အထူးမေတ္တာရပ်ခံ အပ်ပါသည်။

ထို့ပြင် မျက်နှာဖုံးအမည်ကို ထပ်မံ ပြင်ဆင်ရပါသဖြင့်၊ ၎င်းနှင့် လိုက်လျော ညီရန်၊ အတွင်းစာရွက်မျက်နှာဖုံးနှင့် စာအုပ်အတွင်းသား ခေါင်းစဉ်"ဇာ"န ဂုဏ်တော်ဖြင့် အကြံအောင်မြင်နည်း၊ ဗုဒ္ဓလက်စွဲဒီပနီ"အမည်အစား "ကမ္ဘာ့ဘာသာကြီးများ လက်စွဲ" အမည်ကို စာမျက်နှာခေါင်းစဉ်တိုင်း ပြင်ဆင်ပြီးဖတ်ရှုကြ ပါရန်ကိုလည်း အထူးမေတ္တာ ရပ်ခံအပ်ပါသည်ခင်များ။

ချစ်လှစွာသော စာဖတ်ပရိသတ် အပေါင်းတို့ခင်များ၊

တန်ဖိုးကြီးလှစွာသော ပတ္တမြားမောက် ကျောက်မျက်ရတနာများသည် လူသူ များ လက်တွင်းသို့ ရောက်ရှိပိုင်ဆိုင်ရန် ခဲယဉ်းလှဘိ သကဲ့သို့၊ စိတ်ကူးဉာဏ် ထုတ် အကိုးအကားရှာရေးသည့်အချိန် (၁) နှစ်၊ ပုံနှိပ်ပြီး ယခုရောင်းခွင့်ရသည့် (၁၂-၇- ၈၂)ခုနှ အချိန့်အထိ (၅) နှစ်ကျော်၊ ပေါင်း (၆) ခြောက်နှစ်ကျော် ကာလမျှ ခက်အခဲပေါင်းစုံကိုကို မလျော့သော ဇွဲ လုံ့လတို့ဖြင့် ကျော်လွှား လုပ်ဆောင်ခဲ့ရ ပါသော ငွေရင်းအကုန်အကျအလွန်များခဲ့ရပါသော ဤကျွန်ုပ်၏ ကျမ်းပြုတ် (ကမ္ဘာ့ ဘာသာကြီးများလက်စွဲ) စာအုပ်ကြီးသည် ကျွန်ုပ်၏ထာဝစဉ် ကိုယ်စားလှယ်တော်ကြီး များနှင့် ချစ်လှစွာသော တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ဘာသာအားလုံးတို့၏ စာဖတ် ပရိသတ်အပေါင်းတို့အတွက် တန်ဖိုးပေး ဝယ်ယူရသည့် ကုန်ကျမှုထက်၊ အကျိုးပိုမို၍ ရှိလိမ့်မည်ဟု တထစ်ကျ ယုံကြည်ယူဆ မိပါကြောင်း။

ဤစာအုပ် ကျမ်းမြတ်ကား၊ ပထမဆုံးနှင့် နောက်ဆုံးအဖြစ် (၁) ကြိမ် တည်း သာ ထုတ်မည်ဖြစ်ပါသော့ကြောင့်၊ လူတိုင်းလက်မလွှတ်တမ်း ဝယ်ယူဖဘ်ရှုသိမ်းဆည်း ထားသင့်သည်ဟု ရိုးသားစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း ခင်များ။

လူတိုင်း အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ကြပါစေသတည်း။ လူလူချင်းကိုယ်ချင်း စာနာစိတ် ပြည့်ဝကြပါစေသတည်း။ လူလူချင်း ကျောသားရင်သား ခွဲခြားပဲ ချစ်ခင် မြတ်နိုး ကူညီနိုင်ကြပါစေသတည်း။

(ဦးသောင်းဖေ)

ကျောင်းအုပ်ဆရာကြီး။

12-7-1982

၁၅၇၇၄

ဇိနဂုဏ်တော်ဖြင့် အကြံအောင်မြင်နည်း

# ဗုဒ္ဓလက်စွဲဒီပနီ

(ဘာသာပေါင်းစုံ ပါဝင်သည်)။

# THE HAND BOOK OF BUDDHISM.,

(including all other Religions)

ဦးသောင်းဗေ ပြုစုသည်။

၁|၂၄

၁၉၇၂-ခုနှစ်၊ အောက်တိုဘာလ။
ပထမအကြိမ်၊ အုပ်ရေ (၂၁၀၀)။
တန်ဖိုး - ၄၅/-ကျပ်။

စာမူခွင့်ပြုချက်အမှတ် (၉၀)
မျက်နှာဖုံး ခွင့်ပြုချက်နှင့် အတွင်းပုံများခွင့်ပြုချက်အမှတ် (၂၆၀)

မျက်နှာဖုံး—မဟာသီရိ။

၁၅၇၇၄

**ထုတ်ဝေသူ**....ဦးသောင်းမြင့် (၀၉၂၉) မြတ်နိုးသူ
စာပေတိုက်၊ ၁၁/အင်းစိန်လမ်းမ၊
I၁၃-ရပ်ကွက်။ လှိုင်မြို့နယ်။

**ပုံနှိပ်သူ**....ဒေါ်ခင်ယဉ်
မဟာသီရိ-ပုံနှိပ်တိုက်၊ (၀၂၅၀၃)
၁၇၄-အနော်ရထာလမ်း၊ ရန်ကုန်မြို့။

## (စာရေးသူ၏ ဦးတည်ချက်)။

(၁) ကမ္ဘာပေါ်တွင် ဘာသာရေးနှင့် အယူဝါဒဆိုင်ရာစာအုပ်၊ စာတုမ်းနှင့် မှတ်စုများမှာ အလွန်များပြားလှသည်ဖြစ်ရာ၊ နှစ်များစွာချီ၍အချိန်ကုန် လူပန်းခံကာ လှန်လှောနိုင်၊ ရှာဖွေစူးစမ်းနိုင်ပါမှ၊ ဗုဒ္ဓ တရားတော်နှင့်ပတ်သက်၍၎င်း၊ ကမ္ဘာ့ဘာသာအယူဝါဒအားလုံးနှင့် ပတ်သက်၍၎င်း။ယနေ့ သိပ္ပံဆိုင်ရာ တွေ့ရှိချက် အထောက်အထားတို့နှင့် ပတ်သက်၍၎င်း၊ အတော်အတန်တီးမိခေါက်မိရုံသာ ရှိပေသည်။

သို့အတွက်ဘာသာရေးကို လေ့လာလိုက်စားသူတို့အဖို့၊ အလွယ်တကူ တထိုင်တည်းနှင့်တဝကြီး၊ ဗုဒ္ဓဂေါတမမြတ်စွာဘုရား၏ အနှစ်သာရတရားရင်းများနှင့် ကမ္ဘာ့မျိုးစုံ အယူဝါဒများကို (အက္ခရာသိဝလီ) အစဉ်အတိုင်း ဖတ်ရှုသိမြင်နိုင်ကြစေရန် ဦးတည်ရည်ရွယ်ပါသည်။

သို့သော် ဤစာအုပ်ကို ရေးသားရာ၌၊ ကျွန်ုပ်သည် မည်သည့်ဘာသာ အယူဝါဒကိုမျှ၊ ခဝဖန်ပုတ်ခတ်၊ နှိပ်ချခြင်းမပြုပဲ။ သူတို့ မူရင်းကျမ်းအပေါင်းတို့၏ အဆိုအမိန့်မူရင်းများအတိုင်းသာ စာမျက်နှာ နံပါတ်နှင့်တကွ တိတိကျကျယှဉ်တွဲ ဖော်ပြထားခြင်းမျှသာဖြစ်ပါသည်။

ဥပမာ၊ အဘိုးအနက္ခထိုက်သော ရတနာ အားလုံးကိုရောပွမ်း ပြထားပါက၊ စိန်သည်စိန်သာဖြစ်၍ ပတ္တမြားသည် ပတ္တမြားသာဖြစ်ပါသည်။နီလာနှင့် ဥဿဖရား ကျောက်တို့သည် စိန်နှင့် ပတ္တမြားတို့ အဖြစ်သို့ ပြောင်းလွဲရောက်ရှိမသွားနိုင်ပါ။

ထို့ကြောင့်ဘာသာပေါင်းစုံ၊ ဝါဒပေါင်းစုံ၊ လူမျိုးပေါင်းစုံ တို့သည်၊ အဖြူ အနီ။ အကြောင်၊ အကြား၊ အရောင်အားလုံးတို့ကို နှိုင်းယှဉ် လေ့လာနိုင်ကြပါစေ၊ အမှန်ကို တကဲ့အမှန်အတိုင်း သိနိုင် လိုက်စားနိုင်ကြပြီး၊အကျိုးထူးများခံစားနိုင်ကြပါစေသတည်း။

(၂) ကျွန်ုပ်တို့သည် ကံကိုယုံ၍ ဆူးပုံမနင်းရာဟု ဆိုရိုးစကားရှိသော်လည်း၊ လူတဦး၏ (ကံ၊ ဉာဏ်၊ ဝီရိယ )ဟူသောအကြောင်းသုံးပါး ညီညွတ်မျှတမှုမရှိပါက အရာရာတို့၌ အလွယ်တကူ မအောင်မြင် နိုင်ကြောင်းကို အ

သက်ကြီးရင့်၍ ကိုယ်တွေ့များလာသော လူမှုန်သမျှ လက်ခံကြမည်သာ ဖြစ်ပေသည်။

ပုထုစဉ်လူသားတို့သည် အသက်အရွယ်နု၍ အတွေ့ အကြုံလည်းနည်းပြီး၊ အတွေးအခေါ်များလည်း နုနယ်သေးသည့် အချိန်အရွယ်၌(ကံတရား) ဆိုသည်ကို များသောအားဖြင့် မယုံကြည်တတ်ကြချေ။

ငါလုပ်လျှင် ဘုရင်ပင်ဖြစ်ရမည်ဟူသော ငယ်သွေး၊ ငယ်စိတ် တို့၏ မာန်မာဏ တွန်းကန်အားဖြင့်၊ အကြောင်းသုံးပါးတို့ကို မစဉ်းစား မမြင်မိပဲ၊ မျက်စိမှိတ်၍ အတင်းအဓမ္မ တွေးထင်တတ်ကြစမြဲဖြစ်၏။ သို့ တွေးထင် တိုင်းလည်း တစွတ်ထိုးလုပ်တတ်ကြ၏။ ထိုမှတဖက်စွန်းသို့ လွန်ကျွံစွာ ရောက်ရလေ၏။

ထို့ကြောင့် မိမိလုပ်သည့် အလုပ်မှန်သမျှသည် တရားသဖြင့် ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခြားသူတဖက်သားတို့အတွက် ထိခိုက်နစ်နာသွားမည်ဖြစ်စေ၊ မနစ်နာသည်ဖြစ်စေ၊ ကိုယ်ချင်းစာနာတတ်သည့်စိတ်၊ သနားညှာတာတတ်သည့်စိတ်တို့ကား၊ မြူမှုံမျှထင်ဟပ်ခြင်း မရှိနိုင်ခဲ့ပါချေ။ ဘုရား၊ တရား၊သံဃာ၊ရတနာ သုံးပါးဟူသည်လည်းနားရှိ၍ကြားဘူးရုံမျှသာရှိချေမည်

သို့သော် တကမ္ဘာလုံးရှိ ဘာသာအားလုံးမှ မည်သည့် လူမျိုးတို့၌ မဆို မွေးဂုပါ ကံတရားတို့သည် အရိပ်ပမာ မိမိတို့၏ နောက်ကျောမှ ထက်ချပ်မကွာ ကပ်၍လိုက်ပါလာခဲ့သည်ဖြစ်ပေရာ၊ ထိုအကုသိုလ် ဒုစရိုက် မကောင်းမှုအပေါင်းကို အများဆုံး ကြူးလွန်လုပ်ကိုင်ခဲ့သော သူများသည်၊ မိမိ ခံရမည့် အလှည့်အချိန်သို့ ကျရောက်လာသည့် အခါတို့၌ လုပ်တိုင်းမဖြစ်၊ ယူတိုင်းမရ၊ ပြောတိုင်းမယုံ၊ ကြံစည်တိုင်းအဖျက်ပေါ်၍ ကံတရား၏ အထု အထောင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံလာရသောအခါ ချော်–ဘဝဆိုတာ ရေတွင်မျောပါနေသော သစ်တုံးများကဲ့သို့တည်း၊ တည်ငြိမ်ခြင်းမရှိ၊ အပေါ်စီးကချည်းမနေပဲ တဖက်အောက်သို့လည်း ပြန်လည်၍ ကျရပါသေး တကားဟု၊ နောင်တကြီးစွာရလာတတ်ကြပေသည်။

နောက်ထပ်တဖန်က ဇာတ်ဆရာ၏အလှည့်အပါတ်၊အကွေ့အကောက်တို့ကိုခံရသော လှောင်အိမ်တွင်း၌ ပိတ်မိနေသော ငှက်ဘဝနှယ်။ ကုန်းခေါင်ခေါင်၌ တင်ထားခြင်းခံရသော ငါးဘဝနှယ်၊ ဆီးဦးထောပတ် ဆွဲမက်ဖွယ်ရာများကို တွေ့ရှိသော်လည်း လုံးဝမစားရသော ဘဝမျိုးနှယ်၊ ရေတွင်းရေကန်

တို့ကို တွေ့ပါလျှက် ရေငတ်နေသောဘဝမျိုးနှယ်၊ နွေခေါင်ခေါင် အလွန် ပူပြင်းလှသော သဲကန္တာရကြီး အတွင်းဝယ် မျက်စိလည်လမ်းမှား၍ အမောတခေါ ပြေးလွှားနေရသောဘဝမျိုးတို့၌။ မည်သည့်သတ္တဝါမျိုးမဆို၊ တဒင်္ဂ ခေတ္တ ကလေးမျှဖြစ်စေ၊ အေးရိပ်ကိုခိုနားလိုကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။

ထိုအခါမျိုး၌ လူတို့သည်၊ ကံတရား၏ ဆန်းကျယ်ပုံ၊ ကံ၊ ကံ၏ အကျိုးပေးမှုများကို ထင်ရှားစွာ တွေ့မြင်လာရကာ၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး စသည်တို့ကို ပုံကြည်ကိုးစားအားထားလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာကြရပေသည်။

ထို့ထက်ဆိုးသည်မှာကား၊ လူသတ္တဝါသည် အမြင့်ဆုံး ဘဝမှ အနိမ့်ဆုံးဘဝတိုင်တွန်းချခြင်းနှင့် ကန်ချ ချုပ်နှောင်ခြင်းခံရသည့် ဘဝမျိုးတို့၌ရင်း။ တပ်မက်တွယ်တာစရာများဖြစ်သည့်၊ တိုက်တာ အိမ်မြေ၊ စည်းစိမ် ပစ္စည်း၊ အားလုံးတို့ကို၊ မီးဘေး။ ရေဘေး၊ လေဘေး၊ ဘေးဒါဏ် အမျိုးမျိုး တို့ဖြင့် ကမုဟုတ်ခြင်း ဆုံးပါး ပျက်စီးသွားရသောအခါမျိုးတို့၌ရင်း။

မိမိ၏မယား၊ သားသမီး၊ ဆွေမျိုး၊ ညာတကာအသိုင်းအဝိုင်းအပေါင်း တို့သည်၊ ပစ္စည်းဥစ္စာ ဂုဏ်ပကာသနတို့၏ နောက်ကိုလိုက်ကာ။ မိမိအား ရက်စက်စွာ စွန့်ပယ်ခြင်း ခံရသော အချိန်မျိုး၌ရင်း၊ လူ့လောက၏ ကလိန်ခြုံ သဘောရင်း လုပ်ရပ်များကို ထင်ရှားစွာ ကိုယ်တိုင် တွေ့လာရသော အခါ မျိုး၌၊ မျက်ရေစက် လက်ဖြင့် ထာဝရ အေးရိပ်သာဖြစ်သော ဘုရား တရား သံဃာ၊ ရတနာ သုံးပါးတို့ကို၊ အမော တခေါ အငမ်းမရ လိုက်လံ ရှာဖွေ တတ်ကြပေသည်။

ဘုရားမေ့ ကျောင်းမေ့ ဘဝမှ ဘုရားရိပ် ကျောင်းရိပ်များသို့ အပြေး အလွှားဝင်ရောက်ခိုလှုံလာတတ်ကြသည်မှာ သဘာဝပင် ဖြစ်ပါသည်၊ ထိုအခါ မျိုးမှ အခြားလူများအပေါ် တကဲ့ကိုယ်ချင်းစာ တရား များလည်း ပေါ် ပေါက်လာစမြဲဖြစ်ပါသည်။

ယင်းအခါမှ၊ မြတ်စွာဘုရားသခင်၏ ရှေ့မှောက်၌ ကြောက်ရွံ့တုံလှုပ် စွာ၊ ကယ်တင်တော်မူပါဘုရားဟူ၍ တစာစာ အော်ရစ်ရင်း ဦးတိုက်၍ရောက် လာတတ်ကြစမြဲဖြစ်ပါသည်။

ထိုသို့ ရှေ့တော်မှောက်တွင် မျက်ရေစက်လက်နှင့် ကြောက်အား ကြီးစွာ ဒူးတုတ်၍ ရောက်လာသော မည်သည့်သတ္တဝါ တဦးတယောက်ကိုမျှ မဆိုရန်သူ မိဘ်ခဆွ မခွဲခြား၊ မျက်နှာလိုက်၍ နှင်ထုတ်ရက်စက်ခြင်း မရှိပဲ၊ ဂေါတမ မြတ်စွာ ဘုရားသခင်၏ အဆုံး အမဖြစ်သည့် ကျယ်ပြန့်လှသော တရားဓမ္မလက်ဝါးကြီးများသည့် အမြဲတန်း ထာဝရ ကမ်းလင့် ကြိုဆိုလျက် ရှိနေပါသည်။

ဤသို့ ဂေါတမမြတ်စွာ ဘုရားသခင်၏ ဓမ္မတေးသံတို့ဖြင့် ကမ်းလင့်လှမ်းခြုံ ထွေးပိုက်ယုရကြင်နာခြင်းကို ခံရပါက၊ လောက၏(ဒုက္ခသစ္စာ)မည်သော ဆင်းရဲခြင်း ရက်စက်မှုဒဏ်ရာ ဒဏ်ချက် အားလုံး တို့သည်၊ တဖြည်းဖြည်းဝေး၍ဝေး၍၊ မှေး၍ မှေး၍၊ မြူမှုန့်များပမာ လွင့်ပျောက်၍ ကျန့်ရစ်ခဲ့ရပေတော့သတည်း။

လူတို့သည် မိမိ၏ဘဝကို အရုပ်ပန်းချီ ကားချပ်တခုကဲ့သို့၊ လောက၌ အလှဆုံး၊ အယဉ်ဆုံး၊ အရီအပြုံးများနှင့်သာ အဆုံးသတ်လိုသော၊ ပန်းချီဆရာများကဲ့သို့ ဆေးတို့ဖြင့် အမြဲချယ်မှုန်းနေလိုသူများ ဖြစ်ပေသည်။ အကြီးတန် အရုပ်ဆိုးသော ဘဝပန်းချီကားချပ်မျိုးကိုကား လုံးဝ မလိုလား ကြချေ၊ မှန်ပေ၏။

သို့သော်လူတို့သည် ဘဝကံကြမ္မာ ဂြိုဟ်စီး၍ လူလုံးမလှ အကြီးတန်အရုပ်ဆိုးလှန်းသော ဘဝမျိုးသို့ ရောက်ရှိသည့် နောက်ဆုံး အချိန်သည်၊ ဗုဒ္ဓဂေါတမမြတ်စွာဘုရားသခင်၏အရိပ်၊ ဓမ္မ တရားတော်၏ အရိပ် အာဝါသအောက်တွင်၊ ပထမဦးဆုံး စိတ်ရောကိုယ်ပါ နှစ်နှစ်ကာကာ ခိုလှုံ ရောက်ရှိနေပြီဖြစ်ကြောင်းတွေ့ရတတ်ပေသည်။

ကျွန်ုပ်သည်(World out Iook) လောကကြီး၏ ဖြစ်ပျက်စဉ် တရားအားလုံးတို့ကို ရှုမြင်သုံးသပ်၊ ကောင်းရာကောင်းကြောင်း၊ အကျိုး ရှိရာရှိကြောင်းတို့ကို ရှာဖွေရာ၌။ အနုပဋ္ဋိလောမ၊ ကွန်မြူနစ်ရုပ်ဝါဒ တရားတို့ကိုလည်းအလွတ်ရသည့်တိုင် လေ့လာဖတ်ရှု၍(ကမ္ဘာ့ဆိုရှယ်လစ် ခေါင်းဆောင်ကြီးများ) ဟူသော၊ ကွန်မြူနစ် ခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ စာအုပ်ကို ခရာဇ်သက္ကရာဇ်(၁၉၆၄) ခုနှစ်မှစ၍ ရေးသားထုတ်ဝေခဲ့ပါသည်။

ယနေ့ခေတ်စားနေသော လူမှုရေးသိပ္ပံနှင့် ပါတ်သက်၍လည်းတော်တော်ကလေး လေ့လာတွေ့မြင်သိရှိထားပြီး၊ လူမှုရေးတိုးတက်ရာ၊ တိုးတက်ကြောင်း စာအုပ်များလည်း ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

အခြားသော ကမ္ဘာ့အလယ် အလတ်တန်းစား တွေးခေါ်ရှင်အပေါင်းတို့၏ ရှုမြင်သုံးသပ်ပုံ အကြောင်းများကိုလည်း၊ ဖတ်ရှုလေ့လာ သိရှိထားပြီး ဖြစ်ပါသည်။ ထို့ပြင် တွေးခေါ် မျှော်မြင်မှု၌ ရင့်ကျက်နက်နဲဆုံးသောကမ္ဘာ့ဘာသာကြီးအားလုံးတို့၏ အကြောင်းကိုလည်း ယနေ့လက်တွေ့ လေ့လာလိုက်စားကျင့်ကြံနေသူလည်း ဖြစ်ပါသည်၊

ထိုအခါ ဗုဒ္ဓဂေါတမမြတ်စွာဘုရား တရားတော်၏ ရှုမြင် သုံးသပ်ပုံအဆိုအမိန့်များ၏ အနှစ်သာရပိုင်းတို့သည် လူ့ဘဝအစဉ်ကို ထုတ်ဖေါ် ရာ၌ကွင်းကွင်းကွက်ကွက် ထင်ရှားစွာ ပေါ်ထွက်ခဲ့သည့်အပြင်။ အခြား ဘာသာကြီးအားလုံးတို့ထက် နှစ်ပေါင်း(၅၂၀)နှစ်ကျော်မျှစော၍ ပေါ်ထွန်းခဲ့ပေသည်။ ထို့ကြောင့်ယနေ့၊ မနက်ဖြန်၊ သို့မဟုတ် နောင်နှစ်ပေါင်း သိန်းသန်းမက၊ ကမ္ဘာကြီးတည်ရှိနေသရွေ့ ကာလပတ်လုံး၊ ယနေ့သိပ္ပံ ဖြစ်ရပ်တို့သည် လကမ္ဘာနှင့် အခြားဂြိုဟ်များပေါ်သို့ လူတို့အိမ်ဦးနှင့် ကြမ်းပြင်ပမာ သွားရောက်အိပ်စက်နေနိုင်ကြသည့်အချိန်တိုင်စေ၊ ဗုဒ္ဓဂေါတမ မြတ်စွာ ဘုရား၏တရား ဓမ္မအဆိုအမိန့်တို့ကား၊ လူသားအားလုံးတို့အတွက် သူ့နေရာနှင့် သူစနစ်တကျ သုံးစွဲတတ်ပါက၊ လောကီ၊ မျက်တွေ့—ပစ္စုပ္ပန် ဘဝ။ လောကုတ္တရာ၊ အနာဂတ်—နောင်အမလွန်ဘဝ ဟူသော(၂)နှစ်ဖြာသော အကျိုးတရားများကို ရာသက်ပန် ခံစားနိုင်ကြလိမ့်မည်ဟု တထစ်ကြယုံကြည်ပေသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ဂေါတမမြတ်စွာ ဘုရားကို မိရိုးဖလာ ဘာသာအားဖြင့် လူတိုင်း ကိုးကွယ်ကြပါသည်။ သို့ရာတွင် ဘုရား၏ဖြစ်စဉ်အကြောင်း၊ တရားတော်တို့၏အကြောင်း၊ ဂုဏ်တော်၊ သုတ်တော်တို့၏ အကြောင်းတို့ကို ဃဃ နန သိရှိ၍ ကြည်ညိုသူမှာ နည်းပါး၍ သိပ်မများလှပါ။ နည်း၏။

ဂေါတမ မြတ်စွာဘုရားအကြောင်းကို နည်းနည်းသိသူသည်နည်းနည်းသာ ကြည်ညိုနိုင်၍၊ များများသိမှ များများ ကြည်ညိုနိုင်ပါသည်။

ဂေါတမ မြတ်စွာဘုရား၏ ဂုဏ်တော်၊ တရားတော်များကို တကျပ်သားခန့်သာ သိလျှင် တကျပ်သားခန့်သာ ကြည်ညိုပါသည်။ နှစ်ကျပ်သားခန့်သိလျှင် နှစ်ကျပ်သားခန့်ကြည်ညိုပါသည်။ တပိဿာခန့်သိလျှင် တပိဿာခန့်တက်၍ ကြည်ညိုပါသည်။ ထိုမှတဆင့် ရာနှုန်းပြည့် ပိုင်ပိုင်နိုင်နိုင် သိရှိပါလျှင်၊ ရာနှုန်းပြည့်လေးလေးနက်နက် ကြည်ညို အားထား ကိုးကွယ်လျက်ရှိနေကြကြောင်းကို တွေ့ရပါသည်။

ဥပမာ၊ ဂေါတမ မြတ်စွာဘုရား၏ ဂုဏ်တော်တပါးကိုမျှ သိရှိ၍လိုက်စားလုပ်ကိုင်ဘူးသူသည်၊ ဂုဏ်တော်တပါးကိုသာကြည်ညိုအားထားပါသည်။ နှစ်ပါးသိ၍ လိုက်စား လုပ်ကိုင်ဘူးသူသည် နှစ်ပါးကိုပို၍ ကြည်ညိုအားထားလာပါသည်၊ ထို့ထက် ကိုးပါးစလုံးသိ၍ ကိုးပါးစလုံး လက်တွေ့ လိုက်စားကျင့်ကြံလုပ်ကိုင်ဘူးသူသည်၊ ကိုးပါးစလုံး ဂုဏ်ကျေးဇူး၏ ထူးကဲသောအကျိုးများကိုလည်း လက်တွေ့ခံစားသိမြင်ကာ လေးလေးနက်နက် ကြည်ညို အားထားလာလေသည်။

သို့သော် ဗုဒ္ဓဟူ[illegible]သာဝင်လူကြီးအချို့နှင့် လူငယ်အများအပြားတို့မှာ တရားဟောဆရာတို့၏ ဒါနဝတ္ထု၊ သီလဝတ္ထု၊ ဘာဝနာဝတ္ထု၊ ထိုဝတ္ထုဇာတ်လမ်းအကြောင်းများကိုသာ၊ မည်သည့် ဆွမ်းကျွေး၊ မည်သည့်အလှူ၊မည်သည့်တရားပွဲမဆို ရေလဲနှင့် ထပ်ခါတလဲလဲ ကြားနာနေကြရကာ။ မြတ်စွာဘုရားသခင်၏ အနှစ်သာ မူရင်းဖြစ်သော(သစ္စာလေးပါး မမ္မစကြာ တရားနှင့် ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးဆက် တရား) တို့ကို ကြားနာရခြင်း နည်းလေရသဖြင့်၊ တရားကောင်းသော်လည်း ဆားမပါသောဟင်းကဲ့သို့၊ ပေါ့ပျက်ပျက်၊ ကြောင်တောင်တောင်၊ ဗေဒေဇဝါများဖြစ်ခဲ့ရပေတော့သည်။

ဥပမာ၊ တရားရင်းမသိသော လူတဦးကို မရှိလို့မလှူရ၊ မလှူလို့မရှိဟူ၍ငင်း၊ ငရဲခံရခြင်းနှင့် ဘုံစဉ်စံရခြင်း အကြောင်းများကိုငင်း၊ ထပ် တလဲလဲ ဟောနေပါက၊ ထိုသူ၏ (တရားနာ ပရိသတ်တို့၏) အတွေး ရေယဉ်၌၊ ဟောကြားသူသည် အလှူပစ္စည်းတို့ကို မက်မောလွန်း၍ပင် လောဟ မကောင်းထင်မြင်လာစရာ အကြောင်းရှိပေသည်။

တရားဟောသူသည် မည်သို့ပင် ရိုးသား၍ စေတနာထားကာ ဟောကြား နေစေကာမူ၊ ထိုအတိုင်းပင် အထင်ခံလာစရာ အကြောင်းရှိပေသည်၊

ဤသို့ဖြစ်လျှင် ထိုသူတို့အား အပြစ်မဆိုသာပါ၊ အကြောင်းမူ မိမိတို့ ကိုယ်တိုင်ကလည်း ဂေါတမ မြတ်စွာဘုရား၏တကဲ့အနှစ်သာရ ဖြစ်သောတရား ရင်း (သစ္စာလေးပါး ဓမ္မစကြာတရားနှင့် ပဋိစ္စသမုပ္ပါတ်အကြောင်းကျိုးဆက် တရား)၊ စာအုပ်ကောင်းတို့ကို လှန်လှော ရှာဖွေ၍ ဖတ်ရှုနိုင်ခြင်း မရှိသည်က တကြောင်း၊ တရားဟော ဆရာအပေါင်းတို့၏(ဓမ္မအနှစ်သာရပိုင်းကို)အဟော အပြော နည်းလွန်းလှသည်တို့ကြောင့် တကြောင်းဖြစ်ပေသည်။

ကျွန်ုပ်သည် ဤအချက်ကို ရေးသား ဖော်ပြခြင်းမှာ၊ မကောင်းသော စိတ်ထားဖြင့် တရားဟောဆရာ အပေါင်းတို့အား အပြစ်ဆို ကဲ့ရဲ့လို၍ လုံးဝ အလျှဉ်း မဟုတ်ပါလေ။ ဂေါတမ မြတ်စွာဘုရား၏ တရားတော် များကို ယုံ ကြည်သက်ဝင်ကြည်ညိုလေးစားသဖြင့်၊ ငယ်ရွယ်နုနယ်သူများနှင့်ဇဝေ ဇဝါ တရားနှာ ပရိယတ် အပေါင်းတို့အား၊ အနှစ်သာရပိုင်းများကိုထိထိမိမိဟော ကြားညွှန်ပြနိုင်ကြစေရန်၊ ပညာ ရှိသော်လည်း သတိဖြစ်ခဲ ဆိုဘိသို့။ မွန်မြတ် သော စိတ်ထားဖြင့် ရိုးသား သန့်ရှင်းစွာ အကြံပြုတင်ပြခြင်း မျှသာ ဖြစ်ပါ သည်၊

ထို့ကြောင့် ကျွန်ုပ်တို့၏ တရားဟော ဆရာ အပေါင်းနှင့် မြို့နေ၊တော ရွာ၊ တောင်ပေါ်၊ မြေပြန့်မကျန်ကျောင်းထိုင်ဆရာတော် ဘုန်းကြီးအပေါင်း တို့သည် ယနေ့မှစ၍ နေရာအနှံ့ ဂေါတမမြတ်စွာ ဘုရားသခင်၏အနှစ်သာရ တရားရင်းများကို တွင်တွင်ကြီး ဟောကြားညွှန်ပြ နိုင်ကြပါစေ သတည်းဟု ဆုတောင်း ပဏ္ဏနာပြုပါသည်၊

## (တရားဂုဏ်တော်–၆–ပါး)။

"သွာက္ခာတော၊ ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိ ပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။"

ဗုဒ္ဓ ဂေါတမ မြတ်စွာဘုရား သခင်၏၊ မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ်တည်းဟူသော၊တရားတော်မြတ်သည်—

(၁) သွာက္ခာတော – ကောင်းစွာ ဟောတော်မူအပ်သော၊

(၂) သန္ဒိဋ္ဌိကော – မိမိကိုယ်တိုင် သိထိုက်၊ ကျင့်ကြံအပ် တော်မူသော၊

၃၊ အကာလိကော — အချိန်အခါမရွေး၊ချက်ခြင်း၊လက်ငင်း အကျိုးများတော်မူသော၊

၄။ ဧဟိပဿိကော — လူအပေါင်းတို့အား၊ လာပါ၊ ရှုပါ၊ လက်တွေ့စမ်းသပ် ကြည့်တော်မူပါဟု တိုက်တွန်းဖိတ်ခေါ်နေသော၊

၅။ ဩပနေယျိကော — မိမိကိုယ်တွေ့ ဖြစ်အောင် ဆောင်ယူပါဟု ပေးကမ်းနေတော်မူသော၊

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ — သူတော်စင်အပေါင်းတို့သည်၊ ပစ္စတ္တံ ကိုယ်စီကိုယ်ငှ၊ ဝေဒိတဗ္ဗော—သိထားအပ်၊ ခံစားအပ်တော်မူသည့်၊

တရားတော်များ ဖြစ်တော်မူပါပေသတည်း။

ထို့ကြောင့်ပင် အင်္ဂလိပ်စာရေးဆရာကြီးတဦး ဖြစ်သူ(ဟင်နရီအက်စ် ဝေါလ်ကောက်) ရေးသားထားသော၊ ဗုဒ္ဓဘာသာ အမေးအဖြေ ကျမ်းတခု၏ နိဒါန်း၌—

"ကျွန်ုပ်တို့သည် အကယ်၍သာ၊ ဗုဒ္ဓ ဟောကြားတော်မူသော တရားတော်များကို သိနားလည်သည်အထိ၊လေ့လာစည်းပူးမိပါက၊ဆည်းပူး မိသူတိုင်း၊ အားကိုးအားထားပြုရသော တရားတော်၊ ကေန်ဖြစ်ကြောင်းဝန်ခံကြရပေမည်ဟု ရေးသားဝန်ခံထားပေသည်။"

ပဋ္ဌဂုဏံ အဟံဝန္ဒာမိသဗ္ဗဒါ၊ ဘုရား၊ တရား၊ သံဃာ၊ အဘ၊ အမိနှင့် ဆရာသမားအပေါင်းတို့အား၊ အခါခပ်သိမ်း ဤစာအုပ်ဖြင့် ပူဇော်ကန်တော့ အပ်ပါသည်၊ သဗ္ဗေသတ္တာ အဝေရာဟောန္တု။ ။

(ဦးသောင်းဖေ)

ကျောင်းအုပ်ဆရာကြီး။

၁၃၃၉—ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက်။

၁၉၇၇—ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်။

(သာသနာတော် သတိရာဇ်—၂၅၂၀—ခုနှစ်)။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏ ဦးတည်ချက်။ | |
| ၂။ | ဘာသာရေးဟူသည်။ | |
| ၃။ | ဇိနဆိုတာဘာလဲ။ | ၁ |
| ၄။ | ဝိညာဉ်စတင်ခဲ့ခြင်းနှင့်ဘဝပျောက်ကွယ်ခြင်းပြဿနာ။ | ၃၆ |
| ၅။ | ဆင်းရဲချမ်းသာ အယုတ်အမြတ်မတူညီခြင်း။ | ၈၁ |
| ၆။ | ခရစ်ယန်ဘာသာ။ | ၈၅ |
| ၇။ | မဟာဗေဒင်(မူစလင်)တို့၏ အစ္စလာမ်ဘာသာ။ | ၁၂၉ |
| ၈။ | ဟိန္ဒူ(ဗြဟ္မာဏ)ဘာသာ။ | ၁၅၁ |
| ၉။ | ဗုဒ္ဓပိဋက အကြောင်းသိကောင်းစရာများ၊ | ၁၆၄ |
| ၁၀။ | ဝိဇ္ဇာတို့အတတ်။ | ၁၇၉ |
| ၁၁။ | စိတ်၏တန်ခိုး။ | ၂၉၁ |
| ၁၂။ | ညှို့ဓာတ်သဘော။ | ၁၉၃ |
| ၁၃၊ | အာဏာပါဏာ ထွက်သက်ဝင်သက်ကမ္မဋ္ဌာန်း။ | ၁၉၆ |
| ၁၄၊ | ပဋိစ္စသမုပ္ပါဒ်တရား(အနုလောမ၊ပဋိလောမ)။ | ၂၁၅ |
| ၁၅။ | ဓမ္မစကြာတရား(သစ္စာလေးပါး)၊ | ၂၄၀ |
| ၁၆။ | ဝိပဿနာတရား။ | ၂၅၂ |
| ၁၇။ | သရဏဂုံသုံးပါး၏ အကျိုးသတ္တိများ။ | ၂၇၂ |
| ၁၈။ | ဘုရားဟောသောတာပန်။ | ၂၇၄ |
| ၁၉၊ | စူဠသောတာပန်။ | ၂၇၇ |

| | | |
|---|---|---|
| ၂၀။ | မဟာသောကာဝပ်။ | ၂၇၈ |
| ၂၁။ | သကဒါဂါမ် ပုဂ္ဂိုလ်။ | ၂၇၈ |
| ၂၂။ | အနာဂါမ်ပုဂ္ဂိုလ်၊ | ၂၇၉ |
| ၂၃။ | ရဟန္တာပုဂ္ဂိုလ်။ | ၂၇၉ |
| ၂၄။ | နိဗ္ဗာန်ကို ဟောင့်ကရာ၌ တဏှာမဖြစ်၊ | ၂၈၀ |
| ၂၅။ | အရိယာအပြား။ | ၂၈၁ |
| ၂၆။ | ကမ္ဘာ့ဗြိုဟ်ကြီးရှစ်ခွင်။ | ၃၁၂ |
| ၂၇။ | သမထနှင့် ဝိပဿနာ ပုတီးစိပ်နည်း။ | ၃၁၆ |
| ၂၈၊ | ပုတီးစိပ်နည်း အမျိုးမျိုး။ | ၃၃၈ |
| | (က) ဂုဏ်တော်ကိုးပါးပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၄၄ |
| | (ခ) ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၄၄ |
| | (ဂ) သမ္ဗုဒ္ဓေ ဂါထာပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၄၆ |
| | (ဃ) သရဏဂုံသုံးပါး ပုတီးစိပ်နည်းနှင့်အကျိုး၊ | ၃၅၁ |
| | (င) သရဏဂုံကြီးသုံးဆယ် ပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၅၁ |
| | (စ) ဗြိုဟ်ရှစ်ခွင်ပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၅၆ |
| | (ဆ) အနန္တာအနန္တငါးပါးပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၅၈ |
| | (ဇ) ရက္ခန်းစင်တောင် ဆရာတော် ပုတီးစိပ်နည်းနှင့် အကျိုး။ | ၃၅၉ |
| | (ဈ) ဦး ဓိန္န၏ထွက်ရပ်ပေါက်ပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၆၀ |
| | (ည) အနုဿတိဆယ်ပါးပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၆၂ |
| | (ဋ) ပဋ္ဌာန်ဘိုးဘိုးအောင်၏ပုတီးစိပ်နည်းနှင့်အကျိုး။ | ၃၆၄ |
| ၂၉။ | ပုတီး၏ အစောက်တများ။ | ၃၆၅ |

၃၀။ ပရိတ်တော်သမိုင်း။ ၃၇၂
၃၁။ ပရိတ်တော်၏ တန်ခိုးများ။ ၃၇၅
၃၂။ ပရိတ်ရွတ်နည်း။ ၃၈၉
၃၃။ ဥပုသ်စောင့်နည်းအမျိုးမျိုး။ ၃၉၁
၃၄။ ဒါနပြုနည်းအဖုံဖုံ။ ၃၉၃
၃၅။ သံဃာတော်များ ဆွမ်းမခံအပ်သည့်နေရာများ။ ၃၉၈
၃၆။ ဒိဋ္ဌဓမ္မအကျိုးပေးခံရသူများ။ ၃၉၈
၃၇။ ဒိဋ္ဌဓမ္မ အကျိုးပေးခံရနိုင်ရန်လိုအပ်သည့်အင်္ဂါများ။ ၃၉၉
၃၈။ နိဗ္ဗာန်ကိုသွားရာ၌မြန်ခြင်းနှင့်နှေးခြင်းအကြောင်းများ။ ၄၀၀
၃၉။ ဥပါဒါဏ်(စွဲလမ်းမှု)ကြောင့်အပယ်ရောက်ရသူများ။ ၄၀၃
၄၀။ သေသူကိုရည်စူး၍အလှူဒါနပြုခြင်းသည်
မြောက်မမြောက်။ ၄၀၆
၄၁။ ရဲခဲသောဘဝငါးပါး။ ၄၁၁
၄၂။ ဒိဋ္ဌဓမ္မမြေမြိုခံရသူများ။ ၄၁၂
၄၃။ ဒိဋ္ဌိကြီးလေးမျိုး။ ၄၁၂
၄၄။ ဒုက္ခကြီးသုံးပါး။ ၄၁၃
၄၅။ စေတီနှင့် ပုထိုးတော်များ။ ၄၁၃
၄၆။ စေတီတည်ထားကိုးကွယ်ထိုက်သူ ပုဂ္ဂိုလ်(၄)မျိုး။ ၄၁၄
၄၇။ စေတီလေးပါး။ ၄၁၄
၄၈။ စေတီနှင့် ပုထိုးများကိုးကွယ်၍ရနိုင်သည့်အကျိုးများ။ ၄၁၅
၄၉။ ဗုဒ္ဓ၏ ထာဝရအခါတော်နေ့မြတ်များ။ ၄၁၆
၅၀။ မြန်မာပြည်တွင်ဂေါတမ ဘုရားဆံတော်အစစ်နှင့်
တည်သည့်စေတီတော်ကြီးများ။ ၄၁၇

၂၀။ မဟာသောကာပန်။ ၂၇၈

၂၁။ သကဒါဂါမ် ပုဂ္ဂိုလ်။ ၂၇၈

၂၂။ အနာဂါမ်ပုဂ္ဂိုလ်၊ ၂၇၉

၂၃။ ရဟန္တာပုဂ္ဂိုလ်။ ၂၇၉

၂၄။ နိဗ္ဗာန်ကို ဟောင့်ကရာဍ္ဍ တဏှာမဖြစ်၊ ၂၈၀

၂၅။ အရိယာအပြား။ ၂၈၁

၂၆။ ကမ္ဘာ့ဂြိုဟ်ကြီးရှစ်ခွင်။ ၃၁၂

၂၇။ သမထနှင့် ဝိပဿနာ ပုတီးစိပ်နည်း။ ၃၁၆

၂၈၊ ပုတီးစိပ်နည်း အမျိုးမျိုး။ ၃၃၈

(က) ဂုဏ်တော်ကိုးပါးပုတီးစိပ်နည်းနှင့်အကျိုး။ ၃၄၄

(ခ) ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းနှင့်အကျိုး။ ၃၄၄

(ဂ) သမ္ဗုဒ္ဓေ ဂါထာပုတီးစိပ်နည်းနှင့်အကျိုး။ ၃၄၆

(ဃ) သရဏဂုံသုံးပါး ပုတီးစိပ်နည်းနှင့်အကျိုး၊ ၃၅၁

(င) သရဏဂုံကြီးသုံးဆယ် ပုတီးစိပ်နည်းနှင့်အကျိုး။ ၃၅၁

(စ) ဂြိုဟ်ရှစ်ခွင်ပုတီးစိပ်နည်းနှင့်အကျိုး။ ၃၅၆

(ဆ) အနုဿတိအနန္တငါးပါးပုတီးစိပ်နည်းနှင့်အကျိုး။ ၃၅၈

(ဇ) ရက္ခန်းစင်တောင် ဆရာတော် ပုတီးစိပ်နည်းနှင့်
အကျိုး။ ၃၅၉

(ဈ) ဦးဓိန္ဒ၏ထွက်ရပေါက်ပုတီးစိပ်နည်းနှင့်အကျိုး။ ၃၆၀

(ည) အနုဿတိဆယ်ပါးပုတီးစိပ်နည်းနှင့်အကျိုး။ ၃၆၂

(ဋ) ပုပ္ပါးကိုကိုးအောင်၏ပုတီးစိပ်နည်းနှင့်အကျိုး။ ၃၆၄

၂၉။ ပုတီး၏ သဘောတရားများ။ ၃၆၅

၃၀။ ပရိတ်တော်သမိုင်း။ ၃၇၂

၃၁။ ပရိတ်တော်၏ တန်ခိုးများ။ ၃၇၅

၃၂။ ပရိတ်ရွတ်နည်း။ ၃၈၉

၃၃။ ဥပုသ်စောင့်နည်းအမျိုးမျိုး။ ၃၉၁

၃၄။ ဒါနပြုနည်းအဖုံဖုံ။ ၃၉၃

၃၅။ သံဃာတော်များ ဆွမ်းမခံအပ်သည့်နေရာများ။ ၃၉၈

၃၆။ ဒိဋ္ဌဓမ္မအကျိုးပေးခံရသူများ။ ၃၉၇

၃၇။ ဒိဋ္ဌဓမ္မ အကျိုးပေးခံရနိုင်ရန်လိုအပ်သည့်အင်္ဂါများ။ ၃၉၉

၃၈။ နိဗ္ဗာန်ကိုသွားရာ၌မြန်ခြင်းနှင့်နှေးခြင်းအကြောင်းများ။ ၄၀၀

၃၉။ ဥပပါဒါကံ(စွဲလမ်းမှု)ကြောင့်အပယ်ရောက်ရသူများ။ ၄၀၃

၄၀။ သေသူကိုရည်စူး၍အလှူဒါနပြုခြင်းသည်
မြောက်မမြောက်။ ၄၀၆

၄၁။ ရခဲသောဘဝငါးပါး။ ၄၁၁

၄၂။ ဒိဋ္ဌဓမ္မမြေမြိုခံရသူများ။ ၄၁၂

၄၃။ ဒိဋ္ဌိကြီးလေးမျိုး။ ၄၁၂

၄၄။ ဒုက္ခကြီးသုံးပါး။ ၄၁၃

၄၅။ စေတီနှင့် ပုထိုးတော်များ။ ၄၁၃

၄၆။ စေတီတည်ထားကိုးကွယ်ထိုက်သူ ပုဂ္ဂိုလ်(၄)မျိုး။ ၄၁၄

၄၇။ စေတီလေးပါး။ ၄၁၄

၄၈။ စေတီနှင့် ပုထိုးများကိုးကွယ်၍ရနိုင်သည့်အကျိုးများ။ ၄၁၅

၄၉။ ဗုဒ္ဓ၏ ထာဝရအခါတော်နေ့မြတ်များ။ ၄၁၆

၅၀။ မြန်မာပြည်တွင်ဂေါတမ ဘုရားဆံတော်အစစ်နှင့်
တည်သည့်စေတီတော်ကြီးများ။ ၄၁၇

၅၁။ လူတို့သေခါနီး၌ အောင့်မေ့ပြုကျင့်အပ်သည့်
ကံတရားများ။ ၄၁၇
၅၂။ ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်သောအင်္ဂါ(၅)ပါး။ ၄၂၆
၅၃။ ကိုးကားသောကျမ်းများ။ ၄၂၆
၅၄။ ဆရာကြီး ဦးသောင်းဖေ ရေးသား တည်းဖြတ်ပြီး
စာအုပ်များ။ ၄၃၀

*　　*　　*

## "ဘာသာရေးဟူသည်"

ဘာသာ–ဆိုသည်မှာ(ပါဠိ၊သက္ကတ)မှ ဆင်းသက်ပြီး(စကား၊အလင်းရောင်) အဓိပ္ပါယ်ကို စကား အရေး၊ အလင်းရောင် အရေးပင် ဖြစ်ပါသည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဟုဆိုလျှင်။ မြန်မာလူမျိုး၏ ဗုဒ္ဓအလင်းရောင်အရေးဟု ဆိုရပါမည်။

ကိုးကွယ်မှု–ဆိုလျှင် (ကိုး) မှာ–အားကိုးခြင်း၊ (ကွယ်) မှာ–ကာကွယ်ခြင်းဖြစ်၍၊ အားကိုးကာကွယ်မှုပင်ဖြစ်ပါသည်။

### ကိုးကွယ်မှုအစ။

ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောက ထိုလောကကြီးသုံးခုအတွင်းမှ၊ သတ္တလောက၏ သတ္တဝါ သက်ရှိ တိရစ္ဆာန်ဟူသမျှ တို့သည် ရေမှ စခဲ့၏ဟု သိပ္ပံအရဆို၏၊

ရေထဲမှကုန်းပေါ်သို့ တွားရှိတက်ခဲ့သည်၊ လေးဘက်တွား သွားရာမှ တဖန် ခြေထောက်နှစ်ချောင်းဖြင့် မတ်တတ်ရပ်ခဲ့သည်။ ထိုသို့ ခြေနှစ်ချောင်းပေါ်တွင် မတ်တတ်ရပ်ခဲ့သောသတ္တဝါများအနက်မှ၊ အတွေး အခေါ် အသိစိတ်ဓာတ် အမြင့်ဆုံးသော သတ္တဝါများသည် နောက်ဆုံး (လူ) အဖြစ်သို့ တဆင့်ပြီးတဆင့် ရောက်ရှိလာသည်၊

လူသည် လောကကြီးသုံးခုအတွင်း၌ သတ္တဗေဒနည်းအရ၊ အသိ စိတ်ဓာတ်နှင့်အကွ အဆင့်အတန်းအမြင့်ဆုံးသတ္တဝါဖြစ်သည်၊

ထိုသို့အဆင့်အတန်းမြင့်သော အသိစိတ်ဓာတ်အားဖြင့် ရှေ့သို့ တဖြည်းဖြည်းကိုး ကွယ်မှုကိုရှာကြလာရာ၊ လူသတ္တဝါ၏ ဗီဇအရ(ကြောက်ရွံ့ခြင်းနှင့် လိုချင်တပ်မက်မှု)ဟူသော တရားနှစ်ပါးသည်၊ အသိ စိတ်ဓာတ်၌ အရိပ်သဖွယ်ကပ်၍ လိုက်ပါလာခဲ့လေသည်။

လူသည်ထို(ကြောက်ရွံ့ခြင်းနှင့်လိုချင်တပ်မက်မှု)ကို ကာကွယ် ဖြည့်တင်းရန်အတွက်၊ တော၊တောင်၊ ရေ၊ လေ၊ မီး၊ နေ၊ လ၊ စသည် တို့ကို စတင်ကိုးကွယ်အားထားလာကြသည်၊ ထိုမှ နှစ်ပေါင်း သိန်းသန်းချီ၍ ကြာညောင်းခဲ့ပြီးသောကာလ၌၊ စိတ်ကူးဖြင့်–နတ်ဗြဟ္မာများ၊ တန်ခိုးရှင် ဝိညာဉ်

စော်များ၊ တမာန်ပေါ်များနှင့် ဘုရားသခင်များ အထိပင် တိုးတက်၍ ကိုးကွယ်ဖြည့်တင်းလာကြလေသည်၊

လူ၏ အဘိဓမ္မာသုံးပိုင်းတွင်၊ ပထမ ပဓာနကျသော ဩကာသလောကကြီးမှ မြူဓာတ်တို့ အချင်းချင်း ရောရှက်ပေါင်းစပ်မိရာက၊ သက်မဲ့ သက်ရှိ ရုပ်အခြေခံဒြပ်စဉ်များအလိုက် သတ္တလောကကြီးအတွင်းသို့ ချင်းနင်း ဝင်ရောက်လာခဲ့လျက်။ သခ်ါရလောကကြီး၏ ဖြစ်မှုပျက်မှုအစဉ်အတွင်း၌ လူး၍ လှိမ့်၍ ဝဲလယ်ခံရလျက် ရှိကြပေသည်။

သတ္တလောကမှ လူ၏ အမြင့်မားဆုံးသော ရုပ်သဘာဝသည် အပြင်ဗဟိဒ္ဓမှ (မြေ၊ ရေ၊ လေ။ မီး) သဘာဝဓာတ်ကြီး လေးပါးတို့ကို ဖိတ်ခေါ်လက်ခံကာ၊ တစတစ ရင့်ကျက်ကြီးထွားခဲ့ရာ၌၊ အဖြစ်သဘော ဆောင်သော စိတ်သည်လည်း အမြဲမြင့်မားနေလေသည်။

သတ္တဗေဒဆရာများ။ အတွေးအခေါ် ဆရာများနှင့် စိတ် ပညာရှင်အပေါင်းတို့ သရုပ်အမျိုးမျိုးကို ခွဲထုတ်စိစစ်ကြသော်။ ပင်မအခြေခံ ဖြစ်သော ရုပ်သတ္တိ မြင့်မားမှု (သတ္တိမဏ္ဍာရုပ်)တွင်အပြင် ဗဟိဒ္ဓရုပ် ဝတ္ထုများနှင့် (မြင်၊ ကြား၊ သိ၊ထိ၊ တွေ့)ခြင်းဟူသော (Contect ) နှင့် ဖဿခေါ်ထိခိုက်ဆက်စပ်မှု ရှိခြင်း။ ထိုဖဿမှ တဆင့် တက်သော် (Felling )ဝေဒနာခေါ် ခံစားရမှုဖြစ်ခြင်း။သို့ဝေဒနာကို(Knowledge) သတိထားမှုအကြောင်းပြုပြီး(Conciousness) သိမှုစိတ်အဆင့်သို့ တိုးတက် မြင့်မားခဲ့ပြီး။ ခံစားမှုနှင့် သတ်မှတ်ပြဋ္ဌာန်းတတ်သော ပညာအဆင့်သို့ရောက်ကာ။ လောကစီးပွားရေး၊ ကြီးပွားရေး ကိစ္စများအပြင်၊ ပရမတ္ထသဘာဝဖြစ်စဉ် (Absolute Truth) ကိုအတိုင်းသားရှုမြင်လာနိုင်ကြလေသည်၊

ထိုမှတဖန် လူတို့သည် တဆင့်တက်၍ ယခုပစ္စုပ္ပန်ကာလ၊ စား၊ ဝတ်၊ နေရေးကိစ္စများကို ကုလုံအောင် ပြုလုပ်ကြရုံနှင့် မပြီးသေး။ လူတို့ သေပြီးနောက်၊နောင်တမလွန်ဘဝများတွင်လည်းအသက်ဝိညာဉ်(နာမ်)Soul (Spir it) ဓာတ်ကလေးသည်။ ကောင်းရာကောင်းကြောင်း အဆင့် အတန်း မြင့်သောနေရာများသို့ ရောက်လိုသေး၏ဟု မြင်လာပြန်သည်။

၎င်းနောင်တမလွန်ဘဝ ကောင်းစားရေးနှင့် လက်ရှိပစ္စုပ္ပန်ကာလတွင် စားဝတ်နေရေး ရှာကြရာ၌ တွေ့ကြုံနေရသော အခက်အခဲ ဒုက္ခ မှန်သမျှတို့

မှ အနည်းနှင့်အများ ကင်းလွတ်ရာ ကင်းလွတ်ကြောင်း၊ ပြေပျောက်ရာ ပြေပျောက်ကြောင်းတို့ကို ရှေ့ရှုပြီး၊ လူသားအတွင်းမှ အလွန် အမြော်မြင်ကြီးမားး၍ နည်းကောင်းလမ်းကောင်း၊ ဆုံးမဩဝါဒ ပေးနိုင်သော၊ ဘာသာရေးပုဂ္ဂိုလ်ကျော် ဆရာကြီးများထံ ချင်းကပ်ကိုးကွယ်မှုများ ပြုလုပ်လာကြရလေတော့သည်။ ။

* * *

# ဇိနု ဆိုတာ ဘာလဲ



ဂေါတမမြတ်စွာဘုရားသခင်၏ ရုပ်ထုတော်မြတ်။



ပုံ (၁)



ပုံ (၂)

ဂေါတမမြတ်စွာဘုရား အလောင်းတော်ကို သန္ဓေစင် ဖွားမြင်တော်မူရာ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်တို့ အကြားရှိလုမ္ဗိနီအင်ကြင်းတော၏တည်နေရာဌာန။ ပုံ (၁)မှာ လေယာဉ်ပေါ်မှ ဓါတ်ပုံရိုက်ထား၍၊ ပုံ(၂) မှာ အောက်မှ ဓါတ်ပုံရိုက်သားပုံ။

ယခုအခါ နီပေါနိုင်ငံအတွင်း၌ရှိပြီး၊ ကမ္ဘာလှည့် ဘုရားဖူးများနှင့် ဗုဒ္ဓဘာသာကို လေ့လာသူတို့မှာ တိုးတက်များပြားလျက်ရှိသည်၊



ပုံ (၁)

ဖွားဘက် မဟာဗောဓိပင်မြတ်။



ပုံ (၂)

ဂေါတမအလောင်း (၆) နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်ကြံပြီး ဘုရားသခင်အဖြစ်ကို ရောက်ရှိတော်မူရာ၊ ဇမ္ဗူဒီပ၊ တောင်ကျွန်း မဇ္ဈိမဒေသခေါ် ယခုအိန္ဒိယနိုင်ငံ ဂါယာမြို့မှ (၇) မိုင် အကွာတွင်ရှိ၊ ဖွားဘက် မဟာဗောဓိပင်မြတ်ပုံ (၁) နှင့် မဟာဗောဓိစေတီတော်မြတ်ပုံ (၂) တို့ဖြစ်၏။



ဂေါတမ အလောင်းတော် ဘုရားအဖြစ်ကို ရရှိပြီးနောက်၊ ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာ တရားဦးကို ဟောကော်မူရာမိဂဒါဝုန်ဘော၏တည်ရာဌာန၊ ဓမ္မစကြာ စေတီတော်မြတ်။

ဗာရာဏသီမှ (၅၂)မိုင်အကွာ(ယခုအခေါ်-ဆာရနတ်တွင်ရှိ၏။)



ကာသိကောသလတိုင်း၊ သဝတ္ထိပြည်ရှိ အနာထပိဏ်သူဌေး လှူဒါန်းသော၊ ဂေါတမမြတ်စွာဘုရားသခင် အမြဲသီတင်းသုံး နေထိုင်တော်မူခဲ့သည့် ဇေတဝန်ကျောင်းတော်ကြီး၏ ဂန္ဓကုဋိတိုက်။



ဂေါတမ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော်မူရာ၊ ကုသိနာရုံပြည် မာလာမင်းတို့ဥယျာဉ် အင်ကြင်းပင်ရုံတို့အကြားရှိ ပရိနိဗ္ဗာန် စေတီတော်။

# ဇိနဆိုတာဘာလဲ

ဇိနဟူသည်၊ ခရစ်ယာန်သာသနာ မပေါ်မီ (ဘီစီ-၅၂၈)ခု၊ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင်၊ အိန္ဒိယပြည်၊ မဂဓတိုင်းယခု ဗီဟာနယ် (ဂါယာမြို့) တောင်ဘက်(၆၂) မိုင်ကွာ (ဗုဒ္ဓဂါယာ) မဟာဗောဓိညောင်ပင်ရင်း၌၊ သစ္စာလေးပါး မြတ်တရားနှင့်၊ ဉာဏ်တော်ကြီး (၃)ပါးဟု ဆိုအပ်သော-

(၁) ရှေးရှေးဘဝအစဉ်အဆက်ကို သိမြင်နိုင်သော (ပုဗ္ဗေနိဝါသနုဿတိဉာဏ်တော်)။

(၂) ခပ်သိမ်း ဥဿုံရုပါရုံအမျိုးမျိုးတို့ကိုမြင်နိုင်သော(ဒိဗ္ဗစက္ခုဉာဏ်တော်။)

(၃) တဏှာ အညစ် အကြေးဟူသမျှ ကင်းစင် ကုန်ခန်းသော (အာသဝက္ခယဉာဏ်တော်)။

ဤသုံးပါးသော တရားအလုံးစုံကို သိမြင်ခြင်းသည်ငှင်း။ မာရ်ငါးပါးဖြစ်သည့်-

(၁) ဒေဝပုတ္တမာရ်-ဖြစ်သောမာန်နတ်သားကိုအောင်မြင်တော်မူခြင်း။

(၂) ကိလေသာမာရ်-ဖြစ်သည့်- ကိလေသာ အညစ်အကြေးဟူသမျှကို ဖြတ်တောက် အောင်မြင်တော်မူခြင်း။

(၃) ခန္ဓမာရ်-ဖြစ်သည့်၊ ခန္ဓာငါးပါးကို အောင်မြင်တော်မူခြင်း။

(၄) သင်္ခါရမာန်-ဖြစ်သည့်၊ သံသရာ၌ အမျှင်မပြတ် လှည့်ပတ်အကျိုးပေးနေစေခြင်းကို အပြတ်ဖြတ်၍ အောင်မြင်တော်မူခြင်း။

(၅) ပစ္စုတ်မာရ်-ဖြစ်သည့်၊သတ္တဝါအပေါင်းတို့အားအစဉ်မပြတ်သတ်ဖြတ်၍နေသော (သေမင်း)ကို အောင်မြင်တော်မူခြင်း။

(ယခုဘဝမှ●ာပါး နောက်ထပ်၍ မသတ်နိုင်တော့ခြင်း)။

၎င်းပြင် ဝိဇ္ဇာ(၈)ပါးဟူ ဆိုအပ်သော–

(၁) ပုဗ္ဗေနိဝါသဉာဏ်–ရှေးရှေးဘဝ ခန္ဓာအစဉ်ကို မြင်နိုင်ခြင်း။

(၂) ဒိဗ္ဗစက္ခုဉာဏ်–နီး၊ ဝေး၊ သေး၊ ကြီးသော၊ ရူပါရုံဟူသမျှအကုန် မြင်စွမ်းနိုင်ခြင်း။

(၃) အာသဝက္ခယဉာဏ်–တထောင့်ငါးရာ (၁၅၀၀) ကိလေသာကို ပယ်ခွာသတ်ဖြတ်တတ်သော အရဟတ္တမဂ် ဉာဏ်ရှိခြင်း။

(၄) ဣဒ္ဓိဝိဓဉာဏ်–ထူးထွေအံ့ဆန်းသော တန်ခိုးတော် အချပ်ရပ်ကို ဖန်ဆင်းနိုင်ခြင်း။

(၅) ဒိဗ္ဗသောတဉာဏ်–ဝေး၊ နီး၊ တိုး၊ ကျယ် အသံဟူသမျှကို ကြား နိုင်စွမ်းခြင်း။

(၆) စေတောပရိယဉာဏ်–စိတ်အစဉ်ကိုလိုက်၍ သိခြင်း။

(၇) မနောမယိဒ္ဓိဉာဏ်–စိတ်ကြံတိုင်း ပြီးမြောက်သော တန်ခိုးတော် ရှိခြင်း။

(၈) ဝိပဿနာဉာဏ်–ဖြစ်ရှိသမျှသော အရာတိုင်းတို့၏ မမြဲခြင်းဆင်းရဲခြင်း၊ အနှစ်သာရ မရှိခြင်းတို့ကို ပိုင်းခြားသိမြင်၍ မဂ်အစရှိသော ဈာန်တရားတို့ကို ရှေ့ရှုတော်မူနိုင်ခြင်း။

**ထို့ပြင် ဂုဏ်တော်(၉)ပါးဖြစ်သည့်-**

(၁) ပူဇော် အထူးကိုခံတော်မူထိုက်သော (အရဟံ) ဂုဏ်တော်။

(၂) အလုံးစုံသော တရားများကို မဖောက်မပြန်၊ သယမ္ဘူဉာဏ်ဖြင့်၊ မှန်ကန်စွာသိမြင်တော်မူနိုင်သော(သမ္မာသမ္ဗုဒ္ဓ)ဂုဏ်တော်။

(၃) ဝိဇ္ဇာ-၃-ပါး၊ ဝိဇ္ဇာ–၈–ပါး၊စရဏ-၁၅-ပါး တို့နှင့်ပြည့်စုံတော်မူသော "ဝိဇ္ဇာစရဏ သမ္ပန္န"ဂုဏ်တော်။

(၄) ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော "သုဂတ" ဂုဏ်တော်။

(၅) လောကဓာတ် အလုံးစုံကို သိမြင်တော်မူနိုင်သော "လောကဝိဒူ" ဂုဏ်တော်၊

(၆) မယဉ်ကျေးသော သတ္တဝါတို့ကိုယဉ်ကျေးအောင်ဆုံးမတော်မူနိုင်

သော အချက်တွင်၊ ပြိုင်ဘက် ကင်းတော်မူသော "အနုတ္တရော ပုရိသ ဓမ္မသာရထိ" ဂုဏ်တော်။

(၇) လူနတ်ဗြဟ္မာတို့၏ဆရာဖြစ်တော်မူသော "သတ္ထာဒေဝမနုဿာနံ" ဂုဏ်တော်။

(၈) ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဟု ဆိုအပ်သော သစ္စာ (၄)ပါး ဓမ္မစကြာ တရားမှန်ကို သိမြင်တော်သော "ဗုဒ္ဓေါ" ဂုဏ်တော်။

(၉) ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော (ဘဂဝါ) ဂုဏ်တော်။

စသည့်ဂုဏ်တော်များရရှိသဖြင့် (ဇိန) ဟူသော မြတ်စွာဘုရား၊ ဗုဒ္ဓဘွဲ့ကို ခံယူပါသည်။ ထို့ကြောင့် (ဇိန)ဆိုသည်မှာ (ဗုဒ္ဓ)မြတ်စွာဂေါတမ ဘုရားပင် ဖြစ်ပါသည်။

## "ဂေါတမမြတ်စွာဘုရားကိုယ်တိုင် (ဇိန) ဗုဒ္ဓဘုရားစစ် ကေန် ဖြစ်ကြောင်း ဝန်ခံကြေညာခြင်း။"

### ပထမအကြိမ်ဝန်ခံခြင်း။

ဂေါတမမြတ်စွာဘုရားသည်၊ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာ တရားကို ဟောကြားရန်၊ ဗာရာဏသီပြည်အနီး၊ မိဂဒါဝုန်တောသို့ ကြွလှမ်းတော်မူသည်။

သို့ကြွလှမ်းတော်မူရာ လမ်းခရီး၊ ဗောဓိပင်နှင့် ဂယာသီသအကြားတွင်၊ (ဥပက)အမည်ရှိသော တက္ကတွန်း (ရဟန်း)ကြီးနှင့် တွေ့ပါသည်။ သို့ တွေ့ရာတွင် ဥပက တက္ကတွန်းကြီးက မြတ်စွာဘုရားအား-

"ငါ့ရှင်-သင်၏ဣန္ဒြေများသည် ကြည်ညိုဘွယ်ရှိပေစွ၊

အရေအဆင်းများသည်းဝါဝင်းထိန်ပြောင်

အရောင်ထွန်းလင်းပေစွ၊ သင်၏ ဆရာကား

အဘယ်ပုဂ္ဂိုလ်နည်း၊ သင်၏အမည်ကား အဘယ်နည်း"

ဟု မေးမြန်းပါသည်။ ထိုအခါ ဂေါတမ မြတ်စွာဘုရားသခင်က ပြန်လည်မိန့်ကြားသည်မှာ-

"အို-ဥပက၊ ငါသည်ကား ကိလေသာရန် ခပင်းကို ရှင်းလင်း သုတ်သင်၍၊ တရားအလုံးစုံကို သိမြင်သော ဘုရားဖြစ်တော်မူ၏။ လောကဘုံသုံးပါး၌၊ ငါနှင့်ပြိုင်ဘက်ဟူ၍ တယောက်မျှမရှိ၊ ငါ၏ ဆရာအဘယ်မှာ ရှိနိုင်အံ့နည်း၊ ငါ၏အမည်တော်သည်ကား၊ မာရ် ငါးပါးကို အောင်မြင်တော်မူသဖြင့် "အနန္တဇိန"

ဟု မိန့်ကြားတော်မူသည်။ ထိုသို့မြတ်စွာဘုရား မိန့်ကြားတော်မူသောအခါ ဥပက ရဟန်းကြီးက၊ ဦးခေါင်းကို တွင်တွင်ကြီး ငြိမ့်လျက်၊ အမှုမထားသော အမူအရာမျိုးနှင့်-

"ဟုတ်ပေလိမ့်မည်၊ သို့ရာတွင် ယခုဘယ်အရပ်သို့ ကြွတော်မူပါမည်နည်း-"

ဟု လျှောက်ထားပြန်သည်တွင်-

အို-ဥပက၊ ငါသည်ကား ရှေးရှေး နောင်တော် ဘုရားတို့၏ ဓမ္မတာ ဓမ္မစကြာတည်းဟူသော တရားများကို ဟောရန်၊ ဗာရာဏသီပြည် အနီး မိဂဒါဝုန်တောကြီးသို့ ကြွတော်မူမည် ဟု မိန့်တော်မူသည်။"

ဥပက တက္ကတွန်း (ရဟန်း)ကြီးသည်၊ "ဟုတ်ပါလိမ့်မည်"ဟု ဆိုကာ ခေါင်းငြိမ့်လျက်၊နောက်ထပ်ဘာမျှ မမေးတော့ပဲ၊မြတ်စွာဘုရားထံမှဖယ်ခွာ၍ (ဝင်္ဂဇနပုဒ်)သို့ ထွက်သွားလေသည်။

ထိုဥပကကြီးမှာ ဝင်္ဂဇနပုဒ်သို့ ရောက်သောအခါ၊ မုဆိုး၏သမီး (စာပါ) နှင့် အကြောင်းဆုံပြီး (သုဘဒ်)၏ ဖခင်ဖြစ်သည်။ဥပကကြီးသည် နောင်အခါ ဘုရားထံပါး၌ အနာဂါမ် ပုဂ္ဂိုလ်ဖြစ်သွားသည်။ ၎င်းသား (သုဘဒ်) မှာလည်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးမှ ဘုရားနှင့် ဖူးတွေ့ရ၍ တရားနာရပြီး နောက်ဆုံးပိတ် ရဟန္တာဖြစ်သွား၏။

## ဒုတိယအကြိမ် ဘုရားဖြစ်ကြောင်း ဝန်ခံခြင်း။

မြတ်စွာဘုရား မိဂဒါဝုန်တောသို့ မရောက်မီ ပဉ္စဝဂ္ဂီ ငါးဦးဟု ဆိုအပ်သော ရဟန်းကြီး ငါးဦးမှာ-

၁။ အရှင်—ကောဏ္ဍည။

၂။ အရှင်—ဝပ္ပ၊

၃။ အရှင်—ဘဒ္ဒိယ။

၄။ အရှင်—မဟာနာမ်။

၅။ အရှင်—အဿဇိ။

တို့သည် ဘုရားနှင့် မတွေ့မီ အထင်လွဲမှား နေကြသဖြင့်—

"ငါရှင်တို့—သျှင်ဂေါတမသည် ဘုရားအဖြစ်သို့ ရောက်အောင်မကျင့်နိုင်မူ၍၊ ဒုက္ကရစရိယာအကျင့်မှ ယခုထွက်ပြီး၊ ဆွမ်း၊ သက်န်း၊ ပေါများစိမ့်ခြင်းငှာ၊ မြို့ရွာ နိဂုံး အရပ်ရပ် လှည့်ပတ်နေပြီဟု သတင်းကြားရသည်။ သျှင်ဂေါတမသည် အကယ်၍ မိဂဒါဝုန်တောသို့ရောက်လာပါက၊ ၎င်း၏ ဝတ်ကြီး၊ ဝတ်ငယ်တို့ကို မပြုကြစတမ်းဟု အချင်းချင်း ဂတိပြုခဲ့ကြလေသည်။"

သို့သော် ပဥ္စဝဂ္ဂီ ငါးဦးတို့သည် ထိုကတိကို မတည်နိုင်ကြပါ၊ မြတ်စွာဘုရား ကြွလာသည်ကို အဝေးမှမြင်လျှင်ပင်၊ ဘုရားရှင်၏ဂုဏ် တခိုးတော်များကြောင့်၊ ၎င်းတို့သည်—

"သပိတ်သက်န်းကို လှမ်းယူခြင်း၊ ခြေတော်များကို ဆေး၍ ပေးခြင်း၊ နေရာထိုင်ခင်း စသော ပြုဘွယ်ရာများကို လုပ်ကိုင်ပေးကြသည်"

ထိုအခါ မြတ်စွာဘုရားသည်—

"အို—ချစ်သားတို့၊ ငါသည်ကား အလုံးစုံသော တရားကို သိမြင်၍၊ ဘုရားအဖြစ်သို့ ရောက်ခဲ့ပြီ။ သင်တို့အား အမြိုက်နိဗ္ဗာန်တရားကို ဟောကြားရန် ငါကြွလာတော်မူ၏။ ငါ၏တရားကို ရိုသေစွာ နာကြကုန်လော့" ဟု မိန့်တော်မူသည်။

ပဥ္စဝဂ္ဂီတို့သည်၊ မြတ်စွာဘုရား၏ ဝန်ခံမိန့်တော်မူခြင်းကို မယုံကြည်ကြသဖြင့်—

"ရှင်ဂေါတမသည် ငြိုငြင်ခဲရင်းစွာ ဒုက္ကရစရိယာအကျင့်ကိုကျင့်တုံးကပင်လျှင် ဘုရားအဖြစ်သို့ မရောက်ရှိနိုင်ပါပဲလျက်၊ ယခုခါမကျင့်နိုင်သည့်အတွက် ထွက်၍၊ ပစ္စည်းလာဘ်လာဘ ပေါများခြင်းငှါ၊ မြို့ရွာဇနပုဒ်တို့ကို လှည့်လည်သွားလာသော အခါတွင်မှ၊ ဘုရားရှင် F. 2

အဖြစ်သို့ရောက်၏ ဟု ဆိုသည်ကို မယုံနိုင်ပါဟု လျှောက်ထားကြသည်။"

သို့ ဘုရားရှင် ကိုယ်တော်တိုင်က၊ သုံးကြိမ်တိုင် ဘုရားဖြစ်ကြောင်း မိန့်ကြားတော်မူသည်ကိုပင်၊ ပဉ္စဝဂ္ဂီငါးဦးတို့က မယုံကြည်ကြဟုဆိုသည်။

ထိုအခါ မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂီငါးဦးအား ယုံမှားသံသယကင်းရှင်း၍ ကျွတ်တန်းဝင်စေလိုသော ဆန္ဒတော်။ သုံးလောက ဘုံတခွင်၌ ဘုရားစင်စစ် ပွင့်တော်မူပြီး ဟူ၍ ကြွေးကြော်သိစေလိုသော ဆန္ဒတော်။ တသောင်းသော လောကဓာတ်မှ ရောက်လာကြကုန်သော နတ်ဗြဟ္မာတို့အား အကျွတ်ထရား ရစေလိုသော ဆန္ဒတော် စသည်တို့ဖြင့် အရိယာသံဃာတို့ လိုက်နာကျင့်သုံးခြင်းငှာ မပြုအပ်သော အောက်ပါ အစွန်းတရား။ အယုတ်တရားနှစ်ပါးကို ဟောကြားတော်မူ၍ (ဇိန) ဗုဒ္ဓဘုရားစင်စစ် ကေန်ဖြစ်ကြောင်းကို ဒုတိယမွိထပ်လောင်း၍ကိုယ်တော်တိုင် သက်သေထူတော်မူသည်။

## (အစွန်း) အယုတ်တရား (၂) ပါး။

"ဒွေမေ ဘိက္ခဝေ၊ အန္တာပဗ္ဗဇိတေန သေပိတဗ္ဗာ၊ ကတမေဒွေ။

(၁) ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟိနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထ သံဟိတော။

(၂) ယောစာယံ အတ္တကိလမထာ နုယောဂေါ ဒုက္ခော အနရိယော အနတ္ထ သံဟိတော၊"

## အနက်

အို-ချစ်သားတို့၊ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ဤ (အစွန်း) အယုတ်၊ တရားနှစ်ပါးကို မမှီဝဲအပ်ကုန်။

(၁) လောကအမြင်မှားသော ဒိဋ္ဌိအချို့တို့သည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဤကာမဂုဏ်ငါးပါးတို့ကို လိုက်စားမြူးထူး ယစ်မူး မေ့လျော့၍ တရားဘက်၌ ပေါ့လျော့ကာ နေကြပေသည်။

(၂) လောက၌ အမြင်မှားသော ဒိဋ္ဌိအချို့တို့သည် ရေချိုးခြင်း၊ မီးလှုံခြင်း၊ဆူးပေါ်၌ အိပ်ခြင်း၊အကြောင်းမဲ့စွာ အဟာရကို ဖြတ်တောက်ခြင်း၊ ပြာလူးခြင်း၊ စသဖြင့် မိမိကိုယ်ကာယကြီးကို ညှင်းဆဲနိုင်သမျှ ညှင်းဆဲပါလျှင်၊ တဏှာဖြစ်ပေါ်ခွင့်ကို မရနိုင်ပဲ တဏှာကုန်ခန်းခြင်းသို့ ရောက်လေတော့သည်ဟု-ဤမှားသော ဒိဋ္ဌိတို့၏ အယူကို မလိုက်အပ်ကြကုန်။

အို-ချစ်သားတို့၊ ထိုအစွန်းတရား (အယုတ်တရား) နှစ်ပါးကိုရှောင်ကာ ငါဘုရားအား သစ္စာလေးပါးကို ထိုးထွင်းသိမြင်စေနိုင်သည့် မဇ္ဈိမပဋိပဒါ ခေါ် အလယ်အလတ်အကျင့်သည် ကိလေသာ ငြိမ်း၍ ခန္ဓာငါးပါး ချုပ်ငြိမ်းရာ နိဗ္ဗာန်အကျိုးငှါ ဖြစ်ပေသည်။ ထိုအလယ်လပ်ကျင့်စဉ် ဆိုသည်မှာ အင်္ဂါရှစ်ပါးရှိ၍ မြတ်သော မဂ္ဂင်တရား ပေတည်း။

၁။ သမ္မာဒိဋ္ဌိ—ကောင်းစွာမြင်ခြင်း။

၂။ သမ္မာသင်္ကပ္ပ—ကောင်းစွာကြံစည်ခြင်း။

၃။ သမ္မာဝါစာ—ကောင်းစွာဆိုခြင်း။

၄။ သမ္မာကမ္မန္တ—ကောင်းစွာပြုခြင်း။

၅။ သမ္မာအာဇီဝ—ကောင်းစွာအသက်မွေးခြင်း။

၆။ သမ္မာဝါယမ—ကောင်းစွာ အားထုတ်ခြင်း။

၇။ သမ္မာသတိ—ကောင်းစွာအောင့်မေ့ခြင်း။

၈။ သမ္မာသမာဓိ—ကောင်းစွာတည်ကြည်ခြင်း။

တို့ဖြစ်ပေသည်။ ရဟန်းတို့၊ ဤအလယ်အလပ် ကျင့်စင်သည်သာ ငါဘုရားအား သစ္စာလေးပါးကို ထိုးထွင်းသိစေ၍ ကိလေသာငြိမ်းပြီး နိဗ္ဗာန်အကျိုးငှာ ဖြစ်ပေသည်။

သစ္စာလေးပါးဆိုသည့်မှာ-

၁။ ဒုက္ခသစ္စာ။

၂။ သမုဒယသစ္စာ။

၃။ နိရောဓသစ္စာ။

၄။ မဂ္ဂသစ္စာ။
တို့ဖြစ်ပေသည်။

၁။ ဒုက္ခသစ္စာ။

ဣဒံခေါပနဘိက္ခဝေ ဒုက္ခံအရိယသစ္စံ၊
ဇာတိပိဒုက္ခာ၊ ဇရာတိပိဒုက္ခာ၊ ဗျာတိပိဒုက္ခာ၊
မရဏံပိဒုက္ခံ။
အပိယေဟိသမ္ပယောဂေါဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။
ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိဒုက္ခာ။

ချစ်သားရဟန်းတို့—ဇာတိဒုက္ခာ—သံသရာမှာ အဖန်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဒုက္ခဆင်းရဲ၏၊ ဇရာတိပိဒုက္ခာ—အဖန်ဖန်အိုရခြင်းသည် ဒုက္ခ ဆင်းရဲ၏။ ဗျာတိပိဒုက္ခာ—အဖန်ဖန်နာရခြင်းသည် ဒုက္ခဆင်းရဲ၏၊ မရဏံပိဒုက္ခာ—အဖန်ဖန်စုတေမနေသေရခြင်းသည် ဒုက္ခဆင်းရဲ၏။

အပိယေဟိသမ္ပယော ဂေါဒုက္ခော—မချစ်မနှစ်သက်သော သူတို့နှင့် အဖန်ဖန် တွေ့ကြုံရခြင်းသည် ဒုက္ခော ဆင်းရဲ၏။ ဝိပ္ပယေဟိ ဝိပ္ပယောဂေါဒုက္ခော ချစ်နှစ်သက်သောသူတို့နှင့် အဖန်ဖန်ကွေကွင်းရခြင်းသည် ဒုက္ခော ဆင်းရဲ၏။

ဤကား အချုပ်အားဖြင့် ဉပါဒါန်၏ အာရုံဖြစ်သော၊ ရုပ်နှင့်နာမ် (၂) ပါးတို့စုပေါင်းခြင်းခန္ဓာ (၅) ပါးဖြစ်သည့်—

၁။ ရူပက္ခန္ဓာ—ရုပ်—၂၈-ပါးကိုခေါ်၍ (ရုပ်ခန္ဓာ) ဖြစ်သည်။
၂။ ဝေဒနက္ခနာ—ဝေဒနာစေတသိတ်ကိုခေါ်၍ (နာမ်ခန္ဓာ) ဖြစ်သည်။
၃။ သညက္ခန္ဓာ—သညာစေတသိတ်ကိုခေါ်၍ (နာမ်ခန္ဓာ) ဖြစ်သည်၊
၄။ သင်္ခါရက္ခန္ဓာ—ဝေဒနာ၊ သညာ၊ မှ-တပါးသော စေတသိတ် (၅၀) ကို ခေါ်၍ (နာမ်ခန္ဓာ) ဖြစ်သည်၊
၅။ ဝိညာဏက္ခန္ဓာ—စိတ်တနားစုံ ဟူသမျှကို ခေါ်၍ (နာမ်ခန္ဓာ) ဖြစ်သည်။

ဤခန္ဓာ (၅) ပါးတို့ရှိနေခြင်းသည် ဒုက္ခဆင်းရဲ၏၊

## ၂။ သမုဒယသစ္စာ။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ၊ တတြ တတြာဘိနန္ဒိနီ၊ သေယျထိနံ။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။

ချစ်သား ရဟန်းတို့- တဏှာလောဘသည် ဘဝသစ်ကို အဖန်ဖန် ဖြစ်စေ တတ်ပြီး၊ ထိုအာရုံကို စွဲလမ်းစေသော-

၁။ ကာမတဏှာ—အာရုံငါးပါးကို တတ်မက်ခြင်း။

၂။ ဘဝတဏှာ—အရာခပ်သိမ်းသည် တည်မြဲ၏ဟု အယူရှိခြင်း၊

၃။ ဝိဘဝတဏှာ—သေပြီးနောက် ဘာမျှ မဖြစ်ဟု ယူခြင်း။

စသည့် ဤတဏှာသုံးပါးတို့ကား အရိယာ ပုဂ္ဂိုလ်တို့သိအပ်သည့် ဒုက္ခ ဖြစ်သည့် သမုဒယသစ္စာ မည်သည်။

## ၃။ နိရောဓသစ္စာ။

ဣဒံခေါပနဘိက္ခဝေ ဒုက္ခနိရောဓံ အရိယံသစ္စံ၊ ယောတဿာ ယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိ နိဿဂ္ဂေါ မုတ္တိ အနာလယော။

ချစ်သားရဟန်းတို့-ထိုကာမတဏှာကိုတပ်မက် စွဲလမ်းခြင်း၏ ကင်းလွတ် ချုပ်ငြိမ်း၊ စွန့်ခွာလွတ်မြောက်နိုင်သော နိဗ္ဗာန်ဟူသည် ရှိ၏။ ထိုနိဗ္ဗာန်ဟူ သည်ကား အရိယာပုဂ္ဂိုလ်တို့ သိအပ်သော ဒုက္ခအပေါင်း ချုပ်ငြိမ်းရာ နိရောဓသစ္စာမည်၏။

## ၄။ မဂ္ဂသစ္စာ။

ဣဒံခေါပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယံသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ သမ္မာဝါယမော သမ္မာသတိ သမ္မာသမာဓိ။

ချစ်သား ရဟန်းတို့-ဤမဂ္ဂင်ရှစ်ပါးသည်ကား။ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သည့် အရိယာတို့ သိအပ်သည့်၊ မဂ္ဂသစ္စာပေတည်း။ (အနက်အကျယ်ကို ရှေ့မှာ မဂ္ဂင်ရှစ်ပါးပြခဲ့ပြီဖြစ်၍ မပြတော့ပြီ)။

## ဘုရားရှင်သည် ရှေးက သူ့ကိုယ်သူ (ဇိန) ဗုဒ္ဓဖြစ်ကြောင်း မပြောခဲ့။

ယာဝကီဝဉ္စ မေဘိက္ခဝေ ဣမေသု စတူသု အရိယာသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွာဒသာကာရံ ယာထာဘူတံ ဉာဏဒဿနံ နသု ဝိသုဒ္ဓံ အဟောသိ။

နေဝတာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မာကေ သဿမဏ ဗြဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ချစ်သား ရဟာတို့ သစ္စာလေးပါး မြတ်တရားတို့၌ ဤကဲ့သို့ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ သုံးပါးလေးလီ (၁၂) ပါးသော၊ ဟုတ်မှန်သည့် ဉာဏ်အမြင်သည်၊ ငါ့၌ သန့်ရှင်းကြည်လင်စင်ကြယ်မှု မရှိသေးသမျှ ကာလ ပတ်လုံး ငါသည်၊ ကာမာဝစရနတ်ပြည် ငါးထပ်နှင့်တကွ၊ ဝသဝတ္တီ နတ်ပြည်၊ ဗြဟ္မာပြည်တည်းဟူသော ဩကာသ လောက တခုလုံးမှ ရဟန်း၊ ပုဏ္ဏား၊ မင်းနှင့်တကွ၊ သတ္တလောက၌ အတုမရှိသော အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တို့ကို ထိုးထွင်း၍ သိပြီးသော (ဇိန) ဗုဒ္ဓဘုရား ဖြစ်ပြီဟူ၍ ငါ့ကိုယ်ငါ မပြောခဲ့။

## ယခုကိုယ်တော်တိုင် ဘုရားဖြစ်ပြီးဟု ဝန်ခံပြောပြီ။

ယတောစ ခေါမေဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံတိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံဘိက္ခဝေ သဒေဝကေ လောကေ သမာယကေ သဗြဟ္မကေ သဿမဏဗြာဟ္မ ဏိယာပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ချစ်သားရဟန်းတို့-ဤသစ္စာလေးပါးဖြစ်ကြောင်း၊သစ္စာဉာဏ်၊ကိစ္စဉာဏ် ကတဉာဏ်အားဖြင့် သုံးလေးလီ (၁၂) ပါးသော ဉာဏ်အမြင်သည် ငါ့ အား အလွန်ထင်ရှား သိမြင်သောအခါမှသာလျှင်၊ ငါသည် ကာမာဝစရ နတ်ပြည်ငါးထပ်၊ဝသဝတီနတ်ပြည်အပေါင်းနှင့် ဩကာသ လောက ရဟန်း၊ ပုဏ္ဏား၊ မင်းနှင့် လူအပေါင်းအား သုံးလောက၌ အတုမရှိသော အရဟတ္တ

မဂ်ဉာဏ်၊ သမ္မညုတဉာဏ်တို့ကို ထိုးထွင်း သိမြင်ပြီးဖြစ်၍ ငါသည် ယခု ကိလေသာရန်သူများကို အောင်နိုင်သောကြောင့် ဇိန (ဇိန) ဗုဒ္ဓဘုရား စင်စစ်ဖြစ်လေပြီဟု ဝန်ခံမိန့်တော်မူလေသည်။

**မှတ်ချက်။** ။သစ္စာလေးပါး၏ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ သုံးလေးလီ (၁၂) ပါးကို စာဖတ်သူတို့ ရှည်လွန်းမည်စိုး၍ လိုအပ်သည်သာ သုံးပြီး ချန်ခဲ့ပါသည်။ နောက်ပိုင်းအခဏ်းမှာ ပါသည့် သစ္စာလေးပါး တရား အကျယ်ကို ဖတ်ပါ။

**ပစ္စဝေက္ခဏဉာဏ်တော်ဖြင့် ဘုရားဖြစ်ကြောင်း သိမြင်ခြင်း။**

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

ချစ်သား ရဟန်းတို့-ငါ့အား ပစ္စဝေက္ခဏဉာဏ်အမြင်ထင်ရှားစွာ ပေါ်ခဲ့ပြီ၊ ငါ၏ အရဟတ္တမဂ်ဉာဏ်ကို ဆန့်ကျင်ဘက်တရား မှန်သမျှတို့သည် မဖျက်ဆီးနိုင်၊ ငါ၏ ရုပ်ခန္ဓာကိုယ်အဖြစ်သည် ဤအကြိမ် နောက်ဆုံးအဖြစ်ပေတည်း။ ဘဝသစ်တဖန် ပြန်၍ ဖြစ်ခြင်း မရှိတော့ပြီ။ ဤသို့သော ပစ္စဝေက္ခဏဉာဏ် ဖြစ်ပေါ်ခဲ့ပြီရှိ၍၊ ငါသည် ကေန်ဘုရားဖြစ်ချေပြီဟု နောက်ဆုံး ယဥ်မိမိန့်ကြားတော်မူပြန်လေသည်။

**"ဤတွင် ပဉ္စဝဂ္ဂီရဟန်းတို့သည် သစ္စာလေးပါးတရားကို နှစ်သက်ကြသဖြင့် ဘုရားအမှန်ဖြစ်ကြောင်း လက်ခံကြခြင်း"**

ဣဒမဝေါစဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော

ဘာသိတံ အဘိနန္ဒုန္တိ၊

မြတ်စွာဘုရားအခင်သည် (ဓမ္မစက္ကပဝတ္တနသုတ်) အစချီသော၊ သစ္စာလေးပါး ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခြင်းကြောင့်၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် အလွန်နှစ်သက်ဝမ်းမြောက်ကြ၍ (သာဓု၊ သာဓု၊ သာဓု) ဟု သုံးကြိမ်ခေါ်ကြကာ ဘုရားရှင်အား ဝတ်ပြုကန်တော့ကြလေသတည်း။

မြတ်စွာဘုရားသည် ဤဓမ္မစကြာတရားကို ပစ္စဝဂ္ဂီငါးဦးတို့အား၊ ရှေးမင်း အစဉ်အဆက်တို့ သားသမင် တိရိစ္ဆာန်အပေါင်းတို့ကို ဘေးမဲ့ မွေးမြူ လွှတ်ထားသည့် (မိဂဒါယ၊ မိဂဒါဝန်) မိဂဒါဝုန် ကျေးမဲ့တောကြီး၌၊ မဟာ

သက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ညနေ၊ အနောက်လောက ဓာတ်သို့ နေမင်းဝင်ခါနီး၊ အရှေ့လောကဓာတ်မှလည်း လဝန်းကြီး ထွက်ပြူစအချိန်မှာ ဤဓမ္မစကြာ တရားကို ဘုရားဖြစ်ပြီး ဦးစွာ ဟောကြားခြင်း ဖြစ်သည်။

ဓမ္မစကြာဟူသည်တို့မှာ ချားရဟတ်ကဲ့သို့ လှည့်ပတ်သည့် တရားများ ဖြစ်၍ ဓမ္မစကြာတရားဟု ခေါ်သည်။ တနည်း- သုတ္တန် တရားဟုလည်း ခေါ်၏။

ထိုဓမ္မစကြာတရားကို ဟောတော်မူသော ဝါဆိုလပြည့်နေ့၌ပင် ပဉ္စဝဂ္ဂီ ငါးဦးဖြစ်သော အရှင်ကောဏ္ဍညမှာ သောတာပတ္တိဖိုလ်၌ တည်၍ ဘုရား ထံ၌ ရဟန်းပြု၏။ ၎င်း ဝါဆိုလပြည့်ကျော်တရက်နေ့၌ အရှင်ဝပ္ပသည် လည်းကောင်း။ ၎င်းလပြည့်ကျော်နှစ်ရက်နေ့၌ အရှင်ဘဒ္ဒိယ၊ သုံးရက်နေ့၌ ရှင်မဟာနာမ၊ လေးရက်နေ့၌ ရှင်အဿဇိထေရ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်ကြ၍ (ဟေဝိဘိက္ခု) ရဟန်းပြုကြကုန်၏။

ထိုဝါဆိုလပြည့်ကျော် ငါးရက်နေ့၌ ငါးဦးသော ရဟန်းတို့ကို စုဝေး စေ၍ (အနတ္တလက္ခဏာသုတ်) ကို ဟောတော်မူသဖြင့်၊ ငါးဦးလုံးပင် ရဟန္တာ အဖြစ်ကို ရောက်ကြကုန်၏။

ဤသို့ ပဉ္စဝဂ္ဂီငါးဦးတို့ ရဟန္တာဖြစ်ကြပြီးလျှင် ဂေါတမ မြတ်စွာဘုရား သခင်လည်း ထိုမိဂဒါဝုန်တော၌ပင် လှည့်လည်၍ မွေ့လျော်တော်မူလေ၏၊

## ဘုရားရှင်၏ ဖြစ်စဉ် အကျဉ်း

ဂေါတမ မြတ်စွာဘုရားအလောင်းတော်ကို ခရာဇ်ယန် သာသနာမပေါ်မီ (ဘီစီ-၅၆၃) ခုနှစ်၊ လွန်ခဲ့သော နှစ်ပေါင်း (၂၅၂၁) ကျော် မဟာ သက္ကရာဇ် (၆၈) ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ နံနက် (၁)ချက်တီး အချိန်တွင် တက္ကတိုင်း၊ မဇ္ဈိမဒေသ၊ အိန္ဒိယ နိုင်ငံ မြောက်ပိုင်း။ ဝိမဝန္တာ တောင်ခြေရှိ၊ ယခုနီပေါပြည်စပ်၊ ကပိလဝတ် ပြည်ရှင် သကျနွယ်သာကီဝင် မျိုး ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ ဇနီး၊ မဟာမာယာဒေဝီ မိဖုရားကြီးမှ၊ ကပိ လဝတ်ပြည်နှင့် ဒေဝဒဟာပြည် လမ်းအကြားရှိ၊ လုမ္ဗိနီခေါ်သော အင်ကြင်း ဥယျာဉ်အတွင်း အင်ကြင်းပင်အောက်၌ မွေးဖွားသန့်စင်ခဲ့သည်၊

သို့ဖွားမြင်ခဲ့ပြီး ထီးနန်းစဥ်လာ ထုံးစံအရ၊ ခမ်းနားကြီးကျယ်စွာကျင်းပ၍၊ အလိုရှိတိုင်းပြည့်စုံသောကြောင့် အလောင်းတော်မင်းသားကို(သိဒ္ဓတ္ထ) ဟု ကင်းမွန်းတပ်ကာ အမည်နာမ မှည့်ခေါ်ကြလေသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားပြီး (၇) ရက်မြောက်သောနေ့၌ အမိ (မယ်တော်မာယာ) မိဖုရားကြီးသည် နတ်ရွာစံတော်မူပြီး (တုသိတာ နတ်ပြည်) ၌ သေတကေဒ္ဓု နတ်သားသွားဖြစ်လေ၏။ သားတော် သိဒ္ဓတ္ထ မင်းသားဘုရားဖြစ်ပြီး (၇) နှစ် ကြာသောအခါ၌ မယ်တော် မိနတ်သား ရှိရာ တာဝတိံသာခေါ် တုသိတာ နတ်ပြည်သို့ (အဘိဓမ္မာတရား) ကို ဟောတော်မူရန် ကြွသွားတော်မူ၏။

မယ်တော်မာယာ နတ်ရွာသို့ စံသွားသော်လည်း မိတဆိုးအလောင်းတော် သိဒ္ဓတ္ထမင်းသားလေးကို၊ ညီမတော်သည့် မိထွေးတော် (မဟာပဇာပတိ ဂေါတမီ) မိဖုရားက သားအရင်းကဲ့သို့ မွေးမြူ စောင့်ရှောက်တော်မူလေသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသား အသက်(၁၆) နှစ်အရွယ်တွင် ဘေးတော် ဘိုးတော်မင်းဆက် အပေါင်းတို့ မခံစားဘူးသော အလွန်ပျော်မွေ့ဘွယ်ရာ ကောင်းသည့် (နန်းပြသာဒ် သုံးဆောင်နှင့်တကွ အပျော်အပါး လိုလေသေးမရှိအောင် ဖခင်သုဒ္ဓေါဒန ဘုရင်ကြီးက စီစဉ်ပေးသည့်အပြင်၊ ဒေဝဒဟပြည်ရှင် (သုပ္ပဗုဒ္ဓ) ဘုရင်၏ သမီးတော် အလှထိပ်ခေါင်တင် (ယသော်ရောမင်းသမီး) နှင့် လက်ထပ်ထိမ်းမြားစေပြီး၊ သူ၏ ထီးနန်းစည်းစိမ်ကိုပါ သားတော်အား မင်းအဖြစ် မြှောက်ကာ အပ်နှင်းခဲ့လေသည်။

သို့အားဖြင့် ထီးနန်းစီးစိမ်နှင့် လောကီကာမဂုဏ် မျိုးစုံတို့ကို (၁၃) တဆယ့်သုံးနှစ်တိုင်တိုင် ပျော်ပါးခံစားနေခဲ့ပြီး၊ အသက် (၂၉) နှစ်အရောက် တနေ့သောအခါ၌၊ သိဒ္ဓတ္ထမင်းသားသည် နန်းဥယျာဉ်သို့ မြင်းရထားဖြင့် ကြွရောက်တော်မူရာ လမ်းခရီး၌ ပထမအကြိမ်တွင် (လူအို)၊ ဒုတိယအကြိမ်တွင် (လူနာ)၊ တတိယအကြိမ်တွင် (လူသေ)၊ စတုတ္ထအကြိမ်တွင် (ရဟန်း) တပါးတို့ကို တွေ့ပြီးသည့်အခါတွင်၊ အကြောင်းကို ရထားမှူးအားမေးသောအခါ၊ ဤပုဂ္ဂိုလ်မှာ ရဟန်းဖြစ်၍ (အို၊ နာ၊ သေ) ဘေးဆင်းရဲဒုက္ခ

အပေါင်းတို့မှ လွတ်ကင်းစေနိုင်သော တရားများကို ရှာဖွေဆောက်တည်နေသူ ဖြစ်ကြောင်း ပြန်လည် လျှောက်ထားလေသည်။

ထိုလျှောက်ထားချက်ကို ကြားရပြီး အလောင်းတော် မင်းသားသည် (မအို၊ မနာ၊ မသေရ)သော ဘေးဒုက္ခဆင်းရဲအပေါင်းတို့မှ လွတ်ကင်းစေနိုင်သည့်တရားများကို ရှာဖွေရန် တောထွက်မည်ဟု စိတ်အကြံ ပေါက်ခဲ့လေ၏။ ထိုအကြံနှင့် ဥယျာဉ်တော်သို့ ဆက်လက်ထွက်ခွာကာ ကျောက်ဖျာပေါ်၌ ထိုင်နေစဉ်၊ ယသော်ဓယာ မိဖုရားကြီးတွင် သားတော် (ရာဟုလာ) ဖွားမြင်တော်မူပြီဖြစ်ကြောင်း ကြားရပြန်သဖြင့်၊ တောမထွက်နိုင်အောင် ချုပ်ကိုင်ချည်နှောင်ထားမည့်အနှောင်အဖွဲ့တခု ထပ်မံ တိုးလာပြန်လေပြီဟု ညီးငြူမိန့်တော်မူကာ ညနေပိုင်း၌ နန်းတော်သို့ ပြန်ကြွလေသည်၊

သက်တော် (၂၉)နှစ် ထိုနေ့ညဥ့် သန်းခေါင်ယံအချိန်၊ မဟာသက္ကရာဇ် (၉၇) ဝါဆိုလပြည့်၊ တနင်းလာနေ့တွင် အလောင်းတော် မင်းသားသည် ထီးနန်းစီးစိမ် ပျော်တော်ဆက် မိဖုရား သောင်းခြောက်ထောင်နှင့် တကွ အလွန် ချစ်မြတ်နိုးသော မိဖုရားကြီး ယသော်ဓယာဒေဝီနှင့် သားတော် (ရာဟုလာ)တို့ကိုပါ စွန့်ခွာ၍ တောထွက်တော်မူခဲ့လေသည်။

ထိုနောက် တောတွင်း၌ (ရှင်ဂေါတမ) အမည်ဖြင့် ရဟန်းအဖြစ် ခံယူကာ (၆) နှစ်တိုင်တိုင် အသက်မငဲ့ ကွက်ပဲ ဆင်းရဲလွန်းစွာ ဒုက္ကရစရိယာ ကျင့်တော်မူသည်။ ပထမတွင် တနေ့ဆွမ်းတထပ်သာ ဘုန်းပေးတော်မူသည်။ နောက်ဆွမ်းကို ပယ်တော်မူပြီး သစ်သီးတလုံးမျှသာ ဘုန်းပေးတော်မူသည်။ နောက်ရေကိုသာ ဘုန်းပေးတော်မူသည်။ တဖန် အစားအသောက်အတွက်နှင့် တရားအလုပ်ပျက်သည်ဟု ယူဆကာ ရေမျှပင် မသောက်တော့ပဲ ပြင်းထန်စွာ တရားကျင့်တော်မူသည်။

နောက်ဆုံး လုံးဝ အစာမစား၊ ရေမျှပင်မသောက်တော့သဖြင့် တဖြည်းဖြည်းပိန်ချုန်းပြီး အရိုးပေါ် အရေတင်မျှ ကမ္ဗဋ္ဌာန်း ကောင်ဖြစ်ကာ အားအင်ကုန်ခမ်း၍ တရားထိုင်ရာမှ လဲကျတော်မူ၍ သတိ မေ့မျောသွားသည့်တိုင်အောင် ကျင့်တော်မူသည်။ ထိုအခါ နတ်သကြားတို့က အလောင်းတော် အသက်မသေစေရန် ချွေးထွက်သည့်အပေါက်မှ ခန္ဓာကိုယ်တွင်းသို့ ရေများသွင်းပေးခဲ့ရသည်တိုင်အောင် ကျင့်ခဲ့လေသည်။

သို့သော် (မအို၊ မနာ၊ မသေ) တရားကို ရှာဖွေတော်မူလေသောကြောင့်၊ မဟာသက္ကရာဇ်(၁၀၃) ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင်၊ ယခုမဟာဗောဓိစေတီမြတ်ကြီးရှိရာ၊ ဗောဓိညောင်ပင်ကြီးအောက်၌ မိမိကိုယ်ကို ညှင်းဆဲပြီး ကျင့်သောအကျင့်မှားနှင့် ကာမဂုဏ်ကို အစွမ်းကုန် ခံစားပြီးကျင့်သော အစွန်းထွက် အကျင့်မှား နှစ်ပါးကို စွန့်လွှတ်လိုက်လေ၏။

ထို့နောက် မဇ္ဈိမ ပဋိပဒါဟူသည့် အလယ်အလတ် လမ်းမှန်ကျင့်စဉ်ဖြင့် (အာနာပါန ထွက်သက်ဝင်သက်) ကမ္မဋ္ဌာန်းကို စီးဖြန်း ကျင့်ကြံလေသည်။ ဤအခါမှ ညဉ့်ဦးယံအချိန်မှာ (ပုဗ္ဗေနိဝါသဉာဏ်)ဟု ခေါ်သောအတိတ်ကို သိလိုက သိနိုင်သည့် ဉာဏ်ကို ရရှိပါသည်။

နောက် ညဉ့်သန်းခေါင်ယံအချိန်မှာ (ဒိဗ္ဗစက္ခုဉာဏ်)ဟု ခေါ်သော အရာခပ်သိမ်းကို သိမြင်လိုက သိနိုင်သည့် ဉာဏ်ရရှိပါသည်။ ကဆုန်လပြည့်ကျော် (၁) ကြာသာပတေးနေ့ အာရုဏ်တက်ချိန်တွင် (လောဘ၊ ဒေါသ၊ မောဟ) ဖြစ်သည့် ကိလေသာတို့ကို အမြစ်ပါမကျန် သုတ်သင် ရှင်းလင်းပြစ်နိုင်သော (အာသဝက္ခယဉာဏ်) ကို ရရှိပြီး တခဏာ၌ပင် အလုံးစုံသော တရားအပေါင်းတို့ကို သိမြင်သည့်(သဗ္ဗညုတဉာဏ်)ကို ပေါက်ရောက်အောင်မြင် ရရှိတော်မူပြီး၊ သက်တော် (၃၅) နှစ်၊ ခရာဇ်ယန် သာသနာမပေါ်မီ (ဘီစီ-၅၂၈) ခုနှစ်၊ မဟာသက္ကရာဇ်(၁၀၃) ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ (ဇိန) ဗုဒ္ဓ နာမဘွဲ့ထူးကိုခံလျက် ဘုရားစစ် ဘုရားမှန် အဖြစ်သို့ ရောက်ရှိခဲ့ပေသည်။

သို့ဘုရားအဖြစ်ရရှိပြီးသောအချိန်မှစ၍ ပရိနိဗ္ဗာပြုသည့်တိုင်အောင်(၄၅) နှစ်ပတ်လုံး၊လူနတ်ဗြဟ္မာ သတ္တဝါပေါင်းများစွာတို့ကို တရားဒေသနာတို့ဖြင့် အမြင်မှန်ရအောင် မနားတမ်း ဟောကြားဆုံးမတော်မူခဲ့ပေသည်။

ထိုသို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိ တရားတော် အပေါင်းတို့၏ အနှစ်သာရ များကို အစိတ်ပိုင်းဖြင့် ခွဲခြားသောအခါ—

(၁) အလှူဒါန အကြောင်း။

(၂) သီလအကြောင်း။

(၃) နတ်ပြည် အကြောင်း၊

(၄) ကာမဂုဏ်အပြစ်များ အကြောင်း။
(၅) ဓတာထွက်ခြင်း အကျိုးတရား အကြောင်း၊
(၆) ဒုက္ခသစ္စာတရား။
(၇) သမုဒယသစ္စာတရား။
(၈) နိရောဓသစ္စာတရား။
(၉) မဂ္ဂသစ္စာတရား။

စသည့် တရားအနှစ်သာရပိုင်း (၉) ချက်တို့ဖြစ်ပေသည်။

ဘုရားအဖြစ်သို့ရောက်ပြီး ကဆုန်လပြည့်ကျော်(၁)ရက်နံနက် မိုးသောက် အရုဏ်တက်အချိန်တွင် ရှေးဘုရားတို့ ကျူးရင့်တော်မူကြမြဲ ဓမ္မတာဖြစ်သည့် (အနေကဇာတိသံသာရံ)အစရှိသော ဥဒါန်း နှစ် ဂါထာကို ကျူးရင့်တော် မူလေသည်။

သို့ကျူးရင့်ပြီး ဆက်လက်၍၊ "ခန္ဓာအိမ်ကို တည်ဆောက်တတ်သော ဟယ်တဏှာလက်သမား၊ ငါသည်သင့်ကို ပညာမျက်စိဖြင့် မြင်လေပြီ၊ ခန္ဓာ အိမ်ကို နောက်တဖန် သင်ဆောက်လုပ်ရတော့မည်မဟုတ်။ သင်၏ကိလေသာ တည်းဟူသော နယ်အားလုံးကို ငါသည် ချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာဟူသော အိမ်အမိုးကို ဖျက်ဆီးအပ်ပြီ" ဟု ကျူးရင့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် မိမိပိုင်းခြားထင်ထင် သိမြင်ထားသော သစ္စာလေးပါး တရားမြတ်ကို မိဂဒါဝုန်တောဝ၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ပထမ ဦးဆုံး ဟောကြား၏။

ဤဓမ္မစကြာသစ္စာလေးပါး မြတ်တရားကို သိမြင်ပါမှ သောတာပန်စသည့် မဂ်ဖိုလ်တို့ကို ရနိုင်သည့်အပြင် မဂ္ဂင် (၈) ပါး၏ အဓိက အကြောင်းရင်း (ပညာ၊ သီလ၊ သမာဓိ) နှင့်လည်း ပြည့်စုံမည်ဖြစ်၏။

ပဉ္စဝဂ္ဂီ ငါးဦးတို့သည် သစ္စာလေးပါး တရားကို နာကြားပြီး၊ သောတာ ပန်များဖြစ်ကာ အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူသောအခါ ရဟန္တာ များ ဖြစ်ကြလေကုန်၏။

ငင်းနောက် မြတ်စွာဘုရား မိဂဒါဝုန်တောတွင် ဝါဆိုတော်မူစဉ်

(ယသ သူဌေးသားနှင့်တကွ) သူ့မိတ်ဆွေ(၅၄)ဦးတို့သည် ဘုရား၏ အဆုံးအမ အတိုင်း တရားအားထုတ်ကြသဖြင့် ရဟန္တာများ ဖြစ်သွားကြ၏။

ထိုအခါ မြတ်စွာဘုရားသည် တပည့် ရဟန္တာ (၆၀) ခြောက်ဆယ်တို့ကို အရပ်ရပ်သို့ သာသနာပြု စေလွှတ်ပြီး (ဥရုဝေဠတော) သို့ တပါးတည်း ကြွတော်မူသည်။

လမ်းခရီး၌ ကောသလမင်းကြီးသားတော်၊ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်ကို လည်းကောင်း၊ ဥရုဝေဠတောအုပ်တွင် ကဿပညီနောင်နှင့် တပြည့်(၁၀၀၀) တို့ကိုလည်းကောင်း၊ တရားဟောတော်မူရာ အားလုံး ရဟန္တာ ဖြစ်ကြကုန်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် ရဟန္တာတတောင်ကျော် အခြံအရံနှင့် ကြွတော်မူရာ၊ ပြာသိုလဆုပ် (၁၁)ရက်နေ့တွင်၊ ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိတော်မူကာ၊ နောက်တနေ့၌ (ဗိမ္ဗိသာရမင်းကြီး) လှူဒါန်းသော (ဝေဠုဝန်ကျောင်းတော်) ကို အလှူခံတော် မူလေသည်။

၎င်းနောက် ပြာသိုလပြည့်နေ့တွင် ပဥ္စဝဂ္ဂီ ငါးဦးတွင် တပါးဖြစ်သော (ရှင်အဿဇိ) ၏ တရားကို ကြားနာရပြီး သောတာပန် ရကာ (ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်)တို့ နှစ်ဦးသည် နောက်ပါ အခြံအရံ (၂၅၀) နှင့်တကွ မြတ်စွာဘုရားထံ ရောက်လာကြပြီး ဘုရားတရားတော်ကို နာကြား၍ အားလုံး (ဟေိဘိက္ခု) ရဟန်းဖြစ်ကြလေကုန်၏။

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့နှစ်ပါးသည်၊ ထိုအချိန်၌ ကြီးမားသော အဂ္ဂသာဝက ပါရမီဉာဏ် မပြည့်စုံသေးသဖြင့် ရဟန္တာများ မဖြစ်သေးပဲ ရှိ၏။

ရှင်မောဂ္ဂလာန်မှာ နောက် (၇) ခုနှစ်ရက်အကြာ၌ မြတ်စွာဘုရား၏ ကမ္မဋ္ဌာန်းတရားကို ကြားနာရပြီးမှ ရဟန္တာဖြစ်၏။ ရှင်သာရိပုတ္တရာမှာမူ နောက် (၁၅)တဆယ့်ငါးရက်အကြာ တပို့တွဲလပြည့်နေ့တွင် ၎င်း၏တူ ပရိဗိုဇ်ကို မြတ်စွာဘုရား ဟောကြားသော (ပရိဂ္ဂဟလက္ခဏာသုတ်) ကို ဘေးမှ ကြားနာရပြီး ရဟန္တာဖြစ်ခဲ့လေသည်။

တပို့တွဲလပြည့်နေ့၌ ဝေဠုဝန်ကျောင်းတော်တွင် မည်သူတဦးတယောက်မျှ မဖိတ်ကြားရပဲ၊ မိမိတို့ သဘောအလျောက်။ ဆဠဘိညာ အဘိညာဥ်ခြောက်ပါးရ၊ ဟေိဘိက္ခု ရဟန္တာ (၁၂၅၀) တထောင့်နှစ်ရာ့ငါးဆယ် စုရုံးမိကြ

သည့် ထူးမြတ်သော သာဝက သန္နိပါတ မဟာသံဃ အစည်းအဝေးကြီး ပြုကြပြီး၊ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား ဉာဏ်ပညာကြီးကျယ်သဖြင့် လက်ျာတော်ရံအဖြစ်လည်းကောင်း၊ ရှင်မောဂ္ဂလာန်အား တန်ခိုးဣဒ္ဓိပါဒ်ကြီးသဖြင့် လက်ဝဲတော်ရံအဖြစ်လည်းကောင်း အရာထားတော်မူသည်။

မြတ်စွာဘုရား သာသနာတွင် ဤတကြိမ်တည်းသာ ကျင်းပခဲ့သည့် ထူးမြတ်သော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသည့် အစည်းအဝေးကြီး၌ သံဃာမှ လွတ်မြောက်ကြောင်း အောက်ပါ (ပါတိမောက် ဒေသနာ)တော်ကို ဟောကြားတော်မူသည်။

## (ပါတိမောက် ဒေသနာတော် (၃) ပုဒ်)

(၁) ခန္တီပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံပရမံ ဝဒန္တိဗုဒ္ဓါ၊ နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ နသမဏောဟောတိ ပရံဝိဟေဌယန္တော။

(၂) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။ သစိတ္တပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

(၃) အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စသံဝရော။ မတ္တညုတာစ ဘတ္တသ္မိံ ပန္တဉ္စသယနာသနံ၊ အဓိစိတ္တေစအာယောဂေါ ဧတံဗုဒ္ဓါနသာသနံ။

## (ပါတိမောက်အနက်)

(၁) တိတိက္ခာ၊ အားခုနှစ်ပါးတို့ ထက်ထက်သန်သော။ ခန္တီ၊ သီးခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်ပေတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ ပရမံ၊ အမြတ်ဆုံးဟူ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော်မူကြကုန်၏။ ပရူပဃာတီ၊ သူတပါးကို သတ်ဖြတ်ညှင်းဆဲတတ်သောသူသည်။ နဟိပဗ္ဗဇိတော၊ ရဟန်းမဟုတ်။ ပရံ၊ သူတပါးကို၊ ဝိဟေဌယန္တော၊ ညှင်းဆဲနှိပ်စက်တတ်သောသူသည်။ သမဏော၊ ရဟန်းကောင်း ရဟန်းမြတ်မည်သည်၊ နဟောတိ၊ မဖြစ်နိုင်သာတည်း။

(၂) သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ်ကံ မကောင်းမှုဟူသမျှကို။

အကရဏံ၊ မပြုလုပ်ခြင်းငှင်း။ ကုသလဿ၊ ကုသိုလ်ကောင်းမှု ဟူသမျှကို။ ဥပသမ္ပဒါ၊ ပြည့်စုံအောင် ဆည်းပူး အားထုတ်ခြင်းငှင်း။ သစိတ္တပရိယောဒါပနံ၊ မိမိစိတ်ကို ဖြူစင်စွာ ဝိပဿနာဖြင့် အားထုတ်ခြင်းငှင်း။ ဧတံ၊ ဤသုံးပါးသော ကိုယ်ကျင့်တရားသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင် အပေါင်းတို့၏။ သာသနံ၊ အဆုံးအမထားတော်မူသော ဩဝါဒ စကားတော်ကြီးအစစ် ဖြစ်ပါပေသတည်း။

(၃) အနူပဝါဒေါ၊ သူတပါးအား စွပ်စွဲပြစ်ဖွဲ့ မကဲ့ရဲ့ခြင်းသည်ငှင်း၊ အနူပဃာတော၊ ကိုယ်နှုတ်ဥစ္စာ ဒဏ်သုံးဖြာဖြင့် မနှိပ်စက်ခြင်းသည်ငှင်း။ ပါတိမောက္ခေစသံဝရော၊ ပါတိမောက္ခသံဝရ သီလကို မြဲစွဲစွာ စောင့်ထိမ်းခြင်းသည်ငှင်း။ သတ္တသ္မိံ၊ ဆွမ်းဘောဇဉ်အစာ အစာဟူသမျှ၌။ မတ္တညုတာစ၊ အတိုင်းအရှည်ပမာဏကို သိသောအဖြစ်သည်ငှင်း။ ပန္တဥ္စသယနာသနံ၊ လူသူမနီးသော တောကျောင်း၌ နေခြင်းသည်ငှင်း။ အဓိစိတ္တေစ၊ အလွန်မြတ်သော စိတ်သမာဓိ လုပ်ငန်း၌သာလျှင်။ အာယောဂေါ၊ အားထုတ်ခြင်းသည်ငှင်း၊ ဧတံ၊ ဤတရားအပေါင်းတို့သည်၊ ဗုဒ္ဓါနံ၊ ကြောင်းကျိုးသိမြင် ဘုရားရှင်တို့၏။ သာသနံ၊ နှလုံးသား၌စွဲရန် ဆုံးမမြဲဖြစ်သော။ ဗုဒ္ဓဝါဒ၊ ကျေညာချက်ဖြစ်ပါပေသတည်း။

ပိဋကသုံးပုံ အလုံးစုံကို တခုမကျန် ပါဝင်အောင် ဂါထာ၃ပုဒ် သဲစုမကပွင့်ကြကုန်ပြီးဖြစ်တော်မူခဲ့သော ဘုရားရှင်အပေါင်းနှင့်တကွ ဂေါတမမြတ်စွာဘုရားသည် အရှင်းဆုံးနှင့် အကျဉ်းချုပ် ဟောတော်မူအပ်ခဲ့သော ဤဩဝါဒပါတိမောက် သုံးဂါထာသည် မင်္ဂလာဖိုလ်ဝင်၍ ပရိနိဗ္ဗာန် မြင်နိုင်၏။ ဘုရားရှင်အပေါင်းတို့၏ ကျင့်သုံးခဲ့သည့် လက်သုံးတော် ဩဝါဒကထာ ဖြစ်တော်မူသည့်ပြင်။ နောက်ပွင့်လတံ့သော ဘုရားရှင်အပေါင်းတို့လည်း ဤအတိုင်းဟောတော်မူကြမည်ဟု ကျမ်းဂန်တို့ဆို၏။

မြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့အား မိမိကိုယ်တော်တိုင် ဟောကြား ဆုံးမတော်မူရုံသာမက တပည့်သား သံဃာတော် အပေါင်းတို့အားလည်း အနယ်နယ် အရပ်ရပ်သို့ စေလွှတ်ကာ၊ တရားတော်များကို ဟောကြားဆုံးမစေ၏။ သို့အတွက် လူ,နတ်,ဗြဟ္မာ,သတ္တဝါအပေါင်းတို့၏ အကျိုးဖြစ်ထွန်းနိုင်သမျှ ဖြစ်ထွန်းစေရန်အလို့ငှာ—

( ၁ ) ရဟန်းအပေါင်းတို့ လူအများ အကျိုးဖြစ်ထွန်းစေရန်၊ ဒေသ

စာရီ လှည့်လည်ကြသော် ခရီးတကြောင်းတည်း နှစ်ပါး မသွားနှင့်။

(၂) ရဟန်းတို့ တရားတော်များကို ဟောကြားကြလော့၊ အကျင့်တို့ကို ထင်ရှားအောင် ပြုလော့ဟု ညွှန်ကြား ဟောပြောတော် မူခဲ့ပေသည်။

ထိုသို့ မြတ်စွာဘုရား ဆုံးမညွှန်ကြားတော်မူသည့်အတိုင်း ရဟန်း သံဃာတော် အပေါင်းကို့သည် ဒေသစာရီ ခရီးလှည့်လည်၍ တရားတော်များကို ဟောကြားသဖြင့် မြောက်များစွာသော သတ္တဝါအပေါင်းတို့ အကျွတ်တရားများ ရခဲ့ကြပေသည်။

မြတ်စွာဘုရားသည် (၄၅)ဝါပတ်လုံး မဟာဂရုဏာတော်ဖြင့် လူ,နတ်, ဗြဟ္မာ,သတ္တဝါအပေါင်းတို့၏အကျိုးကိုသယ်ပိုးဆောင်ရွက်တော်မူပြီးနောက် ဝေသာလီပြည်(စာပါလစေတီ)အရပ် ဗေဠုဝဂါမရွာ၌လေးဆယ့်ငါး(၄၅) ဝါမြောက်သတင်းသုံးတော်မူစဉ်၊ တပည့် ရဟန်း သံဃာအပေါင်းတို့အား—

ငါသည် နောက်သုံးလ (၃)လ အကြာ၌ ပရိနိဗ္ဗာန် ပြုမည်ဟု တပို့တွဲလပြည့်နေ့မှာ မိန့်တော်မူသည်။

နောက် (၃)လ မြောက်သော ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန် ပြုရန် တပည့်ရဟန်း သံဃာအပေါင်း ခြံရံလျက် ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ရောက်ရှိလေသည်။

မြတ်စွာဘုရားသခင်သည် ထိုသို့ (၃)လမြောက်၍ ကုသိနာရုံသို့ ပရိနိဗ္ဗာန် ပြုရန် မသွားမီ၊ ပါဝါမြို့သို့ ကြွတော်မူကာ (စုန္ဒ)အမည်ရှိသော ပန်းတိမ်သည်၏ ထက်သန်သော သဒ္ဒါတရားနှင့် ကပ်လှူသည့် (ဝက်ပျိုသားဆွမ်း)ကို ဘုဉ်းပေးတော် မူပြီးသောအခါ ဝမ်းသွားသည့်ဝေဒနာ ဖြစ်ပေါ်လာလေသည်။ ဇီဝကဆရာ၏ ဆေးကိုလည်း မြတ်စွာဘုရားကား ဝိပါက်ကြောင့် လက်ခံတော် မမူချေ။

မြတ်စွာဘုရားသည် ထိုဝေဒနာကို သတိနှင့်ယှဉ်၍ ခံယူတော်မူကာ တပည့် ရဟန်း သံဃာပေါင်း များစွာခြံရံပြီး ဝေသာလီ (ဗေဠုဝဂါမရွာ)မှ ကုသိနာရုံပြည်သို့ ထိုအခါမှစ၍ ထွက်ခွာတော်မူခဲ့လေသည်။

ဝမ်းရောဂါမှာ မရပ်မနား ဒလဆပ်သွားသည့်အတွက် မြတ်စွာဘုရားသည်

အားအင် ကုန်ခမ်းနေပြီဖြစ်၍ လမ်းခရီး၌ နေရာများစွာတို့တွင် ရပ်နားရလေသည်။ သို့အတွက်ကြောင့် တစုံတယောက် တဦးဦးက (စုန္ဒ) အား အပြစ်မတင် မနှောက်ယှက်စေရန် အလို့ငှာ မေတ္တာတော်ထား၍ ညီတော် ရှင်အာနန္ဒာကိုခေါ်ကာ အောက်ပါအတိုင်း ဟောတော်မူ၏။

"ချစ်သား အာနန္ဒာ၊ ဤစုန္ဒကပ်လှူသော ဝက်ပျို့သား ဆွမ်းဘောစဉ်သည်၊ ငါဘုရားမဖြစ်မီက ဘုဉ်းပေးခဲ့ရပြီး၊ ဘုရားအဖြစ်သို့ ရရှိခဲ့သော သုဇာတာ ကပ်လှူသည့်(ဂဏာနို့ဆွမ်း)ကဲ့သို့ပင် မြင့်မြတ်သော ဘောစဉ်ဖြစ်သည်ဟု မိန့်တော်မူ၏။"

ထိုဝက်ပျို့သားအား မြတ်စွာဘုရားတဦးတည်းသာ ဘုဉ်းပေးတော်မူပြီးသည်နှင့်တပြိုင်နက် အခြားရဟန်း သံဃာတော်များ မစားမိစေရန်၊ ယူ၍မြေတွင် သွားမြှုပ်ခိုင်းလေသည်။ အကြောင်းမူ စုန္ဒ၏ ဝက်ပျို့သားမှာ အခြား ရဟန်းသံဃာ မည်သူတစုံတယောက်မျှစား၍ ဝမ်းဗိုက်အတွင်း အစာကြေညက်ခြင်းကား စွမ်းနိုင်မည် မဟုတ်သောကြောင့် ဖြစ်လေသည်။

နောက် မြတ်စွာဘုရား ဝေသာလီ(ဗဇ္ဇီ ဝဂ္ဂါမရွာ)မှ ကုသိနာရုံပြည်သို့ ရောက်၍ ပရိနိဗ္ဗာန် စံဝင်ကာနီး အင်ကြင်းပျို နှစ်ပင်အကြား သလွန်ညောင်စောင်းထက်တွင် မြောက်အရပ်သို့ ဦးခေါင်းပြုကာ လက်ျာနံတောင်ဖြင့် လျောင်းတော်မူနေစဉ်၊ ညီတော် အာနန္ဒာသည် အောက်ပါအတိုင်း လျှောက်တော်မူ၏။

"အရှင်မြတ်ဘုရား၊ ဝါကျွတ်ကာလ၊ ဝါထကာလတို့၌၊ အရှင်မြတ်ဘုရားထံသို့ လာရောက်ဖူးမျှော် ပူဇော်လေ့ရှိကြသည့်၊ အရပ်လေးမျက်နှာမှ ရဟန်း သံဃာတော် အပေါင်းတို့သည်၊ အရှင်ဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ဖူးမျှော် ပူဇော် ကြရတော့မည် မဟုတ်ပါဟု လျှောက်ထား၏။"

ထိုအခါ မြတ်စွာဘုရားသခင်က ချစ်သား အာနန္ဒာ—

(၁) ငါဘုရား ဖွားတော်မူရာ ဒေသ။

(၂) သစ္စာလေးပါးတရားတော်ကို ကောင်းစွာသိမြင်၍ ဘုရားအဖြစ် ရရှိတော်မူရာ ဒေသ။

(၃) ငါဘုရား၏ ပထမဆုံး ဓမ္မစကြာတရားဦးကို ဟောရာဒေသ။

(၄) ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူရာဒေသ။

ထိုနေရာဒေသများသို့ ဖူးမျှော်ပူဇော်ရန် လာကြလိမ့်မည်ဟု မိန့်တော်မူခဲ့၏။ ထို့နောက် မြတ်စွာဘုရားသည် ညီတော် အာနန္ဒာနှင့်တကွ တပည့်ရဟန်း သံဃာအပေါင်းတို့အား အောက်ပါ အမှာတရားကိုဆက်၍ ဟောကြား မိန့်မှာတော် မူလေသည်။

"ယောခေါ အာနန္ဒာ ယောဓမ္မောစ
ဝိနယောစ ဒေသိတော။
ပညတ္တော သောဝေါ မ မစ္စယေန သတ္ထာ။"

အာနန္ဒာ၊ ချစ်သားအနန္ဒာ။ မယာ၊ ငါဘုရားသည်။ ယောဓမ္မောစ၊ အကြင်သုတ် အဘိဓမ္မာတရားကိုဂင်း။ ယောဝိနယောစ၊ အကြင်ဝိနည်းသိက္ခာကိုဂင်း။ ခေါ၊ စင်စစ်။ ဒေသိတောစ၊ ဟော၍ထားအပ်ခဲ့ပြီ။ ပညတ္တောစ၊ ပညတ်၍လည်း ထားအပ်ပြီ။ သောဓမ္မဝိနယော၊ ထိုသုတ်အဘိဓမ္မာ ဝိနည်းတရားတို့သည်ပင်လျှင်။ မ မစ္စယေန၊ ငါဘုရား လွန်သည့်အခါ၌။ ဝေါ၊ သင်တို့၏။ သတ္ထာ၊ ဆရာဖြစ်ပေသည်။

နောက် ညဉ့်ဦးယာမ်အချိန်တွင် မလ္လာမင်းတို့ကို တရားဟောပြန်ပါသည်။ သန်းခေါင်ယာမ်အချိန်ရောက်သည့်အခါ၌ (သုဘဒ္ဒ) ဆိုသော ပရိဗိုဇ်တဦး ရောက်လာ၍ ဘုရား၏ ခွင့်ပြုတော်မူချက်အရ၊ ဘုရားသခင်ကို ဖူးတွေ့ပြီး တရားပါ နာကြားရသောကြောင့် ထို (သုဘဒ္ဒ) ပရိဗိုဇ်မှာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံး ရဟန္တာအဖြစ် ရရှိသွားလေ၏။

သုဘဒ္ဒရဟန်းကြီးကို ချွတ်ပြီးနောက်၊ မိုးသောက်အာရုဏ်ချိန်နီး၌တပည့် ရဟန်း သံဃာအပေါင်းတို့အား နောက်ဆုံး တရားကို မိန့်မြွက် ဟောကြားတော်မူပြန်ပါသည်။

"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပမာဒေန
သမ္ပာဒေထ"

ချစ်သား ရဟန်းအပေါင်းတို့၊ ယခုအချိန်၌ သင်တို့အား ငါဘုရား မှာကြားတော်မူခဲ့မည်၊ သင်္ခါရတရားတို့သည် အစဉ်ပျက်စီးတတ်သော သ

ဘောရှိကုန်၏၊ သင်တို့သည် မမေ့မလျော့ပဲ ကောင်းသောသတိနှင့် ပြည့်စုံကြကုန်လော့ ဟု နိဂုံးချုပ် မိန့်ကြားတော်မူခဲ့လေ၏။

ထို့နောက် မြတ်စွာဘုရားသည် လဲလျောင်းရာ အင်ကြင်းပျို ပန်းဝတ်မှုံတို့၏ ကြွေကျပူဇော်ခြင်းနှင့် နတ်ပြဟ္မာ ရဟန်းသံဃာအပေါင်းတို့၏ ပူဇော်ခြင်းကို ခံယူပြီး၊ အစဉ်အတိုင်းသော စျာန်သမာပတ်ကို ဝင်စားလျက်၊ခရာဇ်ယာန် သာသနာ မပေါ်ပေါက်မီ (ဘီစီ-၄၈၃) ခုနှစ်၊ မဟာသက္ကရာဇ် (၁၄၈) ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ နံနက် အာရုဏ်တက်အချိန်၌ ပရိနိဗ္ဗာန်စံဝင်တော်မူသွားခဲ့လေသည်။

ထိုအခါ နှစ်သိမ်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် ကြောက်မက်ဖွယ်ရာတို့ ဖြစ်စေလျက်၊ သွက်သွက်ခါမျှ မည်ဟီးတုန်လှုပ်၍ တော်ပဲ့တင်လဲကာ မဖြစ်စဖူး ထူးကဲသော အတိတ်နိမိတ်တို့ ဖြစ်ပေါ်လေကုန်၏။

ရှင်အာနန္ဒာနှင့်တကွ ရဟန်း သံဃာ အားလုံးတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသည်နှင့် တပြိုင်နက် ဆူညံစွာ အော်ဟစ် ငိုကြွေးကြလေ၏၊

ထိုအခါ ရှင်အနုရုဒ္ဓါသည် အပူမီးတောက်လောင်နေကြသော ရဟန်းသံဃာတော်အပေါင်းတို့အား ဘုရားသခင် ဟောကြားတော်မူခဲ့သည့် တရားတော်ကို ပြန်လည်ဟောပြပြီး ဖြောင်းဖြနှစ်သိမ့်တော်မူသည့်အခါ သတိများ ပြန်လည်ရကြကာ ငိုယို့ခြင်းမှ တိတ်တော်မူကြလေသည်။

"တိဌန္တေ နိဗ္ဗုတေဝါပိ၊
သမေစိတ္တေ မဟပ္ဖလံ။

သက်တော်ထင်ရှား မြတ်စွာဘုရားကိုလည်းကောင်း၊ ပရိနိဗ္ဗာန်ပြုသွားသော မြတ်စွာဘုရားတို့အား လည်းကောင်း၊ ဘုရား၏ ကိုယ်စား စေတီ၊ ပုထိုး၊ ရုပ်ပွားတော်တို့အားလည်းကောင်း၊ ပူဇော်ကိုးကွယ်ခြင်း စေတနာ တူမျှပါက၊ ကုသိုလ်ဖြစ်မှု အညီအမျှရရှိလေကုန်သတည်း။ ။

* * *

# ဘုရား၏ပရိနိဗ္ဗာန်ပြုခြင်းမျိုး(၃)ပါးရှိသည်။

၁။ ကိလေသာပရိနိဗ္ဗာန်—ဗောဓိပင်နှင့် ရွှေပလင် (ဗောဓိမဏ္ဍိုင်) ၌ ကိလေသာချုပ်ငြိမ်း ကုန်ခမ်းခြင်းဖြစ်သည်။

၂။ ခန္ဓပရိနိဗ္ဗာန်—ကုသိနာရုံ၌ ခန္ဓာတော်ငြိမ်း၊ ခန္ဓာဓာတ်သိမ်းခြင်းဖြစ်သည်။

၃။ ဓာတုပရိနိဗ္ဗာန်—ဘုရား၏ သာသနာတော် ကွယ်သောအခါ၊ ဘုရားရှင်၏ဓာတ်တော်မွေတော်အားလုံးတို့ စုံရုံး၍၊ ဗောဓိမဏ္ဍိုင် နေရာ၌ အလုံးစုံ တေဇောဓာတ် လောင်ကျွမ်း၍ ကွယ်ပြောက်ကုန်ခြင်းဖြစ်သည်။

**ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ ဝါဆိုသွားသည့် နေရာ ဌာနများ။**
**ဝါဆိုတော်စဉ်။ (၁၇) နေရာ။**

၁။ ဗာရာဏသီပြည် မိဂဒါဝုန်တော နန္ဒိယ၊ဝိဟာရ၌ ပထမဆုံး (၁) ဝါ၊

၂။ ရာဇဂြိုလ် ဝေဠုဝန် ကျောင်း၌ ဒု—တ—စ ပေါင်း (၃) ဝါ။

၃။ ဝေသာလည်ပြည် မဟာဝုန်ကျောင်း၌ (ပဥ္စမဝါ)၊

၄။ ရာဇဂြိုလ်ပြည် မကုဋ္ဌတောင် ချယားတော၌ (ဆဋ္ဌမဝါ)။

၅။ တာဝတိံသာ ပင်လယ်ကသစ်ပင်ရင်း၌ (သတ္တမဝါ)။
၆။ ဘဂ္ဂတိုင်း သံသုမာရတောအုပ်၌ (အဋ္ဌမဝါ)။
၇။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (နဝမဝါ)။
၈။ ၎င်းပြည်ဘေကလာတောအင်ကြင်းပင်အောက်၌(ဒသမဝါ)။
၉။ ပြဟ္မဏဂါမနာလိကာရုံ ကျောင်းတော်၌ (ဧကဒသမဝါ)။
၁၀၊ ဝေရဥ္စရာ ပုဏ္ဏားရွာ တမာပင်ရင်း၌(ဒွါဒသမဝါ)။
၁၁။ ဇာလိယတောင်၌ ၁၃-ဝါတကြိမ်၊ ၁၈ဝါနှင့် ၁၉-ဝါမှာ နှစ်ကြိမ်-ပေါင်း(၃) ဝါ။
၁၂၊ သာဝတ္တိပြည် ဇေတဝန် ကျောင်းတော်၌ (၁၄) ဝါမှာ တကြိမ်နှင့်-၂၁-ဝါမှ-၄၄-ဝါအထိ ပေါင်း (၂၅) ဝါ။
၁၃။ ကပ္ပိလဝတ်ပြည် နိဂြောဓရုံကျောင်း၌ (ပန္နရသမဝါ)။
၁၄။ အာဠဝီပြည် မဟာဝုန်တော၌ (သောဠသမဝါ)။
၁၅။ ရာဇဂြိုလ်ပြည်နယ် နလန္ဒရွာ သာရိပုဏ္ဏားမကြီး ကျောင်း၌ (သတ္တရသမဝါ)၊
၁၆။ ၎င်းနယ်ဂိဇ္ဈကုဋ်တောင်၌ (ဝိသတိမဝါ)။
၁၇။ (၄၅) ဝါမြောက် နောက်ဆုံးအကြိမ် ဝေဠုရွာ၌ (၁) ဝါဆိုတော်မူသည်။

## မြတ်စွာဘုရားသခင်၏ အံ့ဘွယ် တန်ခိုးတော် (၁၈) ပါး။

၁။ သင်္ကန်း တော်၏ ဖွတ်ဆိုး လျှော်နယ်ရမှု စသည်များ လုံးဝ မရှိခြင်း၊
၂။ ဆံတော်လက် (၂) သစ်သာ အမြဲတည်နေခြင်း။
၃၊ ပရိက္ခရာဆောင်ရာ၌ ကိုယ်တော်နှင့် လက်(၄) သစ်မျှ ကွာ ခြားခြင်း။
၄။ သပိတ်တော် ဆေးလျှင် လက်တော်စင်ခြင်း၊ လက်ပေါ် ဆေးလျှင် သပိတ်တော် စင်ခြင်း၊
၅။ ရောင်ခြည်တော်(၆)ပါးကို လွှတ်လျှင် အရပ်ဆယ်မျက်နှာသို့ ပြန့်နှံ့ခြင်း။
၆။ ကိုယ်တော်၏ ပုံတူကို အသိန်း အသန်း ဖန်ဆင်းနိုင်ခြင်း။

၇။ ခေတ် (၃) ပါးတို့၌ အမိုက်အလင်းကို ဖန်ဆင်းနိုင်ခြင်း။
၈။ မုန်ညင်းစေ့ခန့် ကြုတ်တွင်းသို့ ဝင်ထွက်နိုင်ခြင်း။
၉။ ကိုယ်ကို အထက်ကောင်းကင်မှ လဝန်းပေါ်လကဲ့သို့ ဖန်ဆင်းနိုင်ခြင်း။
၁၀။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟောတော်မူသောတရားတော်များကို ပရိသတ်အားလုံးကိုကြားနိုင်စေခြင်း။
၁၁။ အာသယာ နုသယဉာဏ်တော်ရှိခြင်း။
၁၂။ ကျွတ်မည့်သူကို သိသည့် မဟာ ဂရုဏာ သမာပတ္တိ ဉာဏ်တော် ရှိခြင်း။
၁၃။ ဘယ်အချိန်ဘယ်အခါကျွတ်မည် စသဖြင့် သိနိုင်သောဣန္ဒြိယမယော ပရိယတ္တိဉာဏ် ရှိခြင်း။
၁၄။ ဝိကာရ သိသောဉာဏ်။
၁၅။ သင်္ခါရ သိသောဉာဏ်။
၁၆။ လက္ခဏာ သိသောဉာဏ်။
၁၇။ နိဗ္ဗာန်သိသော ဉာဏ်။
၁၈။ ပညတ်တို့၌သိသောဉာဏ်။

# ဂေါတမဘုရားပွင့်သည့်ကမ္ဘာ

သဗ္ဗညုတ ဘုရားရှင်တို့သည် ဂင်္ဂါဝါဠု သဲစုမက ပွင့်ခဲ့တော်မူကြရာ ဂေါတမ ဘုရားရှင်သည် လွန်ခဲ့သော လေးသင်္ချေနှင့်ကမ္ဘာတသိန်း အခါက၊ ဒီပင်္ကရာမြတ်စွာဘုရား၏ အထံတော်၌ သုမေဓာ ရှင်ရသေ့ဖြစ်၍ ဘုရားဖြစ်မည်ဟု နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရယူခဲ့ပါသည်။

ထို့နောက် (ဘဒ္ဒကမ္ဘာ) ဖြစ်သော ဘုရား (၅) ဆူ ပွင့်မည့် ကမ္ဘာတွင်—

၁။ ကကုသန် မြတ်စွာဘုရား။

၂။ ကောဏာဂုံ မြတ်စွာဘုရား။

၃။ ကဿပ မြတ်စွာဘုရား။

၄။ ဂေါတမ မြတ်စွာဘုရား။

၅။ အရိမေတ္တေယျ မြတ်စွာဘုရား။

အထိ ဘုရား ငါးဆူ ပွင့်ရမည့် ဤဘဒ္ဒကမ္ဘာကြီးတွင် (၄) ဆူမြောက်သော ဂေါတမ မြတ်စွာဘုရားရှင် အဖြစ် ပွင့်တော်မူခဲ့သည်။ ထို့ကြောင့် ဤကမ္ဘာတွင် နောက်ထပ် (အရိမေတ္တေယျ) ဘုရားတဆူ ပွင့်ရန် ကျန်နေပါသေးသည်။

**ဘုရားအပြား (၃) မျိုး။**

၁။ ပညာဓိက ဘုရား။

၂၊ သဒ္ဓါဓိက ဘုရား။

၃။ ဝိရိယာဓိက ဘုရား။

ဟူ၍ (၃)မျိုးရှိရာတွင် ဂေါတမ မြတ်စွာဘုရားသည် ပါရမီများကို လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကျင့်ခဲ့ရသောကြောင့် (ပညာဓိက) ဘုရားမျိုး ဖြစ်ပါသည်။

၁။ ပညာရှေ့သွား၍ ဘုရားဖြစ်ကြောင်း တရားများကို လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်စည်းကျင့်ကြံ အားထုတ်ပြီးမှ ဖြစ်ရသော ဘုရားများကို (ပညာဓိက) ဘုရားဟု ခေါ်သည်။

၂။ သဒ္ဓါရှေ့ရှု၍ ဘုရားပြုလမ်းစဉ် ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ကြံ အားထုတ်ခဲ့ပြီးမှ ဖြစ်ရသောဘုရားများကို (သဒ္ဓါဓိက) ဘုရားဟု ခေါ်လေသည်။

၃။ ဝိရိယ လုံ့လကို ရှေ့ထား၍ ဘုရားဖြစ်ကြောင်း တဆယ့်ခြောက် သင်္ချေနှင့် ကာတသိန်း ပါရမီဖြည့် ကျင့်ကြံ အားထုတ်ခဲ့ပြီးမှ ဖြစ်ရသော ဘုရားများကို (ဝိရိယဓိက) ဘုရားဟု ခေါ်လေသည်။

(မဂ္ဂဝိသာဏ သုတ် အဋ္ဌကထာ)

## ဘုရားရှင်တို့၏ ဓမ္မတာ (၃၀)။

ဘုရားရှင် တိုင်း ပြုရိုးသဘောတရား သုံးဆယ်ဖြစ်၏။ပဋိဒ္ဓလိုမူ မဟာပဒါ သုတ်နှင့် ဇိနဒ္ဓဝင် အဋ္ဌကထာ၌ ကြည့်ပါ။

မဇ္ဈိမ ဘဝိကသား ဖြစ်သော အလောင်းတော်များသည်၊ မယ်တော်ဝမ်း တွင်း၌သာ ပဋိသန္ဓေနေရခြင်း။ မယ်တော်ဝမ်း၌ တင်ပလ္လင်ခွေလျက် ရှေ့သို့ မျက်နှာပြုတော်မူရခြင်း။ မယ်တော်သည် အလောင်းတော်မြတ်ကို ရပ်လျက် ဖွားမြင်ရခြင်း။ တောအရပ်၌သာ ဖွားမြင်ရခြင်း။ ဖွားမြင်စအခါ ဒသ ဒိသာကို ကြည့်လျက် မြောက်ဖက်သို့ ခုနစ်ဖဝါးလှမ်းပြီး၊ သီဟနာဒသံဖြင့် ကြုံးဝါးတော်မူခြင်း။

သူအို၊ နာ၊ သေ၊ ရဟန်း လေးခန်းသော နိမိတ်ကို မြင်ပြီး သားကြီး ဩရသ (၁) ယောက်ရမှ တောထွက်တော်မူခြင်း။ အရဟတ္တဓဇခေါ် ကြာသင်္ကန်းတော်ဖြင့် ရဟန်းအသွင်ကို ယူပြီးမှ၊ ဒုက္ကရစရိယာကို အနည်းဆုံး (၇) ရက်ကျင့်ရခြင်း။

ဘုရားဖြစ်မည့်နေ့၌ နို့ဃနာဆွမ်းကို ဘုန်းပေးတော်မူရခြင်း။ မြက်အခင်း ပေါ်၌သာ သဗ္ဗညုအဖြစ်ကို ရောက်တော်မူခြင်း။

(၁) ဗောဓိပလ္လင်ပေါ်၌ အာဏာပါဏာ ကမ္မဋ္ဌာန်းကို စီးဖြန်းပရိကန် ပြုတော်မူရခြင်း။ မာရ်စစ်သည်ကို အောင်တော်မူခြင်း။

ဗောဓိပလ္လင်ထက်၌ ဝိဇ္ဇာ (၃) ပါးအစထား၍ အသာဓာရဏ စသည့် ကျေးဇူးဂုဏ်အထူးကို ရတော်မူခြင်း။ ဗောဓိပင်၏ အနီးအနား သတ္တဋ္ဌာန် များ၌သာ (၄၉) လေးဆယ့်ကိုးရက် နေတော်မူခြင်း။

တပို့တွဲလပြည့်၌သာ အင်္ဂါ (၄) လေးပါးရှိသော အစည်းအဝေးကြီး၌ ပါဋိမောက် ပြတော်မူခြင်း။ ဇေတဝန်ကျောင်းတော်၌ တာနိ ဗုဒ္ဓဝါသ် ပြုတော်မူခြင်း။ သာဝတ္ထိပြည် မြို့တံခါး၌ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း။ တာဝတိ သာနတ်ပြည်၌သာ အဘိဓမ္မာတရား ဟောတော်မူခြင်း။

(၂၀) သင်္ကဿနဂိုရ်ပြည်မြို့ တံခါးသို့ တာဝတိံ သာနတ်ပြည်မှ ဆင်း သက်တော်မူခြင်း။ နံနက်အခါ၊ ညဥ့်အခါတို့၌ ချွတ်ရမည့် ဝေနေယျသတ္တဝါ တို့ကို ကြည့်တော်မူခြင်း။

အတ္ထုပ္ပတ် ဖြစ်လတ်သော် ပါတ်တရားတော်ကို ဟောတော် မူခြင်း။ အကြောင်း ဝတ္ထုပေါ်လျှင် ဝိနည်း ဥပဒေကို ပြုတော်မူခြင်း။ ဆွေတော် မျိုးတော်တို့ကို အစည်းအဝေး၌ ဗုဒ္ဓဝင်တရားကို ဟောကြားတော်မူခြင်း။ အာဂန္တုရဟန်းတော်တို့နှင့် ပဋိသန္ထာရ ပြုတော်မူခြင်း။

ဒါယကာတို့ ပင့်၍ ဝါဆိုတော်မူသောအခါ၊ ဂါကျွတ်လျှင် ဒါယကာ တို့အား ပန်ကြားပြီးမှ ကြွတော်မူခြင်း။ အခါငါးပါးတို့၌ ဗုဒ္ဓကိစ္စငါးပါးကို ပြုတော်မူခြင်း။

(၂၉) ပရိနိဗ္ဗာန်ပြုမည့်နေ့၌ သားပြွမ်း ဆွမ်းကို ဘုန်းပေးတော်မူခြင်း၊ (၃၀) ကုဋေ့ နှစ်သန်း လေးသိန်းသော သမာပတ်တို့ ဝင်စားတော်မူပြီးမှ ပရိနိဗ္ဗာန်ပြုတော်မူခြင်း။

* * *

# ဝိညာဉ်စတင်ခဲ့ခြင်းနှင့်ဘဝကူးခြင်းပြဿနာ

ယနေ့ကျွန်ုပ်တို့သတ္တဝါများအတွက် အသက်(Life) ဝိညာဉ် (Spirit)၏ သဘောသည် ထင်ရှားစွာ နားလည်တွေ့မြင်နိုင်ရန် လောက၌ အလွန်ခက်ခဲ နက်နဲ သိမ်မွေ့ လှဆုံး ဖြစ်ရတား၊ ကမ္ဘာပေါ်၌ ရှိရှိသမျှသော အယူဝါဒဘာသာရေးတရားဓမ္မကို၏ အဆိုအမိန့်များသည်လည်းကောင်း၊ ယနေ့လပေါ်နှင့် အခြား ဂြိုဟ်များကိုပင် တက်ရောက်ကြသော သိပ္ပံသမားလက်တွေ့ရုပ်ဝါဒရှင်တို့၏ စူးစမ်းရှာဖွေနေမှုသည် လူခန္ဓာ ကိုယ်တွင်းနှင့် ဦးနှောက်များအကွင်းသို့ ဓာတ်မှန်ကြီးများဖြင့် ရိုက်ကြည့်ခြင်းဖြင့် လည်းကောင်း၊ ရုပ်သဘာဝ မြူမှုန်လေးများကို အချိန်အဆ အချိုးအစား ကိုက်ညီလာသည့်တိုင်အောင် ဆပ်တပ် ရောနှော ရှာဖွေ နေကြခြင်းသည် လည်းကောင်း၊ အသက် (Life) ဝိညာဉ် (Spirit)သည် မည်သည့်နေရာဌာန၊ မည်သည့်အဖြစ်သည် မည်သည့်အတိုင်း အတာ အချိုးအစားတို့က စတင်ပေါ်ပေါက်လာခဲ့ကြ၍ ရုပ်ဝတ္ထု (Matter)ပျက်သုဉ်း သေဆုံးသွားသည်ဟုဆိုသည့်အခါ၌ (Spirit) ဝိညာဉ်သည် တခါတည်း ရုပ်ဆိုင်းချုပ်ငြိမ်းသွားသလော၊သို့မဟုတ် နောက်ဘဝသို့ မည်သို့ ကူးသွားသလော ဆိုသည်ကို သေချာ ဂဏာစွာ ယနေ့တိုင် အကောင်အထည် ရုပ်ဝတ္ထု ဒြပ်အားဖြင့် ထုတ်ဖော်ပြသခြင်း မပြုနိုင်ကြသေးချေ။

သို့သော် လောက၌ မျက်မြင်ကိုယ်တွေ့ ဖြစ်ဘို့ရန် ဤမျှ ခက်ခဲ နက်နဲလှဆုံးသော နာမ်၊ စိတ်(Conciousness) အသက် (Life) နှင့် ဝိညာဉ် (Spirit) တို့ အကြောင်းကိုကား လူသားတိုင်း သေချာ ဂဏာစွာ သိလိုမြင်လိုကြပေသည်။ ဤစကားမှန်၏။

လူတို့သည် မွေးသည်မှ သေသည့်တိုင်၊ တနာရီတက်တနာရီ၊ တနေ့ထက်တနေ့၊ တလထက်တလ၊ နှစ်ရှည်လများ ကြားကာလဟု ဆိုအပ်သော

ပစ္စုပ္ပန် မျက်တွေ့ဘဝ၌လည်းကောင်း၊ ဝိညာဉ်သည် ရုပ်ဝတ္ထု ပျက်သုံးသည်နှင့်တကွ တပြိုင်တည်း ချုပ်ငြိမ်း သေဆုံးသွားခြင်း မရှိခဲ့သော်၊ နောက်ထပ် လားရာဖြစ်ပေါ်ရမည့် ဘဝဟု ဆိုအပ်သော အရပ်ဌာန အနာဂတ်ကာလတို့၌လည်းကောင်း၊ လောကီနှင့် လောကုတ္တရာ နှစ်ဖြာသော တိုးတက်ကြီးပွားရာ ကြီးပွားကြောင်း ကောင်းကြိုးချမ်းသာ အပေါင်းကို လိုလားကြသောကြောင့်ဖြစ်ပေ၏၊ ဤသို့လိုလားခြင်းသည် ဘဝ၏ အနှစ်သာရလည်း ဖြစ်ပေ၏၊

ထို့ကြောင့် လူတို့သည် မည်သို့ လုပ်ကိုင်ပြုကျင့်ကြလျှင် ပစ္စုပ္ပန်ကာလ၌ မည်သို့ တိုးတက် ချမ်းသာမှုများ ရှိကြပြီး၊ မည်သို့လုပ်ကိုင် ပြုကျင့်ကြလျှင် သေသည်၏အခြားမဲ့ ဘဝ၌မည်သို့သောအကျိုး တိုးတက်ချမ်းသာမှုကိုဖြစ်စေ၊ ရစေနိုင်သည် ဆိုသည်ကို အမျိုးမျိုး တွေးတော ကြံဆ လုပ်ကိုင် စမ်းသပ်စူးစမ်းရှာဖွေလျက် ရှိကြလေသည်။

ယနေ့လူသားတို့ စူးစမ်းရှာဖွေ တွေ့ရှိထားသော အဖြေကား (၂) မျိုးစားရှိ၏၊ ထိုနှစ်စားတို့တွင်—

(၁) ရုပ်သဘောအရ ယနေ့မျက်မြင် လက်တွေ့ လုပ်ဆောင်နေကြသော သိပ္ပံဆရာတို့၏ စူးစမ်း ရှာဖွေ တွေ့ရှိထားချက်များနှင့်။

(၂) ကမ္ဘာပေါ်ရှိ ဘာသာရေးတရားဓမ္မ ဆရာကြီးများ၏ နာမ်သဘောအရ တွေးတော ရှုမြင်သုံးသပ်ချက်များဖြစ်၏။

ဤအချက်နှစ် (၂) ခုကို ကျွန်ုပ်တို့သည် (**world out look**) ကမ္ဘာလောကကြီး တခုလုံးကို ရှုမြင်သုံးသပ်သော အမြင်ဖြင့် မဓိဋ္ဌာန်ယထာဘူတကျကျ သဘာဝဖြစ်ပျက်စဉ်-ပရမတ္ထသဘောတရား(**Absolute Truth**)နှင့် ချိန်ဆက်နှိုင်းယှဉ်၍ (၉၅) ရာခိုင်နှုန်း အနီးစပ်ဆုံး၊ အဖြစ်နိုင်ဆုံးကို ရှာဖွေ၍ မျက်တွေ့လက်တွေ့လုပ်ဆောင်နိုင်ကြပါမှ မိမိတို့ လိုသော အကျိုးကို တကယ်အမှန် ရနိုင်ပေမည်၊ သို့အတွက် အထက်ပါ အမြင်တွေ့ရှိချက် (၂) ခုကို ခွဲစိပ်လေ့လာကြပါစို့။

## (၁) ရုပ်ဝါဒ (သိပ္ပံ)လူဖြစ်စဉ်။

ရှေးနှစ်ပေါင်း ကုဋေချီသည့်အချိန်က အလွန် ကျယ်ပြန့်၍ အဆုံးအစမရှိသော စကြာဝဠာ လေဟာပြင်ကြီး အတွင်း၌ ပူပြင်းလှသည့် (နေလုံးကြီး) တခုတည်းသာ တည်ရှိခဲ့၏။

သူ့သဘာဝ အလျောက် ထိုနေလုံးကြီးမှ ပဲ့ထွက်လာသော ချော်တုံးကြီး တခုသည် ဤကမ္ဘာမြေကြီးဖြစ်လာခဲ့၏။ နောက် ထိုကမ္ဘာမြေကြီးမှ ပဲ့ထွက်ခဲ့သော အစိပ်အပိုင်းကြီးတခုမှာ (လ) ဖြစ်သွားသည်။ ၎င်းတို့မှာ နေမှ ဆင်းသက် ပေါက်ဖွားလာကြသောကြောင့် (**Solar System**) သူရိယလောက (နေ) လောတဟု ဆို၏။

ဆိုလိုသည်မှာ ထိုနေမင်းကြီးတခုတည်းမှ လူသားကမ္ဘာကြီးကို ခွဲထုတ်ခဲ့ပြီး၊ ကမ္ဘာမှ တဖန် လကို ခွဲထုတ်ခဲ့ကာ အလွန်ပူပြင်းသည့် ချော်တုံးကြီးများသာဖြစ်သောကြောင့် ထိုစဉ် ဤကမ္ဘာမြေကြီးပေါ်တွင် သက်ရှိ လက္ခဏာ ဘာတခုမျှ မရှိသေးဟု (ဒါဝင်) ၏ အယူအဆနှင့် ၎င်းမတိုင်မီ သိပ္ပံရှင်များက ဆို၏။

ပထဝီမြေကြီး (သို့မဟုတ်) ဤလူသား ကမ္ဘာကြီးသည် မိခင် နေလုံးကြီးကို ဗဟိုရ်မဏ္ဍိုင်ပြုကာ လက်ျာရစ်သွားလာ လည်ပတ်နေရပြီး၊ လမှာလည်း မိခင်ကမ္ဘာမြေကြီးကို လက်ျာရစ် လှည့်ပတ်ကာ အစဉ် သွားလာနေရ၏၊

အကြောင်းကား ထုထယ်ကြီးမားသော အရာဝတ္ထု (ရုပ်ဒြပ်) သည် မိမိထက် သေးငယ်သော အရာဝတ္ထု (ရုပ်ဒြပ်) မှန်သမျှကို ကြိုးကဲ့သို့ ဆွဲငင်ထားနိုင်သည့် (ဆွဲအား) ဓာတ်ရှိသောကြောင့် ယင်းကမ္ဘာ မြေကြီးနှင့် လတို့သည် မိမိထက် (ရုပ်ဒြပ်) ကြီးသော မိခင်ရင်းများကို အစဉ်လှည့်ပတ်သွားလာနေရခြင်းများ ဖြစ်သည်ဆို၏။

နေ့နှင့်ည၊ အလင်း၊ အမှောင်၊ အချိန်တို့ကား ထိုသည့်လှည့်ပက်နေရမှုမှ စတင် ပေါ်ပေါက်ယော၍၊ ဤကမ္ဘာမြေကြီးမှ လပဲ့ထွက်သွားသော နေရာမှာ ယခု ပစိဖိတ်သမုဒ္ဒရာခေါ် ဂျပန်ပြည်နှင့် အမေရိကန်တို့အကြားရှိ ချိုင့်ဝှမ်းကြီးဖြစ်သည်ယု ဆို၏၊

ထို့နောက် နေမှ ပဲ့ထွက်ခဲ့သော ကမ္ဘာမြေကြီးသည် ဖြည်းဖြည်း အပူရှိန် လျော့ပါးသွားကာ ၎င်းမှ ပြန့်လွင့်သော အခိုးအငွေ့အရှိန်များကြောင့်၊ လေကြီး မိုးကြီးများ ပေါ်ပေါက်ခဲ့ရပြီး အလွန်ကြမ်းတန်း၍ မရပ်မနား ရွာသွန်းတိုက်ခတ်ခဲ့ကြသည်ဆို၏။

ထိုအခါ ကမ္ဘာမြေကြီးမှ ပဲ့ထွက် လွင့်စင်သွားကြကုန်သော ဂြိုလ်များ၏ နေရာချိုင့်ဝှမ်းကြီးတို့ နေရာတွင် ရေများပြည့်လျှံပြီး၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာကြီးများအဖြစ်သို့ ရောက်ရှိသွားကြသည် ဆို၏၊

**မှတ်ချက်။** ။ကျွန်ုပ်စာရေးသူ၏ အမြင်မှာ ထိုအချိန်မှစ၍ ရေ၊ မြေ၊ လေ၊ မီး၊ တော၊ တောင်၊ သမုဒ္ဒရာ၊ ကောင်းကင်၊ နက္ခတ်တာရာ၊ အလင်း၊ အမှောင် အစရှိသော (ဩကာသလောကကြီး) စတင် ပေါ်ပေါက်လာခဲ့သည်ဟု (ဒါဝင်) စသည့် သိပ္ပံဆရာတို့က ဆိုလိုဟန် ရှိပေသည်၊ (သို့သော်၎င်းတို့ ရေးသား ချက်ကားဤအထိမပါ)။

လသည် သေးငယ်၍ ကမ္ဘာမြေကြီးမှ ပဲ့ထွက်သော ချော်တုံးကြီးဖြစ်သော ကြောင့် ကမ္ဘာမြေကြီးထက် အအေးမြန်ခဲ့သည်ဆို၏။

**ကျွန်ုပ်ဖြည့်စွက်ချက်။** ။၁၉၆၉–ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့ နံက်ဂရင်း နှစ်စံတော်ချိန် (၉)နာရီ–၂၆–မိနစ်၊ မြန်မာ သက္ကရာဇ်–၁၃၃၁–ခုနှစ် ဒုတိယဝါဆိုလဆန်း (၇)ရက်၊ တနင်္လာနေ့ ညနေ (၂)နာရီ (၄၈)မိနစ်အချိန်တွင်၊ အမေရိကန်အပိုအလို (၁၁) အာကာသယာဉ်မှူး (နေးလ်အမ်းစထရောင်း–နှင့်–အပ်ဒွပ်အော်ဒရင်) တို့ ပထမဆုံး လပေါ်ဆင်းသက်တိုင်းထွာချက်အရ၊ အနှုတ်သုညအောက်ဒီဂရီ (၁၅၀) မှ အပေါင်းသုညအထက်ဒီဂရီ(၂၅၀)အထိ အေးသည်ဆို၏။

၎င်းတို့လပေါ်တွင် ထားခဲ့သော လေဆာရောင်ခြည် ကိရိယာ မှန်ပြင်၏ ပေးပို့တိုင်းထွာချက်များအရ၊ လူသားကမ္ဘာနှင့် လကိမာန်သည် မိုင်ပေါင်း (၂, ၂၆, ၉၇၀) နှစ်သိန်း နှစ်သောင်း ခြောက်ထောင် ကိုးရာခုနှစ်ဆယ် နှင့် ဒသမ(၉)တိတိကွာဝေးသည်ဟု အတိအကျဆို၏။

သို့ကြောင့် ညအခါလမှ လာသောနေ၏ တဆင့် အလင်းရောင်သည်အေး မြ၍ လူသားများအဖို့ အလွန်နှစ်သက်ဖွယ်ဖြစ်လေသည်။

## သက်ရှိသတ္တဝါ ပေါ်ပေါက်လာခြင်း။

ဤကမ္ဘာမြေကြီးတွင် အလွန်ပြင်းထန်သော လေကြီး မိုးကြီးများ တိုက်ခတ်ရွာသွန်းပြီး နောက်ပိုင်း နှစ်ပေါင်းများစွာကြာသည့်အခါ၌၊ ၎င်းချော်တုံး ချော်ခဲများမှ ပွတ်တိုက်လွင့်စင် မျောပါသွားကြကုန်သော ချော်မှုန့်တို့သည်၊ ပင့်လယ်၊ သမုဒ္ဒရာရေများ အောက်ဆုံး၌ စုရုံးရောက်ရှိသွားကြ၍ နုံးမြေများအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲခဲ့ပြီး၊ ရုပ်ဓာတ်သာရှိသော သက်ရှိမှော်ပင်နှင့် သစ်ပင်များ ထိုရေအောက်နုံးမြေပေါ်၌ ပေါက်ရောက်လာကြသည်။ ဤအခါ၌ ရာသီဥတုများလည်း အတော်အသင့်မျှ ညီညွတ်လာသည်ဆို၏။

ထို့နောက် ကမ္ဘာ့ ရေအောက် နုန်းမြေပေါ်တွင် အရိုးအခွန်မရှိ (နာမ်ဓာတ်၊ ရုပ်ဓာတ်) နှစ်မျိုးလုံးပါဝင်သော သက်ရှိ (ရေညှိသတ္တဝါ) ကလေးများ စတင်ပေါ်ပေါက်လာသည်ဆို၏။

၎င်းတို့မှ ပရိုတိုပလာဇမ် (**Protoplasm**) သက်ရှိရုပ် (**Living Matter**) ကို ဖွဲ့စည်းထားသည့် ကော်ရည်နှင့်တူသော မူလဇီဝဩဇာဓာတ်ပင်ဖြစ်သည်ဆို၏၊ ထိုအသက် ဇီဝအတွင်း၌ (၁) အောက်ဆီဂျင် လေဓာတ် (၂) ဟိုက်ဒရိုဂျင် ရေဓာတ်၊ (၃) ကာဗွန်အပူဓာတ်၊ (၄) နိုက်ထရိုဂျင်ဓာတ်များပါဝင်သည်ဆို၏။

ယင်းသက်ရှိ ရုပ်များကို ဖွဲ့စည်းထားသည့် အစိတ်အပိုင်း (**Cell**)ကလပ်စည်းကလေးများသည် ပုံစံအမျိုးမျိုး ပြောင်းလွဲ၍ ရေအောက် မှော်ပင်ခြုံပုတ်တို့အကြား၌ တဖြေးဖြေး ပွားများလာခဲ့ပြီး နှစ်ပေါင်း များစွာကြာမြင့်သည့်အခါ၊ ကြောရိုးပါ သတ္တဝါများ။ ကုန်းတပိုင်း ရေတပိုင်းတွားသွား ပုတ်သင်ညိုကြီးချား၊ ဆင်များ၊ မြောက်များ၊ စသည်သတ္တဝါတို့အဖြစ်သို့ အဆင့်ဆင့် ပေါ်ပေါက်လာကြသည်ဆို၏။

ထိုမှလူသည် (Evolution) အီဘော်လူရှင်းခေါ် အဆင့်ဆင့်ပြောင်းလဲ တိုးတက်မှုသဘောတရားအရ၊ လူတူမျောက်ဝံ (Anthropoed)မှတဆင့် လူအဖြစ်သို့ ကူးပြောင်းလာသည်ဆို၏။

ဂှင်းပြင် ဤကမ္ဘာကြီးသည် အသက်ရှည်လာသည်နှင့်အမျှ မြေလွှာများ၊ သို့မဟုတ် ကျောက်လွှာများ ထပ်၍ထပ်၍ ဖြစ်လာခဲ့ရာ၊ ထိုအထပ်များကို ဘူမိဗေဒ (Gology) ပညာရှင်များက လေ့လာ၍ ကာလအချိန်ပိုင်းခြားသတ်မှတ်ကြသည်။ထိုအချိန်ကာလအပိုင်းအခြားများကိုဘူမိဗေဒသက် (Geological Age) ဟု ခေါ်၍ ဤကမ္ဘာကြီးအသက်မှာ နှစ်သန်းပေါင်း (၅၀၀၀) ကျော်ပြီဆို၏။

ထိုကမ္ဘာကြီး၏ အသက်ထက်ဝက်ကျော်မျှအထိ ကမ္ဘာမြေပေါ်တွင် အသက်ရှိသောအရာ မပေါ်ပေါက်ခဲ့သေးပေ၊ အစောဆုံးဖြစ်သော ကျောက်ထပ်များထဲ၌ သက်ရှိ အရာများ၏ သဲလွန်စများကို မတွေ့သေးသောကြောင့် ထိုခေတ်ကို အဇိုးဝစ် (Azoic) အသက်မရှိ ခေတ်ဖြစ်၏။ ထို့နောက်ပါလီဇိုးဝစ် (Paleozoic) ခေတ်ရောက်မှ သက်ရှိအရာများ၏ သဲလွန်စတို့ကို တွေ့လာကြသည်ဆို၏။

ထို့နောက်မီစိုဆိုးဝစ်(Mesozoic) ဟု ခေါ်သော ဒုတိယကာလကြီးနှင့် တာရှရီပီးရီးရပ် (Tertiary period) တတိယ ကာလကြီးမှာ နှစ်သန်းပေါင်း (၆၀) မျှကြာသည်ဆို၏။

ထိုကာလကြီးအတွင်း၌ လူတို့၏ ဘိုးဘွားများဖြစ်သော လူတူမျောက်ဝံများ တိုးတက်ပေါ်ပေါက်လာခဲ့သည်ဆို၏။ ကွာတန်နေရီ (Quaternary) ခေါ် စတုတ္ထကာလကြီး၏ အစောပိုင်းတွင်မှ လူများပေါ်ပေါက်လာခဲ့သည်ဆို၏။

ထိုလူများပေါ်ပေါက်လာသည့်အချိန်မှာ လွန်ခဲ့သော နှစ်ပေါင်း (၁) တသန်းလောက်တုံးက ဖြစ်သည်ဟု ဆိုလေသည်။

သို့သော်–အိုပရင်း၏ (Gogainning of Age) အသက်၏ မူလအစ စာအုပ်နှင့်မီခေလ်နတ်စတပ်၏ (The Originnal of man) လူ၏ မူလအစ၊ စာအုပ်တို့သည် ဖိုမသဘောကိုမူ ထင်ရှားစွာ မပြနိုင်၊ သာမာန်အား

ဖြင့် သဘာဝအချိုးအစား ဆက်စပ်မှု၏ အနည်းအများကို လိုက်၍ ဖို–နှင့်–မ ဖြစ်လာသည်ဆို၏။ နာမ်သဘော ဝိညာဥ်နှင့် ဘဝကူးအကြောင်း လုံးဝမပါချေ။ ထိုတွင် ပြတ်သွား၏။

**မှတ်ချက်။** ။၎င်းတို့ ဆိုခဲ့သော လူတူ မြောက်များသည် ယနေ့တိုင်ဆက်လက်၍ လူများဖြစ်မလာသည်မှာ အံ့ဘွယ်ရာ ကောင်းလှပေ၏။

ထိုမျောက်များသည် ယနေ့တိုင် ပေါက်ဖွား၍ ရှိနေကြကြပါလျက် အဘယ့်ကြောင့် လူများ ဆက်၍ ဖြစ်မလာတော့ပဲ၊ ၎င်းအချိန်အခါ၌ပင် ရပ်ဆိုင်းသွားရပါနည်း။

# ဗုဒ္ဓဝါဒ လူဖြစ်စဉ်

## ပဋိစ္စသမုပ္ပါဒ်အကြောင်းကျိုးဆက်ဝပ်မှု သဘာဝတရား (၃) ပါး။

### (၁) ဩကာသလောက

ဩကာသလောကဆိုသည်မှာ နေစကြာဝဠာကြီး တင်တည်ဆောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

မြူမျှားစုပေါင်း ဖွဲ့စည်းထားသော ရုပ်ကလာပ်ဒြပ်ကြီးတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော စသည်ဓာတ်ကြီးလေးပါး ပါဝင် ဖွဲ့စည်းထားသည့် စကြာဝဠာ၏အစ အနန္တဖြစ်၏။

သူ့သဘော သူဆောင်နေ၏၊ ထိန်းချုပ်ကွတ်ကဲမှုမရှိ၊ (ဖန်ဆင်းသူ မရှိ)။




စကြာဝဠာ
အနန္တ။

### (၂) သင်္ခါရလောက




စကြာဝဠာ အနန္တ နေ၊ လ၊ နက္ခတ် ကရာ၊ ကမ္ဘာမြေကြီး၊ တောတောင် ရေမြေသမုဒ္ဒရာ။ ပင်လယ် စသည်များပေါ်ပြီ။ သဘာဝဖြစ်ပျက် စီရင်ခြင်းရှိ (သင်္ခါရ) ဖြစ်၏၊

## (၃) သတ္တလောက

သတ္တလောကဆိုသည်မှာ စကြာဝဠာအနန္တအတွင်း၌ အပူအအေးမျှတလာပြီး ကမ္ဘာမြေပြင်ကြီးပေါ်၌ဝိညာဏက ခေတ်မှီဘွယ်နိုင်၍(ရုပ်နာမ်) နှစ်ခုပါသော သက်ရှိသတ္တဝါများ စတင်ပေါ်ပေါက်နေနိုင်ပြီ ဖြစ်သော သတ္တလောကရောက်ရှိလာ၏။




ပဋိသန္ဓေတည်ခြင်း (၄) မျိုး

(၁) ဥပပါတ်ပဋိသန္ဓေ—

ရုပ်နှင့်နာမ် (၂) ပါးလုံးတပြိုင်တည်း ဖြစ်ပေါ်လာကာ တနေရာရာမှ ကျရောက်လာသကဲ့သို့ ဘွားကနဲပေါ်ပေါက်လာခြင်းမျိုးဖြစ်သည်။ ဤသန္ဓေမှာ မည်သည့်အရာကိုမျှ မှီတွယ်စရာမလို၊ နတ်ပြဟ္မာပြိတ္တာတို့၏ ပဋိသန္ဓေမျိုးဖြစ်၏။

(၂) သံသေဒဇပဋိသန္ဓေ—

သစ်ပွင့်၊ သစ်သီး၊ ရေညှိ၊ စသည်တို့ကို မှီတွယ်၍ အလွန်သေးငယ်ရာမှ တဖြည်းဖြည်း ကြီးထွားလာခြင်းမျိုး ဖြစ်သည်။ ရုပ်နှင့် နာမ်သည် အစိုဓာတ်ရှိသော အညှိအမျိုးမျိုးကို မှီတွယ်ရမှဖြစ်သည်။ သန့်ရှင်းချောက်သွေ့သော အရာများ၌ မဖြစ်နိုင်။ ပိုးလောက်သား စသည်တို့တည်း။

(၃) အဏ္ဍဇပဋိသန္ဓေ—

အခွံတွင်း၌ နေရသည့် ကြက်၊ ငှက်စသော သတ္တဝါတို့၏ ပဋိသန္ဓေမျိုးဖြစ်သည်။

(၄) ဇလာဗုဇပဋိသန္ဓေ—

မိခင်၏သားအိမ်၌ နေရသော လူ၊ ခွေး၊ နွား အစရှိသည့် သတ္တဝါအပေါင်းတို့၏ ပဋိသန္ဓေမျိုး ဖြစ်သည်။

ထိုအချင်းအရာများကြောင့် သတ္တလောကကြီး၏ ကမ္ဘာမြေကြီးပေါ်၌၊ ဗြဟ္မာပြည်မှ ကံကုန်သော ဗြဟ္မာတို့သည် ရုပ် နာမ် နှစ်ပါးအပြည့် (ဥပပတ်သဋိပန္ဓေ) ဖြင့် ပထမဦးဆုံးသော လူအဖြစ်သို့ဖွားကာ ဖြိုးကနဲ ပေါ်ပေါက်လာခဲ့ကြလေသည်။

ထိုအချိန်က ဖို—မ ဟူသော အသွင် ကွဲပြားခြင်း မရှိသေးပဲ သက်ရှိ လူအဖြစ်သာ တည်လေသည်။ နေ၊ လနှင့် အလင်း၊ အမှောင်တို့လည်း သင်္ခါရလောကတွင် သဘာဝအရပေါ်ခဲ့ပြီးဖြစ်သည်။

ဤကမ္ဘာဦးလူတို့သည် ရသ ပထဝီမြေဆီကို စားသုံးကြရသဖြင့် အဆင်းလှသောသူနှင့် အဆင်းမလှသောသူ ဟူ၍ နှစ်မျိုးကွဲပြားလာ၏။

ထိုအဆင်းလှသောသူများက အဆင်းမလှသောသူများကို မထီမဲ့မြင် ပြုလာကြသောကြောင့် ရသ ပထဝီမြေဆီသည် အလိုလို ကွယ်ပျောက်၍ မြေလွှာကို စားသုံးကြသည်။ ၎င်းနောက် အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၍ ဖွဲ့မကပ်သော သလေးဆန်ပင်များ အလိုလို ပေါက်လာကြ၏။ သူတို့သည် ထိုသလေးဆန်များကို ခူးယူစားသုံးသာကြသောအခါ၌ ဖိုမ အင်္ဂါများ ခွဲခြား၍ တဦးနှင့်တဦး မတူညီတော့ပဲ အလိုလိုပြောင်းလွဲသွားကြလေသည်။

ဤအချိန်မှစ၍ ထိုသို့ ဖိုနှင့်မ ပြောင်းလဲ၍ ဖြစ်လာကြပြီး၊ တဦးကို တဦး ဖိုခေတ်၊ မခေတ်တို့၏ တပ်မက်စွဲလမ်းခြင်း စိတ်များ ပေါ်လာကြကာ မေထုန်မှီဝဲ အိမ်ထောင်သားမွေးခြင်း ဖြစ်သို့ ရောက်ရှိလာခဲ့ကြသည် ဆို၏။

**မှတ်ချက်။** ။ကျန် ဘာသာကြီးသုံးမျိုးတို့၏ အယူအဆများကို သိလိုကလည်း ကောင်း အခန်းများ၌ရှုပါ၊ ၎င်းတို့၏မူရင်းများအတိုင်း အသေးစိပ် ဖော်ပြထားပါသည်။

လူတို့၌ ဝိညာဉ်ဘဝကူးခြင်း ပြဿနာအကြောင်းကို (ဝဏ္ဏကျော်ထင်) ဒေါက်တာဦးမြင့်ဆွေက မေးမြန်း လျှောက်ထားသဖြင့် (အဂ္ဂမဟာပဏ္ဍိတ) မဟာစည်ဆရာတော် ဖြေကြားသည့် အမေးအဖြေတို့ကို စာရှုသူတို့ ကောင်းစွာ နားလည်သဘောပေါက်စေရန် ၎င်းတို့၏ မူရင်းအတိုင်း အောက်၌ ကောက်နှုတ် ထည့်သွင်းဖော်ပြအပ်ပါသည်။

## "ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးမြင့်ဆွေ၏ လျှောက်ထားမေးမြန်းချက်များ"

(ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ) ဟူသော ဘုရားရှင်၏ တရားတော်အရ ဖြစ်တတ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏ ဆိုသည့်အတိုင်း၊ ရုပ်တရားပျက်လျှင် နာမ်တရားလည်း ပျက်စီးသည်ကို သဘောကျပါသည်။

(၁) သေသွားသောသတ္တဝါတဦးသည် ရုပ်နာမ်ပါ ပျက်စီးသွားပြီး ဖြစ်ပါလျက်၊ ထိုသတ္တဝါသည် နောက်ဘဝတခု၌ ဖြစ်ပြန်သည်ဟုဆိုရာ၊ မည်ကဲ့သို့ ဖြစ်ပါသနည်း။

(၂) သတ္တဝါတဦးသည် မိမိကုသိုလ်ကံအလျောက် တဖန် ပြန်၍ လူ ဖြစ်လာသည်ဟု ဗုဒ္ဓဘာသာ တရားတော်အရ ဆိုရာ၌ အမိဝမ်းတွင်းဝယ် မည်ကဲ့သို့ သန္ဓေတည်ပါသနည်း။

ခေတ်ပညာ ဆေးကျမ်းအရ လျှောက်ထားရပါမူ၊ သတ္တဝါ တဦးတယောက်သည် သေသွားပြီး နောက်ဘဝတခုသို့ ပြန်၍ ဖြစ်သည်ဟုမဆိုပါ။ သို့သော် သန္ဓေတည်နေပုံကို ပြဆိုရာ၌မူ၊ အမိနှင့်အဘ သံဝါသစပ်ရှက်ရာတွင် ဆေးပညာ အလိုအားဖြင့် အဘ၏သုတ်၌ပါဝင်သော ငါး ဖလောင်းနှင့်သဏ္ဍာန်တူသည့် စပါမယ်တိုထွာ (Spermatozoa) ခေါ် အကောင်ကလေးများသည် သုတ်နှင့်အတူ သန်းပေါင်းများစွာ အသက်ရှင်လျက်၊လူးလားကူးရှက်ပြီးလျှင် အမိအင်္ဂါအတွင်းသို့ ဝင်ရောက်သွားကြပါသည်။

ထိုသုတ်ရေထဲမှ အကောင်ပေါင်းများစွာတို့သည် မိခင်၏ အိုဗေရီ (Ovary)ခေါ် မျိုးစေ့အိမ်မှ အိုဗာ (Ova) ဆိုသည့် အစိတ်အပိုင်းတခု ဆင်းလာသည့်အခိုက်နှင့် ကြုံကြိုက်သောအခါ၊ တခုသော အိုဗာကို

သန်းပေါင်း များစွာရှိသော စပါမယ်တို့ထွက်ကသာလျှင် ဖာလိုပီယန်ကြူ (Fallopian Tube) ခေါ် သားအိမ်ကြောင်းအတွင်းဝယ် ပေါင်းစပ်ရပါသည်။ ထိုသို့ ပေါင်းစပ်ပြီးမှ ဖြစ်လာသော အစိပ်အပိုင်းသည် (သန္ဓေဦးအစ) ဖြစ်ပါသည်။

ထိုသန္ဓေဦးအစသည် တဖန် သားအိမ်ရှိရာဖက်သို့ ပြန်၍ ဆင်းလာရပါသည်။ သားအိမ်အတွင်းသို့ ရောက်သောအခါ၊ သားအိမ်၏မျက်နှာကျက်အတွင်းသို့ တိုးဝင်ပြီး အကောင်အထည်ဖြစ်ကာ ဖွားမြင်သည့်တိုင်အောင် ၎င်းနေရာမှာပင် တည်နေပါသည်။

နောက်ဆုံး ဓမ္မတာပေါ်လာပြီးမှ နောက်တကြိမ် ဓမ္မတာပေါ်မည့်ရက်တွင် ဓမ္မတာမလာသောအခါ သန္ဓေသားသည် (တလ) ရှိပြီးဟု မှတ်ယူရပါသည်။

သန္ဓေ (လေးလ) မြောက်သောအခါ သားအိမ်တွင်း၌ ရှိသော သန္ဓေသားသည်လှုပ်ရှားစ ပြုလာသည်ကိုပင် ခေတ်ဆေးပညာအရ (အသက်ဝင်သည်) ဟု ဆိုပါသည်။

ဗုဒ္ဓဘာသာတရားတော်များ အရမူ၊ သန္ဓေတည်သည်နှင့် တပြိုင်နက် (ရုပ်ရောနာမ်ပါ) တည်သည်ဟု ဆိုသဖြင့်၊ သန္ဓေတည်သည်နှင့် တပြိုင်နက် အသက်ရှိသည်ဟု ဆိုရရောက်ပါသည်။

ခေတ်ပညာ ဆေးကျမ်းများအရ သန္ဓေသား(လေးလ) မြောက်သောအခါ သန္ဓေသား၏ နှလုံးသား လှုပ်ရှားသည့်အသံကို မိခင်၏ ဗိုက်ပေါ်မှနေ၍ နားထောင်ကြည့်ခြင်းဖြင့် သိရတွေ့ရပါသည်။

ခေတ်ဆေးပညာအရ မမ်းမယ်လ် (Man Mal) ခေါ် ကျောရိုးရှိသော သတ္တဝါမှန်သမျှတို့သည် အဖိုနှင့် အမ သံဝါသပြုကြမှသာ သန္ဓေတည်သည်ဟု ဆိုပါသည်။

သံဝါသပြုသည့်တိုင်အောင်လည်း တချို့အဖိုများတွင် စပါမယ်တိုထွက် ခေါ် အကောင်ကလေးများ သုတ်ရေတွင်း၌ လုံးဝမရှိပါက သန္ဓေမတည်နိုင်ပါ။

မကြာမီက အိန္ဒိယတွင် ဝန်ကြီးချုပ် ကျဝါဟလာနေရူးသည် သန္ဓေတားဆီးရေးကို အရေးတကြီး လုံ့ဆော်နေပါသည်။ သန္ဓေ တားဆီးရေး

အတွက် ဆေးများစွာတို့သည် ယခုအခါ ပေါ်ပေါက်လျက်ရှိပါသည်။ ထို ဆေးများကို အသုံးပြုပါက သန္ဓေတည်နိုင်သည့် သုတ်သွေးတွင် ပါရှိသော စပါမယ်တိုထွာတို့ သေကြေပျက်စီးကုန်ပါသည်။ သို့ပါသောကြောင့်—

(၃) ဗုဒ္ဓဘာသာတရားတော်အရ။ သန္ဓေတည်သည်နှင့် တပြိုင်နက် အသက်ဝင်သည်ဟုလည်းကောင်း၊

ခေတ်ဆေးပညာအရ (လေးလခြောက်မှ) အသက်ဝင်သည်ဟုလည်းကောင်း၊ ကွဲလွဲနေသည်ကို မည်သို့ ညှိနိုင်းယူသင့်ပါသနည်း။

(၄) ဗုဒ္ဓဘာသာတရားတော်အရ သတ္တဝါတို့၏ စုတိစိတ်ကျသော အခိုက်၊ မိဘနှစ်ပါးတို့၏ သံဝါသပြုသောအခိုက်၊ ဤသို့ ဆုံဆီးချိန်တွင်မှ သန္ဓေတည်သည်ဟုလည်းကောင်း။

ခေတ်ပညာဆေးကျမ်းအရ မိဘနှစ်ပါး သံဝါသပြုသောအခါ၊ အဘ၏ သုတ်ထဲမှ စပါမယ်တိုထွာ အကောင်ကလေးများသည် မိခင်၏ အိုဗေရီမျိုးစေ့အိမ်မှ အိုဗာ ဆိုဆိုသည့် အစိပ်အပိုင်း တခုနှင့် သားအိမ်ကြောအတွင်းဝယ် ပေါင်းစပ်သောအခါ သန္ဓေတည်သည်ဟုလည်းကောင်း ဆိုပါသည်။ မည်သို့ ညှိနှိုင်းယူသင့်ပါသနည်း။

(၅) မိခင်၏မျိုးစေ့အိမ်မှ အိုဗာသည် မိခင်၏ ဥတုသွေးပေါ်လာပြီးနောက် (၁၃၊ ၁၄) ရက်မြောက်သောနေ့၌ မှည့်၍ မျိုးစေ့အိမ်က ကျွတ်ကျလာပါသည်၊ မျိုးစေ့အိမ်တွင် ရှိနေစဉ်က ၎င်း အိုဗာသည် သပျက်သီးနှင့် တူပါသည်။ သပျက်သီးမှ အစေ့ ကျွတ်ထွက်လာသောအခါ အခွံသည် မျိုးစေ့အိမ်တွင် ကျန်ရစ်သကဲ့သို့ ထို့အတူပင် ၎င်း အိုဗာသည် မှည့်၍ ကျွတ်ကျပြီးသောအခါ မျိုးစေ့အိမ်မှာ ကျန်နေရစ်ပါသည်။

၎င်းအိုဗာသည် မိဘ်ဖက်ဖြစ်သော စပါမယ်တိုထွာနှင့်တွေ့ရန် သားအိမ်ကြောအောက်သို့ ဆင်းရပါသည်။ ဥတုသွေး

လာပြီးသည့်နောက် (၃၊ ၄၊ ၅၊) ရက်အတွင်းမှာ သံဝါသ ပြုသော်လည်း သန္ဓေမတည်နိုင်ပါ။

အဘယ်ကြောင့် ဆိုသော် အိုဗာသည် ထိုအချိန်၌ အောက်သို့မဆင်း၊ မှည့်လည်း မမှည့်သေးပါ၊ စပါမယ်တို ထွာသည် သားအိမ်ကြောအတွင်းသို့ တက်သော်လည်း သေကြေပျက်စီးကုန်ရပါသည်။ တဖန် အိုဗာဆင်းသည့် ရက်အတွင်း၌၊ ၎င်း ဆင်းသည့် တိုင်အောင် ၎င်းမိတ်ဖက်စပါ မယ် တိုထွာကို မတွေ့လျှင် ပျက်စီးရပါသည်၊

ဤအဖြစ်အပျက်များသည် ကိုယ်တွေ့ဖြစ်ပါ၍ (ရုပ်နာမ်) များနှင့် မည်သို့သက်ဆိုင်ပါသနည်း။

(၆) သတ္တဝါတဦး ဝင်စားမှုသည် ဤအကြောင်း အရာများနှင့် သက်ဆိုင်သည်ဟု ဆိုရပါမည်လား။

(၇) သုတ်ရည်တွင်ရှိသော စပါမယ် တိုထွာကလေး များသည် ဘယ်အကြောင်းကံရှိပါသနည်း။

(၈) ရုပ်ဝါဒအရ အမိနှင့်အဖ ပေါင်းစပ်သောအခါ သန္ဓေတည် သည်ကို ခေတ်ဆေးပညာက လက်ခံပါသည်။

ဗုဒ္ဓဘာသာ ကျမ်းများအရ တမလွန်ဘဝ ရှိသည်ကို အထက်ပါ အကြောင်းများအရ နားလည် လွယ်အောင် မိန့်ကြားတော်မူပါဘုရား။

ခေတ်ပညာဆေးကျမ်းအရ (တမလွန်ဘဝရှိကြောင်း) ကို ဘယ်နည်းနှင့်မျှ မဖော်ပြနိုင်ပါ။

မိဘနှစ်ပါးတို့ ပေါင်းစပ်သံဝါသပြု၍ ဖြစ်ပေါ်လာ သော သားသည် အိုမင်း၍ သေသောအခါ ၎င်း၏ ဘဝ ကုန်ဆုံးပါတော့သည်။

(၉) ဆေးများနှင့် လူမမာတို့အား ဆေးထိုး၍ ကုသတိုင်း၊ ဆရာ ဝန်များသည် ရောဂါပိုးများကိုသတ်ရာ ရောက်ရှိနေပါသည်။ ထို့အတွက် ၎င်းသက်ရှိသတ္တဝါများကိုသတ်သဖြင့် ပါဏာတိ ပါတကံ ထိုက်ပါသလား။

(၁၀) ယခုခေတ် သွေးတိုးရောဂါ၊ နှလုံးသွေးကြောပိတ် ရောဂါ၊ ဦးနှောက် သွေးကြောပိတ် ရောဂါ၊ သွက်ချာပါဒ ရောဂါ၊ စသည့်ရောဂါတို့သည် ချမ်းသာ ကြွယ်ဝသောသူ၊ ရာထူး ဂုဏ်သိရ်ကြီးသောသူ၊ ဘုန်းတန်ခိုးကြီးသော ဆရာတော်ကြီး များ အချို့တို့၌ ဖြစ်နေသည်ကို တွေ့ရပါသည်၊

ဎင်း ပုဂ္ဂိုလ်အပေါင်းသည် ငွေကြေး အင်အားပြည့်စုံ ကြပါလျက်နှင့်ဤဝေဒနာကြီးများကို ခံစားရပြီး မသေနိုင်ပဲ အိပ်ရာပေါ်၌ လပေါင်းများစွာ လဲနေရာတွင်၊ ခေတ်ဆေး ပညာဖြင့် မည်မျှ အစွမ်းကုန် ကုကြပါသော်လည်း မပျောက် နိုင်ပဲ ရှိနေကြပါသည်။

ထိုပုဂ္ဂိုလ်ကြီးများ၏ ဝေဒနာသည် (ကံ၊ စိတ်၊ ဥတု အဟာရ) ရှိသည့် အနက် (စိတ်နှင့် အဟာရ) ကြောင့် ဖြစ် ကြသည်ဟု ယူဆပါသည်။ ထိုယူဆချက်ကို လက်ခံပါသ လား။

စိတ်ကြောင့် ဖြစ်သည်ဆိုရာမှာ ဦးနှောက်အလုပ်ကို များစွာလုပ်ကြသော ရဟန်းရှင်လူတိုင်း၌ ခန္ဓာကိုယ် အတွင်း ရှိ သွေးကြောများက ခန္ဓာကိုယ်၏ နှလုံးသို့ မပို့နိုင်သော ကြောင့်၊ ခန္ဓာကိုယ်တွင်း၌ ကြုံလှီလာရခြင်း ဖြစ်ပါသည်၊ ဥပမာ ရေအားနည်းနေသော ဥယျာဉ်၌ ရေလုံလောက်စွာ မပို့နိုင်သကဲ့သို့ ဖြစ်ပါသည်။

(၁၁) ဦးနှောက်အလုပ်များစွာ မလုပ်ကြသော ရုရှားတောင်ပိုင်းရှိ ရုရှားလူမျိုး များစွာတို့သည် အသက်(၁၇၀ မှ ၁၈၀) မက ရှည်ကြသည်ဟု(၂၅-၃-၅၇) ခု နေ့ထုတ် မဏ္ဍိုင်သတင်း စာတွင် ဖတ်ရပါသည်။ ဎင်းအသက်ရှည်သူများမှာ အသက် (၁၀၀) ကျော်သောအခါတွင် သွားသစ်များပင် ပြန်ပေါက် လာကြသည်ဟု ဆိုပါသည်။

သရဏဂုံသုံးပါး မထွန်းကားသော ထိုအရပ်ဒေသ တွင် ဤမျှလောက် အသက်ရှည်ကြကုန်သော သူတို့သည် အတိတ်ဘဝက မည်ကဲ့သို့သော ကောင်းမှုမျိုးကို ပြုခဲ့ကြပါ သနည်းဘုရား။

## အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီး၏ ဖြေကြားချက်များ

ဒေါက်တာ ဦးမြင့်ဆွေ၏ လျှောက်ထားချက်မှာ အကျဉ်းချုပ်အားဖြင့် အောက်ပါ (၃) ချက်ပင် ဖြစ်သည်။

(၁) ဘဝတခုမှ သေသွားသော သတ္တဝါတဦးသည် ဘဝသစ်၌ ပဋိသန္ဓေတည်လျက် မည်ကဲ့သို့ တဖန် ဖြစ်လာပါသနည်း၊

(၂) ရောဂါဖြစ်ပွားစေသော ရောဂါ ပိုးမွှားကလေးများသည် ပါဏာတိပါတ ကံအရာ၌ ပါဏာမည်သောအသက်ဝိညာဉ်ရှိ သတ္တဝါမျိုး ဟုတ်ပါသလား။

(၃) သွေးတိုးရောဂါ စသည်ဖြစ်ခြင်းနှင့် ထူးခြားစွာ အသက်ရှည်ကြခြင်းတို့မှာ အဘယ်အကြောင်းများကြောင့်ပါနည်း။

ဤအရာများကို ဖြေဆိုရန် အောက်ပါအချက်များကို ရှေးဦးစွာ လေးလေးနက်နက် နှလုံးသွင်းထားစေလိုပါသည်။ ၎င်းတို့မှာ....

ရှေးခေတ်က သာမန်လူများ မတွေ့မြင်နိုင်ခဲ့သော အရာများကို ယခုခေတ်လူတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်နေကြ၏။ ထို့အတူ ယခုခေတ် လူတို့ မတွေ့မြင်နိုင်ကြသော အရာများကိုလည်း နောင် ခေတ်လူတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြပေဦးမည်။ ရှေးခေတ်ကလည်း ၎င်းတို့ကို မျက်မြင်ကိုယ်တွေ့ ဖြစ်သူ တွေ့ရှိနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။

ဆရာဝန်၏ မေးလျှောက်ချက်မှာ "ဝယဓမ္မာသင်္ခါရာ" ဖြစ်တတ်သော သင်္ခါရတရားတို့လည်း ပျက်စီးခြင်း ရှိကုန်၏ဟု ဖော်ပြထားသည့်အတိုင်း၊ ရုပ် နာမ် သင်္ခါရ တရား ဟူသမျှတို့သည် ဖြစ်ပေါ်လာပြီးလျှင် တခဏချင်းပင် ပျက်စီး ပျောက်ကွယ်သွားကြ၏။

၎င်းရုပ်နာမ် အဟောင်းတို့ကို အမှီပြု၍ အသစ်အသစ် ဆက်လက်၍ ဖြစ်နေသော (ရုပ်နာမ်) အသစ်တို့ကိုသာ တွေ့နေကြရ၏။ ဥပမာ ဘိုးဘွား မိဘသို့သည် အချိန်ကျသောအခါ သေပျောက်သွားကြ၏။ အသစ် အသစ် ဖြစ်ပွားလာသော (သား၊ မြေး၊ မြစ်) တို့ကိုသာ တွေ့မြင်နေကြရသကဲ့သို့ ပင်တည်း။

သို့ဖြစ်၍ (ရုပ်နာမ်) နှစ်ပါးလုံးရှိသော (ကာမဘဝ) ၌ မသေမီမှာလည်း အသစ်သစ်ဖြစ်ပေါ်လာသော ရုပ်နာမ် အသစ်များကိုသာ တွေ့ရ၏။ ထို့အတူပင် သေသောအခါ၌လည်း ဘဝဟောင်းက ရုပ် နာမ် အားလုံးတို့ပင် အကြွင်းမဲ့ ပျက်စီးပျောက်ကွယ်သွား၏။ ဘဝသစ်၌ ရုပ် နာမ် အသစ်များ ဆက်လက်၍ မပြတ်ဖြစ်ပွားသွား၏။

ရုပ်သက်သက်သာရှိသော (အသညသတ်ဘဝ) ၌ ဖြစ်သောသူမှာကား ဘာဝနာကံ၏ အစွမ်းကြောင့် စိတ်နာမ်အသစ် မဖြစ်ပေါ်လာတော့ပဲ (ရုပ် သက်သက်သာ) ဖြစ်လျက်ရှိ၏။

ဖြစ်ပုံမှာ အချို့သော သူသည် အမှတ် သင်ညာ ရှိ၍၊ စိတ် အသိရှိ၍ တပ်မက်ခြင်း၊ ပြစ်မှားခြင်း၊ မိုက်မှားခြင်း၊ စိတ်ဆင်းရဲခြင်း၊ နာကျင်အခံခက်ခြင်းများ ဖြစ်ရချေသည်။ အမှတ်သညာမရှိ၊ စိတ်မရှိလျှင်ကား မဖြစ်နိုင်။ အမှတ်သညာမရှိခြင်း၊ စိတ်မရှိခြင်းသည်သာ ကောင်းပေသည် ဟု စိတ်၌ အမြဲမြင်ပြီးလျှင် စိတ်သညာမကင်းအောင် ရည်သန်လျက် ရူပါဝါစရစတုတ္ထစျာန်ကို ပွားစေ၏။

(၁) ထိုသူအား ၎င်းဘဝမှ စုတေ၍ ရုပ် နာမ်ဟောင်း အားလုံး ပျက်စီးသွားသောအခါ၊ ဘဝသစ်၌ ရုပ် သက်သက်သာ ဖြစ်၏။

စိတ်နာမ်ကို စက်ဆုတ်သော ဘာဝနာ၏ ကံအစွမ်းကြောင့် (စိတ်နာမ်) မဖြစ်ပေါ်လာတော့ပဲ ကင်းလျက်ရှိ၏၊ ကမ္ဘာငါးရာပတ်လုံး ထိုဘုံ၌ သစ်သားရုပ်၊ ကျောက်ရုပ်များကဲ့သို့ တည်နေ၏။

၎င်းသေခဲ့စဉ်က ဣရိယာပုတ်အတိုင်းပင် ထိုင်လျက်ဖြစ်စေ။ လျောင်းလျက်ဖြစ်စေ၊ ရပ်လျက်ဖြစ်စေ၊ မလှုပ်မယှက်ပဲ တည်နေတော့၏။

ကမ္ဘာငါးရာစေ့သောအခါ ယခင် သေကာနီးက စွဲလမ်းခဲ့သော စိတ်အာရုံကိုပင် စွဲလမ်းလျက်၊ လူ့ဘုံ၊ နတ်ဘုံတို့၌ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လျက် (ရုပ် နာမ်) နှစ်ပါးစုံ ဘဝအသစ် ဖြစ်၏။

ဤသို့ ဘာဝနာအစွမ်းကြောင့် စိတ်နာမ် မဖြစ်ပေါ်ပဲ ပြတ်စဲနေသည်မှာ အသညသတ်ဘဝ၌သာ မဟုတ်သေး၊ လူ့ဘဝ၌လည်း

ရဟန္တာတို့အား နိရောဓသမာပတ်ဝင်သောအခါ ဘာဝနာ၏အစွမ်းကြောင့် (၇) ရက်တိုင်အောင် စိတ်နာမ် မဖြစ်ပေါ်ပဲ ပြတ်စဲနေသည်လည်း ရှိသေး၏။

ဘာဝနာ၏ အစွမ်းထူးခြားပုံကို လက်တွေ့ဖြစ်အောင် ညွှန်ပြရလျှင်၊ ယခုကာလ၌ နိုင်ငံစွာ အားထုတ်ထားသော သူတို့ရှိကြ၏။ ထိုသူတို့တွင် အချို့သောသူများမှာ မိမိတို့ရရှိထားသောတရားထူးသို့ ရောက်ရှိနေသောအခါ၊ မြင်မှု၊ ကြားမှု၊ ထိမှု၊ ကြံစည်စဉ်းစားမှု၊ သာမန်စိတ်များ ဖြစ်ပေါ်ခြင်းမရှိပဲ နာရီပေါင်းများစွာပင် ထိုင်လျက်၊ ရပ်လျက် တည်နေနိုင်ကြသည်ကို တွေ့ရ၏။

ထိုသို့ သာမန်စိတ်များ ဖြစ်ပေါ်ခြင်း မရှိပဲ ကြာရှည်စွာ တည်နေနိုင်ကြသည်ကို ထောက်ဆသောအားဖြင့် ဘာဝနာ၏ အစွမ်းကို ယုံကြည်အပ်ပေ၏။

ဤမျှ ရုပ်သက်သက်သာ ရှိသော အသညသတ်ဘဝ၌ (စိတ်နာမ်) လုံးဝ မရှိပဲ တည်နေပုံကို သိနိုင်လောက်ပြီ။

စိတ်နာမ်သက်သက်ဖြစ်သော (အရူပ) ဘဝက သတ္တဝါကို မျက်စိဖြင့် တွေ့မြင်နိုင်ပါသလား။ အဘယ်ကြောင့် စိတ်ချည်း သက်သက် ဖြစ်နေပါသနည်း။ ထိုသို့ ဖြစ်နေရသည်အတွက် မဆင်းရဲပါလားဟု မေးလာပြန်သောကြောင့်....

နာမ်သက်သက်သာရှိသော အရူပဘုံမှာ လေးဆင့်ရှိ၏။ ရူပဝစရဈာန်လေးပါးလုံးကို ရပြီးသော သူသည် "ရုပ်ရှိ၍ ရောဂါအမျိုးမျိုး ဖြစ်ရသည်၊ အရိုက် အနှက် အနှိပ်စက် အသတ်ဖြတ်ခံရသည်၊ ရုပ်မရှိလျှင် ထိုသို့သော ဆင်းရဲများမရှိနိုင်၊ ရုပ် မရှိတာ ကောင်းသည်" ဟု ရုပ်၌ အပြစ်မြင်ပြီးလျှင် ရုပ်ကင်းစေရန် ရည်သန် စောင့်တည် (အရူပဈာန်) လေးပါးကို ပွားစေ၏။

(၂) ထိုသူသည် ၎င်းဘဝမှ စုတေသောအခါ အရူပလေးဘုံတွင် မိမိရထားသော ဈာန်နှင့် ဆိုင်သည့်ဘုံ၌ ဖြစ်၏။ ဖြစ်သောအခါ ဘာဝနာကံ၏ အစွမ်းကြောင့် ရုပ်ဖြစ်ပေါ်မလာတော့ပဲ (စိတ်နာမ်သက်သက်သာ) ဖြစ်ပေါ်လျက်ရှိ၏။

ထိုစိတ်နာမ်ထဲတွင် မခံသာသော ဆင်းရဲမပါချေ။ ချမ်းသာကြည်လင်သောစိတ်နှင့် အလယ်အလတ်နေသော စိတ်ကောင်းချည်းသာ ပါဝင်၏။

ထို့ကြောင့် ဤသို့စိတ်နာမ်ချည်းဖြစ်နေသည့်အတွက် ဆင်းရဲခြင်းမရှိပေ၊ ချမ်းသာလျက်သာရှိပေ၏။

ၡင်းပြင်စိတ်နာမ်တရားမှာ မျက်စိဖြင့် မြင်နိုင်ကောင်းသောတရားမဟုတ်သောကြောင့် လည်းကောင်း (နာမ်သက်သက်သာ ရှိသောပုဂ္ဂိုလ်) ကိုပကတိ မျက်စိဖြင့် မည်သူမျှ မမြင်နိုင်။ ဗုဒ္ဓမြတ်စွာဘုရားတို့သည်သာလျှင် သဗ္ဗညုတ ဉာဏ်ဖြင့် သိမြင်နိုင်ပေသည်။

ထို(အရူပဘုံ) ၌မျက်စိရုပ်၊ နားရုပ်စသည်များ ဘာမျှမရှိသောကြောင့်၊ ဘုရားကိုလည်း မဖူးမြင်နိုင်၊ တရားကိုလည်းမကြားနိုင်၊ သို့အတွက် ထိုဘုံသို့ ပုထုဇဉ် ပုဂ္ဂိုလ်ရောက်သွားလျှင်။ ထိုဘဝ၌ မဂ်ဖိုလ်တရားထူးကို မရနိုင်၊ အသက်တမ်းစေ့၍ ထိုဘဝမှ စုတေလာသောအခါ လူ့ဘဝ၊ နတ်ဘဝသို့ ပြန်ရောက်လာရ၏။

ထိုအခါမှာ အခြားသူများနှင့် တန်းတူပင် ဖြစ်နေပြန်၏။ အကယ်၍ လူ့ဘဝ၊ နတ်ဘဝက သောတာပန်၊ သဒါဂါမ်၊ အနာဂါမ် ဖြစ်ပြီးမှ ထိုအရူပ ဘဝ၌ ဖြစ်ပါမူကား၊ ထိုအရူပဘုံမှာပင် အထက်မဂ်ဖိုလ်အဆင့်များကိုရကာ၊ ရဟန္တာဖြစ်၍ ထိုဘုံများမှာပင် ပရိနိဗ္ဗာန်ဝင်စရသည်။

(၃) ဤအရာ၌ ဆရာဝန်တို့က ဦးနှောက်ပျက်ခြင်းကြောင့် တကယ်မဟုတ်ပါပဲ၊ တကယ်ဟုတ်သလိုထင်မြင်သည်ဟု ယူဆကြောင်း လျှောက်ပြန်သဖြင့် ထပ်၍ ရှင်းလင်းပြသည်မှာ—

ဆရာဝန်တို့ အလိုအားဖြင့် ဦးနှောက်ပျက်ခြင်းကြောင့်၊ ဗုဒ္ဓဘာသာကျမ်းဂန်တို့အလိုအားဖြင့် နှစ်လုံးသွေးပျက်ခြင်းကြောင့်၊ မဟုတ်သည်ကို မဟုတ်သကဲ့သို့ ထင်ခြင်းလည်း ရှိနိုင်ပေသည်၊

ထို့ပြင် သေခါနီး ကာလ၌ တကိုယ်လုံးမှ ရုပ်အားလုံးပင်ပျက်နေသောကြောင့် ဦးနှောက်ရုပ်လည်း ဆုတ်ယုတ် ပျက်စီးမည်မှာ ယုံမှားဘွယ်မရှိပေ။ သို့သော် ထိုထိုသော အာရုံနိမိတ်များမှာ "ကိလေသာမကင်းသေးသော ပုဂ္ဂိုလ်တို့အားသာ ထင်သည်။ ကိလေသာကင်းသော ရဟန္တာတို့အားမထင်" ထင်သော ပုဂ္ဂိုလ်လဲမှာလည်း အာရုံဆိုးချည်း ထင်သည်မဟုတ်၊ အာရုံကောင်းများလည်း ထင်သည်ပင်။

မကောင်းမှု၌ အလေ့အလာများသော သူတို့အား၊ အများအားဖြင့် အာရုံဆိုးသာ ထင်တတ်၏။ ကောင်းမှု၌ အလေ့အလာများသောသူတို့အား အများအားဖြင့်အာရုံကောင်းသာ ထင်တတ်၏။ အိပ်မက်ကို မြင်မက်လျှင် အလေ့အကျင့်များရာကို မြင်မက်တတ်သကဲ့သို့တည်း။

ဝိပဿနာကို နိုင်နင်းစွာ အားထုတ်ထားသော သူမှာမူကား အာရုံကောင်းသာလျှင် ထင်၏၊ အာရုံဆိုးကားမထင်။

"ထို့ကြောင့် သေခါနီး ကာလထူးခြားသော အာရုံနိမိတ်များကို ထင်မြင်ခြင်းမှာ၊ ဦးနှောက်ပျက်သောကြောင့်ဟူ၍ မဆိုနိုင်။ ထိုသူတို့ကိုယ်တိုင် ပြုလုပ်လေ့လာထားသော ကံအကြောင်းကြောင့် ထင်မြင်ခြင်းသာဖြစ်ပေသည်"

အချုပ်အားဖြင့် ဆိုရလျှင်၊ မည်သည့် အကြောင်းကြောင့်ပင် ထင်မြင်စေကာမူ၊ ထိုအာရုံကို စွဲ၍သွားလျှင် ထိုအာရုံကိုပင် အာရုံပြုလျက်၊ ဘဝသစ် ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာခြင်းမှာ ကိန်းသေပင်ဖြစ်၏၊"

ဥပမာ ကျမ်းမာစွာရှိနေသောသူမှာပင် အာရုံတခုခုစွဲလမ်းမိလျှင် ထိုအာရုံကိုပင် အာရုံပြုလျက် နောက် စိတ်များ ဆက်လက်ကာ ဖြစ်ပွားသွားခြင်းမှာ ကိန်းသေသကဲ့သို့ပင် မှတ်ရာ၏။

လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော် ကာလလောက်၌ ပွင့်ထွန်းတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရားသည် သတ္တဝါတို့ ဖြစ်စဉ်ဘဝများကို ကိုယ်တိုင် တွေ့မြင်ပြီးလျှင် ထုတ်ဖော် ဟောကြားတော်မူခဲ့၏၊ ၎င်းတို့မှာ (ရုပ်နာမ် နှစ်ပါး) လုံးရှိသောဘဝ၊ ရုပ်သက်သက်သာ ရှိသောဘဝ၊ နာမ်သက်သက်သာ ရှိသောဘဝ ဟူ၍ (၃) မျိုး ရှိ၏။

ထိုတွင်ရုပ်သက်သက်ရှိသောဘဝနှင့် နာမ်သက်သာ ရှိသောဘဝတို့ကို ဘာဝနာနည်းဖြင့်သာ ကိုယ်တွေ့သိနိုင်သည်။ ရုပ်၌ စမ်းသပ်သောနည်းမျိုးဖြင့်ကား တွေ့သိနိုင်ရန် အကြောင်းမရှိပေ။

သို့သော်လည်း နာမ်သက်သက်သာ ရှိသော ဘဝ၌ စိတ်ဖြစ်နေဟန်ကို ဆင်ခြင်ကြည့်လျှင် စိတ်နာမ်၏ စွမ်းရည်သတ္တိများ ပေါ်လာနိုင်၏၊

ထို့ကြောင့် ဆင်ခြင်ကြည့်နိုင်ရန် အနည်းငယ်ဖော်ပြအံ့၊ ထို နာမ်သက်သက် ဘဝ၌ ပဋိသန္ဓေမှ စုတိတိုင်အောင် စိတ်တခုပြီး တခုအသစ် အသစ် ဖြစ်ပျက်နေ၏။

သို့ဖြစ်ပျက်နေရာတွင် ရှေ့စိတ်တခုပျက်သွားပြီးနောက်၊ နောက်စိတ် တခု ဖြစ်ပေါ်လာရန် မှီရာတည်ရာဟူ၍ တစွန်းတစ ဘာမျှမရှိချေ။ သို့သော် လည်း ပျက်သွားသော ရှေးရှေးစိတ်၏ အဟုန်အစွမ်းကြောင့် နောက်နောက် စိတ်များ မပြတ် ဆက်၍ ဖြစ်နေ၏။

ဤအရာ၌ အရေးကြီးသော ကိစ္စတခုကို စူးစူးစိုက်စိုက် ကြံစည်နေ ခိုက်မှာ၊ ကြားစရာအသံတွေရှိနေသော်လည်း၊ ကြားသောစိတ်မဖြစ်ပေါ်ရပဲ ကြံစည်သော စိတ်ချည်းသာ ဆက်လက်ဖြစ်နေတတ်သည်ကို ထောက်ဆကြည့် လျှင် ရှေးရှေးစိတ်အဟုန် ထက်မျက်ပုံကို သဘောပေါက်နိုင်၏၊

သို့ဖြစ်၍ နာမ်သက်သက်သာရှိသော ဘဝ၌ မသေမီမှာလည်း ရှေး ရှေးစိတ်၏ အဟုန်သက်သက်ကြောင့် နောက်နောက်စိတ်များ ဖြစ်နေပုံကို သဘောပေါက်နိုင်လျှင် ထိုဘဝမှ သေသွားသောအခါ၌လည်း နောက်ဘဝ၌ မှီးရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရှေးဘဝစိတ်၏ အဟုန်ကြောင့်ပင်လျှင် နောက်ဘဝမှာ ပဋိသန္ဓေစိတ် ဖြစ်နိုင်သည်ကို သဘောကျဘို့ရှိ၏။

ဤသည်ကား စိတ်နာမ်တရား၏ စွမ်းရည်သတ္တိကို ချင့်ချိန်နိုင်ရန် အမြွက်မျှ ဖော်ပြခြင်းပေတည်း။

(၁) သေသွားသော သတ္တဝါမှာ ရုပ်ရောနာမ်ပါ ပျက်စီးသွား သော်လည်း သေခါနီး စွဲလမ်းခဲ့သော ရှေးစိတ်များ၏ အစွမ်းကြောင့်၊ နောက်ဘဝ ၌နာနာ၌စိတ်အသစ်ဆက်စပ်လျက် ဖြစ်သွားပြန်၏။ ၎င်းကို ပဋိသန္ဓေစိတ်ဟု ခေါ်သည်။

ဖြစ်ပုံမှာ—

သေခါနီးသို့ရောက်နေသော သတ္တဝါသည် မိမိ ပြုထားဘူးသော ကောင်းမှုကံ၊ မကောင်းမှုကံ တခုခုကိုဖြစ်စေ၊ ထိုကံကိုပြုစဉ်က တွေ့ကြုံခဲ့ သော အာရုံကိုဖြစ်စေ၊ ဖြစ်ရမည့် နောက်ဘဝက အခြေအနေကို ဖြစ်စေ၊ ထင်မြင်စွဲလမ်းလျက် ရှိနေ၏။ ထိုအာရုံကို အလိုမရှိသော်လည်း ထိုအခါမျိုး မှာ ပယ်ဖျောက်၍မရ။

ထို့ကြောင့် သေခါနီး၌ မိန်းမော တွေဝေနေသော သူတို့တွင်၊ တချို့မှာ တစုံတရာကို ပြုလုပ်နေသကဲ့သို့လည်းကောင်း၊ တချို့မှာ ဝမ်းသာစရာ၊ ပျော်ရွှင်စရာများနှင့် တွေ့နေသကဲ့သို့လည်းကောင်း၊ တချို့မှာ ကြောက်လန့်စရာ ဘေးရန်များနှင့် တွေ့နေသကဲ့သို့လည်းကောင်း၊ ထူးထူးခြားခြားဖြစ်နေသည်ကို အနီးအပါးရှိ လူများက ထင်ရှားစွာ တွေ့ရလေသည်။

တချို့မှာ မိန်းမောတွေဝေနေရာက ပြန်လည် သတိရလာသော အခါ "ဘယ်လိုလူက ခေါ်သွားသည်၊ ဘယ်လိုနေရာကို ရောက်သွားသည်၊ ဘယ်လိုဟာတွေကို တွေ့ခဲ့ရသည်"စသည်ဖြင့် ပြန်လည်၍ ပြောပြတတ်ကြ၏။

ဤသို့သော အာရုံနိမိတ်တခုခုကို စွဲလမ်းယင်းပင် နောက်ဆုံး စုတိစိတ်ကလေး ချုပ်ပျက်လျက် သေသွား၏။ သေဆိုသည်မှာလည်း "ယခု ကြံသိလိုက် သည့် စိတ်ကလေးတခု ကုန်ဆုံးသွားခြင်းချိုးပင် ဖြစ်သည်။"

ထို့ကြောင့် ယခု ကြံသိနေသော ရှေးရှေးစိတ်များ ကုန်ဆုံးသွားတိုင်း ထိုစိတ်များ၏ အဟုန်ကြောင့် နောက်နောက်စိတ်များ မပြတ် ဆက်စပ်ကာ ဖြစ်နေသကဲ့သို့ စုတိစိတ်ကလေး ပြက်စဲသွားသည်နှင့် တပြိုင်နက်၊ "သေခါနီးက စွဲလမ်းခဲ့သည့်အာရုံကိုပင် ဆက်လက် ထင်မြင်လျက် ဘဝသစ် ဌာနစိတ် အသစ်စ၍ ဖြစ်ပေါ်လာ၏။ ၎င်းကို ရှေးဘဝနှင့် ဆက်စပ်၍ ဖြစ်သောကြောင့် ပဋိသန္ဓေစိတ်ဟု ခေါ်သည်။"

ဤအရာ၌ ရှေးဘဝက စွဲလမ်းခဲ့ရာကို ဆက်လက်၍ ထင်မြင်ပုံမှာ အိပ်မက် အထူးအဆန်းကို မြင်မက်ရာက နိုးလာသောသူက၊ ထိုအိပ်မက်ကိုပင် ဆက်လက် စဉ်းစားနေသည်နှင့်လည်း တူသည်။ အိပ်ရာက ထလာသော အခါ ပြုလုပ်ရန် ကြံရွယ်ထားသောအရာကို အိပ်ရာမှ နိုးလာသောအခါပြန်လည် သတိရလာသည်နှင့်လည်း တူ၏။"

ဤပဋိသန္ဓေစိတ်သည် ရုပ်ရှိသော ဘုံဌာန၌ဖြစ်လာလျှင်"သူ၏ တည်ရာ မှီရာများလည်း ကံကြောင့် သူနှင့်အတူ တပါတည်းပင် ဖြစ်ပေါ်လာကြ၏။"

ဤသို့ သန္ဓေစိတ် ဖြစ်ပေါ်လာလျှင် နောက်ကာလများ၌ သိစရာ၊ ထိစရာ၊ ကြားစရာ၊ မြင်စရာအာရုံများသို့ သိလျက်၊ ထိလျက်၊ ကြားလျက်၊ မြင်လျက်၊ စိတ်အမျိုးမျိုးတို့သည်လည်း ထိုက်သည့် အားလျော်စွာ ဖြစ်ကုန်၏။

ဤသည်ကား သတ္တဝါသေပြီး နောက်ဘဝသစ်၌ ဖြစ်လာပုံ အကျဉ်းချုပ်ပေတည်း။ ။

(၂) လူ့ဘဝ အမိဝမ်းတွင်း၌ ပဋိသန္ဓေ တည်ပုံကို ပါဠိကျမ်းဂမ်တို့၌ အောက်ပါအတိုင်း ပြထား၏။

(က) "မာတာပိတရောစသန္နိပတိတာဒဟာန္တိ" မိဘနှစ်ဦးတို့ သံဝါသပြုကြ၏။

(ခ) "မာတာစဥတုနီဟောတိ" မိခင်မှာလည်း ဥတုပန်းပွင့်၏။

(ဂ) "ဂန္ဓဗ္ဗောစပစ္စုပဋ္ဌိတောဟောတိ" သူငယ်လောင်းဖြစ်သူကလည်း အသင့်ရှိ၏။

ဝေတိဏ္ဏာသန္နိပါတာ ဂဗ္ဘဿာဝက္ကန္တိဟောတိ) ဤသို့ အင်္ဂါ သုံးပါးနှင့် ညီညွတ်လျှင် ကိုယ်ဝန်သန္ဓေတည်သည်။ (မ-၁၊ ၃၃၂)။

အထက်ပါ အင်္ဂါသုံးပါးတို့တွင် အမှတ် (က) အင်္ဂါမှာ အနောက်နိုင်ငံ ဆရာဝန်တို့၏ ကိုယ်တွေ့များ၊ ဆေးကျမ်းများနှင့် ညီနေသောကြောင့် အထူးပြောရန် မလိုပြီ။

အမှတ် (ခ) ဥတုပန်းပွင့်သည်ဟု ဆိုသော အင်္ဂါမှာ ယခုခေတ် အနောက်နိုင်ငံ ဆရာဝန်တို့၏ ကိုယ်တွေ့နှင့် ရက်အနည်းငယ် ကွာနေသကဲ့သို့ ရှိ၏။

သို့သော်လည်း အိုဗေရီခေါ် သားဥအိမ်မှာ အိုဗာခေါ် သားဥ ကျဆင်းခြင်းသည် ဥတုပန်းပွင့် ပြီးသောအခါ၌သာ ဖြစ်၏။

ဥတုပန်းမပွင့်သော အရွယ်မရောက်သေးသူ၊ အရွယ်လွန်သူတို့ကား မဖြစ်။ အရွယ်ရှိသောသူပင် ဖြစ်သော်လည်း ဥတုပန်းမပွင့်သူတို့၌ အများအားဖြင့် မဖြစ်ဟူသော အချက်မှာ တူညီမည်သာ။

ထို့ပြင် အိုဗာခေါ် သားဥကျဆင်းသည့် အချိန်ကာလကို သာမန်လူတို့ မသိနိုင်။ အနောက်နိုင်ငံ ဆရာဝန်တို့သိကြသည်မှာလည်း အနှစ်သက်တန်း (၁၀၀) ထက် ကြာမြင့်ဟန် မတူသေးပေ၊"

"ဂေါတမဘုရားလက်ထက် နှစ်ပေါင်း သက်တမ်း (၂၅၀၀) ကျော် သက်တန်းကမူ ထိုအကြောင်းကို ဆေးဆရာတို့ပင် အများအားဖြင့် သိကြဟန် မတူသေးပေ။"

"ထို့ကြောင့် အများမသိသော ထို အိုဗာကျဆင်းချိန်ကို မြတ်စွာဘုရားက သတ်မှတ်၍ဟောလျှင် ထိုစကားကို နားလည်ကြမည်မဟုတ်"

ဥတုပန်းပွင့်ပြီးလျှင် ပဋိသန္ဓေတည်နိုင်သည်ဟူသော အချက်ကိုကား ရှေးရှေးကာလကပင် အထင်အရှား သိနေကြ၏။ ထို့ကြောင့် လူအများ နားလည်နေသော ဥတုပန်းပွင့်ခြင်းပင် သတ်မှတ်၍ မြတ်စွာဘုရားက ဟောထားသည်ဟု ယူဆလျှင် ယခု ခေတ်ဆရာဝန်တို့၏ ကိုယ်တွေ့နှင့်လည်း ညီညွတ်သည်သာ။

"ဤအရာ၌ မြတ်စွာဘုရား၏ တရားတော်မှာ ဆေးကုရန် မဟုတ်သောကြောင့် အသေးစိပ်အားဖြင့် အတိအကျ ဟောရန် မလိုသည်ကိုလည်းကောင်း၊ အတိအကျ ဟောခဲ့စေကာမူ ပဋိသန္ဓေတည်မှုနှင့်စပ်၍ ရဟန်းသံဃာများမှာ ဆရာဝန်တို့၏ နည်းမျိုးဖြင့် လက်တွေ့စမ်းသပ် သင်ပြရန် မဖြစ်နိုင်သည်ကိုသည်းကောင်း၊ ထည့်သွင်း၍ စဉ်းစားသင့်၏။"

သူငယ်လောင်းကလည်း အသင့်ရှိနေသည် ဆိုသော အမှတ် (ဂ) အင်္ဂါ၌ မိဘနှစ်ပါးတို့ သံဝါသပြုနေဆဲမှာပင် အသင့်ရှိနေရမည်ဟူ၍ကား ဆိုလိုသည် မဟုတ်။

"အမှန်အားဖြင့်မူကား အမှတ် (က-ခ) အင်္ဂါများအရ သန္ဓေသား ဖြစ်ရန် အသင့်ရှိနေသော ကာလအတွင်းမှာ ထိုမိခင်၏ဝမ်း၌ ဖြစ်ထိုက်သောသူက ဘဝဟောင်းမှ စုတေလာခဲ့ခြင်း (သေလာခဲ့ခြင်း) ကိုသာ ဆိုလိုပေသည်။"

ထိုသူငယ်လောင်းသည် စပါမယ်တိုထွာခေါ် သုတ်ပိုး၏ ကိုယ်ထဲ၌ ဖြစ်ခဲ့သလော။ အိုဗာခေါ် သားဥထဲ၌ ဖြစ်ခဲ့သလော။ သို့မဟုတ် နှစ်မျိုးတို့ ပေါင်းစပ်ပြီးသော သားမျိုးရုပ်ထဲ၌ ဖြစ်ခဲ့သလောဟု စိစစ်ဖွယ်ရှိ၏။

သုတ်ထဲ၌ဖြစ်ခဲ့လျှင် အဖကိုသာ မှီရာရောက်၏။ သားဥထဲ၌ ဖြစ်ခဲ့လျှင် အမိကိုသာ မှီရာရောက်၏။ ထို့ကြောင့်—

"မာတာမေတ္တိကသမ္ဘဝေ၊ မိဘတို့၏ သုတ်သွေးကို မှီ၍ဖြစ်သည်ဟူသော သီလက္ခန်ပါဠိ စသည်နှင့်အညီ သုတ်ပိုးနှင့် သားဥ ပေါင်းစပ်ပြီးသော သားမျိုးရုပ်ထဲ၌သာ ဖြစ်သည်ဟုမှတ်အပ်၏"

ဤပါဠိ၌ အမိ၏သွေးဟူသည်မှာ အမိမှဖြစ်သော အိုဗာခေါ်သားဥပင်ဟု မှတ်အပ်၏၊ ထိုပဋိသန္ဓေတည်နိုင်သော ကာလကို အဋ္ဌကထာတို့၌ အောက်ပါအတိုင်း သတ်မှတ်ပြဆိုထား၏။

"သုဒ္ဒေဝတ္ထုမှိမာတာပိတုသုကေဝရံသန္ဒံပတိတေသု
ယာဝ သတ္တဒိဝါ သာနိခေတ္တမေဝ ဟောတိ
(ပဋ္ဌမ-၂၊ ၂၁၀)။"

"အမိပွာယ်မှာ၊ သားအိမ်၌ ဥတုသွေး စဉ်ကြယ်သောအခါ မိဘနှစ်ဦးတို့ တကြိမ်သံဝါသပြုထားလျှင်၊ (၇) ရက်ပတ်လုံး သန္ဓေတည်နိုင်သော ခေတ်ချည်း (အချိန်ချည်း) ဖြစ်သည်။ (ဘာသာပြန်)"

ယခုခေတ် အနောက်တိုင်း ဆရာဝန်တို့၏ စမ်းသပ်ချက်အရ အားဖြင့် လူ၏ သုတ်ပိုးများမှာ သားဥနှင့် မပေါင်းစပ်မိလျှင် (၄) နာရီမျှ ကြာသောအခါ သေကုန်ကြသည်ဟူ၍လည်းကောင်း၊ (၃၆) နာရီကြာသောအခါ သေကုန်ကြသည်ဟူ၍လည်းကောင်း၊ (၂-၃)ရက်ကြာသောအခါ သေကုန်ကြသည်ဟူ၍လည်းကောင်း၊ ပြဆိုထားကြသည်ကို တွေ့ရ၏။

"ထို့ကြောင့် ၎င်းပြဆိုချက်များနှင့် အဋ္ဌကထာ အဆိုကို နှိုင်းနှော၍ ယူလိုလျှင် အဘ၏သုတ်သည် အမိ၏ သားဥနှင့်နာရီ အနည်းငယ်အတွင်း ပေါင်းစပ်မိ၍ဖြစ်စေ၊ အလွန်ဆုံး သုံးရက်အတွင်း ပေါင်းစပ်မိ၍ဖြစ်စေ၊ သံဝါသပြုပြီးသည်မှ နောက် (၇) ခုနှစ်ရက်အတွင်း ပဋိသန္ဓေတည်နိုင်သည်ဟု ယူဆအပ်၏။"

၎င်းပြင် အထက်ပါ ပြဆိုချက်များကို ပို၍ ထင်ရှားစေရန် (ဂေါတမ ဘုရားအလောင်း) ပဋိသန္ဓေတည်နေပုံကို အောက်၌ ထုတ်ပြဦးအံ့။

## (မြတ်စွာဘုရား ပဋိသန္ဓေတည်ပုံ)

"ပဋိသန္ဓိံ ဝဏ္ဏေန္တော ပန အာသာဠှိ ပုဏ္ဏ
မာယံဥတ္တရာသာဠှနက္ခတ္တေန အဂ္ဂဟေသိ၊
တဒါကိရ မဟာမာယာ ပုရေပုဏ္ဏမာယ
သတ္တမဒိဝသတော ပဋ္ဌာယ ဝိဂတသုရာ
ပါနံ မာလာဂန္ဓာဒိ ဝိဘူတိသမ္ပန္နံ နက္ခတ္တ
ကီဠံ အနုဘဝမာနာ သတ္တမေ ဒိဝါသေ
ပါတော ရုဋ္ဌာယ ဂန္ဓောဒကေန နှာတွာ
ဟိတွာ သဗ္ဗာလင်္ကာရ ဝိဘူသိတာဝရ
ဘောဇနံ ဘုဥ္စိတွာ ဥပေါသ
ထင်္ဂါနိ အဓိဋ္ဌာယ သိရိဂဗ္ဘံ ပဝိသိတွာ
သိရိသယနေ နိပန္နာ နိဒ္ဒံ ဩက္ကမမာနာ

ဣလဒ်သုပိ အဒ္ဒသ။ (ပဌမ–၄–၁၂၄)၊

ဒိ၅-၂-၂၃-မှာလည်း အလားတူ ပြဆိုချက်ရှိ၏။

ပဋိသန္ဓေစွဲယူသော ဘုရားအလောင်းတော်သည် ဝါဆိုလပြည့်နေ့ ညဥ့်သန်းခေါင်အချိန်၌ ဥတ္တရာသန် နက္ခတ်နှင့် ယှဥ်လျက်စွဲယူ၏။

ထိုစဥ်အခါ၌ အမိမယ်တော်မာယာသည် ဝါဆိုလဆန်း (၈) ရက်နေ့မှ စ၍ ပန်းနံ့သာ စသည်ဖြင့် အလှအပပြင်ဆင်လျက်၊ သေ အရက် သောက်ခြင်းမပါသော ပျော်ပွဲကစားခြင်းကို ပြုလုပ်ခံစားလျက်၊ (၇) ရက် မြောက်ဖြစ်သော ဝါဆိုလပြည့်နေ့၌ နံနက်စောစောကပင် အိပ်ယာမှ ထကာ၊ နံ့သာရေဖြင့် ရေချိုးပြီးလျှင်၊ အလုံးစုံသော အဆင်းတန်ဆာတို့ဖြင့် ဆင်ယင်လျက်၊ ကောင်းမြတ်သော စားဘွယ်ကို စားပြီးလျှင်....

"ဥပုသ်အင်္ဂါတို့ကို ဆောက်တည်၍ ကျက်သရေရှိသောတိုက်ခန်းသို့ဝင်ကာ၊ ကျက်သရေရှိသော အိပ်ယာ၌လျောင်းလျက်၊ အိပ်ပျော်နေစဥ်မှာ သန္ဓေတည်ကြောင်းကိုပြသော ဤအိပ်မက်ကို မြင်မက်လေသည်။"

အထက်ပါအဌကထာ၌–

"ဘုရားအလောင်း မယ်တော်သည် ဝါဆိုလဆန်း (၈) ရက်နေ့မှစ၍ လဆန်း (၁၄) ရက်နေ ညဥ့်တိုင်အောင် ပျော်ပွဲကစားခဲ့သည်။ လပြည့်နေ့မှာ ဥပုသ်စောင့်သုံးနေသည်။ ဤ ညဥ့်သန်းခေါင်အချိန်မှာ ဂေါတမဘုရားအလောင်း ပဋိသန္ဓေစွဲကပ်တည်နေသည်ဟု ဆိုသော အချက်ကို အထူးသတိပြု မှတ်သားအပ်၏၊"

"ထိုတွင် ပျော်ပွဲစားစဥ် (၆) ရက်အတွင်း၌ ဥပုသ်မစောင့်သေးသောကြောင့် ဘုရားအလောင်း၏ ခမည်းတော်နှင့် ဆက်ဆံမှု ရှိနိုင်၏။ သို့သော် ထိုရက်များအတွင်းက ပဋိသန္ဓေမတည်ခဲ့သေး၊"

ဗုဒ္ဓဘာသာကျမ်းဂန် ဝေါဟာရအားဖြင့် စပါမယ်တို့ထွာခေါ် သတ်ပိုးများမှာမူ ထိုရက်များအတွင်းကပင် မယ်တော်၏ ဝမ်းတိုက်၌ ကိန်းအောင်းလျက် ရှိခဲ့သည်ဟု သိအပ်၏၊"

"ဥပုသ်စောင့်သော နံနက်အချိန်မှစ၍ ပဋိသန္ဓေတည်သော ညဉ့်သန်းခေါင်အချိန်တိုင်အောင် (၁၈) နာရီခန့် ရှိမည်၊ ထို (၁၈) နာရီခန့်အတွင်းမှာ ဖြစ်စေ၊ ထိုထက် စောစောအချိန်နာရီများ အတွင်းက ဖြစ်စေ၊ ပါဠိကျမ်းဂန် ဝေါဟာရအားဖြင့်သောဏိတ (သွေး)။ ဆရာဝန်တို့၏ဝေါဟာရအားဖြင့် အိုဗာ (သားဥ) သည် မယ်တော်၏ သားအိမ်မှ ကျခဲ့၍ ခမည်းတော်၏ သုတ်ပိုးနှင့် ပေါင်းစပ်မိပြီး ဖြစ်ရမည်၊"

ထိုနှစ်ပါးစုံ ပေါင်းစပ်မိပြီးဖြစ်သော သန္ဓေမျိုး ရုပ်ထဲ၌ ဘုရားအလောင်း၏ မေတ္တာရှေ့သွားရှိသော—

"ကာယဒသက။ ဘာဝဒသက၊

ဝတ္ထုဒသကခေါ် (Cell) ကလာပ် (၃) စီး၊

ရုပ်ပေါင်း (၃၀) နှင့် တကွ ဘုရားအလောင်း၏ ပဋိသန္ဓေ စိတ်ဖြစ်ပေါ်ခဲ့သည်ဟူ၍လည်းကောင်း၊ တည်ရာ မှီရာ ဖြစ်သော သုတ်သွေး နှစ်ဦးစပ် သားမျိုးရုပ်နှင့်တကွ (Cell) ကလာပ် (၃) စီး၊ ရုပ်ပေါင်း (၃၀) ကို (ကလလရေကြည်) ခေါ်သည်ဟူ၍ လည်းကောင်း ယူအပ်၏။

သို့ အထက်ပါ ဂေါတမ ဘုရားအလောင်း ပဋိသန္ဓေ တည်ပုံကို ထောက်ဆ၍ အမိဝမ်း၌ ပဋိသန္ဓေတည်သောအချိန်ကို အောက်ပါအတိုင်း သတ်မှတ်ပိုင်းခြားမှတ်ထား၏။

## (သန္ဓေတည်ချိန်)

ရှေ့၌ပြခဲ့သော ပဋိသန္ဓေတည်ခြင်း၏ အင်္ဂါ သုံးပါးတို့တွင် မိဘနှစ်ဦး သံဂါသပြုခြင်းဟူသော ပဌမအင်္ဂါဖြင့် မျိုးစေ့သုတ်ပိုးရခြင်းကိုသာ ပြ၏။ ထိုအခိုက်မှာပင် သန္ဓေတည်သည်ဟူ၍ကား မဆိုလို။

မိခင်မှာ ဥတုပန်းပွင့်သည်ဟူသော ဒုတိယ အင်္ဂါဖြင့် ဥတုသွေးစင်ပြီး နောက်သား ဥရရှိခြင်းကိုသာ ပြ၏။ ထိုဥတုပန်းပွင့်ဆဲမှာပင် သန္ဓေတည်သည်ဟူ၍ကား မဆိုလို။

"ဤသို့ သုတ်ပိုးနှင့် သားဥနှစ်ခုလုံး ပြည့်စုံ၍ ၎င်းတို့ပေါင်းစပ်မိလျှင်၊ ထိုအခါမှစ၍—

"ငင်းသန္ဓေမျိုး ရပ်တည်နေစဉ်အတွင်း ထိုမိခင်၏ဝမ်း၌ ဖြစ်ထိုက်သော သတ္တဝါက ဘဝဟောင်းမှ သေလာသည့် အချိန်မှာ ပဋိသန္ဓေတည်သည်ဟု မှတ်အပ်၏။"

**ရှင်းမှတ်ချက်။** ။ သုတ်ပိုးနှင့် သားဥပေါင်းစပ်မိသောအခါမှာ လက်တွေ့ စမ်းသပ်ထားသော ဆရာဝန်တို့၏ အတိအကျပြဆိုချက်အတိုင်း ဓမ္မတာသွေးစ၍ ပေါ်သည်မှ(၁၃) ရက်မြောက်၊ (၁၄) ရက်မြောက်ကိုပင် ယူသင့်၏။

သို့ရာတွင် ထိုသို့ သားဥအိမ်မှ ကျဆင်းပြီးသော သားဥသည် နောက်တကြိမ် ဓမ္မတာသွေးပေါ်လာပြီးသည့်တိုင်အောင် မပျက်ပဲ တည်နေသည် လည်း တခါတရံရှိတတ်သေးသည်ဟု ဆရာဝန်တို့က ဆိုပြန်သောကြောင့် ဥတုသွေးစင်ကြယ်ကာစ၌လည်း၊ သုတ်ပိုးနှင့် ထိုသားဥပေါင်းစပ်မိခြင်းဖြစ်နိုင်သေးသည် ဟူ၍လည်း မှတ်အပ်၏။ ။

ဤအရာ၌ သန္ဓေတည်၍ ကြီးပွားလာပုံကို ဗုဒ္ဓဘာသာတရားတော်အရအားဖြင့်လည်းကောင်း။ ယခုခေတ် ဆေးပညာအရအားဖြင့် လည်းကောင်း၊ အကျဉ်းချုပ်ထုတ် ဖော်ပြလျက်အောက်၌ ဆက်၍ နှိုးနှောဦးအံ့။

## (ဗုဒ္ဓတရားတော်အရ ဖော်ပြချက်)

(၁) "ပဌမံ ကလလံ ဟောတိ"

ရှေးဦးစွာ ကလလရေကြည် ဖြစ်ပေါ်လာသည်၊

(၂) "ကလလာ ဟောတိအဗ္ဗုဒံ"

ကလလရေကြည်မှ အသားဆေးရေအရောင်ရှိသော အမြှုပ် ဖြစ်လာသည်။

(၃) "အဗ္ဗုဒါဇာယတေပေသိ"

အမြှုပ်မှ ပြေပ်ရည်နှစ်ကဲ့သို့ သားတစ်ဖြစ်သည်။

(၄) "ပေသိနိဗ္ဗတ္တ တေဃနော"

သားတစ်မှ အဆိုင်အခဲ ဖြစ်လာသည်။

(၅) "ဃနာ ပသာခါဇာယန္တိ"
အစိုင်အခဲမှခေါင်း၊ လက်၊ ခြေ၊ ခက်မ ငါးခု ဖြစ်လာသည်။

(၆) "ကေသာလောမာနခါပိစ"
ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်းများလည်း ဖြစ်လာကြသည်။ (သံ–၁၊ ၂၀၀)။

အထက်ပါအကြောင်းအရ "ကလေးငယ်သည် အမိဝမ်းတွင်း၌ ကိုယ်အင်္ဂါအစိပ် အပိုင်း အပြည့်အစုံ တပြိုင်နက် ဖြစ်ပေါ်လာသည်"ဟု အယူမှားသောသူများအားဝေါ်တမမြတ်စွာဘုရားက ဖြေရှင်းဟောပြသောတရားတော် ဖြစ်သည်။

ဤဘုရားတော်၌ ကလလရေကြည်က ရက်ပေါင်းမည်မျှ၊ အမြှုပ်က ရက်ပေါင်းမည်မျှ စသည်ဖြင့် အပိုင်းအခြားမပါ၊ ဖြစ်စဉ်သက်သက်ကိုသာ ပြထားသည်။

**ရင်းပြင်အဋ္ဌကထာတို့၌ကား—**

(၁) ကလလရေကြည် (၇) ရက်

(၂) အမြှုပ် (၇) ရက်။

(၃) သားတစ် (၇) ရက်။

(၄) အစိုင်အခဲ (၇) ရက်။

(၅) ခက်မငါးခု (၇) ရက်။

(၆) ဆံပင်မွေးညှင်း စသည်တို့မှာ ရက်သတ္တ(၄၂) ပတ်၌ဖြစ်ကြကုန်သည်။

(၇) ပစ္ဆိမ ဘဝိက ဘုရားအလောင်းတော်ကဲ့သို့ (၁၀) လပင်မွေ့နေရသောသူကို ရည်ရွယ်၍ (၄၂) ပတ်အတွင်း၌ဖြစ်သည်ကို ဆိုလိုဟန်ရှိသည်။

(ယခုခေတ် ဆေးပညာအရ ဖော်ပြချက်)

(၁) ရက်သတ္တ (၃) ပတ်တိုင်အောင် သားဥသည်သားအိမ်၌ မတွယ်မိသေး။ စတုတ္ထ (၄) ပတ်မှာ သားအိမ်တွင်တွယ်မိသည်။ သားဥမှာ ပကတိ မျက်စိဖြင့် ကောင်းစွာမမြင်နိုင်အောင် အလွန်သေးငယ်လျက် ရှိသေးသည်။

(၂) ပဥ္စမ (၅) ပတ်အတွင်းမှာ ကျောရိုးဆက် ငါးခုမှ ရှစ်ခုအထိ ဖြစ်လာသည်။ သားကောင်၏ အရှည်မှာ တလက်မ၏ (၁၂–ပုံ–၁–ပုံ) ဆယ့်နှစ်ပုံ တပုံရှိသည်၊

(၃) ဆဋ္ဌမ (၆) ပတ်အစမှာ ဦးခေါင်းသဏ္ဌာန် ပေါ်လာသည်။ ၎င်းမှာလည်း ကိုယ်ပိုင်းထက် ကြီးလျက်ရှိ၏၊ နှစ်လုံးသားကိုလည်း တွေ့မြင်နိုင်၏။

၎င်း (၆) ပတ်အကုန်မှာ ကျောရိုးအကုန်စုံသည်။ ခြေလက်များ ထွက်ပေါ်စပြုလျက်ရှိ၏။ မျက်လုံးဖြစ်မည့်နေရာ အရေခွံများတွင် နိမ့်ခွက်လာ၏၊ ကိုယ်အရှည် တလက်မ၏ (၄–ပုံ–၁–ပုံ) လေးပုံတပုံ ရှိသည်။

(၄) သတ္တမ (၇) ပတ်မှာ ရင်ဗတ်ဝမ်းဗိုက် အပြည့်အစုံ ဖြစ်လာသည်။ ခြေချောင်းလက်ချောင်းများ ပေါ်လွင်စပြုလာသည်။ မျက်လုံးများ ပြတ်သား ထင်ရှားလာသည်။ ကိုယ်အရှည် တလက်မခွဲမှ နှစ်လက်မ ရှိသည်။

(၅) အဋ္ဌမ(၈) ပတ်၌ မျက်နှာအင်္ဂါများ ပေါ်လွင်လျက်ရှိသည်။ နားရွက်လည်း ထွက်ပေါ်လာသည်။ ကိုယ်အရှည်တလက်မ၏ (၈–ပုံ–၇–ပုံ) ရှစ်ပုံခုနစ်ပုံ ရှိ သည်။

(၆) နဝမ (၉) ပတ်၌ ကိုယ်အရှည် တလက်မနှင့် ငါးပုံတပုံ ရှိသည်။

(၇) ၃–လ အကုန် (၁၃) ပတ်ခွဲမှာ လက်ချောင်းခြေချောင်းများ ပြည့်ဝလျက် လက်သည်း ခြေသည်းများ ပေါက်လာသည်၊

နားရွက်များ ပြည့်ဝပြီး၊ လိင်အင်္ဂါများ ထင်ရှားလာသည်၊ ကိုယ်အရှည်သုံးလက်မ (၃)လက်မရှိသည်။

(၈) ၄–လအကုန်(၁၈)ပတ်၌ ကလေးလှုပ်ရှားသည်ကို မိခင်က တွေ့ရသည်၊ နှစ်လုံးခုံသည်ကိုလည်း ကြားရသည်။

ထို့ကြောင့် ဆရာဝန်တို့ကဤအခါ၌ကလေး အသက်ဝင်သည်ဟု အသိအမှတ်ပြုကြသည်၊

ကလေး၏ တကိုယ်လုံးမှာ မွေးညှင်းနုကလေးများ ပြည့်လျက်ရှိသည်၊ မျက်ခုံးမွေး မျက်တောင်မွေးများလည်း ပေါက်လာသည်။ ကိုယ်အရှည် ရှစ်လက်မခွဲရှိသည်။

(၉) ၅-လကုန် (၂၂) ပတ်ခွဲမှာ ဆံပင်များ ပေါက်လာသည်။ ကိုယ်အရှည် (၁၂) လက်မရှိသည်။မွေးလျှင် မီးနစ်အနည်းငယ်မျှသာ အသက်ရှင်မည်၊ မည်သည့်အခါမျှ အဖတ်မတင်နိုင်။

(၁၀) ၆-လကုန် (၂၇)ပတ်မှာ မျက်လုံးများ ပွင့်လာသည်။ ကိုယ်အရှည်(၁၄)လက်မရှိသည်။မွေးလျှင် နာရီ အနည်းငယ်သာ အသက်ရှင်မည်။

(၁၁) ၇-လကုန် (၃၁)ပတ်တွင် မွေးသော ကလေးမှာ အသက်ရှင်ရန်အကြောင်း အသင့်အတင့် ရှိသည်။ ကိုယ်အရှည် (၁၆) လက်မရှိသည်။

(၁၂) ၈-လကုန် (၃၅) ပတ်၌ မွေးသော ကလေးမှာ အသက်ရှင်ရန် အကြောင်းများစွာရှိသည်၊ ၈-လဖွား ကလေးအသက်မရှင်ဟုဆိုသော ရှေးအယူ ဝါဒမှားသည်။ ကိုယ်အရှည် (၁၈) လက်မ ရှိသည်။

(၁၃) ၉-လကုန် ရက်သတ္တ (၄၀) မှာ နေ့စေ့လစေ့ ဖြစ်သည်။ ကလေး၏ ကိုယ်အရှည်မှာ လက်မ (၂၀) ရှိသည်။

ဤကား ယခုခေတ် ဆေးပညာအရ မိခင်နှင့် ပဋိသန္ဓေခေါ် စာအုပ်၌ ဖော်ပြထားသော သန္ဓေသားကြီးပွားပုံအကြောင်း အကျဉ်းချုပ်ဖြစ်သည်။

## (ဗုဒ္ဓတရားတော်နှင့် ယနေ့ဆေးပညာ နှိုင်းယှဉ်ဖြေကြားချက်။)

အထက်ပါ ဗုဒ္ဓတရားတော် ပြဆိုချက်နှင့် ဆေးပညာပြဆိုချက်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက၊ တရားတော်က သန္ဓေရုပ် ကြီးပွားလာပုံကိုအစ ပိုင်း၌ (ကလလ အဗ္ဗုဒ ပေသိ၊ ဃန) ဟု လေးပိုင်းပြထားသည်။

ဆေးပညာအရ ထိုကဲ့သို့ ပြထားသည်ကို မတွေ့ရသော်လည်း သဘောအားဖြင့် တူညီဘွယ်ရှိ၏။ ထို့ပြင် တရားတော်က (ဃန) မှ ခေါင်း၊ လက်၊ ခြေ၊ ခက်မငါးခု ပေါ်လာသည်ဆိုသော စကားနှင့် ဆေးပညာက ဆဋ္ဌမ (၆) ပတ်အကုန်မှာ လက်ခြေများ ပေါ်လာသည်ဟု ပြဆိုချက်မှာ ညီညွတ်လျက်ရှိ၏။

ပဉ္စမ (၇) ပတ်မှာ၊ ခက်မငါးခု ပေါ်လာသည်ဟု ဆိုသော အချက်နှင့် အဋ္ဌမ (၈) ပတ်မှာ ဆေးပညာပြဆိုချက်နှင့် အနည်းငယ် ကွဲလျက်ရှိ၏။

သို့သော်လည်း ပဉ္စမအဆုံးနှင့် အဋ္ဌမ အစမှာ တဆက်တည်းပင် မသိမသာဖြစ်စပြုလာသည်လည်း ဖြစ်နိုင်သောကြောင့် အတော်အတန် ညီညွတ်သည်ဟု ဆိုသင့်၏။

> "သိသိသာသာ ကွဲလွဲနေသော အချက်မှာ အသက်ဝိညာဉ်ပေါ်လာသော အချိန်ပင်ဖြစ်၏၊ ၎င်းကိုလည်းအောက်ပါအတိုင်း ညှိယူသင့်၏။"
>
> "စိတ်ဝိညာဉ်သည် အလွန်သိမ်မွေ့၏၊ ပကတိ မျက်စိဖြင့်လည်းကောင်း၊ မှန်ဘီလူးဖြင့်လည်းကောင်း ကြည့်၍မရ မမြင်နိုင်။ အဘိညာဉ်၊ ဝိပဿနာစသော ပညာမျက်စိဖြင့်သာလျှင် မြင်သိနိုင်ပေသည်။"

ထို့ကြောင့် ဂေါတမ မြတ်စွာဘုရားက ပညာမျက်စိဖြင့် သိတော်မူသည့်အတိုင်း မိဘတို့၏ သုတ်သွေးဥနှင့်တကွ ကမ္မဇရုပ် (၃၀) သုံးဆယ်ဟူ

သော ကလလ ရေကြည် ရုပ်ထဲမှာ ပဋိသန္ဓေ ဝိညာဉ်စ၍ ဖြစ်သည်ဟု ဟော ထားခြင်းဖြစ်ပေသည်။

"ထိုစဉ်အခါမှာ လှုပ်ရှားခြင်းမှာလည်း စိတ်ရောရုပ်ပါနှစ်ပါးလုံး အား ရှိသည့်အခါ၌သာ လှုပ်ရှားနိုင်သည်"

"အားမရှိသေးစဉ်အခါ၌ မိန်းမော တွေဝေနေသော သူကဲ့သို့ပင် မလှုပ်ရှားနိုင်။ ကလလ ရေကြည်စသောသူငယ်၏ ရုပ်မှာ မိန်းမော တွေဝေ နေသူ၏ ရုပ်ထက်ပင် သိမ်မွေ့ လျက် အားနည်းနေသေး၏။ ထို့ကြောင့်လေး လအတွင်း၌ အသက်ဝိညာဉ်ရှိသော်လည်း မလှုပ်ရှားပဲ ရှိခဲ့ပေသည်။"

ဆရာဝန်တို့မှာမူကား သူငယ်၏ အလွန်သိမ်မွေ့သော ထိုပဋိသန္ဓေစိတ် ဝိညာဉ်ကိုလည်းကောင်း၊ လူကြီးတယောက် ၏ ထိုမျှလောက် မသိမ်မွေ့သော ဝိညာဉ်ကိုလည်းကောင်း၊ မည်သည့်စိတ်ဝိညာဉ်ကိုမျှ မတွေ့မမြင်နိုင်ကြ။ ရုပ်အမူအရာ ကိုသာ တွေ့မြင်နိုင်ကြ၏။"

ထို့ကြောင့်ကလေးသူငယ်၏ လှုပ်ရှားခြင်း၊ နှစ်လုံးခုံ ခြင်းကိုသာလျှင် အထောက်အထားပြု၍ လေးလ (၄) လရှိ မှ အသက်ဝင်သည်ဟု သတ်မှတ်ထားကြခြင်း ဖြစ်ပေသည်။"

"ထိုသတ်မှတ်ချက်ကိုလည်း စီစစ် ကြည့်သင့်သေး၏။ အသက်ဝင်သည်နှင့်တပြိုင်နက်ပင် လှုပ်ရှားသလော၊ သို့မ ဟုတ် အသက်ဝင်ပြီးနောက်။ စက္ကန့်၊ မိနစ်ပိုင်းမည်မျှကြာမှ လှုပ်ရှားသနည်းဟု စီစစ်ကြည့်သင့်၏၊"

"ထိုသို့စီစစ်ကြည့်လျှင် အတိအကျပြောဆိုရန် ခဲယဉ်း ပေလိမ့်မည်။ ထို့ကြောင့် လှုပ်ရှားမှ အသက်ဝင်သည်ဟု ယူဆချက်ကို တိကျမှန်ကန်ပြီဟု မဆိုနိုင်"

ထို့ပြင် စိတ်ရွှင်လန်းလျှင် ရုပ်ရွှင်လန်းသည်။ စိတ်ညှိုးနွမ်းလျှင် ရုပ်ညှိုးနွမ်းသည်။ ထို့ကြောင့် လေးလမပြည့်မီက သန္ဓေရုပ်၌ ရွှင်လန်းမှု၊ ညှိုးနွမ်းမှု၊ အပြောင်းအလဲကို စမ်းသပ် ကြည့်ရှုခြင်းဖြင့်၊ ထိုစဉ်ကာလက စိတ်ဝိညာဉ်ရှိ–မရှိကို ဆုံးဖြတ်နိုင်ရာ၏။

"ယခုခေတ်၌ ထိုရုပ်အပြောင်း အလွဲကို မမြင်သေးလျှင်၊ နောင်တခေတ်၌ မြင်နိုင်သူတို့ ပေါ်လာဘွယ်ရှိ၏၊"

"ထို့ပြင် (၁) မိဘနှစ်ပါးတို့ သံဝါသ မပြုခြင်၊ (၂) မိခင်မှာ ဥတုပန်း ပွင့်ခြင်းဟူသော အင်္ဂါနှစ်ပါးရှိသော်လည်း၊ သူငယ်လောင်းက မရှိလျှင် ပဋိသန္ဓေမတည်နိုင်ဟု (မ–၁၊ ၃၃၂) မှာပင် ဆိုထား၏"

"၎င်းပြင် သုတ်ပိုးနှင့် သားဥတို့ ပေါင်းစပ်မိသော်လည်း သူငယ်လောင်း၏ စိတ်ဝိညာဉ် မဝင်ရောက်သေးလျှင်၊ ၎င်းသားမျိုး ရုပ်ပျက်စီးသွားသည်ဟု ဆိုလိုသောကြောင့် စပါမယ်တို့ထွာနှင့် အိုဗာတို့ ပေါင်းစပ်ပြီးမှ (၇) ရက်အတွင်း မှာ ပျက်စီးခြင်း ရှိမရှိကို ကြည့်ရှု၍လည်း ကလလ ရေကြည် အခိုက်က ဝိညာဉ်အသက်ဝင် မဝင်ကို သိနိုင်ရာ၏။

"အကြမ်းအားဖြင့် ပြရလျှင် ပစ္စည်းမဲ့ လူဆင်းရဲများမှာ သားသမီးပေါများ၏။ ပစ္စည်းရှိသူ လူချမ်းသာများမှာ သားသမီးနည်းပါး၏။

"ထိုသို့ဖြစ်ရခြင်းမှာ မိဘများ၏ ဗီဇ မျိုးစေ့ ရုပ်ကြောင့်ချည်းမဖြစ်တန်ရာ၊ လူချမ်းသာဖြစ်ရန် ကုသိုလ်ကံရှိသူတို့ နည်းပါးသောကြောင့်လည်း ဖြစ်သည်ဟု ဗုဒ္ဓတရားတော်အရ ယူဆအပ်၏၊"

သို့ဖြစ်၍ ပြဆိုခဲ့သော အကြောင်းများကို ထောက်ဘသောအားဖြင့် လေးလမတိုင်မီက သန္ဓေရုပ်မှာ၊ လှုပ်ရှားခြင်းများ မရှိသေးသော်လည်း–

"ဗုဒ္ဓဂေါတမ မြတ်စွာဘုရား ဟောကြားထားသည့် အတိုင်းပင်၊ သုတ်နှင့် သွေးဥတို့ ပေါင်းစပ်မိပြီးနောက် (၇) ရက်အတွင်း ကလလရေကြည် အခိုက်ကပင် ပဋိသန္ဓေ ဝိညာဉ်စိတ်စ၍ ဖြစ်ပေါ်ခဲ့သည်၊"

"လေးလရှိသောအခါ လှုပ်နိုင်အောင် ကိုယ်အင်္ဂါများ နှစ်လုံးသွေးကြောများပြည့်စုံလာသောကြောင့် ယိုအခါ

ကျမှ လှုပ်ရှားသည်။ နှစ်လုံးသွေးခုန်သည်ဟု မှတ်ယူအပ်၏။”

၄င်းပြင် ရှေ့၌ ပဋိသန္ဓေတားဆီးရေး ကိစ္စ၌လည်း အောင်မြင်သော်လည်း၊ ၄င်းကို လူတိုင်းက အသုံးပြုကြမည် မဟုတ်၊ ထို့ကြောင့်—

“လူဖြစ်ရန် ကံရှိသူတို့မှာ ၄င်းတို့၏ ကံအားလျော်စွာ ဖြစ်စရာအခြားမိခင်၌ ဝင်ရောက်နေမည်သာ။”

“အချို့မှာ လူဖြစ်ခွင့် မရပဲ ရှိမည်မဟုတ်လောဟု မေးစရာရှိပါ၏။ သို့သော် ထိုသို့ ဖြစ်ခွင့်မရကြသောသူတို့မှာ လူဖြစ်ရန် ကံမခိုင်လုံသောကြောင့် ဟု ယူရမည်။ ဥပမာ လူဖြစ်ရပါသော်လည်း အမိဝမ်းတွင်းမှာပင် ပျက်စီးရသောသူများ၊ မွေးပြီးနောက် မကြာမီပင် ပျက်စီးရသောသူများကဲ့သို့ပင် မှတ်ရာ၏။”

ဤနေရာ၌ ပဋိသန္ဓေတားဆေးကို သုံးသောသူအား ဗုဒ္ဓတရားတော်အရ ပါဏာတိပါတကံ ထိုက်မထိုက်ကို မေးဘွယ်ရှိသေး၏။ အဖြေမှာ—

“အသက် ဝိညာဉ် ရောက်လျက် ပဋိသန္ဓေတည်ပြီးမှ သေပျက်စေသည့် ဆေးဖြစ်လျှင်၊ သို့မဟုတ် ဖျက်ချလျှင် ပါဏာတိ ပါတကံထိုက်၏။”

“သို့မဟုတ်ပါပဲ အဘ၏ သုတ်ဓာတ်ကိုပျက်စီးစေ၍ ဖြစ်စေ၊ အမိ၏ သွေး(သားဥ) ကို ပျက်စီးစေ၍ ဖြစ်စေ၊ ပဋိသန္ဓေတည်ခြင်းပင် လုံးလုံးကင်းစေသော ဆေးဖြစ်လျှင်ကား၊ ဗုဒ္ဓတရားတော်အရ ပါဏာတိပါတကံ ထိုက်သည်ဟု မဆိုနိုင်”

အကြောင်းမှာ ပါဏာတိပါတအရာ၌—

(၁) အသက်ခံရသော အရာမှာ သတ္တဝါဟုတ်ခြင်း။
(၂) သတ်သူက ၄င်းကို သတ္တဝါဟု အမှတ်ရှိခြင်း။
(၃) သေစေလိုခြင်း။
(၄) သေအောင်ပြုလုပ်ခြင်း။
(၅) ၄င်းသတ္တဝါသေခြင်း။

ထိုအချက်အင်္ဂါ (၅)ပါးနှင့်စုံလင်မှပါဏာတိပါတကံထိုက်သည်။ (သူတပါးအသက်ကို သတ်ရာ ကြုံးလွန်ရာရောက်သည်။)

ပဋိသန္ဓေအရာ၌ စပါမယ်တိုထွာကို လှုပ်ရှားသွားလာခြင်း၊ ပိုးကောင်နှင့် သဏ္ဍာန်အလား တူခြင်းတို့ကြောင့်၊ ဆေးပညာအရ သုတ်ပိုးဟု ခေါ်ထားသော်လည်း စိတ်ဝိညာဉ်ရှိသည်ဟု မဆိုနိုင်သောကြောင့်၊ ၎င်းကို ဗုဒ္ဓတရားတော်အရ သတ္တဝါဟုအသိအမှတ်မပြု—

ထို့အတူပင် အိုဗာခေါ် သားဥသက်သက်ကိုလည်း သတ္တဝါဟု အသိအမှတ်မပြု။ ထို့ကြောင့် ပထမအင်္ဂါချို့ယွင်းလျက်ရှိ၏။ သုတ်ပိုးနှင့်သားဥတို့ စောစောက ပျက်စီးနေလျှင်၊ ပေါင်းစပ်နိုင်ခွင့် ပဋိသန္ဓေ ဝိညာဉ်တည်နိုင်ခွင့် မရှိတော့ပြီ။

ပဉ္စမအင်္ဂါချို့ယွင်းလျက်ရှိပြန်၏။ ဤသို့ပထမနှင့် ပဉ္စမ အင်္ဂါနှစ်ပါး ချို့ယွင်းသောကြောင့် ပဋိသန္ဓေတည်နိုင်ခွင့်ပင် မရှိအောင် တားဆီးထားသော ဆေးကို စားသုံးသူအား ပါဏာတိ ပါတကံ ထိုက်သည်ဟု မဆိုနိုင်။

"ဥပမာ သားသမီး မရလိုသောကြောင့် သံဝါသ မပြုပဲ ရှောင်ကျဉ်နေသူအား ပါဏာတိပါတကံ ထိုက်သည်ဟု မဆိုနိုင်သကဲ့သို့ မှတ်ရာ၏"

၎င်းပြင် ရှေးက ပြဆိုခဲ့ပြီးသော ဘဝသစ် တည်ပုံကိုလည်း ဆက်၍ ရှင်းဦးအံ့၊ ပဋိသန္ဓေတည်ခြင်းမျိုးသည် လေးမျိုးရှိ၏။

(၁) ဥပပတ် ပဋိသန္ဓေ။

(၂) သံသေဒဇပဋိသန္ဓေ။

(၃) အဏ္ဍဇ ပဋိသန္ဓေ။

(၄) ဇလာဗုဇပဋိသန္ဓေ။

ထိုတွင်—

(၁) ဥပပတ် ပဋိသန္ဓေစိတ်နှင့် တပါတည်းပင် တကိုယ်လုံးရုပ်တွေ အပြည့်အစုံ တပြိုင်နက် ဖြစ်ပေါ်ကြ၏။ တနေရာရာမှ ကျလာသကဲ့သို့ ဘွားကနဲ ဖြစ်ပေါ်လာ၏၊ ၎င်းမှာ မည်သည့်အရာကိုမှ မမှီပဲ ကံသက်သက်ကြောင့် ဖြစ်ပေါ်လာလေသည်။

နတ်ပြဟ္မာတို့၏ ပဋိသန္ဓေမျိုးတည်း၊ ၎င်းနတ်ပြဟ္မာတို့၏ ရုပ်မှာ

လူတို့ တွေ့နေရသော လေရုပ်များထက်ပင် သိမ်မွေ့သေး၏၊ ထို့ကြောင့် ၎င်းတို့ကို လူတို့မျက်စိဖြင့် မမြင်နိုင်။

ပြဟ္မာတို့မှာ လူတို့ကဲ့သို့ ယောကျ်ားမိန်းမ လိင်အင်္ဂါမရှိ။ ကာမရာဂ စိတ်လည်းမရှိ၊ ဒေါသစိတ်လည်းမရှိ၊ သို့သော် ကိုယ်အနေအထားမှာ ထွား ကြိုင်းခံ့ညားရှိ ယောကျ်ားအသွင် ဖြစ်၏။

ဥပပတ် နတ်များမှာ သားသမီးရှိကြ၏။ ၎င်းသားသမီးတို့မှာ ရင်ခွင် ထဲ၌ ဖြစ်ပေါ်လာကုန်၏။ ဇနီးသည် နတ်မိန်းမတို့မှာ အိပ်ယာပေါ်၌ ဖြစ် လာ၏။ အလုပ်အကျွေး အခြွေအရံတို့မှာ အိပ်ယာဘေးပတ်လည်၌ ဖြစ်လာ ကုန်၏။

(၂) သံသေဒဇ ပဋိသန္ဓေမှာ အသီး၊ အပွင့်၊ ရေညှိ၊ အပုတ်ညှိ စသည်တို့ကို စွဲမှီ၍ ဖြစ်၏။ ပိုးလောက်လား စသည်တို့၏ ပဋိသန္ဓေတည်း။ ၎င်းပဋိသန္ဓေ ရုပ်နာမ်မှာ အညှိတမျိုးမျိုးကို အမှီရမှ ဖြစ်နိုင်သည်။ သန့်ရှင်း ချောက်သွေ့နေသော ပန်းကန်ပြား စသည်၌ကား မဖြစ်နိုင်၊'

(၃) အဏ္ဍဇ—ဥ၌ဖြစ်သော ပဋိသန္ဓေနှင့် (၄) ဇလာဗုဇအ အချင်း၌ ဖြစ်သော ပဋိသန္ဓေတို့မှာ မိဘတို့၏ သုတ်သွေးကို အမှီရမှ ဖြစ် နိုင်သည်။

၍အရာ၌ မှီရာ ရုပ်ရှိလျှင် ၎င်းကို မှီ၍ စိတ်ကမ္မဇရုပ် ဖြစ်နိုင်ပုံမှာ—

"လူနာတို့၏ကိုယ်၌အသားအစားထိုးပေးခြင်းဖြင့် ထင်ရှား၏။ ဆရာဝန်တို့သည် လူနာ၏ ကိုယ်မှ အူ စသော မကောင်းသော အ သားကို ထုတ်၍ ကောင်းသော အသားကို အခြားလူ၏ ကိုယ်မှ ယူ၍ ထည့်ပေးကြ၏။"

"ထိုအသားသစ်မှာ အခြားသူထံမှထုတ်ယူပြီးသော ကာလက (ကာယပသာဒ)ခေါ် ကမ္မဇရုပ် မရှိတော့ပြီ။ ဥတုဇ သက်သက်သာ ရှိတော့၏၊"

"သို့သော်လည်း လူနာ၏ကိုယ်က အသားနှင့် ဆက်မိသော အခါ ထိုအသစ်ထည့်ထားသော အသားပိုင်း၌(ကာယပသာဒ)ခေါ် ကမ္မဇရုပ်နှင့် ထိသိမှု၊ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်လာသည်ကို လူနာ ကိုယ်တိုင် သိနိုင်၏၊ တွေ့နိုင်၏။"

"ထို့အတူပင် သံသေဒဇ၊ အဏ္ဍဇ၊ ဇလာဗုဇ၊ ပဋိသန္ဓေ ရုပ်နာမ်တို့မှာလည်း အညီ၊ သုတ်သွေး ဟူသော ဥတုဇ ရုပ်တို့ကိုပင် မှီ၍ ဖြစ်ကြရ၏။"

"ထို့ကြောင့် သုတ်ပိုးနှင့်သားဥ ပေါင်းစပ်မိပြီးသော သန္ဓေ မျိုးရုပ်သည်၊ ပဋိသန္ဓေရုပ်နာမ်တို့နှင့်လည်း သက်ဆိုင်ပေ၏။ ဘဝ အသစ်ဖြစ်သော သတ္တဝါနှင့်လည်း သက်ဆိုင်ပေ၏။"

"ဤအရာ၌ အထူးမှတ်ဘွယ် အချက်တခုမှာ သံသေဒဇ၊ အဏ္ဍဇ၊ ဇလာဗုဇ၊ သတ္တဝါတို့သည် ရုပ်ကြွမ်းများကိုမှီ၍ ပဋိသန္ဓေ တည်လာခဲ့ရသောကြောင့် သေသွားသောအခါ၌ စိတ်ဝိညာဉ်နှင့် ကမ္မဇရုပ်များ ချုပ်ငြိမ်းပျောက်သွားကြသော်လည်း ဥတုဇရုပ်ကြွမ်း ကြီးမှာ မူလကအတိုင်းပင် ကျန်နေရစ်၏။"

"ဥပပတ် သတ္တဝါ၊ နတ်ဗြဟ္မာတို့မှာမူ ပထမကပင်ရုပ်ကြွမ်း များကို မမှီပဲဖြစ်လာခဲ့သောကြောင့် သေသွားသောအခါများ၌လည်း ဘာမျှမကျန်ရစ်ပဲ တကိုယ်လုံး ပျောက်ကွယ်သွားရလေသည်။"

ဆေးပညာအားဖြင့် စပါမယ် တိုထွာသုတ်ပိုးများကို ဗုဒ္ဓတရားတော် အရ သတ္တဝါဟု အသိအမှတ်မပြု။ သားမျိုးရုပ်ဟူ၍သာ အသိအမှတ်ပြု သည်။ ထို့ကြောင့် ၎င်းသုတ်ပိုးကို မည်သည့် အကြောင်းကံကြောင့်မှ ဖြစ် သည်ဟု မဆိုနိုင်။ အမှန်အားဖြင့် မူလတည်ရာ ကိုယ်မှ လွတ်ထွက် သွားပြီး သော ထိုသုတ်များမှ ဥတုဇရုပ် သက်သက်သာဖြစ်၏။

သို့သော် ပဋိသန္ဓေတည်မည့်သူငယ်၏ အဆင်းလှခြင်း၊ မလှခြင်း၊ ကျန်းမာခြင်း။ မကျန်းမာခြင်း စသည်တို့၏ အခြေခံလည်း ဖြစ်သောကြောင့် သတ္တဝါတို့၏ အသုံးအဆောင် ဥယျာဉ်ဗိမာန် စသည်ကဲ့သို့ ကမ္မပစ္စယ ဥတုဇ ရုပ်ဟူ၍လည်း ဆိုသင့်သေး၏။ ပဋိသန္ဓေ နေမည့်သူ၏ ကံအကြောင်းအား လျော်စွာ ဥတုကြောင့် ဖြစ်သောရုပ်ဟု ဆိုရ၏။

"ဆေးပညာသည် ရုပ်၌ဖြစ်သော ရောဂါတို့ကို ကုစားရန်အတွက် ဖြစ်၍ ၎င်းပညာဖြင့် စမ်းသပ်ရှာဖွေ၍ ရုပ်အကြောင်းကိုသာ မှန်ကန်စွာ သိနိုင်ပေမည်။"

"ဘဝသစ်ဖြစ်ခြင်းက အဓိကအားဖြင့် နာမ်၏အရာ ဖြစ်ပေသည်၊

(အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ)ဟူသော အကြောင်း တရားတို့ကြောင့် ပဋိသန္ဓေ ဝိညာဉ်ခေါင်းဆောင် နာမ်ရုပ်တို့၏ အသစ် ဖြစ်ပေါ်လာခြင်း သဘောဖြစ်ပေသည်။"

ထိုအဝိဇ္ဇာ အစရှိသော အကြောင်း နာမ်တရားနှင့် ပဋိသန္ဓေ ဝိညာဉ် အစရှိသော အကျိုးနာမ်တရားတို့၏ ဖြစ်ပုံကို ရုပ်၌ စမ်းသပ်သော နည်းဖြင့် မသိနိုင်ကြောင်းကို ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

ဤအရာ၌ ထပ်မံ၍ပြောလိုသည်မှာ မျက်စိဖြင့်မြင်နိုင်သောအဆင်းကို နားဖြင့်မကြားနိုင်၊ နားဖြင့်ကြားနိုင်သော အသံကိုလည်း မျက်စိဖြင့်မမြင်နိုင် ဟူသော သဘောတရားကို ယုံကြည်လက်ခံနိုင်သကဲ့သို့—

"ထို့အတူပင် အဘိညာဉ်စသော ဉာဏ်ထူးများဖြင့်သာ သိမြင်နိုင်သော တမလွန်ဘဝအကြောင်းကို ရုပ်၌သာ စမ်းသပ်နိုင်သော ဆေးပညာဖြင့် မသိနိုင်ဟူသော သဘော တရားကိုလည်း လက်ခံသင့်၏။"

"ထိုသို့လက်မခံပါပဲ ဆေးပညာဖြင့် မတွေ့ရသောကြောင့် တမလွန်ဘဝမရှိဟုယူဆလျှင် ထိုအယူမှာ မျက်စိဖြင့် မမြင်ရသောကြောင့် အသံမရှိဟု ယူဆသကဲ့သို့လည်းကောင်း၊ နားဖြင့် မကြားရသောကြောင့် အဆင်းကို မရှိဟု ယူသကဲ့သို့ လည်းကောင်း၊ အမှားသာဖြစ်မည်ဟု သိအပ်၏။"

"ထို့ကြောင့် ပကတိမျက်စိဖြင့်မမြင်နိုင်သော ပိုးမွှားကလေး များ၊ မြူမှုန်ကလေးများကို မြင်လိုလျှင် ၎င်းတို့ကို မြင်စေနိုင်သော မှန်သီလူးများဖြင့် ကြည့်ရသကဲ့သို့ တမလွန် ဘဝအကြောင်းကို သိလို လျှင်လည်း ၎င်းကို သိစေနိုင်သောအဘိညာဉ်၊ ဝိပဿနာ ဉာဏ်တို့ ကိုဖြစ်အောင် အားထုတ်၍ ကြည့်အပ်၏။"

"ထိုဉာဏ်ထူးများကိုရအောင် အားမထုတ်နိုင်လျှင် ဗုဒ္ဓတရား တော်၌ ညွှန်ပြသားသည့်အတိုင်း အကြောင်းအကျိုး ဆက်သွယ်ပုံ ကို ဆင်ချင်၍ သိရာ၏။

"ထိုမှမဆင်ချင်နိုင်လျှင် ဘဝဟောင်းက အကြောင်းများကို

ပြန်၍ပြောနိုင်သော (ဇာတိဿရ)ခေါ် လူဝင်စားတို့၏ ဖြစ်ပုံကို စုံစမ်းဆင်ခြင်၍ ယုံကြည်ယူဆသင့်၏၊''

လူဝင်စားဆိုသည်မှာ နိုင်ငံတကာ၌ အနည်းငယ်စီ ရှိကြ၏။ သို့သော် တမလွန်ဘဝမရှိဟု ယူဆထားသော သူတို့က ထိုလူဝင်စားတို့ တကယ်အမှန် ပြောချက်ကို မယုံကြည်ကြ၊ မိစ္ဆာအယူကို ပြောသည်ဟု လူကြီးများက ဟန့်တားထားသောကြောင့် တမလွန်မရှိဟု အယူရှိသော လူမျိုးတို့၏ ကလေးများမှာ မပြောဝံ့သဖြင့် မထင်ရှားပဲ ပျောက်ကွယ်သွားကြ ရှာ၏။ တကယ်အားဖြင့်ဆိုလျှင် ကလေးများမှာ ဘယ်ကအယူဝါဒမှ လက်မခံရသေး၊ မိမိတို့သိသည့်အတိုင်းသာ ပြောကြပေသည်။

ထို့ပြင် လူများ၌ သူများနှင့် အလုပ်အကိုင်ခြင်း ကြိုးစားမှုခြင်း တူပါလျက်၊ အချို့ပုဂ္ဂိုလ်မှာ အကျိုးပေးအလွန်ထူးချွန်ခြင်း၊ အချို့မှာ အလွန်ညံ့ဖျင်းခြင်း၊ အချို့မှာ ဉာဏ်ထူးခြင်း၊ အချို့မှာ မိဘမျိုးရိုးနှင့် မတူပဲ စိတ်နေ စိတ်ထား အလေ့ဝါသနာ အလွန်ကွဲပြားနေခြင်း စသည်တို့ကို တွေ့ရ၏။

၎င်းတို့မှာ ရှေးဘဝက (ကံ၊ ဉာဏ်၊ အလေ့) စသည်တို့ကြောင့် ဖြစ်သည်ဟု ဗုဒ္ဓဘုရားတော်ကလည်း ဆိုထား၏။ ဤသည်တို့တို ထောက်၍ ရှေးဘဝနှင့် နောက်ဘဝ သေချာပေါက်ရှိကြောင်း ယုံကြည်အပ်၏။

**မှတ်ချက်၊** ။ဆရာတော်၏ ဖြေကြားချက်ကို စာရေးသူ ကျွန်ုပ်ထပ်မံ၍ ထောက်ခံဖြည့်စွက်လိုသည်မှာ လူတို့၏ (အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်) ဟူသော ရှေးလွန်လာခဲ့သော ဘဝ၊ ယခုလက်ရှိဘဝ၊ နောက်ရောက်ရမည့်ဘဝ (၃) ဌာနရှိ၊ မရှိပြဿနာကို လွယ်လွယ်ကလေးနှင့် သိလိုပါလျှင် အခြား ဝေးဝေးလလံခက်ခဲ နက်နဲတဲ့ အရာကြီးများကို သွားကြည့်မနေပါနဲ့။

မိမိလက္ခဏာများကိုသာ အသာကလေး ပြန်၍ ကြည့်လိုက်ပါ၊ တကမ္ဘာလုံးရှိ လူဦးရေ သန်းကုဋေပေါင်းများစွာတွင် ထိုလက္ခဏာအမှတ်ဗွေများသည် လုံးဝမတူညီကြကြောင်း ကမ္ဘာစုံတောက်ဌာနက ထောက်ခံပြောဆိုထားပါသည်။နှစ်ကိုယ်တစိတ် အမွှာဘူးကလေးပင် ဖြစ်သင့်ကစေား လက္ခဏာ အမှတ်ဗွေများ လုံးဝမတူကြပါ။

ထို့ကြောင့် ဘုရင်ဘုရင်ချင်း၊ သူဌေးသူဌေးချင်း၊ ဆင်းရဲသား ဆင်းရဲသားချင်း၊ သူတောင်းစား သူတောင်းစားချင်းပင် ဖြစ်လင့်ကစား၊ ခံစားရချင်း၊ ပျော်ရွှင်မှုချင်း သာယာမှုချင်းလည်း လုံးဝ မထူးခြားနားပါသည်။

ယနေ့ကမ္ဘာတွင် ဗေဒင်လက္ခဏာပညာတို့ ထင်ရှားပေါ်လွင်နေမှုမှာလည်း (ကံ၊ ကံ၏ အကျိုး) ရှေးဘဝ၊ ယခုဘဝ၊ နောက်ဘဝရှိနေခြင်းကို သက်သေခံနေခြင်းပင် ဖြစ်ပါသည်။

## (ရောဂါပိုးအကြောင်း)

ဗုဒ္ဓဘာသာ တရားတော်အရ ကာမဘုံက သတ္တဝါမှာ စိတ်ဝိညာဉ်သည် ပဓာန အင်္ဂါဖြစ်၏။

၎င်းစိတ်ဝိညာဉ်သည် တကိုယ်က နှစ်ကိုယ်ခွဲမထွက်နိုင်၊ ထိုပြင် သတ္တဝါမှန်လျှင် သူဘဝအားလျော်စွာ အသက်တမ်းရှိ၏။ ထိုအသက်တမ်းကုန်လျှင် သေကြေပျက်စီးရ၏။

မေးခွန်း၌ ဖော်ပြထားသော ရောဂါပိုးအချို့မှာ မွေးထုတ်ခြင်းမျိုး မရှိပဲ၊ တကိုယ်မှနှစ်ကိုယ်၊ နှစ်ကိုယ်မှ လေးကိုယ်။လေးကိုယ်မှ ရှစ်ကိုယ်စသည် ပွားလာသည်ဟု ဆိုသောကြောင့် လည်းကောင်း၊ ဘယ်တော့မှ မသေဟု ဆိုသောကြောင့်လည်းကောင်း၊ ဆေးပညာအရ ပိုးဟု ခေါ်သော်လည်း၊ ဗုဒ္ဓတရားတော်အရ ၎င်းကို သတ္တဝါဟု အသိအမှတ် မပြု။

ဥပမာ တပင်တည်းမှ အကိုင်းများကိုဖြတ်၍ ခွဲစိုက်လျှင် အပင်အသီးသီးဖြစ်နိုင်သော သစ်ပင်ရုပ်ကဲ့သို့ လည်းကောင်း၊ ခွဲတိုင်းလည်းရ သေလည်း မသေနိုင်သော ပြဒါးရုပ်၊ ရေရုပ်တို့ကဲ့သို့လည်းကောင်း၊ ရုပ်အထူးများဟူ၍သာ အသိအမှတ်ပြု၏။

ထို့ကြောင့် ထိုသို့သော ရောဂါပိုးများမှာ မည်သည့်ကံအကြောင်းနှင့်မျှ မသက်ဆိုင်၊ ရောဂါစွဲမည့် ပုဂ္ဂိုလ်၏ အကုသိုလ်ကံ အကြောင်းအားလျော်စွာ ဥတုကြောင့် ဖြစ်ပေါ်လာသော (ကမ္မ ပစ္စယ) ဥတုဇ ရုပ်များဟူ၍သာ သိအပ်၏။

ထို့ကြောင့် ၎င်းတို့မှာ ဗုဒ္ဓတရားတော်အရ ပါဏ (အသက်ရှိ) ဟု

မဆိုအပ်သောကြောင့်၊ ၎င်းတို့ကို ပျက်စီးစေခြင်းဖြင့် ပါဏာတိ ပါတကံ မထိုက်။

အကယ်၍ ပကတိ မျက်စိဖြင့် တွေ့နေရသော အခြားပိုးများကဲ့သို့ သန္ဓေတည်ခြင်း၊ မွေးခြင်း၊ အသက်တမ်းအလိုက် သေခြင်းများရှိပါမူ၊ ထို ပိုးများမှာ ပါဏပင်ဖြစ်၏။

သို့သော် ပါဏာတိ ပါတာကံသည် သီလစသော ကုသိုလ်ဂုဏ် ရှိ သူကိုသတ်လျှင် အပြစ်ပို၍ကြီး၏၊ ကုသိုလ်ဂုဏ် မရှိသူကိုသတ်လျှင် အပြစ် ငယ်၏။ ။

## (ရောဂါနှင့် အသက်ရှည်ခြင်း)

ယခုခေတ်မှာဖြစ်ပေါ်နေသော သွေးတိုးရောဂါ၊ နှစ်လုံးသွေးကြော ပိတ်ရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ၊ သွက်ချာပါဒရောဂါ အစရှိ သော ရောဂါများကို စိတ်ကြောင့်ဖြစ်သည်ဟု ဆိုသည်မှာ မှန်သင့်သ လောက် မှန်ဘွယ်ရှိ၏။ သို့ရာတွင် စိတ်အမျိုးအမည် ခွဲခြားရန်ကား လိုပေ လိမ့်မည်။

၎င်းကို လောဘ ဒေါသဖြင့် ပူလောင်သောစိတ်၊ လောဘဒေါသ ကင်းလျက် ကြည်လင်အေးချမ်းသောစိတ်ဟူ၍ အကျဉ်းချုပ်အားဖြင့် နှစ်မျိုး ခွဲသင့်၏။

ထိုတွင် စီးပွားရေး အလုပ်အကိုင်များ၌ အလွန်ကြောင့်ကြ စိုးရိမ် ပူပန်မှုသောကစိတ် အားကြီးနေသူအားလည်းကောင်း၊ ကျောင်းကန်ကိစ္စ၊ တပည့်တပန်းကိစ္စ၊ ဟောပြောဆက်ဆံရေးကိစ္စ၊ ကျမ်းရေးသားစိစစ်ရေးကိစ္စ တို့၌ ကြောင့်ကြစိုးရိမ်မှုများနေသော ရဟန်းပုဂ္ဂိုလ်အား လည်းကောင်း ထို သို့ရောဂါဖြစ်လျှင် စိတ်ကြောင့်ဖြစ်သည်လည်းရှိ၏။ ထိုသို့ဖြစ်ခြင်းမှာလည်း လောဘ ဒေါသဖြင့် ပူလောင်သောစိတ်ကြောင့်သာဖြစ်၏။

သို့ရာတွင် ဖြစ်တိုင်းစိတ်ကြောင့်ဟူ၍ကား တထစ်ချမဆိုနိုင်၊ ကိုယ် လက်လှုပ်ရှားမှု အနေအထိုင် မမျှခြင်း (ဝိသမ ပရိဟာရ) ရောဂါ ဖြစ်စေ တတ်သော အစာအဟာရ၊ အိုမင်းဆွေးမြေ့ခြင်း (ဇရာ)နှင့် ကံအားလျော်

စွာ မူလကပင် ပါလာသော အကြောအသွေးတို့၏ အခြေအနေကြောင့်လည်း ဖြစ်ဘွယ်ရှိသေး၏။

လောဘ ဒေါသ အပူအပင်ကင်းလျက် ကြည်လင် အေးချမ်းသော စိတ်ကြောင့်မူကား သွေး၊ လေ၊ အသွား အလာ ပျက်ဖွယ် အကြောင်း မရှိပါ။

"အကြောင်းမူကား ဘာဝနာတရားကို အားထုတ်နေသော သူမှာ (ကုဒ္ဒိပါဒ်)ခေါ် ပြီးမြောက်ကြောင်း တရားလေးပါးဖြစ်လျက်ရှိ၏။"

ထိုကုဒ္ဒိပါဒ် လေးပါးကို ပွားများထားသော ပုဂ္ဂိုလ်မှာ တခြား အကြောင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါကိုပင် ပျောက်စေနိုင်ကြောင်း၊ အသက်တမ်းပြည့်ဖြစ်စေ၊ အသက်တမ်းထက် ကျော်လွန်၍ဖြစ်စေ၊ အသက်ရှည်စွာ နေနိုင်ကြောင်းများကို မြတ်စွာဘုရားကိုယ်တိုင် အကြိမ်ကြိမ် ဟောထားပေ၏။

ထို့ကြောင့် ဘာဝနာကို အားထုတ်လျက် စိတ်အလုပ်များဖြင့် ရောဂါမဖြစ်နိုင်၊ ဘာဝနာအင်အားပြည့်လျှင် ရောဂါကိုပင် ပျောက်စေနိုင်သေးသည် မှတ်အပ်၏။

ငင်းပြင် မြန်မာပြည်၌ အသက်တရာနီးပါးနှင့် တရာကျော် တိုင်အောင် ထူးထူးခြားခြား အသက်ရှည်သူတို့ကို မေးမြန်းစုံစမ်းကြည့်လျှင် ထိုသူတို့၏ မျိုးရိုးကိုက အသက်ရှည်မျိုးဖြစ်နေသည်ကို တွေ့ရတတ်၏။ မျိုးရိုး၏ သက်တမ်းမှာ ပြဋ္ဌာန်း၏။

ဗုဒ္ဓမြတ်စွာဘုရားတို့၏ ကသော်မှလည်းကောင်း မျိုးရိုး၏အသက်တမ်းကို မလွန်ဆန်နိုင်ကြောင်း အောက်ပါအတိုင်း ပြသထားသည်ကို တွေ့ရ၏။

(ဒီဃ- ၂၊ ၇၈) ပါဠိမှ အလုံးစုံသောနောက်ဆုံး ဘဝဘုရားအလောင်းတော်တို့သည် ရှေ့သွားဖြစ်၍ သတ္တဝါတို့အား ချမ်းသာစေလိုသော ဉာဏ်နှင့်ယှဉ်လျက် ရွှင်လန်းထက်သန်သောစိတ်ဖြင့် မယ်တော်၏ဝမ်း၌ ပဋိသန္ဓေ စွဲယူကုန်၏။

ထိုစိတ်ဖြင့် ပဋိသန္ဓေ စွဲယူသောသူသည် အသင်ချေရှိနိုင်၏။ သို့ဖြစ်လျှင် ထိုဘုရားအလောင်းများကပင် ဖြစ်သွားသော ဘုရားတို့သည် အဘယ်ကြောင့် အသက်အသင်္ချေ မတည်နေကုန်သနည်းဟူမူ ထိုခေတ်ကာလ၌ ဖြစ်

ပေါ်လျက် ရှိသော ဥတုနှင့် အဟာရတို့၏ ချို့တဲ့ခြင်းကြောင့် မတည်နေ ကုန်သတည်း။ မှန်ပေ၏၊

ထိုခေတ်ကာလ၌ ဖြစ်ပေါ်လျက်ရှိသော ဥတုနှင့် အဟာရတို့၏ အစွမ်းကြောင့် ထိုခေတ်ကာလ လူတို့၏သက်တမ်းသည် ဆုတ်သည်လည်း ရှိ၏၊ တိုးသည်လည်း ရှိ၏။

ထိုသို့ဆုတ်လျက် တိုးလျက်ရှိသော သက်တမ်းတို့တွင် အကြင်အကြင် အသက်တန်းရှိသောသူတို့၌ ဗုဒ္ဓမြတ်စွာဘုရားတို့ဖြစ်ပေါ်လာလျှင် ထိုဘုရားတို့၏ အသက်သည်လည်း လူတို့၏ ထိုထိုအသက်တမ်းအတိုင်းပင် ဖြစ်သည်ဟု သိအပ်၏။(ဘာသာပြန်)။

အထက်ပါ အဋ္ဌကထာကို ထောက်ဆကြည့်လျှင်လည်း မျိုးရိုး၏ အသက်တမ်းမှာ အသက်တိုခြင်း၊ ရှည်ခြင်း၏ ပဓာနအကြောင်း ဖြစ်သည်ဟု သိအပ်၏။

၎င်းနောက် ဗုဒ္ဓတရားတော်အားဖြင့်တဖန် လူပြန်၍ ဖြစ်ထိုက်သည့် ကံရှိသူမှာ သေခါနီး စိတ်ညွတ် (စွဲလမ်း)လျှင် အနောက်နိုင်ငံက လူသည် အရှေ့နိုင်ငံ၌ လူဖြစ်နိုင်၏။ အရှေ့နိုင်ငံမှလူသည် အနောက်နိုင်ငံကလူ ဖြစ်နိုင်၏။

ထို့ပြင် ဗုဒ္ဓဘာသာ မထွန်းကားသော နိုင်ငံက လူများသည်လည်း၊ လူအချင်းချင်း ကူညီ စောင့်ရှောက်သော အားဖြင့် အသက် ရှည်ကြောင်း ကောင်းမှုကို ပြုနေကြသည်မှာ များစွာရှိ၏။

ထို့ပြင် ပစ္စုပ္ပန်ဘဝ၌ ပြုသော ကောင်းမှုကြောင့် အသက်ရှည်သည် ဟု ပြဆိုသော ဗုဒ္ဓတရားတော်မှာလည်း၊ ပဋိသန္ဓေ အကျိုးပေးလိုက်သည့်မူလ ကံ၏ အစွမ်းကြောင့် အသက်တမ်း ပြည့်ရှည်ခြင်းကိုသာ ဆိုလို၏။ ထိုကံ၏ အစွမ်းထက်ပိုလွန်၍ အသက်ရှည်သည်ကိုကား ဆိုလိုသည် မဟုတ်၊

"ဥပမာ ၎င်းကံက အသက်တရာရှည်အောင် အကျိုးပေးထားလျှင် ပစ္စုပ္ပန်ကံက ကြားထဲ၌ တစုံတရာ အန္တရာယ် မကျရောက်စေပဲ ထိုအသက် တရာပြည့်အောင် အသက်ရှည်စေရန် ကူညီ အားပေးသည်ဟု ဆိုလို၏။"

သို့ဖြစ်၍ ယခုပြခဲ့သော အကြောင်းအားလုံးကို ထောက်သဖြင့် ဗုဒ္ဓဘာသာ မထွန်းကားသော နိုင်ငံများ၌ တဦးတလေ ထူးထူးခြားခြား အသက်ရှည်ကြသည်မှာ ရှေးဘဝက ပြုခဲ့သော ကံနှင့်လည်း ဆိုင်သည်။ မျိုးရိုး၏ အသက်တမ်းနှင့်လည်း ဆိုင်သည်။ ဥတုအာဟာရ နေထိုင်မှုတို့နှင့်လည်းဆိုင်သည်၊

စိတ်ပူပန် ပင်ပန်းမှု နည်းပါးခြင်းနှင့်လည်း ဆိုင်သည်ဟု မှတ်ယူအပ်၏။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ဖြစ်ပါမူ (ရတနာသုံးပါးနှင့်စပ်)သော ကုသိုလ်နှင့်လည်း ဆိုင်သည်ဟုမှတ်ယူသင့်၏။

(မဟာစည်ဆရာတော်၏အဖြေပြီး၏)

* * * *

# ဆင်းရဲချမ်းသာ အယုတ်အမြတ်မတူခြင်း

"ကမ္မဿကာ မာဏဝသတ္တာ ကမ္မဒါယာဒါ

ကမ္မယောနိကမ္မ ဗန္ဓုကမ္မ ပဋိသရဏာကမ

သေတ္တဝါဘဇတိယဒိဒံ ဟိနပ္ပဏီတတာ ယာတိ"

(ပဏ္ဍိမနိကာယ ဥပရိပဏ္ဏာသ စူဠကမ္မ ဝိဘင်ဂသုတ်-၂၄၄)

"ဣဓမ္မမာဏဝကေစ္စော ဣတ္ထိဝါ ပုရိသောဝါ

ပါဏာတိပါတီ ဟောတိ။ လ။ ကမ္မဿကာ။ မာဏဝသတ္တ

ကမ္မဒါယာဒါ ကမ္မယောနိ၊ ကမ္မဗန္ဓု ကမ္မ

ပဋိသရဏာ ကမ္မံသတ္တေ ဝိဘဇတိယဒိဒံ

ဟိနပ္ပဏီတတာယာတိ (၎င်း-၂၃၃)"

ဤပါဠိတော်၌ (သုဘလုင်)သည် ဂေါတမမြတ်စွာဘုရားအား ချဉ်းကပ်အရိုအသေပြုကာ—

အရှင်မြတ်ဂေါတမဘုရား—

အဘယ်အကြောင်းကြောင့် လူတို့အယုတ်အမြတ် ဖြစ်ပါ သနည်းဟု မေးလျှောက်၏။

သုတလုင်—

ကံ-ကြောင့် လူတို့ အယုတ်အမြတ် ဖြစ်ပေသည်သည်ဟု မြတ်စွာဘုရားက ဟော၏။

တဖန် သုဘလုင်သည် အကျယ်ကို သိလိုသောကြောင့် ထပ်မံ၍ မေးလျှောက်ပြန်၏။

အရှင်မြတ်ဂေါတမဘုရား—

အဘယ်အကြောင်းကြောင့် လူတို့သည်-

(၁) အသက် တိုရှည်ဖြစ်ပါသနည်း၊

(၂) အနာရောဂါနည်းခြင်း၊ များခြင်းဖြစ်ပါသနည်း၊

(၃) အဆင်းရုပကာလှပချောမောခြင်း၊ အကြည်းတန်ခြင်း ဖြစ်ပါသနည်း။

(၄) ဘုန်းတန်ခိုးနည်းခြင်း၊ ကြီးခြင်းဖြစ်ပါသနည်း၊

(၅) ငမွဲပြေဖြစ်ခြင်း။ ပေါများကြွယ်ဝခြင်း ဖြစ်ပါသနည်း၊

(၆) အမျိုးယုတ်နိမ့်ခြင်း၊ မြင့်မြတ်ခြင်း ဖြစ်ပါသနည်း၊

(၇) ဉာဏ်ပညာထုံထိုင်းခြင်း၊ ထက်မြက်ခြင်း၊ ကြီးမားခြင်း ဖြစ်ပါသနည်း။

သုဘလုင်ကြီးသည် ဤသို့စုံလင်သော မေးခွန်း (၇) မျိုးကို မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် အောက်ပါအတိုင်း တခုခြင်း အသေးစိတ် ပြန်လည်ဟောကြားတော်မူ၏။

သုဘလုင်–

လူတို့၌–

၁။ (က) ပါဏာတိပါတကံ ကျူးလွန်မှုကြောင့် (အသန္တပက္ခ) အသက်တိုသည်။

(ခ) ပါဏာတိပါတကံ မကျူးလွန်ခြင်း ကြောင့် (သန္တပက္ခ) အသက်ရှည်သည်။

၂။ (က) သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက် ပြုလုပ်ခြင်းကြောင့် ရောဂါများသည်။

(ခ) သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက် ပြုလုပ်ခြင်းမှ ကင်းသောကြောင့် ရောဂါနည်းသည်။

၃။ (က) အမြက်ထွက်မှု ကြမ်းကြုပ်မှုဖြစ်ခြင်းကြောင့် အကြည်းတန် အရုပ်ဆိုးခြင်းဖြစ်သည်။

(ခ) အမြက်ထွက်မှု၊ ကြမ်းကြုတ်မှုမရှိခြင်းကြောင့် ရုပ်ရူပကာ ချောမောလှပသည်။

၄။ (က) သူတပါးတို့အား အရိုသေပြုခြင်း၊ ပူဇော်ခြင်းစသည်တို့၌။ ညှုစူစောင်းမြောင်း ချုပ်ချယ်မှု ပြုလုပ်ခြင်းကြောင့် ဘုန်းတန်ခိုး အရှိန်အစော် ကင်းမဲ့ခြင်းဖြစ်သည်၊

(ခ) သူတပါးတို့အား အရိုအသေပြုခြင်း၊ ပူဇော်ခြင်း ပြုလုပ်မှုတို့ကြောင့်။ ဘုန်းတန်ခိုး အရှိန်အစော်ကြီးမားခြင်းဖြစ်သည်။

၅။ (က) ပေးကမ်းလှူဒါန်း စွန့်ကြဲမှုမရှိသောကြောင့် ငမွဲပြောဆင်းရဲရခြင်းဖြစ်သည်။

(ခ) ပေးကမ်းလှူဒါန်း စွန့်ကြဲမှုဒါန ပြုလုပ်မှုကြောင့်၊ သူဌေး သူကြွယ် ချမ်းသာခြင်းဖြစ်သည်။

၆၊ (က) ခက်ထန်သော မာန်မာနရှိမှု၊ ရှိခိုးထိုက်သော သူနှင့်ဘုရားစသည်တို့ကို မရှိခိုးမှု၊ ခရီးဦးကြိုဆိုထိုက်သော သံဃာတော်တို့အား မကြိုမှု၊ နေရာ မပေးမှု၊ အရိုအသေ မပြုမှု စသည်တို့ကြောင့် ယုတ်နိမ့်ရခြင်းဖြစ်သည်။

(ခ) ခက်ထန်သော မာနမရှိမှု၊ ရှိခိုး ရိုသေထိုက်သူနှင့်ဘုရားအစရှိသည်တို့အား ရှိခိုးရိုသေမှု၊ နေရာပေးမှု၊ ခရီးဦးကြိုမှု စသည်တို့ကို ပြုလုပ်ခြင်းကြောင့် မြင့်မြတ်ခြင်း ဖြစ်ရသည်။

၇။ (က) ကုသိုလ်၊ အကုသိုလ်၊ အပြစ်ရှိ၊ အပြစ်မဲ့၊ မှီဝဲအပ် မမှီဝဲအပ်၊ ပြုအပ် မပြုအပ် စသည်ကိစ္စတို့ကို ပညာရှိသူတော်ကောင်းတို့ထံမှ မေးမြန်းဆည်းကပ်ခြင်း မရှိသောကြောင့် ပညာမဲ့ဖြစ်ရသည်။

(ခ) ၎င်းတို့ကို ပညာရှိ သူတော်ကောင်းတို့ထံမှ မေးမြန်းဆည်းကပ်ခြင်းကြောင့် ပညာရှိဖြစ်သည်။

ဤသို့လျှင် မြတ်စွာဘုရားသခင်သည် သုဘလုင်အား တဆယ့်လေးမျိုး အခြင်းအရာအားဖြင့် လူအချင်းချင်းတူသော်လည်း ထူးထွေခြားနား ကွဲ

ပြား ခြားနားကြပုံကို အကြောင်းနှင့်အကျိုး တွဲစပ်တော်မူကာရှင်းလင်းဟော ပြတော်မူလေ၏။ ။

ဤဒေသနာတော်၏ အဆုံး၌ သုဘာလုင်သည် အသက်ထက်ဆုံး (ဘုရား၊ တရား၊ သံဃာ (သရဏဂုံ)တည်သော ဥပသကာ (ဘုရားတကာ) အဖြစ်သို့ ရောက်ရှိသွားလေ၏။ ။

* * *

(ခရစ်ယန်ဘာသာ)



တမာန်တော်သခင် ရေရှု၏ပုံ

**ဓမ္မဟောင်းကျမ်း** (The old Testament) **တောင်ငူ ကက်သလစ် ပုံနှိပ်တိုက် (၁၉၅၁)။**

**ယေဟောဝါ** (Jehovah)

ယေဟောဝါ ဆိုသည်မှာ ဣသရေလ (အစ္စရေး) လူမျိုးတို့၏ကောင်းကင်မှ ထာဝရ ဘုရားဖြစ်သည်။

ယေဟောဝါသည် စကြာဝဠာ ခပ်သိမ်း၏ မူလအရှင်ဖြစ်၍ တလောကလုံးရှိ လူမျိုးခပ်သိမ်းကို ပိုင်သအုပ်ချုပ်တော်မူသော အရှင်ဟုဆို၏၊

ကိုယ်တော်သည် သန့်ရှင်း၍ ဖြောင့်မတ်တော်မူသောကြောင့် ကိုယ်တော်ကို ကိုးကွယ်သူတို့၌လည်း ထိုသန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းတို့ကို လိုလားတော်မူသည်။

ထို့ကြောင့် ဘာသာရေးသည် ပသပူဇော်သောခေတ် အနေ ကိုယ်ကျင့်တရား ရှာမှီးသော သီလ၊ ဘာဝနာ ခေတ် အနေသို့ တိုးတက် လာရသည်။ ယေဟောဝါ ဘုရားသခင်၏ ဝိညာဏ ပုဂ္ဂိုလ်တော်၊ ဘုန်းတော်၊ တန်ခိုးတော်၊ ဥာဏ်တော်တို့၏ အနန္တသဘောကို လေးနက်စွာ ဖော်ပြသည်။ (သမာကျမ်းစာ အဘိဓာန်စာ–၂၅၆)။

## အခန်း (၁)

### ကမ္ဘာမိုးမြေကို ဖန်ဆင်းခြင်း

ရှေးဦးအစ ပဌမဦးစွာ ကမ္ဘာမိုးမြေတို့ကို ဘုရားသခင် ဖန်ဆင်းတော်မူ၏။ ကမ္ဘာမြေကြီးသည် လေဟာပြင်ကျယ်ကြီးဖြစ်၍ ၎င်းအပေါ်၌ တစုံတရာ ဘာမျှမရှိ၊ မှောင်အတိသာလျှင်ဖြစ်လျက် ဘုရားသခင်၏ ဝိညာဉ်တော်သည် ဖုံးလွှမ်းနေသော ရေမျက်နှာပြင်ပေါ်၌သာ လှုပ်ရှား သွားလာတော်မူကုန်၏။

ထိုအခါ ဘုရားသခင်က အလင်းဖြစ်စေဟု မိန့်တော်မူလျှင် အလင်းရောင် ဖြစ်ပေါ်လာလေ၏။ ဤကဲ့သို့ အလင်းရောင်ပေါ်လာသော နေ့သည်ကား ပဌမနေ့ ဖြစ်လေသတည်း။

ဒုတိယနေ့၌ ဘုရားသခင်သည် သမုဒ္ဒရာရေပြင်ကျယ်ကြီးအလယ်တွင် မိုးမျက်နှာကျက်ဖြစ်စေ။ ရေနှင့် မိုးဖြစ်ခြင်းလည်း ကွဲပြားခြားနားစေဟု မိန့်တော်မူလျှင် ထိုသို့မိန့်တော်မူသည့်အတိုင်း ဖြစ်လေသည်။

ဤကဲ့သို့ဖြစ်သော မိုးမျက်နှာကြက်ကို မိုးကောင်းကင်ဟူ၍အမည်မှည့်ခေါ်တော်မူလေသတည်း။

တတိယနေ့၌ ဘုရားသခင်သည် မိုးကောင်းကင်အောက်၌ရှိကုန်သော ရေတို့သည် တနေရာတွင် စုဝေးလျက် ခြောက်သွေ့သော ကုန်းပေါ်စေဟု မိန့်တော်မူလျှင် ထိုသို့မိန့်တော်မူသည့်အတိုင်း ဖြစ်ပေါ်လာလေ၏။ ဤကဲ့သို့ ခြောက်သွေ့သော ကုန်းကို မြေဟူ၍လည်းကောင်း။ စုဝေးနေသောရေအပြင်ကျယ်ကြီးကို ပင်လယ်ဟူ၍ လည်းကောင်း။ ဘုရားသခင်သည် အမည်ပေးလေ၏။

ထိုမှတပါးလည်း ဘုရားသခင်သည် ဤသို့မိန့်တော်မူ၏။ အမျိုး ပျံ့ပွားနိုင်ရန် မျိုးစေ့များပါသောမျက်ပင်၊ ဟင်းသီးဟင်းရွက်ပင် စသည်တို့နှင့် သစ်သီးပင်အမျိုးမျိုးတို့သည် မြေမှပေါက်စေ၊ ဤကဲ့သို့ မိန့်တော်မူသည့် အတိုင်းလည်း မျက်ပင်၊ ဟင်းသီး ဟင်းရွက်ပင်၊ သီးပင် အမျိုးမျိုးတို့သည် ပေါက်ရောက်ကျကုန်၏။

စတုတ္ထနေ့၌ ဘုရားသခင်က နေနှင့်ညဉ့်ကို ပိုင်းခြားစေခြင်းငှာ မိုးကောင်းကင်မျက်နှာကျက်၌ အလင်းတို့ဖြစ်စေ၊ နေ့အပိုင်းအခြားတို့၊ နှစ်အပိုင်းအခြားတို့၊ ဥတုရာသီ အပိုင်းအခြားတို့၊ နိမိတ်လက္ခဏာ များလည်း ဖြစ်စေ ဟု မိန့်တော်မူလျှင် အမိန့်တော်မြွတ်အတိုင်း ဖြစ်ပေါ်ရလေ၏၊

ပဉ္စမနေ့၌ ဘုရားသခင်သည် အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန်များသည် ရေမှပေါက်ဖွားသွားစေ။ မြေအထက် လေကောင်းကင် ထဲ၌ ပျံသန်းသွားလာနိုင်သည့် ငှက်သတ္တဝါတို့သည်လည်း ပေါ်ပေါက်စေ ဟု မိန့်တော်မူပြီးလျှင် အမျိုးမျိုးသော ငါးများ၊ ငှက်များတို့ကို ဘုရားသခင် သည် ဖန်ဆင်းတော်မူ၍ ကောင်းချီးပေးလျက် များပြားစွာ တိုးပွားပေါက် သွားကြလော့ မိန့်တော်မူလေ၏၊

ဆဋ္ဌမနေ့၌ ဘုရားသခင်သည် ကုန်းသတ္တဝါဖြစ်ကြကုန်သော ကျွဲ နွားဆင်မြင်းအစရှိသည့် တိရစ္ဆာန်ယဉ်များ၊ မြေကြီးပေါ်၌ တွားသွားရ သော တိရစ္ဆာန်များ၊ သားရဲတို့သည် အမျိုးမျိုး အစားစား မြေမှ ပေါက် ဘွားစေဟု မိန့်တော်မူလေလျှင်၊ သို့မိန့်တော်မူသည့်အတိုင်း ဖြစ်ပေါ်လာ လေ၏။

နောက်ဆုံးမှ ဘုရားသခင်သည် လူကိုဖန်ဆင်းတော်မူပြီးလျှင်း အား လုံး ရှိရှိသမျှတို့ကို အုပ်စိုးနိုင်စေရန် တန်ခိုးအာဏာများကို လူအား အပ် နှင်းတော်မူလေသတည်း။

ထို့နောက် ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အလုံးစုံသော အရာများကို ကြည့်ရှုတော်မူလေလျှင် အလွန်အကြူး အထူးသဖြင့်ကောင်း မွန်ကြောင်းကို တွေ့မြင်ရသဖြင့်၊ သတ္တမမြောက်နေ့၌ နားတော်မူလျက် ထို နေ့ကို ကောင်းချီးပေးလျှင်၊ နေ့ထူး နေ့မြတ် ပြုတော်မူလေသတည်း၊

* * * *

## အခဏ်း (၂)

**ပထမဆုံးသော လူကို ဖန်ဆင်းတော်မူခြင်းနှင့် ပါရာဒိထူးဥယျာဉ်၊ ပထမဆုံးသော ပညတ်တော်၊ ဝေကိုဖန်ဆင်းတော်မူခြင်း။**

လူကို ပထမဆုံး ဘုရားသခင် ဖန်ဆင်းတော်မူသောအခါ ဤသို့ မိန့်တော်မူ၍ ဖန်ဆင်းတော်မူလေသည်။ "ငါတို့၏ ပုံသဏ္ဍာန်နှင့် ငါတို့ကဲ့သို့ တူသောလူကို ဖန်ဆင်းကြစို့။"

"ထိုမှတ်ပါးသူအားလည်း ကမ္ဘာပေါ်၌ ရှိရှိသမျှသော တိရစ္ဆာန် သတ္တဝါတို့ကို စိုးမိုးနိုင်ရန် အရေးအခွင့်ကိုလည်း ပေးကြစို့။"

"ထို့နောက်မှ မြေမှုန့်၊ မြေကြီးဖြင့် လူ၏ ကိုယ်ကာယ

အတ္တဘောကြီးကို ဖန်ဆင်းတော်မူပြီးလျှင် ၎င်း၏

မျက်နှာထဲသို့ အသက်ဝိညာဉ်ကို မှုတ်သွင်းခြင်းဖြင့်

အသက်ဝိညာဉ်နှင့် ပြည့်စုံသော လူသတ္တဝါဖြစ်လာလေသတည်း။

ဤကဲ့သို့ လူဖြစ်သောအခါ သူအား မြင့်မြတ်သော ကောင်းချီး အပေါင်းနှင့် ပြည့်စုံသည့် ဆုများကိုလည်း တပါတည်း ပေးတော်မူလေသည်။ ဤနည်းအားဖြင့် ပထမ ရှေးဦးစွာသော လူဖြစ်ပေါ်လာ၍ ၎င်းအား (အာဒန်)ဟု မှည့်ခေါ်လေသည်။

၎င်း၏အဓိပ္ပာယ်ကား မြေကြီးမှ ထုတ်ယူသော လူဟု အဓိပ္ပာယ် ရှိလေသည်။ သို့ဖြစ်သောကြောင့် လူသည် ဓမ္မတာ သဘာဝအားဖြင့် ဘုရား သခင်၏ ရုပ်ပုံသဏ္ဍာန်ဖြစ်၏၊ ကောင်းခြင်းကည်းကူသော ဆုကျေးဇူးများ အားဖြင့် ဘုရားသခင်နှင့် အသွင်တူလေသည်။

ဘုရားသခင်၏ အထူးကောင်းမြတ်တော်မူသော စိတ်သဘောထား စေတနာ၊ သဒ္ဒါအာသီသဖြင့် ၎င်းလူ၏ ပျော်ပါးကျက်စားရာ အလို့ငှာ၊ အထူးသဖြင့် သူ၏အတွက် (ပါရာဒိထူး) ခေါ်သော ဥယျာဉ်တခုကိုလည်း ဖန်ဆင်းထားတော်မူလေသည်။

၎င်းဥယာဉ်ထဲ၌ အလွန်တရာ လှပ၍ မြိန်မြတ်သော အရသာကို ဆောင်သော အသီးတို့ဖြင့် ပြည့်စုံသော သစ်ပင်အမျိုးမျိုးတို့သည် ပေါက်

ရောက်လျက်ရှိကုန်၏။ဥယျာဉ်အလယ်တည့်တည့်တွင်သော်ကား (အသက်ပင်) နှင့် အဆိုးအကောင်းတို့ကို ပိုင်းခြားသိစေနိုင်သော သစ်ပင် ရှိလေ၏။

ဤဥယျာဉ်ကို မြစ်ကြီးလေးသွယ်တို့သည် ဖြတ်သန်းစီးဖြာ၍ သွားခြင်းအားဖြင့် ဥယျာဉ်တခုလုံးသည်လည်း ဤမြစ်တို့မှ ရေရရှိနိုင်လေသည်။

ဤဥယျာဉ်ထဲတွင် လူသည် မိမိသဘောဖြင့် လှည့်လည် ပျော်ပါး ကျက်စားသွားလာစိမ့်သောငှါ ဘုရားသခင်သည် သူ့ကို ၎င်း၌ ထားတော်မူလေသည်၊ သို့သော် သူ့အား ဘုရားသခင်က "ဥယျာဉ်ထဲရှိသော အပင်တိုင်းမှ အသီးများကို စားလော့။ သို့ရာတွင် အဆိုးအကောင်း ခွဲခြား၍ သိစေတတ်သော အသိဉာဏ်ကို ပေးတတ်သည့် သစ်ပင်၏ အသီးကိုကား သင်မစားလေနှင့်။ အကြောင်းမူကား၊ ဤအသီးကို စားသောနေ့တွင်ပင်၊ သင်သည် သေခြင်းတရားနှင့် တွေ့ကြုံရလတံ့၊" ဟု မိန့်မှာ ပညတ်တော်မူလေ၏။

ထိုအခါ ဥယျာဉ်ထဲတွင် (အာဒန်) တယောက်ထည်းသာရှိလေ၏။ ထို့ကြောင့် ဘုရားသခင်က "လူယောက်ျားသည် တယောက်အထီးတည်း နေထိုင်ရန် မလျောက်ပတ်။ သူနှင့်တူသော အကူအညီ အထောက်အပံ့တယောက်ကိုလည်း ငါတို့ ဖန်ဆင်းပေးကြစို့" ဟု မိန့်တော်မူပြီးလျှင် အမည်ပေးအံ့သောငှာ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့သည် (အာဒန်) ဆီသို့ အားလုံးလာကြစေသော်လည်း သူနှင့်တူ၍ သူကဲ့သို့ တူညီသော ထိုထိုတိရစ္ဆာန်များအထဲမှ တဦးတယောက်ကိုမျှ မတွေ့ချေ။

သို့ဖြစ်၍ ဘုရားသခင်သည် (အာဒန်)အား ကြီးစွာသောအအိပ်ကြီးကို ပေးအိပ်စေပြီးနောက်၊ သူ၏ တခုသော နံရိုးကို ယူထုတ်၍၊ မိန်းမတယောက်ကို ၎င်းနံရိုးဖြင့် ဖန်ဆင်းတော်မူလေ၏။

(အာဒန်) သည် အိပ်ယာမှ နိုးလေသော် ဘုရားသခင်သည် သူ့ထံသို့ ထိုမိန်းမကို ယူဆောင်ခဲ့လေလျှင်၊ သူနှင့်တူသော အခြား တဦးတယောက်ကို မြင်ရသောကြောင့် အလွန်တရာမှ ဝမ်းမြောက်ခြင်းဖြစ်လေ၏။

ဤမိန်းမကို (ဧဝ) ဟု အမည်ပေး၏။ ၎င်း၏ အဓိပ္ပာယ်ကား လူသတ္တဝါ၏ အမိဟု အဓိပ္ပာယ်ရှိသည်ဆို၏။

## အခန်း (၄)

### လူတို့၏ပထမ မိဘများ အပြစ်ပြုမိကြခြင်းအကြောင်း။

ကမ္ဘာပေါ်၌ ဘုရားသခင် ဖန်ဆင်းထားသော သတ္တဝါအပေါင်းတို့ အနက်၊ မြွေထက်လိမ္မာလည်ကောက်ကျစ်သော သတ္တဝါသည်မရှိချေ။

သို့ဖြစ်သောကြောင့် ငါတို့၏ ပထမ မိဘများ ခံစားနေရသော စည်းစိမ်ချမ်းသာကို များစွာမနာလိုဝန်တိုနေသော (မိစ္ဆာနတ်ဆိုးဆေတန်) သည် မြွေကို လွှက်ကိုင်ပြု၍ ငါတို့ပထမ မိဘများ အပြစ်ပြုစိမ့်သောငှာ လှုံ့တော် ထိုက်တွန်းလုပ်လေသတည်း။

(ဧဝ) သည် အလွန်တရာမှ သိချင် စူးစမ်းချင်သော စိတ်သဘောနှင့် ပညာတတ်ထားသော သစ်ပင်သို့ ချဉ်းကပ်လေလျှင်၊ ၎င်းအပေါ်၌ မြွေတကောင်ကို မြင်ရလေ၏။ ထိုအခါ မြွေက စတင်၍ (ဧဝ) အား ဘုရားသခင်သည် သင့်အား ဤ (ပါရာဒိထူး) ဥယျာဉ်မှ အပင်တိုင်း၏ အသီးကို မစားလေနှင့်ဟု အဘယ့်ကြောင့် ပညာတတ်ထားပါသနည်းဟု မေးလျှင် ဧဝက ဤပါရာဒိတူး ဥယျာဉ်ထဲမှ သစ်ပင်ဟူသ၍ တို့ကို ငါတို့သည် စားကြ၏။

သို့ရာတွင် ဥယျာဉ်လည်၌ ရှိသော အပင်၏အသီးကိုသာ မစားစေရန် ငါသည်သေကောင်း သေကျေ ပျက်စီးလိမ့်မည်ကို စိုးရိမ်သောကြောင့်၊ ဘုရားသခင်သည် ငါတို့အား ပညာတ်သတည်း ဟု ပြန်ပြောလေ၏။

ထိုအခါ မြွေက၊ ထိုအပင်မှ အသီးကို သင်တို့စားသော်လည်း သင်တို့သည် အမှန်စင်စစ် သေလိမ့်မည်မဟုတ်ပေ။ မသေသည်မှမက သင်တို့၏ မျက်စိများ ပွင့်လင်းလာကြပြီးလျှင် သင်တို့သည်လည်း အဆိုးအကောင်းများကို ခွဲခြားသိလျက် ဘုရားသခင်ကဲ့သို့ သင်တို့ဖြစ်ကြလတံ့–ဟု ဧဝအား ပြောလေသည်။

ဧဝသည် ထိုစကားကို ကြားလျှင် မာနစိတ် ဝင်ရောက်လာလျက် အသီး၏ စားကောင်းခြင်းနှင့် ကြည့်ဘွယ်ကောင်းခြင်းများကို မြင်ရသည် ဖြစ်သောကြောင့် အသီးကို ဆွတ်ခူးပြီးလျှင်၊ မိမိကိုယ်တိုင်စားသည်မှတပါး၊ ခင်ပွန်းသည်ဖြစ်သော အာဒန်ကိုပါ ပေးသဖြင့် အာဒန်လည်း စားလေ၏။ ဤကဲ့သို့အားဖြင့် ပထမ ရှေးဦးစွာသော ပြစ်မှုကို ပြုမိကြလေသတည်း။

ဤအသီးကို စားမိကြသည်နှင့်တပြိုင်နက် သူတို့၏ ဝိညာဉ်အသက်ဖြစ်သော သန့်စင်ကြယ်သော ဆုလတ်များ ပပျောက်ကွယ်လေ၏။

သူတို့ကိုယ်ကာယ၏ တည်မြဲခြင်း၊ မသေနိုင်ခြင်းများလည်း ပျောက်ပြီးလျှင် သူတို့မျက်စိများ ပွင့်ကြ၍ သူတို့၌ အဝတ်အစားမရှိ။ အချည်းစည်းရှိနေကြခြင်းများကို သိရှိကြလျက်၊ အရှက်အကြောက် ဖြစ်ကြလေ၏။

ဤကဲ့သို့အရှက်များဖြစ်သောကြောင့် ရေသဖန်းရွက်များကို တွဲသီးပူးချုပ်မိ၍ မိမိ၏အရှက်များကို ဖုံးအုပ်ကြလေ၏။

သို့ရာတွင် မကြာခင်ပင် ဘုရားသခင်သည် သူတို့အား ခေါ်သံကိုကြားရသဖြင့် သူတို့သည်ပြေး၍ သစ်ပင်ကြားထဲတွင် ပုံးကွယ်ကြလေ၏။ဘုရားသခင်သည်လည်း "အာဒန်၊ သင်သည်ဘယ်အရပ်၌ရှိသနည်းဟု မေးလျှင်၊ အာဒန်က အရှင်ဘုရား၏ အသံကို ကျွန်ုပ်ကြားပါ၏၊ သို့ရာတွင် ကျွန်ုပ်၌ အချည်းစည်းဖြစ်လျက်ရှိသောကြောင့်၊ ရှက်ကြောက်၍ ပုန်းအောင်းနေပါသည်ဘုရားဟု လျှောက်ထား၏။

ထိုအခါ ဘုရားသခင်က၊ သင်သည်အချည်းစည်း ရှိသည်ဟု သင့်အားဘယ်သူပြောသနည်း၊ တားမြစ်ထားသောအသီးကို သင်စားပြီလော၊ ဟုမေးလျှင် အာဒန်ကခွန်လှပါ။ ကျွန်ုပ်၏ အဖော်အလို့ငှာ အရှင် ဘုရားပေးထားသည့် မိန်းမက ပေးသောကြောင့် ထိုအသီးကို ကျွန်ုပ် စားမိပါသည်၊ ဟု ပြန်လျှောက်၏။

ထိုအခါဘုရားသခင်က၊ မိန်းမအား သင်သည်အဘယ့်ကြောင့် ဤအရာကို ပြုဘိသနည်းဟု မေးလေလျှင်၊ မြွေသည်သူ့အားလိမ်လည်လှည့်ဖြား၍ ပေးသောကြောင့် သူစားမိပါသည့်ဟု လျှောက်ထား၏။

ထိုအခါ ဘုရားသခင်သည် "မြွေအား၊ သင်သည် ဤအရာကို ပြုသောကြောင့် ကမ္ဘာပေါ်ရှိသမျှသော သတ္တဝါတို့တွင် သင်သည်စက်ဆုပ်ရွံ့ရှာဘွယ်အမင်္ဂလာ သတ္တဝါဖြစ်လတံ့၊ သင်၏ဝမ်းဖြင့် တွားသွား၍ သင်၏တသက်ပတ်လုံး မြေမှုန့်ကိုစားရလတံ့၊ သင်နှင့် မိန်းမသည်၎င်း၊ သင်၏ သားစဉ် မြေးဆက်အဆက်အနွယ်တို့သည်၎င်း။ တဦးနဲ့တဦး ရန်သူကဲ့သို့ ဖြစ်စေမည့်အပြင် သင်၏ ဦးခေါင်းကို ထုချေလတံ့၊ သင်ကလည်းလူ့ဖနောင့်ကို ချောင်းမြောင်းနေလတံ့၊ "ဟု မိန့်တော်မူ၏။

ဘုရားလောင်းသည် ဇေဝအား ဤသို့မိန့်တော်မူ၏။ "ဝမ်းနည်းခြင်းနှင့်ဝေဒနာ အမျိုးမျိုးကို ခံ၍သင်သည်ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်းကိုဖြစ်လတံ့၊ သင်၏ ခင်ပွန်းအုပ်စိုးခြင်းကိုလည်း ခံရလတံ့။"

အာဒန်ကိုမူကား၊ "ထိုအပင်က အသီးကို မစားလေနှင့်ဟု ငါသည်သင့်အား ပညတ်ထားပါလျက်၊သင်သည်သင်၏ မယားစကားကို နားထောင်၍ ထိုအသီးကိုစားသောကြောင့်၊ သင်သည် ဒုက္ခများစွာ ခံစားလျက် တသက်ပတ်လုံး ငြိုငြင်စွာ လုပ်ကိုင်ရှာဖွေစားသောက်ရလတံ့။"

"မြေမှလည်း ဆူးပင်ခြုံပုတ်တို့သည် ပေါက်ရောက်၍ သင့်ကိုလုပ်ထားသော မြေအဖြစ်သို့ သင်ပြန်ရောက်သည်တိုင်အောင်၊ ချွေးထွက်သံယို ဖြစ်လျက် သင်၏ အစား အစာကို စားရလတံ့၊ အကြောင်းမူကား သင်သည်မြေမှုန့်ဖြစ်၍ မြေသို့ တဖန်သင်ပြန်ဝင်ရလိမ့်မည်တည်း"ဟု မိန့်တော်မူ၏၊

သို့ဖြစ်ပါလျက် ဘုရားသခင်သည် အလွန်တရာကြီးလှစွာသော၊ မဟာဂရုဏာ မေတ္တာတော်ဖြင့်၊ ဤကဲ့သို့အပြစ်များ ရလျက်ရှိသော ငါတို့၏ မိဘများကို ကယ်တင်ရန် အရှင်တပါးအား စေလွှတ်လိုက်မည် အကြောင်းများကို ဓာတိထားတော်မူလေသည်၊

ဤမျှလောက် ချစ်ခင်လှသော မိမိကိုယ်တိုင် ဖန်ဆင်းထား၍ မကြာမီကပင် ကောင်းချီး မင်္ဂလာအပေါင်းတို့ကို ပေးသနားတော်မူသည့် သတ္တဝါများအား ဤမျှလောက်ကြီးလေးသော အပြစ်ဒဏ်များကို ပေးစီရင်လိုက်သည်ကို ထောက်သဖြင့်၊ အပြစ်များကို ဘုရားသခင်သည် မည်မျှမကြိုက်မနှစ်သက်ကြောင်းများကို ကောင်းကောင်းကြီး သိအပ်လှပေသည်။

ယခုဆိုခဲ့သည့် ထုတ်ဖော်စီရင်ချက်များကို ထုတ်ဖော် မိန့်ကြားတော်မူပြီးနောက်၊ (အာဒန်နှင့်ဧဝ)တို့ကိုလည်း ဥယျာဉ်တော်မှ နှင်ထုတ်လိုက်ပြီးလျှင်၊ ဥယျာဉ်တံခါးဝတွင် (ချေရုဘင်) အမည်ရှိသောကောင်းကင်တမန်တယောက်ကို၊ တောက်ပြောင်ထိန်လင်းသော သံလျက် တလက်နှင့် အစောင့် ထားပြီးနောက်။ အသက်ရှင်ခြင်းကို ပေးနိုင်သော သစ်ပင်ဆီသို့ သူတို့ ဘယ်သောအခါမှပြန်လည် မရောက်နိုင်အောင် ဆီးတားရန်မှာ ထားသည်ဟု ဆိုသတည်း။

ထိုအချိန်မှစ၍ အာဒန်နှင့် ဧဝဆိုသူတို့သည် သားသမီးများစွာပေါက်ပွားခဲ့၍ ဆိုးသွမ်းကြသောကြောင့်။ ၎င်းမှ ပေါက်ပွားခဲ့သော (အာဗြံ)ဆိုသူမိသားစုတခုတည်းသာ တကမ္ဘာလုံး၌ ချန်ခဲ့ပြီး အခြားလူသား အားလုံး ရေနစ်သေဆုံးအောင် ဘုရားသခင်က အပြစ်ပေးခဲ့သည်ဆို၏။

(အာဗြံ)သည် အလွန်ဖြောင့်မတ် တည်ကြည်သောကြောင့် ဘုရားသခင်က ကယ်တင်ခဲ့ခြင်းဖြစ်ပြီး ဘုရားသခင်က—အာဗြံအား၊ သင်၏ ပြည် သင်၏ ဆွေမျိုးသားချင်း၊ သင်၏အဖ အိမ်မှ ထွက်ခဲ့ပြီးလျှင်၊ငါပြလတံ့သော အရပ်သို့လာလော့၊ ငါသည်သင်၏ အမျိုးကြီးကျယ်သော လူမျိုးကြီး ဖြစ်စေမည်။ ငါသည်သင့်ကို ကောင်းချီးပေး၍ သင်၏နာမကို ထင်ရှားစေမည်၊ သင်သည် ကောင်းချီးပေးခြင်းကို ခံရမည့်ဖြစ်သည့်အားဖြင့်၊ ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့သည် ကောင်းချီးပေးခြင်းကို ခံရလိမ့်မည်ဟု မိန့်တော်မူ၏။

အာဗြံ၏ အဖေသည်ကား ဒေအာပြည် ဟာရန်မြို့သို့ မိမိဆွေမျိုးသားချင်းများနှင့်တကွ သွားရောက်ပြီးလျှင် မဟုတ်မမှန်သော မိစ္ဆာဘုရားများကို ကိုးကွယ်ခြင်း အလေ့အထကို လိုက်နာခြင်းပြုကျင့်ရာ၊ ဘုရားသခင်သည် အာဗြံကို သူ့ဆွေမျိုးထဲမှ ခေါ်ထုတ်တော်မူလေ၏။

အာဗြံကား ဘုရားသခင်ကို ယုံကြည်တော်မူသည်ဖြစ်၍ ဘုရားသခင်မိန့်တော်မူသည့်အတိုင်း သူ၏မယား (ဆာရအီ) သူ၏တူ လော့နှင့် အတူတကွ သူ၏ကျေးကျွန် ကျွဲနွားများကိုယူပြီး (ကာနန်ပြည်)သို့ ထွက်လာလေ၏။

အတော်ကြာသည့်အခါ (ကာနန်ပြည်)သို့ရောက်ပြီး ဖီးကိုင်း အရပ်တွင် နေထိုင်လေ၏။ ထိုအခါ အာဗြံသည် အသက် (၇၅)နှစ်အရွယ် ရှိပြီဖြစ်သည်။

ကာနန်ပြည်သည် အလွန်လှပ၍ မြေသြဇာကောင်းလှသောဒေသဖြစ်၏၊ တဖန် ဘုရားသခင်သည် "ဤအရပ်ဒေသကို ငါသည် သင်၏ အမျိုးအနွယ်တို့အား ပေးမည်"ဟု မိန့်တော်မူ၏။

အာဗြံသည် အလွန်ကျေးဇူးတင်ကြောင်းပြလို၍ ထိုအရပ်၌ ဘုရားသခင်အဖို့ ယဇ်ပလ္လင်တခုကို တည်ထားလေ၏၊ ထိုအခါမှစ၍ ကာနန်

ပြည်ကို (ကတိထားတော်မူသောပြည်)ဟု ခေါ်တွင်သည်ဆို၏၊ (ဓမ္မဟောင်းကျမ်းစာ—၃၁၊၃၃)။

ကမ္ဘာ့သမိုင်း ရာဇဝင်တို့ အဆိုအားဖြင့် (ရေဟူဒီ၊ ဟီးဘရူး၊ ဂျူး) က္ကလသရေလခေါ် အစ္စရေး (Israelites) လူမျိုးတို့သည် ရှေးခေတ်ဟောင်းတွင် အင်ပါရာကြီးတခုကို တည်ထောင်ခဲ့သော လူမျိုးမဟုတ်သော်လည်း လူ့အဖွဲ့အစည်းအတွက် ယဉ်ကျေးမှုကိုပေးနိုင်သော လူမျိုးဖြစ်သည်။

အစ္စရေး (ဂျူး) လူမျိုးတို့သည် ဆေးမီးတစ် အမျိုးအနွယ်မှ ဆင်းသက်လာသည်ဟု ကမ္ဘာ့သမိုင်း ဆရာတို့ကဆို၏။ အစ္စရေးတို့သည် သိုးအုပ်၊ ဆိပ်အုပ်များတိုထိမ်းကျောင်း၍ ရေကြည်ရာ၊ မြက်နုရာ လှည့်လည်သွားလာနေသော လူမျိုးဖြစ်သည်။

အစ္စရေးတို့သည် ယနေ့တိုင် မိမိတို့၏ သီးခြားကိုယ်ပိုင် ယဉ်ကျေးမှုနှင့် လူမျိုးမပျောက်ပျက်ပဲ ရှိနေပြီး၊ အထက်၌ ဖော်ပြခဲ့သော ဓမ္မကျမ်းဟောင်းမှ (အာဗြ) အာဘရာဟမ်—အမည်ရှိသော ပုဂ္ဂိုလ်တဦးမှဆင်းသက်ခဲ့သော လူမျိုးဖြစ်သည်ဟု ယနေ့ထိုင် ယုံကြည်လျက် ရှိကြသည်၊ သို့သော် သမိုင်းဆရာတို့ကမူ (အာဗြ)၏အကြောင်းကို ဒန္တာရီသဖွယ်လောက်သာ သဘောထားကြသည်ဆို၏။

သို့ရာတွင် (အာဗြ)သည် နောက်လိုက် နောက်ပါများနှင့် သိုးအုပ်၊ ဆိတ်အုပ်များကို ထိမ်းကျောင်းကာ လှည့်ပတ်သွားလာနေသူဟု ယခင်ကယူဆခဲ့ကြသော်လည်း ယခုအခါတွင် ခရစ်ပေါ်ပြီး (အေဒီ—၁၉၂၄)ခု နှစ်၌ အာဗြ၏ ဇာတိချက်ကြွေဖြစ်သော ဆူမေရီယန်းမြို့တော် (ဦးရ်မြို့) နေရာဟောင်းတွင် ရှာဖွေတွေ့ရှိရသော အယောက် အထားများနှင့် (ပါလက်စတိုင်းပြည်တွင်) ရှာဖွေတွေ့ရှိရသော အထောက်အထားများအရ (အာဗြ) သည် ဆူမေရီယန်းပြည်သားတယောက် ဖြစ်တန်ရာသည်ဟု သမိုင်းဆရာတို့ အယူအဆ ပြောင်းလာခဲ့သည်။

ရှေရှုခရစ်မပေါ်မီ (ဘီစီ-၂၁၅၀)တွင် အာဗြသည် နောက်လိုက် နောက်ပါတို့နှင့် ယခု "ပါလက်စတိုင်းပြည်" (ထိုစဉ်က ကာနန်ပြည်ဟု ခေါ်သည်)သို့ ထွက်ခွာသွားခဲ့သည်၊ ပါလက်စတိုင်းတွင်ထိုအချိန်က အာဗြ

ကဲ့သို့သော ပညာရှိသိုးအုပ်ရှင်တဦးကို ဘုရင်နှင့်မင်းသားများက ခရီးဦးကြို ပြုပြီး ချီးမြှင့်မြှောက်စားခဲ့သည်ဆို၏။

ထိုခေတ်တွင် ပါလက်စတိုင်း၏ (ကာနန်)ပြည်သည် ရာသီဥတုမျှတ၏။ သို့ရာတွင် တောင်ကုန်းနှင့် ကျောက်ကုန်းတို့ များပြားနေသဖြင့်ထွန်ယက်စိုက် ပျိုးရန် မြေကျယ်ပြန့်စွာ မရှိ၊ တိရစ္ဆာန်များအတွက် စားကျက်သာ ရှိသည်။

ထိုအရပ်မှလူမျိုးတို့သည် အီဂျစ်၊ မေဆိုပိုတေးမီးယားပြည်တို့နှင့် ကူးသန်းရောင်းဝယ်ပြီးလျှင် ထိုပြည်တို့မှ စားရေရိက္ခာများကို ဝယ်ယူကြရသည်။ နောင်တွင် ကာနန်ပြည်၌ အသီးအနှံများကို စိုက်ပျိုးကြသည်။ ဤသို့အားဖြင့် အာရပ်နှင့် နောက်လိုက်များသည် ပထမသုတ်အဖြစ် ရောက်ရှိလာပြီး ပါလက်စတိုင်းတို့၏ ကာနန်ပြည်တွင် အခြေစိုက် နေထိုင်ခဲ့ကြလေသည်။

ဒုတိယသုတ်အဖြစ် ခရစ်မပေါ်မီ (ဘီစီ-၁၄၀၀)ခန့်၌ လှည့်လည် ကျက်စားနေသော အစ္စရေး (ဂျူး) လူမျိုးတို့သည် ဂျိုရှုအာ (**Joshua**) ဆိုသူက ခေါင်းဆောင်ပြီး ဂျော်ဒန်နယ်ကိုဖြတ်ကာ ပါလက်စတိုင်းပြည်သို့ခေါ် ဆောင်လာသည်ဆို၏၊

၎င်းနောက် အီဂျစ်ပြည်ကို (ဟစ်ကဆိုး)လူမျိုးတို့ ဝင်ရောက်တိုက်ခိုက်စဉ်ကလည်း ဟစ်ကဆိုးတို့နှင့်အတူ အစ္စရေးအမျိုးသား အများအပြားပါလာကြသည်ဆို၏။ အချို့သမိုင်းဆရာများကလည်း အစားအစာ ပေါများသော (အီဂျစ်ပြည်) နိုင်းမြစ်ဝှမ်းသို့ သွားရောက်နေထိုင်ကြရင်း အီဂျစ်ဘုရင်များ၏ ကျွန်ပြုခိုင်းစေခြင်းကို ခံကြရသည်ဆို၏။

မည်သို့ပင်ရှိစေ အီဂျစ်ပြည်ကို ဒုတိယမြောက် (ရမ္မဆေး)ဘုရင်အုပ်စိုးချိန်၌ (**Moses**) မိုးဇက် (ခေါ်) မောရှေ အမည်ရှိ လူငယ်တဦး ခေါင်းဆောင်သည့် အစ္စရေးလူမျိုးများသည် အီဂျစ်ပြည် ဆိုင်းနိုင်းတောင်ခြေမြေညီရာဘက်သို့ ထွက်ပြေးသွားကြသည်။ အီဂျစ်စစ်တပ်တို့က လိုက်၍ဖမ်းဆီးသော်လည်း လွတ်မြောက်သွားခဲ့ကြသည်ဆို၏။

**အခန်း (၂၆)**

## မိုးစက်(ခေါ်)မောရှေ

အီဂျစ်ပြည် (အဲဂုတ္တုပြည်) ရှင်ဘုရင်သည် အစ္စရေး လူမျိုးများကို ညှင်းပန်းနှိပ်စက်လျက်ရှိရာ အစ္စရေးလူမျိုးတို့ အင်အားကြီးမား မလာစေရန်

၎င်းတို့အမျိုးမှ ပေါက်ဖွားလာသော သားယောက်ျားကလေးများကိုမြစ်ထဲသို့စွန့်ပစ်ကာ သတ်ဖြတ်ရမည်ဟု ထိုစဉ်က အမိန့်ထုတ်ထားသည်ဆို၏။

တနေ့တွင် ဟီးဘရူး (အစ္စရေး) မိန်းမတဦးသည် သားယောက်ျားကလေးတယောက်ကိုဖွားမြင်ရာ ထိုကလေးသည် အလွန်လှပ၍ ချစ်စဖွယ်ကောင်းလှသဖြင့် စွန့်မပြစ်ရက်သောကြောင့် သုံးလ (၃)လတိုင်တိုင် တိတ်တဆိတ် မွေးမြူထားလေ၏။

ထို့နောက် ကြာရှည်စွာသိုဝှက်မထားနိုင်သဖြင့် ကျူရိုးဖြင့် ရက်လုပ်သော ခြင်းတခုတွင်ထည့်ကာ မြစ်ဆိပ်အနီးရှိ မျက်ပင်များအကြား၌ထား၍ သူ့အမအား မိန်းမငယ်မှ ကလေးအန္တရာယ်မဖြစ်အောင် စောင့်နေစေ၏။

တနေ့တွင် ဖာရောက်ဘုရင်မင်းမြတ်၏သမီးတော်သည် ရေချိုးရန် နိုင်းမြစ်သို့လာရာ ကျူပင်တို့အကြား၌ ခြင်းတခုကိုတွေ့၍ အခြွေအရံ မိန်းမတဦးအား ယူလာစေရန် အမိန့်ပေး၏။

အနီးရောက်၍ ခြင်းကိုဖွင့်ကြည့်သောအခါ သနားသဖွယ် ငိုကြွေးနေသော ချစ်စရာကောင်းသည့် ကလေးဖြစ်နေသည်ကိုတွေ့ရသဖြင့် ဤကလေးသည် ဟီဘရူးတို့၏ ကလေးပင် ဖြစ်သည်ဟုဆိုလေ၏။

ထိုအခါ အနီးဝန်းကျင်မှ စောင့်ကြည့်နေသော အစ်မက ကလေး၏ အသက်ကို စိုးရိမ်သဖြင့် ၎င်းတို့အနီးသို့သွားကာ "ဤကလေးကို ထိန်းသိမ်းမွေးမြူရန် ဟီဘရူး နို့ထိန်းတဦးရှိပါသလား၊ ကျွန်မသွားရှာ ပေးပါမည်ဟု မေးမြန်းလျှင် မင်းသမီးက သွားရှာလော့ဟုဆိုသဖြင့် မိမိ၏ မိခင်ထံသို့ပင် သွားရောက်၍ အကြောင်းစုံပြော၍ သူ့ကိုပင်ခေါ်လာခဲ့၏။ ကလေးမိခင် ရောက်လာလျှင် မင်းသမီးက ဤကလေးကိုယူ၍ ငါ့အတွက် ထိန်းသိမ်း မွေးမြူပေးလော၊ ထိန်းခ ငါပေးမည်ဟု ပြောသဖြင့် မိခင်သည် ကလေးကို ဝမ်းသာစွာဖြင့် မွေးမြူလေ၏။

ထိုကလေးကြီးလာသောအခါ ဖာရောက်ဘုရင်၏ သမီးတော် မင်းသမီးအား ဆက်သရလေသည်။ မင်းသမီးကလည်း ၎င်းကို သားရင်းကဲ့သို့ ကြည့်ရှုစောင့်ရှောက်ကာ (မိုးဇက်)ဟု အမည်မှည့်ခေါ်လေသည်။

မိုးဇက်–ဟူသည်ကား (ရေထဲမှ ကယ်ဆယ်၍ရသောသူ)ဟု အနက်ပြန်၏။ သို့ဖြင့် ကလေးဘဝ၌ ဖားရောက်ဘုရင့်ရန်မှ လွတ်မြောက်ခဲ့လေသည်။

**အခန်း(၃၀)**

မိုးဇက်သည် ဖါးရောက်ဘုရင် နန်းတော်တွင်း၌ ကြီးပြင်းရ၍ အီဂျစ်ပြည်သူ ပြည်သားများ တတ်မြောက်ရသော စာပေပညာ အတတ်စသည်တို့ကို သင်ကြားရလေသည်။ အသက်ရင့်လာသောအခါ မိမိလူမျိုးဖြစ်သည့် ဟီးဘရူးတို့ ဒုက္ခရောက်နေရသည်ကို တွေ့မြင်ရသဖြင့် စိတ်မကောင်းဖြစ်ကာကူညီလိုသော စိတ်ပြင်းပြလာခဲ့ပြီး နန်းတော်တွင်း၌ နေရသော စည်းစိမ်များကို စွန့်ပစ်၍၊ ဟီးဘရူး (အစ္စရေး) လူမျိုးတို့၏ မိတ်ဆွေ အဖြစ်တို့ မယူကြောင်း ကြေညာလေသည်။

ထိုအကြောင်းကို ဘုရင်ကြားသဖြင့် မိုးဇက်ကို ဘုရင်က သတ်ဖြတ်ရန် ကြံစည်ရာ မိုးဇက်သည် မာဒီအံပြည်သို့ ထွက်ပြေး တိမ်းရှောင်နေရ၏။

လမ်းခရီး၌ မိုးဇက်သည် ရေတွင်းအနီးတွင် အမောဖြေလျက်ရှိစဉ် (မာဒီအံပြည်၏ ယဇ်ပရောဟိတ် ယေတရော)၏သမီး ခုနှစ်ယောက် သိုးများကို ရေတိုက်ရန် ရောက်ရှိလာကြသည်၊ သိုးများ ရေသောက်မည်အပြု၌ အခြားသိုးထိမ်းတဦးသည် ၎င်းသိုးများကို မောင်းထုတ်သဖြင့် မိုးဇက်သည် ထိုင်ရာမှ ထကာ ၎င်းမိန်းမတို့၏ သိုးများကို ကူ၍ ရေတိုက်ပေးလေသည်။

အမျိုးသမီး (၇) ယောက်သည် သိုးများကို ရေတိုက်ပြီး အိမ်သို့ပြန်ခဲ့ရာ ဘခင်က ယနေ့ဘယ်အတွက်ကြောင့် စော၍ ပြန်သနည်း မေးလေ၏။ ထိုအခါ အီဂျစ်ပြည်သားတယောက်သည် ကျွန်မတို့ သိုးများကို ရေကူတိုက်ပေးပါသည် ဆိုရာ၊ ဘခင် (ယေတရော) က ထိုသူဘယ်မှာနည်း သွားခေါ်ချေဟု ခိုင်းသဖြင့် အိမ်သို့ ရောက်ရှိလာ၏။

မိုးဇက်သည် ထိုအချိန်မှစ၍ ယေတရောနှင့်အတူနေပြီး ၎င်း၏သမီး (ဆေဖော်ရာ) နှင့် ထိမ်းမြားလက်ထပ်ခဲ့လေသည်။

သို့မိုးဇက်သည် ယောက္ခမအိမ်၌နေ၍ သိုးများကို ကျောင်းနေစဉ် ထာဝရ ဘုရားသခင်သည် ခြုံတွင်း မီးတောက်မီးလျှံမှ ပေါ်လာပြီး အီဂျစ်

ပြည်မှ ဟီးဘရူးလူမျိုးတို့ကို ကယ်တင်ရန်ပြော၍ သူကိုင်သော လှံတန်ကို မြွေဖြစ်စေနိုင်သော တန်ခိုးတော်များ ပေးသည်ဆို၏။

မိုးဇက်သည် ထိုအချိန်မှစ၍ ဘုရားသခင်၏တမာန်တော်အဖြစ်၊ ဟီးဘရူးနှင့် အီဂျစ်ပြည်သူတို့အကြား၌ နာမည်ကြီး လူသိများလာလေသည်။

ထိုလှံတန်ဖြင့် ဘုရင်ရှေ့သွားရောက်ပြိုင်ဆိုင်ပြသရာ အခြားမှော်ဆရာတို့၏ မြွေများကို ထိုလှံတန်မှ ဖြစ်သည့် မြွေက မြို၍ အနိုင်ရသည်ဆို၏။

သို့ဖြင့် မိုးဇက်သည် ၎င်းအတတ်တို့ဖြင့် ဟီးဘရူးတို့ကို စည်းရုံးသိမ်းသွင်းကာ၊ တနေ့တွင် အီဂျစ်ပြည်မှ ဟီးဘရူးလူမျိုးအားလုံးကို ခေါ်ဆောင်၍ ပင်လယ်အနီးဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့လေသည်။ အီဂျစ်စစ်သားများလိုက်ဖမ်းသော်လည်း မမိပဲ လွတ်မြောက်ခဲ့လေသည်။

**အခန်း (၃၆)**

အီဂျစ်ပြည်မှ ထွက်လာ၍ သုံးလကြာသောအခါ (ဆိုင်းနိုင်းတောင်) သို့ ရောက်ပြီး တဲများ ဆောက်လုပ်ကာ တပ်စခန်းချနေကြလေ၏။

မိုးဇက်သည် တောင်ပေါ်သို့ တက်သွားရာ ဘုရားသခင်သည် သူ့အား ကိုယ်ထင်ရှားပြ၍ အစ္စရေးသူမျိုးတို့ထံ သွားကာ၊ ၎င်းတို့အတွက် မိမိကိုယ်တော်တိုင် ပြုလုပ်ပေးတော်မူသော အံ့ဩဘွယ် အခြင်းအရာတို့ကို အောင့်မေ့ကြရန်လည်းကောင်း၊ အကယ်၍ သူတို့သည် မိမိပေးသနားတော်မူမည်ဖြစ်သော ပညတ်တော်များကို လိုက်နာကျင့်ဆောင်ကြလျှင်၊ သူရွေးကောက်တော်မူသော သူများဖြစ်ကြလိမ့်ဦးမည် အကြောင်းကိုလည်းကောင်း၊ ပြောကြားရန် မိုးဇက်အား မိန့်တော်မူသည်။

မိုးဇက်သည် မိန့်တော်မူသည့်အတိုင်း တောင်ပေါ်မှ ပြန်ဆင်းလာပြီး ဘုရားသခင် မိန့်တော်မူလိုက်သော စကားများကို ပြန်လည်ပြောပြရာ "ဘုရားသခင်မိန့်တော်မူလိုက်သော စကားကို ကျွန်ုပ်တို့ လိုက်နာပါမည်" ဟု ဆိုကြကုန်၏။

ထို့နောက် မိုးဇက်သည်တောင်ပေါ်သို့ တဖန် သွားပြန်ရာ။ ဘုရားသခင်သည် သူ့အား အစ္စရေးလူမျိုးတို့သည် မိမိကိုယ်ကို ကောင်းမွန်စွာ သန့်ရှင်းစင်ကြယ်စေ၍ သုံး (၃) ရက်မြောက်သောနေ့၌ တောင်ခြေရင်းသို့ လာရောက်ကြပြီးလျှင်၊ သူတို့ ဖူးမျှော်ကြရန်လည်းကောင်း။ တောင်၏အနီး

သို့ အလွန်နီးကပ်စွာ ချဉ်းတပ်လာလျှင် သေကြေပျက်စီး ကြရမည်ဖြစ်၍ တောင်ခြေရင်းပတ်ဝန်းကြင်၌ အကာအရံများ ပြုလုပ်ထားရန်လည်းကောင်း၊ မိန့်တော်မူသည်။

သုံးရက်မြောက်သော နေ့၌ တောင်၏ ဝန်းကျင်၌ မိုးကြိုးသံနှင့် လျှပ်စစ်များတို့၏ အသံသည်ဆူညံလျက်ရှိ၍ တောင်ထိပ်၌ကား၊ အလွန်ထူထပ်သော တိမ်များဖြင့် ဖုံးလွှမ်းလျက်ရှိလေသည်။

တောင်မှမီးခိုးမီးလျှံတို့သည် အပေါ်သို့ တဖြည်းဖြည်း လွင့်တက်လျက် တောင်သည်လည်း ပြင်းစွာ တုန်လှုပ်လျက်၊ အလွန်ပြင်းကျယ်စွာသော မည်သံတို့ကို ကြားရ၍ ကြောက်ရွံ့ကြသည်ဆို၏။ ထိုနောက် တောင်ကို ဖုံးလွှမ်းနေသော တိမ်များအကြားမှ ဘုရားသခင် မိန့်တော်မူသည်ကား—

(၁) ငါသည်သင်၏ဘုရားသခင်၊ ထာဝရဘုရားဖြစ်၏။ ငါမှတပါး မည်သည့်သတ္တဝါကိုမျှ ဘုရားအမှတ်နှင့် မကိုးကွယ်နှင့်။

(၂) သင်၏ဘုရားသခင်၊ ထာဝရဘုရား၏ နာမတော်မြတ်ကို မရိုမသေ သုံးဆောင်ခြင်းကို မပြုနှင့်။

(၃) ဘုရားရှင်ပွဲနေ့တို့ကို စောင့်လော့။

(၄) မိဘတို့အား ရိုသေခြင်းကိုပြုလော့။

(၅) သူ့အသက်ကိုမသတ်နှင့်။

(၆) ကာမဂုဏ်၌ ကြူးလွန်ခြင်းကို မပြုနှင့်။

(၇) သူ၏ဥစ္စာပစ္စည်းတို့ကို ခိုးယူခြင်းမပြုနှင့်။

(၈) မုသားမသုံးနှင့်။

(၉) သူ့သားမယားကို တပ်စွန်းခြင်းမရှိစေလင့်၊

(၁၀) သူ့ဥစ္စာကိုလိုချင်သော လောဘစိတ်မရှိစေနှင့်။

ဤကား ပညတ်တော် ဆယ်ပါးဖြစ်၏။

လူအပေါင်းတို့သည် တောင်ခြေရင်း၌ အလွန်ကြောက်ရွံ့ တုံလှုပ်ခြင်းရှိကြသဖြင့် မိုးဇက်ကို၊ ကျွန်ုပ်တို့ကို သင်မိန့်တော်မူပါလော၊ ကျွန်ုပ်တို့ နား

ထောင်ပါမည်၊ ဘုရားသခင်မိန့်တော်မမူပါစေနှင့်၊ ကျွန်ုပ်တို့သည် သေမည် စိုးပါသည်”ဟု အော်ဟစ်ပြောဆိုကြလျှင် မိုးဇက်က သူတို့သည် အပြစ်မပြု လုပ်ကြစေခြင်းငှါ၊ သူတို့၏စိတ်၌ ကြောက်ရွံ့ခြင်းရှိကြရန် ဘုရားသခင် ဆင်း သက်ကြွလာတော်မူသည်ဟု အော်ဟစ်ပြန်ပြောလေ၏။

လူတို့သည် တောင်မှ ဝေးကွာလှသောနေရာ၌ နေကြ၏၊ မိုးဇက်မူ ကား မဲမှောင်လျက်ရှိသော တောင်ပေါ်သို့တက်သွားရာ ဘုရားသခင်သည် သူ့အားထပ်မံ၍ ၎င်းတို့ပြုကျင့်ရသော ဝတ္တရားများကိုညွှန်ပြရာ မိုးဇက်သည် ၎င်းတို့ကိုရေးမှတ်ရာ ထိုအထက်ပါ ပညာတ်တော် ဆယ်ပါးဖြစ်လေသည်။

ထို့နောက် မိုးဇက်သည် တောင်ခြေ၌ ယဇ်ပလ္လင်တခုပြုလုပ်၍ ဘုရား သခင်အား မီးဖြင့်ပူဇော်သော ယဇ်ကိုပူဇော်ပြီးလျှင် ယဇ်ကောင်၏သွေးကိုယူ လျက် လူတို့ကို ထိုသွေးဖြင့် ပက်ဖျန်းကာ—

ဤအသွေး သည်အမှု
အရာရာတို့တွင် သင်တို့အား
ဘုရားသခင် ဝန်ခံတော်မူသော
ပဋိညာဉ်၏ အသွေးဖြစ်၏ဟု
ဆိုလေသည်။

## အခန်း (၃၇)

မိုးဇက်သည် တောင်ပေါ်သို့တဖန်ပြန်တက်သွားပြီး ရက်လေးဆယ်နှင့် ညလေးဆယ်ပတ်လုံး ဘုရားသခင်နှင့် အတူတကွ စကားပြောဆိုနေသည် ဆို၏။

ဘုရားသခင်သည် မိုးဇက်အား စကားပြောဆိုပြီးနောက် ပညတ်တော် ဆယ်(၁၀)ပါးရေးသားထားသော ကျောက်ပြားကြီး (၂)နှစ်ချပ်ကို မိုးဇက်အားပေးအပ်သည်ဆို၏။

လူအပေါင်းတို့သည် မိုးဇက်အား မကြာမီ ပြန်ဆင်းလာကြလိမ့်မည်ဟု စောင့်ဆိုင်းမျှော်လင့်၍ နေကြပါသော်လည်း မလာပဲနေသည်ကိုတွေ့သဖြင့် မိုးဇက်အစ်ကို (အာရုံ)အား ကျွန်ုပ်တို့ကို နည်းပေးလမ်းပြပြုလုပ်မည့် ဘုရားများပြုလုပ်ပေးပါ၊ အကြောင်းမူကား ကျွန်ုပ်တို့ကို အီဂျစ်ပြည်မှ ထုတ်ဆောင်သော မိုးဇက်သည် ပြန်မလာ၍ အဘယ်သို့ဖြစ်သည်ကို မသိရပါဟုဆိုလေသည်။

အာရုံသည် ဤကဲ့သို့မကောင်းသောအကြံကို မပြုလုပ်စေရန်ရည်သံ၍ သင်တို့မယားသားသမီးများ ဝတ်ဆင်သော ရွှေနားဒွေါင်းများကို ငါ့ထံသို့ ယူခဲ့ကြဟုပြောလေ၏။ ဤကဲ့သို့ပြောလိုက်လျှင် ထိုရွှေများကို မပေးလိုကြပဲ ဆိုးညစ်သော အယူကိုလည်း စွန့်ပစ်ကြလိမ့်မည်ဟု ထင်မှတ်သဖြင့် ပြောဆိုပါသော်လည်း ထိုသူတို့သည် စိတ်ပျက်ခြင်းမရှိကြတော့ပဲ ရွှေနားဒွေါင်းလက်စွပ် အစရှိသည်တို့ကို အာရုံ၏ထံသို့ ယူလာခဲ့ကြရာ အာရုံသည် ငြင်းဆိုခြင်းငှာမဝန့်သဖြင့် လက်ခံယူပြီးလျှင် ၎င်းတို့ကိုအရည်ကျို၍ (ရွှေနွားငယ်ရုပ်) ပြုလုပ်ပြီးလျှင် ယဇ်ပလ္လင်တခု ပြုလုပ်ပေးလေ၏။

ထိုအခါလူတို့သည် "ဤအရာများသည် အီဂျစ်ပြည်မှ ငါတို့ကိုထုတ်ဆောင်လာသော ဘုရားများဖြစ်ကြကုန်၏ဟု ဆိုကြပြီးလျှင် နောက်နေ့နံနက်၌ အီဂျစ်ပြည်သူ ပြည်သားတို့ပြုလုပ်လေ့ရှိကြသည့်အတိုင်း မီးယဇ်ပူဇော်ခြင်းကို ပြုလုပ်ကြ၍ ကခုန်ပျော်ပါးနေကြလေ၏။

ထိုအတောအတွင်း မိုးဇက်သည် ဘုရားသခင်ကိုယ်တိုင် ရေးပေးသည်ဆိုသော ပညတ်တော် (၁၀) ဆယ်ပါး ကျောက်ပြား (၂)နှစ်ချပ်ကို ယူ၍ တောင်ပေါ်မှ ဆင်းလာခဲ့၏။

ထိုအခါ လူများ အော်ဟစ်ကခုန်၍ ရွှေနွားရုပ်ငယ်ကို ရှေ့တွင်တွေ့ရသည်၌လည်းကောင်း၊ မိုးဇက်သည် ဒေါသဖြစ်ကာ ကျောက်ပြားများကို မြေပေါ်ပစ်ချလိုက်ပြီး တောင်ခြေရင်း၌ပင် ထုခွဲလိုက်လေ၏။

ထို့နောက် နွားငယ်ရုပ်ကို အတင်းလုယူ၍ မီးဖြင့် ရှို့လိုက်ပြီးလျှင် အမှုန့်ဖြစ်အောင် ထုထောင်းပြစ်လေသည်။

၎င်းနောက် ထိုသို့ပြုလုပ်မှုကို အလွန်ဒေါသဖြစ်လျက် အာရုံကိုများစွာ ကြိမ်းမောင်းမြည်တွန်းပြီးလျှင် ထိုအပြုအမူမှာဆိုးယုတ်သည်ဟုယူဆကာ မိမိတပ်၏ တပ်တံခါးဝ၌ရပ်လျက် "ဘုရားသခင်၏ စကားကို နားထောင်လိုသောသူများရှိလျှင် ငါ့နောက်ကိုလိုက်ခဲ့ကြဟု ပြောလေရာ လေဝီ၏ ဆွေမျိုးသားချင်းတစုတို့သည် မိုးဇက်အနီးသို့ ဝိုင်းအုံချဉ်းကပ်လာကြလေ၏။

ထိုအခါ မိုးဇက်က ၎င်းတို့အား ဓားလွတ်များကိုစွဲကိုင်၍ တပ်တွင်းရှိ ရုပ်တုများကို ကိုးကွယ်ဝတ်ပြုလျက်ရှိသူများကို သတ်ကြရန် အမိန့်ပေးလိုက်ရာ သူတို့သည် မိုးဇက်ပြောဆိုသည့်အတိုင်း သတ်ဖြတ်ကြရာ ထိုနေ့ချင်းတွင် လူပေါင်း (၂၃၀၀၀)နှစ်သောင်း သုံးထောင်မျှ သေကြသည်ဟုဆို၏။

နောက်တနေ့ မိုးဇက်သည် တောင်ပေါ်သို့ ပြန်တက်ကာ ကျေးဇူးမသိတတ်သော မိမိလူများအတွက် ဘုရားသခင်အား စိတ်အားထက်သန်စွာ လျှောက်တောင်ပန်သည်ဆို၏။ သို့ရာတွင် ဘုရားသခင်က သူတို့ကို ဖျက်ဆီးမည့်အကြောင်းကိုသာ မိန့်တော်မူရာ "အို.... ဘုရားသခင် ဤလူများသည် အပြစ်ပြုမိကြပါပြီ၊ သူတို့ကို အပြစ်တော်လွှတ်ရန် အလိုတော်ရှိက အပြစ်လွှတ်တော်မူပါ၊ သို့မဟုတ်ရင်လည်းအကျွန်ုပ်၏အမည်ကိုကိုယ်တော်ရေးမှတ်ထားသော စာရင်းစာအုပ်ထဲမှ ချေဖျက်တော်မူပါ"ဟူ ပြန်၍လျှောက်ထားသည်ဆို၏။

ထိုအခါဘုရားသခင်သည် သူ၏လျှောက်ထားချက်ကို နားညောင်းတော်မူ၍ သူ့အား ကျောက်ပြားနှစ်ချပ် ထပ်မံဖြတ်ပေးရန် မိန့်တော်မူ၏။

မိုးဇက်သည် မိန့်တော်မူသည့်အတိုင်း ပြုလုပ်ရာ ဘုရားသခင်သည် ထိုကျောက်ပြားများပေါ်၌ ပညာတ်တော် ဆယ်ပါးကို ထပ်မံ၍ရေးပေးတော်မူသည်ဆိုလေ၏။

## အခန်း (၄၄)

### မိုးဇက် သေသွားနိုး ဆုံးမသြဝါဒစကား

မိုးဇက်ကား လူတို့အား အကယ်၍ ၎င်းတို့သည် ဘုရားသခင်၏စကားကို မနာယူပဲ ပညတ်တော်များကိုလည်း မစောင့်ထိန်းလျှင် ၎င်းတို့နှင့်တကွ၊ ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ အားလုံးအပေါ်၌ ကြိမ်ဆိုခြင်း ခံရလိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီး၊ ဗေဒင်၊ အိပ်မက်၊ အတိတ်နိမိတ် စသော အတတ်များကိုလည်း မယင်မလိုက်စားမိကြလေနှင့် ထိုကဲ့သို့သော အတတ်ပညာများသည် ဇင်တေဦး လူမျိုးတို့သာ ပြုကျင့်လေ့ရှိသော အတတ်ဖြစ်သည်။ ထိုနောက် လူအားလုံးတို့အား ကောင်းချီးပေးပြီးလျှင် မိုးဇက်သည် မော်အာဘနယ်မြေမှ ထွက်ခွာ၍ (နေဘော်) တောင်ပေါ်သို့သွားရောက်လေ၏၊

ထိုတောင်ပေါ်မှ ဘုရားသခင်သည် သူ့အား သူ၏ဘိုးဘွား အဗြံ၊ ဣဇက်နှင့် ယာကုတ်တို့ကိုပေးမည်ဟု ကတိတော် ထားတော် မူခဲ့သော ထိုအရပ်မှ အလွန်ဝေးကွာသည့် ကာနန်ပြည့်ကို ပြတော်မူသည်။

နောက်ဆုံး ထိုအရပ်၌ ယင်းမိုးဇက်သည် အသက် (၁၂၀)၌ သေဆုံးသွားလေ၏။

ထို့နောက် ဟီးဘရူး၊ ရဟူဒီ(ဂျူး) အစ္စရေးလူမျိုးတို့သည် အလွန်ချမ်းသာယာသောဟု သမုတ်အပ်သော ယနေ့တိုင် တည်ရှိနေသည့် ဂျေရုဆလင် (Jerusalam) မြို့တော်ကြီးကို တည်ထောင်ကာ နေထိုင်ကြလေသည်။

နောက်ပိုင်းတွင် အနာဂတ်မြင်ရသူများဟု ယုံကြည်ကြသော တမာန်တော်များ (Prophets)ပေါ်လာပြီး၊ ထိုတမန်တော်များက အစ္စရေး(ဂျူး)များကို ဘုရားသခင်၏ အလိုတော်ကျ နေထိုင်ကျင့်ကြံကြရန် ဟောပြောအုပ်ချုပ်ကြသည်။ ဤခေတ်တွင် အစ္စရေး (ဂျူး)တို့သည် စည်းလုံးညီညွတ်မှုရှိကြသည်။

မကြာမီ အိမ်နီးနားချင်းဖြစ်သော ဖိလစ္စတင်း လူမျိုးတို့က ပါလက်စတိုင်းကို ဝင်ရောက်တိုက်ခိုက်သဖြင့် (ဆာဦး) (Saul) ဆိုသူက ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက် တွန်းလှန်လိုက်သည်။ ထိုအခါ ဆာဦး၏ သူရသတ္တိ ပြည့်စုံမှုကို ချီးကျူးကာ သူရဲကောင်းအဖြစ် အသိအမှတ်ပြုလျက်၊ တမန်တော်များ၏

သဘောတူညီချက်ဖြင့် အစ္စရေးလူမျိုးတို့သည် (ဆာဦး)ကို ဘုရင်အဖြစ်ခန့် အပ်ပြီး တိုင်းပြည်ကို အုပ်ချုပ်စေသည်။

ဤအချိန်မှစ၍ (ဆာဦး) ဘုရင် ပထမဆုံးအုပ်ချုပ်သည့် (အစ္စရေး– ဂျူး)နိုင်ငံအဖြစ် ပေါ်ပေါက်လာခဲ့လေသည်။

ပါလက်စတိုင်း၏မြောက်ဖက်ရှိ အစ္စရေး (ဂျူး)တို့နှင့်အနွယ်တူသော (ဂျူဒါနိုင်ငံ)ကို ဒေးဗစ်ဘုရင်က အုပ်စိုးသည်။ ဆာဦးဘုရင်၏သား (အစ်ရှဘာလ်) ဘုရင် ကွယ်လွန်သောအခါ အစ္စရေးနိုင်ငံက (ဒေးဗစ်) ဘုရင်၏ သစ္စာကိုခံသည်။

ဒေးဗစ် ကွယ်လွန်သောအခါ ဆော်လမွန် (Solmon) ဘုရင်နန်း တက်သည်။ ဆော်လမွန်ဘုရင်သည် ဖိုးနီးရှားနိုင်ငံမှ အလုပ်သမားများကို ငှားကာ (ဂျေရုဆလင်) မြို့တော်ကို တိုးချဲ့ပြီးလျှင်၊ အခြား အဆောက်အဦ များနှင့်တကွ ကြီးမားခမ်းနားသော (ယေဟောဝါ) ဘုရားရှိခိုးကျောင်း ကြီးကို တည်ဆောက်သည်။ ထို့ပြင် မြို့ရိုးနှင့် လမ်းများလည်း ဖောက်လုပ် လေသည်။

အစ္စရေးတို့သည် ပင်ကိုဉာဏ်ထက်သန်မှုရှိကြသော်လည်း ပစ္စည်းအ ဆောက်အဦနှင့်ပတ်သက်၍မူ အခြားနိုင်ငံများလောက် အဆင့်အတန်း မမှီ ကြ။ အစ္စရေးနိုင်ငံသည် သဘာဝအားဖြင့် ပစ္စည်းများရှားပါး၍ မြေဩဇာ လည်း မကောင်းချေ။

သို့အတွက် ဆော်လမွန်ဘုရင်သည်(ယေဟောဝါ)ဘုရားရှိခိုးကျောင်း ကြီးဆောက်လုပ်ရာ၌ သစ်သားများကို မြောက်ဖက်နိုင်ငံကဝယ်ရပြီး ကြေးနီ သတ္တုများကို တောင်ဘက်နိုင်ငံများမှ ငယ်သုံးရသည်။ ထို့ပြင် ဗိသုကာများ ဆရာများနှင့် အလုပ်သမားများကိုလည်း နိုင်ငံခြားမှ ငှားရမ်းရသည်။

သို့သော် ဤ(ယေဟောဝါ) ဘုရားရှိခိုး ကျောင်းကြီး၏ အဆင့်အ- တန်းမှာ မေဆိုပိုတေးမီးယားပြည်နှင့် အီဂျစ်ပြည်ရှိ အဆောက် အဦများထက် ပို၍မြင့်မားခြင်း မရှိဟုဆိုသည်။

အစ္စရေး (ဂျူး)တို့၏ ဘာသာအယူဝါဒ ရည်ရွယ်ချက်များမှာ တဆူ တည်းသော (ယေဟောဝါ) ဘုရားကိုသာကိုးကွယ်ကြပြီး၊ မိမိတို့လူမျိုးများ စည်းလုံးညီညာ တစုတည်းတသားတည်း တည်ရှိစေရန်ဖြစ်သည်။ ထို့ကြောင့် အစ္စရေး (ဂျူး)လူမျိုးများသည် ရှေးဟောင်းခေတ် လူမျိုးအပေါင်းအနက် တဆူတည်းသော ဘုရားကို ကိုးကွယ်သူများအဖြစ် ယနေ့တိုင် တည်ရှိခဲ့ကြ သည်။

**ဓမ္မသစ်ကျမ်း (ယုဒသန်)။**

(သခင် ရေရှု)

အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဂေါတမမြတ်စွာဘုရားပွင့်ချိန်နှင့် ကမ္ဘာ့အနောက်ဖက်နိုင်ငံများတွင် ရောမနိုင်ငံကြီးသည် ဖွံ့ဖြိုးလွန်စွာ ကြီးကျယ်လျက်ရှိလေသည်။

၎င်းရောမမြို့သက် နှစ်ပေါင်း (၇၀၀)ခန့်တွင် ရောမသည် အင်ပိုင်ယာအားဖြင့် ကြီးကျယ်လှသည်။ သို့သော် တိုင်းပြည်ကြီးကျယ် ခန်းနားသလောက် အတွင်းရေးများ ရှုတ်ထွေးလျက်ရှိသည်၊ ရောမသည် နှစ်ပေါင်း (၂၀၀)ခန့်မျှ ပြည်တွင်းပြည်ပ စစ်မက်များ ပြိုင်ဆိုင် တိုက်ခိုက်နေရသဖြင့် ပြည်တွင်း စီးပွားရေးများထိခိုက်ပြီး လူငယ် လူရွယ်နှင့် လူတော်လူကောင်းများ ဆုံးရှုံးပျက်စီးရသည်။

တောင်သူလယ်သမားများနှင့် အလုပ်သမား အပေါင်းတို့မှာလည်း ကျွန်ခံရသည့် အခြေသို့ရောက်ကြကာ မြို့ကြီးပြကြီးများမှာ မွဲတေလျက်ရှိကြသည်။

မင်းမှုထမ်းများမှာလည်း စားဝတ်နေရေးကျပ်တည်းမှုကြောင့် တန်စိုးလက်ဆောင်များစားကြကာ စာရိတ္တပျက်လျက် ရှိသည်၊ အဆိုးဆုံးမှာ ရောမလူမျိုးတို့၌ လူမှုဆက်ဆံရေး ကြမ်းတမ်းမှုသည် အခြားလူမျိုးတို့၌ဒုက္ခရောက်၍ သွေးထွက်သံယိုမှုများ ဖြစ်သည့်အခါ စိမ်းစိမ်းကြည့်၍ သဘောကျကာ ကိုယ်ချင်းမစာတတ်ခြင်းပင်ဖြစ်သည်၊

ဆင်းရဲနွမ်းပါးသူအများမှာ ကုဋေနှင့်ချီပျက် ပေးလေသော ကျောက်တုံးကြီးအောက်တွင် ပိတ်မိနေသော ပုရွက်ဆိတ် သတ္တဝါများသဖွယ်ရှိနေလေသည်။ ရောမမြို့သက် နှစ်ပေါင်း (၇၅၃)နှစ်တွင် ဂျူလီယက်ဆီဇာ၊သြဂတ်စကပ် ဘွဲ့ခံ (အောက်တေဗီယက်) ဘုရင် ပဲလေတိုင် နန်းတော်ကြီးတွင် မင်းရောဇ် စည်းစိမ်ကို ခံစားလျက်ရှိစဉ် (ဘီစီ–၄)တွင်–

"ဂျေရုဆလင်နှင့် ငါးမိုင်ဝေးသောဘက်သလင်မြို့ တခုသော နွားတင်းကုတ်အတွင်း၌ လက်သမားအလုပ်ဖြင့် အသက်မွေးသော

(ဂျူးဇက်)၏ဇနီး (မေရီ)ဝမ်းမှ (ရေရှု) အမည်တွင်သော သားယောကျ်ားကလေးတဦးကို ဖွားမြင်ခဲ့ပေသည်။"

လောကကြီး၏ ပြောင်းလဲဖြစ်ပျက်မှုများ ဆန်းကျယ်လှရကား မကြာမီ ပဲလေတိုင်နန်းတော်ကြီးနှင့် နွားတင်းကုတ်တို့၏ တိုက်ပွဲသည် ပြင်းထန်စွာ ပေါ်ပေါက်လာခဲ့ပြီး၊ နန်းတော်ကြီးအား ရေရှုည်တွင် နွားတင်းကုတ်က အောင်ပွဲခံသွားမည်ကို မည်သူတဦးတယောက်ကမျှ တွေးတော၍မသိရှိနိုင်ကြပါချေ။

ရောမနိုင်ငံကြီးအတွင်း နေထိုင်ကြသော အောက်တန်းစား ဆင်းရဲသားများသည် ရှေးဘိုးဘေးဘီဘင်တို့ကိုးကွယ်ခဲ့သော နတ်များကို ကိုးကွယ်ကြပြီး တနှစ်တကြိမ် နတ်ကွန်းများသို့ သွားလေ့ရှိကြသည်။ ထိုအခါ နတ်ပွဲကြီးများကျင်းပ၍ အခမ်းအနားများနှင့် မြို့ကိုလှည့်လည်မှုများ ပြုလုပ်သော်လည်း နှောက်ရှက်ဟန့်တားသူများမရှိပဲ အားလုံးကြည့်နေကြသည်။

သို့သော် ရောမနိုင်ငံကြီးတွင် အများအားဖြင့် ဂျူပိတာ၊ မီနာဖတ် နတ်ပကျွန်း၊ စသည့်နတ်များကို ကိုးကွယ်ခြင်းသည် တိုင်းပြည် ထူထောင်စခေတ်က လုပ်ခဲ့သော အမှုဖြင့် ယနေ့ခေတ်နှင့်မလျော်တော့ဟု ယူဆလာကြသည်။ ထို့ကြောင့် ရောမတို့သည် ဘာသာဘက်တွင် အယူမသီးကြ။

သို့အတွက် အများအားဖြင့် မိမိတို့ ကြိုက်နှစ်သက်ရာများကို လွတ်လပ်စွာ ကိုးကွယ်ကြသည်။ ရောမပြည်ကြီးတွင် အီဂျစ်၊ အာဖရိကနှင့် အာရှဒေသများမှ ရောက်လာကြသော နတ်ကွန်းများနှင့် ဘုရားကျောင်း အမျိုးမျိုး ပြည့်နှက်လျက် ရှိလေသည်။

ရေရှု (Joshua) ကို မွေးဖွားပြီးနောက် ရေရှု၏ မိသားစုများသည် ဂေလီလီနယ် (နာဇရက်)မြို့သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

အစ္စရေး (ဂျူး)တို့က (မေဆိုင်ရာ) ဘုရားတဆူ ပွင့်မည်ဟု နိမိတ်ဖတ်ခဲ့ခြင်းကို အကြောင်းပြု၍ ရေရှုက မိမိသည်ပင် မေဆိုင်ရာ ဖြစ်သည်ဟုဆို၏။ မေဆိုင်ရာဆိုသည်မှာ ဂရိတ်ဘာသာဖြင့် (ခရစ်တော်) ဘိသိက်ခံယူပြီးသူဟု အဓိပ္ပာယ်ရသည်။

ခရစ်ယန် ဘာသာသည် အစ္စရေး (ဂျူး)လူမျိုးတို့၏ ယာဟုဝေည်း သော ဘုရားကို ကိုးကွယ်ခြင်းနှင့် ရှေးဦး အစ္စရေး(ဂျူး)တို့၏ ဘာသာရေး

အယူအဆများကို အခြေခံသည်။ ရှေးဟောင်း ရဟူဒီ (ဂျူး)အစ္စရေးတို့၏ ဘာသာရေးဖြစ်စဉ် ဖော်ပြချက်များကိုပင် – သမ္မာ ကျမ်းစာဟောင်း (ဆိုင်ဘယ်)အဖြစ် ခံယူကြသည်။

သို့ရာတွင် ရဟူဒီ (ဂျူး) အစ္စရေးတို့က ယေရှုကို ဘုရားအဖြစ် အသိအမှတ် မပြုကြပေ၊ အစ္စရေး (ဂျူး)ဘုန်းကြီးများက ယေရှုကို မနှစ်မြို့ကြ။ သို့သော် (ရှင်ပေါလု) ခေါ် အစ္စရေး (ဂျူး) တဦးကမူ ရှေးဟောင်း အစ္စရေး (ဂျူး) ဘာသာကိုစွန့်၍ ခရစ်ယန် သာသနာကို ဟောကြားခဲ့လေသည်။

ယေရှုသည် ဩဂုပ်စတပ်ဘွဲ့ခံ (အောက်တေးဗီးယက်) ဘုရင် လက်ထက် အသက် (၃၀) အရွယ်တွင် မကျန်းမာသော ဒုက္ခသည်များကိုရှာဖွေပြုစုရင်း တရားဓမ္မများကို ဟောကြား သာသနာပြုခဲ့သည်။

"ယေရှုက ကမ္ဘာပေါ်တွင် တဆူတည်းသော ဘုရားသာရှိသည်။ ထိုဘုရားသည် ကောင်းကင်ဘုံ၌ ရှိသည်။

ဘုရားသခင်သည် မေတ္တာတရားကြီးမား၍ ဘုရားသခင်မျက်မှောက်ဝယ် ဆင်းရဲသူ ချမ်းသာသူဟူ၍မရှိပဲ မေတ္တာအရာတွင်အညီအမျှသာ ဖြစ်သည်။"

ရန်သူကိုပင် မေတ္တာတရား ထားရမည်။ ကိုယ်ကျင့်တရားကောင်းအောင်စောင့်ထိန်းရမည်။ လူဟူသမျှကို အတန်းအစား မခွဲခြားပဲ ညီရင်းအကိုပွဲသို့ ချစ်ခင်ရမည်ဟုဆို၏။

ထို့ပြင် ဘုရားသခင်၏နိုင်ငံတော်ကို လူတို့၏ အသည်းနှစ်လုံးထည်း၌ ထူထောင်အံ့ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ဘုရားသခင်၏ နိုင်ငံတော်တွင် သူ့ပစ္စည်း၊ ငါ့ပစ္စည်းမရှိ၊ အဆင့် အတန်း မခွဲခြား၊ မာန်မာန မရှိဟု ဟောကြားသည်။"

**မှတ်ချက်။** ။ရောမအင်ပါယာ၌ ခရစ်တော် ပေါ်ပေါက်ချိန်တွင် မြန်မာနိုင်ငံ၌ သရေခေတ္တရာခေတ်၊ သုမုန္ဒရမင်းက သာသနာသက္ကရာဇ် (၆၂၄) မှ (၆၂၂) ကို ဖြိုလိုက်ပြီးလျှင် အကြွင်း (၂) မှ စတင် ရေတွက်သော သရေခေတ္တရာသက္ကရာဇ် ပေါ်ပေါက်ခဲ့၏။

ဂျေရုဆလင်၌ ခရစ်ယန် သာသနာ စတင် ပေါ်ပေါက်လာပြီး နောက် ရောမနိုင်ငံသို့လည်း ခရစ်ယန်သာသနာ ပျံ့နှံ့သွားသည်။ ရောမ လူမျိုးတို့သည် ဂရိတ်တို့ကဲ့သို့ပင် နတ်ဘုရားများကိုသာ ကိုးကွယ်ခဲ့ကြပြီး၊ တဆူတည်းသော ဘုရားကို မကိုးကွယ်ကြချေ။ (ကမ္ဘာ့သမိုင်းမှတ်တိုင် — ပတွဲ - စာ - ၂၅၂)။

တနေ့၌ နာဇရက်မြို့နေ လက်သမားဆရာ၏သား (ရေရှု) သည် ရောမ အစိုးရကို ပုန်ကန်ရန် လှုံ့ဆော်လျက်ရှိသည်ဟု ကောလာ ဟလ သတင်းတခု ထွက်ပေါ်၍ လာခဲ့သည်။

ရောမစုံထောက်တို့လည်း ချက်ခြင်း သတင်းပေါ်လာရာသို့ လိုက်၍ စုံစမ်းရာ။ ၎င်း (ရေရှု) အမည်ရှိသော ပုဂ္ဂိုလ်မှာ လူ ကောင်း သူကောင်းတဦး ဖြစ်သဖြင့် အရေးယူရန် အကြောင်းမရှိဟု အထက် အာဏာပိုင်များထံသို့ အစီရင်ခံခဲ့ကြသည်။

သို့သော် ရဟူဒီ (ဂျူး) ယဇ်ပရောဟိတ်လူကြီးများသည် ရေရှုအား ဂျူး ကျွန်များနှင့် ဆင်းရဲသားများက ကြည်ညိုနေသည် ကို မလိုမုန်းထားကာ ဖမ်းဆီးဖို့ ကြံစည်နေကြသည်။

တနေ့တွင် ယဇ်ပုရောဟိတ်မင်း (ကရာဖ) ၏ တပည့် (၁၂) ယောက် တို့သည် ဓား ဒုတ်တို့ ကိုင်ဆောင်ကာ ရောက်ရှိလာပြီး ရေရှု အား ဝိုင်း ဝန်း ဖမ်းဆီးကြလေသည်။ထိုနောက် သူတို့ဆရာ ကရာဖထံ ခေါ်ဆောင် သွား၏။ ၎င်းနောက်တွင် ကရာဖက ရေရှုအား သတ်ရန် ကြိုးနှင့် ချည် နှောင်၍ နာဇရက်မြို့ဝန်မင်း (ပုန္တိပိလတ်) ထံသို့ ပို့ဆောင်အပ်နှံကြ သည်။

ရေရှုသည် မြို့ဝန်မင်းပိလတ်က သင်သည် ယုဒ ရှင်ဘုရင် မှန် သလောဟု မေးလျှင်၊ ရေရှုက မင်းကြီးမေးသည့်အတိုင်း မှန်သည်ဟု ပြော လေသည်။

ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ အကြီးအကဲတို့သည် အပြစ်တင်ကြ သော် တခွန်းမျှ ပြန်မပြော။ ပိလတ်မင်းကလည်း သင့်တဘက်၌ အဘယ်မျှ လောက် သက်သေခံကြသည်ကို သင် မကြားသလောဟု မေးသော်လည်း စကားတခွန်းမျှ ပြန်မပြောသည်ကို ပိလတ် အံ့ဩလေသည်။

ထိုပွဲ၌ မြို့ဝန်မင်း ပိလတ်သည် အကျဉ်းထားသော သူတို့တွင် လူအများတို့ အလိုရှိသော လူတယောက် လွှတ်ပေးရမြဲ ထုံးစံရှိသည်။

ထိုအခါ အကျဉ်းထားသော သူကိုအထဲ၌ (ဗာရဗ္ဗ) အမည်ရှိ ကျော်စောသူတယောက် ရှိ၏။ လူများစည်းဝေးကြလျှင် ပိလတ်မင်းက သင်တိုသည် ဗာရဗ္ဗနှင့် ရေရှုကို အဘယ်သူ့အား လွှတ်စေချင်သနည်းဟု မေးလေ၏။

အဘယ့်ကြောင့်ဆိုသော် ပိလတ်မင်းသည် ထိုသူတို့ကား မနာလိုသော စိတ်နှင့် ရေရှုကို ဖမ်းဆီးအပ်နှံကြောင်း သိသဖြင့် မေးခြင်း ဖြစ်သည်။

ထိုမှတပါး တရားပလ္လင်ပေါ်ထိုင်စဉ် အမျိုးသမီးတဦးက ၎င်း ခင်ပွန်း ယောကျ်ားတယောက်ကို လွှတ်၍၊ ထိုဖြောင့်မတ်သောသူကို အဘယ်သို့မျှ မပြုပါနှင့် ယနေ့ပင် ကျွန်မသည် ထိုသူ့ကြောင့် အိပ်မက်ပြင်းစွာ ခံရပါပြီဟု မှာလိုက်၏။

ထိုအခါ လူစု လူဝေးတို့သည် ဗာရဗ္ဗကို တောင်း၍ ရေရှုကို သတ်ရန် ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူအကြီးအကဲတို့သည် အခြား လူများကို တိုက်တွန်းသွေးဆောင်ကြလေ၏။

ထို့ကြောင့် မြို့ဝန်မင်း ပိလတ်က ဤသူ နှစ်ယောက်တို့တွင် ဘယ်သူကို သတ်စေချင်သနည်းဟု ထပ်မေးသောအခါ၊ ဗာရဗ္ဗကို လွှတ်စေချင်ပါသည်ဟု လျှောက်ကြသည်ဆို၏။ ပိလတ်လည်း သို့ဖြစ်လျက် ခရစ်ဟု ခေါ်သော ရေရှုကို အဘယ်သို့ပြုရမည်နည်းဟု ထပ်မေးပြန်သော်၊ လူအပေါင်းတို့က ထိုသူသည် လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းကို ခံရပါစေလော့ဟု ဆိုကြ၏။

ပိလတ်လည်း အဘယ်ကြောင့်နည်း၊ အဘယ်အပြစ်ကို ပြုသနည်းဟု မေးလျှင် ထိုသူသည် လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းကို ခံရပါစေလို့သာ ထပ်၍ အော်ကြ၏။ ထို့နောက် ပိလတ်သည် လူများကို မနိုင်ပဲ ရုန်းရင်း ဆန်ခတ် ဖြစ်လာသည်ကိုသာ တွေ့ရသဖြင့် ဗာရဗ္ဗကို လူအများရှေ့၌ လွှတ်၍ ရေရှုကိုကားသတ်ရန် အပ်လိုက်လေ၏။

သတ်ရန်ယူ၍နေရာသို့ရောက်လျှင် ရေရှုကို လက်ဝါးကပ်တိုင်မှာရိုက်ထားပြီး ၎င်း ဘေးနှစ်ဖက်တွင် ဓားပြတယောက်စီ လက်ဝါးကပ်တိုင်တို့၌ကပ်ထားသည်ဆို၏။

ရေရှုသေသောအခါ ဗိမာန်တော်၏ ကုလားကာသည်အထက်စွန်းမှ အောက်စွန်းတိုင် တွဲ၍ မြေကြီးလည်း လှုပ်၏။ ကျောက်များတို့သည်လည်း ကွဲပြားကြ၏။

ထို့နောက် သင်းချိုင်းတို့သည် ပွင့်လှစ်သဖြင့် ကျိန်းစက်လျက်ရှိသော၊ သန့်ရှင်းသူတို့၏ အလောင်းများစွာတို့သည် ထကြ၍၊ ကိုယ်တော်ရှင်ပြန် ထမြောက်တော်မူသည့်နောက်၊ ထိုသူတို့သည်သင်းချိုင်းတွင်းမှထွက်၍၊ သန့်ရှင်းသောမြို့ထဲသို့ဝင်ပြီးလျှင် လူများစွာတို့အားထင်ရှားစွာပြကြသည်ဆို၏။

ရေရှုကို စောင့်သော တပ်မှူးတပ်သားတို့မှာလည်း၊ မြေကြီးလှုပ်ခြင်း စသည်တို့ကိုမြင်သဖြင့်၊ အလွန်ထိတ်လန့်ကြ၍၊ စင်စစ်ဤသူသည် ဘုရားသခင်၏ သားတော်မှန်ပေ၏ဟု ပြောဆိုကြ၏။

ရေရှုသေပြီး ညအချိန်ရောက်သောအခါ မသဲမြို့သား (ယောသပ်သူဌေး)သည် ရေရှု၏ တပည့်ဖြစ်သည်နှင့် မြို့ဝန် ပိလတ်ထံသွား၍ ရေရှုအလောင်းတော်ကို တောင်း၏။ ပိလတ်က ခွင့်ပြုသဖြင့် ရေရှုအလောင်းကိုကျောက်၌ ထွင်းထားသော မိမိသင်းချိုင်းသစ်ထဲ၌ ထား၏။ ကြီးစွာသောကျောက်တုံးကြီးကိုလည်း တွင်းဝမှာပိတ်ပြီးမှ သွားလေ၏။

နောက်နေ့တွင် ယဇ်ပရောဟိတ်အကြီးနှင့် ဖာရိရှဲတို့သည် ပိလတ်မင်းထံသွား၍ ရေရှုက ငါသည် (၃) ရက်မြောက်သောနေ့၌ ထမြောက်မည်ဟု မသေမီပြောသည်ကို မှတ်မိပါသည်။

ထို့ကြောင့် သူ့တပည့်တို့သည် သေခြင်းမှထမြောက်တော်မူပြီဟု လူအပေါင်းတို့အား ပြောဆိုကြသော်၊ ရှေ့အမှားထက် နောက်အမှားကသာ၍ ကြီးမည်ဟုစိုးရိမ်ရသဖြင့် သင်းချိုင်းတွင်းကို သုံးရက်မြောက်အောင်လုံခြုံစွာ စောင့်ခွင့်ပြုပါဟု လျှောက်၏။

ပိလတ်က သင်တို့၌ လူစောင့်တတပ်ရှိ၏။ သွားကြ တတ်နိုင်သမျှအတိုင်း လုံခြုံစွာ စောင့်စေဟု ဆိုသဖြင့် ထိုသူတို့လည်းသွား၍ ကျောက်ကို

တံဆိပ်ခပ်ပြီးလျှင် အစောင့်ထားလျက် သင်းချိုင်းတွင်းတော်ကို လုံခြုံစွာပြု ကြသည်ဆို၏။

ရေရှုကိုသတ်သည်မှာ ဥပုသ်နေ့ဖြစ်၏။ ထိုဥပုသ်နေ့ နောက် (၇)ရက် မြောက်သည့်နေ့တွင် ပထမနေ့ရက် မိုးလင်းအံ့ဆဲဆဲတွင် မာဂဒါလမာရိနှင့် အခြားသော မာရိသည် သင်းချိုင်းတော်ကို အကြည့်သွားကြသည်။ ထို အခါ မြေကြီးသည် ပြင်းစွာလှုပ်လေ၏၊ အကြောင်းမူကား ထာဝရဘုရား၏ ကောင်းကင်တမာန်သည်ကောင်းကင်ဘုံမှဆင်းလာ၍ တွင်းဝ၌ပိတ်ထားသော ကျောက်ကို လှိမ့်လှန်ပြီးလျှင် ထိုကျောက်ပေါ်၌ ထိုင်နေ၏။

သူ၏ မျက်နှာသည် လျှပ်စစ်ကဲ့သို့ ထင်၏။ အဝတ်သည်လည်း မိုးပွင့် ကဲ့သို့ဖြူ၏။ လူစောင့်တို့သည်ကောင်းကင်တမာန်ကိုကြောက်သဖြင့် တုန်လှုပ် ၍ သေမတတ် ဖြစ်ကြ၏။

ထိုအခါ ကောင်းကင်တမာန်က ကြောက်ရွံ့ခြင်းမရှိကြနှင့် လက်ဝါး ကပ်တိုင်မှာသတ်သော ရေရှုကို သင်တို့ ရှာသည်ကို ငါသိ၏။ ဤအရပ်၌ မရှိ။

မိန့်တော် မူသည့်အတိုင်း ထမြောက်တော်မူပြီ၊ လာကြသခင် လျောင်းတော်မူရာအရပ်ကိုကြည့်ကြလော့၊ အလျင်အမြန် ပြန်သွား၍ သေ ခြင်းမှ ထမြောက်တော် မူကြောင်းကို တပည့်တော် တို့အား ပြောကြ လော့။

သင်တို့ ရှေ့ ဂါလီလဲပြည်သို့ ကြွတော်မူမည်။ သင်တို့သည် ထိုပြည်၌ တွေ့ကြရလိမ့်မည်ဟု ဆိုလေသတည်း။ (ဓမ္မသစ်စာ-၂၇-၂၈)။

သို့ ရေရှုကွယ်လွန်သွားသော်လည်း ခရစ်ယန်သာသနာကားကျန်ရစ် ခဲ့၏။ ဆင်းရဲသား ခရစ်ယန် ဘာသာဝင်တို့က ကျွန်ပိုင်ရှင်စနစ်ကို ဖျက်သိမ်း ပြီးလျှင် လူလူချင်းအခွင့်ရေးတန်းတူ ခံစားသင့်ကြောင်း ဟောပြောလာကြ သည်။ ကျွန်ပိုင်ရှင်လူတန်းစား၏ အုပ်စိုးရေးစနစ်ကိုလည်း ဆန့်ကျင်ရန်လှုံ့ ဆော်လာကြသည်။

ထိုအခါ အုပ်စိုးသူ ကျွန်ပိုင်ရှင်တို့က ခရစ်ယန် ဘာသာဝင်တို့ကို ဖမ်းဆီး၍ အမျိုးမျိုးနှိပ်စက်ကြ၏။ ခရစ်ယန် ဘာသာဝင်တို့၏ တော်လှန် ရေးဝါဒမှာ အကြမ်းမဖက်ပဲ သီးခံမှု သက်သက်ဖြင့် ဘုရားကို တိုင်တည်ဆု

တောင်းရေးဝါဒဖြစ်သည်။ ထို့ကြောင့် အုပ်စိုးသူ ကျွန်ပိုင်ရှင်တို့၏ ရက်စက်စွာ ဖိနှိပ်ညှင်းဆဲမှုအောက်တွင် ခရစ်ယန် သာသာဝင်တို့ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရ၏။

ရေဟူဒီ (ဂျူး) တို့သည် ဘာသာတရား၏ အဆုံးအမတွင် သက်ဝင်ယုံကြည်နေမှုကြောင့် လွတ်လပ်သော ဆင်းရဲသားများနှင့် ကျွန်တို့၏ အကြားတွင် ခရစ်ယန် သာသနာကား ပျောက်ကွယ်၍ မသွားခဲ့ချေ။

ကျွန်တို့မှာလည်း မိမိတို့အတွက် အကျိုးခံစားခွင့် အလျဉ်းမရှိသောကြောင့် သခင်တို့၏ အလုပ်များတွင် စိတ်ဝင်စားမှု မရှိကြတော့ပဲ ဆက်လက်၍သာ အာဏာဖီဆန်လာကြတော့၏။

ထို့ကြောင့် (အေဒီ—၁) ရာစုတွင် ရောမနိုင်ငံ၏ ကုန်ထုတ် လုပ်ငန်းအားလုံးမှာ ပိုမို၍ကျဆင်းသွားခဲ့၏။ ကျွန်ပိုင်ရှင်တို့၏ အကျိုးစီးပွားလည်း များစွာထိခိုက်သွားပြီး ကျွန်ပိုင်ရှင် လူတန်းစားအဖွဲ့ အကျပ် ရိုက်သွား၏။ ထိုကျွန်ပိုင်ရှင်တို့က ကျွန်များကို အထိုက် အလျောက် အလျှော့ပေးကာ အခြားနည်းနှင့် သွေးစုတ်ရန် ကြံစည်လာကြပြန်သည်။

ကိုလိုနီ မြေယာစနစ်ဖြစ်သော (လာတီဖွန်ဒီယာ)ခေါ် ကျယ်ဝန်းသော လယ်ယာမြေကွက်ကြီးများကို အစိပ်စိပ်ခွဲဝေကာ ကျွန်များအား လုပ်ကိုင်စားသောက်စေ၏။

ထိုကိုလိုနီမြေယာစနစ်တွင် ကျွန်များသည် သာမန်ကျွန်ဘဝထက် အထိုက်အလျောက် လွတ်လပ်မှု ရှိလာ၏။ မြေရှင်က ခွဲဝေပေးထားသော မြေယာများပေါ်တွင် အတည်တကျ နေထိုင်ခွင့် ရရှိကြသည်။ ဖြစ်ထွန်းလာသော သီးနှံအချို့ကိုလည်း ပိုင်ဆိုင်ခွင့် ရလာကြလေသည်။ ထိုပိုင်ဆိုင်သည့်အထဲမှ မြေရှင်အား သီးနှံကိုဖြစ်စေ၊ အသပြာကိုဖြစ်စေ သတ်မှတ်ထားသော စည်းကမ်းအတိုင်း ပေးဆောင်ရ၏။

မည်သို့ပင်ရှိစေ ကျွန်ပိုင်ရှင်စနစ်ကြီး၏ ယိမ်းယိုင်လာခြင်းကို တားဆီး၍ မရနိုင်တော့ချေ။ ထို့ကြောင့် (အေဒီ-၁) ရာစုမှစ၍ ရောမတို့သည် အကျပ်ခေတ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပေသည်။

ခရစ်ပေါ်ပြီး (အေဒီ-၃၁၁)ခုနှစ် (ဂါလီရီယုစ်) ဘုရင်လက်ထက်၌ ခရစ်ယန်ဘာသာကိုးကွယ်မှုကို ရောမအစိုးရက အသိအမှတ်ပြုလိုက်သည်၊ (အေဒီ—၃၂၃) ခုနှစ် (ကွန်စတန်တိုင်) ဘုရင်လက်ထက်၌ ခရစ်ယန်ဘာသာကို နိုင်ငံတော်၏ ဘာသာအဖြစ် ပြဋ္ဌာန်း အတည်ပြုလိုက်သည်။

**မှတ်ချက်။** ။ရောမအင်ပိုင်ယာတွင် ခရစ်သက္ကရာဇ် (အေဒီ—၁၀၈) ခုနှစ်၌ နန်းဘက်သော (မာကုစ်ဩရီလီယုစ်) လက်ထက်တွင် မြန်မာနိုင်ငံ ပုဂံခေတ်၌ ဖြူစောထီးမင်းက နိုင်ငံ၏ဘေးရန်များကို ဖျက်ဆီးတွန်းလှန်၍ နန်းတက်သည်။

ခရစ်သက္ကရာဇ် (အေဒီ—၃၂၃) ခုနှစ်၊ ရောမဘုရင် (ကွန်စတန်တိုင်) လက်ထက်တွင် ခရစ်ယန်ဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်ချိန်သည် မြန်မာနိုင်ငံ ပုဂံ ခေတ်တွင် (ကြောင်ဒုရစ်မင်း) အုပ်စိုးသော အချိန်ဖြစ်၏။

ထိုအချိန်တွင်ပင် (ရှင်မဟာ ဗုဒ္ဓဃောသ)သည် သီဟိုဠ်ကျွန်းသို့သွား၍ ပိဋကတ် သုံးပုံကို (မာဂဓဘာသာ)ဖြင့် ရေးကူးပြီးလျှင် (သထုံပြည်)သို့ ဆောင်ယူခဲ့လေသည်။

ခရစ်ယန် ဘာသာသည် နိုင်ငံတော် ဘာသာဖြစ်လာသည်၊ (ကွန်စတန်တိုင်)၏ လက်ထက်ကာတည်းကပင် အစပြု၍ ရောမဂိုဏ်းချုပ်သည့်လည်း အင်ပါယာသခင်၏ ဘာသာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဖြစ်လာခဲ့လေသည်။ ဘုရင့်ထံတင်ပြသော ဘာသာရေးဆိုင်ရာ ကိစ္စရပ်အားလုံးကို ၎င်းကပင်ဖြေရှင်းပေးရသည်။

ခရစ်ယန်ဘာသာသည် စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားနှင့်ပတ်သက်သော ကိုးကွယ်ရာ ဘာသာသက်သက်သာဖြစ်ပြီး လောကီလူမှု ကိစ္စတို့နှင့် လုံးဝကင်းရှင်းခဲ့သည်။

သို့သော် တိုင်းပြည်၏ အုပ်ချုပ်ရေး မတည်ငြိမ်မှုနှင့် စီးပွားရေးများ ဆုတ်ယုတ်လာသောအချိန်တွင် တဖက်တွင်ရှိသော ဘာသာရေး ခေါင်းဆောင်များသည် အရည်အချင်း ပြည့်ဝစွာနှင့် တိုင်းသူပြည်သားများအကျိုးစီးပွားကို ဆောင်ရွက်နိုင်ကြသဖြင့် လူအများ၏ ယုံကြည်ကိုးစားမှုကို ခံယူနိုင်ကြသည်။

ရောမပြည်ကြီး၌ ခရစ်ယန်ဘာသာကို တင်းကျပ်စွာ ဖိနှိပ်စဉ်ကပင် လူရိုင်းများ ပိုးမိုးသော နယ်ပယ်များသို့တိုင်အောင် ပျံ့နှံ့ခဲ့၏။ ထိုဒေသများ၌ မြို့ပြကိစ္စရေးရာတို့တွင်လည်း ခရစ်ယန် တရားဟောဆရာတို့၏ ဩဇာသည် များစွာလွှမ်းမိုးခဲ့၏၊

ရောမကေရာဇ်ဘုရင် တတိယမြောက် (ဗာလင်တီနီယန်း) လက်ထက်၌ ရောမရှိ ဘာသာရေးဂိုဏ်းချုပ်(လေယို) အေဒီ–၄၄၀-၄၆၁-သည် အခြား ဘာသာရေး အဖွဲ့ခေါင်းဆောင်များအား ကွပ်ကဲအုပ်ချုပ်နိုင်ခွင့် အာဏာများ ရရှိခဲ့သည်။

ထိုအခါမှစ၍ ခရစ်ယန် ဘာသာရေး အဖွဲ့ခေါင်းဆောင်များ အပေါ် ကွပ်ကဲအုပ်ချုပ်သူအား (ပုပ်ရဟန်းမင်းကြီး)ဟူသော ဘွဲ့ထူးဖြင့်ခေါ်ဝေါ် သုံးစွဲခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

ခရစ်ယန် ဘာသာသည် ရောမ၏ နိုင်ငံရေး အချက်အချာဖြစ်သော ဘုရင်၏နန်းတော်ကို (ကွန်စတန်တီနိုပလေ)သို့ ပြောင်းရွှေ့သွားသည့်အချိန်မှစ၍ ရောမမြို့၏ အုပ်ချုပ်ရေးရာ အာဏာများသည် (ပုပ်ရဟန်းမင်းကြီး)၏ လက်တွင်းသို့ သက်ဆင်းလာခဲ့ရသည်။

ပြည်နယ်အရပ်ရပ်ရှိ ဘာသာရေး အသင်းအဖွဲ့များမှာလည်း လူမှုရေးကိစ္စများကို လုပ်ဆောင်ရင်းဖြင့် နိုင်ငံရေးဘက်သို့ နယ်ကျွံလာကြသည်။ ပထမသော် တရားဟောဆရာတို့သည် နယ်ပယ်အသီးသီးတွင် ဒေသန္တရအလိုက် ခရစ်ယန် ဘာသာရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။

နောင်တွင် ရောမပုပ်ရဟန်းမင်းကြီးက အပြည်ပြည် အရပ်ရပ်ရှိ ထိုဘာသာရေးအဖွဲ့များ၏ ဂိုဏ်းအုပ်များအပေါ်၌ အုပ်ချုပ်ကွပ်ကဲမှု အာဏာများ ရလာလေသည်။ ထိုအခါမှစ၍ ဘာသာရေးဆိုင်ရာ အုပ်ချုပ်မှု ယန္တယား ပေါ်ထွန်းခဲ့ပေသည်။

ထို့ပြင် ဘုန်းတော်ကြီးများ၏ တန်ခိုး အာဏာကလည်း ဘုရင် ကေရာဇ်မင်းများအပေါ် စူးရှခဲ့ကြ၏။ ပုပ်ရဟန်းမင်းကြီး (ဂရေ ဂေါ်ရီ)ကမူ၊ ခရစ်ယန် ဘာသာဝင် တိုင်းပြည်အသီးသီးတို့ကို ဘာသာရေးအရ စည်းလုံးစေပြီး၊ ၎င်းကိုယ်တိုင်က မင်းညီမင်းသားအားလုံး၏ မင်းဆရာအဖြစ်ရပ်တည်ရန် ရည်ရွယ်ချက်ကြီးစွာဖြင့် ကြိုးစားခဲ့လေသည်။

ခရစ်ယန်သာသနာရေးဆိုင်ရာ အုပ်ချုပ်မှုမှာလည်း ဘုရင်ကေရာဇ်မင်းများ၏ အုပ်ချုပ်ရေးယန္တယားပုံစံကဲ့သို့ ဆင့်ကဲဆင့်ကဲ အုပ်ချုပ်ပုံနည်းဖွဲ့စည်းဖြစ်ပေါ်လာခဲ့၏။ ရောမမြို့ရှိဂိုဏ်းအုပ် ဘုန်းတော်ကြီးခေါ် (ပုပ်ရဟန်းမင်းကြီး)သည် အပြည်ပြည် အရပ်ရပ်ရှိ ခရစ်ယန် သာသနာရေးဂိုဏ်းအုပ်အားလုံးတို့၏ တဦးတည်း အာဏာပိုင်ဖြစ်သည်။ သာသနာပိုင်လည်းဖြစ်၏။

အပြည့်ပြည့် အရပ်ရပ်ရှိ ဂိုဏ်းအုပ်များကို ရောမသာသနာပိုင်ကသာ ခန့်ထားနိုင်ပြီး နောင်တွင် (ကာဒီနယ်—Cardinal) ခေါ် ဘုန်းကြီးများပါ ဝင်သော ကောင်စီမှ ဂိုဏ်းအုပ်များကို ရွေးချယ်ခန့်ထားမှု ပြုလာကြသည်။

ရောမသာသနာပိုင်က အာဏာကို ချုပ်ကိုင်ထားမှုနှင့်ပတ်သက်၍ အခြားပြည်နိုင်ငံများမှ ခရစ်ယန်သာသနာရေးပုဂ္ဂိုလ်များအနေဖြင့် မကျေမနပ်ဖြစ်လာကြကာ သာသနာပိုင်နှင့် ပဋိပက္ခများဖြစ်ပွားခဲ့သည်။ ခရစ်ယန်သာသနာရေးကျမ်းများကို အဓိပ္ပါယ်အမျိုးမျိုး ကောက်ယူဖွင့်ဆိုကြသည်။ သာသနာပိုင်၏ အာဏာကိုလည်း ဆန့်ကျင်ကြသည်၊ သို့သော်နောင်တွင်ရောမသာသနာပိုင်၏ အာဏာကသာလျှင် အဘည်ဖြစ်ခဲ့သည်။ ခိုင်မာခဲ့၏။ သာသနာလည်း ကျယ်ပြန့်ထွန်းကားလာခဲ့လေသည်။

အရှေ့ရောမအင်ပါယာ၌ ဘုန်းတော်ကြီးများမှာ အုပ်ချုပ်ရေး၌ ကိုယ်ထိလက်ရောက် ပါဝင်လာကြသည်သာမက မြေယာအများအပြားကိုပါ ပိုင်ဆိုင်ခြင်းများ ရှိခဲ့လေသည်။

ခရစ်သက္ကရာဇ်(အေဒီ-၆၀၀) ခန့်တွင်သာသနာပိုင်သည်အီတလီပြည်၌ မြေယာများကို အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း (၁၈၀၀)ခန့် အထိပင် ပိုင်ဆိုင်မှုရှိခဲ့သည်ဆို၏၊

ဘုန်းတော်ကြီးများသည် ဘာသာရေးတွင် အာဏာပိုင် ဖြစ်ခြင်းကြောင့် တန်ခိုးအာဏာ မြင့်မားလာခဲ့၏။ ခရစ်ယန်သာသနာ အဖွဲ့များသည် အမှောင်ထုဖုံးလွှမ်းနေသော အနောက်ဖက်ဥရောပတဝှမ်း၌ လမ်းမှန်ကို ညွှန်ပြသည့် တခုတည်းသော အဖွဲ့နှင့် လူအများ၏ အားကိုးရာဌာနများဖြစ်လာခဲ့ကြသည်။

လူတို့အား ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ဟောပြောဆုံးမကြ၏။ စာသင်ကျောင်းကြီးများဖွင့်လှစ်၍ စာပေပညာရပ်များကို သင်ကြားပေး၏။ဆေးဝါးများကုသပေး၏။ သို့ဖြစ် အရိုင်းအစိုင်းများကို ခရစ်ယန်ဘာသာကို ယုံကြည်စေခဲ့သည်၊

ဤသို့ကြိုးပမ်းချက်များကြောင့် ခရစ်ယန်ဘုန်းကြီးများမှာ တန်ခိုးအာဏာများ ကြီးမားခဲ့ကြလေသည်၊ ဤသို့ တကမ္ဘာလုံးကို ခြေဆန့်၍ကြီးစားကြရာတွင်ဘုန်းတော်ကြီးများဖြစ်သော—

၁။ စိန့်မာဒင် (St. Mattin)သည် ပြင်သစ်ပြည် တလွှားတွင် လည်းကောင်း။

၂၊ စိန့်ပတ်ထရစ်(St. Patrick) သည် အိုင်ယာလန်၌ လည်းကောင်း။

၃။ စိန့်ဩဂတ်စတင်(St. Auguastian)သည် အင်္ဂလန်ပြည်၌လည်းကောင်း။

၄။ စိန့်ဘွန်နီဖေ့ (St Boniface)သည် ဂျာမနီပြည်၌ လည်းကောင်း၊

၅။ စိန့်ဆီးရီးလ် (St. Cyril) နှင့် စိန့်မက်သော ဒိယပ်စ် (St. Methodius) တို့သည် ဆလဗ် လူမျိုးများအား လည်းကောင်း။

၆။ စိန့်ဘယ်နာဒစ် (St. Benadict) သည် အီတလီပြည်၌ လည်းကောင်း။

စသည်တို့သည် ၎င်းတို့၏ ခရစ်ယန်ဘာသာကို ကျယ်ပြန့်အောင် သာသနာပြုနိုင်ခဲ့ကြလေသည်။ ၎င်းတို့၏ တရားဓမ္မ • အယူအဆများမှာ အောက်ပါအတိုင်း ဖြစ်၏။

**သမာကျမ်းစာ အဘိဓာန် (ကျမ်းစာအသင်း – ၁၉၃၆)**

**အပါယ် (ငရဲ)**

၎င်းနှင့်ပတ်သက်၍ အင်္ဂလိပ် (School, Hell, Grave) သုံးမျိုးကို မြန်မာလို ငရဲ၊ မရဏာနိုင်ငံ၊ ငရဲမင်း စသဖြင့် အမျိုးမျိုး ပြန်ထားသည်။

ထိုအချက်နှင့်ပတ်သက်ပြီး၊ ဟီဘရူး(အစ္စရေး) လူမျိုးတို့၌၊ တမလွန်ဘဝနှင့် ပတ်သက်၍ ဝါဒအခိုင်အမာ မရှိကြောင်းသိရ၏။ လူသေတို့သည် (Hell)မရဏာနိုင်ငံ၌ ဆက်လက်၍ အသက်ရှင်ကြသေးကြောင်း အများယုံကြည်ဟန်ရှိသည်။

သို့သော် ငြိမ်ဝပ်စွာ အသက်ရှင်ရှိမှုသာ လော၊ လှုပ်လှုပ်ရှားရှားသွားလာနေထိုင်ခြင်းများလောဟူ၍ ထုက်ဖော်ပြခြင်းမရှိ။ ပရော်ဖက်ပွေလကို

ပင့်ခေါ်သည့် အကြောင်းကိုထောက်သော်၊ မရဏာနိုင်ငံ၌ လှုပ်ရှားသွားလာလျက် အသက်ရှင်ကြောင်း ယုံကြည်ဟန် လက္ခဏာပြသည်။

သို့သော် ဤသို့ထုံး အကိုးအကား နည်းပါးလှသဖြင့် လူမျိုး၏ဝါဒဟူ၍ စကားအလွန်အကျွံမဆိုနိုင်၊ နောက်နှောင်းသောအခါများ၌ လူသေတို့သည်၊ ဤ(Hell) မရဏာနိုင်ငံမှ ရှင်ပြန်ထမြောက်၍၊ လူအကောင်းတို့ကိုသုခဘုံ၊ လူဆိုးတို့ကိုဖျက်ဆီးရာသို့ အပို့ခံရမည်ဟု ယုံကြည်ဟန် လက္ခဏာရှိသည်၊

ဤယုံကြည်ချက်ကို အရင်းပြု၍၊ ခရစ်တော်လက်ထက်၌ ယုဒလူမျိုးတို့တွင်၊ ဖာရိရှဲနှင့် ဇဒ္ဒုကဲဟူသော ဂိုဏ်းကြီး နှစ်ကွဲလွဲနေသည်၊

ငရဲ၊ ငရဲမီး၊ မီးငရဲစသည် စကားတို့မှာ၊ ဂျေရုစလင်မြို့တံတိုင်းအပြင်ရှိ အမှိုက်တို့စုပုံမီးရှို့ရာ နေရာကိုခေါ်သည်။

ထိုနောက်ယုဒလူမျိုးတို့က ၎င်းစကားကို မြေအောက်ရှိ လူဆိုးတို့ကိုမီးနှင့်ဒဏ်ခတ်ရာ ငရဲဘုံဟုဆိုလိုဟန်ရှိသည်။ ထိုဘုံသည် လူ့ဘုံထက်ကျယ်ပြန့်သည်ဆိုကြ၏။ ငရဲသဏ္ဌာန်ကို အမျိုးမျိုးတွေးဆဟန် ရှိကြသည်။

ကြီးလေးသောအပြစ် ငရဲသို့ကျသူမှာ လွတ်ခွင့်မရှိသော်လည်း၊ ယုဒ (အစ္စရေး) လူမျိုးတို့မှာ ငရဲ၌ အမြဲနစ်မွမ်းရမည် မဟုတ်ဟု ပြောကြ၏။

ဓမ္မသစ်ကာလ၌ ခရစ်ယာန် စာရေးဆရာတို့ ဤစကားကို—

အပြစ်သားတို့ ဒဏ်ခတ်ရာ လွတ်ခွင့်မရှိသော ငရဲဟူ၍ သုံးစွဲကြသည်။ ထို့အတူ ကောင်းကင်ဘုံကို ရှင်ပြန်ထမြောက်ကျသော၊ လူမွန်တို့စံရာ ဘုံဟု သုံးစွဲကြသည်၊

**အပြစ်—၊**

ဓမ္မဟောင်း၊ ဓမ္မသစ်ကျမ်း နှစ်ခုလုံးအရ အပြစ်ဆိုသည်မှာ၊ လူသည် ဘုရားသခင်၏ ပညတ်တော်ကို ငြင်းပယ်လွန်ကျူးမှုကြောင့်၊ ဘုရားသခင်နှင့် ပေါင်းသင်းဆက်သွယ်ရေး ပြတ်ဆဲခြင်းကို ဆိုလိုသည်။

သခင်ယေရှု၏ ဝါဒအရလူသည် ဘုရားသခင်နှင့် မိတ်သဟာ ပြတ်ဆဲလျှင်အပြစ်ဖြစ်သည်။ကြီးလေးဆုံးသော အပြစ်ကား၊ သစ္စာတရားနှင့် ဘုရားသခင်ဝိညာဉ်တော်ကိုငြင်းဆန်တွန်းဖယ်သည့် မယုံကြည်ခြင်း အပြစ်တည်း။

၎င်းပြင် မိုးဇက်ယူခဲ့သော ပညာတ်တော် ဆယ်ပါးကို ချိုးဖောက်ခြင်းသည် အပြစ်ဖြစ်သည်၊

**အပြစ်ဖြေခြင်းနေ့ ၊**

အစ္စရေး (ဣသရေလ)တို့၏ တမျိုးသားလုံး နှိမ့်ချရသော နေ့ဖြစ်သည်။

အပြစ်ဖြေခြင်းနေ့၌ ယဇ် ပရောဟိတ်မင်းသည် သန့်ရှင်းရာ ဌာနသို့ ဝင်ခွင့်ရသည်၊ ထိုအခမ်းအနားဌ် အရေးကြီးဆုံးသော အလုပ်မှာ ဗိမာန်တံခါးဝ၌ ဘုရား သခင်ရှေ့တော်တွင်၊ ဆိတ်နှစ်ကောင် ပူဇော်ရခြင်းဖြစ်၏။

၎င်းတို့ကိုမဲချ၍ တကောင်ကိုသတ်ပြီးလျှင်၊ ဂရုဏာပလ္လင်ရှေ့၌ သွေးကိုပက်ဖြန်းရ၏။ ကျန်ဆိတ်တကောင်ကိုမူ ကန္တာရထဲသို့ ထုတ်သွားရ၏၊

ထိုသို့မပြုမီ ယဇ်ပူပရောဟိတ်မင်းသည်'အိုဘုရားသခင်၊ အကျွန်ုပ်နှင့်တကွ အကျွန်ုပ်၏အိမ်သား၊ အာရုန်၏သားများသည် အပြစ်ကျူးလွန် မိကြပါပြီ အိုဘုရားသခင် သူတို့၏ ကျူးလွန်ခြင်းများ၊ ပုန်ကန်ခြင်းများ၊ ပြစ်မှားခြင်းများနှင့် ကျွန်ုပ်၏ ကျူးလွန်ခြင်းများ၊ ပုန်ကန်ခြင်းများ၊ ပြစ်မှားခြင်းများကို အပြစ်ဖြေလွှတ်ပါရန် တောင်းပန်ကြပါ၏။'

'ကိုယ်တော်၏ ကျွန်မောရှေအား၊ ထိုနေ့ကာလ၌ သင်အား အပြစ်ဖြေရှင်း၍၊ သင်၏အရှင်သခင်ရှေ့တော်၌ သင်သည် အပြစ်ခပ်သိမ်းမှ ကင်းရှင်းစင်ကြယ်စေရန် သင့်ကိုဆေးကြောမည်– ဟူ၍ မိန့်တော်မူသည့် အတိုင်း ကျွန်ုပ်နှင့်တကွ အိမ်သူအိမ်သား၊ အာရုန်၏သားများနှင့် ကိုယ်တော်၏ လူမျိုးတော်ကို အပြစ်ဖြေလွှတ်တော်မူပါဘုရား' ဟူ၍ ရွတ်ဆိုရလေသည်၊

ထိုနေ့၌ ယုဒလူမျိုးမှန်သမျှ တနေဝင်မှ တနေဝင်အထိ အစားရှောင်ရသည်။

**အပြစ်ဖြေလွှတ်ခြင်း–**

ဘုရားဂုဏ်တော်တို့တွင်၊ အပြစ်ဖြေလွှတ်တော်မူခြင်း မဟာဂရုဏာဂုဏ်တော်သည်၊ ဘဝသယမ္ဘူ၌ တွဲဖက်ပါရှိသော တန်ခိုးတော်ဖြစ်၍၊အ

ပြစ်ဖြေလွှတ်ခွင့်ရှိတော်မူရုံသာမက၊ ထိုသို့အပြစ်ဖြေလွှတ်တော်မူခြင်းက ဂရုဏာတော်ကို ပြတော်မူလို၏၊

ဤဂရုဏာကျေးဇူးတော်ကို ရနိုင်ရန် လူသည်နောင်တရ၍ နှိမ်ချကျိုးနွံသောစိတ်ရှိရမည်။ ပြစ်မှား ကျူးလွန်သူကိုယ်တိုင်က စရိုက်ပြင်၍ ဘုရားသခင်သို့ မလှည့်ပါက အပြစ်ဖြေလွှတ်ရန် မျှော်လင့်ဘွယ်မရှိ၊ လူသည် အပြစ်ကို ဝန်ခံ၍ ဘုရားသခင်အား တောင်းပန်လျှင် ကိုယ်တော်၏ ကရုဏာတော်တို့မှာ အနန္တဖြစ်၏။

လေဝိထုံးဥပဒေအရ လူအချင်းချင်း ပြစ်မှားမိသည်ရှိသော် ဦးစွာထိုက်လျော်သော လျော်ကြေးပေးခြင်း၊ ပြုပြင်ခြင်း၊ ကြေချမ်းအောင် ပြုလုပ်ပြီးစီးမှ အပြစ်ဖြေရာ ပူဇော်သက္ကာကို ပြုရမည်။ မသိသောကြောင့် မှားယွင်းမိသော အပြစ်များ၌ပင် နောင်တရခြင်းနှင့် ၎င်းပြင်ပလက္ခဏာ စုံညီမှ အပြစ်ဖြေလွှတ်ခြင်း ရရှိသည်၊

လူလူချင်း ပေါင်းသင်းထက်ဆံရေး၌ တယောက်ကို တယောက် အပြစ်ဖြေလွှတ်ခြင်း မရှိက ဘုရားသခင်၏ အပြစ် ဖြေလွှတ်တော်မူခြင်း ကရုဏာတော်ကို မျှော်လင့်ရန် အကြောင်းမရှိ၊ သခင် ယေရှုဟောကြားသောတရားတို့ အနက် ဤသည်ကား ထူးခြားဆုံး သီလဖြစ်သည်ဆို၏။

**အသက်ဝိညာဉ် (Soul)—**

သမ္မာကျမ်းစာ၌ မည်သည့်ကျမ်းပြု ဆရာတစုံတယောက်မျှ(ဝိညာဉ်)နှင့် ပတ်သက်၍ အသေအချာ စီစစ် စိပ်ဖြာပြီး အဘိဓမ္မာကျမ်း မဖွဲ့ဘူးကြချေ။

ကျမ်းစကား အရပ်ရပ်ကို ထောက်ခြင်းဖြင့် သတင်းတော်၏ ယုံကြည်ချက် ဖြစ်ပေါ်လာခြင်းမှာ—

> လူသည် မသေနိုင်သောနံ ဝိညာဉ်ဖြစ်၍ အသက်လျာမျှ အတွက် ရုပ်ခန္ဓာတွင် ခိုအောင်းရသည်၊ နံဝိညာဉ် ဖြစ်တော်မူ၍ ဝိညာဉ်တကာတို့၏ အဘဖြစ်တော်မူသော ဘုရားသခင်၏ စိတ်စေထိုက်တွန်းရာကို လူဝိညာဉ်သည် ခံယူတုန့်ပြန်နိုင်သည့် အရည်အချင်း ရှိသည်။

လူသည် အဆုံးစွန်သောဘဝ၌ ဘုရားသခင်နှင့် ထာဝရ ကာလပတ်လုံး ပေါင်းသင်းဆက်ဆံနေရမည်။

**အသင်္ခါရ (Immortality)**

ဓမ္မသစ်ကျမ်း၌ဤအကြောင်းနှင့်ပတ်သက်၍ ဝါဒ ထင်ရှားလာသည်။ အမှန်အမြတ်ထားသော အသင်္ခါရဘုံမှာ ဘုရားသခင်၏ မကုန်ဆုံးနိုင်သော ထာဝရနိုင်ငံတော် ဖြစ်သည်။

ခရစ်တော်က ခန္ဓာ၏ သေဆုံးခြင်းကို ဒုက္ခဟူ၍ မည်သည့်အခါမျှ အယူမရှိ၊ သေသူကို ရှင်ပြန်စေသော အခါ၌လည်း ရှင်သူတို့၏ နှစ်သိမ့်ရာဖြစ်ရန်၊ သို့မဟုတ် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန်သာ ပြုတော်မူသည်။

"ယုံကြည်သောသူသည် မည်သည့်အခါမျှ မသေရ" ဟု မိန့်တော်မူသည်။

ကိုယ်တော်က ငါသည် ရှင်ပြန်ထမြောက်ခြင်း ဖြစ်၏၊ အသက်လည်း ဖြစ်၏ဟု မိန့်တော်မူသည်။

အသက်ဟူ၍ ကိုယ်တော်မိန့်တော်မူသော စကားမှာ၊ မျက်စိတမှိတ်လျှပ်တပြက်မျှနေရသော ဤလောက၏ ခန္ဓာသက်ကိုသာ ဆိုလိုတော်မူသည်မဟုတ်၊ ဟောကြားတော်မူသမျှ ဩဝါဒထက်လေးနက်သောအချက်မှာ

ကိုယ်တော်တိုင် ရှင်ပြန်ထမြောက်တော် မူရုံသာမက၊ လူ၏ရှင်ပြန်ခြင်းကိုပင်၊ ကိုယ်တော်၏ ရှင်ပြန်ခြင်းနှင့် တွဲဖက်တော်မူရန်၊ ကိုယ်တော်နှင့်အတူကား၌အသေးခံရသော နောင်တရသောသူတို့အား၊ ကိုယ်တော်က မိမိနှင့်အတူ ရှင်ပြန်ရမည်အကြောင်း ကတိထားတော်မူသည်။

**ကောင်းကင်ဘုံ (Heaven)။**

ယုဒလူမျိုးတို့ဝါဒအရ၊ ကောင်းကင်ဘုံ (၃)မျိုးရှိသည်။

(၁) အနိမ့်ဆုံးဖြစ်သော မိုးကောင်းကင်မှာ၊ ငှက်တို့ပျံသန်းသွားလာရာ လဟာပြင်ကိုဆိုလိုသည်။

(၂)ဒုတိယကောင်းကင်ဘုံမှာ နေလကြယ်တို့ တည်ရာ မိုးဗိမာန်ကို ဆိုလိုသည်၊

(၃)တတိယကောင်းကင်ဘုံမှာ၊ ဘုရားသခင်နှင့်ကောင်းကင်တမာန်တို့ ကိန်းဝပ်ရာ ဘုံကိုဆိုလိုသည်။

ပဋိညာဉ်သောဓမ္မာတော်တွင် အထူးသန့်ရှင်းရာ ဌာနက အထိမ်းအမှတ်ပြုကြသည်။ ထိုဘုံမှ ခရစ်တော်ဆင်းသက်တော်မူ၍၊ ရှင်ပြန်ထမြောက်ပြီးသည့်နောက်၊ ထိုဘုံသို့ တက်ကြွတော်မူသည်။

ထိုဘုံမှတဖန် ဆင်းသက်တော်မူဦးမည်၊ ရှင်ပေါလုသည် ထိုဘုံသို့ ယူဆောင်ခြင်းခံရသည်ဟုဆို၏၊

ယုဒလူမျိုးအချို့ ကောင်းကင်၌ဘုံ (၇)ဆင့်ရှိသည်၊ ဘုရားသခင်သည် သတ္တမဘုံ၌ တည်တော်မူကြောင်း အယူရှိကြသည်။

ဓမ္မသစ်အရ၊ ကယ်တင်ခြင်းခံရသူတို့အဘို့၊ သခင်ယေရှုပြင်ဆင်ထားရာဖြစ်သောနေရာ သို့မဟုတ်– ဘဝအခြေအနေဖြစ်သည်။ ငြိမ်းရာ သုခဘုံလည်းဖြစ်သည်၊ ၎င်းကို နိုင်ငံတော်ဟူ၍လည်း ခေါ်ထား၏။

ဤသုခဘုံ၌ ကယ်တင်ခြင်းခံရသူတို့သည်၊ (နာခြင်း၊ အိုခြင်း၊ သေခြင်း )ကင်းလျက် ဘုရားသခင်ရှေ့တော်၌ ခံစားရလိမ့်မည်ဆို၏၊

## မှုတ်သွင်းခြင်း

မှုတ်သွင်းခြင်းဆိုရာ၌ သန့်ရှင်းသော ဝိညာဉ်တော်၏ မှုတ်သွင်းခြင်းကို ဆိုလိုသည်။

ထိုဝိညာဉ်တော်သည် ဖန်ဆင်းတော်မူခြင်း၌ လုပ်ရှား၏။ မြေမှုန့်သည် အသက်ရှင်သော ဝိညာဉ်တော်ဖြစ်လာရန် လူအတွင်းသို့ မှုတ်သွင်းတော်မူ၏။

ကိုယ်ခန္ဓာ၏ ထူးခြားသော တန်ခိုးသည်လည်းကောင်း၊ တတ်ကြွမ်းခြင်းသည်လည်းကောင်း၊ ဝိညာဉ်တော် မှုတ်သွင်းခြင်း၏ အကျိုးဖြစ်၏။

သို့သော် အထူးသဖြင့် မှုတ်သွင်းခြင်းသည် ပရောဖတ်ပြု၍ဟောပြောခြင်း၌ထင်ရှားသည်။ ခရစ်တော်သည် တပည့်တော်တို့အား ဝိညာဉ်တော်ဆုကို ကတိထားတော်မူရာ ရှင်ပြန်တမြောက်တော်မူပြီးသည့်နောက် တပည့်

တော်တို့အပေါ်သို့ မှတ်တော်မူလျှက် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူကြလော့ဟု မိန့်တော်မူရာ၌ ကတိတော်ကို ဖြည့်တော်မူသည်။

ကောင်းကင်နိုင်ငံသို တက်ကြွတော်မူပြီးနောက်လည်း အသင်းတော်ရှိ တပြည့်တော် (တဝေး)အပေါ်၌ လေသဏ္ဍာန်ကဲ့သို့ လည်းကောင်း၊ ဝိညာဉ်တော် သက်တော်မူသည်၊

ထို့ကြောင့် ခရစ်ယာန် အသက်ဝင်ကာ ဝိညာဉ်တော် မှုတ်သွင်းခြင်း ခံရသော အသက်ဖြစ်ပေမည်။ ။

## ယဇ်ပူဇော်ခြင်း

ယဇ်ပူဇော်ခြင်းနှင့် ပူဇော်သက္ကာဆက်ခြင်းတို့သည် (ကာဣနနှင့်အာဗေလ)တို့ လက်ထက်လောက်ကပင် ပေါ်ရှိခဲ့လေသည်၊

ကာဣနသည် ပူဇော်ရန် မြေအသီးအနှံကိုဆောင်ခဲ့သည်။ အာဗေလသည်လည်း ကိုယ့်သိုးအုပ်မှ သားဦးနှင့် သိုးဆီဥကိုဆောင်ခဲ့ရာ၊ ယဇ်ပူဇော်ခြင်းသည် ဣသရေလ လူမျိုးတို့၏ ခေတ်၊ မောရှေလက်ထက်မတိုင်မီ ခေတ်ကာလတွင် ရှိနှင့်လေသည်။

ပူဇော်သက္ကာအဖို့ ဟင်းသီး ဟင်းရွက်ကိုလည်းကောင်း၊ တိရစ္ဆာန်ကိုလည်းကောင်း အသုံးပြု၍ ဟင်းသီးဟင်းရွက် ပူဇော်သက်ကာကို မေတ္တာရှိ၍ပေးသောပစ္စည်း၊ အသွေးကင်းသော ပူဇော်သက္ကာဟူ၍လည်းကောင်း၊

တိရစ္ဆာန်ကိုသတ်၍ ပူဇော်ခြင်းကို သတ်ဖြတ်ထားသော ပူဇော်သက္ကာ၊ သွေးစွန်းသော ပူဇော်ခြင်းဟူ၍ ခေါ်သည်။

ဟင်းသီးဟင်းရွက် ပူဇော်ခြင်းနှင့် အသားယဇ်ပူဇော်ခြင်း နှစ်မျိုးလုံးမှာပင်သန့်ရှင်းစင်ကြယ်ခြင်းအထိမ်းအမှတ်ဖြစ်သော ဆားကို အသုံးပြုရသည်ဆို၏။

ယဇ်ပူဇော်ခြင်း၌ အသုံးပြုသော တိရစ္ဆာန်တို့မှာ အပြစ်အနာကင်း၍ ရှစ်နှစ်ထက်မငယ်၊ သုံးနှစ်ထက် မကြီးသော နွား၊ ဆိတ်၊ သိုးတို့ ဖြစ်ရသည်။

ဤပညာတ်၏ချွင်းချက်တခုမှာ သူကြီး (တရား)တွင်ပါရှိသော (၉) နှစ်ရွယ်ရှိ နွားထီးဖြစ်သည်။ ချိုးငှက်များကိုလည်း ယဇ်ပူဇော်ရာ၌ တခါတရံ

သုံးသည်။ ငါးများကိုယဇ်ပူဇော်ရာ၌ မည်သည့်အခါမျှ မသုံး။ လူကို ယဇ်ကောင်အဖြစ်ဖြင့် ပူဇော်အသုံးပြုခြင်းကိုကား အတိအလင်း တားမြစ်ထားသည်။

ယဇ်ပူဇော်ရာတွင် ပညာတ်တရားတော်အတိုင်း ကိုယ်ကိုသန့်ရှင်းစေပြီးမှ ယဇ်ပူဇော်မည့်သူသည် ယဇ်ကောင်ကို ပလ္လင်သို့ ဆောင်ယူခဲ့ပြီးလျှင် သန့်ရှင်းရာဌာနဖက်သို့လှည့်၍ မိမိလက်ကို ယဇ်ကောင်၏ ခေါင်းပေါ်မှာ တင်ရ၏။

ဤသို့ဖြင့် မိမိသည် ယဇ်ကောင်နှင့်ထပ်တူ အထိမ်းအမှတ် ဖြစ်စေလျှက် ထိုယဇ်ကောင်ကို မိမိအပြစ်ပြေရာ ပြေကြောင်း သီးခြားလှူဒါန်းပြီးလျှင် သတ်ခလေ၏။

ယဇ်ကောင်ကိုဆိုသူမသတ်ပဲ ယဇ်ပရောဟိတ် သတ်နိုင်သည်။ ယဇ်ကောင်ကိုသတ်နေစဉ် ယဇ်ပူရောဟိတ်သည် သွေးကိုခံယူ၍ အခြား ပူဇော်သက္ကာများ အနီးတွင် ပက်ဖျန်းခြင်း၊ သွန်းလောင်းခြင်း ပြုလုပ်လေသည်၊

ဝတ်ပြုကိုးကွယ်သူတို့ ယဇ်ကောင်၏ အချို့ အစိတ် အပိုင်းကို စားသောက်သော ယဇ်ပွဲအားဖြင့် ဘုရားသခင်နှင့် လည်းကောင်း၊ အချင်းချင်း တယောက်နှင့် တယောက်ကို လည်းကောင်း မိတ်သဟာဖွဲ့ခြင်းကို လေးနက်စွာ ပြသည်ဆို၏။

ရှင်ပေါလုသည် ဆိုခဲ့ပြီးသော ယဇ်ပူဇော်ခြင်းများတို့နှင့် အခြားသော အခမ်းအနားများသည် "အားမရှိ။ ချမ်းသာမပေးနိုင်သော တရားနု" ဟူ၍ ရေးသားဖော်ပြ ထားလေသည်၊

ယဇ်ပူဇော် သက္ကာကပ်ခြင်းနှင့် ယဇ်ပူဇော်ခြင်းတို့သည် သန့်ရှင်းခြင်း၊ အပြစ်ကင်းခြင်းနှင့် ကျေးဇူးဂရုဏာတို့၏ ပုံကိုဆောင်သော်လည်း၊ ထိုကျေးဇူးများကို ဝေငှ၊ ကမ်းလှမ်းခြင်းကိုကား မပြုနိုင်ဟုဆို၏၊

အပြစ်ရှိသူကို ယဇ်ပူဇော်ခြင်းသည် သန့်ရှင်း စင်ကြယ်ရန်ကို လည်းကောင်း၊ ဘုရားသခင်အား စိတ်ကြေတော်မူစေရန် အမျက်ဖြေ တောင်းပန်ဝန်ချရမည်ကို စိတ်ထိလက်ရောက် ထင်ရှားစေရုံမျှသာဖြစ်သည်။ သို့ရာတွင် ကိုယ်နှင့်စိတ်ဝိညာဉ်ကိုကား ဖြောင့်မတ်ဖြူစင်သန့်ရှင်းခြင်း မပြုနိုင်။

ဤအကြောင်းကိုကား ဘုရားသခင်အား ကြည်ညိုလေးမြတ်သော ယုဒလူးမျိုးတို့သည်မသိမမြင်သည်မဟုတ်ထို့ကြောင့်ဆာလံရေးထား စီကုန်းသောဆရာ၏ နက်နဲသောအာရုံ၌ "ဘုရားသခင်နှစ်သက်တော်မူသော ယဇ်မူကားကျိုးပဲ့သော ဆိတ်ပေတည်း။ ထိုဘုရားသခင်ကိုယ်တော်သည် ကျိုးပဲ့ကြေမွသော စိတ်သဘောနှလုံးကို ငြင်းပယ်တော် မမူတတ်ပါ"ဟု ဖော်ပြလေသည်။

ဘုရားသခင်သည် ကျိုးပဲ့ကြေမွသော စိတ်သဘောနှလုံး မရှိပဲနှင့်မည်သည့် ယဇ်ပူဇော်ခြင်းကိုမျှ စိတ်တော်နှင့်မတွေ့၊ နှစ်သက်တော်မမူကြောင်း။

ခပ်သိမ်းသော ယဇ်ပူဇော် သက္ကာမျိုးတို့သည် သခင်ရေရှုခရစ်အသေခံတော်မူခြင်း စနစ်ပုံစံ၏ အရိပ်မျှသာဖြစ်သည်။ သခင်ရေရှု အသေခံတော်မူသောအခါ (မိမိကိုယ်ကို ယဇ်ကောင်အဖြစ်ဖြင့် အပ်ပေးပူဇော်တော်မူသောအခါ) ရှိလေသမျှသော ယဇ်ပူဇော်ခြင်းတို့ကို သုဒ်သင်ဖယ်ရှင်းစေတော်မူသည်။

ကျေးဇူးပြုခြင်း၊ ဥစ္စာဝေမျှခြင်း အမှုတို့ကို မမေ့ မလျော့ကြနှင့်၊ ထိုသို့သော ယဇ်ကို ဘုရားသခင် အားရနှစ်သက်တော်မူသည်၊ ညီအစ်ကိုတို့ မိမိ၏ ကိုယ်ခန္ဓာကို ဘုရားသခင်အား ရှင်သော ပူဇော်သက္ကာအဖြစ်နှင့်ဆက်ကပ်ကြလော့။

ဘုရားသခင်ကို ကိုးကွယ်ဝတ်ပြုသောသူသည် မိမိအဆုံးအရှုံးမခံရသောယဇ်ကိုမပူဇော်ရ။ မိမိကိုယ်ကာယဝိညာဉ် အစိတ်အပိုင်းကို ဘုရားသခင်ထံတော်သို့ ရွှေ့ပြောင်းအပ်နှံရမည်။

မိမိ၏အချိန်၊ အသက်စည်းစိမ်ချမ်းသာ၊ နှစ်သိပ်ခြင်း၊ ပစ္စည်းဥစ္စာနှင့် ဉာဏ်ပညာ အလုံးစုံတို့ကို ဘုရားသခင်အား ပူဇော်ရန် ယဇ်ကောင်သဖွယ် ဆက်အပ်နှံရာသည်ဆို၏၊

**အဦးအဖျား မှည့်သော အသီးအနှံ**

ပညတ္တိကျမ်းအရ- အဦးထွက်သော အသီးအနှံများကို ဘုရားသခင်၏ ဗိမာန်တော်တွင်း နှစ်စဉ်ကျင်းပသော ပွဲတော်သုံးပါးတွင် ဆက်ကပ်ပူဇော်ရမည်ဟူ၍ အမိန့်ပညတ်ရှိသည်။

ဤအရာသည်ကား တဦးတယောက်စီသော်လည်းကောင်း၊ အမျိုးနှင့် ချီ၍သော်လည်းကောင်း လိုက်နာအပ်သော တာဝန်ဝတ္တရား ဖြစ်သည်။ ယူဒ လူမျိုးများကို အခြားသော နည်းမျိုးဖြင့် ကမ္ဘာမြေကြီး၏ အသီးအနှံများ စွာကို သီးထွက်စေခြင်းအတွက် ထာဝရ (ယေဟောဝါ) ဘုရားသခင်ကို ကျေးဇူးတင်ရန် သူတို့သည် ထာဝရ ဘုရားသခင်၏ ကျေးဇူးခံ ကျေးဇူး စားများဖြစ်ကြောင်း အသိအမှတ်ပြုရန် ဤသို့ပညာတ်ထားသည်ဆို၏။

ဓလေ့ ထုံးစံအရ အထုတ်သဖြင့် မိမိမြေမှထွက်၍ ရရှိသော အသီး အနှံအားလုံးတို့၏ (၁/၆၀)ခြောက်ဆယ်ပုံတစ်ပုံကို ဆက်ကပ်ပူဇော်ရသည် ဆို၏။ ။

**ဥပုသ်နေ့**

ဥပုသ်နေ့သည် ဖန်ဆင်းခြင်း အလုပ်နှင့်ဆိုင်၍ နောင်အခါ ဣသ ရေလ လူမျိုးတို့ အီဂျစ် (အဲဂုတ္တုပြည်)မှ ထွက်မြောက်ခြင်းနှင့် ဆိုင် သည်။

လယ်ထွန်ချိန်နှင့် ကောက်သိမ်းချိန်ပင် ထိုဥပုသ်နေ့ကို စောင့်ထိန်းရန် ကြပ်တည်းစွာ ပညတ်ထားသည်၊ တားမြစ်ထားသောအလုပ်များတွင် မီးမွှေး ခြင်းပင် ပါဝင်သည်။ ဥပုသ်နေ့၌ ထင်းခွေခြင်းကို သေဒဏ်ဖြင့် စီရင်သည် ဆို၏။

သီးခြားဖြစ်သော မီးရှို့ရာယဇ်ကိုလည်း ဥပုသ်နေ့တွက် စီမန်ခန့်ခွဲ ထားသည်။

ပရောဖတ်တို့သည် ဥပုသ်နေ့ကို သင့်လျော်စွာ စောင့်ရှောက်ခြင်း ဖြင့် ဘုရားသခင်ထံမှ မင်္ဂလာ ရရှိ၍၊ ဥပုသ်နေ့ကို မစောင့်ရှောက်ပဲ ကျူး လွန်သူသည် ဘုရားသခင်၏ အမျက်တော်ကို နှိုးဆော်သည်ဟူ၍ ဖော်ပြ ထားသည်။

ယူဒလူမျိုး ခရစ်ယာန်တို့သည် ထိုဥပုသ်နှင့် ခရစ်တော် နေ့တည်းဟူ သော ဥပုသ် (၂) ရက်နေ့ကို ကာလ အတော်အတန် ကြာအောင် စောင့် ရှောက်ကြသည်။

သို့ရာတွင် ဥပုသ်နေ့ စောင့်ရှောက်ခြင်း ဝိနည်း ခပ်သိမ်း တို့သည် ခရစ်ယာန်များ ထမ်းရန်တာဝန် မဟုတ်ကြောင်းကို အတိအလင်း ဟော ထားလေသည်။

သတ္တမနေ့ရက်ကို ငြိမ်သက်စွာနေသော နေ့ရက်ဟူ၍ စတင်တည်ထောင်ထားခြင်းသည် ပညတ်တော်များကို မပေးမီကပင် ဖြစ်သည်။

ခရစ်ယာန်အသင်းသည် သတ္တမနေ့အစား ပထမနေ့ကို ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရာဟူ၍ အစ်နေးရှားက ဥပုသ်နေ့ကို မစောင့်ရှောက်တော့ပဲ သခင်ရေရှုနေ့ရက်၏ သဘောဝိညာဉ်တွင် အသက်ရှင်လျက် နေထိုင်ရန်ဟူ၍ ရေးသားထားသဖြင့် ပထမနေ့ကို ပြောင်းရွှေ့လိုက်သည်ဆို၏။

**အလောင်းကို ဆေးစိမ်ခြင်း**

လူသေ၏အလောင်းကို မပုတ်မပျက်ရန် မွှေးကြိုင်သော နံ့သာမျိုးဆေးများတို့ဖြင့် သုတ်လိမ်းစိမ်ထားခြင်း နည်းတမျိုးဖြစ်လေသည်။

ဤအတတ်ပညာကို အီဂျစ်ပြည်သားတို့သည် ရှေးအခါကပင် လေ့ကျင့်လုပ်ကိုင်၍ ဤအတတ်ကို ကောင်းစွာနားလည် ကျွမ်းကျင်လာကြသည်။

နောင်ဘဝတွင် ဝိညာဉ်နှင့် ခန္ဓာကိုယ်တို့သည် ပြန်လည်၍ တပေါင်းတစပ်တည်း ဖြစ်လိမ့်မည်ဟူသော အယူဝါဒကြောင့် ဤထုံးဖြစ်ပေါ်လာသည့် လက္ခဏာရှိသည်။

က္လာသရေလ လူမျိုးတို့သည် ဤဓလေ့ကို လိုက်နာခဲ့ကြသည်၊ ။

*            *            *

မဟာမေဒင် (မူစလင်)တို့၏ အစ္စလာမ် ဘာသာ



**အစ္စရေးနိုင်ငံ ဂျေရုစလမ်မြို့ရှိ ကျောက်နက်ကြီးပုံ(လက်ဝဲ)နှင့် ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့ရှိ ကအ်ဘာကျောင်းတော်အတွင်းမှ တမာန်တော်မဟာမက်၏ အုတ်ဂူ(ယာ)ပုံတို့ဖြစ်၏။**

အာရပ် လူမျိုးတို့၏ မူလဒေသဋ္ဌာနီမှာ အာရှနှင့် အာဖရိကတိုက်တို့အကြားရှိ (အာရေးဘီးယားကျွန်းဆွယ်) (Arabian Peninsula) ပင်ဖြစ်သည်။

အာရေးဘီးယားကျွန်းဆွယ်သည် အလွန်ပူပြင်း ခြောက်သွေ့လျက် ထိုဒေသရှိ အာရပ်လူမျိုးတို့သည် ရှားပါးလှသော စားကျက်များသို့ အလွန်ပင်ပန်းစွာ လှည့်လည်ကျက်စားနေသူများ ဖြစ်သည်။

ကြမ်းတမ်းသော လူနေမှုကြောင့် အာရပ်တို့သည် လူကြမ်းစိတ်ကြမ်းများဖြစ်ကာ သန်မာထွားကျိုင်းမှု ရှိကြသည်။ အာရပ်တို့သည် (ဆေးမီးတ) အနွယ်များဖြစ်ပြီး ၎င်းတို့အား (ဘေဒိုအင်း) လူမျိုးများဟုခေါ်တွင်ခဲ့သည်။ ထိုသူတို့သည် ဦးစွာ–မက္ကာ (Mecca)မြို့ရှိ ကျောက်နက်တုံးကိုသာ ကိုးကွယ်လျှက်ရှိကြသည်။

ထို(မက္ကာ)မြို့၌ (ကူရာရှိ) အမည်ရှိသော အာရပ်လူမျိုး အနွယ်တခု က ကြီးစိုးနေကာ၊ ဘုရားဖူးလာကြသူ အပေါင်းတို့ကို အခွန်စည်းကြပ် ကောက်ခံလျက် စီးပွားထူထောင်ကြသည်၊ ထိုပြင် ဘုရားဖူးများကို ရေရောင်း ချခြင်းဖြင့် စီးပွားရှာနေသော (ဘာနုဟာရှင်) (Banu Hashin) အမည် ရှိသည့် အိမ်ထောင်စုတခုလည်း ထိုအမျိုးနွယ်ထဲ၌ ရှိခဲ့သည်။

မဟာမက်(Mahammad)ကို၊ ဧပြီလ(၂၀)ရက် ခရစ်သက္ကရာဇ် (အေဒီ—၅၇၁)နှစ်တွင် ထိုရေရောင်းသော (ဘာနုဟာရှင်)အနွယ်ထဲမှ မွေး ဖွားခဲ့လေသည်။

မဟာမက်သည် ငယ်စဉ်ကမိဘမဲ့ ကလေးတဦးဖြစ်ခဲ့ပြီး လူငယ်ဘဝ ၌ ဆွေမျိုးများ၏ ဆိတ်နှင့် ကုလားအုပ်များကို ထိန်းကျောင်းနေခဲ့ရသည်။

အတန်ငယ် ကြီးပြင်းလာသောအခါ၌ (ယီမင်)နှင့် (ဆီးရီးယား) ပြည်များသို့ ကူးသန်းရောင်းရေးကိစ္စဖြင့် သွားလာသော၊ ဝန်တင်ကုလား အုပ်အဖွဲ့များ၌ ကုလားအုပ်မောင်းသမားအဖြစ် ဝင်ရောက် လုပ်ကိုင်ကာ အသက်မွေးမြူခဲ့ရသည်၊

မဟာမက်သည် အရွယ်ရောက်လာပြီးနောက်- ခါဒီဂျာ(Khadijha) အမည်ရှိ ချမ်းသာသော မုဆိုးမ တဦးထံ၌ အခစား အလုပ်သမားအဖြစ် ဝင် ရောက်လုပ်ကိုင်ယင်း၊ ထိုမုဆိုးမနှင့်ပင် အိမ်ထောင်ပြုခဲ့သည်။ အိမ်ထောင်ပြု ပြီး(၁၅)နှစ်တိုင် စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်ခဲ့၏။

ထို့နောက်မဟာမက်သည် တရားဓမ္မများကို အားထုတ်ယင်း မိမိနှင့် နီးစပ်သောပုဂ္ဂိုလ်တို့အားဟောပြော သွန်သင်သည်။ နောင်တွင် မဟာမက်သည် ဘုရားသခင်၏အလိုတော်ကို ဖော်ထုတ်နိုင်သူအဖြစ်ဖြင့် မိမိကိုယ်မိမိယုံကြည် စိတ်ချလာခဲ့သည်၊

သို့အတွက် မဟာမက်သည် မက္ကာမြို့အနီး (ဟီရာ) တောင်ကုန်းရှိ လူများသို့ သွားရောက်ကာ ဂူတွင်း ဆောင်းဥပုသ်ဆောင့်တရား ကျင့်ယင်း ဘာသာရေးအမြင်များကို ဆန်းစစ်ခဲ့၏။ ထိုအချိန်မှစပြီး မဟာမက်သည် သူ၏ ဘာသာများကို ဟောပြောဖြန့်ဖြူးခဲ့သည်။

မဟာမက်ပြောသော စကားများနှင့် ဟောပြချက် အကြောင်း အရာများကို စုပေါင်းမှတ်ချက်များသည် နောင်အခါတွင် ကိုရမ် (Koran) ကျမ်းကြီး ဖြစ်လာ၏။ (ကိုရမ်၏ အဓိပ္ပာယ်မှာ — ရွတ်ဖတ်ခြင်းပင်ဖြစ်၏)။

မဟာမက်၏ ဟောကြားချက်မှာ —

"ဘုရားတဆူတည်းသာ ရှိသည်။ ထိုဘုရားသခင်မှာ အာလာ (Allah) ဟူသော ကောင်းကင်ဘုံမှ ဘုရားဖြစ်သည်။ ထိုဘုရားသည်ပင် လူသားတို့ကို ဖန်ဆင်းသူ၊ လူသားတို့ကို တရားစီရင်သူ၊ တန်ခိုးတော်ရှင် ဖြစ်သည်။

ဆင်းထုနှင့် ရုပ်ဝတ္ထု ကိုးကွယ်မှုသည်များယွင်းသည်။သေလွန်ပြီးသောအခါ၌ ဘုရားသခင်၏ အဆုံးအဖြတ်အတိုင်း၊ ကောင်းကျိုးနှင့် မကောင်းကျိုးအရ၊ ကောင်းကင်ဘုံသို့ လည်းကောင်း၊ ငရဲသို့ လည်းကောင်း ကျရောက်ရမည်ဟု ဆို၏။"

ပထမတွင် မဟာမက်၏ ဟောကြားချက်များကို မက္ကာ မြို့သားများက မယုံကြည်ကြချေ။ သူတို့သည် မဟာမတ်အား ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောင်လှောင်ပြက်ရယ် ပြုကြလေသည်။ ထို့ကြောင့် မဟာမက်သည် ၎င်း၏ ဇနီး (ခါဒီဂျာ) ကွယ်လွန်ပြီးသောအခါ၌ သူ၏ သစ္စာခံသော နောက်လိုက် အနည်းငယ်မျှနှင့် မဒီနာ (Medina) မြို့သို့ ထွက်ပြေးသွားခဲ့ရသည်။

မဟာမက် ထိုကဲ့သို့ (မက္ကာမြို့မှ - မဒီနာ) သို့ ထွက်ပြေးရသော နှစ်မှာ ခရစ်သက္ကရာဇ် (အေဒီ - ၆၂၂) ခုနှစ် ဖြစ်သည်။ မဟာမေဒင် (မူစလင်လူမျိုး) အစ္စလာမ် ဘာသာဝင်တို့ ယနေ့တိုင် သုံးစွဲနေသော အစ္စလာမ် သာသနာတော် သက္ကရာဇ်မှာ ထိုနှစ်မှစ၍ စတင် ရေတွက်ခဲ့၏။

ထိုကဲ့သို့ မဟာမက် မက္ကာမြို့မှ ထွက်သွားခြင်းကို အထိန်းအမှတ်ပြု၍ အစ္စလာမ် သက္ကရာဇ်ကို ဟာဂျီရာ (Hegia) သက္ကရာဇ်ဟု ခေါ်ကြသည်။

မဒီနာမြို့သည် မက္ကာမြို့၏ မြောက်ဘက် မိုင် (၂၇၀) အကွာတွင် ရှိသည်။ မဒီနာမြို့သားတို့သည် မတာမက်ကို ကောင်းစွာ ကြိုဆိုကြ၏။ မဟာမက်၏ ဟောကြားချက်များကိုလည်း သက်ဝင် ယုံကြည်ကြကာ၊ မဟာမေဒင်မူစလင် လူမျိုးများသည်(အစ္စလာမ်) ဘာသာဝင်များ ဖြစ်လာကြသည်။ ဗလီများ တည်ဆောက်ကာ ဝတ်ပြုကြသည်။

ထို့နောက် မဟာမက်က –

"မေတ္တာဂရုဏာနှင့် ပြည့်စုံ၍ လောက အားလုံးကို အစိုးရတော်မူသော အာလာအရှင်မြတ်ကို ချစ်မြတ်နိုးရမည်။"

မိခင်ဘခင်တို့အား ရိုသေလေးမြတ်ရမည်။ လူအချင်းချင်းဆက်ဆံရာတွင် မရိုးမဖြောင့် လိမ်လည်ကောက်ကျစ်ခြင်း မပြုရ။

မိမိကိုယ်ကိုနှိမ့်ချ၊ ဆင်းရဲနွမ်းပါးသူ၊ ရောဂါအနာကပ်ရောက်သူ၊ ဒုက္ခိတတို့အား မေတ္တာရှေ့ထား၍ ပေးကမ်း စွန့်ကြဲရမည်၊ အရက်သေစာ ရှောင်ကြဉ်ရမည်။ အစားအသောက် ချိုးခြံရမည်။

စသဖြင့် ဟောကြားသည်။ အစ္စလာမ် ဘုရားရှိခိုးကျောင်းဟူသည်မှာလည်း ကျောက်ဖြင့်ဆောက်လုပ်သော အဆောင်ကြီးဖြစ်၍ ရုပ်ပုံ၊ ပန်းပုံ၊ အခင်းအကျင်း မွမ်းမံထားခြင်းများ မပြုရ။ ထိုကျောင်းများသို့ သွား၍ (ကိုရမ်)ခေါ် အဆုံးအမ စာများကိုဖတ်ခြင်း၊ တရားဆွေးနွေးခြင်းများပြုနိုင်သည်။

မဟာ မေဒင် (မူစလင်လူမျိုး) အစ္စလာမ်ဘာသာဝင် မှန်လျှင် မက္ကာမြို့သို့ မျက်နှာမူ၍ တနေ့ငါးကြိမ် ဆုတောင်းပတ္ထနာပြု၍ ဝတ်ပြုရမည်။

ထိုမှတပါး ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ အာလ္လာဟ်အရှင်မြတ်၏ အလိုတော်အတိုင်းသာ ဖြစ်သည်။"

ပထမအစတွင် မဟာမက်သည် တရားများကို အေးချမ်းစွာပင်ဟောပြခဲ့သည်။ သို့သော် နောက်လိုက်များပြားလာသောအခါတွင်မူ (မဒီနာ)မြို့သို့ သွားရောက်အုပ်စိုးလေသည်။

ထိုအချိန်မှစ၍ မဟာမက်သည် (အစ္စလာမ်) ဘာသာကို စည်းရုံးတည်ထောင်ပြီး (အေဒီ-၆၃၀)ခုနှစ်တွင် မိမိ၏နောက်လိုက် အင်အားများဖြင့် (မက္ကာမြို့)ကို ပြန်လည်ချီတက် သိမ်းပိုက်ခဲ့သည်၊ ဤအခါမှစ၍– မက္ကာမြို့သည် နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာအချက်အချာ မြို့တော်ဖြစ်လာခဲ့သည်။

"မဟာမေဒင် (မူစလင်လူမျိုး) အစ္စလာမ်ဘာသာဝင်တို့သည် ဘာသာရေးစစ်ပွဲများ၌ ကျဆုံးသူတို့ကား၊ ကောင်းကင်ဘုံသို့ တိုက်ရိုက်ရောက်သည်ဟု အဆိုရှိလေသည်။"

ထို့ကြောင့် မဟာမေဒင်(မူစလင်) လူမျိုးများသည် လူ့လောက၌ ဒုက္ခမျိုးစုံ ခံနေရသည်များထက်၊ ဘာသာရေးစစ်ပွဲတွင် အသေခံရသည်ကား ပို၍မြတ်သည်ဟု ယူဆကာ၊ စစ်ပွဲများကို နိုင်အောင် တိုက်နိုင်ကြလေသည်။

ဤနည်းဖြင့် တမန်တော် မဟာမက်၏ ဘာသာရေး အလံတော်အောက်သို့ အာရပ်လူမျိုးအားလုံး စုရုံးရောက်ရှိလာကြကာ အင်အားတောင့်တင်း ကြီးမား၍လာလေသည်။

ခရစ်သက္ကရာဇ် (အေဒီ–၆၃၂)ခုနှစ်၊ ဇွန်လ(၇)ရက်နေ့တွင် မဟာမက် ကွယ်လွန်သည်။ ထို့နောက် အမျှားဆန္ဒအရ ၎င်း၏ယောက္ခမ (အဘူဘကရ်)သည် ပထမ သမ္မတဖြစ်လာသည်။

သာမာလူသားများနှင့် သာဝကတို့အား အာလ္လာဟ် အသျှင်မြတ်(ထာဝရဘုရားသခင်)ထံမှရရှိခဲ့သော ဗျာဒိတ်တော်များကို တမန်တော်မဟာမက်မှတဆင့် ပြန်လည်ဟောကြား ပို့ချခဲ့သည်ဟု ဆိုသည်။ ၎င်းဟောကြား ပို့ချခဲ့သော တရားတော်များအား စုံပေါင်းရိုက်နှိပ်ထားသည့် စာအုပ်ကို (ကိုရမ်ကျမ်း)ဟု ခေါ်သည်။

ထို ကိုရမ်ကျမ်းသည် တတိယမြောက် သမတ (သာဝက) အွတ်စမန်လက်ထက်၌ ယနေ့တိုင် ကွဲလွဲမှုမရှိသော စုစည်းထားသည့် ကျမ်းစာအုပ်အဖြစ် ပေါ်လာသည်ဟုဆို၏။

**မှတ်ချက်**။ ။မက္ကာမြို့၌ မဟာမက်ပေါ်ပေါက်နေခိုက်တွင် မြန်မာနိုင်ငံ၌ ပုဂံခေတ်ဖြစ်လေသည်။ (ပုပ္ပါး စောရဟန်းမင်း) ကြီးသည် သက္ကရာဇ်ဖြိုကိန်းကျသည်ဟုဆို၍ မူလသရေခေတ္တရာမှ အစဉ်အစိုက်ရှိလာသော သက္ကရာဇ် (၅၆၂-မှ-၅၆၀)ကို ဖြိုပြစ်ကာ အကြွင်း (၂)ခုမှ စတင်မှတ်ယူလေသည်။

**မြန်မာကောဇာသက္ကရာဇ် စတင်ပေါ်လာခြင်း**

ထို ပုဂံပြည်ရှင် ပုပ္ပား စောရဟန်းမင်းကြီး ဖြိုခွင်းပြီး (၂) နှစ်မှစ၍ ယနေ့တိုင် ရေတွက်သုံးစွဲလာခဲ့ခြင်းကို(ကောဇာသက္ကရာဇ်)

ဟူ၍ ခေါ်တွင်သုံးစွဲခဲ့လေသည်။ (မြန်မာမင်း သက္ကရာဇ်သာဖြစ်၏။ သာသနာ သက္ကရာဇ်မဟုတ်)။ ။

မဟာမက်၏ အယူဘာသာ။ တနည်းအားဖြင့် အစ္စလာမ် ဘာသာ၌ ယုံကြည်သူတို့အား (မဟာမေဒင်) လူမျိုးဟုလည်းကောင်း၊ (မူဆလင်)လူမျိုး များဟူ၍လည်းကောင်း၊ ခေါ်ဆိုကြသည်။

မဟာမက် ကွယ်လွန်ပြီးနောက် အစ္စလာမ် ဘာသာဝင်များမှာပို၍ပင် အင်အားကြီးမားလာကြသည်။ သို့ မူဆလင် (အာရပ်) တန်ခိုးထွားလာခြင်း မှာ တဖက်ရောမ အင်ပါယာ၏ စည်းလုံးမှု ပျက်ပြားနေမှုတို့ကြောင့်လည်း ဖြစ်လေသည်။

ထို့နောက် မူဆလင်တို့သည် ပါလက်စတိုင်းနှင့် ဆီးရီးယားနိုင်ငံတို့ကို တိုက်ခိုက်သိမ်းယူသည့်အပြင် ဘေဘီလိုးနီးယား၊ အီဂျစ်၊ အီရန်၊ ဆိုင်ရင်နေကာ၊ ကျူးနစ်၊ အာမေးနီးယားနှင့် ဂျော်ဂျီယာတို့ကိုပါ တိုက်ခိုက်သိမ်းယူခဲ့ သည်။

ထို့ပြင် မူဆလင်တို့သည် (အာဖကန်နိစတန်) ကို သိမ်းပိုက်ပြီး၊ အိန္ဒိယပြည် ဟိန္ဒူမြစ်ဝှမ်းရှိ ပန်ဂျပ်နှင့် ဆင်းနယ်တို့ကိုလည်း တိုက်ခိုက် သိမ်းယူလိုက်ကြသည်၊ တရုတ်ပြည်သို့လည်း ချီတက်ကာ (ကာတစ်တန်) နှင့် (တာရင်းမ်) နယ်တို့ကိုပါ သိမ်းပိုက်ခဲ့သည်။

တောင်ဘက်တွင်မူ အာဖရိက ကမ်းခြေတလျှောက်ရှိ အဘိဆီးနီယား နှင့် မိုဇမ်ဘစ်ပြည်တို့အကြား၌ အခိုင်အမာ ခြေကုပ်ယူလိုက်ကြသည်။

အနောက်ဘက်တွင် (မိုး) လူမျိုးအမည်ခံ အာရပ်တို့သည် (ဂျီဘရော်တာ) ကို သိမ်း၍ (စပိန်) ကို တိုက်ခိုက်ပြီး တိုလ်ဒိုနှင့် အာရာ ဂွန် နယ်များကို စိုးမိုးကြသည်။

မူဆလင်တို့သည် အင်အားကြီးစွာဖြင့် (စပိန်) ပြည်ကို တိုက်ခိုက် သိမ်းယူပြီးသည်နှင့် (ပြင်သစ်) ပြည်ကိုပါ တိုက်ခိုက်သိမ်းယူရန် ကြိုးစား ခဲ့၏။ သို့သော် ရှားမာတက် ခေါင်းဆောင်သော (ဖရင့်) လူမျိုးတို့၏ ပြန်လည်တိုက်ခိုက်နိုင်မှု စွမ်းရည်ကြောင့် (အေဒီ- ၇၃၂) ၌ မူဆလင်တို့ နောက်ဆုတ်သွားသည်၊

အာရပ် (မူဆလင်) တို့၏ ဘာသာရေးနယ်ချဲ့ခြင်း အောင်မြင်မှုမှာ အလွန် လျင်မြန်ပြီး သိမ်းပိုက်အုပ်စိုးရသော နယ်ပယ်တို့မှာလည်း ကျယ်ဝန်းလှသည်။

မူဆလင်တို့သည် ၎င်းတို့၏ မြို့တော်ကို (မဒီနာ) မှ (ဒမတ်စကပ်) သို့ လည်းကောင်း၊ ဒမတ်စကပ်မှ (ဘဂ္ဂဒက်) သို့ လည်းကောင်း ပြောင်းရွှေ့ တည်ထောင်ခဲ့ကြသည်၊ ဘဂ္ဂဒက်မြို့တော်အား ဘုရားပေးသော မြို့တော်အဖြစ် ခံယူကြသည်။ ထိုခေတ်က အစည်ကားဆုံးမြို့ ဖြစ်၏။

အာရပ်မူဆလင် အင်ပါယာကို (အိုမေယာ) ဟူသော မိသားစုက အုပ်စိုးခဲ့၏။ (အေဒီ- ၇၅၀) သို့ တိုင်သောအခါ မဟာမက်၏ ဦးရီးတော် (အာဘတ်စ်) ၏ အနွယ်များ အိုမေယာမင်းဆက်ကို နှန်းချပြီး မင်းဆက်အသစ်တရပ်ကို ထူထောင်လိုက်ကြသည်။

အိုမေယာမင်းဆက်မှ အသက်မသေပဲ လွတ်မြောက်ခဲ့သော (ခလီပါ) တဦးသည် (စပိန်ပြည်) ကော်ဒိုဗာ၌ သီးခြားမင်းအဖြစ် ထူထောင်အုပ်စိုးခဲ့၏။

အာဘတ်စ်မင်းဆက် (ဘဂ္ဂဒက်) မြို့ အသစ်ကို အကြီးအကျယ် ထူထောင်ခဲ့ရာ ထိုမင်းဆက်အနွယ်တို့၏ အကြောင်းခြင်းရာများသည် (အာရေဘီးယန်းနိုက်) ခေါ် အာရေဗျသူရဲကောင်းများအဖြစ် ကျော်ကြားခဲ့ကြသည်။

ထိုမင်းဆက်ထဲမှ အကျော်ကြားဆုံးမင်းမှာ (ခလီဖာအာလ်ရာရှစ်) ဖြစ်သည်။ အီဂျစ်ပြည်၌လည်း မဟာမက်၏သမီး (ဖာတီမာ) ၏ အနွယ်များက ကိုးရာစုနှစ်တွင် ဘဂ္ဂဒက်အုပ်စိုးမှုအောက်မှ ခွဲထွက်ကာ သီခြားနန်းထူထောင်ကြလေသည်။ နောင်အခါတွင် ဆီးရီးယားသည် ဖာတီမာမင်းဆက်၏ လက်အောက်ခံဖြစ်လာသည်။

အာရပ်လူမျိုးတို့၏ မူဆလင်ဘာသာသည်၊ အီဂျစ်၊ ဆီးရီးယား၊ မက်ဆိုပိုတေးမီးယား၊ ပါးရှားနှင့် အိန္ဒိယပြည် တစိပ်တဒေသကို လွှမ်းမိုးခဲ့ပြီးနောက်၊ ပါဒါဂတ်စကား၊ အီသီယိုးပီးယား၊ ဆူဒန်၊ အင်ဒိုချိုင်းနား၊ဆူမားတရား၊ ဂျာဗားနှင့် နောက်ဆုံး မိုလိုတာ့စ်အထိပင်ပျံ့နှံ့ ကျယ်ဝန်းခဲ့လေသည်။

မူဆလင်ဘာသာသည် သာသနာဝင်တိုင်း၏ စိတ်ကို စိုးမိုး ချုပ်ကိုင်တားလေရာ၊ အုပ်စိုးသူ ကိုယ်စားလည်များကို ထားရှိရန်မလိုတော့ပေ။ခရစ်ယန်ဘာသာအနေနှင့်လည်း ၎င်းတို့၏ လွှမ်းမိုးမှုများကို မည်သို့မျှ ဆန့်ကျင်နိုင်စွမ်း မရှိခဲ့ချေ။

ကမ္ဘာပေါ်တွင် ခရစ်ယန်ဘာသာဝင်များသလောက်၊ မူဆလင်ဘာသာဝင်လည်း များပြားခဲ့လေသည်။ ။

**မှတ်ချက်။** ။ နောက်ပိုင်း၌ တာ့စ်လူမျိုး(မူဆလင်)တို့သည် (ဂျေရုစလင်မြို့)ကို သိမ်းပိုက်ခဲ့ပြီး ဘာသာရေး ရန်စမှုများပြုလုပ်ခဲ့မှုကြောင့် (အေဒီ–၁၀၉၆–မှ–၁၀၉၉) အထိ ခရစ်ယန်များနှင့် (ခရူးဆိတ်)ခေါ် ဘာသာရေး စစ်ပွဲကြီးကို (၃)နှစ်တိုင်တိုင် အသက်ပေါင်းများစွာ အဆုံးခံ၍ ဆင်နွှဲခဲ့ကြလေသည်။ ထိုစစ်ပွဲသည် ခရစ်ယန်တို့ (ဂျေရုစလင်မြို့)ကို ပြန်သိမ်းပြီးမှ အဆုံးသတ်သည်။

**အစ်လာမ်ဘာသာ သင်ခဏ်းစာ၊ တတိယတွဲ၊ ၎င်းဌာနချုပ်၊ ရန်ကုန်။**
**(တဆူတည်းသော အလ္လာဟ်အသျှင်)။**

ကမ္ဘာလောက အပေါင်းကို ဖန်ဆင်း စီမံနေသော အရှင်တပါးရှိ၏။ထိုအရှင်သည် အနန္တတန်ခိုးရှင် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်။

အစ္စလာမ် သာသနာဝင်တဦး ဖြစ်ရန် တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်မှုသည် အဓိကဖြစ်၏။ တဆူတည်းသော အလ္လာဟ်အရှင်မြတ်ကို စွဲမြဲစွာ သက်ဝင်ယုံကြည်မှုမရှိလျှင် အစ္စလာမ်သာသနာဝင် မဖြစ်နိုင်ပါ။

ထို့ကြောင့်ပင် အစ္စလာမ်သာသနာတော်၏ တရားတော်ကို ပြည့်စုံတိကျစွာ ဟောကြားတော်မူသော တမာန်တော်မိုဟာမက်(မိုးဟမ္မဒ်)သည် လူသားတို့အား အကျွတ်တရား ရနိုင်ရန် အလို့ငှာ–

အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို သက်ဝင် ယုံကြည်ကြလော့၊ ထို့နောက်ခိုင်မြဲစွာ တည်နေကြလော့ ဟုတိကျစွာဟောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိ အရာဝတ္ထုတိုင်းသည်၊ ရှိရှိသမျှသော သက်ရှိသက်မဲ့ အားလုံးကို ဖန်ဆင်းသည့် အနန္တတန်ခိုးတော် ရှင်တပါးရှိတော်မူကြောင်းကို ညွှန်ပြလျက်ရှိပေသည်၊

လူတို့သည်၎င်း၊ အခြားမည်သည့် သတ္တဝါကို၎င်း၊ ဖန်ဆင်းခြင်းငှာ မတတ်စွမ်းနိုင်ပေ၊ ထို့အတူ ကမ္ဘာပေါ်ရှိ မည်သည့်သတ္တဝါကမှလည်း မဖန်ဆင်းကြောင်း လူတိုင်းဝန်ခံကြရပေမည်။

ဖြစ်စေ၊ တည်စေဟူသော အမိန့်တော်ဖြင့် တခဏခြင်းနှင့် မည်သည့် အရာကိုမဆို ဖြစ်ပေါ်လာနိုင်စေသည့် တန်ခိုးတော်ရှင်သာလျှင်၊ အံ့မဆုံးသော စကြာဝဠာအပေါင်းကို ဖန်ဆင်း ထားတော်မူခြင်း ဖြစ်သည်။

**ဘိုးတော် ဘုရားကို အစ္စလာမ်သာသနာ သံတော်ဦးတင်လွှာကျမ်း၊ ၎င်းဌာနချုပ်၊ ရန်ကုန်။**

**(အရှင်မြတ်၏ ဂုဏ်တော်)**

ခပ်သိမ်းသောအမှုကို ပြုပြင်သူ၊ ထိုဖန်ဆင်းသော အရှင်သည် အစမရှိ၊ အဆုံးမရှိ၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဖောက်ပြန်ပြောင်းလဲခြင်းမရှိ၊ အရုပ်သဏ္ဍာန်မရှိ၊ အတုဖက်မရှိ၊ အမေ့အမှား အစားမရှိ၊ အရောင်အရသာ အနံ့မရှိ၊ မတတ်စွမ်းနိုင်သည် ဟူ၍မရှိ။ ပြင်းရိပင်ပန်းခြင်းလည်း မရှိ။

အချိန်ကာလတိုင်း၊ အရပ်ဒေသတိုင်း ရှိတော်မူ၏၊ အမြဲအစဉ် တည်တော်မူ၏၊ မည်သူ့ကိုမှလည်း ကတိမပြု၊ တိုင်ပင်ဘက်လည်း မရှိ၊ ကုသိုလ်တရားကို ဟောတော်မူ၏၊ ကုသိုလ်ကို ပြုတော်မမူ၊ အကုသိုလ်မပြုနှင့် တားမြစ်တော်ရှိ၏။အကုသိုလ်ကို ပြုတော်မမူ၊ သားမယား အစရှိသော စည်းစိမ်ကိုလည်း ထောင့်တတော် မမူ၊ တောင်းတခြင်းကင်း၏။

အထူးသဖြင့် စင်ကြယ်သန့်ရှင်းတော်မူ၏။ ဤကမ္ဘာ မိုးမြေ၊ နေ၊လ၊ နက္ခတ်တာရာ။ တောတောင်၊ သတ္တဝါနတ်လူ၊ အဟိတိရစ္ဆာန်တို့ကို ရုပ်နာမ်နှင့်တကွ ထင်ရှားစွာဖြစ်အောင် တေဇောတန်ခိုးတော်ဖြင့် ဖန်ဆင်းတော် မူ၏။

ထိုသတ္တဝါအပေါင်းတို့ကို စောင့်ရှောက် ထိမ်းသိမ်းတော်မူ၏။ ၎င်းသတ္တဝါတို့ကို အစားအသောက်၊ စည်းစိမ်၊ အထိုက်အလျောက်ပေး၍ မွေးမြူသိမ်းပိုက်တော်မူ၏။

၎င်းသတ္တဝါတို့ကို ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဖောက်ပြန်ခြင်းတို့ဖြင့်၊ သုခ-ဒုက္ခအပေါင်းတို့ကို ခံစားစေ၏၊

ရှေးဦးစွာ မိမိသဏ္ဍာန် ဥပမာ ရောင်ခြည်တော်ဖြင့် မိုဟာမက်ကို ဖန်ဆင်းတော်မူ၍၊ ထိုရောင်ခြည်တော်အနန္တ၊ သတ္တဝါတို့ဝိညာဉ်ကိုဖြစ်စေ၏။

## (လူ၏အစ)။

ထိုဝိညာဏ်စိတ်သည် အညစ်အကြေး မြူမှုန်မရှိ၊ ဇမ္ဗူရာဇ် ရွှေကဲ့သို့ စင်ကြယ်သန့်ရှင်းသည်၊ ၎င်းတို့ရောင်ခြည်တော်က တေဇောမီး ဖြစ်ပါသည်။ ထိုတေဇောက ဝါယောလေ ဖြစ်ပါသည်။ ထိုဝါယောက အာပေါရေဖြစ်ပါသည်။ ထိုအာပေါက ပထဝီမြေဖြစ်စေ၍၊ ထိုရေနှင့်မြေကို ရောနှောသဏ္ဍာန်လုပ်ပြီးလျှင်၊ ရှေးဦးစွာ ရောင်ခြည်တော်ကဖြစ်သော စိတ်ဝိညာဉ်ကို သွင်း၍ အာဒမ်ဟူ၍ ဖြစ်ပါသည်၊

ထိုအာဒမ်နောက်ဟောင်ဝါမည်သော မိန်းမကို ဖန်ဆင်းပါသည်။ ကို(အာဒမ်နှင့် ဟောင်ဝါ) တို့က လူ၏ အစ ယခုတိုင်ဖြစ်ပါသည်။

## (ရှရီအတ်-ကျင့်အပ်သော တရားများ)

၁။ ဖန်ဆင်းသော အရှင်၏ ဂုဏ်တော်ကို ကိုယ်နှုတ်ဥ သရဇ္ဈာယ်၍ စိတ်ဝယ် ကေန်ယုံကြည်ခြင်း။

၂။ တနေ့နှင့်တညလျှင် ဝတ် ငါးကြိမ်ဖြင့် ဖန်ဆင်းသော အရှင်အား အလွန်ကြည်ညိုစွာ နဖူး၊ လက်၊ ဒူး၊ အသား၊ အရေတို့ဖြင့် ဦးချပူဇော်ခြင်း။

၃။ ဆယ့်နှစ်လ,လျှင် တလပတ်လုံးတရားနှင့်အညီ ဝါစောင့်ခြင်း။

၄။ မြေဦးရသော ဥစ္စာဟောင်း၊ လက်ဝတ်ရတနာ ရွှေ ငွေ ကို့ကို ရေမြေ အစိုးရတော်မူသော တရားမင်းမြတ်တို့၏ ဘဏ္ဍာတိုက်

မှာ ငါးဘို့တတို့ သို့ ဆက်သွယ်ခြင်း။ လယ်ခွန် မြေခွန်၊ အကောက်ခွန်များမှာမြို့ရွာထုံးစံနှင့်အညီ ရေမြေကို အစိုးရ တော်မူသော မင်းကေရာဇ်တို့ကို ထိုက်တန်မှန်ကန်စွာ ဆက် သွင်းခြင်း။

၅။ ငှင်းလုပ်ဆောင် ရောင်းဝယ်၍ရသော ပစ္စည်းဥစ္စာ ရွှေငွေတို့ကို အစုလေးဆယ် တစုကျကိုတွက်၍ မစားရတတ်၊ မဝတ်ရတတ်၊ ဆင်းရဲသားများကို ပေးလှူခြင်း။

၆။ လမ်းစရိတ်တတ်နိုင်လျှင် (မက္ကာ) ကျောင်းတော်သို့ တခေါက်တ ခါဖူးမြင်ခြင်း။

၇။ သောကြာနေ့ သိမ်ပလီသို့ဝင်၍ တရားတော်ကိုနာခြင်း။

၈။ ကိုယ်၌ မသန့်စင်ရှိလျှင် ရေဖြင့် စင်ကြယ်စွာ သုံးဆောင်ခြင်း။

၉။ အလ္လာလ်သမုတ်တော်မူသော တရားနှင့်ညီလျော်သောသင့်မြတ် သည့် အဝတ်အစားတို့ကို ဝတ်ဆင်၍ ကောင်းသော အသက် မွေးခြင်း။

၁၀။ ဟရာမ်သမုတ်တော်မူသော တရားနှင့် မလျော်ညီ မသန့်သော အဝတ်အစားတို့ကို ရှောင်ကြဉ်ခြင်း။

၁၁။ လူသတ္တဝါတို့၏ အသက်နှင့် စပ်သ၍ကို မသတ်ခြင်း။

၁၂။ သူမပေးသော ဥစ္စာတို့ကို ခိုးဝှက်မှု၌ ရှောင်ကြဉ်ခြင်း။

၁၃။ သူ့မယား အစရှိသော ညစ်ညမ်းသောအမှုကို ရှောင်ကြဉ်ခြင်း။

၁၄။ သတိပညာပျောက်၍ ဘုရားကိုမေ့သည့် တရားမှ ချွတ်ယွင်းတတ် သော ယစ်မျိုးအပေါင်းတို့ကို ကြဉ်ခြင်း။

၁၅။ ကြေးငွေကို ကျွေးချ၍ အပွားအစား ယူသမျှကြဉ်ခြင်း။

၁၆။ ဆရာမိဘ အစရှိသော သီလဝန်၊ ဂုဏ္ဏဝန်တို့ကို ရိုသေ လေး မြတ်စွာ ဝတ်တရားနှင့်အညီ ပေးကမ်းခြင်း။

၁၇။ ရွှေညာတကာတို့ အားနှင့်အင် တံထောက်မသဂြိုဟ်ခြင်း။

၁၈။ ဖန်ဆင်းတော်မူသော အရှင်၏ ကျောင်းတော်သိမ်ပလီ အစ ရှိ

သော ရေတွင်း၊ ရေကန်၊ ဥယျာဉ်၊ ဇရပ်၊ တံတားလုပ်ဆောင်၍ ဖန်ဆင်းတော်မူသော အရှင်၏ လမ်းအဖို့ ရည်မှတ်၍ ပေးလှူခြင်း။

၁၉။ အစဉ်သဖြင့် သီးခံခြင်း၊

၂၀။ မမြဲသော သဘောတရားတို့ကို အဖန်တလဲလဲရှုခြင်း။

## (မယုတ်မလွန်ကျင့်ရန်)

ရှရီအတ်တရားအတိုင်း မယုတ်မလွန် ကျင့်သူတို့ ဆင်းရဲအပေါင်းကင်းငြိမ်းရာ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ကင်းသော (ဂျန္နတ်) နေရာမြတ်သို့ ရောက်၏။

သုံးညဥ့်သုံးရက် ထမင်း အစရှိသော အဟာရကို မမှီဝဲရ၊ ငတ်မွတ်သော်လည်း သူတထူးတို့၏ အိမ်ရှေ့၌ ရပ်တောင်းခြင်း မအပ်။

ကံနှင့်လျော်စွာ ရတတ်သ၍ဖြင့် စိတ်ငြိမ်းလျက် လောဘ အာရုံကိုဖြတ်၍ တထည်ရှိလျှင် နှစ်ထည် မတောင့်တအပ်။

ယနေ့ရသော ပစ္စည်းခဲဘွယ် စားဘွယ်တို့ကို နက်ဖြန်အဖို့ မချွင်းမချန်မထားအပ်။

ရေအကွခရာဖြင့် သတ္တဝါအပေါင်းတို့ကို ကိုယ်နှင့်ညှာတာသနားခြင်းရှိစေလျက် နာကျင်လောက်အောင် မပြုအပ်။

ရေအကွခရာဖြင့် သုခ၊ ဒုက္ခ တွေ့ကြုံသမျှကို ချမ်းမြေ့စွာ စုံးရိမ်ပူပင်ခြင်း ကင်းစေရာ၏၊

## တောထွက်ခြင်းသဘော

ဖန်ဆင်းတော်မူသည့် အရှင်၏နာမတော် ဂုဏ်တော်တို့ကို တရှူတအောင့်မလပ်၊ စိတ်နှုတ်ဖြင့် သရဇ္ဈာယ်ခြိုးခြံရာ၏။ သားမယားကို စွန့်မှ ထိုတရားကို ကျင့်အပ်သည်မဟုတ်ပါ။ လူတို့သည်လည်း ကျင့်အပ်ပါသည်။

သားမယား ရွှေငွေကို စွန့်ပစ်၍ တောဝင်ရမည်၊ တောဟူရာ၌ စေပြစ် စိမ့်မြိုင်စုံ ယဂုံ ဂနိုင် ပိတ်ပေါင်းရှိရာကို တောသမုတ်ပါသည်။ ထိုတော

ဿို့ဝင်ရုံမျှနှင့်လည်း တောဝင်မဆိုသာ၊ မိမိတို့ ကိုယ်တွင်း၌ရှိသော သဘောသာ မူလဖြစ်ပါသည်၊

ကိုယ်တွင်း၌ရှိသော တောသို့ဝင်သူတို့ ပစ္စုပ္ပန် အလုံးကို မေ့၍။ ဖန်ဆင်းတော်မူသော အရှင်တပါး အခြားကိုအောင့်မေ့တသခြင်း မရှိ၊ ထိုသူတို့ကို စိတ်လိုသည့်အတိုင်း ပြည့်စုံသည်ကို ဆိုပါသည်။

ဖန်ဆင်းတော်မူသောအရှင်၊ သင်တို့ အရုပ်သဏ္ဍာန်ကိုလည်း ကြည့်တော်မမူ၊ သင်တို့အကျင့်ကိုလည်း ကြည့်တော်မမူ၊ သင်တို့၏ စိတ်စေတနာကိုသာ ကြည့်တော်မူသည်ဟူ၍ မိုဟာမက်ဟောပါသည်။

## (စိတ်)

စိတ်ကဲ့သို့ အထွတ်အမြတ် မရှိပါပြီ၊ စိတ်သာ နိဗ္ဗာန် မည်ပါသည်။ ထိုစိတ်သည် ဖြစ်ရင်းမူလဖန်ဆင်းတော်မူသော အရှင့်အရောင်တော်ကထွက်ရင်းဖြစ်ပါသည်။

မိမိတို့ မူလအသိုက်အဝန်းဖြစ်သော ဖန်ဆင်းသော အရှင်ထံတော်သို့ ရောက်လျှင် အဆုံးစွန်သော နေရာ နိဗ္ဗာန်သို့ ရောက်ခြင်း ဖြစ်ပါသည်။

ဖန်ဆင်းတော်မူသော အရှင့်ထံတော်သို့ ရောက်အောင် ကျင့်ဆောင်ရာသည်မှာ အမ္မရာမည်သော နှောင်အိမ်ကို ချိုးဖဲ့ဖျက်ဆီး၍ အမ္မရာမည်သော ရန်သူကို စစ်ထိုးရမည်။

လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ ဝန်တိုမိစ္ဆာ၊ ဣဿာ အပေါင်းတို့ကို ဆိုလိုပါသည်၊

ထိုအမ္မရာကို မည်သို့ ဖျက်ဆီးရာသနည်း၊ မမြဲသော သဘောတရားကို အဖန်တလဲလဲရှုလျက် ဖန်ဆင်းတော်မူသော အရှင်ကိုသာ ခပ်သိမ်းသော အရာရှိသမျှတို့ထက် ရိုသေလေးမြတ် ယုံမှတ်ကြည်ညိုစွာ အလိုဆန္ဒတောင့်တကြီးစွာ နာမတော် ဂုဏ်တော်တို့ကို တရှုံတအောင့်မလပ် စိတ်နှုတ်ဖြင့် ဖတ်ရွတ်သရဇ္ဈာယ်ခြင်း၊ ရှုခြင်းတရားသာ အမ္မရာကို ဖျက်ဆီး ချိုးဖဲ့ နိုင်၏ဟူ၍ (မိုဟာမက်နဗီ) ဟောပါသည်။

## လူ၏ ငရဲ(၇) ထပ်

ဤမြေ၏အောက်၌ ငရဲကြီး (၇)ထပ်ကို ဖန်ဆင်းပါသည်။ အတွင်း၌ လောဘာ၊ ဒေါသ၊ မောဟ၊ မာန၊ ဝန်တို၊ မိစ္ဆာ၊ ကုလာသ။

အပြင်၌လည်း လက်၊ ခြေ၊ နား၊ မျက်စေ့၊ ခံတွင်း၊ နှာခေါင်း၊ အင်္ဂါ၊ ဤသည်လျှင် ငရဲကြီး (၇)ထပ်ဖြစ်ပါသည်။

သင်တို့ကို ဖန်ဆင်းတော်မူတော အရှင်က၊ ယခုနေ့ သေ့အပ်၍ထား ဝစဉ်ငရဲကြီး (၇)ထပ်၏ တံခါးကို လုံအောင်ပိတ်။ နက်ဖြန် သေ့မရှိသော အခါ ငရဲကြီး (၇)ထပ်၏ တံခါးကို ပိတ်နိုင်တော့မည်မဟုတ်ပြီ။

ယခုနေ့ဟူသည်ကား မသေမီ။ နက်ဖြန်ဟူသည်ကား သေသောအခါဟူ၍ ကျမ်းဂန်တွင်တွေ့မြင်ရ၍ အတန်အရာသိသမျှကိုသာ ရှိခိုးသံတော်ဦး တင်ပါသည်။

သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်တော်မူသော ဘုန်းတော် အလွန် ကြီးမြတ်တော် မူလှသော ဘုရား ရွှေဉာဏ်တော်ကဲ့သို့ မသိ မမြင်နိုင်ကြောင်း။

## (သေလွန်သည့် အခြားမဲ့)

လူတို့သေလွန်လျှင် ကုသိုလ်ရှိသူတို့အထက် ကောင်းကင်ပြင်(အလ္လာဟဟ်)နေရာအနီးအပါး ချမ်းသာစွာ နေခွင့်ရသည်။

အကုသိုလ်ရှိသူတို့မှာ မြေအောက်ငရဲ၏ အနီးအပါး လောက၌ တန်းထောင်မှာ ခံနေရသကဲ့သို့ ကျဉ်းမြောင်းစွာ နေနှင့်ရသည်။

လူတို့ကိုယ်မှာ အချို့မြေမှာပျောက်သည်။ အချို့သစ်ကျားစားသည်။ အချို့ မီးမှာကျွမ်းသည်။ အချို့ မြေမှာပျောက်ပျက်သည်။

ထို့တူ ၎င်းပျောက်ပျက်ငြားသော်လည်းလူတို့ကိုယ်တွင် ဘိန်းစေ့ခန့်သောအရိုး နှစ်၊ ဂျုံစေ့ခန့်ရှိသောအရိုးတစ်၊ ထိုအရိုးသည်မကျွမ်း မြေမစား၊ ရေမှာ မဆွေးမမြေ့ပဲ မျိုးစေ့ကဲ့သို့ ကြွင်းကျန်ရှိ၍ ကမ္ဘာကုန်သော အခါ မကြံနိုင်ရာသော ဖန်ဆင်းသည့် အရှင်၏ တန်ခိုးတော်ဖြင့် တံပိုးသံကြားကာလ၊ ယခု ကိုယ်ကဲ့သို့ တဖန်ဖြစ်ပြီးလျှင် စိတ်ဝိညာဉ် ဝင်ပြန်

သဖြင့် လောကို ပြုကျင့်ဘူးသမျှ၊ ကုသိုလ် အကုသိုလ်တို့ကို ဆမ်လွှာမြူ ခြမ်းမျှ မထိမ် မချန်နိုင်ပဲ ဖန်ဆင်းတော်မူသော အရှင့် ရှေ့တော်မှာ အစစ် အဆေး အမေးခံရ၍ ဟုတ်တိုင်းမှန်ရာ၊ ကောင်းကင် (ဂျန္နတ်) ထိုက်သူ ဂျန္နတ်သို့။ ငရဲထိုက်သူ ငရဲသို့၊ ကောင်းကျိုး မကောင်းကျိုး အလျောက် စီရင်၍ ဤကိုယ်ဖြင့်ခံဝန်ရမည် ဆို၏။ ။

**အစ္စလာမ် ဒေသနာစာတမ်းအမှတ် – ၆ (၁၉၆၁) ဂုဏ်ဋ္ဌာနချုပ်၊ ရန်ကုန်၊ အီဒူလ်အသွဟာ (အစ်ပွဲကျင်းပခြင်း)**

ကမ္ဘာတဝှမ်းလုံးရှိ အစ္စလာမ် သာသနာဝင် အပေါင်းတို့သည် နှစ်စဉ်နှင့်အမျှ အီဒုလ်သွဟာ (အစ်ပွဲ) တော်များကို တခမ်းတနား၊ သိုက်မြိုက် စည်ကားစွာ ကျင်းပကြသည်။ သာသနာဝင်တို့အတွက်မူကား ဤသာသနာရေး ကျင့်ဝတ်သည် အကြီးဆုံးသော ကျင့်ဝတ်တရပ်ပင်ဖြစ်သည်။

သို့တစေ ဤသို့သော နေ့ကြီး ရက်ကြီး ပွဲတော်ကြီးများတွင်ကား တရားလက်လွတ် ပျော်မြူးကြဖို့ မရှိပါချေ။

ထိုသို့သော ရွှင်မြူးပျော်ပါးခွင့်မျိုးကို အစ္စလာမ်က ခွင့်မပြုချေ ကခုန် တီးမှုတ်သီဆိုခြင်းမျိုးကိုကား မူလကပင် အစ္စလာမ် သာသနာထဲတွင် လုံးဝမရှိပေ။ ဤနေ့ရက်များတွင် သာမန် ပျော်ပွဲ ရွှင်ပွဲများကျင်းပသည် ဟူ၍လည်း သဘောမထားသင့်ပေ။

အီဒုလ်အသွဟာ ပွဲတော်ရက်ကား အစ္စလာမ် သာသနာဝင်များ သုံးနှုန်းသည့် ဟစ်ဂျရီခုနှစ် ဇူလ်ဟဂျ်လ (၁၀) ရက်နေ့တွင် ကျင်းပသည်။

ဤနေ့မတိုင်မီ အကြိုတရက်နေ့တွင်ကား ကမ္ဘာတဝှမ်းလုံး တိုင်းပြည်တိုင်း၊ မြို့ရွာတိုင်းမှ စုဝေးရောက်ရှိနေကြသော ဟာဂျီ (ဘုရားဖူး) များသည် မက္ကာမြို့တော်၌ တမျိုးတပုံစံနှင့် တသံတည်းရှိကြရသော ဟူ၍ ကျင့်ဝတ်ကို ဖြည့်တင်းကျင့်သုံးပြီးကြပေသည်။

ကမ္ဘာ့အဝှမ်းရှိ ကျန် မွတ်စလင်များသည် နောက်တရက်တွင် မိမိတို့ မြို့ရွာအသီးသီးတို့တွင် ဤ (အီဒုလ်အသွဟာ) အစ်ပွဲတော်များကို ဆက်လက်၍ ကျင်းပကြသည်။

## (ဟဂ်ျ၏မူရင်းသဘောထား)

ကမ္ဘာ့အရပ်ရပ်မှ (ဘုရားဖူး) ဟာဂျီလောင်းများသည် ဟဂ်ျကျင့်ဝတ်ကို ဖြည့်တင်း ကျင့်သုံးရန်အတွက် အာရေဗျနိုင်ငံ (မက္ကာရွှေမြို့) တော်သို့ သွားရောက် စုရုံးကြရသည်။ ဟဂ်ျကျင့်စဉ်ကို ကျင့်သုံးကြရာတွင် အားလုံး တညီတညွတ်တည်း၊ တသဘောတည်း ဖြစ်စေရန် စည်းကမ်းချက်များ သတ်မှတ်၍ မလုပ်မနေရ ပေးအပ်ထားသည်။ ထိုအချက်တို့ကို ပေါ်လွင်အောင် ရှုမြင်ကြရမည်။

ဟာဂျီလောင်းများသည်၊ ပထမအချက် အနေအားဖြင့် (မက္ကာမြို့) မရောက်မီ သတ်မှတ်ထားသည့် ဒေသသို့ ရောက်လျှင်၊ မိမိတို့တိုင်းပြည် လူမျိုးထုံးစံ ယဉ်ကျေးမှုအလျောက် ယခင်က ဝတ်ဆင်လာခဲ့သောအဝတ်အစားများကို လဲလှယ်ပြီး–(အစ်ဟ်ရာမ်)ခေါ် ဝတ်ဖြူစင်ကြယ်ကို ဝတ်ရုံကြရသည်။

ဤနည်းဖြင့်ကမ္ဘာ့အရပ်ရပ်မှလူမျိုးပေါင်းများစွာနှင့်အဝတ်အစားဆင်ယဉ်ထုံးဖွဲ့မှုတမျိုးတစားတည်းဖြစ်သောအဝတ်အစားကိုဆင်မြန်းထားရသဖြင့်သာတူညီမှု၊ တတန်းတစားတည်း အဆင့်အတန်းခြားနားမှု မရှိသောအဖြစ်သို့ ရောက်ရှိသွားကြရသည်၊

ထိုအဝတ်တို့ကို ဝတ်ဆင်လိုက်ပြီးသောအခါမှစ၍ စိတ်ဓာတ်ကိုနှိမ်ချ မာန်လျှော့၍ အချင်းချင်း ခိုက်ရန်ဖြစ်ပွားစေတတ်သော အခြားတိရိစ္ဆာန်များကိုပင် နှိပ်စက်မှုများအလျင်းမရှိစေရဟု တားမြစ်ထားသည်၊ ထိုအချိန်မှစ၍ ဟာဂျီများ၏ နှုတ်မှ တသံတည်းဖြစ်သော–

'အို–အလ္လာဟ်အရှင်မြတ်၊

ကျွန်တော်မျိုးတို့သည်၊

အသျှင်၏ ရှေ့တော်မှောက်သို့

အသင့်ရောက်ကြပါပြီ-'

အစချီသော ဂုဏ်တော် မွမ်းသံများ ထွက်ပေါ်လာသည်၊ ဟာဂျီများသည် ငြိမ်းချမ်း သာယာသော အဖြစ်ဖြင့်၊ အလ္လာဟ် အရှင်မြတ်၏ ကျောင်းတော်ရာသို့ မိမိကိုယ်ကို နှိမ်ချကာ အားလုံး ဆင်းရဲသား အသွင်ချီတက်နေကြရသည်၊

ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ အလ္လာဟ်အသျှင်မြတ်အား အောင့်မေ့တသခြင်း၊ အမှတ်ရ အာရုံပြုခြင်းရှိနေကြရသည်၊ အသျှင်မြတ်၏အမိန့်တော်များကို မြေဝယ်မကျနာခံခြင်း၊ ကုသိုလ် ကောင်းမှုများကိုသာ ပွားများလိုသည့် ဆန္ဒများဝင်စားနေခြင်းဖြင့် ဟာဂျီများ၏ စိတ်နှစ်လုံးတွင်ပီတိများ ဖုံးလွှမ်းလျက်သာ ရှိနေချေသည်။

## (ကအ်ဗတ်ကျောင်းတော်ဟူသည်)

ဒုတိယ အချက်အနေအားဖြင့် အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုသောအခါ ထိုအသျှင်မြတ်က မိမိ၏ ကျောင်းတော်အဖြစ် သတ်မှတ်ထားတော်မူသည့် (ကအ်ဗဟ်) ကျောင်းတော်ကို (တဝါးဖ့်) လက်ျာရစ် ခုနစ်ပတ် လှည့်ပတ်ဖူးမျှော်ကြရသည်၊

ထိုကျောင်းတော်ကြီးနှင့် စပ်လျဉ်း၍ကား အလ္လာဟ် အသျှင်မြတ်အတွက် ကအ်ဗဟ် ကျောင်းတော်ရာသို့သွားရန် ခရီးစရိတ်တတ်နိုင်သူများအပေါ်တွင် (ဟဂ်ျ) ပြုခြင်းသည် (ဖရ်သွ°) ပုချတ္တတာဝန်ဖြစ်သည်။ ခပ်သိမ်းသော စကြာဝဠာတို့နှင့် သံယောဇဉ် လုံးဝ ကင်းစင်တော်မူ၏။

## (စွဖာနှင့် မရ်ဝါ)

တတိယအချက်အနေဖြင့် (စအ်ယ) ခေါ် စွဖာနှင့်မရ်ဝါတောင်များ အကြားတွင် ခေါက်တုန့်ခေါက်ပြန် သွက်လက်စွာ လမ်းလျှောက်ကြရသည်၊ ထိုသို့ ပြုလုပ်ရခြင်းမှာကား အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်ထားရာ အထိမ်းအမှတ်များအဖြစ်နှင့် အလ္လာဟ်အသျှင်၏ ဂုဏ်တော်များကို စွဲမှတ်၍ လေးလေးနက်နက် အာရုံပြုစေရန် ဖြစ်သည်။

## (အရဖွာတ်၊ မဟာကွင်းပြင်)

စတုတ္ထအချက်မှာ အရဖွာတ်မဟာကွင်းပြင်တော်သို့ သွားရောက်ပြီး ကမ္ဘဋ္ဌာန်း ဘာဝနာ ပွားများကြရသည်။ ထိုမဟာကွင်းပြင်သို့ သာသနာအာဇာနည် သိန်းပေါင်းများစွာတို့မှာ တချိန်တည်း၌ပင် စုရုံးရောက်ရှိကြရသည်။ ထိုကွင်းပြင်မှ တချိန်တည်းမှပင် ပြန်လည် ဆုတ်ခွာကြရသည်။ ဤစုဝေးရခြင်းပင် (ဟဂ်ျ) ၏ အဓိက ကျင့်ဝတ်ဖြစ်သည်။

ဤအရ ဖွာတ်ကွင်းပြင်ကြီး၌ အာဒမ်နှင့် ဟောက်ဝါသခင်မတို့

တဦးနှင့်တဦး ပြန်လည်တွေ့ဆုံကြသည်။ သို့ တွေ့ဆုံရာ၌ နှစ်ဦးစလုံးကပင် အသင် မှတ်မိပါ၏လောဟု တပြိုင်တည်း ထွက်ဆို မေးမြန်းမိရက်သား ဖြစ်ကြသည်။

သို့ဖြင့် ဤဒေသ မဟာကွင်းပြင်တော်မှာ အာရဗီ ဘာသာအားဖြင့် (အရဖွာတ်) ဟူ၍ ယနေ့အထိ ထင်ရှားလျက် ဘာသာရေး မဟာပွဲတော်ကြီး အဖြစ်နှင့် ညှော့်ခံရာဋ္ဌာနကြီးတခုအဖြစ် မားမားမတ်မတ် တည်ရှိနေ၏၊

ထိုကမ္ဘာဦးဘခင်ကြီး (အာဒမ်) နှင့်မိခင်ကြီး (ဟောက်ဝါ) တို့၏ သားမြေးဖြစ်သော သာသနာ့အာဇာနည် သူရဲကောင်းများလည်း ယနေ့ ဤအရဖွာတ်မဟာကွင်းပြင်တွင် အထွတ်အမြတ်ဆုံး ကျင့်ဝတ်ကြီးတရပ်ကို ဖြည့်ဆည်းနေကြရသည်။

ဤအရဖွာတ်ကွင်းပြင်သို့ သွားရောက်စုရုံးကြရမည့် တာဝန်ကား (ဖရ်သွာ) မုချ တာဝန်ဖြစ်သည်၊ ဤကွင်းပြင်တော်၌ပင် သာသနာ့ ဝန်ထမ်းများသည် နှစ်စဉ် များစွာ လာရောက်စုရုံးကြရပြီး၊ (ဂျဗလေ့ရမယ်) ခေါ် တောင်ကမူထက်မှ အစ္စလာမီ သာသနာ အဆုံးအမများကို ခေါင် (ခလီဖွာ) ဟောညွှန်ပြသည့်အတိုင်း၊ တိတ်ဆိတ်စွာ နာယူကြရပြီး၊ တသက်ပတ်လုံးပြန့်လည်ကျင့်သုံးကြရန်နှင့် တဆင့်ဖြန့်ဖြူး ပေးကြရန်၊ တာဝန်အရပ်ရပ်ကို ခံယူသော သစ္စာအဓိဋ္ဌာန်များ ချမှတ်ချက်ပြုလုပ်ကြသည်။

နောက်ထိုမှ ထွက်ခဲ့ကြရပြီး မေ့နာသို့ ပြန်လည်ရောက်ရှိကြရသည်။ ကျင့်ဝတ်များကို ပြုလုပ်ကြရပြီး နောက်အချို့အတွက် (ကုရ်ဗာနီ) 'သားတိရစ္ဆာန်များကို သတ်၍ အလှူများ' ပြုလုပ်ကြရသည်၊ ဤသို့ပြုလုပ်ရခြင်းမှာ ဟဂျ်ကျင့်ဝတ်များတွင် ချို့တဲ့မှုများမှ ကင်းလွတ်ခွင့် ရကြစေရန်ဖြစ်သည်၊

ထိုသို့ ကုရ်ဗာနီ ပြုလုပ်ပြီးကြသောအခါတွင် ဦးဆံများရိတ်ဖြတ်ခြင်း၊ ဦးပြည့်တုံးခြင်းများ ပြုလုပ်ကြရသည်။ ၎င်းနောက် ဝတ်ဖြူစင်ကြယ်များကို ချွတ်၍ ယခင်ကဝတ်နေကြ အဝတ်အစားများကို ပြန်လည်ဆင်ယင်ကြရသည်။

ထိုမှပြီးသော်၊ ကအ်ဗတ်ကျောင်းတော်ရာသို့သွား၍ နောက်ဆုံး (တဝါဖ်) လက်ျာရစ် လှည့်ပတ်ကြရသည်။ နောက်မက္ကာမြို့တော်မှ ထွက်ခွာ

သည့်အခါ၊ ကျောင်းတော်ကို နောက်ဆုံး (တဝါဖ်) လှည့်ပတ်ကြရလေသည်၊ ဤသည်ကား နောက်ဆုံးလှည့်ပတ်ခြင်း တဝါဖ်ပေ၊

ဤကား အာရေဗျ နိုင်ငံ (မက္ကာမြို့)တော်တွင် ကမ္ဘာအရပ်ရပ်မှ အစ္စလာမ် သာသနာဝင်များ ပြုလုပ်နေကြရသည့်(ဟဂျ်) ကျင့်ဝတ်များမှ အချို့ အဓိကဖြစ်သော အချက်အလက်များကို ဖော်ပြရခြင်း ဖြစ်သည်၊ ကျန် ကမ္ဘာအရပ်ရပ်ရှိ အစ္စလာမ်သာသနာဝင်များကမူ ဤ အီဒုလ်အသွဟာ (အစ်) ပွဲတော်ကို ကျင်းပကြရသည်။

## ကုရ်ဗာနီပြုလုပ်ကြခြင်း (အသားလှူခြင်း)

ဤနေ့ ဤရက်မြတ်တွင်မူ ကုရ်ဗာနီ (အသားသတ်လှူခြင်း) များ ပြုလုပ်ရန် အစ္စလာမ်၌ သာသနာ့ တာဝန်ကြီးတရပ်အနေဖြင့် သတ်မှတ်ထားသည်။

ဤကုရ်ဗာနီနှင့် စပ်လျဉ်း၍ကား "အကြင်သူသည် တတ်နိုင်ကုန်ပါလျက်၊ ကုရ်ဗာနီ (အသားသတ်၍လှူခြင်း) မပြုလိုသော်၊ ငါ၏ "မို့ဆွာလ္လာ" ဝတ်ပြုရာဌာန (ဝတ်ကျောင်း) သို့ လုံးဝ မလာရောက်နှင့် မချဉ်းကပ်နှင့်" ဟူ၍လည်း ဩဝါဒမိန့်ကြားထားသည်။

**မှတ်ချက်။** ။"ကုရ်ဗာနီ" ဆိုသည်မှာ အခြား ရွှေ ငွေ ပစ္စည်းစသည်တို့ လှူခြင်း၊ ပေးကမ်းခြင်းမျိုး မဟုတ်ပဲ၊ သီးသန့် (အသားသတ်၍လှူခြင်း) ကိုသာ ဆိုခြင်းဖြစ်သည်။

ထို့နောက် မိမိရှိပစ္စည်းအားလုံးတန်ဘိုးထက်၊အခြားကြွေးမြီပေးဆပ်ရန်များက ပိုနေပါက ထိုသူသည် ကုရ်ဗာနီ (သားသတ်၍လှူခြင်း) မပြုလုပ်ရ၊ ပြုလုပ်ခဲ့သော်လည်း အကျိုးမရှိ၊ အချိုးနှီးသာ ဖြစ်သည်ဟုဆို၏။ (ဇင်းအစ္စလာမ် ဌာနချုပ် ရန်ကုန်၊ ဦးမောင်မောင်၏ ပြောကြားချက်)။

အလ္လာဟ်အသျှင်၏ နာမံတော်ကိုတသ၍ (တိရစ္ဆာန်များကို)ကုရ်ဗာနီ–ပြုလုပ်လှူဒါန်းကြကုန်။ ပြီးနောက် အသင်တို့ကိုယ်တိုင် စားသုံးကြ၍၊ ဆင်းရဲသားတို့အားလည်း ကျွေးမွေးကြကုန်၏ (ကုရ်အာန်–၂၂၊ ၃၆)ဟူ၍လည်း ကျမ်းတော်မြတ်တွင် ပါရှိထားသည်။

အလ္လာဟ်အသျှင်မြတ်ထံတော်သို့၊ ထိုတိရစ္ဆာန်၏သွေးများနှင့် အသားများနှင့် အသားများအလျင်း ရောက်ရှိသည်မဟုတ်။ အသင်တို့၏ သီလထိန်းခြင်း၊ တာဝန်ကျေပွန်ခြင်း (သတ္တဝါ)သည်သာ ရောက်ရှိပေသည်၊ (ကုရ်အာန်-၂၂၊ ၃၇)။

## (ကုရ်ဗာနီ-၃ -ရက် ပြုလုပ်ရမည်)

ကုရ်ဗာနီ ပြုလုပ်သည့်နေ့ရက်များကား သုံးရက်ဖြစ်သည်။ အီဒုလ်အသ္ဟာ (အစ်) နေ့နှင့် ထိုနောက် နှစ်ရက်။ ပေါင်းသုံးရက်တွင်းပြုလုပ်နိုင်စွမ်းရှိသည်။ ထိုရက်မှ ကျော်လွန်သော ပြုလုပ်ပိုင်ခွင့် မရှိ။

## (၇ - ဦး ဝေစုခွဲနိုင်သည်)

သိုးတကောင်ကို လူတယောက်အတွက် ကုရ်ဗာနီပြုပိုင်၏။ နွား၊ သို့မဟုတ် ကုလားအုပ်တကောင်သည် လူ ခုနှစ်ယောက်အတွက် ကုရ်ဗာနီ ပြုပိုင်၏။

ဤသည်တို့ကား အီဒုလ်အသ္ဟာ (အစ်) ပွဲတော် ရက်များတွင် ကုရ်ဗာနီ ပြုလုပ်ရမည်ဟူသော အချက်ကို ကျမ်းတော်တွင် ဖော်ပြပါရှိချက်များ ဖြစ်၏။

ထိုနေ့ရက်များတွင် အလ္လာဟ်အသျှင်မြတ်အား အထူးပိုမိုကြောက်ရွံ့ခြင်းဖြင့် မိမိနှင့်အတူနေသူများ၊ ဆွေမျိုးသဟာယများ၊ မိတ်ဆွေများ၊ အပေါင်းအသင်းများ၊ အိမ်နီးနားခြင်းများ၊ မိတဆိုး ဖတဆိုးများ၊ မုဆိုးမ၊ ခရီးသွား အာဂန္တု စသည်တို့အား၊ ရက်ရောစွာ လှူဒါန်းဧည့်ခံ ကျွေးမွေးခြင်း ပြုလုပ်ရသည်။

ထိုသို့ပြုခြင်းဖြင့် အစ္စလာမ်ကချမှတ်ထားသော စေတနာသန့်သန့်အရင်းခံသည့် စိတ်ဓာတ်များ လူသားတို့တွင် ထွန်းကားလာစေရန် ဖြစ်သည်ဆို၏။(**အိဒ်မို့ ဗာရပ်က်**)။

**မှတ်ချက်**၊ ။မူစလင်တို့၏အစ္စလာမ် ဘာသာဥ္စသောကြာနေ့တိုင်းဗလီဥ္စသွားရောက် ဝတ်ပြုရသည်။

တန္ခွန်လုံး–၁၂· လတွင်၊ ဥပုတ်(၁)လ၊ စောင့်ရသည်။

ထို ဥပုသ်တလကျပြီး ရက်ပေါင်း (၆၀) ၂–လပြည့်၍ နောက်ထပ်လဆန်း (၁၀/၉)ရက် တနေ့နေ့ကစ၍ (အစ်)ပွဲတော်ကြီး(၃)ရက်တိုင်တိုင်ကျင်းပကြသည်။

ဆိုလိုသည်မှာ ဥပုသ်တလစောင့်ပြီး နောက်ရက်ပေါင်း (၆၉/၇၀)ရက်၌၊ တရက်ရက်တွင် အစ်ပွဲကြီး စသည်။ ။

(ဟိန္ဒူ။ (ပြဟ္မာဏ်)ဘာသာ)



၁။ BRHMA ၂။ VISHNU ၃။ SIVA

ပုံ (၁) မဟာဗြဟ္မာကြီး၊ ကမ္ဘာကြီးကို ဖန်ဆင်းသူ။

ပုံ (၂) ဗိဿနိုး၊ ကမ္ဘာကြီးကိုစောင့်ရှောက်သူ။

ပုံ (၃) သိဝ အချိန်တန်က ကမ္ဘာကြီးကိုဖျက်ဆီးပစ်မည့်သူ။



ပုံ(၃)မှ သိဝ၏တကိုယ်တော်တည်းပုံ။



LAKSHMI

လပ်ရှ်မီးမယ်တော်ပုံ။

အိန္ဒိယပြည်ကြီးသည် ကျယ်ဝန်း သလောက် လူမျိုးရေး၊ ဘာသာရေး၊ လူမှုထုံးတမ်းဓလေ့များသည် များပြားလျက်ရှိလေသည်။

တသီးတခြားစီနေထိုင်ကြသော နိုင်ငံငယ်များသည် အပြိုင်ပေါ်ထွန်းခဲ့ကြပြီးလျှင် အချင်းချင်းစစ်ထိုးကာ နေကြ၏။ အာရိယန် လူမျိုးများ ဝင်ရောက်လာပြီးနောက်တွင် ဒရာဗီးဒီးယန်းနှင့် အာရိယန်တို့သည် စစ်ပြိုင်တိုက်ခိုက်ကြသည်။ ထို့နောက် အာရိယန်များက ဒေသများတို့တွင် နေပြည်(နိုင်ငံငယ်)များကို ခေတ်ပြိုင် တည်ထောင်ကြပြီးလျှင် အချင်းချင်း အဆက်မပြတ်စစ်တိုက်နေကြသည်။

ထိုစစ်ပွဲများတွင် အာရိယန်မင်း (၁၀)ပါး မဟာမိတ် အစုနှင့် ဘာရတ္တပြည်ရှင် (သုဒ္ဒ)ဘုရင်တို့စစ်ဖြစ်ရာတွင် သုဒ္ဒကနိုင်သဖြင့် မင်းအပေါင်းတို့ကို အစိုးရသောမင်းအဖြစ်ကို ရောက်ရှိပြီးလျှင် နိုင်ငံ ကျယ်ပြန့်လာခဲ့လေသည်။

ဘီစီ(၆၀၀)အထိ ထီးနန်းဆက်များအကြောင်းကို ခိုင်လုံစွာ မသိရသော်လည်း မက်ဆီဒိုးနီးယားဘုရင် အာလက္ခဇန်းဒါး လာရောက် တိုက်ခိုက်ပြီးသည့်နောက်မှသာ အိန္ဒိယအင်ပါယာ ပေါ်ထွန်းခဲ့သည်။

ပထမဦးစွာပေါ်ပေါက်ခဲ့သော ထီးနန်းဆက်မှာမောရိယ အင်ပါယာခေတ် (အီစီ-၃၂၁/-၇၄)ကဖြစ်သည်။ ထိုနန်းဆက်ကိုစတင်တည်ထောင်သူမှာ မြန်မာတို့ စန္ဒဂုတ်ဟုခေါ်သော (စန္ဒြဂုတ္တမောရိယမင်း)ဖြစ်သည်။

စန္ဒဂုတ်မင်း၏မြေးတော်(အာသောက မင်းတရားကြီး) (ဘီစီ-၂၇၄/၂၃၆)မှာ အလွန်ထင်ရှားသော မင်းဖြစ်သည်။ ထိုမင်းကို ယေဘုယျအားဖြင့် မြန်မာတို့က (သီရိဓမ္မာသောကမင်းကြီး)ဟု ခေါ်ကြသည်။

ထို့နောက် (ကူရှန်)ခေါ် အာရှအလယ်ပိုင်းလူမျိုးများက အိန္ဒိယကိုဝင်ရောက်တိုက်ခိုက်ပြီးလျှင် ကူရှန်အင်ပါယာကို ထူထောင်သည်။ ကူရှန်မင်းဆက် (ကနိနစ်ရှက) ဘုရင်—အေဒီ-၁၂၀/၁၆၂ပြသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးလျှင် ဗုဒ္ဓသာသနာကို ချီးမြှင့်ခဲ့သည်။

ထို့နောက် အိန္ဒိယပြည်တွင် (ဂုပ္ပတ)အင်ပါယာ ပေါ်ပေါက်ပြီးလျှင် ထိုအင်ပါယာကို ဟန်းလူမျိုးများက ဖြိုဖျက်လိုက်ကြသည်။ ခုနှစ် (၇)ရာစု

နှစ်တွင် (ဘာဒါန)မင်း တည်ထောင်သော (ဟာရှ) အင်ပါယာကြီး ပေါ်ထွန်းခဲ့သည်။

နောက်ပိုင်း၌ မဟာမေဒင်များဝင်ရောက်လာပြီးလျှင် (မဂို) အင်ပါယာ ပေါ်ပေါက်လာခဲ့သည်။ အိန္ဒိယနိုင်ငံတွင် နန်းဆက်တခုနှင့်တခု စပ်ကြား၌ တော်လှန်မှုနှင့် ပြောင်းလဲမှု အများအပြား ရှိခဲ့လေသည်။

အိန္ဒိယပြည်သို့ ရောက်ရှိနေထိုင်ခဲ့ကြပြီးဖြစ်သည့် ထိုအာရီယန်လူမျိုးတို့ကို (ဟိန္ဒူ) Hindustan or Hindi– လူမျိုးဟုခေါ်ကြသည်။

ဟိန္ဒူလူမျိုးတို့၏နိုင်ငံရေးအတွေးအခေါ်သည် အီဂျစ်၊ မက်ဆိုပိုတေးမီးယားတို့၏ အတွေးအခေါ်များနှင့်မတူသဖြင့် လူနေမှု စနစ်နှင့် ဖွဲ့စည်းပုံ၊ အုပ်ချုပ်ပုံတို့လည်း ကွဲပြားခြားနားကြသည်။

ဟိန္ဒူတို့သည် နိုင်ငံအုပ်ချုပ်ရာတွင် ဘာသာရေးနှင့် နိုင်ငံရေးတွင် တိုက်ရိုက်ဝင်ရောက်လွှမ်းမိုးခြင်းမရှိ၊ ဘုရင်များသည် တိုင်းပြည် အုပ်ချုပ်ရန် တာဝန်ရှိ၍ ဘုန်းကြီးရဟန်းတို့၏ တာဝန်မှာ မင်းဘုရင်အပါအဝင် ပြည်သူများအား ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ တွန်သင်ဆုံးမရန်တာဝန်ဖြစ်သည်။

ထိုခေတ်တွင် ဓမ္မသျှတ္တရ (Dhama-Sasta) ဟိန္ဒူကျမ်းဝင် (Manu Code) မနုဓမ္မသတ်–သည် အလွန်ထင်ရှားလေသည်။ မနုအမည်ရှိသော ပုဂ္ဂိုလ်ကို လူအများက မင်းအဖြစ် ရွေးကောက် တင်မြှောက်ခဲ့သည်ဟုလည်းကောင်း၊ မနုအား နိုင်ငံသားတို့က နိုင်ငံ၏ အုပ်ချုပ်မှုကို ဆောင်ရွက်ရသည့်အတွက် မိမိတို့လုပ်ကိုင်ရှာဖွေရရှိသော အကျိုးစီးပွား၏ ဆယ်ပုံတပုံကို ပေးကြသည်ဟုလည်းကောင်း၊ မင်းကလည်း နိုင်ငံသားများ၏ အကျိုးစီးပွားကို ဆောင်ရွက်ရသည်ဟုလည်းကောင်း အစဉ်အလာအားဖြင့်ယုံကြည်ကြ၏။

ရှေးဟောင်း ဟိန္ဒူတို့၏ လူနေမှုစနစ်တွင် အီဂျစ်၊ ဘေဘီလိုးနီးယန်း၊ အာဆီးရီးယန်း စသည့် လူ့အဖွဲ့အစည်းများမှာကဲ့သို့ ကျေးပိုင်၊ ကျွန်ပိုင်စနစ်မရှိခဲ့ချေ။ အိမ်မှုလုပ်ငန်းများအတွက် အခနှင့် ငှားရမ်းခိုင်းစေသည့် (အောက်တန်းစား လွတ်လပ်သူ) ကျေးကျွန်များသာရှိလေသည်။ ဤကျွန်ခိုင်းစနစ်သည် ရောမခေတ်တွင်ရှိသော ကျေးပိုင်ကျွန်ပိုင်စနစ်မျိုးနှင့် မတူချေ၊

ဟိန္ဒူတို့၏ လူ့အဖွဲ့အစည်းတွင် မူလက ဇာတ်ကွဲများမရှိသော်လည်း

နောင်အာရိယန်လူမျိုးများက မိမိတို့သည် ဒရာဗီးဒီးယန်းလူမျိုးများထက်အမျိုးသန့်သည်ဟု ခွဲခြားရာမှ ဇာတ်များပေါ်ခဲ့လေသည်။

အာရိယန်လူမျိုးတို့ရောက်မလာမီကပင် ရှေးဟောင်း ဟိန္ဒူမြစ်ဝှမ်းယဉ်ကျေးမှုခေတ်၌ ဘာသာအယူဝါဒများရှိခဲ့သည်။ ဟိန္ဒူတို့၏ ကိုးကွယ်မှုအခြေခံများလည်း ရှေးမဆွကရှိခဲ့သည်ဟု သုတေသီတို့ကဆို၏။ သို့ရာတွင်မည်သူမျှ အတိအကျ မပြောနိုင်ကြ။

အာရိယန်တို့ရောက်လာပြီးနောက် ဖြစ်ပေါ်လာသော ဘာသာရေး၊ စာပေတို့နှင့်ပတ်သက်၍မူ အခိုင်အမာ အထောက်အထားများ ရှိခဲ့ပေသည်၊ အာရိယန်တို့နှင့်အတူ မန္တာန်(Mantra) အတတ်သည် တပါတည်း ပါလာခဲ့သည်။ ထိုမန္တာန်ပေါ်သောခေတ်ကစ၍ ဘာသာရေးနှင့် စာပေ ဒွန်တွဲ ပေါ်လာသည်။

ထိုခေတ်ကို- ဝေဒခေတ် (Age of Vega)ဟု ခေါ်သည်။ ထိုခေတ်တွင် ဝေဒ (ဗေဒင်) လေး (၄) မျိုးပေါ်ခဲ့သည်။

(၁) ရိဝေဒ (Rie Veda)- ၎င်းမှာ ဘုရားများ၏ ဂုဏ်ကို ချီးမြှောက်ရာ၌ ရွတ်ဖတ် သရဆယ်သော ဝေဒဖြစ်သည်။

(၂) သာမဝေဒ (Sama-Veda) ဘုန်းကြီးပျံများ၊ အသုဘများ၌ ရွတ်ဖတ်သော ဝေဒဖြစ်သည်။

(၃) ယဇုဝေဒ(Yahura Veda)–များ၌ ရွတ်ဆိုသော ဝေဒဖြစ်သည်။

(၄) အာထဗ္ဗဏဝေဒ– (Athava Veda) နက္ခတ်ဗေဒင်အတတ်ဖြစ်သည်။

အားလုံးသောဝေဒတို့သည် နှုတ်တိုက်ရွတ်ဆိုသော မန္တာန်များဖြစ်သည်။ ထိုမန္တာန်များကိုသင်ကြားရာ၌လည်း နှုတ်တိုက်သင်ကြားရသည်။

ဟိန္ဒူတို့သည် နတ်များစွာကို ကိုးကွယ်ကြ၏။ ထိုနတ်ပေါင်းများစွာတို့၏ အကြီးအကဲခေါင်းချုပ်မှာ (မဟာဗြဟ္မာကြီး)ဖြစ်ပေသည်။

ပညာသင်ရာ၌ ရှေးဦးစွာ ရိုးရိုးနှုတ်တိုက်သင်ရာမှ နောင်တွင် အရေးပါသော စကားလုံးများကို ရွေးချယ်စပ်ဟပ်၍ မန္တာန်များဖွဲ့ကာ သင်ကြား

သည်။ ထိုအခါ၌ သုတ်တရား (Sutra work) ပေါ်လာသည်။ ထို့နောက် သုတ်တရားကို အကျယ်ချဲ့သော ဘာသာ (Bhasa)ပေါ်လာသည်။

ထိုအခါတွင် ယဇ်ပူဇော်ခြင်း၊ မင်္ဂလာ ယူခြင်းတို့နှင့် ပတ်သက်သည့် ဗြာဟ္မဏကျမ်း (Brahmana)များ ပေါ်လာသည်။ ထိုခေတ်၌ ပုဏ္ဏားများ သည် မင်းဘုရင်တို့၏ ဆရာများဖြစ်လာကြ၏။

ထို့နောက်တွင် တောထွက်၍ အမှန်တရားကိုရှာသောသူများ ပေါ် လာသည်။ ထို တောထွက်သူများကို အရညဝါသီ (Aranyaka) ဟု ခေါ် သည်။ နောက်ပိုင်းတွင် ဘာသာရေးနှင့် ပတ်သက်၍ တွေးခေါ်ရှင်များ ပေါ်လာသည်။ ထိုသူများကို ဥပဏ္ဏစ္စ (Upaniads) ဟု ခေါ်သည်။

၎င်း တွေးခေါ်ရှင်များခေတ်တွင် ဘာသာရေးဂိုဏ်းပေါင်းများစွာ ပေါ်ပေါက်ခဲ့သည်။ ထိုဂိုဏ်များအနက် အချို့က ဝေဒကို လက်ခံ၍ အချို့ က ဝေဒကို လက်မခံကြချေ။

အမှန်မှာ ဝေဒသည် လူတို့က သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ လောက၌ အမြဲရှိနေသောတရားပင် ဖြစ်သည်ဟု ယူဆကြသည်။

ထိုဝေဒကို လက်ခံသည့်ဂိုဏ်းများက ယဇ်ပူဇော်ခြင်း၊ နတ်ကိုးကွယ် ခြင်း စသည်လုပ်ငန်းများကို ပြုလုပ်ကြ၏၊ ရဟန်း ပုဏ္ဏားတို့သည် ဝေဒ နှင့် ကိုးကွယ်သူများစပ်ကြားတွင် ဆက်သွယ်ရေး တာဝန်များကို ထမ်း ဆောင်ကြသည်။

ထိုအထဲတွင် ဝေဒကို စွန့်ပယ်သောဂိုဏ်းသုံးမျိုး ရှိသည်။

(၁) ဂျိုင်းနဂိုဏ်း –ကိုယ်ခန္ဓာကို ညှင်းပန်း၍ အကျင့် ကျင့်သူ (Jaina) များ ဖြစ်သည်။

(၂) စာရဝါကဂိုဏ်း –ဘုရားမရှိ၊ ဘဝမရှိဟု ယူဆသော ရုပ်ဝါ (Corvaka) ဒသမားများ ဖြစ်သည်။

(၃) ဗုဒ္ဓဂေါတမဂိုဏ်း –ရုပ် နာမ် တို့ကို အသိအမှတ်ပြုသော (Buddha) ပဋိပဒါ အလယ်အလတ် ကျင့် သည့်သူများဖြစ်သည်။

ထို့ကြောင့် ဂေါတမ မြတ်စွာဘုရားမှာလည်း ဟိန္ဒူလူမျိုး ဖြစ်၍ ဗုဒ္ဓဝါဒသည် အနှုးညံ့ဆုံး၊ အသိမ်မွေ့ဆုံး ဖြစ်ပေ၏။

ဂေါတမဗုဒ္ဓက ဗြဟ္မဏယဉ်ကျေးမှု၏ အခြေတည်ရာ၊ ဇာတ်များ ခွဲခြားသည့် စံနစ်ကို ရှုတ်ချ၍ သစ္စာလေးပါး တရားများကို ဟောတော်မူ၏။ ဂေါတမ ဗုဒ္ဓကို လောကဆိုင်ရာ အဆုံးအမများဖြင့် ဗြဟ္မဏတို့၏ နိုင်ငံရေး ကျင့်စဉ်ကို ပြုပြင် ပြောင်းလဲပေးခဲ့သည်။

ထိုဟိန္ဒူတို့၏ ဥပဏ္ဏစ္စခေတ်ကျမ်းများ ထွန်းကားသည့် အချိန်အထိ ပေထက် ကျောက်ထက်အက္ခရာများတင်ခြင်း မရှိသေးပဲ၊ ဂုရု (Guru) ဆရာများက နှုတ်တိုက်သင်ပေးပို့ချခြင်းများသာ ဖြစ်သည်။

ဟိန္ဒူတို့၌ ထိုကျမ်းဂဏ အမျိုးမျိုးတို့ပေါ်ပေါက်ချိန်တွင် ဂေါတမ မြတ်စွာဘုရား ပွင့်ခဲ့သော်လည်း ဗုဒ္ဓသာသနာမှာ မူရင်း အရိယန်နွယ်ဝင် ဟိန္ဒူတို့ နိုင်ငံ၌ ကြာရှည်စွာ မတည်တံ့ခဲ့ချေ။ ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နောက်ပိုင်းတွင် ဟိန္ဒူတို့သည် (ဗြဟ္မဏ) အယူကို ပင် ဆက်လက်၍ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။

ဗုဒ္ဓဂေါတမ မပွင့်မီ နှစ်ပေါင်း ၄၀၀၀–ကျော် (ဘီစီ–၅၀၀၀)ခန့် မှစ၍၊ အိန္ဒိယနိုင်ငံ၏ အချက်အချာဖြစ်သော၊ ဂင်္ဂါမြစ်ဝှမ်းတလျှောက် မြေပြန့်ဒေသများတွင် လူသူအများအပြား နေထိုင် ကျက်စားရာ ဖြစ်အည်။ယင်း ဒေသများတွင် ရာသီဥတုမျှတခြင်း၊ မြေဩဇာ ကောင်းမွန်ခြင်း၊ နေရာထိုင် ခင်းအတွက် သင့်တော်မှုတို့ကြောင့် မူလကပင် အိန္ဒိယဒေသခံ တိုင်းရင်းသား (ဒရာဗီးဒီးယန်း) လူမျိုးများသည် မြို့ရွာများကို အတည်တကျ တည် ထောင်နေထိုင်လျက်ရှိကြသည်။

သို့သော်ဒေသခံ တိုင်းရင်းသားများသည် အသိညာဏ်နှင့် လုပ်ရည် ကိုင်ရည်အားဖြင့် လည်းကောင်း၊ အတွေ့အကြုံအားဖြင့် လည်းကောင်း အားနည်းနုပျို့ညံ့မှုများရှိရာ၊ အနောက်မြောက်ဘက်မှ ဒီရေပမာ ရာစု ထောင်စု နှစ်များအလိုက် တစိမ့်စိမ့် စီးဝင်လာသော လူမျိုးရေး ရေစီး ကြောင်း၏ ဒဏ်ချက်တို့ကို အလူးအလိမ့် ခံစား ရင်ဆိုင်ကြရသည်။

ထိုစိမ့်၍ စီးဝင်လာကြသော လူမျိုးစု ရေစီးကြောင်းများကား (နော် မန်ဒစ်)ခေါ်၊ အင်ဒိုရှုပီအနွယ်အာရီယန် လူမျိုးများဖြစ်သည်။အာရီယန်လူမျိုး တို့ အိန္ဒိယဘက်သို့ တကြိမ်တည်း တခါတည်း စုပြုံ၍ ဝင်ရောက်ခဲ့ကြခြင်း

မဟုတ်၊ နှစ်ပေါင်းထောင်သောင်း ချီပြီး တရွေ့ရွေ့ စိမ့်ဝင်လာခြင်း ဖြစ်သည်။

ကမ္ဘာ့အနောက်ဘက် ဒေသများတွင် လူနေထူထပ် ပြွတ်သိပ်ပြီး အစားအသောက် နေထိုင်မှုကြပ်တည်းခြင်း၊ စစ်ပွဲအထွေထွေ ပေါများခြင်းတို့ကြောင့်၊ နေရာသစ်များ ရှာယင်း ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်သည်။

အာရိယန်လူမျိုးတို့သည့် တခေတ်ပြီးတခေတ်၊ တချိန်ပြီး တချိန်က အတွေ့အကြုံမြားနှင့် အသိဥာဏ်များ ပိုမိုကြွယ်ဝကြ၍ အဆင်းခွဲခြားသည်မှ အိန္ဒိယ၌ လူမျိုး (၄) စားကွဲပြားတည်ရှိပါသည်၊

၁။ (သုဒ္ဒ) —မူရင်း ဒေသခံလူမျိုးများကို လူညံ့များ အသိဉာဏ် ခေါင်းပါးသူများ ဖြစ်၍၊ အခိုင်းအစေ လူဆင်းရဲသားများ၊အလုပ်သမားများ၊ ကျွန်များ ဖြစ်သည်၊ ကျွန်မျိုးဟုဆိုသည်။

၂။ (ဝဿ) —အခြားမှ ရှေးဦးစွာ ဝင်လာသော အာရိယန် လူမျိုးများက လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း အလုပ်တို့ကို လုပ်ကိုင် စားသောက်သောကြောင့် စင်ကြယ်စွာ အသက်မွေးသူများ လယ်သမားမျိုးဟု ဆိုသည်။

၃။ (ခတ္တိယ) —ဒုတိယ ဝင်ရောက်လာသော အာရိယန်များသည် စစ်တိုက်မှု၊ တိုင်းပြည်အုပ်ချုပ်မှုကို ကျွမ်းကျင်စွာပြုလုပ်သူ မင်းမျိုးဟု ဆိုသည်။

၄။ (ဗြဟ္မဏ) —နောက်ဆုံးဝင်ရောက်လာသော အာရိယန်များ ဖြစ်ပြီး၊ တိုင်းပြည်အား ရှေ့ဆောင်လမ်းပြ ဖြစ်သူ၊ ပညာရှိ ပုဏ္ဏားမျိုး၊ အမြင့်မြတ်ဆုံးဟု ဆိုသည်။

ဤသို့လူမျိုး ရေစီးကြောင်း ဇာတိ (၄) မျိုးပေါ်ပေါက်လာခဲ့ပြီး၊ (ခတ္တိယ) မင်းမျိုးများသည်၊ နောက်လိုက်နောက်ပါ လူသူ ပရိတ်သတ်စုဆောင်းလျက်၊ တိုင်းပြည်ပေါင်းများစွာ ထူထောင်ခြင်း၊ အုပ်စုပေါင်းများစွာပေါ်ပေါက်လျက်ရှိခြင်း၊ အုပ်စုချင်း နှစ်ပေါင်း ရာထောင်ချီ၍ စစ်ပွဲကြီး

များကျင်းပခြင်း စသည်တို့ ရှိကြသလို၊ ကိုယ်စီဩဝါဒ ခံယူရာ ဘာသာရေးဆရာကြီးများအတွင်း၌လည်း၊ ဂိုဏ်းအမျိုးမျိုး အယူဝါဒ အမျိုးမျိုးတို့ ထူထောင်လျက် ရှိနေကြလေသည်။

ထိုစဉ်က လူတို့သည် သဘာဝကို သဘာဝမှန်းမသိ၊ အနတ္တကိုမှ နည်းမမြင်၊ အတ္တအစဉ်ကို လက်ခံထားသော၊ မသိမှုများ လွှမ်းမိုးလျက် ရှိသဖြင့် (အကြောက်တရားများကို ဖြေဖျောက်ဖို့နှင့် လိုချင်မှုများကို ဖြည့်တင်းရန်) အတွက် ရှေးဦးစွာ သဘာဝ ကိုးကွယ်မှု။ ဒုတိယ ရုပ်ဝတ္တုများ၊ တတိယသူရဲကောင်းများ ကိုးကွယ်သည်ကအစ၊ စိတ်ကူးယဉ် တန်ခိုးရှင်များကို ကြံဆကိုးကွယ်ယင်း ဘုံဗိမာန်အမျိုးမျိုးတို့ကို စိတ်ကူးနှင့်ပင် တည်ထောင်ကိုးကွယ်လာကြလေသည်။

(ဗြဟ္မဏ) ဇေဒခေတ်၊ ဝေဒ၏အချိန်မှာ –

အသိဉာဏ် ပေါက်ရောက်ခြင်း၊ ကိုးကွယ်မှုကို ဉာဏ်ရှိသလောက် တိုးချဲ့ခြင်းဖြစ်သည်။ အားလုံးသော ဖြစ်မှု၊ ပျက်မှု၊ မကောင်းမှု ဟူသမျှကို ဖန်တီးနေသည့် ဖန်ဆင်းရှင်များ ရှိပေမည်။ ထိုဖန်ဆင်းရှင်များ၏ အကြီးအမှူးဖြစ်သည် (ထာဝရဗြဟ္မာကြီး) ရှိလိမ့်မည်ဟု ယူဆကြသည်။

ဗြဟ္မဏ – ဝေဒ၏ အခြေခံအဘိဓမ္မာများမှာ....

(၁) ဣဿရနိမ္မာန – တန်ခိုးရှင်၊ ပြာဋိဟာရှင်ကိုလက်ခံခြင်း။
(၂) အတ္တ – ဝိညာဉ်၏ သံသရာလည်ခြင်း (သဿတအယူ) တို့ ဖြစ်သည်။

သတ္တဝါ၊ သစ်ပင်၊ တောတောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ လေမီး အစုံတို့ကို နှင့်ဗြဟ္မာကြီးက ဖန်ဆင်းသည်။

ဤနတ် ဗြဟ္မာကြီးသည် စကြာဝဠာတခုလုံးတွင် ပျံ့နှံ့လျက်ရှိရာ၊ အားလုံးသော ကောင်းကျိုး ဆိုးကျိုး ဟူသမျှ၊ ထာဝရ နတ်ဗြဟ္မာကြီး၏ အလိုအတိုင်းသာ ဖြစ်ရမည်။

အတ္တခေါ် ဝိညာဉ်ကလေးသည်၊ တဘဝပြီး တဘဝ ပြောင်းလဲလျက်၊ ခန္ဓာအိမ်များ အသစ်ထူထောင်ကာ ကြဉ်လည်လျက်ကျက်စား နေသည်ဟု ဆို၏။ ဤနည်းအားဖြင့် ဟိန္ဒူတို့သည် ကံ၊ ကံ၏အကျိုးကို လက်ခံသည်။

သို့သော် ဟိန္ဒူ (ဗြဟ္မာဏ) ဘာသာ၏ အချုပ်မှာ၊ သဘာဝတရားအားလုံးကို(ထာဝရ မဟာဗြဟ္မာကြီး )ကဦးစီးချုပ်ကိုင်နေ၏။

ဟိန္ဒူဟူသော စကားမှာ ၎င်းမြေမှ မိတ်ဆက် စာဆောင်အရ ဗါးရှင်းလူမျိုးတို့က သိန္ဒူမြစ်ဝှမ်းကို အမှီပြု၍ 'သ' ကို 'ဟ' အဖြစ်သုံးစွဲကာ 'သိန္ဒူ' ကို 'ဟိန္ဒူ'ဟူ၍ ခေါ်ဆိုသည်မှ စတင် ပေါ်ပေါက်လာခြင်းဖြစ်သည်၊ ယခုပန်ဂျပ်ပြည်နယ်သည် ဟိန္ဒူမြေမှ စတင်ပေါ်ထွန်းရာ နေရာဖြစ်သည်ဆို၏။

ဟိန္ဒူဘာသာ၏ ဘုရားမှာ၊ အလောင်းတော်ရာမ မင်းသားနှင့် (ရာမာခရစ်ရှနား) တို့နှစ်ပါးဖြစ်၍၊ မဟာဗြဟ္မာ၊ ပိဿနိုး၊သိဝ စန္ဒီ မယ်တော် (သူရသဒီ)နှင့် မဟာပိန္နဲစသည်တို့မှာ နတ်ကြီးများ ဖြစ်လေသည်။

(၁) မဟာ ဗြဟ္မာကြီးသည် ဤကမ္ဘာလောကကြီးတခုလုံးကို ဖန်ဆင်းသူ ထာဝရသခင်ကြီး ဖြစ်၏။

(၂) ပိဿနိုးကား ကမ္ဘာကြီးကို စောင့်ရှောက်သူ နတ်ကြီးဖြစ်၏။

(၃) သိဝကား အချိန်တန်လျှင် ကမ္ဘာကြီးကို ဖျက်ဆီးရန် တာဝန်ရှိသည့် နတ်ကြီး ဖြစ်သည်ဆို၏။

ထို့ကြောင့် ဟိန္ဒူဘာသာဝင်တို့သည် ဤနတ်ကြီး သုံးပါးကိုလည်း အထူးတလည် ဦးထိပ်ထား၍ ကိုးကွယ်ကြသည်။

ယခုဟိန္ဒူ(ဗြဟ္မဏ) ဘာသာ၌ သိဝဂိုဏ်း၊ ပိဿနိုးဂိုဏ်း၊ လက်ချမ်းဂိုဏ်း စသဖြင့် ဂိုဏ်းခွဲများရှိသည်ဆို၏။

တမီလ်၊ မာရဝီ၊ ဂူဂျာရသီ၊ ယူပီ၊ ဘီဟာရီ၊ နီပေါလ်၊ ပန်ချာပီ စသည့်လူမျိုးတို့မှာ ဟိန္ဒူဘာသာဝင်များ ဖြစ်လေသည်။ ။

**မှတ်ချက်။** ။ဗုဒ္ဓအကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်၍ ထပ်မံမဖော်ပြတော့ပါ။

ဤနေရာတွင် ဗုဒ္ဓစာပေ ပိဋကတ်တွင် ပါဝင်သောဘုရားကြီး (၆) ဆူ အကြောင်းကို ဘာသာရေး စာဖတ်ပရိသတ်ကို ဗဟုသုတအဖြစ် သိရကြစေရန် ထည့်သွင်း ဖော်ပြပါမည်။

ယခု ဖော်ပြမည့်ဘုရားကြီး (၆) ဆူတို့မှာ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဂေါတမမြတ်စွာဘုရား မပွင့်မီ အရင်စော၍ ဘုရားတွဲခံပြီး ဂိုဏ်းများထောင်ကာ နောက်လိုက်များအား တရားဟောနေသည့် ထင်ရှားသောဂိုဏ်းဆရာကြီးများဖြစ်သည်။ ဗုဒ္ဓထက်စောပြီး အသက်မှာကြီးသည့် အတွက်ကြောင့် ၎င်းတို့ကို ဘုရားကြီးများဟု ခေါ်သည်။ ဗုဒ္ဓဂေါတမနှင့် တွေ့သည့်ခါ ရဟန္တာများ ဖြစ်ကြသည်။

၁။ **မဟာဝီရ**- ၎င်းအယူများမှာ-

ယခုဘဝ ဒုက္ခခံ၍ နောင့်တမလွန် လောက ကောင်းစားရေးအတွက် အိုးအိမ်စည်းစိမ်နှင့်တကွ၊ ခန္ဓာကိုယ်အထိ စွန့်လွှတ်ရမည်။ ချိုးခြံနေထိုင်ရမည်။

ကိုယ်ကျင့်တရား ထိမ်းသိမ်းရေးတွင် အနစ်နာခံရမည်၊ ဤသို့ကျင့်ကြံအားထုတ်ခြင်းဖြင့် အဆုံးဘဝတွင် (မောက္ခ) ခေါ်လွတ်မြောက်သော ဘဝသို့ ရရှိမည်၊ တွယ်တာကင်းရမည် ဖြစ်သည်၊

၂။ **မက္ခလိဂေါသာလ**- ၎င်းအယူများမှာ—

(ဂေါသာလ ရွာသား မက္ခလိဖြစ်သည်)။ အသာမိကပိုင်ရှင်မရှိ အလကားဖြစ်၍ အလကားပျက်နေသည့် သဘောရှိသည်။ ကောင်းကျိုး ဆိုးကျိုးကိုပစ်၊ ဖြစ်ချင်သလို ဖြစ်၍ နေသည်။ အစွဲကင်းလျှင်ပြီး၏ဟုဖြစ်သည်။

၃။ **ပူရာဏကဿပ**— ၎င်းအယူများမှာ-

ကောင်းကျိုးဆိုးကျိုးပစ်၊ ဆုတောင်း ဆုပေးခြင်းဖြင့် အကျိုးအာနိသင်ရသည်။ ရွတ်ဖတ်သရဇ်ယ်စျယ်ခြင်း၊ ခန်းမှုတ်ပူဇော် ပသခြင်းအားပေးသည်၊

၄၊ **အဇိတကေသကမ္ဗလ** — ၎င်း၏အယူမှာ—

ရုပ်မရှိ၊ နာမ်မရှိ၊ ကောင်းမှုမရှိ၊ သတ္တဝါမရှိ၊ ယောက်ျားမရှိ၊ မိန်းမမရှိ၊ ဘုံမရှိ၊ ဘဝမရှိ၊ ဓာတ် (၇)ပါးသာရှိသည်။

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ သုခ ဒုက္ခ၊ ဇီဝ၊ ဓာတ်အချင်းချင်းသာ သူ့သဘော သူဆောင်၍ ပြုမှုရှိသည်၊

လုပ်သူလည်း ပုဂ္ဂိုလ်မဟုတ်၊ ခံစားရသူလည်း ပုဂ္ဂိုလ်မဟုတ်၊ လုပ်လိုရာလုပ်၊ အပစ်မရှိ၊ ကောင်းမှုဆိုတာလည်း မြော်လင့်ချက်ဖြင့် ပြုစရာမလို၊ စွဲလမ်းလျှင်သာ အပစ်ရှိသည် ဆို၏။ (ဥစ္ဆေဒဝါဒဟု ခေါ်သည်)။

၅။ **ပကုဓကစ္စာယန** — ၎င်း၏အယူမှာ—

အတ္တဝိညာဉ်ကလေးသည် ခန္ဓာကိုယ်အတွင်း နှစ်လုံးအိမ်ထဲတွင် ကိန်းအောင်းလျက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဒွါ ယငါးပေါက်မှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ဖောဋ္ဌဗ္ဗါရုံများနှင့် တွေ့တိုင်း ထွက်၍ကျက်စားသည်။

ဤဝိညာဉ်ကလေး ထွက်၍ မကျက်စားစေရအောင် — (ကိုင္ မထ) ချုပ်ချယ်ထားရမည်။ ဤဝိညာဉ်ကလေးသည်ပင် ခန္ဓာကိုယ် အဟောင်းကိုစွန့်ပစ်၍ အသစ်ကိုပြောင်းကာ တဘဝပြီး ကဘဝ ထူ ထောင်ရင်း ကျင်လည်ကျက်စားနေသည်ဟုဆို၏။ (သဿတ ဝါဒဖြစ် သည်)။

၆။ **သိဉ္စယဗေလထ** — ၎င်းအယူမှာ—

ပြတ်သားတိကျသော အယူမရှိ၊ လောကအများကြိုက်လိုက်၍ ဟောပြောညွှန်ပြခြင်းဖြင့် ဩဇာသက်ရောက်သော အယူဖြစ်၏။ ။

ဤပုဂ္ဂိုလ် (၆)ဦးသည် ဘုရားဘွဲ့ခံပြီး မင်းရောဇ်များမှအစ နောက် လိုက် နောက်ပါ ထောင်သောင်းချီ၍ လက်ခံထားသော (ဗုဒ္ဓမပွင့်မီ) ဂိုဏ်း ဆရာကြီးများ ဖြစ်လေသည်။

# (ဗုဒ္ဓပိဋကအကြောင်း သိကောင်းစရာများ)

ပိဋကအကြောင်းကို ရေးသားဘို့ရန် ရှေးဦးစွာ ဗုဒ္ဓသာသနာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပုံကိုသိရှိထားရန် လိုပါသည်။

၁။ ပထမ သံဂါယနာတင် (ဘီစီ—၅၄၄) အိန္ဒိယနိုင်ငံ အဇာတသတ်မင်းဆက် နောက်ဆုံးဘုရင် (နာဂဒါသ)တို့ ထီးပြိုင်နန်းပြိုင်။

၂။ ဒုတိယ သံဂါယနာတင် ဘီစီ—၄၄၂-(ကာလာသောက) မင်းနှင့် မြန်မာနိုင်ငံ သရေခေတ္တရာ (ဒွတ္တပေါင်မင်း)တို့ ထီးပြိုင်နန်းပြိုင်။

၃။ တတိယသံဂါယတနာတင်၊ ဘီစီ-၂၄၈ (သီရိဓမ္မာသောကမင်း)နှင့် မြန်မာနိုင်ငံ သရေခေတ္တရာရန်ပေါင်မင်းတို့ထီးပြိုင်နန်းပြိုင်၊

ထိုအချိန်က ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ရာတွင် (အပရန္တတိုင်း)ဟုခေါ်သော မြန်မာပြည်သို့(အရှင်ယောနကဓမ္မရက္ခိတမထေရ်) ရောက်ရှိသည်ဟုဆို၏။

၄။ စတုတ္ထ သံဂါယနာတင် (အေဒီ-၁-ရာစု)တွင် မြောက်ပိုင်းဂိုဏ်း (ဂဏ္ဍိဋ္ဌမင်း)နှင့် ပုဂံပြည်သူ့ မုန္ဒြိမင်းတို့ ထီးပြိုင်နန်းပြိုင်နှင့် တောင်ပိုင်းဂိုဏ်း (ဒုဋ္ဌဂါမဏိ)မင်းနှင့်ပုဂံပြည်ငါတပါးမင်းတို့ ထီးပြိုင်နန်းပြိုင်ဖြစ်ကြသည်။

ဗုဒ္ဓသာသနာ မြန်မာနိုင်ငံအတွင်း ဝင်ရောက် လာခဲ့ကြပုံ များမှာနည်းအမျိုးမျိုး လမ်းအသွယ်သွယ်ဖြစ်သည်။

ရှေးဦးစွာ အိန္ဒိယမှ (ဝိဋ္ဌဋ္ဌူပ)မင်း ဘေးရန်ကြောင့် မြန်မာနိုင်ငံအတွင်းသို့ ထွက်ပြေးဝင်ရောက်လာသော တကောင်းဘုရင် (ဓဇရာဇာ)ခေတ်ကိုကြည့်ပါက ဟိန္ဒူပြဟ္မဏတို့၏ အယူဝါဒများသည် ရှေးဦးစွာမြန်မာပြည်တွင်းသို့ဝင်နှင့်ပြီး ဖြစ်နေသည်ကို တွေ့ရပေသည်၊ (ပိဿနိုး၊ သရေ

ခေတ္တရာနှင့် ဟန်းလင်းကြီး အထောက်အထားများကို လေ့လာလျှင် သိနိုင်သည်)။

ထို့ပြင် တိဘက်ရဟန်းမင်းကြီး (လိုဗိုမဒမစံဝေး) လက်ထက်တွင် ရဟန်းများ ပုန်ကန်ရာမှ ထွက်ပြေးလာသော အရိယာ– အရီးရ်– သို့မဟုတ် (အရည်းကြီး) အဆက်အနွယ်များ ဝင်ရောက်လာခဲ့သည်။

ဤအချိန်အတွင်း တတိယသံဂါယနာတင် (ဘီစီ-၂၄၈)တွင်အိန္ဒိယပြည် သီရိဓမ္မာသောကမင်းနှင့် သရေခေတ္တရာ ရန်ပေါင်မင်းတို့ လက်ထက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ရာ သျှင်မဓိရက္ခိတက တသွယ်၊ သျှင်သောဏနှင့် သျှင်ဥတ္တရမထေရ်တို့သည် သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ဦးစွာသာသနာဝင်ရောက်ပြုကြသည်။

ဧင်းပြင် ပုဂံမြို့တည်မင်း (၄၃)ဆက်မြောက် (အနော်ရထာမင်းကြီး)လက်ထက် (ဗုဒ္ဓဂေါတမမြတ်စွာဘုရား၊ ပရိနိဗ္ဗာန် စံဝင်တော်မူပြီး– ၁၆၀၁-နှစ်)တွင် သီဟိုနိုင်ငံမှ (ရှင်အရဟံ)သည် သထုံမှ ပိဋကများကို ကူးယူ၍ ပုဂံပြည်သို့ သယ်ဆောင်လာသည်။

ဒုတိယ သထုံမှ (ပြာကဏ ဒဿိမထေရ်)၏ တပည့်၊ ရာမည်တိုင်း၊ ဆပဒရှာသား သာမဏေကို အလုပ်အကြွေးနှင့်တကွ သီဟိုသို့ ဘုရားဖူးလွှတ်ရာ၊ ထိုသာမဏေသည် သီဟိုရ်နိုင်ငံရောက်သည်တွင် ရဟန်းပြုလျက် သတင်းသုံးနေသည်။ (၁၀)နှစ်ကျော်မှ မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီး ပုဂံပြည်တွင် သာသနာပြုသည်။

ထိုစဉ်က သီဟိုနိုင်ငံတွင် ဗုဒ္ဓသံဃာတော်များအတွင်း ဂိုဏ်းကြီး သုံးဂိုဏ်းကွဲလျက်ရှိသည်။

၁။ မဟာဝိဟာရဝါသီ – ဂိုဏ်း။

၂။ အဘယဂိရိဝါသီ – ဂိုဏ်း။

၃။ ဇေတဝနဝါသီ – ဂိုဏ်း။
ဖြစ်သည်။

## (ရှင်ဗုဒ္ဓဃောသ)

ဗုဒ္ဓ ဂေါတမ မြတ်စွာဘုရား၏ ပိဋကများကို သိလိုလျှင်၊ ရှင်ဗုဒ္ဓဃောသ မထေရ်အကြောင်းကိုလည်း သိဖို့လိုသည်။

ရှင်ဗုဒ္ဓဃောသ မထေရ်သည် အိန္ဒိယမြောက်ပိုင်း မဇ္ဈိမဒေသ မဟာဗောဓိပင်နေရာအနီး (ဃောသကရွာ)တွင် မွေးဖွားသည်၊ သီဟိုနိုင်ငံ ဘိရိသင်္ဂဗောဓိ ပရက္ကမဗာဟု ဘွဲ့ခံ မဟာနာမ မင်းလက်ထက်၌ အထက်ပါ(မဟာဝိဟာရ ဝါသီ)ဂိုဏ်းသို့ ဝင်ရောက်ကာ အခြားဂိုဏ်းများကိုနှိမ်၍ မင်းနှင့်ပေါင်းပြီး သာသနာထွန်းကားအောင် အားသွန်ကြိုးကုတ် ပြုလေသည်။

ရှင်ဗုဒ္ဓဃောသကို အခြားဗုဒ္ဓဘာသာဝင် အများစုက (ဗုဒ္ဓမတညူ) ဘုရားဥာဏ်ကို ရသူဟုလည်းကောင်း၊ ရဟန္တာဟူ၍လည်းကောင်း တင်စားသမုတ်ကြလေသည်။

ရှင်ဗုဒ္ဓဃောသသည် ဗုဒ္ဓစာပေ ဋီကာများကို စုစည်းမှုတွင် လည်းကောင်း၊ အထကထာ အနက်ဖွင့်ဆိုမှုတွင်လည်းကောင်း၊ ရှင်ဗုဒ္ဓဃောသမပါလျှင် မပြီးချေ။ ထို့ကြောင့် ဗုဒ္ဓဂေါတမမြတ်စွာဘုရား၏ ပိဋကများကို ပြန်လည်ထိန်းသိမ်း အနက်ဖွင့်ဆို ပြုစုမှုတွင် ရှင်ဗုဒ္ဓဃောသသည် အဓိကအခန်းက ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

ရှင်ဗုဒ္ဓဃောသသည့် သက္ကဋဘာသာ ကျွမ်းကျင်သည်။ ပါဠိဘာသာများ၊ မဂဓနှင့် ပြာကရစ် ဘာသာတို့မှ ပူးပေါင်း ပြောင်းလဲ၍ လာသော အိန္ဒိယတောင်ပိုင်း ဥဇ္ဈေနီပြည်သုံး အခြေခံသက္ကဋဘာသာများ ဖြစ်သည်။

**ပိဋက (၃) ပုံ။**

၁။ သုတ်။

၂။ ဝိနည်း။

၃။ အဘိဓမ္မာ။

**ထိုမှတဆင့်**

၁။ သုတ် (၃) ကျမ်း။

၂။ ဝိနည်း (၅) ကျမ်း။

၃။ အဘိဓမ္မာ(၇) ကျမ်း။

**နောက်တနည်း**

၁။ ဝိနယပိဋက။

၂။ သုတ္တပိဋက။

၃။ အဘိဓမ္မာ ပိဋက။

စသည်ဖြင့် ပိဋက သုံးပုံရှိသည်၊ တနည်းအားဖြင့် ဤပိဋက သုံးပုံကို ပင် (နိကာယ်ငါးရပ်)ဟုလည်း ခေါ်သည်။

ဗုဒ္ဓပိဋက စာပေတွင် ဓမ္မခန္ဓာပေါင်း ရှစ်သောင်း လေးထောင် (၈၄၀၀၀)ရှိသည်။ ဤဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်ကို ပိဋကဖွဲ့သော် အထက်ဖော်ပြပါ (ပိဋကသုံးပုံ)တွင်အလုံးစုံပါပြီးဖြစ်သည်။ တနည်းနိကာယ် ငါးရပ်တွင် ပြည့်စုံပြီး ဖြစ်သည်ဟု အဆိုရှိ၏။

ဤပိဋကသုံးပုံ (နိကာယ်ငါးရပ်)အတွင်းရှိ ဓမ္မခန္ဓာပေါင်း (ဓမ္မ တရားတော်ပေါင်း) ရှစ်သောင်း လေးထောင် (၈၄၀၀၀)ကို၊ သင်္ချာအရ အပိုင်းလိုက်ခွဲစိပ်သော်–

၁။ သတိပဋ္ဌာန် (၄) ပါး။

၂။ သမ္မပဒါန် (၄) ပါး။

၃။ ဣဒ္ဓိပါဒ် (၄) ပါး။

၄။ ဣန္ဒြေ (၅) ပါး။

၅။ ဗိုလ် (၅) ပါး၊

၆။ ဗောဇ္ဈင် (၇) ပါး။

၇။ မဂ္ဂင် (၈) ပါး၊

၈။ ဗောဓိပက္ခိယတရား (၃၇) ပါး။

စသည်တို့သည် ပိဋကသုံးပုံတွင် အလုံးစုံ အကြုံးဝင်ပြီး ပြောက်သည် ဟု တွေ့ရသည်။

ဗောဓိပက္ခိယတရား (၃၇)ပါးကို၊ မဂ္ဂင်အားဖြင့်ကြည့်လျှင်၊ မဂ္ဂင် (၈)ပါးမှ လွတ်သည်မရှိ။ တဖန်မဂ္ဂင်(၈)ပါးကို သိက္ခာအားဖြင့် ကြည့်ပါမူ

က၊ ပညာ

ခ၊ သီလ

ဂ။ သမာဓိ

ဤသိက္ခာသုံးပါးမှလွဲ၍ တခြားမရှိ။ ထိုသိက္ခာ(၃)ပါးကို ရသနှင့် ကောက်သော် (ဝိမုတ္တိ) လွတ်မြောက်မှုတရားသာ ဖြစ်၏၊

ထို့ကြောင့် ပိဋကကို လေ့လာရာ၌ (ဝိမုတ္တိ)တည်းဟူသော (လွတ်မြောက်မှု–ရသ) ပေါ်သည်၊ မပေါ်သည်-မှာအခြေခံဖြစ်သည်ဟု တွေ့ရ၏။

ဗုဒ္ဓဂေါတမ မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော (ပိဋကသုံးပုံ) ဓမ္မတရားတော်များကို မပျောက်မပျက် မတိမ်ကောသွားစေရန်၊ စုပေါင်း၍ ဘုရားဟောစစ်စစ် မှုမှန်ကို ရွတ်ဆိုမေးမြန်း၊ ဆွေးနွေးဖြေကြားရေးမှတ် အတည်ပြုခြင်းမျိုးဖြစ်သည်။ (သံဂါယနာတင်)ပေါင်း၊ ဗုဒ္ဓဂေါဂေါတမပရိနိဗ္ဗာန်စံဝင်တော်မူပြီး၊ အားလုံးပေါင်း (၆)ကြိမ် ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

## ၁။ ပထမ သံဂါယနာတင်–

ခရာဇ်မပေါ်မီ(ဘီစီ-၅၄၃)ခုနှစ် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်၊ (၇)ရက်မြောက်သည့်နေ့တွင်၊ ရှင်မဟာကဿပသည်၊ နောက်ပါရဟန်း(၅၀၀) တို့နှင့်အတူ၊ ပါဝါပြည်မှ ကုသိနာရုံသို့ ကြွလာသည်၊

လမ်းခရီးစခမ်းတခု၌ တဖက်မှလာသော တက္ကဒွန်း(ရဟန်း)၏ပြောကြားချက်အရ၊ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ကြောင်း ကြားသိရလေရာ ရဟန်း(၅၀၀) တို့သည် အိန္ဒြေမချုပ်တီးနိုင်ကြပဲ။ ပြင်းပြစွာ ငိုကြွေး ပူဆွေးကြကုန်၏။

ထိုအခါ အာတုမာမြို့သား(သုဘဒ္ဒ) အမည်ရှိ ရဟန်းကြီးတပါးက-

ငါ့ရှင်တို့ မငိုကြွေးကြကုန်လင့်၊ မစိုးရိမ်ကြကုန်လင့်၊ ငါတို့သည် ဗုဒ္ဓဂေါတမ၏ တင်းကြပ်စွာစည်းနှောင်ထားသော ဘောင်များ (ဝိနယပိဋက)ကို ရှင်ဥပါလိ (ဝိနည်းတေဒဂ်)ရက ဖြေဆို၍၊ သုတ်

တော်နှင့် အဘိဓမ္မာ ပိဋကနှစ်ခုကို ညီတော်ရှင်အာနန္ဒာက ဖြေဆို၍ သင်္ဂါယနာတင်ခြင်းဖြစ်သည်၊

ဒါယိကာမှာ အဇာတသတ်မင်း (အဇာတသတ်) ကဦးစီး ဆောင်ရွက်ပြီး ဤပထမ သံဂါယနာတင်ပွဲတွင် မပါဝင်သော၊ ရဟန်း၊ သံဃာများအား ရာဇဂြိုလ်ပြည်တွင် ဝါမဆိုရဟု မင်းအာဏာဖြင့် အမိန့်ထုတ်သည်။

ဤအမိန့်မှာ သံဃာယနာ တင်အကြီးအမှူးတို့၏ (ကမ္မဝါစာ)ညှပ်၍ ထုတ်ရသော အမိန့်တော်ဖြစ်သည်၊ ။

## ၂၊ ဒုတိယသံဃာယနာတင်-

ခရစ်မပေါ်မီ (ဘီစီ-၄၄၄)၊ အဇာတသတ်မင်းကြီး ဖြိုခွင်းသည့်သက္ကရာဇ်(၁၀၀)နှစ်၊ သာသနာတော် သက္ကရာဇ် (၁၀၀)ခုနှစ်သို့အရောက်၊ ဝေသာလီပြည့်ရှင် (ကာလာသောကမင်း)အသက် (၁၀) နှစ်မြောက်တွင်-

'ဝဇ္ဇီတိုင်းသား၊ အလဇ္ဇီရဟန်းများ၏ အဓမ္မဝတ္ထု(၁၀)ပါး မတရား ပေါ်ပေါက်တင်ပြလာလေသည်'

ဤသည် ဓမ္မဝတ္ထု (၁၀) ပါးကို အကြောင်း ပြုပြီး၊ (၆၀၀၀၀)ကိုးသောင်းကုန်သော သံဃာများ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ဝေသာလီဘုရင် ကာလာ သောကမင်းနှင့်တကွ (အရှင်မဟာယသထေရ်) အမှူးပြုဦးစီး၍၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ခုနစ်ရာ (၇၀၀)ရွေးကောက်တော်မူလျက်၊အခြံအရံသံဃာ တော်(၁)ဘသိန်း(၂)နှစ်သိန်းနှင့်ဝေသာလီပြည်ဝါလုကာရုံကျောင်း တော်ကြီး၌ဓမ္မတရားတော်များကို နှုတ်ဖြင့်ရွတ်ကာ ၈ ရှစ်လ တိုင်တိုင် ဒုတိယ သံဂါယတနာတင်တော်မူသည်၊ ၊

**မှတ်ချက်။** ။ ဤအချိန်သည် မြန်မာနိုင်ငံတွင် သရေခေတ္တရာ ဒုတိယ မင်း၊ ဒွတ္တပေါင်မင်းနှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သည်။

## ၃။ တတိယ သံဃာယနာတင်။

သာသနာတော်သက္ကရာဇ် (၂၃၅) နှစ်အရောက်တွင် သံဃာတော် ပေါင်း (၆)သန်းကျော်စုဝေးမိကြ၍ တိပိဋကရေ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ

(၁၀၀၀)တို့သည် အရှင် မဟာ မောဂ္ဂလိ ပုတ္တတိဿ မထေရ် ကြီးမှူးကာ ပါဋလိပြည် အသောကရုံကျောင်းတိုက်မှာ သီရိဓမ္မာသောကမင်းကြီးကို အမှီ သဟဲပြု၍ ပိဋကသုံးပုံ စုပေါင်းရွတ်ဆို သဘောတူ အတည်ပြုကာ တတိယ သံဂါယနာ တင်တော်မူပါသည်။

သီရိဓမ္မာ သောကမင်းကြီး လက်ထက် အရှင်မဟာ မောဂ္ဂလိပုတ္တ တိဿ ရဟန္တာ မထေရ်မြတ်ကြီး ဦးစီးဦးကိုင် သာသနာပြု သော်အခါသမယ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူရာမှာ မြန်မာပြည် သုဝဏ္ဏ ဘူမိတိုင်း သထုံသို့လည်း သာသနာပြုသော မထေရ်မြတ်တို့ သာသနာပြု သက္ကရာဇ် (၂၃၅)ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့မှာ ကြွရောက်ကာ သာသနာပြုတော်မူကြပါသည်။ ထိုအခါမှစ၍ ဗုဒ္ဓ သာသနာ ရောင်ခြည် အလင်းတော်သည် မြန်မာပြည်တွင် တိုးတက်ထွန်းလင်း တောက်ပလာသည်။

မြန်မာပြည်တွင် ဗုဒ္ဓသာသနာ ပွင့်လင်း ထွန်းကားလာသည်နှင့်အမျှ အရှေ့အာရှတိုက် တတိုက်လုံး၊ အနောက်ဖက် ပါရှားပြည်၊ အဆီးရီးယား (အသူရာ)ပြည်သို့တိုင်အောင် ဗုဒ္ဓသာသနာ ပြန့်နှံ့ခြင်း။

**မှတ်ချက်။** ။ကိုးတိုင်း ကိုးဌာနသို့ သံဃာတော်များအား သာသနာပြု စေလွှတ်ရာတွင်(ရှင်) မဇ္ဈန္တိကသည် မြန်မာနိုင်ငံနှင့်တရုတ် ပြည်ဘက်သို့ရောက်သည်ဟူ၍လည်းကောင်း၊ ရှင်သောဏနှင့် ဥတ္တရတို့သည် သုဝဏ္ဏဘူမိ (အင်ဒိုချိုင်းနားကျွန်းစွယ်၊ သို့မ ဟုတ်သထုံ) သို့ ရောက်သည် ဟူ၍လည်းကောင်း။ သီရိဓမ္မာ သောကမင်းကြီးသား ရှင်မဟိန္ဒသည် သီဟိုနိုင်ငံသို့ ရောက် သည်ဟုဆိုသည်။

ထိုအချိန်တွင် အိန္ဒိယနိုင်ငံ၌ သီရိဓမ္မာသောကမင်းကြီး အုပ်စိုးလျက် သီဟိုနိုင်ငံတွင် ဒေဝါနံပိယ တိဿမင်းနှင့် မြန်မာနိုင်ငံတွင် သရေခေတ္တရာ (ရန်ပေါင်မင်း)တို့ အုပ်စိုးလျက် ထီးပြိုင်နန်းပြိုင် ဖြစ်သည်။

**၄။ စတုတ္ထ သံဃာယနာတင် —**

သာသနာတော် သက္ကရာဇ် (၄၅၀) လေးရာငါးဆယ်ခုနှစ် (ဘီစီ-၉၄)တွင် လက်ာဒီပ သီဟနတည်းဟူသော သီဟိုနိုင်ငံ(ဘုရင်

ဝဋ္ဋဂါမဏိ)မင်းကြီးလက်ထက်၌ မာလယဇနပုဒ်၊ အာလောကလိုဏ်တွင် ပိဋကသုံးပုံကို အာကုန်နှုတ်တိုက် ဆောင်ကြကုန်သော ရဟန်းသံဃာတော် အရှင်မြတ်တို့သည် နောင် အနာဂတ် ကာလ၌ သတိပညာဆုတ်ရုတ်ကာ နှုတ်တိုက်အာကုန် မဆောင်ရွက်နိုင်ပဲ သာသနာတော် ပျောက်ပျက်မည်စိုးသဖြင့် သို့မပျောက်ပျက်စေရန် နှုတ်တိုက်အာကုန် ဆောင်ခြင်းမှ **(ပေထက်မှာရေးလျက်– ပေထက်အက္ခရာ)** သီဟိုဠ်ဘာသာဖြင့် စတုတ္ထသံဃာယနာတင်သည်။

စတုတ္ထသံဂါယနာတင်ပွဲ ဦးစီးနာယကမှာ ရှင်ဓမ္မရက္ခိတ ဖြစ်ပြီး၊ သံဃာတော် (၅၀၀) ငါးရာနှင့်တင်သည်။ ။

## ၅။ ပဉ္စမသံဃာယနာတင်–

ကောဇာသက္ကရာဇ် (၁၂၃၃)၊ သာသနာတော် သက္ကရာဇ် (၂၄၁၅) နှစ်ထောင့်လေးရာ တဆယ့် ငါးခုနှစ်တွင် မြန်မာနိုင်ငံ မန္တလေး ရတနာပုံနေပြည်တော်ကြီးကို စတင်တည်ထောင်ခဲ့သော ဘုရင် (မင်းတုန်းမင်းတရားကြီးသည်) ဓမ္မတရားတော်များကို သာသနာ (၅၀၀၀) ငါးထောင်တိုင် တည်စေခြင်းငှာ ပေထက်အက္ခရာ မှ (ကျောက်ထက်အက္ခရာ)သို့ရေးကာ ပထမအကြိမ်သံဃာယနာ တင်သည်။ ၎င်း ကျောက်ထက်အက္ခရာ ဓမ္မစက်များကို အုတ်ပြသာဒ်များအတွင်း ကောင်းစွာသွင်းထားတော်မူသည်။

## ၆။ ဆဋ္ဌသံဃာယနာတင် –

သာသနာ သက္ကရာဇ် (၂၅၀၀) ခုနှစ် မြန်မာနိုင်ငံတွင် ဖဆပလ အစိုးရလက်ထက် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေတွင် ဓမ္မစက်များကို (ပေထက္ခရာ)နှင့် (ကျောက်ထက္ခရာ) တို့မှ (စက္ကူထက်အက္ခရာ) သို့ ရေး၍ဆဋ္ဌသံဃာယတနာတင်သည်၊

၎င်းနောက် မြန်မာနိုင်ငံထွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းထားသည်။

နောက်ဆုံးတွင် ပိဋကတ်စာပေများမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ကိုးရာလေးဆယ်ကျော်တွင်မှ ပေါ်လာ

သော ပါဠိဘာသာများဖြင့် ခဲ့ထွင်ပြုစုခဲ့ခြင်းများ ဖြစ်လေသည်၊ ပိဋကသုံးပုံ၏ ဓမ္မစက် အသေးစိပ်မှာ အောက်ပါအတိုင်း ဖြစ်၏။ ပိဋကသုံးပုံ၌ ဗုဒ္ဓဂေါတမ ဘုရားဟော ဓမ္မခန္ဓာပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင် ရှိလေသည်။

(၁) **ဝိနယပိဋက** —

ဝိနည်းပိဋကတော်၌ ဓမ္မခန္ဓာပေါင်း (၂၁၀၀၀) နှစ်သောင်းတထောင်ရှိသည်၊

(၂) **သုတ္တံပိဋက** —

သုတ္တန်ပိဋကတော်၌ ဓမ္မခန္ဓာပေါင်း(၂၁၀၀၀)နှစ်သောင်းတထောင်ရှိသည်၊

(၃) **အဘိဓမ္မာပိဋက** —

အဘိဓမ္မာပိဋကတော်၌ ဓမ္မခန္ဓာပေါင်း (၄၂၀၀၀) လေးသောင်းနှစ်ထောင် ရှိသည်။

ပေါင်း ရှစ်သောင်းလေးထောင်ဖြစ်၏။

ဤပိဋကသုံးဘုံကို အသေးစိပ်ကဏ္ဍအားဖြင့် အောက်ပါ အတိုင်း ထပ်မံခွဲခြားလေသည်။

၁။ **ဝိနယပိဋက**—၌ (၁) သုတ္တဝိဘင်္ဂ။ (
(၂) ခန္ဓက ။ ( ရဟန်းတော်များ လိုက်နာ
(၃) ပရိဝါ ။ ( ကျင့်သုံးရန်သိက္ခာပုဒ်များ

**၎င်းဝိနယပိဋကကိုကဏ္ဍအားဖြင့်—**

(၁) ပါရာဇိကဏ္ဍ— (သာသနာမှ ဆုံးရှုံးသည်ကို ဆိုမခြင်း)။
(၂) ပါစိတ္တိယ — (အပြစ်ကို ဖြေကြားရမည်ဟု ဆိုမခြင်း)။
(၃) မဟာဝဂ္ဂ — (ကျယ်သောကဏ္ဍအားဖြင့် ဆိုမခြင်း)။
(၄) စူဠဝဂ္ဂ — (အနည်းငယ်သောကဏ္ဍအားဖြင့် ဆိုမခြင်း)။
(၅) ပရိဝါယ — (အခြံအရံပြု၍ ဆိုမခြင်း)။

**၂။ သုတ္တန်ပိဋက — ဥ္ပင်**

(၁) သုတ်သီလက္ခန် — (သူတော်ကောင်း အလေ့အကျင့်တို့ကိုပြခြင်း)။
(၂) သုတ်မဟာဝါ — (မြင့်မြတ်သောတရားအစုကိုပြခြင်း)။
(၃) သုတ်ပါထေယျ — (နိဗ္ဗာန်မျက်မှောပြုကြောင်း အကျင့်တရားတို့ကို ပြခြင်း)။

**၃။ အဘိဓမ္မာပိဋက — ဥ္ပင်**

(၁) ဓမ္မသင်္ဂဏီ။
(၂) ဝိဘင်း။
(၃) ဓာတုကထာ။
(၄) ပုဂ္ဂလပညတ္တိ။
(၅) ကထာဝတ္ထု။
(၆) ယမိုက်။
(၇) ပဋ္ဌာန်း။

(ဤအဘိဓမ္မာကျမ်း ၇—ခုမှာ ရုပ်နှင့်နာမ်ဆိုင်ရာ နည်းအမျိုးမျိုးတို့ကို ဝေဖန်ပြခြင်း ဖြစ်သည်)။

**ရှင်းပိဋက (၃) ပုံကို နိကာယ်အားဖြင့် (၅) ရပ်ခွဲခြားခြင်း —**

**၁။ ဒီဃနိကာယ်—** (၁) သုတ်သီလက္ခံ။ (၂) သုတ်မဟာဝါ။ (၃) သုတ်ပါထေယျ။ (ရှည်လျားသောသုတ်များ။)

**၂။ မဇ္ဈိမနိကာယ်—** (၁) မူလပဏ္ဏာသ။ (၂) မဇ္ဈိမ ပဏ္ဏာသ။ (၃) ဥပရိမပဏ္ဏာသ။ (အလယ်အလတ်ဖြစ်သော သုတ်များ။)

**၃။ သံယုတ္တနိကာယ်—** (၁) သဂါထာဝဂ္ဂသံယုတ်။ (၂) နိဒါနဝဂ္ဂ သံယုတ်။ (၃) ခန္ဓဝဂ္ဂသံယုတ်။ (၄) သဠာယတနဝဂ္ဂ သံယုတ်။ (၅) မဟာဝဂ္ဂသံယုတ်။ (သုတ်ပေါင်း ၅၅—ခု ပါရှိပြီး၊ အကြောင်းအရာများကို အစီအစဉ်ကျကျဖော်ပြထားသည်။)

၄။ အင်္ဂုတ္တရနိကာယ်— (၁) ဧကင်္ဂုတ္တရ။ (
(၂) ဒုကင်္ဂုတ္တရ။ (
(၃) တိကင်္ဂုတ္တရ။ (
(၄) စတုက္ကင်္ဂုတ္တရ။ (
(၅) ပဉ္စင်္ဂုတ္တရ။ (
(၆) ဆက္ကင်္ဂုတ္တရ။ ( အရေအတွက် သင်္ချာတူ
(၇) သတ္တင်္ဂုတ္တရ။ ( တရားများကို တစုစီ ခွဲ
(၈) အဋ္ဌင်္ဂုတ္တရ။ ( ခြား၍ ပြခြင်း။
(၉) နဝင်္ဂုတ္တရ။ (
(၁၀) ဒသင်္ဂုတ္တရ။ (
(၁၁) ဧကာဒသင်္ဂုတ္တရ။ (

၅။ ခုဒ္ဒကနိကာယ် —

၁။ ခုဒ္ဒကပါဌ။
၂။ ဓမ္မပဒ။
၃။ ဥဒါန။
၄။ ဣတိဝုတ္တက။
၅။ သုတ္တနိပါတ။
၆။ ဝိမာနဝတ္ထု။
၇။ ပေတဝတ္ထု။
၈။ ထေရဂါထာ။
၉။ ထေရီဂါထာ။
၁၀။ ဇာတက။
၁၁။ နိဒ္ဒေသ—(စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ)။
၁၂။ ပဋိသမ္ဘိဒါမဂ္ဂ။
၁၃။ အပဒါန— (ထေရအပဒါန်၊ ထေရီအပဒါန်)။
၁၄။ ဗုဒ္ဓဝံသ(ဗုဒ္ဓဝင်ကျမ်း)၊
၁၅။ စရိယာပိဋက။
၁၆။ နေတ္တိပါဠိတော်၊
၁၇။ ပေတကောပဒေသ။

၁၈။ မိလိန္ဒပဉ္စာ။
၁၉။ ဘိက္ခုနီပါဠိမူ့ဝေါက်၊
၂၀။ ဘိက္ခုပါဠိမဝေါက်။

**မှတ်ချက်။** ။ခုဒ္ဒကနိကယ်မှာ အထက်ပါ နိကယ်လေးရပ်ပေါ်ပြီး နောက်ကာလ အတန်ကြာမှ ထွက်ပေါ်လာသော ကျမ်းများကို စုပေါင်းထားခြင်း ဖြစ်သည်။

ပထမကျမ်း (၁၅)ခုမှ နောက်(၂၀)အထိဖြည့်စွက်လာသည်၊

ခုဒ္ဒက – အတိုအထွာ။
နိကာယ် – စုပေါင်းခြင်း။

(ထို့ကြောင့် ခုဒ္ဒကနိကာယ်မှာ အတိုအထွာများကို စုံပေါင်းထားခြင်းဖြစ်သည်)။

**ပိဋကသုံးပုံ (နိကာယ်ငါးရပ်)၏ အင်္ဂါ (၉)ကိုးပါး။**

(၁) သုတ္တ – မင်္ဂလသုတ်၊ ရတနသုတ်၊ နာလကသုတ်၊ စသော သုတ်ဟူ၍ အမည်ရသည့် ဓမ္မခန္ဓာများ၊
(၂) ဂေယျ – သဂါထာဝဂ္ဂသံယုတ် စသော ဂါထာများစွာတို့ ပါရှိသည့် သုတ်များ။
(၃) ဝေယျာကရဏ– အဘိဓမ္မာ ပိဋကစသော ဂါထာမပါသည့် ဓမ္မခန္ဓာများ။
(၄) ဂါထာ – ဓမ္မပဒ၊ ထေရဂါထာ၊ ထေရီဂါထာ စသော ဂါထာသက်သက်ဖြင့်ဟောတော်မူသည့် ဓမ္မခန္ဓာများ။
(၅) ဥဒါန – နှစ်သက်ရွှင်ပြသည့် သောမနဿဉာဏ်နှင့် ယှဉ်လျက်၊ ရွတ်ဆို ကျူးရင့်တော်မူသော (အနေက ဇာတိသံသာရံ)စသည့် နှစ်ဆယ့်ရှစ် (၂၈) သုတ်တို့ကို ခေါ်ဆိုသည်။
(၆) ဣတိဝုတ် – ဝုတ္တံ၊ ဟေတံ၊ ဘဂဝတာ၊ အစချီ၍ ဟောကြားတော် မူသော တရားတော်

(၁၁၀) တရာ တဆယ့် ရှစ်သုတ်ကို ခေါ်သည်၊

(၇) ဇာတက – အပဏ္ဏကဇာတ်၊ ဝေဿန္တရာ ဇာတ် စသော (၅၅၀) ငါးရာငါးဆယ်တို့ ကို ဆိုသည်။

(၈) အဗ္ဘုတဓမ္မ – စတ္တာရောမေ ဘိက္ခဝေ အဗ္ဘုတဓမ္မာ အာနန္ဒေတိ၊ အစရှိသော အံ့ဘွယ်ရာနှင့် ယှဥ်၍ ဟောတော်မူသည့် တရားတော် များ။

(၉) ဝေဒလ္လ – မေးခြင်း၊ ဖြေခြင်းဟူသော အမေးအဖြေ များဖြင့် ဝမ်းမြောက် ရွှင်ပြခြင်းတို့ကို ရကြသည့် စူဠဝေဒလ္လသုတ်၊ မဟာဝေ ဒလ္လသုတ်၊ သမ္မာဒိဋ္ဌိသုတ်စသော တရား တော်များကို ဆိုသည်။

**ပိဋကတ(၃)ပုံနောက်တနည်း၊**

ဦးစီးနာယက အရှင်မဟာကဿပ မေးမြန်းရာ၌ အရှင်ဥပါလိဖြေဆို ပြီးမှ၊ ဤမျှသော သိက္ခာပုဒ်စုကား ပါရာဇိက ကဏ္ဍတည်း၊ ဤမျှကား သံဃာဒိသိသ်တည်း၊ ဤမျှကား အနိယတတည်း။ ဤသို့စသည်ဖြင့် အသေးစိပ်ကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်၏။

**(ဝိနည်းပိဋက)။**

| | | | |
|---|---|---|---|
| ၁။ ဘိက္ခုဝိဘင်း | ၁။ ပါရာဇိက | (၄) | ပါး။ |
| | ၂။ သံဃာဒိသိသ် | (၁၃) | ပါး။ |
| | ၃၊ အနိယတ | (၂) | ပါး။ |
| | ၄။ နိဿဂ္ဂိယပါစိတ် | (၃၀) | ပါး။ |
| | ၅။ သုဒ္ဓပါစိတ် | (၉၀) | ပါး |
| | ၆၊ ပါဋိဒေသနီ | (၄) | ပါး၊ |
| | ၇၊ သေခိယ | (၇၅) | ပါး။ |
| | ၈။ အဓိကရဏသမထ | (၇) | ပါး၊ |
| | ပေါင်း | ၂၂၇ | –ပါး။ |

၂။ ဘိက္ခုနီဝိဘင်း ၁။ ပါရာဇိက (၈) ပါး။
၂။ သံဃာဒိသိသ် (၁၇) ပါး။
၃။ နိဿဂ္ဂိယပါစိတ် (၃၀) ပါး။
၄။ သုဒ္ဓပါစိတ် (၁၆၆) ပါး။
၅။ ပါဋိဒေသနီ (၈) ပါး။
၆။ သေခိယ (၇) ပါး။
၇။ အဓိကရဏသမထ (၇)။

ပေါင်း ၃၁၁ – ပါး။

**(၃) မဟာဝါခန္ဓက။** (
**(၄) စူဠဝါခန္ဓက။** ( တို့ဖြစ်၏။
**(၅) ပရိဝါ။** (

သုတ္တန် ပိဋကနှင့် အဘိဓမ္မာ ပိဋကတို့ကို ဦးစီးနာယကအရှင်မဟာကဿပ မေးမြန်း၍၊ ညီတော် အနန္ဒာဖြေကြားပြီး အောက်ပါအတိုင်း ပိဋကသုံးပုံတို့ကို နိကာယ်ငါးရပ်ဖြင့် အသေးစိပ် ခွဲခြား သတ်မှတ်သည်။

(၁) ဒီဃနိကာယ် – ရှည်သောပမာဏရှိသော သုတ်ပေါင်း (၃၄) သုံးဆယ့်လေးသုတ်။

(၂) မဇ္ဈိမနိကာယ်– အလယ် ပမာဏရှိသော သုတ်ပေါင်း (၁၅၂) သုတ်။

(၃) သံယုတ္တနိကာယ်– ငယ်သောပမာဏ ရှိသော သုတ်ပေါင်း (၇၇၆၅) ခုနှစ်ထောင်ခုနှစ်ရာ ခြောက်ဆယ့်ငါးသုတ်။

(၄) အင်္ဂုတ္တရနိကာယ်- အင်္ဂါတပါး လွန်သုတ်စု (၉၅၅၇) ကိုးထောင်ငါးရာ ငါးဆယ့်ခုနှစ်သုတ်။

(၅) ခုဒ္ဒကနိကာယ် – အထက်ပါနိကာယ် လေးရပ်တို့မှ ကျန်ကြွင်းသောကျမ်း (၂၀)နှစ်ဆယ်ဖြစ်သည်။

**မှတ်ချက်။** ။ ဤပထမ သံဃာယနာတင်ကား၊ သာသနာတော်သက္ကရာဇ်(၁) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် တရက်နေ့မှစ၍

တင်ပြီး၊ တပေါင်း လပြည့်နေ့အထိ (၇) လ၊ ခုနှစ်လ မြောက်မှ ပြီးသည်။

**သံဃာယနာတင်ခြင်း၏အဓိပ္ပါယ်၊**

တွေသမယေ။ ဤအစည်းအဝေး၌။ သမောဓါနေတွာ၊ ပေါင်း၍ဂါယန္တိ၊ ရွတ်ကြကုန်၏၊ ဣတိတသ္မာ။ ထိုသို့စုပေါင်း၍ ရွတ်ရာဖြစ်သော သတ္တိကြောင့် သံဃာယနာ၊ သံဃာယနာမည်၏။

* * *

# ဝိဇ္ဇာတို့အတတ်

ဝိဇ္ဇာ— သည် ပါဠိစကားဖြစ်၍ အနက်မြန်မာပြန်ပါက၊ လောကီလောကုတ်အသိ အလိမ္မာနှင့် ပညာများကို (တတ်ကျွမ်းခြင်း) ဖြစ်ပါသည်။ ထို့ကြောင့် ဝိဇ္ဇာဓိုရ်က သူ့ဆိုင်ရာ ပညာရပ်များ၌ ကုန်စင်အောင်တတ်ကျွမ်းထားသူဟု ဆိုရပါမည်။

ဤပညာတတ်ကျွမ်းသူ ဝိဇ္ဇာဓိုရ်များကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးနှင့် သေကျတောင်ဦးတိလောကအရှင်မြတ်တို့ စီရင်ရေးသားထားသော (ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း) တွင် အောက်ပါအတိုင်း ခွဲခြားဖော်ပြထားလေသည်။

(၁)ဝေဒဝိဇ္ဇာဓိုရ်— ဣရုဗ္ဗေဒ၊ ယဇု၊ သာမ၊ အာတဗ္ဗန၊ ခေါ် ဗေဒင် (၄) မျိုးတတ်သူ၊

(၂)မန္တဝိဇ္ဇာဓိုရ် — လက္ခဏာကျမ်း၊ နိမိတ်ကျမ်း၊ ဂါထာ မန္တယား ဆေးဝါးခတ်ကျမ်း၊ စသည်နှင့် စက်မှုလက်မှု လောကီပညာမျိုးတတ်သူ။

(၃)ဂန္ဓာရီဝိဇ္ဇာဓိုရ်—နေသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသ သိဒ္ဓိ၊ ဥဒကသိဒ္ဓိ မျိုးကို ပေါက်၍ နတ်သိကြား တို့လောက် အစွမ်းရှိသော ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ ဟူသမျှ။

(၄)လောကီယဝိဇ္ဇာဓိုရ်—လောကီအဘိညာဉ် (၅) ပါးကို ရတော်မူကြသော၊ ဈာန်ပျံ ပုဂ္ဂိုလ်အပေါင်း။

(၅)အရိယဝိဇ္ဇာဓိုရ်—အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့ကို အဟုတ်အမှန် သိတော်မူကြသော အရိယာ ပုဂ္ဂိုလ်ရှစ်ယောက်၊ (မဂ္ဂဋ္ဌာန် (၄) ယောက်၊ ဖလဋ္ဌာန်(၄)ယောက်။)

ထို့ပြင် ဂန္ဓာရီ ဝိဇ္ဇာမိုရ်မှအောက်ပါဝိဇ္ဇာမိုရ် (၅) မျိုးကို ထပ်မံထုတ်ယူ ဖော်ပြလေသည်၊

(၁) ပြဒါးဝိဇ္ဇာ။
(၂) သံဝိဇ္ဇာ၊
(၃) ဆေးဝိဇ္ဇာ။
(၄) အင်းဝိဇ္ဇာ။
(၅) မန္တာန်ဝိဇ္ဇာ။

ဤဂန္ဓာရီဝိဇ္ဇာမိုရ် အတတ်ပညာများ၏ မူလဇစ်မြစ်ကို ကြည့်လျှင် အိန္ဒိယပြည်မှ ဆင်းသက်လာခဲ့ဟန်ရှိသည်။

ဗုဒ္ဓဂေါတမ ပွင့်ရာ အိန္ဒိယပြည် ပန်ဂျပ်နယ်တွင် ရှေးက (ဂန္ဓာရတိုင်း)ဟူ၍ ရှိခဲ့သည်၊ ထိုတိုင်းနေ ဂန္ဓာရ မည်သော ရသေ့ပြုစုစီရင်သော အတတ်ကို ဂန္ဓာရီအတတ်ဟုခေါ်သည်၊ လည်းကောင်းမှာ စူဠဂန္ဓာရီ မန္တာန်နှင့် မဟာဂန္ဓာရီ မန္တာန်ဖြစ်သည်၊ မြို့တော်မှာလည်း (တက္ကသီလ) တက္ကသိုလ်မြို့တော်ဖြစ်သည်၊ ရှေးအခါက မင်းညီမင်းသား၊ သူဌေးသူကြွယ်ကြီးများနှင့် ပုဏ္ဏားတို့၏ သားများသည်၊ ထိုတက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ အထက်တွင်ဖော်ပြခဲ့သော အဋ္ဌာရသ (၁၈) ရပ်သော အတတ်ပညာများကို သွားရောက် သင်ယူကြရလေသည်၊

အိန္ဒိယပြည်တွင် တိုင်းကြီး အများအပြား ရှိခဲ့ကြသော်လည်း၊ ဇာတ်နိပါတ်တော်တို့၌၊ ထို(ဂန္ဓာရတိုင်း) တက္ကသိုလ်ပြည်ကိုသာ ပညာတော်သင်သွားကြရကြောင်း တွေ့ရလေသည်။ သို့ကြောင့် ထိုစဉ်က အတတ်ပညာအပေါင်းတို့၏ စတင်ထွန်းကားရာနေရာသည် (ဂန္ဓာရတိုင်း)ပင် ဖြစ်ကြောင်း တွေ့ရလေသည်။

ထို့ကြောင့် (ဂန္ဓာရီ) ဟူသော စကားကို ဝိဂြိုလ်ပြုရာ၌၊ ဂန္ဓာရာနံ ဂန္ဓာရ တိုင်းသားတို့၏ သော အတတ်ပညာများသည် (ဂန္ဓာရီ) မည်၏ဟု အဋ္ဌကထာ ပညာရှင်တို့ အဆိုရှိခဲ့ဟန်တူ၏၊

ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပဿီ၊ ယောဂီ၊ စသဖြင့် ကျွန်ုပ်တို့မြန်မာများ အမျိုးမျိုး ခေါ်လေ့ရှိကြပေရာ—

ဝိဇ္ဇာ—မှာ ပါဠိဘာသာဖြစ်ပြီး၊ မြန်မာလို အတတ်ပညာဖြစ်သည်၊
ဇော်ဂျီ—မှာ(ယောဂီ) ဟူသော ပါဠိပင်ဖြစ်ပြီး၊ ကမ္မဋ္ဌာန်းအား ထုတ်သော ပုဂ္ဂိုလ်ဖြစ်သည်၊

တပဿီ—မှာလည်း ပါဠိပင်ဖြစ်၍ ချိုးခြံစွာ ကျင့်ကြံသောသူ ဖြစ်ပြီး (ရသေ့)ကိုလည်း ထို့အတိုင်းပင် ဖြစ်သည်၊

မြန်မာပြည်တွင် ထွက်ရပေါက် ကျမ်းများ၏ အစမူလကို ကြည့်လျှင် (သရေခေတ္တရာ) ပြည်မှ (ရှင်ဥတ္တမသီရိ) ရေးသားစီရင်သော (ကပ္ပလက်ာရကျမ်း)ကို ရှေးဦးစွာ တွေ့ရ၏။ ထိုကျမ်းကား ကမ္ဘာ့တန်ဆာ ဖြစ်သော (နေနှင့်လ) မှရသော (စမ) လေးလုံးကို မူတည်ရေးသားထားသောကြောင့် ကပ္ပလက်ာရကျမ်းမည်၏၊၊ ထို့နောက် ပုဂံပြည်ရှင် (ရှင်မထီး) ၏ ကျမ်း ဖြစ်သည်။ တတိယမှာ ပြည်မြို့မှာဘိုးဘိုးအောင် (ဦးအောင်) ၏ ကျမ်းဖြစ်သည်၊

ထိုကျမ်းများ၌ ရေးသားထားသော စာသားများမှာလည်း လွန်စွာ လျှို့ဝှက် ခက်ခဲလှသည်။ ထိုကျမ်းတို့၏ လျှို့ဝှက်ခက်ခဲမှုတို့ကြောင့် နောက်လူများ လိုက်စားကျင့်ကြံရန် မလွယ်ကူပဲ ရှိလေသည်။ တချို့ ဝါသနာအိုးများ လိုက်စားကြသော်လည်း လိုရာမရောက်ပဲ အလွဲလွဲ အချော်ချော်သာ ဖြစ်ကြလေသည်။ ၎င်းတို့ နောက်ဆုံး အလိုရှိအပ်သော (တန်ခိုး ဣဒ္ဓိ) ပါတ် ဆိုသည်မှာ ကျမ်းစာများအတွင်း၌ ဖတ်ဘူး ကြားဘူးရုံသာ ရှိတော့၏။

အမှန်စင်စစ် တန်ခိုး (ဣဒ္ဓိ) ဟူသည်မှာ လောက အမှု ကိစ္စ ဟူသမျှတို့၌ ကောင်းစွာ လုပ်ကိုင် အားထုတ်သောကြောင့် ရလာသော အကျိုးများသည် မိမိလိုရာကို ပြီးပြည့်စုံအောင် ရရှိလာခြင်းကို ခေါ်သည်။ တောင်ယာ လယ်လုပ်၍ရသော အကျိုးကျေးဇူးများကို တန်ခိုး (ဣဒ္ဓိ) ဟု ခေါ်သည်။ မြေလျှိုး မိုးပျံ နိုင်ခြင်းကိုသာ တန်ခိုး (ဣဒ္ဓိ) ဟု ခေါ်ခြင်း မဟုတ်ပါ။ စာပေ ပညာဘွဲ့ထူး ဂုဏ်ထူးများရခြင်းကိုလည်း တန်ခိုး(ဣဒ္ဓိ) ပင် ခေါ်လေသည်။

(၁) အဘိညာဣဒ္ဓိ — မည်မျှလောက်ပင် ဝေးစေကာမူ ကြားနိုင် မြင်နိုင်ခြင်း။

(၂) အဓိဋ္ဌာနဣဒ္ဓိ - တယောက်တည်းက တရာ၊ တထောင် ဖန်ဆင်းနိုင်ခြင်း။

(၃) ဝိကုဗ္ဗနာဣဒ္ဓိ - ပကတိအဆင်းကိုစွန့်၍ နဂါး၊ ဂဠုန်စသည် ဖန်ဆင်းနိုင်ခြင်း။

(၄) မနောမယာဣဒ္ဓိ - ပကတိကိုယ်ကို မစွန့်ပဲ အခြားကိုယ်တခုကို စိတ်ဖြင့် ဖန်ဆင်းနိုင်ခြင်း။

(၅) ဉာဏဝိပ္ဖါရာဣဒ္ဓိ - အရဟတ္တ မဂ်ဉာဏ်ဖြစ်သည်မှ ရှေ့အဖို့၌လည်း ကောင်း၊ နောက်အဖို့၌ လည်းကောင်း၊ ထိုခဏ၌ ၎င်းဉာဏ်၏ အာနုဘော်ကြောင့် ဖြစ်သော အရဟတ္တ မဂ်၏ တန်ခိုးသတ္တိအထူး။

(၆) သမာဓိဝိပ္ဖါရာဣဒ္ဓိ- အပ္ပနာသမာဓိ၏အရှေ့အဖို့၌လည်းကောင်း၊ နောက်အဖို့၌ လည်းကောင်း၊ ဝင်စားဆဲခဏ၌ လည်းကောင်း၊ သမာဓိ၏ အာနုဘော်ကြောင့်ဖြစ်သောတန်ခိုးသတ္တိအထူး။

(၇) အာရိယာဣဒ္ဓိ - နှစ်သက်ဖွယ်ကောင်းသော ဝတ္ထုရုံ၌ဖြစ်စေ၊ မနှစ်သက်ဖွယ် ကောင်းသော ဝတ္ထုရုံ၌ဖြစ်စေ၊ လက္ခဏာယာဉ် သုံးပါး (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)ကိုတင်၍ လျစ်လျူ ရှုနိုင်ခြင်းသည် အရိယာဣဒ္ဓိမည်၏။

(၈) ကမ္မဝိပါကဇာဣဒ္ဓိ - နတ်ပြိဟ္မာတို့၏ ကောင်းကင်ခရီးဖြင့် သွားနိုင်ခြင်း။ ငှက်တို့၏ ကောင်းကင်၌ ပျံသန်းနိုင်ခြင်း၊ ဘုတ်တစ္ဆေတို့၏ ကိုယ်ပျောက်ခြင်း စသည်တို့သည် ကမ္မဝိပါကဇာ ဣဒ္ဓိမည်၏။

(၉) ပုညဝတောဣဒ္ဓိ - စကြာမင်းတို့၏ စကြာရတနာဖြင့် ကောင်းကင်ကိုသွားခြင်း၊ ဇောတိက သူဌေး၏မြေမှ ဗိမာန်ပေါက်ခြင်း၊ ဇဋိလသူဌေး၏ရွှေတောင်

ပေါက်ခြင်း၊ မေဏ္ဍကသူဌေး၏ အိမ်နောက်ဖေး၌ ရွှေဆိတ်ရုပ်တို့ ပေါ်ခြင်း၊ ဃောသကသူဌေး၏ (၇)ဌာနတို့၌ သေအောင်ပစ်သော်လည်း မသေခြင်းစသည်တို့သည်၊ ပုညဝတော ဣဒ္ဓိ မည်၏။

(၁၀) ဝိဇ္ဇာမယာဣဒ္ဓိ — လောကီ ဂန္ဓာရီ ဝိဇ္ဇာအတတ်ကို တတ်ကုန်သော ယောကျ်ားတို့၏ မြေလျှိုးခြင်း၊ မိုးပျံခြင်း၊ ကောင်းကင်၌ ဆင်မြင်း အစရှိသည်တို့ကိုပြခြင်း၊ အမျိုးမျိုးသော စစ်ခင်းကျင်း၍ ပြခြင်းမျိုးဖြစ်သည်၊

ယခုခေတ် သိပ္ပံဆရာတို့၏ ကောင်းကင်သို့ လေယာဉ်ပျံ၊ ဂြိုဟ်တု၊ ဒုံးပျံ စသည်တို့ဖြင့် သွားခြင်း၊ လပေါ်သို့ တက်နိုင်ခြင်း၊ အဏုမြူ ရေငုတ် သင်္ဘောနှင့် သမုဒ္ဒရာ ရေအောက်၌ ရက်အကန့်အသတ်မရှိ သွားနိုင်ခြင်း၊ တယ်လီဗီးရှင်းခေါ် ရုပ်မြင်သံကြားတို့ဖြင့် ကမ္ဘာ တခုလုံးကို ရုပ်အဆင်းနှင့် အသံများပါ လွှင့်ပေးနိုင်ခြင်း စသည်တို့သည်ဝိဇ္ဇာမယာဣဒ္ဓိတန်ခိုးမည်၏။

**ရှင်းလင်းချက်များ။**

အမှတ်စဉ်(၅) ဉာဏဝိပ္ဖါရဣဒ္ဓိ၊ အရဟတ္တမဂ်ဉာဏ်၏ တန်ခိုးဆိုသည်မှာ—

(၁)။ ဓမ္မပဒလာ အရှင် ဗာကုလာမထေရ်လောင်းသည် အမိမှဖွားမြင်ပြီး၍ (၇)ရက်မြောက်သောနေ့တွင် ဂင်္ဂါမြစ်ဆိပ်၌ ခေါင်းဆေး မင်္ဂလာပြုလုပ်ရာ၊ အထိန်းတော်၏လက်မှလွတ်၍ ရေထဲသို့ ကြသွားသောအခါ ငါးကြီးတကောင်သည် အစာမှတ်ပြီး မျိုလေ၏။

ထိုငါးကြီးမှာ တငါတို့၏ ပိုက်ကွန်၌ မိလေရာ ဗာရဏသီပြည်သို့ သွားရောင်းချလေသည်။ ထိုအခါ သူဌေးကတော် တဦးကဝယ်ပြီး ငါး၏ ဗိုက်ကိုခွဲသည်တွင် ရွှေအဆင်းနှင့်တူသော ဗာကုလာ ကလေးငယ်ကို အသက်

ရှင်လျက်တွေ့သဖြင့် မိမိ၌လည်း သားသမီးမရှိသည်နှင့် အသင့်ဖြစ်ကာ မွေးထားလေ၏။

၎င်း၏မိဘရင်း သူဌေးက ထိုသတင်းကိုကြား၍လိုက်ကာ ပြန်တောင်း၍မရသဖြင့် တရားရုံးတွင် အမှုဖြစ်လေသည်။ တရားသူကြီးက ထိုဗာကုလာ သားငယ်ကို အလှည့်ကျဖြင့် ခြောက်လ(၆)လစီ မွေးစေဟု အမိန့်ချသဖြင့် မိဘနှစ်ဦးပိုင် ဖြစ်သွားလေသည်။

မိဘနှစ်ဦးလုံးမှာလည်း သူဌေးကြီးများဖြစ်ရကား ချမ်းသာစွာ နေရပြီး အသက် (၈၀)ရှစ်ဆယ်တွင် ဂေါတမမြတ်စွာဘုရားထံတော်၌ ရဟန်းပြုပြီး မကြာမီ ရဟန္တာ ဖြစ်လေသည်။

ရှင်ဗာကုလာမထေရ်သည် ရဟန္တာဘဝ၌ဝါတော်(၈၀)တိုင် နေရသဖြင့် ပေါင်း သက်တော် (၁၆၀) တရာ့ခြောက်ဆယ်တိုင် နေရလေသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ (အသက်ရှည်ခြင်း၊ အနာကင်းခြင်း) တေဒဂ်ဘွဲ့ကို ရလေသည်။

သို့အတွက် ရှင်ဗာကုလာ၏ အသက်မသေခြင်းသည် နောင်ရလတံ့၊ ဖြစ်လတံ့သော အနာဂတ်အဖို့အတွက်(အရဟတ္တမဂ်ဉာဏ်၏တန်ခိုး) သတ္တိထူးပင်ဖြစ်သည်။

(၂)။ သံကိစ္စ သာမဏေသူငယ်မှာလည်း မိခင်၏ အလောင်းကို သုဿာန်သို့ယူ၍ မီးသင်္ဂြိုဟ်မည်အပြု ထင်းပုံပေါ်ရောက်မှ အသက်မသေပဲ မွေးဖွားလာရခြင်းသည်လည်း (အရဟတ္တ မဂ်ဉာဏ်တန်ခိုး)ဖြစ်၏။

(၃)။ ရှင်ဘူတပါလ မထေရ်လောင်း သူငယ်ကလေး မှာလည်း၊ ဘခင်နွားသွားလိုက်ရင်း ရာဇဂြိုဟ်မြို့ထဲတွင် တံခါးပိတ်မိနေသဖြင့် မြို့ပြင်၌ တယောက်တည်း သားရဲတိရစ္ဆာန်တို့ကြား၌ တညလုံး နေခဲ့ရသော်လည်း အသက်မသေပဲ နေခဲ့ရသည်မှာလည်း နောင်ဖြစ်လတံ့သော ထိုအရဟတ္တ မဂ်ဉာဏ်တန်ခိုးပင်ဖြစ်သည်။ ။

အမှတ်စဉ် (၆) သမာဓိ ဝိပ္ဖါရဣဒ္ဓိ၊ သမာဓိတန်ခိုး သတ္တိထူးဆိုသည်မှာလည်း—

(၁)၊ အရှင်သာရိပုတ္တရာသည် အရှင်မောဂ္ဂလာန်နှင့်အတူကပေါတ ချောင်း၌ ဈာန်သမာပတ်ကို ဝင်စား၍ နေစဉ်၊ ဆံပင်ရိတ်ပြီး ဦးခေါင်း

ပြောင်ကို မိစ္ဆာဒိဋ္ဌိ ဘီလူး နန္ဒသည် လက်ဖြင့် တအား ပုတ်လိုက်ရာ မိုးကြိုး ကျသော အသံလောက် မည်ဟည်းသွားသည်ဆို၏။

သို့သော်လည်း အရှင်သာရိပုတ္တရာမှာမူကား သမာပတ်မှ ထသော အခါ ဦးခေါင်းတော် အနည်းငယ်အုံရုံမျှအပ ဘာမျှမဖြစ်ချေ။

ထိုနန္ဒဘီလူးမှာကား ရဟန္တာကို စော်ကားခြင်းကြောင့် အရှင်လတ် လတ် ချက်ခြင်းမြေမြိုခံရလေသည်၊

ရှင်သာရိပုတ္တရာ ဘာမျှမဖြစ်သည်မှာ သမာဓိတန်ခိုးတော် အထူး ကြောင့် ဖြစ်သည်။

(၂)။ သာမာဝတီ မိဖုရား အမှူးရှိသော မောင်းမ ငါးရာတို့ကို မာဂဏ္ဍီ မိဖုရားငုံးချောမှုကြောင့်၊ ဥတေန မင်းကြီးကိုယ်တိုင် အဆိပ်လူး မြှားဖြင့်ပစ်သတ်မည်ပြုရာ၊ သာမာဝတီနှင့် မောင်းမပေါင်း ငါးရာတို့သည် ထိုအချိန်၌ မေတ္တာစျာန် ဝင်စား၍နေသောကြောင့် ဥတေနမင်းကြီးလေးမှာ ပစ်သော်လည်း မြှားလည်းမထွက်၊ လေးကိုလည်း မတင်မချနိုင်ပဲ ရှိလေ သည်။

ဤကား သမာဓိ၏ တန်ခိုးအထူးပင် ဖြစ်သည်။

(၃)။ ပုဏ္ဏာသူဌေး မင်းသမီး ဥတ္တရာကို ပြည့်တန်ဆာမ သိရိမာ က ဆူပွက်နေသော ထောပတ်ပူဖြင့် ဦးခေါင်းမှလောင်းချရာ၊ ပိန်းကြာဖက် ပေါ်၌ ရေမတင်သကဲ့သို့ ထောပတ်ပူရေများ မလောင်နိုင်ပဲ အောက်သို့သာ လျော်ကျသွားလေသည်၊

ဤမှာလည်း သမာဓိ၏ တန်ခိုးအထူးပင်ဖြစ်သည်၊

ဂုင်းပြင် နိရောဓ သမာပတ်ကို ဝင်စားနေသော အရိယာ ရဟန္တာ နှင့် အရဟတ္တဖိုလ် ပုဂ္ဂိုလ်တို့အား သူတပါးသတ်၍ မသေနိုင်ခြင်း မှာလည်း သမာဓိ၏ တန်ခိုးသတ္တိထူးပင်ဖြစ်လေ၏။ ။

အထက်၌ ဤပြပြီးသော တန်ခိုး (ဣဒ္ဓိ)တို့သည် အမှတ်စဉ်—

(၁-၂-၃-၄-၆) တန်ခိုးတို့သည် အဘိညာဉ် သမာပတ်ရှိပြီးသော ပုဂ္ဂိုလ်တို့၏ တန်ခိုးဖြစ်သည်။

(၆) တန်ခိုးကား ပါရမီရင့်ကျက်ပြီးသော ပစ္ဆိမ ဘဝိက ပုဂ္ဂိုလ်တို့၏ တန်ခိုးဖြစ်သည်။

(၇) တန်ခိုးကား၊ အရိယာပုဂ္ဂိုလ်တို့၏ ဝိပဿနာ သမာဓိပေတည်း။

(၈) တန်ခိုးကား၊ ကံကြောင့်သက်သက်ဖြစ်သော တဦးသာတည်း။

(၉) တန်ခိုးကား၊ ကာမဝစရ ရှေးကုသိုလ်ကံကြောင့် ဖြစ်သောတန်ခိုး ဖြစ်သည်။

(၁၀) တန်ခိုးကား၊ လောက အတတ်ပညာကြောင့် ဖြစ်သည့် တန်ခိုး တည်း။

ဤတန်ခိုးဣဒ္ဓိဆယ်မျိုးအနက်တွင် (၈)နှင့် (၉)ကိုချန်လှပ်ပြီးအခြား (၈)ရှစ်မျိုးကို ဣန္ဒြိယ်တို့လူသားများ ထဲမှ အလိုရှိသော ပုဂ္ဂိုလ်အပေါင်းတို့ အဖို့ ကြိုးစားလျှင် ရနိုင်သည့်အရာများ ဖြစ်ပေသည်။ သို့ဣဒ္ဓိတန်ခိုးများကို ရနိုင်ရန် အောက်ပါ အခြေခံ တရား(၄)ပါးနှင့် ညီညွတ်ဖို့လိုပေသည်။

(၁)။ ဆန္ဒိဒ္ဓိပါဒေါ် — ထိုတန်ခိုးကို မရမနေ ပြုလုပ်တတ်သော (ဆန္ဒဓာတ်)။

ဆန္ဒဓာတ်ဆိုသည်မှာ၊ သာမာလိုချင်မှုမျိုးမဟုတ်။ ပြင်းထန်သောဆန္ဒ ဓာတ်ရှိခြင်းကိုသာ ဆိုလိုသည်။

ဗုဒ္ဓဝင်လာ၊ သုမေဓာ ရှင်ရသေ့သည် ရမ္မာဝတီပြည်သို့ကြွသွားတော်မူသောအခါ ၎င်းပြည်မှလူအများတို့သည် ဒီပင်ကရာမြတ်စွာဘုရားကို လေးသိန်းသော နောက်ပါသံဃာများနှင့်တကွ ပင့်ဆောင်ထားသည့်အတွက် ကိုယ်စီကိုယ်င ကာင်န်းချ၍ လမ်းပြင်ပွဲကြီး ပြုလုပ်နေကြသည်ကို တွေ့ရသဖြင့် အကြောင်းစုံမေးမြန်းပြီး သူ့အတွက်ကိုလည်း တာဝန်တခုပေးပါဟုတောင်း ဆိုလေသည်။

ထိုအခါ ရမ္မာဝတီပြည်သားတို့က တန်ခိုးရှင်ရသေ့လေးမှန်းသိကြသဖြင့် ဗွက်ထူသောနေရာတခုကို ဝေစုပေးလိုက်လေ၏။ သုမေဓာရသေ့လည်း သူ့အတွက်ကျသော တာဝန်ကို တန်ခိုးဖြင့်မဖန်ဆင်းပဲ၊ ပေါက်တူးနှင့်တူရွင်း ကိုင်ငှားကာ ပကတိခွန်အားဖြင့် လမ်းပြင်ကာ ကုသိုလ်ပြုလေသည်။

သို့သော်လည်း အခြားလူတို့၏ တာဝန်များ ပြီးကုန်ကြသော်လည်း ရသေ့၏တာဝန်လမ်းမှာ ဗွက်အလွန်ထူသဖြင့် ဖို့၍မပြီးဆုံးမီ (၄) ထောင် ခန့်လောက်အလိုဋ္ဌ ဒီပင်ကရာ မြတ်စွာဘုရားသည် နောက်ပါ သံဃာတော် (၄)သိန်းခြံရံလျက် ရောင်ခြည်တော် ခြောက်သွယ်၊ လက္ခဏာကြီး ကြည်ညို ဘွယ် အထူးထူး အသရေဖြင့် ကြွတော်မူလာလေသည်။

ထိုအခါ သူ့မေဓာရသေ့သည် ဘုရား၏ အထူးထူးသော ကြည်ညို ဘွယ်အသရေများကို တွေ့ရသဖြင့်၊ နှစ်သိမ့်အားရ အလွန် ဝမ်းမြောက်စွာ ဖူးမျှော်လျက်၊ သူ့၌ပါလာသည် သရေပြားကို လေးထောင်ခန့် လိုနေ သေးသည့် ဗွက်တွင် ဖြန့်ခင်းလိုက်ကာ-

'ဤကဲ့သို့ ဗွက်ထဲတွင် ခန္ဓာကိုယ်ကို အလျားစင်းပြီး တံတား ခင်း၍၊ လှူရသော အကျိုးကြောင့်၊ နောင် အနာဂတ်ကာလ၌၊ ဤ ဒီပင်္ကရာဘုရားကဲ့သို့၊ ကမ္ဘာသူ ကမ္ဘာသား အပေါင်းအား ကယ် တင်တော်မူနိုင်သော ဘုရားစင်စစ် ဧကန်ဖြစ်ရပါလို၏'

ဟုအလွန်ပြင်းထန်သော ဆန္ဒမာတ်ကို တခါတည်း အဓိဋ္ဌာန်တော် မူကာ ဒီပင်္ကရာ မြတ်စွာဘုရားအား -

'လောကသုံးပါးတွင် အတု ပြိုင်ဘက်မရှိ မြတ်လှပေသော အရှင့်ဘုရား၊ အရှင်ဘုရား၏ လေးသိန်းသော အခြံအရံ သံဃာ တော်များနှင့်တကွ အားလုံးသည် တပည့်တော်၏ ခန္ဓာကိုယ်တည်း ဟူသော တံတားပေါ်မှ ကြွသွားတော်မူပါဘုရား၊ တပည့်တော် တွက်ငံ့၍ ရွံ့ဗွက်တွင်း၌ မနင်းပါနှင့်ဘုရား'

ဟု လျှောက်ထားလေသည်။ ဒီပင်္ကရာ ဘုရားသခင်သည်လည်း ရသေ့၏ ကိုယ်နှင့် အသက်စွန့်လှုတ်ပြီး၊ ပြင်းထန်သောဆန္ဒမာတ်ဖြင့်ရည်သန်တောင့်တ မှုသည် မုချ ပြည့်လိမ့်မည်ဟု သိတော်မူသဖြင့်

'သင်ရသေ့သည် လေးသင်္ချေနှင့် ကမ္ဘာ တသိန်းလွန်၍၊ ဘဒ္ဒကမ္ဘာသို့ ရောက်သောအခါ လူတွင် ထင်ရှားဂေါတမ မည် သော ဘုရားဖြစ်လတ္တံ့'

ဟု ဗျာဒိတ်စကားမြွက်တော်မူပြီး၊ ရသေ့ကိုယ်ကို မနင်းပဲ ယာဘက်မှ ရှောင်ကွင်းကာ ရမ္မာဝတီပြည်သားတို့၏ ပင့်ဖိတ်ထားရာမဏ္ဍာပ်သို့ကြွသွား တော် မူလေသည်။ နောက်ပါ ခြံရံ သံဃာလေးသိန်းတို့လည်း ဘုရားကဲ့ သို့ ရှောင်ကွင်းကြွတော်မူကြလေသည်။

ဤ၌ သူ့မေဓာရှင် ရသေ့၏ ဆန္ဒမာတ်ကား ပြင်းထန် လှ၏။ အဘယ့်ကြောင့်ဆိုသော် သံဃာလေးသိန်း ဖြတ်နင်းခဲ့လျှင် စိစိညက်ညက် ကြေသွားမည်ကို သိသော်လည်း၊ အသက်ကို မငဲ့ပဲ ဘုရား ဖြစ်ရန်သာ

အဓိကထားသောကြောင့် ဆန္ဒိဒ္ဓိပါဒေါ - အခြေခံ၍ လိုအပ်သော ဆန္ဒ စေတသာ ဖြစ်ပေသည်။

(၂)။ စိတ္တိဒ္ဓိပါဒေါ – ထိုတန်ခိုးကို မရမနေပြုလုပ်လိုသော စိတ်စေတ်။

စိတ်စေတ်မှာလည်း သာမာန် စိတ်စေတ်မျိုးမဟုတ်၊ အကျိုးဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်း တစုံတခုသော ကိစ္စကို ပြုလုပ်ရာ၌ မည်သည့် အနှောက်အရှက် အဖျက်အဆီးပင်တွေ့တွေ့၊ မတွန့်မဆုတ်၊ ငါလုပ်လျှင် မုချ အောင်မြင်ရမည်ဟူသော စိတ်စေတ်ယုံကြည်မှုသာ ဖြစ်လေသည်။

ဓမ္မပဒလာ၊ ဗာရာဏသီပြည် မစလရွာသား မောင်မာဃ ဦးဆောင်သော လူသိုက်သည် အများကောင်းစားရေးအတွက် ရွာမှ လမ်းများ ကောင်းအောင်ပြုပြင်ကြသည်။ ဇရပ်၊ ရေတွင်း၊ ရေကန်နှင့် ပန်းဥယျာဉ် ဆောက်လုပ်ကြ၏။ ဇရပ်၌လာရောက် တည်းခိုသော ခရီးသည်များ နာမကျန်းဖြစ်လျှင်လည်း ပြုစုကြသည်။

ထိုသို့ပြုလုပ်ခြားကို မလိုသူတို့က ကဲ့ရဲ့ကြ၏။ နောက်မဆုတ်။ အိမ်သူဇနီးများကပင် ကဲ့ရဲ့ပြစ်တင်လာကြ၏။ နောက်မဆုတ်၊ နောက်ဆုံးမစလရွာသူကြီးက ဂုံးချောသောကြောင့်၊ ဘုရင်ပြဟ္မဒတ်မင်းကြီး သည်လည်း ကောင်းတို့ လူသိုက်ကို ဆင်နှင့် နင်းသတ်စေ၏။ သို့တိုင်အောင် နောက်မဆုတ် စိတ်မပျက်ပဲ၊ ဆက်လုပ်လေရာ၊ အများပြည်သူတို့၏ ကြည်ညိုလေးစားခံရခြင်း ပန်းတိုင်သို့ ရောက်ခဲ့လေသည်။

ဤသို့သော စိတ်စေတ်မျိုးသာ ထားရပေမည်။

(၃) ဝိယိန္ဒိပါဒေါ – ထိုတန်ခိုးကို မရမနေ ပြုလုပ်လိုသော ဝိရိတ်စေတ်.

ဝိရိယစေတ် ဆိုရာမှာလည်း သာမန်ဝိရိယမျိုး မဟုတ်ပဲ၊ မဖြစ်မနေ မရမနေ၊ နောက်မဆုတ်တမ်း ကြိုးစားအားထုတ် လုပ်ကိုင်တတ်သော ဝိရိယမျိုးသာ ဖြစ်သည်။

မဟာဇနကမင်းသားသည် သင်္ဘောဖြင့် အရောင်းအဝယ် ထွက်ရာတွင် ပင်လယ်ပြင်၌ လှိုင်းလေကြမ်းတို့နှင့် မိသဖြင့် သင်္ဘောနစ်အံ့ ဆဲဆဲတွင် တင်္ဘောသား ငါးရာတို့ ငိုကြလေသည်၊

မဟာဇနကမင်းသားမှာမူကား အခြားသင်္ဘောသားများကဲ့သို့ ငိုခြင်းမပြုပဲ၊ ထောပတ် ဆီဦးတို့ကို အဝစားသောက်ပြီး၊ အဝတ်အစားများကိုး

လည်း ရှုတ်တရက်ရေမထိနိုင်ရန် ထောပတ်ဆီတို့ဖြင့် လိမ်းကြန်ပြီးသော်၊ သင်္ဘောရွက်တိုင်ဖျားသို့ တက်ကာ မိမိ၏ မိဓိလာပြည်ဘက်ကိုမှန်းပြီး ခုန်ချလိုက်ရာ သင်္ဘောနှင့် အတော်ကွာသောနေရာသို့ ရောက်သွားလေသည်။ ထို့ကြောင့်မင်းသားသည် ငါးမန်းစသည် ရေသတ္တဝါတို့၏ စားသောက်မည့် ဘေးမှ လွတ်သွားလေသည်။

သို့ဖြင့် ကမ်းမမြင်နိုင်သော ပင်လယ်တွင်း၌ (၇) ရက်တိုင်တိုင်ဇွဲလုံးလ ဝိရိယတို့ဖြင့် ကူးခတ်နေရာ။ ပင်လယ်စောင့် နတ်သမီးက တွေ့သဖြင့် မင်းသားထံလာပြီး စိတ်စမ်း၍မေးရာ—

'အို အသင်လုလင် သင်ကား အဘယ်သူနည်း၊ ဤသို့ကမ်းမမြင်သောပင်လယ်တွင်း၌ အဘယ်အကျိုးကို မြော်၍ ဤမျှ ကြိုးစားအားထုတ် ကူးခတ်နေပါသနည်း၊ ကမ်းမမြင်သော ပင်လယ်တွင်း၌ သင်ဘယ်လိုပင် ကြိုးစား၍ ကူးခတ် နေသော်ငြားလည်း ကမ်းသို့ ရောက်နိုင်မည် မဟုတ်ပဲ၊ အသက်ဆုံးရုံပင်ရှိချေမည်။'

အို အသင်နတ်သမီး အဘယ်သို့ ပြောလိုက်ပါသနည်း၊ အသင်နတ်သမီးပြောသောစကားမှာ လုံ့လဝိရိယ မရှိသူတို့၏ စကားသာဖြစ်သည်၊ ယောကျ်ားကောင်းတို့မည်သည် လုံ့လဝိရိယကို မလျှော့အပ်ပါ။ ကမ်းသို့မြင်သည် မမြင်သည်မှာ ပဓာန မဟုတ်ပါ၊ လုံ့လဝိရိယကို အားမထုတ်ပဲ သေရခြင်းထက်၊ လုံ့လဝိရိယပြု၍ သေရခြင်းက သာ၍ မြတ်ပါသည်။ အများပြည်သူ ပညာရှိများက ချီးကျူးကြပေမည်။

အို ...သင်နတ်သမီး၊ သင်သည် ယခု ကျွန်ုပ် အားထုတ်ခဲ့သော လုံ့လ ဝိရိယကို ရှုပါလော၊ သင်္ဘောသား ငါးရာတို့သည် လုံ့လ ဝိရိယ မပြုကြသဖြင့် ငါးမန်း စသည့် ရေသတ္တဝါတို့၏ အစာဖြစ်ချေပြီ။

ကျွန်ုပ်မူကား လုံ့လ ဝိရိယ ဇွဲတို့ကြောင့် ယခုတိုင် ရေနစ်၍ မသေရသေးပေ။ (၇) ရက်တိုင်တိုင် ဥပုသ်များကိုလည်း စောင့်သုံးရပေသည်၊ လူ့ပြည်တွင် မမြင်ဘူးသော အသင်လို လှပလွန်းလှတဲ့ နတ်သမီးကိုလည်း ငါ မြင်ရပေသည်။ ဤသည်တို့ကား လုံ့လဝိရိယ ဇွဲဘို့၏ အကျိုးကျေးဇူးပင် မဟုတ်တုန်လော။

အို....အသင်နတ်သမီး ကျွန်ုပ်အား ယခု ကယ်တင်လိုလျှင်လည်း ကယ်တင်ပါ၊ မကယ်တင်လိုလျှင်လည်း နေနိုင်ပါသည်၊ သို့ရာတွင် ကျွန်ုပ်အားထုတ်နေသော ဇွဲ လုံ့လ ဝီရိယစေတ်တို့၏ဆုတ်ယုတ်မှု စကားများကိုမူ နောက်ထပ် မပြောကြားပါနှင့်တော့ အသင်....နတ်သမီး။"

ဟုဆိုလိုက်သောအခါ၊ မင်းသား၏ ဝီရိယကို နှစ်သက်လှသဖြင့်၊မင်းသားကိုပွေ့ချီပြီး မိဓိလာပြည် ဘုရင့်ဥယျာဉ်တော်အတွင်း ကျောက်ဖျာပေါ်၌ တင်၍ သိတ်ထားခဲ့ပြီး ပြန်သွားလေ၏။ ထို့နောက် မိဓိလာပြည်၏ မင်းဖြစ်သွားလေသည်၊

ဤမင်းသား၏ ဇွဲလုံးလ ဝီရိယ စေတ်မျိုးသာ လိုလားအပ်လေသည်

(၃) ဝိမံသိဒ္ဓိပါဒေါ — ထိုတန်ခိုးကို ရရာရကြောင်း နည်းလမ်းကောင်းများကို ရှာဖွေ စူးစမ်း တတ်ခြင်း အသိဉာဏ်ပညာစေတ်။

ဝိမံသစေတ်ဆိုသည်မှာ၊ ကောင်းသောအမှုကိစ္စ တခုခုကို ဆောင်ရွက်ရာ၌ အောင်မြင်နိုင်သည့် နည်းကောင်း လမ်းကောင်းတို့ကို မရမနေ စူးစမ်းရှာဖွေခြင်းပင်ဖြစ်သည်။

မဟော်သဓာသည် စူဠနိပြဟ္မဒတ်မင်းနှင့် ကေဝဋ္ဋ ပုဏ္ဏားတို့အကောက်ကြံပြီး တရာ့တပါးသော မင်းအပေါင်းတို့ကို ပင့်ဖိတ်ပြီးဥယျာဉ်တော်အတွင်း စားသောက်ဖွယ်တို့နှင့် ဧည့်ခံမည်ပြုရာ၊ မဟော်သဓာသည် သူလျှိုများလွှတ်၍ စုံစမ်းစေသည်တွင် သေရေအိုးများ၌ အဆိပ်များ ခတ်ထားသည်ကို သိရှိ၍ ရိုက်ခွဲဖျက်ဆီး၊ မင်းပေါင်းတို့၏ အသက် ကယ်လိုက်လေသည်။

ထိုနောက် မိဓိလာပြည်သို့ အင်အားကြီးစွာ စစ်ချီလာသော စူဠနိပြဟ္မဒတ်မင်းအား မဟော်သဓာ သုခမိန်၏နှစ်လုံး ပရိယာယ်ဖြင့်နိုင်အောင်တိုက်ခဲ့လေသည်။

ဤမဟော်သဓာ သုခမိန်၏ မသိတာသိအောင် ကြံနိုင်သော ဝီမံ စေတ်မျိုးသာ လိုအပ်ချေသည်။

ဤပြဆိုခဲ့သော အခြေခံ တရား (၄) လေးပါးနှင့် ပြည့်စုံသော အမျိုးကောင်း ယောကျ်ားတိုင်း အဖို့ကား လောက၌ မိမိတို့လိုအပ်သော

တန်ခိုး (ဝါ) အကျိုးထူးများကို မြေကြီး လက်ခပ်မလွဲ နောက်ဆုံး အောင်ပွဲ ခံရမည်သာ ဖြစ်ပေသည်။

ယခု ကျွန်ုပ်တို့၏ သတ္တလောကကြီးအတွင်း၌ ဘုရားအဖြစ်ကိုရဘို့ လောက် ခဲယဉ်းသော အလုပ်ဟူ၍ကား ဘာမျှ မရှိတော့ပေ၊ ဤသို့ ဘုရားအဖြစ်ကို ရရှိဖို့သည်ပင်လျှင် ထို ဣဒ္ဓိပတ် အခြေခံ တရား (၄) လေးပါးနှင့် ပြည့်စုံသော ယောကျ်ားကောင်းများ အားထုတ် လုပ်ဆောင် ပါက တနေ့၊ တချိန်၊ တခါတွင် မလွဲကေန် ဖြစ်မြဲ ဓမ္မတာပင် ဖြစ်ပေ တော့၏။ ။

## (စိတ်၏တန်ခိုး)

လူတို့၏ စိတ်သည် အလွန်တန်ခိုးကြီး၏၊ အလွန်လည်း ဆန်းကျယ်၏၊ ထို့ကြောင့် စိတ်တခုရုပ်ကိုးဆယ်၊ စိတ္တေန နိယျတေလောကော၊ စိတ် သည် ရှေ့သွားဖြစ်ပြီး၊ စိတ်မှ တန်းတန်းစွဲလိုချင်လျှင်၊ ဘာမဆို ဖြစ် မြောက် အောင်မြင်မှု ရရှိနိုင်လေသည်။

သတ္တ၊ သတ္တဝါလောကကြီး အတွင်း၌၊ စိတ်ကြောင့် ဆုတ်ယုတ်ပျက် စီးမှုတွေရှိကြရသလို၊ စိတ်ကြောင့် တိုးတက်အောင်မြင်မှုများလည်း အန တက္ကမရှိလေသည်။

စိတ်ကို ထိမ်းချုပ်ကျင့်ကြံနိုင်ပါက၊ အရိယာ၊ ရဟန္တာ ပုဂ္ဂိုလ်များ အဖြစ်နှင့် မြေလျှိုး၊ မိုးပျံနိုင်သော ဈာန်အဘိညာဉ် တန်ခိုးများပင် ရနိုင် သည်၊ ထို့ထက်တိုး၍ ဆိုရပါမူ စိတ်ကိုထိမ်း၍ ဘဝအသင်္ချေအနန္တ ကျင့်ကြံ နိုင်ပါမူ လောက၏ အထွဋ်အထိပ်ဖြစ်သော ဘုရားဘဝသို့ပင် ရောက်ရှိနိုင် လေသည်။

အကယ်၍ စိတ်၏တန်ခိုးကို လက်တွေ့ကြီးမားကြောင်း သိလိုပါက အလွန်လမ်းဆန်း စိမ်းစိုသော သစ်ပင်တခုအား၊ သင်သည့် ကမ္မဋ္ဌာန်းသ ဘောဖြင့် စူးစိုက်၍ ကြာရှည်ထိုင်၍ ရှုပါလျှင်၊ ထိုသစ်ပင်သည် ဝါရင့်၍ ခြောက်သွေ့သည့်ဘဝသို့ ကေန်ရောက်သွားပေလိမ့်မည်။ ဤသည်မှာ စိတ် ၏ ပြင်းထန်သော တန်ခိုးထက်မြက် ကြီးမားမှုပင်ဖြစ်လေသည်။

လောက၌ စိတ်ကို မချုပ်ထိန်းနိုင်သော လူများသာ အလွန် ပေါ

များပြီး၊ စိတ်ကသာ မိမိတို့ ရုပ်ခန္ဓာများကို လုံးဝ စိုးမိုးအုပ်ချုပ်ခြင်းကို ခံကြရလေသည်။ စိတ်ကို ထိန်းချုပ်နိုင်၍ စိတ်ဓာတ်ကြီးမား ထက်သန်သော လူများသည် အစစအရာရာ၌ အောင်မြင်ပြီးမြောက်၍ လောကကိုအုပ်စိုးနိုင်ကြသည်။

တော တောင်များတွင် ခိုအောင်း၍ ကျင့်ကြံအားထုတ်နေကြသော စိတ်ကို ချုပ်ထိန်းနိုင်သည့် ယောဂီပုဂ္ဂိုလ်တို့သည် တောတွင်းရှိ သားရဲ တိရစ္ဆာန်တို့၏အပေါ်၌ပင် ဩဇာလွှမ်းမိုးနိုင်ကြပြီး၊ သိဒ္ဓိအမျိုးမျိုးကို ရရှိကြလေသည်။

ကျွန်ုပ်တို့သည် တစုံတခုကိုစွဲ၍ စိတ်ကူးလိုက်သောအခါ ထိုစိတ်၏ အရှိန်ဓာတ်သည် ကမ္ဘာတဝှမ်းလုံးသို့ ပျံ့၍ ဖြာထွက်သွား၏။ ဥပမာ ရေကန်တခုထဲသို့ ခဲတခုကို ပစ်ချလိုက်သောအခါ ခဲကျသည့်နေရာမှစ၍ လှိုင်း ဂယက်စက်ဝိုင်းများသည် ကမ်းသို့ ရောက်သည့်တိုင်အောင် ဖြာထွက်သွားခြင်းမျိုး ဖြစ်သည်၊ ရေဒီယိုအသံလှိုင်းနှင့် အလင်းရောင်တို့သည်လည်း ထို့နည်းတူစွာ အဆုံးတိုင် ပျံ့နှံ့ထွက်သွားလေသည်။

ကျွန်ုပ်တို့၏ စိတ်ကူးမှု စွဲလမ်းချက် တန်ခိုးတို့မှာ အခြား စိတ်များထဲသို့ ဝင်ရောက်ပျံ့နှံ့သွားကြောင်း အလွန် ထင်ရှားလေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် တခါတရံ ချစ်ခင်သောသူများကို ဖြစ်စေ၊ ဆွေမျိုးညာတိတဦးကိုဖြစ်စေ၊ သတိရ တမ်းတမိသောအခါ ထိုသူကလည်း တပြိုင်နက် ပြန်၍ သတိရနေကြောင်း တွေ့ရှိရပေသည်။

တခါတရံ ရုပ်ဝေးရှိ တစုံတယောက်အား သတိရ၍ ပြောဆိုနေသည့် အချိန်အခိုက်မှာပင် ထိုသူလည်း ရုတ်တရက် ဘွားကနဲ ပေါ်လာတတ်လေသည်။ အကြောင်းမှာ ထိုသူသည် ဤခရီးသို့လာရင်း ကျွန်ုပ်တို့အား သူ၏ စိတ်ကူးများက လာရောက် ရိုက်ခတ်သဖြင့် ပြန်လည် သတိရစေခြင်း ဖြစ်သည်။

တခါတလေ တစုံတယောက် မြင်ရောင်မိသလို၊ သတိရသလို ဖြစ်ပေါ်တတ်ပြီး၊ မကြာမီ ထိုသူသည် တစုံတခုဖြစ်ကြောင်းကို သတင်းကြားရတတ်လေသည်။ အကြောင်းမှာ ထိုသူသည်။ တစုံတခုဖြစ်ပျက်နေစဉ် စိတ်ဇော အဟုန်ဖြင့် တမ်းတမိသော လှိုင်းဂယက်က ကျွန်ုပ်တို့စိတ်ကို လာရိုက်ခတ်သောကြောင့် ဖြစ်သည်။

## "ညှို့ဓာတ်သဘော"

စိတ်၏ ညှို့ဓာတ်သည် သံလိုက်ဓာတ်ကဲ့သို့ အခြား အားနည်းသော ဓာတ် သဘာဝများကို သိမ်းရုံးဆွဲဆောင်၍ ချုပ်ကိုင် စိုးမိုးနိုင်စွမ်း ရှိလေသည်။ သံလိုက်ဓာတ်သည် ကိုယ်ခန္ဓာ၏ အရှိန်အား ကြီးမားမှုဖြစ်၍၊ စိတ်ညှို့ဓာတ်မှာ မနောဝိညာဉ်၏ အရှိန်အားဖြစ်သည်။

ကမ္ဘာတဝှမ်းလုံးရှိ သက်ရှိ သက်မဲ့ အရာဝတ္ထု အားလုံးသည် ဤညှို့ဓာတ်အပေါ်၌ တည်၍နေ၏၊ သတ္တဝါတို့၏ လှုပ်ရှားစေသောအားကို ၎င်းဓာတ်ကပင် ပေးသည်၊ သက်ရှိသတ္တဝါကိုသည် ၎င်း ဓာတ်ကြောင့် အသက်ရှင်နေကြရသည်။ ထိုညှို့ဓာတ်မရှိလျှင် သစ်ပင်များပင် သေကြေပျက်စီးနိုင်၏။

ဤညှို့ဓာတ်သည် လူတို့၏ စိတ်မနောကို အားပေးသည်။ သို့အတွက်ကြောင့် စိတ်တန်ခိုးအား ကြီးမား၍ လူတို့၌ သိဒ္ဓိအမျိုးမျိုးတို့ ပြီးစေနိုင်ခြင်းဖြစ်သည်။

ညှို့ဓာတ်ကို သံလိုက်ဓာတ်များကဲ့သို့ မွေးမြူစုဆောင်းပြီးအသုံးချနိုင်သည်။ လျှပ်စစ်ဓာတ်ကို ဓာတ်အိုးအတွင်း၌ သိုလှောင်၍ အသုံးချနိုင်သကဲ့သို့ စိတ်ညှို့ဓာတ်ကိုလည်း လူတို့၏ မနောအိုးအတွင်း၌ စုဆောင်း သိုလှောင်၍ အသုံးချတတ်လျှင် ပို၍အကျိုးရှိနိုင်လေသည်၊

ညှို့ဓာတ်သည် ရေထဲ၊ အစားအစာထဲ၊ နေရောင်ထဲတို့၌ ရှိကြသည်တွင် လေထုအတွင်း၌ အများဆုံးရှိလေသည်။ ၎င်းဓာတ်ကိုအလိုရှိသလောက် လေထဲမှထုတ်ယူနိုင်သည်။ ညှို့ဓာတ်ထုတ်ယူရန်၊ နံနက် စောစောပိုင်းနှင့် ညဉ့်အချိန်တို့သည် အကောင်းဆုံးဖြစ်၏။ ဆိတ်ငြိမ်၍ လေကောင်း လေသန့်ရသော နေရာများ၌ ဖြစ်စေရမည့်ပြင်၊ မိမိကိုယ်၌ ဝတ်ထားသော အဝတ်များ ကျဉ်းကျပ်ခြင်း မရှိစေရပေ။

အသက်ရှူသောအခါ လေကို အထွက်အဝင်၌ မှန်အောင် ရှုရမည်။ အသက်ရှူသောအခါ လေသည် အတွင်းရှိ အဆုတ်များကို ပြည့်စေရမည်၊ ထို့နည်းတူစွာ အသက်ရှူထုတ်လိုက်သော အခါများ၌လည်း အဆုတ်တွင်းမှ လေများကို ကုန်စင်အောင် မှုတ်ထုတ်ရပေမည်။

လေကောင်း လေသန့်များများရှူသွင်း၍ ကုန်စင်အောင်ပြန်၍ ရှူ

ထုတ်ခြင်းသည် လူ၌အားအလွန်ပြည့်လာစေပြီး အလွန်လန်းဆန်း သွားစေလေသည်။ လူတို့၌ ထွက်သက်ဝင်သက် လေရှူတိုလျှင် အသက်လည်း တိုလေသည်။ အသက်ရှူရှည်လျှင် အသက်လည်း ရှည်လေသည်။ လူတို့၌ လေကို မှန်မှန်ဝဝ ရှူနိုင်ခြင်းအလုပ်သည် အသက်ရှည်ဆေး၊ အားပြည့်ဆေးပင် ဖြစ်လေသည်။ ထိုသို့ အသက်ရှည်ခြင်းနှင့် အားပြည့်ခြင်းသည် လူကိုယ်ခန္ဓာအတွင်းသို့ ညို့ဓာတ်များစွာ ရရှိသောကြောင့် ဖြစ်၏၊ စိတ်တန်ခိုးကြီးမားမှုများမှာ ဤထွက်သက် ဝင်သက်လေကို များများနှင့် မှန်မှန် ရှူထုတ်လုပ်နိုင်ခြင်းက အခြေခံခဲ့လေသည်။

ထိုသို့အသက်ရှူရာ၌–

(၁) ဝင်သက်ကိုရှူသွင်းခြင်း။

(၂) အဆုတ်ထဲ၌ လေကို တတ်နိုင်သလောက် ကြာကြာ အောင့်ထားခြင်း။

(၃) ထွက်သက်ကိုရှူထုတ်ခြင်း။

သုံးပိုင်းအဆင့်ရှိသည်။ ပထမ ဝင်သက်ကို ရှူသွင်းနေစဉ် စိတ်ထဲ၌ ညို့ဓာတ် အမြောက်အများ ပါလာသောလေများ ဝင်နေသည်ဟု ထင်မှတ်ရမည်။

ဒုတိယ လေကို အဆုတ်ထဲ၌ အောင့်ထားစဉ် လေထဲ၌ပါလာသော ညို့ဓာတ်များသည် ခန္ဓာကိုယ်အတွင်းရှိ အာရုံကြော အားလုံးသို့ဝင်နေသည်ဟု ရုံကြည်ရမည့်အပြင် ဦးနှောက်ထဲကိုပါ ဝင်နေသည်ဟု ယုံကြည်ရမည်၊

တတိယ ထိုညို့ဓာတ်များသည် ထွက်သက်ကို ရှူထုတ်သောအခါ အားလုံးကျန်ရစ်ခဲ့သည်ဟု စိတ်ထဲ၌ယုံကြည်စွာနှင့်မှတ်ထင်ရမည်ပြင်၊ အဆုတ်နှင့် ကိုယ်တွင်းမှ မကောင်းသော လေပုတ်လေသိုး အညစ်အကြေးများ ထွက်ပါသွားကြသည်ကိုလည်း သိရှိထားရမည်။

ထိုအခါ လေးလန်ထိုင်းမှိုင်းနေသောစိတ်နှင့် အကြောအချင်၊ မျက်စိတို့ပါ လန်းဆန်း ကြည်လင် ပေါ့ပါးသွားပေ လိမ့်မည်၊ လက်တွေ့ လုပ်ကြည့်ပါ။

လေကို အဆုတ်ထဲ၌ ကြာကြာအောင့်ထားနိုင်လေ အကျိုးရှိလေဖြစ်သည်။ သို့ကြာကြာအောင့်ထားနိုင်ရန် တဖြည်းဖြည်း လေ့ကျင့် ယူရမည်။

ချက်ချင်း အရန်းအောင့်ထား၍မဖြစ်၊ နူးညံ့သော နှစ်လုံးအဆုတ်ကိုထိခိုက်နိုင်သည်။

ပထမဝင်သက်ကို (၅) စက္ကန့်လောက် ရှူသွင်းလျှင် ထွက်သက် (၁၀)စက္ကန့်လောက် ထားသင့်သည်။ ထွက်သက်ကို ရှူထုတ်သည့်အခါ၌ ပထမ (၅)စက္ကန့်လောက်ကို အတွင်းမှ လေအားလုံး ကုန်သွားအောင် ပြန်ထုတ်ပါ။ သို့မှ အတွင်းရှိ လေပုတ်လေသိုး မကောင်းတာအားလုံး ထွက်သွားပေလိမ့်မည်။

ဤနည်းဖြင့် မိမိ၏နှစ်လုံး အဆုတ်အိပ်အတွင်းမှ လေအားလုံးသည် အစဉ်သန့်ပြန့်နေပြီး၊ လူလည်းအားအင်ပြည့်ဖြိုး၍ အမြဲ လန်းဆန်း လာပေလိမ့်မည်၊ ညှို့ဓာတ်များ ပြည့်နှက်နေပြီး စိတ်ဓာတ်များလည်း ကြည်လင်ကြံခိုင်လာကာ စိတ်တန်ခိုး ထက်မြက်ကြံ့ခိုင်လာပေမည်၊

ဤသို့ညှို့ဓာတ်များရရှိ၍ အားအင်ပြည့်ဖြိုးပြီး စိတ်ဓာတ်ကြံ့ခိုင်လာပါက၊ သင်မည်သည့်အရာမဆို လိုချင်တတ်မက်မှုရှိလျှင် အောင်မြင်ပြီးမြောက်သည်အထိ လုပ်ဆောင်သွားနိုင်သည့် အကျိုးကျေးဇူးများကို မုတ်ချခံစားရပေတော့မည်ဖြစ်၏။ ။

# (အာနာပါနာ ထွက်သက်ဝင်သက်ကမ္မဋ္ဌာန်း)

**အာနာပါန** — ထွက်သက်၊ ဝင်သက် — လေရှူခြင်း။

ထွက်သက်၊ ဝင်သက်လေရှူခြင်းကို ပြုလုပ်ရာ၌ နှာခေါင်း၏ အထွက် အဝင်ပေါက်၌ လေကို ထွက်သိ၊ ဝင်သိဖြင့်ရှူ၍ စိတ်ကိုတည်ငြိမ်စွာ ထား ရသည်။

အာနာပါနကို ကျင့်ရာ၌၊ မတ်တတ်ရပ်၍သော်လည်းကောင်း၊ ထိုင် လျက်သော်လည်းကောင်း၊ လမ်းလျှောက်၍သော် လည်းကောင်း၊ အိပ်၍ သော်လည်းကောင်း၊ လေးမျိုးတွင် မိမိ ကြိုက်နှစ်သက်သည့် နည်းဖြင့်ကျင့် နိုင်ပေသည်၊

ထိုင်၍ကျင့်မည်ဆိုလျှင်၊ ကမ္မဋ္ဌာန်း ထိုင်သည့်အတိုင်း တင်ပလ္လင်ခွေ ထိုင်ပါ၊ ခြေထောက်များ တခုပေါ် တခုမတင်နှင့် ကြာရှည် ထိုင်နိုင် အောင် တချောင်းနှင့် တချောင်း လွတ်အောင်ထားပါ၊ လက်နှစ်ဖက်ကို တင်ပလ္လင်ခွေပေါ်တွင် ညာလက်ကို အပေါ်က ထပ်တင်ပြီး၊ ခန္ဓာကိုယ်ကို မကိုင်းမညွတ်စေပဲ တည့်မတ်စွာ အလိုက်သင့်ကလေးထားပါ၊ အသက်ရှူ ကြပ်အောင် အားစိုက်၍ မထားရ၊ ညှစ်၍လဲ မထားရ။

ပထမ (၁၅) မိနစ်ခန့် အမိဋ္ဌာန်ပြု၍ ထိုင်ရမည်။ နောက်အလေ့ အကျင့်များလာမှ တဖြည်းဖြည်း အချိန်တိုးပြီး၊ အများဆုံး မိနစ် (၃၀) သုံးဆယ်၊ နာရီဝက်ခန့်ထိုင်လျှင် လုံလောက်ပြီဟု ဆို၏။ တနေ့လျှင်တကြိမ် ဖြည်းဖြည်းနှင့်မှန်မှန် ကျင့်သင့်သည်။ သိတ် မောပန်းလာအောင် လောဘ တကြီးနှင့် မလုပ်သင့် ၊ဥပတ်ဖြစ်စေနိုင်သည်။

ထို့နောက် ထွက်လေ၊ ဝင်လေကို နှာခေါင်းဝ၌ စိတ်ကို ငြိမ်စွာ ရှူနေစဉ်၊ လေသည် မီးခိုးကဲ့သို့လည်းကောင်း၊ နှို့ရည်ကဲ့သို့လည်းကောင်း၊ ထို့ထက် ကြည်လင်သော အရောင်အဆင်းနှင့် လည်းကောင်း တွေ့မြင် ရလျှင် ဘာမျှ မကြောက်ရ၊ ထိုအခါ သင်၏ ကိုယ်ပေါ့ပါး၍ လေပေါ်သို့ ကြွတက်လာတတ်သည်၊ နောက် အသာ ပြန်ကျသွားလိမ့်မည်၊ ထို့အပြင် မကြုံဘူးသောအရသာကိုလည်းခံစားလာရတတ်သည်။ ထိုအခါမိမိ၏ ဆရာက လွှဲ၍မည်သူကိုမှ မပြောရ။ သမာဓိ အတော်အောင်မြင်ပြီ ဖြစ်၍ဆက်လက်၍ ဖြစ်ပျက် ဝိပဿနာ အထက်တန်းသို့ ရောက်အောင် ကြိုးစားရပေမည်။

အကယ်၍ လမ်းလျှောက်၍ ပြုလုပ်လိုလျှင် အသက် ရှူသွင်းသော အချိန်၊ အောင့်ထားသောအချိန်နှင့် ရှူထုတ်သော အချိန်များကို ခြေလှမ်း အရေအတွက်ဖြင့် သတ်မှတ်ခါ ပြုလုပ်နိုင်သည်။

ဥပမာ ခြေလှမ်း (၅) လှမ်း အချိန်၌ အသက်ရှူသွင်းလျှင်၊ (၁၀) လှမ်းကို အောင့်ထားပြီး၊ (၅) လှမ်းကို ပြန်ရှူထုတ်ပစ်ရပေမည်။

ထို့နောက် အိပ်ရာပေါ်တွင် ပက်လက်လှန် ကျင့်လိုပါကလည်း ကျင့်နိုင်သည်။ ရင်ပတ်ပေါ်၌ လေးလန်သော အဝတ်ထူများ ကြပ်တည်းစွာ ရှိမနေစေရ၊ ခြေနှင့်လက်များကို ဘေးသို့ အလိုက်သင့် ဆန့်ထားရမည်။ တောင့်တင်း၍ မထားရ၊ ခေါင်းမအုံးရ၊ အထက်ပါအတိုင်း နှာခေါင်းဝလေကို အာရုံထားပြီး ထွက် ဝင်သက်ကို ရှူရမည်။

ဤသို့အာနာပါဏကို ကျနစွာ မှန်မှန်ကျင့်နိုင်ပါက၊ သမာဓိတက်၍ စိတ်ငြိမ်လာပြီး၊ စိတ်သန့်ရှင်းခြင်း၊ ကိုယ်လက် ပေါ့ပါးခြင်း၊ အနာရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း၊ ကိုယ်ကာယနုပျိုခြင်း စသည်တို့၏ အကျိုးကို အနည်းဆုံး လက်တွေ့လောလောလတ်လတ် ခံစားရနိုင်လေသည်။ ။

**မှတ်ချက်။** ။ထွက်သက်၊ ဝင်သက်နှင့်ပတ်သက်၍၊ သတ္တဝါသည် အမိဝမ်းမှထွက်လျှင် ထွက်သက်ရှေ့ဖြစ်သည်။

ငင်းပြင် ဤထွက်သက်၊ ဝင်သက်ကို အမိဝမ်းတွင်း၌ တည်နေသူ၊ ရေနစ်နေသူ၊ ပြဟ္မာများ၊ နိရောဓ သမာပတ်ဝင်စားနေသူ၊ ပဥ္စမဈာန်ဝင်စားနေသူ၊ တွေဝေနေသူ၊ ဤ (၇) ဦးသည် မရနိုင်။ ။

**ရဟန္တာဟုကျော်ကြားသော မှော်ဘီမြို့ သဲအင်းဂူ ဆရာတော်ဘုရား၏ ကိုယ်တွေ့ဟောကြားချက်။**

(ပုဗ္ဗကိစ္စ ပရိကံပြုပုံ)

သုံးခေါက်ဆို။

မြတ်စွာဘုရားအား၊ ဘုရားတပည့်တော်တို့သည် ယခုတရားအားထုတ်

ဆဲအခါ၌၊ မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးကို လှူဒါန်းပါ၏။ ပူဇေမ ပူဇော်ပါ၏။

ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို လှူဒါန်းရတဲ့ အကျိုးကြောင့် မဂ်ဥာဏ်၊ ဖိုဥာဏ်၊ နိဗ္ဗာန်ဥာဏ်၊ နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(၃၁)ဘုံ၌ ရှိရှိသမျှ ဝေနယ အပေါင်းတို့ကို၊ ကုန်းမှာနေ ကိုးကုဋေ၊ ရေမှာနေ ဆယ်ကုဋေ၊ ကုန်းသတ္တဝါ။ ရေသတ္တဝါ၊ သဗ္ဗေသတ္တာ သတ္တဝါ အပေါင်း၊ စကြာဝဠာတံတိုင်း သီဘာပတ်ကုံး၊ ကုန်းမကျန်၊ ရေမကျန်၊ အထက်ဘဝဂ်၊ အောက်အဝီစိအထိ (၃၁)ဘုံကြဉ်လည်ကုန်သော ဝေနေယျ သတ္တဝါအပေါင်း အကျွန်ုပ်တို့၏ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်၊ အကျွန်ုပ်နှင့် ထပ်တူထပ်မျှ ရကြရအောင် အားလုံး ကြားကြားသမျှ အမျှ- အမျှ- အမျှ- ယူတော်မူကြပါကုန်လော့။

အရိယ သူတော်ကောင်းများ ပေးဝေသော အမျှကိုလည်း၊ ကျွန်ုပ် နှင့်တကွ ဝမ်းမြောက်ဝမ်းသာနှင့် သာဓု၊ သာဓု၊ သာဓု။

## (ဣရိယာပုဒ်အနေအထား)

ဒီလိုပြုရမဲ့ ရှေးဦးပုဗ္ဗကိစ္စပရိကံပြုပြီးတော့၊ မိမိခန္ဓာကိုယ်ကို၊ ကြာ ရှည်ထိုင်မဲ့ ဣရိယာပုဒ်နဲ့ မိမိကြိုက်သလိုထိုင်ပါ။

ဒကာမများလဲ တင်ပလ္လင် ခွေထိုင်ချင်ထိုင်ပါ၊ ပဆစ်ဒူးတုတ်ထိုင်ထိုင်၊ ကြိုက်သလို ထိုင်ပါ၊ သို့သော် ခန္ဓာကိုယ်ကို တောင့်မထားနဲ့၊ တင်းမထားနဲ့ မဖျော့မပျဉ့်ပဒ့ါကျကျ မူလသဘာဝအတိုင်း ထိုင်ပါ။

နောက် မျက်စိမှိတ်ထားပြီး၊ လက်နှစ်ဘက်ကို တင်ပလ္လင်ခွေပေါ်တွင် လက်ချင်းထပ်၍ဖြစ်စေ၊ အခြား ကိုယ်ကြိုက်သလိုဖြစ်စေ ထားပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် ဝေဒနာဆုံးသည့်တိုင်အောင်၊ တရားထိုင်လို့ ပြီးသည့်တိုင်အောင်၊ သည်းခံပြီး နေပါ။

## (ဝင်လေ၊ ထွက်လေ သတိထား၊ အသိမလွတ်စေနဲ့)

နှာသီးဝခေါ်တဲ့ နှာသီးဖျား အသားဆိုင်ကလေးတွင် စိတ်ကိုထား၊ (အာဏာပါန)ဆိုတဲ့ ဝင်တဲ့လေကိုလဲ ဝင်မှန်းသိ၊ ထွက်တဲ့လေကိုလဲ ထွက်

မှန်းသိ၊ လေဆိုတာ ပညတ်စိတ်ထဲမှာ မထားနဲ့၊ နှာသီးဖျား အသားဆိုင် ကလေးကို တိုးထိဝင်လာတာ၊ တိုးထွက်သွားတာကလေးကိုပဲ သတိထားပြီး၊ သိရုံသိနေ၊ ရှူတဲ့အခါမှာလဲ ကိုယ်ကလုပ်ကြံပြီး မရှူပါနဲ့၊ လုပ်ကြံမှုကြီး ဖြစ်သွားလိမ့်မယ်၊ သူ့သဘောအတိုင်း ရှူပါ။ ငါ့သဘော မဖြစ်အောင် သတိထားပါ။

ဘုရားက အနတ္တလို့ ဟောထားတယ်၊ အနတ္တဆိုတာ သူ့သဘော ပါ။ ကိုယ့်သဘောမဟုတ်ပါဘူး၊ ကိုယ့်သဘောနဲ့ လုပ်ရှူလိုက်၊ ငါ့သဘော ဖြစ်သွားပါလိမ့်မယ်၊ ငါ့သဘော မဖြစ်စေနဲ့၊ ရှေရှေဆွဲ၍ လေးလေးရှူ ခြင်း၊ တိုတိုနှင့် ခပ်စိပ်စိပ် ခတ်ဆပ်ဆပ်ရှူခြင်း စသည်တို့မှာ၊ ကိုယ်ကြိုက် သလို၊ နှစ်သက်သလို၊ ကိုယ့်သဘာဝနှင့် အဆင်ပြေသလို ရှူနိုင်ပါတယ်။ နှာသီးဖျား အသားဆိုင်ကလေးကို လေတိုးထိပြီးဝင်တိုင်း၊ ထွက်တိုင်း၊ သတိ မလွှတ်စေပဲ သိနေဘို့သာ အရေးကြီးပါတယ်။

## (သတိကြောင့် သမာဓိဖြစ်သည်)

စိတ်ဘယ်မှမရောက်အောင် နှာသီးဖျား အသားဆိုင်ကလေးကို ဝင် လေ– ထွက်လေ တိုးထိတိုင်း သတိထား၊ အသိကပ်ပြီး သိနေမှုဟာ ပထမအစ တော့ စိတ်ကလေးက ဟိုရောက်ဒီရောက် ရှိတတ်ပါတယ်၊ သဒ္ဓါဝီရိယနဲ့ကြိုး စားပြီး အသိမလွတ်ရအောင် သတိပြုဖန်များလာတဲ့အခါ စိတ်ရဲ့ခတ်ငြိမ် မှု (သမာဓိ)ကို ရလာပါလိမ့်မယ်။

ဘာမှ ကြံစီတွေးတော ဝေဖန်စဉ်းစားခြင်းမပြုပဲ၊ နှာသီးဖျားမှာသာ စိတ်ကိုထားပြီး၊ နှာသီးဖျားအသားဆိုင်ကလေးကို လေတိုးထိတိုင်း သတိ ထားပြီး၊ အသိမလွတ်ရအောင် သမာဓိကို ထူထောင်ပါ။

## (ဝေဒနာဖြစ်ပေါ်လာခြင်း)

အသိကပ်ပြီး ရှူနေရာက အချိန်အတော်ကလေးကြာရင် ခန္ဓာကိုယ် မှာ၊ ပူ– အေး။ ညောင်းညာ၊ ထုံကြင်၊ ကိုက်ခဲဆိုတဲ့ ရုပ်တရားကြီးရဲ့ဖောက် ပြန်မှုတွေဟာ၊ သူ့သဘောအတိုင်း သူပေါ်လာ ပါလိမ့်မယ်။

ဒီအခါကြတော့ ပထမ နှာသီးဖျားမှာ ထားတဲ့စိတ်ဟာ နှာသီးဖျား မှာ မနေတော့ပဲ၊ သူ့သဘောနဲ့သူ ဖောက်ပြန်ဖြစ်ပျက်တဲ့ ဝေဒနာပေါ်၌

ပြောင်းသွားပါလိမ့်မယ်၊ ဒီလိုပြောင်းသွားတဲ့ စိတ်ကလေးက ဝေဒနာရဲ့အစ၊ အလယ်၊ အဆုံးထိအောင် လိုက်ပါ၊

ဥပမာ၊ ဝရမ်းပြေးတယောက်ကို စုံထောက်က နောက်က မျက်ခြေမပြတ် လိုက်နေသလိုပါပဲ၊ မျက်ခြေပြတ်သွားရင် ဝရမ်းပြေး လွတ်သွားမယ် မဟုတ်လား၊ အဲ့ဒီဥပမာအတိုင်းပဲ၊ ဝေဒနာကို မျက်ခြေမပြတ်စေပဲ အစ၊ အလယ်၊ အဆုံးထိအောင်၊ ဆုံးအောင်လိုက်ပါ၊ အချိန်မပိုင်းပါနဲ့၊ ဝေဒနာ မဆုံးပဲနဲ့ မတော်ပါနဲ့။

တနည်းပြောရရင်၊ ဖြစ်ပျက်မဆုံးပဲနဲ့ မတော်ပါနဲ့၊ ဒီတော့မှ ရုပ်နာမ် (၂) ပါးတို့ဟာ တပြိုင်ထဲဖြစ်၊ တပြိုင်ထဲချုပ်တဲ့ သဘောကိုသိနိုင်ပါလိမ့်မယ်။

## (ဝေဒနာနဲ့ သမာဓိဘောင်ချိန်ပါ)

ဒီလိုသိနိုင်အောင်ကလဲ ဝေဒနာနဲ့ သမာဓိဟာ ချိန်ခွင်လျှာကို ဘောင်ကိုက်သွားဘို့ အရေးကြီးပါတယ်၊ (ရှုနေတာက သမာဓိ၊ ရုပ်ဖောက်ပြန်မှုကိုသိပြီး ခံစားနေရတာက ဝေဒနာ)။

ဥပမာ ဝေဒနာတကျပ်သားဆိုလျှင်၊ သမာဓိကလဲ တကျပ်သား ရှိပါစေ၊ ဝေဒနာ နှစ်ကျပ်သားဆိုလျှင် သမာဓိကလဲ နှစ်ကျပ်သားရှိပါစေ၊ ဝေဒနာ ငါးမူးသားဆိုလျှင် သမာဓိ ငါးမူးသားရှိပါစေ၊ ဝေဒနာ တမတ်သားဆိုလျှင် သမာဓိလဲ တမတ်သားပဲ ရှိပါစေ။

ဝေဒနာနဲ့ သမာဓိဟာ ချိန်ခွင်လျှာလို ဘောင်ကိုက်သွားပါစေ၊ သမာဓိအားက လွန်ကဲနေရင်လဲ ဖြစ်ပျက် ပိတ်သွားလိမ့်မယ်၊ သမာဓိအား နည်းနေလျှင်လဲ ဝိပဿနာဉာဏ် အမြင်မသန်ပဲ ရှိပါလိမ့်မယ်၊ သတိထားပါ၊

## (သမ္မပဓာန် ဝီရိယနဲ့ အားထုတ်ပါ)

ဒီလိုအားထုတ်နေရင်း ဝေဒနာက ပြင်းထန်အားကြီးလာရင် တော်ချင်တဲ့စိတ်ဖြစ်ပေါ်လာတတ်ပါတယ်၊ ဒီအခါမှာ နှာသီးဖျား အသိကပ်ပြီး၊ ခပ်ပြင်းပြင်း ရှုပေးပါ၊ တော်ချင်တဲ့ ရှေ့စိတ်ကိုလဲ နောက်စိတ်က တွန်းပေးပါ။

ဘယ်လိုတွန်းပေးရမလဲဆိုတော့၊ တရားထူးမရပဲနဲ့တော့ ငါမထဘူး၊ အရိုးကြေကြေ၊ အရေခြောက်ခြောက်၊ လဲလို့ပင်သေသေ၊ တရားထူးမရရင် ငါမနေ၊ (သမ္မပဓာန် ဝီရိယ)ဆိုတဲ့ ဇွဲသတ္တိနဲ့ တွန်းတင်ပေးပါ။

တော်ချင်တာက အပါယ်လေးပါးသွားမဲ့ စိတ်။ အဝိဇ္ဇာစိတ်တွန်းတင်ပေးတာက နတ်ပြည် (၆)ထပ် သွားမဲ့စိတ်၊ဗြဟ္မာပြေ (၂၀) သွားမဲ့စိတ်။ နိဗ္ဗာန်သွားမဲ့စိတ်ဟာ– ဝိဇ္ဇာစိတ်ခေါ်တယ်။

## (ဝေဒနာမှ ဉာဏ်မျက်စိနဲ့ကြည့်)

ဖြစ်ပေါ်နေတဲ့ ဝေဒနာမှာ၊ ပူရင်လဲ ပူတာရှိသလား၊ အေးရင်လဲ အေးတာ ရှိသလား၊ ထုံရင်လဲ ထုံတာရှိသလား၊ ကျင်ရင်လဲ ကျင်တာရှိသလား၊ ကိုက်ရင်လဲ ကိုက်တာရှိသလား၊ ကြွပ်ရင်လဲ ကြွပ်တာ ရှိသလား၊ လှုပ်ရင်လဲ လှုပ်တာရှိသလား၊ ငါသူတပါး ယောကျ်ား၊ မိန်းမ ရှိသလား၊ ရုပ်သဏ္ဍာန် ရှိသလား၊ အရောင်အဆင်း ရှိသလားလို့၊ ဉာဏ်မျက်စိနဲ့ရှာကြည့်၊ ဒီလိုရှာကြည့်တော့မှ ရုပ်နာမ်မှတပါး ဘာမှမရှိ၊ ဖြစ်တာပျက်တာမှတပါး ဘာမှမရှိပဲ သဘောသက်သက်သာ ရှိတယ်ဆိုတာ ဉာဏ်မှာ မြင်လာလိမ့်မယ်။

## (ပစ္စုပ္ပန်တဲ့တဲ့ရှု)

ပစ္စုပ္ပန် ဖြစ်ပေါ်ဆဲ ရုပ်နာမ် (ဝေဒနာ)ကိုသာရှု။ ဥပမာ ထွက်ပေါက်က အစာကို စောင့်နေတဲ့ ဗျိုင်းဟာပေါ်ပြီးတဲ့ ငါးကိုလဲ ပြန်မကြည့်ဘူး၊ မပေါ်သေးတဲ့ ငါးကိုလဲ လှမ်းမကြည့်ဘူး၊ မိမိရှေ့မှာ ပေါ်လာတဲ့ ငါးကိုသာ ပစ္စုပ္ပန်တဲ့တဲ့ ဇာတ်ခနဲ ကောက်ယူလိုက်တဲ့ ဥပမာလိုပါပဲ၊

တရားအားထုတ်တာမှာလဲ၊ ဖြစ်ပြီးတဲ့ အတိတ်ကိုလဲ ပြန်မတွေးနဲ့၊ မဖြစ်သေးတဲ့ အနာဂတ်ကိုလဲ လုပ်ပြီးမကြံစည်နဲ့၊ မတွေးတောနဲ့၊ ပစ္စုပ္ပန်တဲ့တဲ့ကိုသာရှု၊ သမာဓိအားကောင်းရင် မိမိခန္ဓာကိုယ်ကို မှန်ထဲမှာမြင်ရသလို မြင်ရလိမ့်မယ်၊ မွေးညှင်းကလေးတွေ၊ မွေးညှင်းပေါက် ကလေးတွေကအကျန် မြင်ရလိမ့်မယ်၊ ခန္ဓာကိုယ် အပျက်တွေကိုလဲ သမာဓိအားကောင်းရင် ကောင်းသလို မြင်ရလိမ့်မယ်။

ရှုနေတာကိုလဲ မရပ်နဲ့၊ သူ့သဘောအတိုင်း ရှုနေပါ၊ ခံစားမှုဝေဒနာက ပြင်းထန်လျှင် ရှုတာကလဲ သူ့သဘောနဲ့သူ ပြင်းထန်လာလိမ့်မယ်။

ဝေဒနာကနှံ့သွားရင်၊ ရှုတာကလဲ သူ့သဘောနဲ့သူ နှံ့သွားလိမ့်မယ်။ သူ့သဘောနဲ့သူ ဖြစ်တာတွေကို ဖြစ်ပါစေ၊ ကိုယ့်သဘော လုပ်မဖြစ်ပါနဲ့၊ သူ့သဘောနဲ့သူ ဖြစ်နေတာက အနတ္တ၊ ကိုယ့်သဘော လုပ်လိုက်ရင် အတ္တဖြစ်သွားလိမ့်မယ် သတိထား။

## (ဝဋ်ကြွေး (ဝါ) သံသရာကြွေး)

အချို့သော ယောဂီပုဂ္ဂိုလ်များမှာ တော်တော်ကြီး ကြောက်စရာ၊ လန့်စရာ၊ အံ့ဩစရာ ကောင်းလောက်အောင် ခတ်ကြမ်းကြမ်း၊ ဝုန်းဝုန်းဒိုင်းဒိုင်း၊ လှုပ်လှုပ်ရှားရှား စသည်ဖြင့် ရုပ်၏ ဖောက်ပြန်မှုတွေကို တွေ့ရတတ်တယ်၊ ခံရတတ်တယ်၊ ဖောက်ပြန်မှုတွေ ခံရတာတွေကို ပညတ်လိုတော့ ဝဋ်ကြွေး ဆပ်ရတယ်၊ (ဝါ) သံသရာကြွေး ဆပ်ရတယ်လို့ခေါ်တယ်။

ဒီလိုဖြစ်တတ်တာဟာ ပုဂ္ဂိုလ်တိုင်းလဲ မဟုတ်ပါဘူး၊ ဖြစ်တတ်တဲ့ပုဂ္ဂိုလ်များကလဲ မကြောက်ပါနဲ့၊ သူ့သဘောအတိုင်းသူဖြစ်တာ ငါကဖြစ်ချင်လို့ ဖြစ်တာမဟုတ်ပဲဟု နှစ်လုံးသွင်းပြီး သဘောကိုသာ မိအောင်ရှု၊ မိအောင်ဖမ်းပါ၊ သည်းခံ၍နေပါ၊ ဖြစ်ပေါ်လာတဲ့ ဝေဒနာကိုသာ ဆုံးအောင်လိုက်ပါ။

## (တထိုင်ထဲနဲ့ အပါယ်ကလွတ်နိုင်တယ်)

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဖြစ်လိုက်၊ ပျက်လိုက်နေတာသည်၊ သံသရာ ဖြစ်ပျက်ဆုံးလျှင် နိဗ္ဗာန်၊ သံသရာဆုံးလျှင် နိဗ္ဗာန်ဟု ဟောကြားတော်မူခဲ့တဲ့အတိုင်း၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ဖြစ်ပေါ်နေတဲ့ ဝေဒနာတခါဆုံးလျှင် ဖြစ်ပျက်ရဲ့ အဆုံး၊ သံသရာရဲ့အဆုံး ရောက်သွားတာပါပဲ၊ တဒင်္ဂအားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်ခြင်း ဖြစ်ပါတယ်။

အဲဒီလို ဖြစ်ပျက်တခါဆုံးဘူးတဲ့ပုဂ္ဂိုလ်၊ သံသရာတခါဆုံးဘူးတဲ့ပုဂ္ဂိုလ်သည် အပါယ်ကိုမလားနိုင်တော့ပါ။ အပါယ်ကလွတ်တာပါပဲ၊ ဒါကြောင့်

တရားထိုင်တဲ့အခါမှာ ဝေဒနာဆုံးအောင်ထိုင်ပါ။ (ဝါ) ဖြစ်ပျက်ဆုံးအောင် ထိုင်ပါ၊ ဝေဒနာမဆုံးပဲ မထော်ပါနဲ့။

ဤနည်းအတိုင်း ဆက်လက်အားထုတ်သွားပါလျှင် သမာဓိအားလဲ ကောင်း၊ ဝိပဿနာဉာဏ်တွေကလဲ ရင့်သန်ပြီး၊ မိမိတို့ပါရမီအလိုက် တမဂ် တဖိုလ်၊ နှစ်မဂ်နှစ်ဖိုလ်စသည်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်အထိ ရနိုင်ပါ တယ်။

ၡင်းပြင် တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်များ သိသင့် သိထိုက်တဲ့ အကြောင်းတခုကတော့ သမထယာနိက၊ ဝိပဿနာ ယာနိကရယ်လို့ ပါရမီ အလိုက် ပုဂ္ဂိုလ်အမျိုးမျိုး ရှိကြတယ်ဆိုတာ သိထားကြဘို့ လိုပါတယ်။

သမထ ယာနိက ပုဂ္ဂိုလ်များကတော့ ခန္ဓာကိုယ်ရဲ့အပျက်တွေ၊ အရိုးစု တွေ၊ အပုတ်အပွတွေကို အမျိုးမျိုးမြင်ပြီး ဉာဏ်စဉ်တက်ကြပါတယ်၊ တရား ထူး ရကြပါတယ်။

ဝိပဿနာ ယာနိက ပုဂ္ဂိုလ်များကတော့ ဝေဒနာပေါ်မှာ ပရမတ္ထ သဘာဝ သဘောကိုသာ ဉာဏ်မျက်စိနဲ့ ထိုးထွင်းပြီး သိရ မြင်ရခြင်းဖြင့်၊ ဉာဏ်စဉ်တက်ကြပါတယ်၊ တရားထူး ရကြပါတယ်၊

ဝိပဿနာယာနိကနဲ့တရား တွေ့ကြတဲ့ ပုဂ္ဂိုလ်များဟာ သမထယာနိ က ပုဂ္ဂိုလ်များကို ခန္ဓာကိုအပျက်တွေကို မတွေ့မမြင်ရတော့၊ တရားရသော် လည်း-ရမှန်းမသိပဲရှိတတ်ကြပါတယ်။

ဒါကြောင့်သူများ မြင်သလို ကိုယ်လဲမြင်မှာပဲလို့ အထင်မရောက်ကြ ပါနဲ့၊ သူ့ပါရမီနဲ့သူ၊ ကိုယ့်ပါရမီနဲ့ကို၊ မြင်ပုံခြင်း မတူတဲ့ သဘောကို သတိထားကြပါ။

တရားအားထုတ်တဲ့အခါမှာချိန်ခွင်လျှာလို ဘောင်ကိုက်သွားဖို့နဲ့၊ ဘုရာ ဟောတဲ့ မဇ္ဈိမ ပဋိပဒါကဘို့ကိုလဲ သတိပြုကြပါ။ အရေးကြီးလှပါတယ်

တရားကိုသိဘို့ မြင်ဘို့ကတော့၊ သမာဓိအားကောင်းလေလား ဆိုရင် ဘာဝနာမဂ်ဉာဏ်တွေ သူ့သဘောအတိုင်း သူပေါ်လာပြီး သိပါလိမ့်မယ်။ မြင်ပါလိမ့်မယ်။ သဒ္ဓါဝီရိနဲ့သာ ကြိုးစားအားထုတ်ပါ၊ ပါရမီ ရှိသလောက် တော့ မုချရပါတယ်။

ကိုယ့်ကိုယ်ကိုပါရမီရှိမှာ မဟုတ်ပါဘူးလို့တော့ဘယ်တော့မှအထင်မလွဲလိုက်ပါနဲ့၊ အလွန်ရခဲတဲ့ လူ့အဖြစ်ကိုလဲ ရခဲ့ပါပြီ၊လူအဖြစ် ရလာတော့ဒီ သာသနာတွင်းမှာ သာသနာတော်နဲ့ ကြုံကြိုက်နေရပါပြီ၊ သူတော်ကောင်းတရားတွေကိုလဲ နာယူခွင့်ရနေပါပြီ၊ အဲဒီတော့ ကိုယ့်ပါရမီဟာ မသေးလှဘူးဆိုတာ သိနိုင်လောက်ပါတယ်။

ပါရမီမရှိဘူးလို့တော့ မထင်ကြပါနဲ့၊ ပါရမီဆိုတာက ဘူးသီးခရမ်းသီးလို လေတိုက်တိုင်း ကြီးထွားလာမည်မဟုတ်ပါ။ မိမိကဖြည့်ဆည်းပူးမှ ပါရမီရင့်သန်လာနိုင်တယ်။ အားထုတ်မှလဲ အပါယ်က လွတ်နိုင်တယ်။

အားမထုတ်ရင်တော့ လာလမ်းဖြစ်တဲ့ အပါယ်လေးပါးချိတိုင်ကိုပဲပြန်ကြရမှာပဲ။ ဒါကြောင့် အားထုတ်နိုင်အောင်အားကြပြီးတထိုင်ထဲနဲ့တရားထူးတရားမြတ်ကိုရကြပါစေလို့ ဆုတောင်းပါတယ်၊ ကြိုးစားအားထုတ်နိုင်ကြပါစေ။ ။

* * *

# စွန်းလွန်းဆရာတော်ဘုရားကြီး၏လက်တွေ့သမထ ဝိပဿနာတရားအားထုတ်နည်း

ယောဂီပုဂ္ဂိုလ်များ ဝိပဿနာ တရားအားထုတ်အခါမှာ၊ စန္ဒဂုတ်မင်းစစ်တိုက်သကဲ့သို့၊ ခန္ဓာကိုယ်၌ အတွင်းအာရတန (၆)ပါး၊ အပြင်အာရတန (၆)ပါး ရှိသည်တွင်၊ အပြင်အာရတန (အာရုံ) ၆-ပါးကို ရှေးဦးစွာသတ်ရမည်။ သတ်ပုံမှာ—

(၁) ရှေးဦးစွာ ဘုရားကို ကန်တော့ပါ။

(၂) သီလခံယူပါ။ (ငါးပါးသီလ ဆယ်ပါးသီလ)။

(၃) မြတ်စွာဘုရားအား မိမိ၏ ခန္ဓာငါးပါးနှင့် ရုပ်နာမ်နှစ်ပါးတို့ကို တရားအားထုတ်ဆဲအခါ၌ နိဗ္ဗာန်ရည်မှန်း၍ လှူပါ။

(၄) သုံးဆယ့် တဘုံ၌ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အား မေတ္တာပို့ အမျှဝေပါ၊

ထို့နောက်အချိန်ပိုင်းနှင့်မိမိတတ်စွမ်းနိုင်လောက်မျှအားထုတ်ပါ၊ ဣရိယာပုတ်(ကိုယ်ခန္ဓာ)ကိုလည်း ကြာမြင့်စွာ မပြောင်းလဲဘဲ နေနိုင်မည့် ဣရိယာပုတ်ဖြင့်နေလျက်၊ အာရုံတခြားစိတ် မသွားရလေအောင်၊ မျက်စိကို မှိတ်ပြီး နှာသီးဝကာယတံခါးကထွက်လေ၊ ဝင်လေကို မသိပဲနှင့် မထွက်ရ မဝင်ရလေအောင်၊ အာရုံဝိတက်များ ကင်းကွာအောင် ခတ်ပြင်းပြင်းကလေးအားထုတ်ရှူရှိုက်ရမည်။

နှာသီးဖျားကကာယတံခါးကို လေတိုးထိတော့သိ၊ သိတဲ့အပေါ်သတိထားပြီး(ထိ၊ သိ၊ သတိ) ဤသုံးချက် တပြိုင်နက်ကျအောင် ကြိုးစားအားထုတ်ရမယ်။

ဤကဲ့သို့ တရားအားထုတ်ဆဲအခါ၌ မျက်စိကလဲ တောင်ကြည့်မြောက်ကြည့် မကြည့်တော့ဘူး နားကလဲ ဟိုထောင် ဒီထောင် မထောင်တော့ဘူး နှာခေါင်းကလဲ ဟိုရှူဒီရှူမရှူတော့ဘူး။ ပါးစပ်ကလဲ ဟိုစားချင် ဒီစားချင် မစားချင်တော့ဘူး ခန္ဓာကိုယ်ကြီးကလဲ ဟိုသွား ဒီသွားချင် မသွားချင်တော့

ဘူး။ ဒီတော့၊ စက္ခုအိန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ ဆိုတဲ့၊ ဣန္ဒြေငါးပါး လုံခြုံနေတယ်။

အဲဒီလိုလုံခြုံနေဘာ ဣန္ဒြိယ သံဝရသီလအစစ်ဖြစ်တယ်။ ဣန္ဒြေဆိုတာ အစိုးရတာကိုဆိုတယ်၊ သံဝရဆိုတာ၊ လောဘ၊ ဒေါသ၊ မောဟ၊ စသော ကိလေသာတရားများ မဖြစ်ရအောင် စောင့်တာကိုဆိုတယ်။ ဣန္ဒြိယ သံဝရ သီလကို တရားအားမထုတ်ပဲနဲ့ ရရှိရန် အလွန်ခဲယဉ်းတယ်။

ဤကဲ့သို့ သတိကပ်၍ ရှုရှိုက်ပါ များလာတော့၊ ကြွတ်စားနေ ကြ အပြင်အာရုံသို့ စိတ်မလိုက်တော့ပဲ၊ နှာသီးဝ ကာယတံခါးမှာ တည်ငြိမ် လာပြီး၊ သူ့သဘောကိုသူဆောင်၍၊ အဖြူ၊ အနီ၊ အဝါ၊ အပြာ၊ ကြယ်ရောင်၊ လရောင်၊ နေရောင်၊ ပုလဲရောင်၊ စသောအရောင် အဆင်းအလင်း နိမိတ်များ စသည့်အပြင် ပညတ်အာရုံများ ပေါ်လာတတ်သော် ဆက်လဲမလိုက်နဲ့၊ အာရုံ ကို မိမိခန္ဓာကိုယ်ပေါ်ပြန်တင်ရမယ်။ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တို့ရဲ့ ဖြစ်တတ်တဲ့ လမ်းစဉ်တွေပဲ။

အဲဒီလိုအာရုံတခြား စိတ်မသွားပဲ နှာသီးဖျား ကာယတံခါးပေါ်တွင် (ထိမှု၊ သိမှု)ကိုသာ သတိပြုပြီး စိတ်တည်နေလျှင် အပြင်အာရုံတနခြောက် ပါးကို သတ်သည်မည်တယ်။

အဲဒီလို ခန္ဓာကိုယ်ပေါ်မှာ သတိကပ်ပြီး လိုက်ပါများတော့။ ခန္ဓာ ကိုယ်ပေါ်တွင် ပူမှု၊ မေ့မှု၊ ညောင်းညာကိုက်ခဲမှု စတဲ့ ဝေဒနာအမျိုးမျိုး ဖြစ် ပေါ်လာတတ်တယ်။ အဲဒီဖြစ်ပေါ်လာတဲ့ ပူမှု၊ မေ့မှု စတဲ့ ဝေဒနာတွေကို ပူမှန်း သိတဲ့အပေါ် သတိထား။ ပူမှုနဲ့ သိမှုပြိုင်၍ ချုပ်လိမ့်မယ်။ မေ့မှန်းသိတဲ့ အပေါ် သတိထားမှုနဲ့ သိမှုပြိုင်၍ ချုပ်လိမ့်မယ်။

ပူမှုဝေဒနာသဘောသည် မေ့မှုဝေဒနာသဘောသို့ မလိုက်ပါချေ။ မေ့မှုဝေဒနာသဘောကလဲ ပူမှုဝေဒနာသဘောသို့ မလိုက်ပါချေ။ သူ့သဘော ကို သူဆောင်ကြတယ်။

ခန္ဓာကိုယ်ဆိုသည်မှာ တကိုယ်လုံးကိုခြုံ၍ ဆိုတယ်။ အင်္ဂါအစိပ် အ ပိုင်း သီးသန့်၍မမှတ်ရ။ မိမိခန္ဓာကိုယ်ပေါ်တွင် ထိတော့သိ၊ သိတဲ့အပေါ် သတိထားနေတာဟာ (သမ္မာသနဉာဏ်)လို့ ခေါ်တယ်။

မိမိခန္ဓာကိုယ်ပေါ်တွင် ပေါ်လာတဲ့ ဝေဒနာတွေကို သတိကပ်လိုက်ပါများလာတော့ (သမာဓိ) အရှိန်ကောင်းလာသည်နှင့် သတိအစဉ်ကို မိမိစိတ်ထင်အားဖြင့် မြင်ရလိမ့်မယ်။

အဲ့ဒီအခါ သဒ္ဓါဗိုလ်၊ ဝိရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တည်းဟူသော ဗိုလ် (၅)ငါးပါး လက်ကိုင်ထားပြီး ကြိုးပန်းတကုပ်ပွားများအားထုတ်သွားပါလျှင် (သမာဓိ)တည်ငြိမ်မှု ကြီးမားသည်ထက် ကြီးမားလာသော် မိမိခန္ဓာကိုယ်ပေါ်တွင် အလင်းခေတ်ကြီး ပေါ်လာပြီး မိမိကိုယ်ကို မှန်ထဲမှာမြင်ရဘိသကဲ့သို့ မြင်တွေ့တတ်တယ်။

ခန္ဓာကိုယ် အစိပ်အပိုင်းတို့၏ ဖောက်ပြန်မှုကို တစိပ် တဒေသသော်လည်းကောင်း၊ အသားများပဲ့ကြွခြင်း၊ ပေါက်ပြဲသွားခြင်း၊ မီးလောင်ပုများကဲ့သို့ဖြစ်၍ ပေါက်ပြဲခြင်းများသော်လည်းကောင်း၊ ပုလဲလုံးကလေးများထွက်သလိုသော်လည်းကောင်း၊ မိုးရွာချသလိုသော်လည်းကောင်း မိမိခန္ဓာကိုယ်တွင် တွေ့ရတတ်တယ်။

အဲ့ဒီနောက် သမာဓိအား ကောင်းလာသည်နှင့် မိမိခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပျက်မှုဝေဒနာကို သတိကပ်လိုက်ပါများလာတော့ ဥဒယဗ္ဗယဉာဏ်အမြင်သန်လာသည်နှင့် (ဝေဒနာသညာမှ ဝေဒနာပညာ)ဖြစ်လာပြီး ခန္ဓာကိုယ်မွေးတွင်းပေါက်က မီးခတ်နဲ့ မီးခတ်ကျောက် ခတ်လိုက်တဲ့အခါ မီးပွင့်သော မီးပွင့်ပမာကဲ့သို့ ဖွားကနဲ၊ ဖွားကနဲ တွေ့မြင်ရတဲ့အပြင် စိတ်စေတသိတ် ရုပ်တို့၏ ဖောက်ပြန်မှု၊ ဖြစ်ပျက်မှုများကိုလဲ ပိုမိုပိုင်နိုင်နိုင် ပိုင်းပိုင်းခြားခြား သိမြင်လာလိမ့်မယ်။

အဲ့ဒီတော့မှ ဩော်– ငါ့မှာ ခြေလက်စသော သဏ္ဍာန်မရှိ၊ ပရမတ္တသဘောသာ ရှိပါကလားဟု မိမိဉာဏ်မှာ သိမြင်၍ လာလိမ့်မယ်။ တလောကလုံး ပုဂ္ဂိုလ် သတ္တဝါ၊ ယောကျ်ား မိန်းမ၊ လူ နတ် ပြဟ္မာလို့ စွဲလမ်းထားကြတာဟာ အမှန်ကို မမြင်ရသေးလို့ပဲ၊ အမှန်ကိုသိမြင်ရတော့ ဘာမျှမဟုတ်၊ သဘောတရားသက်သက်ပါကလားလို့ ယောဂီပုဂ္ဂိုလ်၏ဉာဏ်မှာ အမှန်ကိုသိမြင်လာတော့ သဘောပေါက် သဘောကြပြီး ရတနာသုံးပါးကို ရှေးကထက် ပိုမိုယုံကြည်ခြင်း၊ ကြည်ညိုခြင်းများ ဖြစ်လာတတ်တယ်။

အဲ့ဒီအခါကျတော့မှ အတွင်းအာ ရတန (အာရုံ) ၆–ခြောက်ပါးကို သတ်သည်မည်တယ်။ ဤမှစ၍ သဿဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးကို ပယ်သည်မည်တယ်။ သို့သော် အမြစ်တော့ မပြတ်သေး။

မိမိခန္ဓာကိုယ်ပေါ်မှ ဝေဒနာကို သတိနဲ့သုံးသပ်ပြီး ငြိမ်သက် တည်ကြည်နေတာက (သီလ)။ တည်ကြည်ပြီး အလင်းရောင်ကို ထွန်းပြတာက (သမာဓိ)။ စိတ်– စေတသိတ်– ရုပ်ဟုဆိုအပ်သော ရုပ်နာမ် နှစ် (၂)ပါး ပရမတ်သား၊ ခါတ်သား၊ သဘာဝတရားအစစ်ကိုမြင်၍ ဝေဖန်တာက (ပညာ)။ အဲဒါကို (သီလ၊ သမာဓိ၊ ပညာ) သိက္ခာသုံးပါးလို့ ခေါ်တယ်၊ အဲ့ဒါ လောကီသီလ၊ လောကီသမာဓိ၊ လောကီပညာသာရှိသေးတယ်၊

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိနှင့် ယှဉ်၍ပြသည်မှာ၊ ဝေဒနာပေါ် သတိကပ်ပြီး လိုက်နေစဉ် ဣန္ဒြေငါးပါး လုံခြုံသည်ဖြစ်၍(သီလဝိသုဒ္ဓိ) သီလစင်ကြယ်တယ်။

ဝေဒနာပေါ်မှာ စိတ်တည်နေတော့ (စိတ္တဝိသုဒ္ဓိ)စိတ် စင်ကြယ်တယ်။ သီလကလဲစင်ကြယ်တယ်။ စိတ်ကလဲစင်ကြယ်တော့ မှန်တာမြင်ရတာပေါ့။ မှန်တာမြင်တယ်ဆိုတာ ဘယ်လိုတုံးလို့ မေးတယ်ဆိုပါတော့ မိမိခန္ဓာကို မွေးတွင်းပေါက်က မီးခတ်နဲ့ ကျောက်ခဘ်လိုက်တော့ မီးပွင့်ကလေးတွေ ဖွား၊ ဖွား၊ ဖွားနဲ့လို မြင်ရတယ်။

အဲ့ဒီလိုမြင်ရတော့၊ ငါ့မှာ ခြေလဲမရှိ၊ လက်လဲမရှိ၊ ကိုယ်လဲမရှိ၊ ခန္ဓာကိုယ်ကြီး သုဉ်းသွားတယ်။ အဲ့ဒီတော့ အမြင် စင်ကြယ်တယ်။ အဲ့တာ (ဒိဋ္ဌိ ဝိသုဒ္ဓိ)လို့ ခေါ်တယ်။ အဲ့ဒီလိုမြင်ရတော့ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်ဟု ဘုရားကိုယုံကြည်ခြင်း၊ တရားကိုယုံကြည်ခြင်း၊ သံဃာကို ယုံကြည်ခြင်းများဖြစ်လာဘယ်။ အဲ့ဒီတော့ ယုံမှားကင်းသွားတာပေါ့။အဲ့ဒါ(ကင်္ခါဝိတရဏ ဝိသုဒ္ဓိ)လို့ ခေါ်တယ်။

ဝေဒနာသညာမှ ဝေဒနာပညာဖြစ်အောင် ဇွဲသန်သန်နဲ့ ဆက်လက်အားထုတ်သွားပြန်တော့ ရှေးကမကြုံဘူး၊ မတွေ့ရဘူးသော အလွန်ကြည်လင် သန့်ရှင်းတဲ့ အရောင်အလင်း၊ နှစ်သက်ခြင်း၊ ငြိမ်သက်ခြင်းများ ဖြစ်ပေါ်လာတတ်တယ်၊

အဲ့တာ ဝမ်းသာစရာမဟုတ်ဘူး။ ဝမ်းသာမနေနဲ့၊ တွယ်တာမနေနဲ့၊ ကြည်လင်သန့်ရှင်း အရောင်လင်း နှစ်သက်ခြင်းများကို တွယ်တာနေပါက အန္တရာယ် (၁၀) ဆယ်ပါးထဲ နစ်နေတတ်တယ်။ အဲ့ဒီရောက်အောင်ကလဲ

အလွှန်ခဲခဲယဉ်းယဉ်း ကြိုးစားအားထုတ်ပါမှ ရောက်နိုင်တာ၊ ဒါတွေဟာ တွေ့ရမဲ့လမ်းစဉ်တွေပဲ၊ အဲ့ဒါကိုပင် (နိကန္တိ)လို့ ခေါ်တယ်။

အဲ့ဒီ နိကန္တိလို့ခေါ်တဲ့ အရောင်အဆင်းနှစ်သက်ခြင်း၊ ငြိမ်သက်ခြင်း များကို ပယ်လိုက်သောဇောက ညီမျှ၍ မနောဒွါရာဝဇ္ဇန်းဖြစ်ပြီး နောက် (သင်္ခါရ ပက္ခောဉာဏ်) ဖြစ်ပေါ်လာလိမ့်မယ်။

ထိုသင်္ခါရ ပက္ခောဆိုတဲ့ ပရိကံ၊ ဥပစာ၊ အနုလုံဇောများက ကိလေသာတရားတို့ကို ကင်းစင်သွားအောင် ပြုပေးတော့၊ ဂေါတြဘူသညာလိုက်၍ ၎င်း ဂေါတြဘူသညာပေးသော နိဗ္ဗာန်ကို အမှီတံကဲ သဟဲပြုပြီး မဂ်က အနုသယကိ လေသာကို ပယ်ပါရော၊ အဲဒီတော့မှ (သဿဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ) တို့ကို အလျှင်းသတ်သည်မည်တယ်။ တဏှာနဲ့ မာနကတော့ တကြိမ်တည်း သတ်ရုံမျှနဲ့မသေ၊ လေးကြိမ်သတ်မှ သေတယ်။ သတ်လိုက သတ်ကြပေတော့။

ဒီတော့ မှာလိုက်ရအုံးမယ်၊ (ထိတော့သိ၊ သိတဲ့အပေါ်သတိထား) နေတာ သမ္မဉာဏ်လို့ခေါ်တယ်။ သမ္မဉာဏ်ကို ဘုရားအစရှိတဲ့ အရိယာ သူတော်ကောင်းတို့ဟာ ပရိနိဗ္ဗာန်ပြုမှပဲ လွှတ်ကြတယ်။ ဒကာ ဒါကာမကြီးတို့လဲ ကြိုးစားကြပါ။

ဥပမာ ယောဂီပုဂ္ဂိုလ်တယောက်ဟာ သမ္မသနဉာဏ်ကို သုံးသပ်၍ ဉာဏ် (၁၀)ပါး ကုန်သွားပြီးနောက်၊ ပညတ်အားဖြင့် ၎င်းပုဂ္ဂိုလ်ကို (သောတာပန်)ဟု ခေါ်သည်။

၎င်းနောက် သမ္မသနဉာဏ် သုံးသပ်အုံး၊ ဉာဏ် (၁၀)ပါးကုန်ပြန်က (သကဒါဂါမိပုဂ္ဂိုလ်)လို့ ခေါ်တယ်။ ဤကဲ့သို့ လေးကြိမ် (လေးဆင့်) တက်က (ရဟန္တာ ပုဂ္ဂိုလ်)ဟု ခေါ်သည်။

ဒီလို စွန့်းလွှန်းဆရာတော် ဘုရားကြီးသည် စတုတ္ထ (၄–ကြိမ်) မဂ်ကိုရပြီးနောက် အထက်ဘဝဂ်၊ အောက်အဝီစိကျအောင် ဟင်းလင်းပြင်ကြီး ဖြစ်ကာ အကုန်အစင် မြင်ရတယ်။ ယာဉ်ရထားဆိုက်၍ သိကြားမင်းနှင့် နတ်ကြီး (၄)ပါးလဲ လာရောက်ဖူးမျှော်၍ နတ်ပြည်သွားကြသည်ကို တွေ့မြင်ရ

ပြီး၊ လူ့ပြည်မှာ ရဟန္တာတပါးပေါ်ထွန်းနေကြောင်း။ သွားဖူးကြလို့ တခဲ နက်ကြွေးကြော်နေကြတာကို တွေ့မြင်ရတယ်။

အဲဒီနောက် အနီးဆုံးသော သတ္တဝါအမျိုးမျိုးကိုမြင်ရပြီး ဘုမ္မဇိုး၊ ရုက္ခဇိုး နတ်တွေနဲ့တကွ အထက်နတ်ပြဟ္မာတွေဟာ ဖူးမျှော် ကန်တော့လာကြတာဟာ ကြည့်လို့ကို မဆုံးနိုင်လောက်အောင် မြင်ရတယ်။

အဲ့ဒီလိုမြင်ရတော့မှ သတ္တလောက၊ သင်္ခါရလောက။ ဩကာသလောက။ အတွင်းလောကသုံးပါး၊ အပြင်လောကသုံးပါးကို ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်ရတော့တယ်။

ဘယ်လိုမြင်ရသလဲဆိုရင်၊ သတ္တဝါတွေက သတ္တလောက။ ၎င်းသတ္တဝါတွေကို ပြုပြင်ပေးနေတာက သင်္ခါရလောက။ အဲ့ဒီသတ္တဝါတွေရဲ့ တည်ရာမှီရာဘုံဗိမာန်တွေက ဩကာသလောကရယ်လို့ အပြင်လောကသုံး(၃)ပါးကို မြင်ရတယ်။

အတွင်းလောကသုံး (၃) ပါးက။ စိတ်၊ စေတသိတ်၊ ရုပ်ဆိုတဲ့– တရား သုံး(၃)ပါးကို ပိုင်းပိုင်းခြားခြားကြီး မြင်ရကာက– သတ္တလောက။ စိတ်၊ စေတသိတ်၊ ရုပ်ဆိုတဲ့– တရား (၃)ပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ပြုလုပ်တာက– သင်္ခါရလောက။ တည်ရာမှီရာက– ဩကာသ လောကရယ်လို့ အတွင်းလောကသုံး(၃)ပါးကို မြင်ရတယ်။ ဒီနောက် ဘုရားဂုဏ်၊ တရားဂုဏ်တော်များကိုလည်း ကွက်ကွက်ကွင်းကွင်း သိမြင်တော့တယ်။

ဒါနဲ့ သောတပတ္တိမဂ် ကအရတ္တမဂ်ကျအောင် ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိတ်၊ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤသစ္စာ လေး (၄)ပါးကို သိမြင်ရတာကိုပင် (သောတပတ္တိမဂ်)၊ သောတပတ္တိဖိုလ် ခေါ်တယ်၊

ဒုတိယအကြိမ်၊ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိတ်။ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤသစ္စာ လေးပါး သိမြင်ရတာကိုပင် (သကဒါဂါမိမိ မဂ်၊ သကဒါဂါမ်မိဖိုလ်ခေါ်တယ်။

တတိယအကြိမ်၊ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိတ်။ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤကား နိရောဓ သစ္စာ။ ဤသစ္စာလေးပါး သိမြင်ရတာကိုပင် (အနာဂါမ်မိမဂ်၊ အနာဂါမ်မိဖိုလ်လို့ ခေါ်တယ်)။

စတုတ္ထအကြိမ်၊ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိက်။ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤကား နိရောဓသစ္စာ။ ဤသစ္စာ လေးပါး သိမြင်ရတာကိုပင် (အရဟတ္တမဂ်၊ အရဟတ္တဖိုလ်လို့ ခေါ်တယ်)။ ဤအထိ ရောက်သည့်အခါ လာလမ်းကိုပြန်မြင်ပြီး ပစ္စဝေက္ခာဆင်ခြင်၍ ချမ်းသာနေတော့တယ်။

ထိုအခါ၌ စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိသည် မိမိဘယ်ဘဝ ကလာသည်ကို အကျိုးပေါ်ကနေပြီး၊ အကြောင်းကို ဆင်ခြင်ကြည့်ရာ တိရစ္ဆာန် အမျိုးမျိုး ဖြစ်ခဲ့သည်က များပြီး၊ လူ့ဘဝရတာ အလွန်နည်း ကြောင်းတွေ့ရှိရတော့တယ်”။

“ကျင်လည်သမျှဘဝတွေကို ကြည့်မဆုံးနိုင်တာနဲ့၊ ဘယ်ဘဝကအ ကြောင်းကြောင့် ယခုဘဝ အကျိုးထူးသည်ကို အမြန်သိချင်တာနဲ့ အဓိဋ္ဌာန် ယူပြီးကြည့်တော့မှ ယခုဘဒ္ဒကမ္ဘာ၊ ကဿပဘုရားရှင် လက်ထက်တော် တုန်းက ကျေးသား ကြက်တူရွေးဘဝနဲ့ ဘုရားရှင်အား သစ်သီးကပ်လှူ ဆု တောင်းခဲ့ဘူးသော အကြောင်းကြောင့် ယခုလိုဘဝ၌ တရားပေါက်ရောက်ရ တာကို တွေ့မြင်ခဲ့လေ၏။ ။

ဥပမာ ယောဂီပုဂ္ဂိုလ်တယောက်သည် ဝိပဿနာတရား အားထုတ်၍ တက်လာတယ်ဆိုပါတော့၊ အဲဒီတော့ဘဝင်အနည်းငယ်မျှ ကျသွားပြီးနောက် ရှေ့စိတ်သုံးပါးက ကိလေသာတရားကို ဖယ်ရှားပေးပါတယ်။ နောက်စိတ် က နိဗ္ဗာန်ကို မြင်ပါရော၊ ဒါနဲ့စိတ်၊ စေတသိက်၊ ဆိုတဲ့တရား (၃)ပါးဟာ ဖြစ်ချုပ် ဖြစ်ချုပ် ရှိနေတာကိုပင် ကြီးစွာသော ဆင်းရဲကြီးပါကလား၊ ဒီဆင်းရဲဟာ ဘယ်သူ့ကြောင့် ဖြစ်သလဲလို့ စစ်လိုက်တော့ ၎င်းစိတ် စေတ သိတ်၊ ရုပ်ကိုပြုလုပ်ပေးတတ်တဲ့ (လောဘ)ကို မြင်ပါရော၊ ယခုပြောနေ တာက တခုစီပြောနေရလို့ပါ။ ဟိုမှာတော့ မကြာပါဘူး။ ဆင်းရဲကိုသိတာ နဲ့တပြိုင်နက်ထဲ ဖြစ်သွားတာပါ၊

အဲဒီလိုလုပ်ပေးတဲ့သူကိုမြင်တော့၊ နိုင်တဲ့သူက ဖြန်းကနဲ ပြုလုပ် ပေးတဲ့သူကို သတ်လိုက်ပါရော၊ အဲ့တာက (မဂ်)။

ဒီတော့ စိတ်၊ စေတသိက်၊ ရုပ်များလဲ ဖရိုဖရဲ ဖြစ်သွားသလို ဖြစ် သွားကော့ အကြောင်းအကျိုး ပြက်သွားပါရော၊ အဲ့တာ နိဗ္ဗာန်ပါပဲ။ ဒါနဲ့

နောက်တော့ ဗိုလ်ခေါ်ခေါ်အုပ်သွားရော။ အဲ့တာ ကိုယ်တွေ့ မြင်ဘူးတာတွေပါပဲ။

သက်ရှိလောကတွင် သံသရာစက်လည်ကြောင်း၊ ပြတ်ကြောင်းနှစ်မျိုး ရှိရာ၌၊ သံသရာစက်ပြတ်ကြောင်းတမျိုးကိုသာ အားထုတ်ဘို့ပါပဲ။

သံသရာစက် ပြတ်ကြောင်းပြုလုပ်ရမည်မှာ၊ ကာယတံခါးကစောင့်၍ ဖြတ်ပါက ပြတ်ပါလိမ့်မည်။ ကာယတံခါးကစောင့်၍ ဖြတ်ပါ ဆိုသည်မှာ ကာယတံခါးသည် စက္ခုစသော တံခါးတို့ထက် ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်မှာ သိလွယ်၊ မြင်လွယ်၊ နှစ်လုံးသွင်းလွယ်၊ သုံးသပ်လွယ်သည်ဖြစ်၍ နာမရူပပရိစ္ဆေဒဉာဏ်အမြင်သန်စေခြင်းငှာသာ ဆိုပါသည်။

စက္ခုစသော တံခါးလည်း စောင့်၍သတ်ရပါသေးသည်။ သတ်သော်လဲ စက္ခုစသော တံခါးသည် အလွန်သိမ်မွေ့သည်ဖြစ်၍ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်က နုနယ်သေးသောကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ် အမြင်မသန်နိုင်ပါ။ သို့ဖြစ်သောကြောင့် ကာယတံခါးက စောင့်၍ဖြတ်ပါဟု ဆိုပါသည်။

ထိုတံခါးကလည်း ထိမှုဖြစ်တတ်ပါသည်။ အဲ့ဒီ ထိမှုမှာ သိမှုလဲ ပါပါသည်။ ဒီထိမှု သိမှုနှစ်ခုကို သတိကြပ်ကြပ်ပြုဘို့ပါပဲ။

ထိုကာယတံခါးကို ထိတော့ ဖဿဖြစ်သည်၊ ဖဿဖြစ်တော့ ဝေဒနာဖြစ်သည်။ ၎င်းဝေဒနာကို တဏှာ ဉပါဒါန် ဘဝ စသည်မဖြစ်ရအောင် သတိနှင့် စောင့်၍ သတ်ဖို့ပါပဲ။

သတ်ရာမှာလဲ ဝေဒနာသညာ၊ ဝေဒနာသညာနှစ်ပါး ဖြစ်တတ်ရာ၌ သညာဆိုသည်မှာ ပညတ် ဒြပ်သဏ္ဌာန်ကို အာရုံပြု၍ သုံးသပ်ခြင်းကို ဆိုပါသည်။ ဝေဒနာ ပညာဆိုသည်မှာ ပရမတ် အစစ် ဓာတ်အနှစ်ကို အာရုံပြု၍ သုံးသပ်ခြင်းကို ဆိုပါသည်။

ထိုဆိုခဲ့သော ဝေဒနာ သညာမဖြစ်စေပဲ၊ ဝေဒနာပညာ ဖြစ်ပါမှ ဉဒယဗ္ဗဉာဏ် အမြင်သန်၍ မိမိဉာဏ်မှာ တစစသန့်ရှင်း၍ လာပါလိမ့်မည်။

ထိုနောက် ကာယတံခါးကစောင့်၍ သတိနှင့်သုံးသပ်သဖြင့် ထင်ပါများသော်၊ မနောဒွာရဝဇ္ဇန်း ဖြစ်ပြီးသည့်နောက် သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာပါလိမ့်မည်။

ထိုသခ်ါရ ပေက္ခာဆိုတဲ့၊ ပရိကံ ဥပဇာအနုလုံ ဇောများက ကိလေသာတရား ကင်းစင်သွားအောင် ပြုပေးတော့မှ ဂေါတြဘူက နိဗ္ဗာန်ကို မြင်ရရော။ သည်တော့ ဂေါတြဘူက နိဗ္ဗာန်လို့ သညာပေးလိုက်တာနှင့် ဂေါတြဘူ၏ သညာသို့လိုက်၍ ၎င်း ဂေါတြဘူက သညာပေးသော နိဗ္ဗာန်ကို အမှီတံကဲ သဟဲပြုပြီး မဂ်က အနုသယကိုပယ်ပါရော။ ။

မသိတာက အဝိဇ္ဇာ၊ လိုချင်တာက တဏှာ၊ အဝိဇ္ဇာနှင့် တဏှာပူးပေါင်းပြီး အကြောင်းပြုလိုက်တော့ ဇာတိတရားကြီးရတာပေါ့၊ အဲ- ဇာတိတရားဝဋ္ဋကောင်ကြီးရမှဖြင့် ခံရလိမ့်မယ်၊ မညည်းကြနှင့်၊ အဲ- သိတော့ မလိုချင်၊ မလိုချင်တော့ မပြုလုပ်၊ မပြုလုပ်တော့ မရ၊ မရတော့ ငြိမ်းတာပေါ့။ ။

မြတ်စွာဘုရား သခင့်ဟာ မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦးကို ဟောတော်မူတယ်။ အဲဒီတို့ရားက ဘာလဲဆိုတော့ ဓမ္မစကြာတရားလို့ခေါ်တယ်။ ဘယ်လိုများ ဟောတော်မူပါသလဲဆိုတော့-

"စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ"လို့ ဟောတော်မူတယ်။

(၁) စက္ခုံဥဒပါဒိ- ဆိုတာ မှန်တာ မြင်တာပေါ့။

(၂) ဉာဏံ ဥဒပါဒိ- ဆိုတာ မှန်တာမြင်တာကို သိခြင်းပဲဖြစ်တယ်။

(၃) ပညာဥဒပါဒိ- ဆိုတာ အဲဒါကို ပညာက ဝေဘန်ဒ္ဓိကပြုပြီး ဆုံးဖြတ်တာကို ဆိုတယ်။

(၄) ဝိဇ္ဇာဥဒပါဒိ- ဆိုတာ အဲဒါကို သာက အလင်းဓာတ်ကြီးပေါ်မှာ ဝေဘန်ဒ္ဓိကပြုပြီး ဆုံးဖြတ်ခြင်းဖြစ်တယ်။

(၅) အာလောကော ဥဒပါဒိ- ဆိုတာ အဲသလို ပညာက အာလောကကြီးထဲမှာ ဝေဘန်ဒ္ဓိကပြုပြီး အမှန်ဖြစ်ကြောင်း ဆုံးဖြတ်ပဲဖြစ်တယ်။

စက္ခုကဖွင့်ပေးတော့ မှန်တာမြင်တယ်။ မှန်တာမြင်တော့ မှန်တာသိတယ်။ မှန်တာသိတော့ ပညာကဝေဘန်ဒ္ဓိယပြုပြီး ဆုံးဖြတ်တယ်၊ မည်သူ့အ

ပေါ်မှာ ပညာက ဝေဘန်ခွဲကပြုပြီး ဆုံးဖြတ်သလဲ၊ အလင်းခေတ်ကြီးပေါ်မှာ ပညာက ဝေဘန်ခွဲကပြုပြီး ဆုံးဖြတ်တယ်။ မည်သူ့အထဲမှာ ပညာက ဝေဘန်ခွဲကပြုပြီး ဆုံးဖြတ်သလဲ၊ အာလောကကြီးထဲမှာ ပညာက ဝေဘန်ခွဲကပြုပြီး ဆုံးဖြတ်တယ်။ ။

## (ဥာဏ်သုံးပါး)

စိတ်၊ စေတသိတ်၊ ရုပ်မြင်တာကိုပင် (သစ္စာဉာဏ်)လို့ ခေါ်တယ်။ မဂ်ကိစ္စကို (ကိစ္စဉာဏ်)လို့ ခေါ်တယ်။ အနုသယကို မဂ်ကပယ်သတ်လိုက်တော့ အကြောင်းအကျိုးပြတ်တာကိုပင် (ကတဉာဏ်)လို့ ခေါ်တယ်။

| | | | |
|---|---|---|---|
| (၁) | မြင်တတ်သောတရားက | — | ဓမ္မစက္ခု။ |
| (၂) | မြင်အပ်သောတရားက | — | သစ္စာလေးပါ။ |
| (၃) | သိတတ်သောတရားက | — | ဉာဏ်။ |
| (၄) | သိအပ်သောတရားက | — | သစ္စာလေးပါး။ |
| (၅) | ပယ်တတ်သောတရားက | — | မဂ်။ |
| (၆) | ပယ်အပ်သော တရားက | — | သမုဒယ။ |
| (၇) | ပြတ်သောတရားက | — | နိရောဓ။ |

# ပဋိစ္စသမုပ္ပါဒ်တရား

ကျွန်ုပ်သည် ပဋိစ္စသမုပ္ပါဒ်တရားကို အရင် ရေးသားရခြင်းမှာ၊ စာဖတ်သူများအတွက် နောက်ပိုင်း၌ ဖော်ပြမည့် ဝိပဿနာအကြောင်း နားလည်လွယ်စေချင်သောကြောင့်ဖြစ်ပါသည်။

ဝိပဿနာ–ဆိုသည်မှာ ပါဠိဇကားဖြစ်ပြီး မြန်မာလို ဗုဒ္ဓ၏ အဘိဓမ္မာ (ရုပ်နာမ်တရားများကို အထူးရှု၍ ဆင်ခြင်ခြင်း)ပင်ဖြစ်ပါသည်။

သို့ခက်ခဲနက်နဲသိမ်မွေ့လှသော ရုပ်နာမ်တရားများကို အထူးရှု ဆင်ခြင်းအားထုတ်ကျင့်ကြံနိုင်ရန်မှာ၊ လောကကြီး သုံးပါးဟု ဆိုအပ်သော၊ ဩကာသလောက၊ သင်္ခါရလောက၊ သတ္တလောက၊ ဤလောကကြီး သုံးပါးကိုအခြေခံကျကျ ရှုမြင်သုံးသပ်ထားသော၊ ဗုဒ္ဓ၏ (ပဋိစ္စသမုပ္ပါဒ်) ကြောင်းကျိုးကို ဆက်စပ်ခြင်း သဘာဝတရား (၃) သုံးပါးအကြောင်းကို ရှေးဦးစွာ အကျဉ်းသဘောလောက်ကို ကောင်းစွာသိထားရန် လိုအပ်လှ ပေသည်။ ဤကား ဗုဒ္ဓတရားတော်၏ အခြေခံအနှစ်သာရ တရားပင်ဖြစ်သည်။

ထိုမှတဖန် ဒုတိယအနေဖြင့်။ ဗုဒ္ဓ၏အခြေခံ သစ္စာလေးပါး တရားအကြောင်းကို အနည်းဆုံး အကျဉ်းသဘောကို သိထားရပေမည်။

ထိုမှ ဝိပဿနာ ကျင့်စဉ်ရုပ်နာမ်ဖြစ်စဉ် သဘောတရားများကိုကောင်းစွာနားလည်သဘောပေါက်၍ လိုရင်းသို့ ,မြန်မြန်ခရီးရောက်နိုင်မည် ဖြစ်လေသည်။

အကယ်၍ ထိုအခြေခံတရား နှစ်ပါးကို မသိပဲနှင့် ဝိပဿနာသဘော၊ ရုပ်နာမ် တို့၏ ဖြစ်ပျက်ချုပ်ငြိမ်း၊ ဖဿ၊ ဇီဝ ါ၊ ဝေဒနာ၊ စသည်ဖြင့်လျှောက်၍ လုပ်နေပါက၊ သူများရောင်လို့သာ ရောင်ရသော တရားနာ ပုဂ္ဂိုလ်ဆိုသကဲ့သို့၊ အဆင့်ကျော်လွန်းနေသဖြင့်၊ နားရှိ၍သာ ကြားရသည် ဘာမှန်းမသိသောသူ ကေန်မုချဖြစ်နေပေတော့မည်။

ကျွန်ုပ်လည်း ကိုယ်တွေ့ ကြုံခဲ့ဘူး၏။ ကျွန်ုပ်သည် မွေကဋ္ဌိက ဆရာတော်များပို့ချသည့် ဝိပဿနာတရားပွဲများကို လိုက်သွားခဲ့ဘူးရာ၊ တရားဆရာက (ဇီဝ ါ၊ ဖဿ၊ ဝေဒနာ၊ သောက၊ အာရုံ)စသည်ဖြင့် အစီစဉ်နှင့်ဘယ်လို

ပင် ရှင်းပြသည်ကို နားထောင်ရသော်ပြားလည်း၊ အထက်ပါ အခြေခံပာရား များကို မသိခဲ့သဖြင့် အလွန်နက်နဲလှသော ရုပ်နာမ်သဘော မပြောနှင့် နောက်ဆုံး (ဝိပဿနာ) ဆိုသည့် ပါဠိ၏ အဓိပ္ပါယ်ကိုပင် မသိသော ရောင် ခြောက်ဆယ်သမား ဖြစ်ခဲ့ရလေသည်။

အထက်ပါ ပဋိစ္စသမုပ္ပါဒ်နှင့် မမ္မစကြာပာရားများ အကြောင်းမှ ဦး စွာနားမလည်သော၊မကြားဘူးသောသူသည် ဝိပဿနာ ပာရားကျင့်စဉ်ပာရား နာလျှင်၊ အမောင် တောင်မှန်း မြောက်မှန်းမသိတဲ့ကသာ ဖြစ်ချေမည်။ ယို့ ကြောင့် ပထမ ဗုဒ္ဓတရားတော်၏အနှစ်သာရဖြစ်သည့် ပဋိစ္စသမုပ္ပါဒ် အ ကြောင်းကို နားလည်အောင်ရှုပါ။

**ပဋိစ္စသမုပ္ပါဒ်-အကြောင်းကျိုးဆက်စပ်မှု သဘာဝတရား(၃)ရပ်။**
**၁။ သြကာသလောက—**

**စကြဝဠာတည်ဆောက်လာပုံအစ—**



ကြောဝဠာအနန္တမာတ် (၄)ပါးသူ သဘောသူ မသောင်နေမြင်း၊ ယိမ်း ချုပ်တွပ်ပင်မျှမှု။

—(အဝိဇ္ဇာ)
—မသိခြင်း။

၂။ သင်္ခါရလောက-




စကြာဝဠာအနန္တ—
နေ၊လ၊နက္ခတ်၊တာရာ၊
ကမ္ဘာ့မြေကြီး•သည်
များ။

-(သင်္ခါရ)

-သဘာဝပြုပြင် စီရင်ခြင်း။

၃။ သတ္တလောက-




ဝိညာဏကမ္မဇတ်ဝင်၍ သက်ရှိသတ္တဝါဖြစ်ပြီ။

-(ဝိညာဏ)

စိတ်၊ ဝိညာဉ်။

၎င်းလူဖြစ်စဉ်—

ဝိညာဏ— ဝိညာဏ(နာမ်)ကို အကြောင်းပြု၍ ရုပ်ဝတ္ထု ဖြစ်လာသည်။

နာမရူပ— နာမ်နှင့်ရုပ်ကို အကြောင်းခံ၍ (အာယတနဲ ၆-ခု) ပေါ်လာသည်။

သဠာယတန– အကြည်ဓာတ် ခြောက်ခုပါသော (လူ)တွင်၊ အပြင်မှ အဆင်း၊ အနံ့၊ အရသာ၊ ထိတွေ့မှုနှင့်တိုက်ဆိုင်လာသည်။

ဖဿပစ္စယ။

ဝေဒနာ– သတ္တဝါပုဂ္ဂိုလ် တဦးစီ၌၊ ဝေဒနာအဆင့် ရောက်သော် (တဏှာ၊ ဥပါဒါန်၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဆုံးတိုင်အောင် ဒလစပ်ဖြစ်သည်၊ ရပ်နားမနေတော့။

၁။ ဩကာသလောက–အပြင်ဗဟိဒ္ဓမှ၊ မြူများ၊ အစာ၊ ရေ၊ လေ၊ အထိသင်္ခါရ ရင့်လာမှ၊ အမိနှစ်ပါးတို့၏ စားသောက်ရှူရှိုက်မှုဖြင့်၊ ထိုအမိနှစ်ပါး တို့တွင် (သွေးနှင့်လေ) ဓာတ်များကြီးထွား တိုးတက်လာသည်။

၂။ သင်္ခါရလောက – အမိနှင့် အဖ-နှစ်ပါး တို့သည် သင်္ခါရမှု ရင့်ကျက်ပြီး ကွဲပြား ခြားနားလာခဲ့သော၊သဘာဝရုပ်ကြမ်းများ၊ သုခုမ အဆင့် အမြင့်ဆုံးသို့ ရောက်သော် ပဋိသန္ဓိ (တဖန်ပြန်သည်ဆက်စပ်ခြင်း) အဆင့်သို့ ရောက်ပြီး ဝိညာဏက (အသက်)ဓာတ်ဝင်လာသည်။

၃။ သတ္တလောက–ထိုဝိညာဏက (အသက်) ဓာတ်မျိုးစေ့ပါသော ရုပ် (ကာလလရေကြည်)ကိုအသိမှတဆင့် စားသောက်ရှူရှိုက်မှုဖြင့် သင်္ခါရပြုပေးရာမှ၊ နာမ်ရုပ– (ယောကျ်ား၊ မိန်းမ)အမည်ခွဲခြားသတ်မှတ်၍ရသော ရုပ်ပစ္စည်း (လူ)များဖြစ်လာလေသည်။

ထိုလူတွင် အကြည်ဓာတ် (၆)ခုပါ၏။ ယင်း အကြည်ဓာတ် (၆)ခု ရင့်ကျက်ပြီး မွေးဖွား၍ အမိဝမ်းတွင်းမှ လွတ်သော်၊ အပြင် ဗဟိဒ္ဓမှ အဆင်း၊ အနံ့၊ အရသာ၊ ဖောဋ္ဌဗ္ဗါရုံများနှင့် တွေ့သော်၊ ဖဿော၊ ဖဿ တွင် မရပ်ပဲ၊ ဝေဒနာကို တက်ကာ ဒုက္ခတရား အတိဖြစ်ပေတော့သည်။

ပဋိစ္စသမုပ္ပါဒ် —

| | | |
|---|---|---|
| ပဋိစ္စ | — | စွဲ၍၊ မှီ၍။ |
| သမုပ္ပါဒ် | — | ဖြစ်ခြင်းသဘော။ |
| ပဋိစ္စသမုပ္ပါဒ် | — | ကြောင်းကျိုး ဆက်စပ်၍ ဖြစ်ခြင်း သဘာဝတရား။ (စကြာဝဠာ တည်ဆောက်မှု)ကိုခေါ်သည်။ |

## စကြာဝဠာတည်ဆောက်မှုတွင်

၁။ မြူမှုန်မှစ၍ — (၁) ပထဝီ — (မာ၊ ပျော့)ခတ်ပါ။
(၂) အာပေါ — (ဖွဲ့၊ ယို) ။
(၃) တေဇော — (ပူ၊ အေး) ။
(၄) ဝါယော — (တွန်း၊ လှုပ်) ။

ထိုဓာတ်ကြီး တပါးတိုင်း၏ ဓာတ် (၂)မျိုးစီတွင် —

(၁) ပက္ခ
(၂) မိဿက
(၃) သဟာဇာတ
(၄) အညမည
(၅) သမဘာဂ
(၆) ဝိရောဓိ

[illegible]လက္ခဏာ ၆-ချက်စီ ပါရှိနေကြသဖြင့်. (ဖြစ်၊ ပျက်)ကဥ်အနန္တ၊ ရေပ်တန်းဖြစ်လေတော့၏။

ၡင်းအဓိပ္ပာယ် ရှင်းလင်းချက် —

(၁) ပက္ခ — တဖက်၊ တဖက်သတ်တည်း။
(၂) မိဿက — ရောနှောခြင်း။
(၃) သဟာဇာတ — အတူတကွဖြစ်ခြင်း။
(၄) အညမည — (ရုပ်တရား၊ နာမ်တရား) အကြောင်း

နှင့် အကျိုးများ အပြန်အလှန် မိတွယ်နေခြင်း။

(၅) သမဘာဂ — သင့်တင့်ညီမျှခြင်း။

(၆) ဝိရောဓိ — ဆန့်ကျင်ဘက် တရားများ၊ (အကောင်း အဆိုး၊ နေ့နှင့် ည၊ ဖိုနှင့် မ၊ အလင်းနှင့် အမှောင်၊ အပူနှင့် အအေး၊ အပြောနှင့် အမဲ) စသည်ကိုဖြစ်သည်။

# ၁။ ပဋိစ္စသမုပ္ပါဒ် ( အနုလောမ–အနုလုံနည်း ) ပါဠိ။

အကြောင်းကျိုး ဆက်စပ်သည့် တရားစဉ် (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)။

(၁) အဝိဇ္ဇာပစ္စယာ – သင်္ခါရာ။
(၂) သင်္ခါရ ပစ္စယာ – ဝိညာဏံ၊
(၃) ဝိညာဏ ပစ္စယာ – နာမရူပံ။
(၄) နာမရူပ ပစ္စယာ – သဠာယတနံ။
(၅) သဠာယတန ပစ္စယာ – ဖဿော။
(၆) ဖဿ ပစ္စယာ – ဝေဒနာ။
(၇) ဝေဒနာ ပစ္စယာ – တဏှာ။
(၈) တဏှာ ပစ္စယာ – ဥပါဒါနံ၊
(၉) ဥပါဒါနံ ပစ္စယာ – ဘဝေါ။
(၁၀) ဘဝ ပစ္စယာ – ဇာတိ။
(၁၁) ဇာတိ ပစ္စယာ – ဇရာ၊ မရဏ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသာ။

သမ္ဘဝန္တိ၊ ဧဝမေတဿ၊ ကေဝလဿ၊
ဒုက္ခက္ခန္ဓဿ၊ သမုဒယော၊ ဟောတိ။ ။

## ၂။ ၎င်းပဋိစ္စသမုပ္ပါဒ် (အနုလောမ– အနုလုံနည်း) အနက် မြန်မာပြန်။

၁။ (က) **အဝိဇ္ဇာပစ္စယာ** –

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဤသစ္စာလေးပါးကို အဝိဇ္ဇာ (မသိခြင်း) မောဟ– ဟူသော အကြောင်းတရားကြောင့်–

(ခ) **သင်္ခါရ** —

(၁) ပုညာဘိသင်္ခါရ၊ (၂) အပုညာဘိသင်္ခါရ၊ (၃) အနေဉ္ဇာဘိ သင်္ခါရ၊ (သင်္ခါရ) အားထုတ်ပြုခြင်း ခြင်း-ဟူသော အကျိုးတရားကို ဖြစ်ကုန်၏။

၂။ (က) **သင်္ခါရ ပစ္စယာ** —
သင်္ခါရ — အားထုတ်ပြုပြင်ခြင်း—ဟူသောအကြောင်း ကြောင့်—

(ခ) ဝိညာဏံ၊ လောကီဝိပါက် (ဝိညာဉ်)— ဟူသော အကျိုး တရားသည် ဖြစ်၏။

၃။ (က) **ဝိညာဏပစ္စယာ**—
ဝိညာဉ် — ဟူသော အကြောင်းတရားကြောင့်—

(ခ) နာမရူပံ —
နာမ်တရား၊ ရုပ်တရား (နာမ်ရုပ်) တရား— ဟူသော အကျိုး တရားသည် ဖြစ်၏။

၄။ (က) **နာမရူပ ပစ္စယာ** —

နာမ် ရုပ် — ဟူသော အကြောင်းတရားကြောင့်—

(ခ) သဠာယတနံ—

(၁) စက္ခာယတန — စက္ခု — (မျက်စိ)၊
(၂) သောတာယတန — သောတ— (နား)။
(၃) ဃာနာယတန — ဃာန — (နှာခေါင်း)။
(၄) ဇိဝှာယတန — ဇိဝှါ — (လျှာ)၊
(၅) ကာယာယတန — ကာယ — (ကိုယ်ခန္ဓာ)။
(၆) မနာယတန — မနော — (စိတ်— နာမ်)

တည်ရာ- ဟူသော အကျိုး၊ အဇ္ဈတ္တ - အတွင်း ရုပ် (၆) ပါး၊ အာယတနာ တရားသည် ဖြစ်၏။

၅။ (က) **သဠာယတန ပစ္စယာ** -

သဠာရတန - (တည်ရာ) ဟူသော အကြောင်းတရား ကြောင့်-

(ခ) ဖဿော -

(၁) စက္ခုသမ္ဖဿ။ (၂) သောတသမ္ဖဿ။ (၃) ဃာနသမ္ဖဿ။ (၄) ဇိဝှာသမ္ဖဿ။ (၅) ကာယသမ္ဖဿ။ (၆) မနောသမ္ဖဿ ဟူသော (ဖဿ) ထိတွေ့ခြင်းတရား (၆) ပါးသည် ဖြစ်၏။

၆။ (က) **ဖဿပစ္စယာ** -

ဖဿ - (တွေ့ထိခြင်း) ဟူသော အကြောင်း တရား ကြောင့်-

(ခ) ဝေဒနာ-

(၁) စက္ခုသမ္ဖဿဇာဝေဒနာ။

(၂) သောတသမ္ဖဿဇာ ဝေဒနာ၊

(၃) ဃာနသ သမ္ဖဿဇာ ဝေဒနာ။

(၄) ဇိဝှာသမ္ဖဿဇာ ဝေဒနာ။

(၅) ကာယသဿဇာ ဝေဒနာ။

(၆) မနောသမ္ဖဿဇာ ဝေဒနာ ဟူသော- ဝေဒနာ ခံစားခြင်း အကျိုး (၆) ပါး တရားသည် ဖြစ်၏။

၇။ (က) **ဝေဒနာပစ္စယာ** -

ဝေဒနာ (ခံစားခြင်း) ဟူသော အကြောင်းကြောင့်-

(ခ) တဏှာ -

(၁) ကာမတဏှာ၊ (၂) ဘဝတဏှာ၊
(၃) ဝိဘဝ တဏှာ ဟူသော (ဝဋ်) အကျိုးတရား (၃)ပါးသည် ဖြစ်၏။

ရှင်းပြင် –

(၁) ရူပတဏှာ၊ (၂) သဒ္ဒတဏှာ၊
(၃) ဂန္ဓတဏှာ၊ (၄) ရသတဏှာ၊
(၅) ဖောဋ္ဌဗ္ဗတဏှာ (၆) ဓမ္မတဏှာ– ဟူသော အကျိုး (ဝဋ်)တရား (၆)ပါးတို့သည် ဖြစ်၏။

၈။ (က) **တဏှာပစ္စယာ** –

တဏှာ (ဝဋ်) ဖြစ်ခြင်း-- ဟူသော အကြောင်း တရားကြောင့် –

(ခ) ဥပါဒါန် –

(၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊
(၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန်၊
ဥပါဒါန် (စွဲလမ်းခြင်း)တရား (၄) ပါးသည်ဖြစ်၏။

၉။ (က) **ဥပါဒါနပစ္စယာ** –

ဥပါဒါန်(စွဲလမ်းခြင်း)ဟူသောအကြောင်းတရားကြောင့်–

(ခ) ဘဝေါ –

(၁) ကမ္မဘဝ၊ (၂) ဥပ ပတ္တိဘဝ–ဟူသော(အား ထုတ်ပြုပြင်ခြင်း) အကျိုးဖြစ်သော ဘဝတရား (၂)ပါးဖြစ်၏။

၁၀။ (က) **ဘဝပစ္စယာ** –

ကမ္မဘဝ (အားထုတ် ပြုပြင်ခြင်း) ဟူသော အကြောင်းကြောင့် –

(ခ) ဇာတိ –

ပဋိသန္ဓေ– နေခြင်းဟူသော အကျိုးတရားသည် ဖြစ်၏။

၁၁။ (က) **ဇာတိပစ္စယာ**

ဇာတိ (ဖြစ်ခြင်း) ဟူသော အကြောင်းတရားကြောင့်–

(ခ) ဇရာ – မရဏံ

အိုခြင်း၊ သေခြင်းဟူသော ဒုက္ခအကျိုးတရားသည် ဖြစ်၏။

(ဂ) သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှစ်လုံး မသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်း ဟူသော–

အကျိုးဆက် တရားတို့သည် သမ္ဘဝန္တိ ဖြစ်လေကုန်တော့၏။

ဝေ့ အကြင် အကြင်ဆိုအပ်ခဲ့ပြီးတော အကြောင်း၊ ပစ္စည်း၊ အဆက်ဆက်ဟုဆိုအပ်သော အစီရင်ဖြင့် ကေဝလဿ၊ ချမ်းသာခြင်း အစရှိသည်တို့နှင့် မရောယှက်သော၊ ကေဝလဿဒုက္ခန္ဓ၊ ထိုဆင်းရဲတစု၏ သမုဒယော၊ ဖြစ်ခြင်းသည် ဟောတိပြီး၏။ ။

**မှတ်ချက်။** ။ (၁) "အဝိဇ္ဇာ"မှ "ဇာတိ၊ ဇရာ၊ မရဏ"တိုင်အောင်ရှိသည့် တရားတို့သည် (ပရမတ္ထဓမ္မ) ဖြစ်သော တရားကိုယ်နှင့် မုချဖြစ်သော အကြောင်းရင်း၊ အကျိုးရင်းတရားတို့သာ ဖြစ်ကုန်၏။

(၂) "သောက"မှ "ဥပါယာသ"တိုင်အောင်ဖြစ်သည့် တရားတို့သည်(ပရမတ္ထဓမ္မ)တရားဖြစ်သော တရားကိုယ်နှင့် (နိဿန္ဒ) အကျိုးဆက်မျှသာ ဖြစ်သော တရားတို့သာ ဖြစ်ကုန်၏။ ။
(နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်)၊

(အနုလောမ· အနုလုံနည်း မြန်မာပြန်ရိုးရိုး)

(၁) အဝိဇ္ဇာ — ဟူသော အကြောင်းတရားကြောင့်၊
သင်္ခါရ — ဟူသော အကျိုးတရားသည်ဖြစ်၏။
(၂) သင်္ခါရ — ဟူသော အကြောင်းတရားကြောင့်၊
ဝိညာဉ် — ဟူသော အကျိုးတရားသည်ဖြစ်၏။
(၃) ဝိညာဉ် — ဟူသော အကြောင်းတရားကြောင့်၊
နာမ်-ရုပ် — ဟူသော အကျိုးတရား သည်ဖြစ်၏။
(၄) နာမ်-ရုပ် — ဟူသော အကြောင်းတရားကြောင့်၊
သဠာယတန — ဟူသော အကျိုးတရားသည် ဖြစ်၏။
(၅) သဠာယတန — ဟူသော အကြောင်းတရားကြောင့်၊
ဖဿ — ဟူသော အကျိုးတရားသည်ဖြစ်၏။
(၆) ဖဿ — ဟူသော အကြောင်းတရားကြောင့်၊
ဝေဒနာ — ဟူသော အကျိုးတရားသည်ဖြစ်၏။
(၇) ဝေဒနာ — ဟူသော အကြောင်းတရားကြောင့်၊
တဏှာ — ဟူသော အကျိုးတရားသည် ဖြစ်၏။
(၈) တဏှာ — ဟူသော အကြောင်းတရားကြောင့်၊
ဥပါဒါန် — ဟူသော အကျိုး တရားသည် ဖြစ်၏။
(၉) ဥပါဒါန် — ဟူသော အကြောင်းတရားကြောင့်၊
ကမ္မဘဝ — ဟူသော အကျိုးတရားသည် ဖြစ်၏။
(၁၀) ကမ္မဘဝ — ဟူသော အကြောင်းတရားကြောင့်၊
ဇာတိ — ဟူသော အကျိုး တရားသည် ဖြစ်၏။
(၁၁) ဇာတိ — ဟူသော အကြောင်းတရားကြောင့်၊
ဇရာ၊မရဏ — ဟူသော ဒုက္ခ အကျိုးတရားသည် ဖြစ်၏။
(၁၂) ဇာတိဟူသောအကြောင်းတရားကြောင့်—
သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ—ဟူသော
နိဿန္ဒ၊ အကျိုးဆက်တရားတို့သည်ဖြစ်ကုန်၏၊ ။

၃။ ပဋိစ္စသမုပ္ပါဒ် (ပဋိလောမ — ပဋိလုံနည်း) ပါဠိ။

(၁) အဝိဇ္ဇာယတွေဝ် —
(၂) အသေသဝိရာဂ —

(၃) နိရောဓ — သင်္ခါရ နိရောဓော။

(၄) သင်္ခါရ နိရောဓ — ဝိညာဏ နိရောဓော။

(၅) ဝိညာဏ နိရောဓ — နာမရူပ နိရောဓော။

(၆) နာမရူပ နိရောဓ — သဠာယတန နိရောဓော။

(၇) သဠာယတန နိရောဓ — ဖဿ နိရောဓော။

(၈) ဖဿ နိရောဓ — ဝေဒနာ နိရောဓော။

(၉) ဝေဒနာ နိရောဓ — တဏှာ နိရောဓော။

(၁၀) တဏှာ နိရောဓ — ဥပါဒါန နိရောဓော။

(၁၁) ဥပဒါန နိရောဓ — ဘဝ နိရောဓော။

(၁၂) ဘဝနိရောဓ — ဇာတိ နိရောဓော။

(၁၃) ဇာတိ နိရောဓ — ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။

ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ။

## ၄။ ပဋိစ္စသမုပ္ပါဒ် (ပဋိလောမ — ပဋိလုံနည်း) အနက်အဓိပ္ပာယ်။

၁။ (က) အဝိဇ္ဇာယတွေ၀၊ (အဝိဇ္ဇာယ — တု — ဧဝ) ဒုက္ခ သစ္စာ အစရှိသော သစ္စာ လေးပါးတို့ကို ဖုံးလွှမ်း တတ်သည့် (မောဟ) ဟူသော အကြောင်းတရား၏သာလျှင်— အသေဝိရာဂ နိရောဓာ၊

ဝိရာဂ— ဟု ဆိုအပ်သော၊ အရိယာ မဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်—

(ခ) သင်္ခါရ နိရောဓ —

(၁) ပုညာဘိသင်္ခါရ၊ (၂) အပုညာဘိသင်္ခါရ၊

(၃) အာနဋ္ဌာဘိသင်္ခါရ – ဟူသော အကျိုး သင်္ခါရ တရားတို့၏ ချုပ်ခြင်းသည် သသဝတိဖြစ်၏။

၂။ (က) သင်္ခါရနိရောဓာ –
သင်္ခါရ – ဟူသော အကြောင်း တရားတို့၏ ချုပ်ခြင်း ကြောင့်–

(ခ) ဝိညာဏ နိရောဓော –
လောကီဝိပါက်(ဝိညာဉ်)– ဟုဆိုအပ်သောအကျိုးတရား တို့၏ ချုပ်ခြင်းသည်ဖြစ်၏။

၃၊ (က) ဝိညာဏ နိရောဓာ–
လောကီဝိပါက် (ဝိညာဉ်)ဟူသော အကြောင်း တရားတို့ ချုပ်ခြင်းကြောင့်–

(ခ) နာမရူပနိရောဓော –
နာမ်တရား၊ ရုပ်တရား၊ နာမ်ရုပ်တရား – ဟူသောအကျိုး တရားတို့၏ ချုပ်ခြင်းသည်ဖြစ်၏။

၄။ (က) နာမရူပနိရောဓာ –
နာမ်တရား၊ ရုပ်တရား – ဟူသော အကြောင်း တရားတို့ ၏ ချုပ်ခြင်းကြောင့်–

(ခ) သဠာယတနနိရောဓော–
(၁) စက္ခာယတန၊ (၂) သောတာယတန။
(၃) ဃာနာယတန၊ (၄) ဇိဝှါယတန၊
(၅) ကာယာယတန၊ (၆) မနာယတန၊
ဟူသော အကျိုးဖြစ်သည့် ခြောက်ပါးသော အာယန တရားတို့၏ ချုပ်ခြင်းသည်ဖြစ်၏။

၅။ (က) သာဠာယတန နိရောဓာ–
သဠာယတနဟူသော အကြောင်းတရားတို့၏ ချုပ်ခြင်း ကြောင့်၊

(ခ) ဖဿနိရောဓော–
(၁) စက္ခုသမ္ဖဿ၊ (၂) သောတသမ္ဖဿ။

(၃) ဃာနသမ္ဖဿ၊ (၄) ဇိဝှါသမ္ဖဿ။
(၅) ကာယသမ္ဖဿ၊ (၆) မနောသမ္ဖဿ၊

ဟူသည့်အကျိုးဖြစ်သော ခြောက်ပါးသော ဖဿတရားတို့၏ ချုပ်ခြင်းသည်ဖြစ်၏။

၆။ (က) ဖဿနိရောဓာ—
ဖဿ—ဟူသော အကြောင်းတရားတို့၏ ချုပ်ခြင်းကြောင့်၊

(ခ) ဝေဒနာနိရောဓော—

(၁) စက္ခုသမ္ဖဿဇာဝေဒနာ၊

(၂) သောတသမ္ဖဿဇာဝေဒနာ၊

(၃) ဃာနသမ္ဖဿဇာဝေဒနာ၊

(၄) ဇိဝှါသမ္ဖဿဇာဝေဒနာ၊

(၅) ကာယသမ္ဖဿဇာဝေဒနာ၊

(၆) မနောသမ္ဖဿဇာဝေဒနာ-ဟူသည့်အကျိုးဖြစ်သည့် ခြောက်ပါးသော ဝေဒနာတရားတို့၏ ချုပ်ခြင်းသည်ဖြစ်၏

၇။ (က) ဝေဒနာနိရောဓာ–
ဝေဒနာ–ဟူသောအကြောင်းတရားတို့၏ချုပ်ခြင်းကြောင့်

(ခ) တဏှာနိရောဓော–

(၁) ကာမတဏှာ၊

(၂) ဘဝတဏှာ၊

(၃) ဝိဘဝတဏှာ၊ ဟူသောအကျိုးဖြစ်သည့် တဏှာတရားတို့၏ ချုပ်ခြင်းသည်ဖြစ်၏။

**တနည်းသော်ကား—**

(၁) ရူပတဏှာ၊ (၂) သဒ္ဒတဏှာ၊

(၃) ဂန္ဓတဏှာ (၄) ရသတဏှာ၊
(၅) ဖောဋ္ဌဗ္ဗတဏှာ၊ (၆) ဓမ္မတဏှာ၊
ဟူသောအကျိုးတရားတို့၏ ချုပ်ခြင်းသည်ဖြစ်၏။

၈။ (က) တဏှာနိရောဓော —
တဏှာ — ဟူသော အကြောင်း တရားတို့၏ ချုပ်ခြင်း ကြောင့် —

(ခ) ဥပဒါနနိရောဓော —

(၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊
(၃) သီလဗ္ဗတုပါဒါန်၊ (၃) အတ္တဝါဒုပါဒါန်—
ဟူသော အကျိုး ဥပါဒါန် တရားတို့၏ ချုပ်ခြင်း သည်ဖြစ်၏။

၉။ (က) ဥပါဒါန် နိရောဓာ—
ဥပါဒါန် — ဟူသော အကြောင်းတရားတို့၏ ချုပ်ခြင်း ကြောင့်—

(ခ) ဘဝနိရောဓော —
(၁) ကမ္မဘဝ၊ (၂) ဥပပတ္တိဘဝဟူသောအကျိုး တရား ဘဝနှစ်ပါးတို့၏ ချုပ်ခြင်းသည် ဖြစ်၏။

၁၀။ (က) ဘဝနိရောဓော —
ကမ္မဘဝ — ဟူသော အကြောင်းတရားတို့၏ ချုပ်ခြင်း ကြောင့်—

(ခ) ဇာတိနိရောဓော —
ပဋိသန္ဓေနေခြင်း — ဟူသော အကျိုးတရား ဖြစ်သည့် ဇာတိ ချုပ်ခြင်းသည်ဖြစ်၏၊

၁၁။ (က) ဇာတိနိရောဓာ —
ဇာတိ — ဟူသောအကြောင်းတရား၏ချုပ်ခြင်းကြောင့်—

(ခ) ဇရာ၊ မရဏံ —
အိုခြင်း၊ သေခြင်း ဟူသော ဒုက္ခဖြစ်သည့် အကျိုးတရား သည်၊ နိရုဇ္ဈတိ ချုပ်၏။

(ဂ) (၁) သောက၊ (၂) ပရိဒေဝ၊ (၃) ဒုက္ခ၊
(၄) ဒေါမနဿ၊ (၅) ဥပါယာသ။

(၁) စိုးရိမ်ခြင်း၊ (၂) ငိုကြွေးခြင်း၊
(၃) ဆင်းရဲခြင်း (၄) နှစ်လုံးမသာယာခြင်း၊
(၅) ပြင်းစွာ ပင်ပန်းခြင်း— ဟူသော နိဿိန္ဒ အကျိုး ဆက်တရားတို့သည် (နိရုဇ္ဈန္တိ) ချုပ်ကုန်၏။

**မှတ်ချက်။** ။ရှေ့တွင် အနုလုံနည်း ဖော်ပြရာ၌ အကြောင်း အကျိုးဆက် အဓိပ္ပာယ် အပြည့်အစုံပါပြီးဖြစ်၍ ထိုအနုလုံနည်းမှ ပြောင်းပြန် ပြန်သောအားဖြင့် ဤပဋိလောမ— ပဋိလုံနည်းအဓိပ္ပာယ်ကို သိမြင်နိုင်ကြပြီဟုမြော်လင့်၍ ဤတွင်အဆုံးသတ်၏။ ။

**ဝိညာဏပစ္စယာနာမရူပံ** —

ဝိညာဉ်ကြောင့် ဖြစ်ပေါ်လာသော—
(၁) နာမ်တရား )
(၂) ရုပ်တရား ) တို့ရှိ၏။

ထိုတရားနှစ်ပါးတို့၏ အသေးစိပ်ကား—

၁။ **နာမ်တရား** —

(၁) ဝေဒနက္ခန္ဓာ — ခံစားခြင်းသဘောရှိသော တရားစု။

(၂) သညက္ခန္ဓာ — အမှတ်ပြု၍သိခြင်းသဘောရှိသောတရားစု။

(၃) သင်္ခါရက္ခန္ဓာ — တပ်မက်နှစ်သက်ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်းအစရှိသည်တို့(ပြုပြင်ခြင်း)သဘော ရှိသော တရားစု။

(၄) ဝိညာဏက္ခန္ဓာ — သိခြင်းသဘောရှိသော (စိတ်)။

ဤနာမ်တရားစုများသည် (အာရုံညွတ်တတ်သောသဘောပင်တည်း)။

၂။ **ရုပ်တရား** —

(၁) ပထဝီဓာတု — ပထဝီ မြေဓာတ်— (ခက်မာခြင်း၊ ပြော့ပြောင်းခြင်းသဘော)။

(၂) အာပေါဓာတု– အာပေါရေဓာတ်– (ဖွဲ့စီးခြင်း၊ ယိုယွင်းခြင်းသဘော)။

(၃) တေဇောဓာတု– တေဇောမီးဓာတ်– (ရင့်စေခြင်း၊ကျက်စေခြင်း သဘော)။

(၄) ဝါယောဓာတု– ဝါယောလေဓာတ်– (လှုပ်ရှားခြင်း၊ လှုပ်ရှားစေခြင်းသဘော)။

ဤဓာတ်လေးပါးကို မဟာဘုတ် (၄) ပါးဟု ခေါ်၏။ ဤမဟာဘုတ် လေးပါးနှင့်တကွ ထိုရုပ်ကိုမှီ၍ဖြစ်သော စက္ခု၊ သောတ၊ အစရှိသည့် အောက်၌ ဖော်ပြထားသည့် (ဥပါဒါရုပ်– ၂၄)ခုရှိ၏။ ဤ ဝိညာဉ်ကြောင့် ဖြစ်သောတရားစုတို့ကို (နာမ်ရုပ်)တရားဟုခေါ်၏။

**၃။ ရင်းဓာတ်ကြီး (၄)ပါးဖြင့် ဖွဲ့စည်းထားသော ဥပါဒါ ရုပ်တရား ၂၄-ပါး–** (က) ရုပ်ဝတ္ထု– လူ့ခန္ဓာကိုယ်၊

(ခ) အဇ္ဈတ္တ အတွင်းရုပ်၊

ဒွါယ (၆) ပါး– ၁။ စက္ခု – မျက်စိ။

၂။ သောတ – နား။

၃။ ဃာန – နှာခေါင်း။

၄။ ဇိဝှါ – လျှာ။

၅။ ကာယ – ကိုယ်ခန္ဓာ။

၆။ မနော – စိတ်၊ (နာမ်)။

(ဂ) ဗဟိဒ္ဓအပြင် ရုပ်အာရုံ(၆)ပါး) ၁။ ရူပါရုံ – အဆင်း။

၂။ သဒ္ဒါရုံ – အသံ။

၃။ ဂန္ဓာရုံ – အနံ့။

၄။ ရသာရုံ – အရသာ။

၅။ ဖောဋ္ဌဗ္ဗရုံ – (ဖဿ)– အတွေ့၊ အထိ။

၆။ ဓမ္မာရုံ — သုခုမရုပ်၊ သောဋသ၊ စိတ်
(၈၉)၊ စေတသိက်(၅၂)
နိဗ္ဗာန်၊ ပညတ်။

(၉) ဓမ္မာရုံ— (က) စိတ်(နာမ်)— စိတ်ဆိုသည်မှာသိ၍သိ၍နေသော
(သိမှု)သက်သက်ဖြစ်သည်။

**ရင်းစိတ်တခု ရှုတ်(၉၀)—၈၉—ပါး။**

၁။ ကာမစိတ် (၅၄) ပါး၊
၂။ ရူပစိတ် (၁၅) ပါး။
၃။ အရူပစိတ် (၁၂) ပါး။
၄။ လောကုတ္တရာစိတ် (၈) ပါး။
ပေါင်း — ၈၉—ပါး၊

(ခ)— စိတ်ကိုဖြစ်ပေါ်အောင် စေ့ဆော် တွန်းပို့နေ
သော စိတ်အလျဉ်များကိုဆိုသည်။

ဥပမာ — (အာရုံပြုစိတ်၊ ဆန္ဒ၊ စေတနာ၊
သတိ၊ စွဲလမ်းမှု) စသည်များဖြစ်သည်၊

ဝိပဿနာ တရားကျင့်စဉ်များကို မဖတ်မီ၊ ရင်းနှင့် သက်ဆိုင်သည့်
ပါဠိအဓိပ္ပာယ်များကိုလည်း ရှေးဦးစွာသိထားဖို့ လိုပါသည်။ သို့မဟုတ်က
ဝိပဿနာတရားကို လွယ်လွယ်နှင့်သဘောပေါက်နိုင်မည်မဟုတ်ပါ။ အလွတ်
ကျက်ထားပါ။ အောက်ပါအတိုင်းဖြစ်၏။

**(ပါဠိ)အနက် မြန်မာအဖြေများ။**

ဝိဇ္ဇာ — အတတ်ပညာ၊ သိခြင်း၊ တတ်ခြင်း။
အဝိဇ္ဇာ — မောဟ၊ မသိခြင်း၊ တွေဝေခြင်း။
တဏှာ — လောဘ၊ တတ်မက်ခြင်း၊ စွဲလမ်းခြင်း။

ကာမ — အလိုဆန္ဒ၊ မေထုန်။

ကာမတဏှာ — အာရုံငါးပါးနှင့် မေထုန်မှုတို့၌ စွဲလမ်းခြင်း။

ဘဝတဏှာ — အရာခပ်သိမ်းသည် မြဲ၏ဟု စွဲလမ်းခြင်း၊ ယူခြင်း။

ဝိဘဝတဏှာ — သေပြီးနောက် ဘာမျှမဖြစ်ဟု ယူခြင်း။

ဝိညာ — စိတ်၊ ဝိညာဉ်၊ အထူးသိခြင်း။

သဋ္ဌာ — တည်ရာ၊ တည်ခြင်း။

ဥပါယ — ပင်ပန်းခြင်း။

ဝိ — အလွန်၊ အကဲ၊ အထူးဆိုခြင်း (ဖြစ်ခြင်း)။

ဘဝ — ဌာန၊ အရပ်၊ ပြည်၊ ဘုံ၊ ယူ့ဘဝ၊ လူ့ရပ်၊ လူ့ပြည်။

ဝေဒနာ — အနာရောဂါ။

ဇာတိ — မူလ၊ ဇစ်မြစ်။

ဇရာ — အိုခြင်း။

မရဏ — သေခြင်း။

သင်္ခါ — ဆင်ခြင်ခြင်း။

သင်္ခါယ — မမြဲသော၊ အမြဲမရှိခြင်း။

အနိစ္စ — ပြုပြင်စီရင်ခြင်း။

သင်္ခါယလောက — ပြုပြင် ပြောင်းလဲနေခြင်း (ပရမတ်သဘော)။

ဒုက္ခ — ဆင်းရဲခြင်း။

အနတ္တ — အစိုးမရသော၊ ကိုယ့်ကိုယ် မဟုတ်သော၊ အကျိုးမဲ့၊ အဓိပ္ပာယ်မရှိသော။

သောက — စိုးရိမ်ခြင်း၊ ပူပန်ခြင်း။

ပရိဒေဝ — ပူဆွေးခြင်း၊ သည်းစွာငိုခြင်း။

ပဋိပတ္တိ — သီလကျင့်ခြင်း၊ ဆောက်တည်ခြင်း။

ပရိယတ္တိ — စာပေ ပရိယတ်။

ပဋိဝေဓ — ထိုးထွင်းသိခြင်း။

ပဋိလောမ — ပဋိလုံ၊ လက်ဝဲရစ်၊ ပြောင်းပြန်ဖြစ်သော။

အနုလောမ — အနုလုံ၊ အစဉ်အတိုင်း။ သင့်လျော်ခြင်း။

အနုပဋိလောမ— အပြန်အလှန်ပြုခြင်း။

အနုလောမဉာဏ်— ဝိပဿနာဉာဏ်။

ပဋိစ္စသမုပ္ပါဒ် — အကြောင်းအကျိုး ဆက်စပ်၍ဖြစ်သော တရား။

အနုဿတိ — အဖန်တလဲလဲအောင်မေ့ခြင်း။

အနုမာန — ကြံဆခြင်း။

လောဘ — တောင့်တခြင်း။ အလိုကြီးခြင်း။

ဒေါသ — အမျက်ကြီးခြင်း၊ ကြောင့်ကြခြင်း၊ ပြစ်မှားခြင်း။

မောဟ — တွေဝေခြင်း၊ မသိခြင်း။

အမောဟ — မတွေဝေခြင်း၊ သိခြင်း။

ရာဂ — ကာမဂုဏ်အလုပ်။

ဥပါဒါန် — စွဲလမ်းခြင်း။

ဒေါမနဿ — နှစ်လုံးမသာခြင်း၊ စိတ်မချမ်းသာခြင်း။

ကုသိုလ် — ကောင်းမှု။

အကုသိုလ် — မကောင်းမှု။

ဘာဝနာ — ပွားများခြင်း။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း။

သီလ — အကျင့်၊ အလေ့၊ ရှောင်ကြဉ်ခြင်း၊ သီလကျင့်ခြင်း၊ ဥပုသ်ပြုခြင်း။

ဒါန — အလှူ။

သမာဓိ — စိတ်တည်ငြိမ်ခြင်း။
သမာဒိဋ္ဌိ — အမြင်မှန်။
ဒိဋ္ဌိ — အယူမှား၊ ကောင်းမှန်းဆိုးမှန်းမသိသောအယူဝါဒ။
ဝိမုတ္တိ — လွတ်မြောက်ခြင်း။
ဥပ္ပါဒ — ဖြစ်ခြင်း။
အဇ္ဈတ္တ — အတွင်းရုပ်။
ဗဟိဒ္ဓ — အပြင်ရုပ်။
သုခေါ — ချမ်းသာခြင်း။
ဒုက္ခ — ဆင်းရဲခြင်း။
ဝိစိကိစ္ဆာ — ရှုံမှားခြင်း၊ မသေချာ၊ မရေရာခြင်း။
ပရမတ္ထသစ္စာ — မဖောက်မပြန်သော အမှန်တရား။
သမုတိသစ္စာ — လွတ်မြောက်ကြောင်းအစစ်အမှန်။
သစ္စာ — မှန်ကန်ခြင်း၊ အစစ်၊ တည်မြဲခြင်း။

**၁။ ကုသိုလ်ကံ ပါဠိအနက်များ။**

၁။ ဒါန — အလှူပေးခြင်း။
၂။ သီလ — သီတင်းသီလ ဆောက်တည်ကျင့်သုံးခြင်း။
၃။ ဘာဝနာ — ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၊ ပွားများခြင်း။
၄။ အပစာယန — အမိ၊ အဘ၊ ဆရာသမားတို့အား အရိုအသေ ပြုခြင်း။
၅။ ဝေယျာဝစ္စ — အမိ၊ အဘ၊ ဆရာသမားတို့၏ အမှုကြီးငယ်ကို ပြုခြင်း။
၆။ ပတ္တိဒါန — မိမိကုသိုလ်ကောင်းမှုကို သူတပါးတို့အား အမျှ ပေးဝေခြင်း။

၇။ ပတ္တာနုမောဒနာ — သူတပါးပြုသော ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓု အနုမောဒနာ ခေါ်ခြင်း။

၈။ ဓမ္မဿဝန — တရားတော်များကို ကြားနာခြင်း။

၉။ ဓမ္မဒေသနာ — တရားစကား ဟောပြောပြဆိုခြင်း။

၁၀။ ဒိဋ္ဌုဇုကမ္မ — ဖြောင့်မတ်စွာ ကောင်းသောအယူကိုယူခြင်း။ (ပုညကြိယာဝတ္ထုတရား (၁၀)ပါး၊ ဆယ်ပါးသီလ)။

၁၁။ အလောဘ — မလိုချင်ခြင်း။

၁၂။ အဒေါသ — မပြစ်မှားခြင်း၊ အမျက်မထွက်ခြင်း၊ မကြောင့်ကြခြင်း။

၁၃။ အမောဟ — မတွေဝေခြင်း။

၁၄။ ယောနိသော မနသိကာရ — ဆင်ခြင်ဉာဏ်နှင့် နှစ်လုံးသွင်းခြင်း၊ အကြောင်းအကျိုး ညီညွတ်စွာနှစ်လုံးသွင်းခြင်း။

၁၅၊ သမ္မာပဏိဟိတ စိတ္တ — ကောင်းစွာထားအပ်သောစိတ်။

## ၂။ အကုသိုလ်ကံပါဠိအနက်များ။

၁။ ပါဏာတိပါတာ — သူတပါးအသက်ကိုသတ်ခြင်း၊

၂။ အဒိန္နာဒါနာ — သူတပါးဥစ္စာကိုခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ — သူတပါးသားမယားကိုပြစ်မှားခြင်း။

၄။ မုသာဝါဒါ — မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း။

၅။ ပိသုဏာဝါစာ — မေတ္တာ ပျက်အောင် ဂုံးချောခြင်း။

၆၊ ဖရုသဝါစာ — ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း။

၇။ သမ္ဖပ္ပလာပဝါစာ — သိမ်ဖျင်းသောစကားကိုပြောဆိုခြင်း။

၈။ အဘိဇ္ဈာ — သူတပါး၏စည်းစိမ်ကို ရယူလိုခြင်း။

၉။ ဗျာပါဒ — သူတပါး အသက်စီးစိမ်ကို ပျက်စေလိုခြင်း။

၁၀။ မိစ္ဆာဒိဋ္ဌိ — မှားသော အယူဝါဒကိုယူခြင်း။

၁၁။ ဟိတ်(ဟေတု) — အကျိုးကို ဖြစ်စေတတ်သော မုက္ခ အကြောင်း။

၁၂။ ပစ္စည်း(ပစ္စယ) — အထောက်အပံ့ဖြစ်သော အကြောင်းဆက်။

၁၃။ လောဘ — လိုချင်တတ်မက်ခြင်း။

၁၄။ မောဟ(အဝိဇ္ဇာ) — တွေဝေခြင်း၊ မသိခြင်း။

၁၅။ အယောနိသော မနသိကာရ — ဆင်ခြင်ဉာဏ် ကင်းမဲ့စွာ နှစ်လုံးသွင်း အကြောင်းကျိုး ဆန့်ကျင်စွာ နှစ်လုံးသွင်းခြင်း။

၁၆။ မိစ္ဆာပဏိဟိတစိတ္တ — မှားယွင်းစွားထားသော(စိတ်)။

**၃။ ပဋိစ္စသမုပ္ပါဒဝိဘင်း(ပါဠိ)အသေးစိပ်အနက်။**

၁။ **အဝိဇ္ဇာ** — မသိခြင်း(မောဟ)တွေဝေခြင်း။

၁။ သင်္ခါရ — ပြုပြင်တတ်သော၊

၂။ ပုညာဘိသင်္ခါရ — ကာမဘုံ၌ အကျုံးဝင်သော ဒါန ပြုရာ၌လည်းကောင်း၊ သီလ စောင့်ရာ၌လည်းကောင်း၊ ဘာဝနာ ပွား များရာ၌လည်းကောင်းဖြစ်ကြသော ကာမာဝစရ ကုသိုလ်စေတနာ(၈) ရှစ်ခုသည်လည်းကောင်း၊ ရူပါဝါ စရဘုံ၌ အကျုံးဝင်သော ဘာဝနာ

ပွားများ မှုကြောင့် ရူပါ ဝစရ ကုသိုလ် စေတနာ (၅)ငါးခုသည် လည်းကောင်း၊ဤကုသိုလ်စေတနာ (ပုညာဘိသင်္ခါရ)မည်၏။

၃။ အပုညာဘိသင်္ခါရ – ကာမဘုံ၌ အကျုံးဝင်သော ဒုစရိုက်မှုပြုရာ၌ဖြစ်သော အကုသိုလ် စေတနာ (၁၂) ဆယ့်နှစ်ခုသည် (အပုညာဘိသင်္ခါရ)မည်၏၊

၄။ အနေဉ္ဇာဘိသင်္ခါရ– အရူပဘုံ၌အကျုံးဝင်သောဘာဝနာပွားများမှုကြောင့်ဖြစ်သော အရူပါဝစရ ကုသိုလ်စေတနာ (၄)လေးခုသည် (အနေဉ ညာဘိ သင်္ခါရ) မည်၏။

၅။ ကာယသင်္ခါရ – ကာမဒွါရ၌ဖြစ်သော ကာမကုသိုလ် စေတနာနှင့် အကုသိုလ်စေတနာတို့သည် (ကာယသင်္ခါရ)မည်၏၊

၆၊ ဝစီသင်္ခါရ – ဝစီဒွါရ၌ ဖြစ်သော ကာမ ကုသိုလ် စေတနာနှင့် အကုသိုလ် စေတနာတို့သည် (ဝစီသင်္ခါရ)မည်၏။

၇။ စိတ္တသင်္ခါရ – ကာယ ပညတ်နှင့် ဝစီ ပညတ်ကို မနော ဒွါရ၌သာဖြစ်သောစေတနာသည် (စိတ္တသင်္ခါရ)မည်၏၊

ဤတရားသဘောတို့ကို (အဝိဇ္ဇာပစ္စယာသင်္ခါရာ) အဝိဇ္ဇာကြောင့်ဖြစ်သော (သင်္ခါရတရား)တို့မည်၏။

၁။ ဝိညာဏံ (ဝိညာဉ်)– စိတ်

၂။ စက္ခုဝိညာဉ် – စက္ခု(မျက်စိ)ပသာဒ ရုပ်ကိုမှီ၍ဖြစ်သောစိတ်။

၃။ သောတဝိညာဉ် – သောတ(နား) ပသာဒ ရုပ်ကိုမှီ၍ ဖြစ်သော စိတ်။

၄။ ဃာနဝိညာဉ် – ဃာန(နှာခေါင်း)ပသာဒရုပ်ကိုမှီ၍ ဖြစ်သောစိတ်။

၅။ ဇိဝှာဝိညာဉ် — ဇိဝှာ(လျှာ) ပသာဒ ရုပ်ကိုမှီ၍ဖြစ်သော စိတ်။

၆။ မနောဝိညာဉ် — မနော (နှစ်လုံး) အိမ်တွင်း၌ ဖြစ်သောစိတ်။

ဤတရားသဘောတို့ကို (သင်္ခါရပစ္စယာဝိညာဏံ) (သင်္ခါရ)ကြောင့်ဖြစ်သော 'ဝိညာဉ်'တရားမည်၏၊

၄။ **နာမရူပံ**— ၁။ နာမ်တရား။

၂။ ရုပ်တရား၊

၁။ နာမ်တရား— ၁။ ဝေဒနက္ခန္ဓာ — စားခြင်းများ။

၂။ သညက္ခန္ဓာ — အမှတ်ပြု၍ သိခြင်းများ။

၃။ သင်္ခါရက္ခန္ဓာ — တပ် မက် နှစ် သက်ခြင်း၊ ပြစ်မှားခြင်း။ တွေဝေခြင်း စသည် ပြုပြင်ခြင်း သဘောများ။

၄။ ဝိညာနက္ခန္ဓာ — သိခြင်း သဘောရှိသောစိတ်။

၂။ ရုပ်တရား— ၁။ ပထဝီ — မြေဓာတ် မာခြင်း၊ ပျော့ခြင်း သဘော။

၂။ အာပေါ — ရေဓာတ် ဖွဲ့စီးခြင်း။

၃။ တေဇော — မီးဓာတ် ရင့်ကျက်စေ ခြင်း၊ လောင်ကျွမ်းခြင်း။

၄။ ဝါယော — လေဓာတ် လှုပ်ရှားခြင်းသဘော။

ဤတရားသဘောတို့ကို(ဝိညာဏပစ္စယာနာမရူပံ) (ဝိညာဉ်)ကြောင့်

ဖြစ်သော **နာမ်ရုပ်** တရားဖြစ်၏။

၅။ **ဖဿ** တွေ့ထိခြင်း။

၁၊ စက္ခုသမ္ဖဿ — စက္ခုပသာဒ ရုပ်၌မှီ၍ဖြစ်သောတွေ့ထိမှု။

၂၊ သောတသမ္ဖဿ — သောတ ပသာဒရုပ်၌ မှီ၍ဖြစ်သော တွေ့ထိမှု။

၃။ ဃာနသမ္ဖဿ — ဃာနပသာဒရုပ်ကိုမှီ၍ဖြစ်သောတွေ့ထိမှု။

၄။ ဇိဝှာသမ္ဖဿ — ဇိဝှာ ပသာဒရုပ်၌မှီ၍ဖြစ်သောတွေ့ထိမှု။

၅။ ကာယသမ္ဖဿ — ကာယပသာဒရုပ်၌မှီ၍ဖြစ်သောတွေ့ထိမှု။

၆။ မနောသမ္ဖဿ — လောကီဝိပါက်စိတ်တို့၌ ယှဉ်သော တွေ့ထိမှု။

ဤတရားသဘောကို (၁) အာယတနပစ္စယာဖဿော အာယတန တရား (၆)ပါးကြောင့် ဖြစ်သော (ဖဿ) ၆-ပါးမည်၏။

၆။ **ဝေဒနာ** — ခံစားခြင်း၊

၁။ စက္ခုသမ္ဖဿဇာဝေဒနာ — စက္ခုရုပ်၌ တွေ့ထိ မှုကြောင့် ဖြစ်သောခံစားခြင်းသဘော။

၂။ သောတသမ္ဖဿဇာဝေဒနာ — သောတ ရုပ်ကိုမှီ၍ တွေ့ထိမှု ကြောင့်ဖြစ်သော ခံစားရခြင်း သဘော။

၃။ ဃာနသမ္ဖဿဇာ ဝေဒနာ — ဃာန ရုပ်၌ မှီ၍ တွေ့ထိမှု ကြောင့် ဖြစ်သော ခံစားရ ခြင်းသဘော။

၄။ ဇိဝှာသမ္ဖဿဇာ ဝေဒနာ — ဇိဝှာ ရုပ်၌ မှီ၍ တွေ့ထိမှု ကြောင့် ဖြစ်သော ခံစားခြင်း သဘော၊

၅။ ကာယ သမ္ဖဿဇာ ဝေဒနာ — ကာယ ရုပ်၌ မှီ၍ တွေ့ထိမှု ကြောင့် ဖြစ်သော ခံစားခြင်း သဘော။

၆။ မနောသမ္ဖဿဇာ ဝေဒနာ — မနော အတွေ့ကြောင့် ဖြစ် သော ခံစားရခြင်း သဘော။

ဤတရားသဘောကို (ဖဿပစ္စယာ ဝေဒနာ) ဖဿတရား (၆)ပါး ကြောင့်ဖြစ်သော (ဝေဒနာ) ၆-ပါးမည်၏။

**၇။ တဏှာ** — တပ်မက်စွဲလမ်းခြင်း။ လောဘ၊

၁။ ရူပတဏှာ — အဆင်း ဟူသော (ရူပါရုံ)၌ တပ်မက်ခြင်း (လောဘ၊ စေတသိတ်)။

၂။ သဒ္ဒတဏှာ — အသံ ဟူသော (သဒ္ဒါရုံ)၌တပ်မက်ခြင်း။

၃။ ဂန္ဓတဏှာ — အနံ့ ဟူသော (ဂန္ဓာရုံ)၌တပ်မက်ခြင်း။

၄။ ရသတဏှာ — အရသာ ဟူသော (ရသာရုံ)၌ တပ်မက် ခြင်း၊

၅။ ဖောဋ္ဌဗ္ဗတဏှာ — အတွေ့ ဟူသော (ဖောဋ္ဌဗ္ဗာရုံ)၌ တပ် မက်ခြင်း၊

ဤတရားသဘောကို (ဝေဒနာပစ္စယာတဏှာ) (ဝေဒနာ)ကြောင့် ဖြစ်သောတဏှာ(၆)ပါးမည်၏။

**ဂ။ ဥပါဒါန်** — စွဲလမ်းခြင်း။

၁။ ကာမုပါဒါန် — ကာမဂုဏ်၌ စွဲလမ်းခြင်း။

၂။ ဒိဋ္ဌုပါဒါန် — ကံ-ကံ၏ အကျိုးကို မယုံကြည်မှု၌ စွဲလမ်း ခြင်း။

၃။ သီလဗ္ဗတုပါဒါန် — နွား စသည်တို့၏ အလေ့အကျင့်ဖြင့် သံ သရာမှ စင်ကြယ်၏ဟုစွဲလမ်းခြင်း။

၄။ အတ္တဝါဒုပါဒါန် – ခန္ဓာငါးပါး၌ အတ္တဟု စွဲလမ်းခြင်း။

၉။ **ဘဝ** – ဘုံ၊ ဌာန၊ အရပ်။ (လူ့ရပ်၊ လူ့ဌာန) – လူ့ဘုံ)။

၁။ ကမ္မဘဝ။

၂၊ ဥပပတ္တိဘဝ။

**၁**။ ကမ္မဘဝ – (က) ပုညာဘိသင်္ခါရ- ) ကမ္မဘဝ
( ခ) အပုညာဘိသင်္ခါရ- ) မည်၏။
( ဂ) အနေနဉ္စာဘိသင်္ခါရ- )

၂၊ ဥပပတ္တိဘဝ – (က) ကာမဘဝ၊ ( ခ) ရူပဘဝ၊
( ဂ) အရူပဘဝ၊ (ဃ) သညာဘဝ၊
( င) အသညာဘဝ၊ (စ) နေဝသညာ
နာသညာဘဝ၊

(ဆ) ဧကဝေါကာရဘဝ၊

( ဇ) စတုဝေါကာရဘဝ၊

( ဈ) ပဉ္စဝေါကာရ ဘဝ။

**၁၀**။ **ဇာတိ** – ဖြစ်ခြင်း။

၁။ သဉ္ဇာတိ – ကောင်းစွာဖြစ်ခြင်း။

၂။ ဩက္ကန္တိ – အမိဝမ်းဗိုက်သို့ သက်ဝင်ခြင်း၊

၃။ အဘိနိဗ္ဗတ္တိ – သတ္တဝါ ဟူသော အသစ် ဖြစ်ခြင်း
"ပညတ်"ခေါ်ပုံနည်းအားဖြင့်(ဖြစ်ခြင်း)
သည် ဇာတိမည်၏။

၄။ ခန္ဓာနံပါတုဘဝ– ခန္ဓာငါးပါးတို့၏ ထင်ရှားစွာ ဖြစ်ခြင်း။

၅။ အာယတနာ

နံပဋိလာဘ — အရတနာတရားတို့ကို ရခြင်းသည် "ပရမတ်" ခေါ်ပုံနည်း အားဖြင့် (ဖြစ်ခြင်း) ဓာတ်မည်၏။

**မှတ်ချက်။** ။ ဤာပစ္စယာ — ဆိုရာ၌ ကာမဘဝကို မှတ်ယူရာ၏။

**၁၁။** ဇရာ — အိုခြင်း။

၁၊ ဇိရဏတာ — ဆွေးမြေ့ခြင်း။

၂၊ ခဏ္ဍိစ္စ — သွားကျိုးခြင်း။

၃။ ပါလိစ္စ — ဆံဖြူခြင်း။

၄။ ဝလိတ္တစတာ — အရေတွန့်ခြင်း။

၅။ အာယုနောသံဟာနိ— အသက်၏ ဆုတ်ယုတ်ခြင်း။

၆။ ဣန္ဒြိယာနံ
ပရိပါကော — မျက်စိ၊ နား၊ စသည် ဗဒ္ဓ ရုပ်တို့ ရင့်ရော်ခြင်း။

ပရမတ် ခေါ်ပုံအားဖြင့် ဤလက္ခဏာများသည် (ဇရာ – အိုခြင်း မည်၏။

**၁၂။** [illegible]ဏ — သေခြင်း။

၁။ စုတိ — ရွေ့လျော့ခြင်း။

၂၊ စဝနာတာ — ၎င်း။

၃။ ဘေဒေါ — ပျက်စီးခြင်း။

၄။ အန္တရဓာနံ — ကွယ်ခြင်း။

၅။ မစ္စု — သေခြင်း၊

၆။ မရဏံ — အသက်ကိုစွန့်ခြင်း။

၇။ ကာလံတရိယာ– သေခြင်းကို ပြုခြင်း။

၈။ ခန္ဓာနံဘေဒေါ– ခန္ဓာငါးပါး၏ ပျက်စီးခြင်း။

၉။ ကဠေဝရဿ
နိက္ခေမေ – ခန္ဓာငါးပါးကို ပစ်ချခြင်း။

၁၀။ ဇိဝိတိန္ဒြိယဿ
ပစ္ဆေဒေါ – အသက်ပြတ်ခြင်း။

ဤတရားသဘောကို (ဇာတိပစ္စယာ ဇရာမရဏံ) ဇာတိ- ကြောင့် ဖြစ်သော (အိုခြင်း- ဇရာ၊ သေခြင်း- မရဏ) ဖြစ်၏။

၁၃။ **သောက** – စိုးရိမ်ပူပန်ခြင်း။

၁။ ဉာတိဗျသန – ဆွေမျိုးတို့ပျက်စီး၍လည်းကောင်း။

၂၊ ဘောဂဗျသန – စည်းစိမ် ဥစ္စာတို့ ပျက်စီး၍ လည်း ကောင်း။

၃။ ရောဂါဗျသန – အနာရောဂါနှိပ်စက်၍လည်းကောင်း။

၄။ သီလဗျသန – အကျင့်သီလပျက်၍လည်းကောင်း။

၅။ ဒိဋ္ဌိဗျသန – အကျင့်ဝါဒပျက်၍လည်းကောင်း။

တမျိုးမျိုးဒုက္ခဖြင့် နှိပ်စက်အပ်၍ စိုးရိမ်ပူပန်ခြင်းသည်လည်းကောင်း၊ နှစ်လုံးမသာယာခြင်းသည် လည်းကောင်း။ ဤသဘောကို (ဇာတိ) ကြောင့် ဖြစ်သော (စိုးရိမ်ခြင်း- သောက) မည်၏။

၁၄။ **ပရိဒေဝ** – ငိုကြွေးမြည်တမ်းခြင်း။

သောက၏ အပြားအတိုင်း၊ အာဒေဝ – ရည်သန်၍ ငိုကြွေးခြင်း၊ ပရိဒေဝ – ပြောကြား၍ ငိုကြွေးခြင်း၊ လာလပ္ပ – အဖန်ဖန် မြည်တမ်းခြင်း သဘောတို့သည် (ဇာတိ)အကြောင်းကြောင့် (ငိုကြွေး မြည်တမ်းခြင်း – ပရိဒေဝ)မည်၏။

**၁၅။ ဒုက္ခ** – ဆင်းရဲခြင်း။

၁။ ကိုယ်၌ဖြစ်သော ဝေဒနာသည်လည်းကောင်း။

၂။ ကိုယ်၌ဖြစ်သော မချမ်းသာခြင်းသည်လည်းကောင်း။

၃။ ကာယဥ္စမှီ၍ ဖဿကြောင့် ဆင်းရဲခြင်းသည် လည်းကောင်း။

ဇာတိကြောင့်ဖြစ်သော ဤဝေဒနာများသည် (ဒုက္ခ- ဆင်းရဲခြင်း) မည်၏။

၁၆။ **ဒေါမနဿ** – စိတ်မချမ်းသာခြင်း၊ နှစ်လုံးမသာယာခြင်း။

၁။ စိတ်မချမ်းသာခြင်း။

၂။ စိတ်ဆင်းရဲခြင်း။

ဤသဘောများသည် (စိတ်မချမ်းသာခြင်း - ဒေါမနဿ)မည်၏။

၂၇။ **ဥပါယာသ** – ပြင်းစွာ ပင်ပန်းခြင်း။

**မှတ်ချက်။** ။

၁၊ သောက – နွေးနွေးမျှပူသော ဆီပူအိုး အတွင်း၌ ကျက်သော ဆီပူကဲ့သို့ ကိုယ်တွင်း၌ တနွေးနွေးဖြင့် ပူဆွေးစိုးရိမ်နေခြင်းသည် (သောက)မည်၏၊

၂။ ပရိဒေဝ – အလွန်ပူသော အပူရှိန်ကြောင့် ဆီပူအိုးတွင်း၌ လျှံ၍ ဝေ၍ အပြင်သို့ကျသောဆီကဲ့သို့ ကိုယ်တွင်း၌ မြိုသိပ်၍မထားနိုင်ပဲ၊ ငိုကြွေးမည်တမ်းခြင်းသည် (ပရိဒေဝ)မည်၏။

၃။ ဥပါယာသ— ဆီပူအိုးမှ ပြင်ဘက်သို့ လျှံ၍ (ဝေ၍) ကျပြီးနောက် ထပ်မကျနိုင်ပဲ ဆီပူအိုး အတွင်း၌ပင် ကုန်ခန်းသည့်တိုင်အောင် ပူသော ဆီအိုးကဲ့သို့ ပြင်ဘက်သို့ မထွက်ပဲ ကိုယ်တွင်း၌သာ ပင်ပန်းကြီးစွာ ပူနေခြင်းသည် (ဥပါယာသ) မည်၏။

# (ဓမ္မစကြာတရား)

**ဗုဒ္ဓဝါဒ အခြေခံ — ဓမ္မစကြာတရား။**

၁။ သစ္စာလေးပါး — (က) ဒုက္ခသစ္စာ။
(ခ) သမုဒယသစ္စာ။
(ဂ) နိရောဓသစ္စာ။
(ဃ) မဂ္ဂသစ္စာ။

"စတုသစ္စပိနိမုတ္တော ဓမ္မော နာမနတ္ထိ"
ပိဋကတ (၃)သုံးပုံ၌ သစ္စာလေးပါးနှင့် လွတ်သော တရားဟူ
သည် မရှိ၊ ဤတရားသည်သာ အခြေခံဖြစ်၏။

၂။ ဓမ္မစက္ကပဝတ္တနသုတ္တ (ဓမ္မစကြာတရား)

ဒုက္ခသစ္စာ။
၁။ ဖြစ်ပျက်။
၂။ လိုချင်
၃။ အစွဲ။

သမုဒယသစ္စာ
တဏှာ။
၁။ ကာမတဏှာ
၂။ ဘဝတဏှာ
၃။ ဝိဘဝတဏှာ။
ဥပါဒါန်
၁။ ကာမုပါဒါန်။
၂။ ဒိဋ္ဌုပါဒါန်။
၃။ သီလဗ္ဗတုပါဒါန်။
၄။ အတ္တဝါဒုပါဒါန်။

နိရောဓသစ္စာ။
နိဗ္ဗာန်။

မဂ္ဂသစ္စာ
မဂ္ဂင်ရှစ်ပါး။
၁။ သမ္မာဒိဋ္ဌိ )
၂။ သမ္မာသင်္ကပ္ပ ) ပညာ
၃။ ဝါစာ (
၄။ ကမ္မန္တ ( သီလ။
၅။ အာဇီဝ (
၆။ ဝါယမ )
၇။ သတိ ) သမာဓိ။
၈။ သမာဓိ။ )

၁။ ဤ— ဖြစ်၊ ပျက်၊ လိုချင်၊ အစွဲ (တေပုမ္မက) တရားစုတို့
သည် (ဒုက္ခတည်း)။

၂။ တဏှာလောဘသည် (ဒုက္ခဖြစ်ကြောင်းတည်း)။

၃။ နိရောဓသစ္စာသည် (ဒုက္ခချုပ်ငြိမ်းရာ) နိဗ္ဗာန်တည်း။

၄။ မဂ္ဂသစ္စာ၊ မဂ္ဂင်ရှစ်ပါးလမ်းစဉ်သည် (ဒုက္ခချုပ်ငြိမ်းရာအကျင့်တည်း)။

**နောက်တဖန်** –

၁။ ဒုက္ခသစ္စာ ဉာဏ်သည်– သက္ကာယဒိဋ္ဌိကိုခွာ၏–(သိပါ)။

၂။ သမုဒယသစ္စာဉာဏ်သည်– ဥစ္ဆေဒဒိဋ္ဌိကိုခွာ၏–(ပယ်ပါ)။

၃၊ နိရောဓသစ္စာဉာဏ်သည်–သဿတဒိဋ္ဌိကိုခွာ၏–(နိဗ္ဗာန်ဆိုက်၏)။

၄။ မဂ္ဂသစ္စာဉာဏ်သည်-အကရိယာဒိဋ္ဌိကိုခွာ၏(ပွားများကျင့်ကြံပါ)

လောကကြီးသုံးပါး၌ ဤသစ္စာလေးပါး တရားသည်သာ အကျိုးနှင့်စပ်၏။ မြတ်သော အကျင့်၏ အစဖြစ်၏။ ဝဋ္ဋဆင်းရဲမှ ငြိမ်းရာဖြစ်၏။ ရာဂကင်းခြင်းငှာ ဖြစ်၏။ ကိလေသာမီးငြိမ်းခြင်းငှာဖြစ်၏။ အထူးတလည် ကိုယ်တိုင်သိခြင်းငှာဖြစ်၏။ ။ **(သီလက္ခန် ပါဠိတော်)**။

**မှတ်ချက်။** ။သစ္စာလေး (၄)ပါးတရား အကျယ်ကိုသိလိုပါက၊ ရှေ့ပိုင်း၌ ဖော်ပြထားသော (ဇိန)ဆိုတာ ဘာလဲနှင့် မာတိကာတွင် ရှာပြီး ပြန်၍ဖတ်ရှုပါ။ အသေးစိပ်ပါသည်။

၉။ ဤသစ္စာလေးပါးတရားကိုပင် အရိယာသဒ္ဒါဖြင့်တွဲ၍(အရိယာသစ္စာ)ဟု ခြံ့ငုံ၍ ခေါ်ထားပြန်ပါသည်။

အကြောင်းမူကား၊ ဤသစ္စာတရားလေးပါးကို၏ နက်နဲသိပ်သီးနူးညံ့မှုတို့ကို (အရိယာပုဂ္ဂိုလ်)များသာ ထိထိရောက်ရောက် ဖောက်ထွင်း၍အလင်းကိုသိမြင်နိုင်သောကြောင့်သာ (အရိယာသစ္စာ)ဟူ၍ သစ္စာလေးပါးကိုခြုံပြီး မြတ်စွာဘုရားက ထပ်မံဟောကြားတော်မူခဲ့ပါသည်။

**အရိယာသစ္စာ (၁၆)ပါး။**

၁။ ဒုက္ခသစ္စာ အနက် (၄) ပါး။

၂။ သမုဒယသစ္စာအနက် (၄) ပါး။

၃၊ နိရောဓသစ္စာအနက် (၄) ပါး။
၄။ မဂ္ဂသစ္စာအနက် (၄) ပါး။
ပေါင်း ၁၆–ပါး။

၁။ **ဒုက္ခသစ္စာ** (က) ပိဠနဋ္ဌော – နှိပ်စက်အပ်၊ နှိပ်စက်တတ်၊ နှိပ်စက်ခြင်းတပါး။
(ခ) သင်္ခတဋ္ဌော – အဖန်ဖန် ပြုပြင်အပ်ခြင်း သဘောတပါး။
(ဂ) သန္တာပဋ္ဌော– ပူပန်စေအပ်၊ ပူပန်စေတတ်၊ ပူပန်ခြင်း သဘောတပါး။
(ဃ) ဝိပရိဏာမဋ္ဌော–ဖရိုဖရဲ ဖောက်လွဲဖောက်ပြန် ဖြစ်စေတတ်ခြင်းတပါး။

၂။ **သမုဒယသစ္စာ** (က) အာယူဟနဋ္ဌော–ဒုက္ခများအောင် ရှက်ဆောင် ဆည်းပူးတတ်ခြင်း တပါး။
(ခ) နိဒါနဋ္ဌော–ဒုက္ခဝဋ္ဋ။ ဒုက္ခမှုတို့ကို ပေး ကမ်းဆောင်နှင်း တတ်ခြင်းတပါး။
(ဂ) သံယောဂဋ္ဌော–မကွေ မကွဲ၊ ဒုက္ခနှင့်တွဲ ဘက်ခြင်းတပါး။
(ဃ) ပလိဗောဓဋ္ဌော–ဒုက္ခ စက်မှ ထွက်မရ အောင် နှောက်ယှက်တတ်ခြင်းတပါး။

၃။ **နိရောဓသစ္စာ** (က) နိဿရဏဋ္ဌော–ဒုက္ခ ဝဋ်မှ ကျွတ်လွတ် ခြင်းသဘောတပါး။
(ခ) ပဝိဝေတဋ္ဌော–ဒုက္ခံမီးရှိန်မှ ဆိတ်ငြိမ်ခြင်း သဘောတပါး။
(ဂ) အသင်္ခတဋ္ဌော–ပြုပြင်မှုမှ ကင်းလွတ်ခြင်း သဘောတပါး။
(ဃ) အမတဋ္ဌော–သေခြင်း၊ ပျက်ခြင်းမှ လွတ် ကင်းခြင်းတပါး။

၄။ **မဂ္ဂသစ္စာ** (က) နိယျာနဋ္ဌော–ဒုက္ခဝဋ်မှထွက်၍ နိဗ္ဗာန်သို့ ပေါက်ရောက်ကြောင်း လမ်းကောင်းလမ်း မှန်ဖြစ်ခြင်းတပါး။

(ခ) ဟေတုဋ္ဌော—လောကုတ္တရာ တရား အပေါင်းတို့၏ အကြောင်းရင်းမူလ ဖြစ်ခြင်းတပါ။

(ဂ) ဒဿနဋ္ဌော—ဘပဏက်တွင် အိပ်မက်တွင်မျှ မမြင်ဘူး၊ အထူးအချွန် မြတ်လှသော (နိဗ္ဗာန်) ကိုလပန်း။ နေဝန်း ပေါ်ထွက်သဖွဲ့သို့ ယင်ရှားမြင်နိုင်ခြင်းတပါး။

(ဃ) အဓိပတေယျဋ္ဌော—သိက္ခာသုံးခု အကျင့်စုတို့တွင် သူ့ပြိုင်မရှိ၊ ကြီးဘိတုလွတ်၊ အထွတ်အထိပ်ဖြစ်ခြင်းတပါး။

၄။ ဤဖော်ပြခဲ့သော သစ္စာလေး(၄)ပါး တရားများသည်အကျိုးနှင့် အကြောင်းကို ကြည့်ရှုပါလျှင်။ အဘယ်သစ္စာက (အကျိုးသစ္စာ)ဖြစ်၍၊ အဘယ်သစ္စာက (အကြောင်းသစ္စာ)များဖြစ်ကြောင်း [illegible]ခွဲခြား၍ ပိုင်နိုင်စွာသိဘို့လိုပါသည်။

၁။ ဒုက္ခကိုဖြစ်စေတတ်သောကြောင့် (သမုဒယသစ္စာ)ကို— **အကြောင်းသစ္စာ** ဟူ၍ဆိုရပါမည်။

၂။ သမုဒယကြောင့် (ဒုက္ခသစ္စာ)ကို **အကျိုးသစ္စာ** ဟူ၍ဆိုရမည်။

၃။ နိဗ္ဗာန်သို့ ဆိုက်ရောက်စေတတ်သောကြောင့် (မဂ္ဂသစ္စာ)ကို— **အကြောင်းသစ္စာ** ဟူ၍ဆိုရပါမည်။

၄။ နိရောဓသစ္စာ—**အကျိုးသစ္စာ** ဟူ၍ဆိုရပါမည်။

၅။ ဤသစ္စာလေးပါး တရားကိုပင် အောက်ပါအတိုင်း လောကီနှင့် လောကုတ္တရာ တရားဟူ၍(၂)မျိုး ထပ်မံခွဲခြားနိုင်ပါသည်၊

(က) ဒုက္ခသစ္စာတရားနှင့် သမုဒယသစ္စာတရား(၂)ပါးကို၊ လောကီဝဋ်ဒုက္ခထဲ၌ အကျုံးဝင်သောကြောင့် (**လောကီ သစ္စာတရား**)ဟု ခေါ်ရပါမည်။

(ခ) နိရောဓသစ္စာတရားနှင့် မဂ္ဂသစ္စာ(၂)ပါးတို့ကို လောကီဝဋ်မှ ကျွတ်လွတ်ကြသောကြောင့် (**လောကုတ္တရာသစ္စာတရား**)ဟု ခေါ်ရပါမည်။

**၆။ ပယ်အပ်သောတရား—**

၁။ ဓိဋ္ဌိ—ကောင်းကောင်း ဆိုးဆိုး အယူသီးခြင်း (တရား သေဝါဒ)။

၂။ ဝိစိကိစ္ဆာ—အတိတ်နှင့် အနာဂါတ် သဘောကို ယုံမှားသံသယဖြစ်ခြင်း၊

၃။ သီလဗ္ဗတပရာမာသ—ရှေးရှေး အယူဝါဒများကို တသမတ်တည်း လိုက်နာခြင်း(ဓလေ့စွဲ)။

ဤအထက်ပါသုံး(၃)မျိုးကို ပယ်နိုင်လျှင် **သောတာပန်မည်၏**။

**၇။ တရားဂုဏ်တော်(၅)ပါး။**

၁။ သံဒိဋ္ဌိကော —မျက်မြင်ကိုယ်တွေ့။

၂။ အကာလိကော —အခါမလင့်ချက်ခြင်းလက်ငင်း။

၃။ ဧဟိပဿိကော—မယုံလျှင်စမ်းကြည့်နိုင်သည်။

၄။ ဩပနေယျိကော—မိမိကိုယ်တိုင်ကိုယ်ကျ လုပ်ကြည့်ကြပါ။

၅။ ပစ္စတ္တံဝေဒိတဗ္ဗော —လုပ်ကြည့်သူကိုယ်တိုင် အကျိုးရရှိခံစားရပေသည်။

ကျွန်ုပ်တို့၏ဗုဒ္ဓတရားတော်များက(ယုံ)ဟူသော စကားဖြင့် အတင်းယုံခိုင်းသည့်ဝါဒမဟုတ်၊ ထိုသို့သိပ္ပံနည်းကျ လက်တွေ့ဝါဒပင် ဖြစ်သတည်း။

**(ဝိပဿနာတရား)**

ဝိပဿနာ — ရုပ်နာမ်ဓာတ်များကို အထူးရှုဆင်ခြင်ခြင်း။

ဘာဝနာ — ကမ္မဋ္ဌာန်း စီးဖြန်းခြင်း (ကျင့်ခြင်း)။

ဝိမုတ္တိတရား — သံသရာမှ လွတ်မြောက်ကြောင်းတရား။
(လောကုတ္တရာ တရားစစ်)။

**၁။ ပညတ္တိ — ပညတ်တရား — အမည်၊ နာမများဖြစ်သည်။**

**၂။ ပရမတ္ထတရား** (Absolute Truth;) — (၁) စိတ် (မနော)၊ (၂) စေတသိတ်။ (၃) ရုပ်။ (၄) နိဗ္ဗာန်။

၎င်း လေး (၄)ပါးကား၊ သူ၏ မူလသဘာဝ သဘော အတိုင်းမှ ပြောင်းလဲသွားခြင်း မရှိ၊ (မဖောက်မပြန်၊ အစဉ်တသဘောတည်း ရှိနေ သော ကြောင့်) "ပရမတ် တရား" ဟု ခေါ်သည်။

**၎င်းပရမတ္ထတရား (၄)ပါး အသေးစိပ်။**

၁။ **စိတ်** (Conciousness) — မြင်သိ၊ ကြားသိ၊ နံသိ၊ လျက်သိ၊ ကြသိ၊ ယင်း (၆)ပါးကို စိတ်ဟုခေါ်သည်။

၂။ **စေတသိတ်** (Mental factors: or Current of mind) — လိုချင်၊ စိတ်ဆိုး၊ တွေဝေခြင်းစသော (၅၂)ပါးကို စေတသိတ် ခေါ်သည်။ (စေ့ဆော်ခြင်းများဖြစ်၏။)

၃။ **ရုပ်** (Matter; or Material,) — ရွရွ၊ ပွပွ၊ မွမွ၊ ကြွကြွ၊ ပူအေး၊ ယိုစီး၊ စသော (၂၈)ပါးကို ရုပ်ဟု ခေါ်သည်။

၄၊ **နိဗ္ဗာန်** — စိတ်၊ စေတသိတ်၊ ရုပ်၊ ၎င်း သုံးပါးတို့၏ ချုပ်ငြိမ်းရာ ကိုနိဗ္ဗာန်ဟုခေါ်သည်။

၃။ ခန္ဓာ (၅)ငါးပါး – (၁) ရူပက္ခန္ဓာ – ရုပ်တရား (၂၈) ပါး၊ (ရုပ်ခန္ဓာ)။

(၂) ဝေဒနက္ခန္ဓာ – ဝေဒနာ စေတသိတ်၊ (နာမ် ခန္ဓာ)။

(၃) သညက္ခန္ဓာ – သညာ စေတသိတ်၊ (နာမ် ခန္ဓာ)။

(၄) သင်္ခါရက္ခန္ဓာ – ဝေဒနာ သညာမှ တပါး၊ အခြား စေတသိတ်(၅၀) ကို ခေါ်သည်။ (နာမ် ခန္ဓာ)။

(၅) ဝိညာဏက္ခန္ဓာ – စိတ်တရားစု ဟူသမျှအားလုံး (နာမ် ခန္ဓာ)။

**မှတ်ချက်။ ။(၁) ရူပက္ခန္ဓာ – ရုပ်တရား (၂၈)ပါးအသေးစိပ်။**

အကြောင်းတရားလေးပါး အားလျော်စွာ ဖောက်ပြန်တတ်သော ရုပ်တရား (၂၈)ပါး။

(က) မဟာဘုတ်၊ ) – ၁။ ပထဝီ။

ဘူတရုပ် ) – ၂။ အာပေါ်။

၃။ တေဇော။

၄။ ဝါယော။

(ခ) ပသာဒရုပ် – ၁။ စက္ခုပသာဒ။

၂။ သောတပသာဒ။

၃။ ဃာနပသာဒ။

၄။ ဇိဝှါပသာဒ။

၅။ ကာယပသာဒ။

(ဂ) ဂေါစရရုပ် — ၁။ ရူပ၊ ) ပထဝီ၊ တေဇော၊
၂။ သဒ္ဒ၊ ) ဝါယော၊ ဤ (၃) မျိုး
၃။ ဂန္ဓ၊ ) မှာ အထက်၌ ပါပြီး၍
၄။ ရသ၊) မထည့်တော့။

(ဃ) ဘာဝရုပ် — ၁။ ဣတ္ထိ ဘာဝ ရုပ် (မိန်း မဖြစ် ကြောင်း)။
၂။ ပုရိသဘာဝရုပ် (ယော ကျ်ား ဖြစ် ကြောင်း)။

(င) ဟဒယရုပ် — ၁။ ဟဒယဝတ္ထုရုပ်။

(စ) ဇီဝိတရုပ် — ၁။ ဇီဝိတိန္ဒြေ။

(ဆ) အဟာရရုပ် — ၁။ ရသာ (၆)ပါး၌ ပါသော အဆီ အဝေး ဩဇာမင်ဓာတ်။

(ဇ) ပရိစ္ဆေဒရုပ် — ၁၊ အာကာသဓာတ် (ပိုင်းခြားဖွင့်လှတ် မှုသဘော)။

(ဈ) ဝိကာရရုပ် — ၁။ ကာယဝိညတ်။
၂။ ဝစီဝိညတ်။
၃။ လဟုတာ။
၄။ မုဒုတာ။
၅။ ကမ္မညတာ။

(ည) လက္ခဏာရုပ် — ၁။ ဥပစယ။
၂။ သန္တတိ။

၃။ သောတာ။

၄။ အနိစ္စတာ။

(ပေါင်း ရုပ်တရား (၂၈) ပါးဖြစ်၏။

၄။ **လက္ခဏာရေး (၃) ပါး။**

မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားရောက်ရန် ယာဉ်နှင့်တူသောကြောင့် (လက္ခဏာယာဉ်–၃)ပါးဟုခေါ်သည်။ မှတ်အကြောင်းအရာ (၃)ပါး၊ အရေးတကြီး မှတ်အပ်သောကြောင့် လက္ခဏာရေးဟု တဖန်ဆို၏။

၁။ အနိစ္စလက္ခဏာ – မမြဲသောသင်္ခါရတရားစုအမှတ်အသား၊

၂။ ဒုက္ခလက္ခဏာ – ဆင်းရဲသော သင်္ခါရတရားစု။

၃။ အနတ္တလက္ခဏာ – အတ္တမဟုတ်၊ ကိုယ့်ကိုယ် မဟုတ်သော သင်္ခါရ (အသာရက) တရားစု။

၅။ **အယတနတရား(၁၂)ပါး။**

ဤတရားမှာ ရုပ်တရား (၁၂)ပါးပင် ဖြစ်သည်။ ပဋ္ဌိစ္စ သမုပ္ပါတ်အခန်း နောက်ဆုံးပိုင်းတွင် ဖော်ပြပြီးဖြစ်သည်။ အသေးစိပ်သိလိုက ၎င်း၌ရှုပါ။

၆။ **ဝိပဿနာ ပွားများပုံ၊ ပွားများနည်း (ကျင့်စဉ်)။**

လောကသံသရာဝဋ္ဋဆင်းရဲမှလွတ်မြောက်၍မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်–(နိဗ္ဗာန်)သို့ရောက်လို၊ မျက်မှောက်ပြုလိုကြသော သူတော်စဉ် အပေါင်းတို့သည် အောက်ပါနည်းအတိုင်း သဒ္ဓါရှင်ကြည်စွာ ထက်သန်သော စိတ်ဖြင့် ကျင့်ကြပါကုန်။

(ကျေးဇူးရှင် တောင်ပုလုတောရဆရာတော်ဘုရား၏ဩဝါဒ)။

၁။ ပထမ ရှေးဦးသရဏဂုံသုံးပါးနှင့် ငါးပါးသီလ (ဝါ)ရှစ်ပါးသီလကို (အဝေစ္စပသာဒ)ဟု ဆိုအပ်သော၊ မတုန်မလှုပ်သက်ဝင်ယုံကြည်စွာ သဒ္ဓါတရားဖြင့် ခံယူဆောက်တည်ရပါမည်။

၂ ဒုတိယ(အာနာပါသတိ)ကမ္မဋ္ဌာန်းကို ကာယိက ဝီရိယ၊ စေတသိတ် ဝီရိယဖြင့် အားထုတ်သော်၊ တဖြည်းဖြည်း စိတ်တည်ငြိမ်မှု (သမာဓိ) ရလာပါမည်။ သမာဓိ ရလာသော် သီလဝိသုဒ္ဓိနှင့်စိတ္တဝိသုဒ္ဓိပြည့်စုံနေပါပြီ။ (အာစရအရိယာ)။

၃။ သမာဓိရလာတော့ ခန္ဓာကိုယ်မှာ အမှန်ရှိတဲ့ ခဏတ်တပါးပါး ပေါ်လာပါမည်။ ဘာပဲပေါ်ပေါ် ထင်ရှား လွန်ကဲသော ခဏတ်ကိုသာ ရှုမှတ်ပါ။

၄။ ပေါ်လာသော ခဏတ်က (ရုပ်)၊ ပေါ်တိုင်း လိုက်လိုက်သိတာက (နာမ်)၊ ပေါ်သိနှစ်ပါး (ရုပ်နာမ်)ဖြစ်ပြီး ပျက်သွားတာမြင်တာက (ဝိပဿနာ)ဖြစ်၍၊ သမာဒိဋ္ဌိ—သမ္မာသင်္ကပ္ပ—တည်းဟူသော (ပညာက္ခန္ဓမဂ္ဂင် ၂-ပါး) ပြည့်စုံ နေပါပြီ။ (ဒဿနအရိယာ)။

၅။ ပေါ်သိပျက်က (ဒုက္ခသစ္စာ)ဖြစ်ပါတယ်။ ဆက်လက် ရှုပွားလို့ (ဖြစ်ဒုက္ခနှင့် ပျက်ဒုက္ခ)ကို မြင်နေရင် ဒိဋ္ဌိမမွှာ၊ ဒုက္ခသစ္စာကိုပိုင်းခြားပြီးမြင်နေတာပဲ၊ ဒီလိုမြင်နေတော့(ငါ့ကိုယ် ငါ့ဥစ္စာ)၊ ငါ၏အတ္တ၊ ငါသူတပါး ယောကျ်ား။ မိန်းမဟု စွဲစရာမရှိတော့ဘူး။ မရှိလို့မစွဲတော့ သဿတ— ဥစ္ဆေဒ— သက္ကာယ ဟုဆိုသော (ဒိဋ္ဌိသုံးပါးနှင့် ဝိစိကိစ္ဆာ) စင်ကြယ်သွားတာပဲ။

မသျှော့သောလုံ့လဖြင့် (ဖြစ်ပျက်—ဖြစ်ပျက်)လို့ ဆက်လက်ရှုပွားနေပါ၊ ပြီး ပျက်သွားတဲ့ ဖြစ်ပျက်အစဉ်မှာ ဉာဏ်ရောက်နေရမယ်။ အဲ့ဒီလို ဉာဏ်ရောက်နေရင်၊ ရုပ်နာမ်က— ဖြစ်ပျက်၊ ပွားတာက(မဂ်)၊ ဒီတော့ ပွားများနေတာ (မဂ္ဂသစ္စာ)တခုရတာပဲ။

အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဖြစ်၍ သမ္မပ္ပဓာန် ဝီရိယနဲ့ ဆက်လက်အားထုတ်သော် ခန္ဓာကိုယ်တကိုယ်လုံး၌ အပူမှုတွေ၊ အလှုပ်မှုတွေ၊ ပွပွ၊ မွမွ၊ ရွရွ၊ စိုးစိုး၊ စစ်စစ်၊ ဖြိုးဖြိုးဖြင်းဖြင်းနှင့် ချုပ်ပျောက် နေတာကို ကိုယ်တိုင်ကိုယ်ပိုင် ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်နေတော့ ဩော်.... ရုပ်နာမ်— မှန်သမျှဟာ....

မမြဲပါတကား။ မမြဲသဖြင့် ဆင်းရဲ၏။ ဆင်းရဲသော ရုပ်နာမ်သည် ငါမဟုတ်၊ ငါ၏အတ္တမဟုတ်၊ အစိုးရ၊ အလိုသို့ မလိုက်၊ (အနတ္တ)ပါ တကားဟု ဟုတ်မှန်သည့်အတိုင်း မှန်ကန်သောပညာဖြင့် ရှုရမယ်။

အဲဒီတော့ ခန္ဓာမှာ အမှန်တွေမြင်၊ အမှန်တွေသိလာတော့။ ရုပ်နာမ် အပျက်တွေမြင်၊ ဘေးတွေဟုထင်၊ အပြစ်တွေမြင်၊ မုန်းဉာဏ်တွေဝင်၊ လွတ် ချင်တဲ့သဘောတွေ နာမ်အစဉ်မှာဝင်လာတော့တာပဲပေါ့။ အဲဒီတော့ အရိုး ကြေကြေ အရေစုတ်စုတ် မဆုတ်မနစ်သော ဝိရိယနှင့် လက္ခဏာရေး သုံးပါး ဖြင့် ထပ်ခါထပ်ခါ ရှုပွားတော့။ ပျက်နေတဲ့ (ရုပ်နာမ်)၌ ငြီးငွေ့ လေ၏။ (လိင်္ဂအရိယာ)။

ငြီးငွေ့သော်— ဟပ်မက်မှုကင်း၏၊ တပ်မက်မှုကင်းခြင်းကြောင့် (ကိ လေသာ)မှလွတ်၏။ ကိလေသာမှလွတ်သော်၊(ကိလေသာ)မှ လွတ်ပြီဟုအသိ ဉာဏ်ဖြစ်ပြီး၊ ဒီအပျက်နာမ်ဟာ (လေးလေး— နှေးနှေး— သေးသေး) အ ပျက်ဆုံးနဲ့ (နိရောဓသစ္စာ) လောကုတ္တရာ နိဗ္ဗာန်ကြီးသို့ ရောက်လေ တော့၏။

ဒီတော့မှ (ပဋိဝေဓအရိယာအစစ်)ဖြစ်၍ အပါယ် တံခါး ပိတ်ပြီး၊ ဒုက္ခသိမ်း ချုပ်ငြိမ်းသော သန္တိသုခနှင့်ပြည့်စုံသော အမတကြငှန်း(နိဗ္ဗာန်) နန်း၌ အေးငြိမ်းချမ်းသာစွာ နေရပါလိမ့်မည်။

ပဋိသန္ဓေမှုကုန်ပြီ၊ အကျင့်အမြတ်ကိုကျင့်ပြီးပြီ၊ ပြုဘွယ်ကိစ္စကိုပြုပြီး ပြီ၊ ဤမဂ်ကိစ္စအလို့ငှာ၊ နောက်ထပ်တပါးသော ပြုလုပ်ဘွယ်မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။

(အနတ္တသုတ်နှင့် ယဒနိစ္စသုတ်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်— မြန်မာ ပြန်—စာမျက်နှာ— ၁၈)။

**မှတ်ချက်။** ။ဝိပဿနာရှုရာတွင် ကမ္မဋ္ဌာန်းထိုင်နည်းအတိုင်း တင်ပလ္လင်ခွေ ပေါ်၌ လက်နှစ်ဖက်ကိုထပ်တင်ပြီး၊ ကိုယ်ကို မကိုင်းမညွတ် စေပဲ တည့်မတ်စွာ ချမ်းသာသလိုထားရမည်၊ တင်ပလ္လင်ခွေ သည် ကြာကြာထိုင်နိုင်ရန် ခြေထောက်တခုပေါ်တခု ထပ် မတင်ပဲ လွတ်စွာခွေရမည်။

အသက်ရှူကြပ်အောင် အားစိုက်၍မထားရ၊ အလိုက်သင့်ကလေးထားရမည်။ (၁၅) မိနစ်ခန့် အဓိဋ္ဌာန်ထား၍ ထိုင်ရမည်။ သတိကောင်းစွာ ထားနိုင်ပါလျှင် ရုပ်ဓာတ်၊ နာမ်ဓာတ်ကို ကောင်းစွာ တွေ့ရမည်ဟု ယုံယုံကြည်ကြည်၊ လိုလိုချင်ချင်နှင့် မျက်စိကိုမှိတ်လျက်၊ မိမိရင်ချိုင့်၌စိတ်ကိုထား၍ ရှုရမည်။ သို့မဟုတ် ငယ်ထိပ်၌ ဒင်္ဂါးတကွက်စာမျှ ရှိသော နေရာ၌ စိတ်ကိုထား၍ရှုရမည်။

သို့မဟုတ် ခန္ဓာကိုယ်တွင် မိမိကြိုက်နှစ်သက်ရာ နေရာ၌ စိတ်ကိုထား၍ ရှုရမည်။ ဘာကိုမျှမတွေးနှင့်၊ ရပြီးသားစာတွေကိုရွတ်၍ မနေနှင့်၊ အရင်က ကြားဘူးနားဝရှိတာတွေကို အကုန်ပယ်ထားပါ။

ခန္ဓာကိုယ် အသားထဲက ပူ၍ပေါ် ချေပေါ်သော၊ တေဇောဓာတ်ကိုလည်းကောင်း၊ လှုပ်ရှားယိမ်းရိုင်လျက်ပေါ်သော ဝါယောဓာတ်ကိုလည်းကောင်း၊ တောင့်ချည်၊ တင်းချည်၊ ထိုးမှိုင်းလေးလံ ထူထဲကျက် ပေါ်သော ပထဝီဓာတ်ကိုလည်းကောင်း၊ ပေါ်တိုင်း ပေါ်တိုင်း စိတ်ဖြင့် သိရနေရမည်။

ရွရွဖြစ်စေ၊ မှမှဖြစ်စေ၊ ကြွကြွဖြစ်စေ၊ ပွပွဖြစ်စေ၊ ခေါင်းကြီးလျက်ဖြစ်စေ၊ ရင်ထဲမှာ တဒိတ်ဒိတ် ဖြစ်စေ၊ လှုပ်လှုပ်လှုပ်ဖြစ်စေ တွေ့ရမည်။ တွေ့သမျှကား— ရုပ်ဓာတ် (ပရမတ်ချည်းပဲဟုမှတ်)။ စိတ်ကသိရှိသမျှကား — နာမ်ဓာတ် (ပရမတ်ချည်းပဲဟုမှတ်)။

(ဉာဏစာရီ မဟာထေရ်)။

## ၄။ ဝိပဿနာလင်္ကာ (အာယတန်တရား ၁၂–ပါး)။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ရေးသားချက်။

## (က) ကိုယ်တွင်း အဇ္ဈတ္တရုပ် (၆)ပါး။

၁။ မျက်စိတွင်မည်၊ ရုပ်အကြည်ကား မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု မြှော်ထောင့်ရှုသော်၊ သူ့သဘာဝ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

| | | | |
|---|---|---|---|
| ၂။ | နားဟုတွင်မည်၊ | ရုပ်အကြည်လည်း | — ပျက်၏။ |
| ၃။ | နှာခေါင်းတွင်မည်၊ | ။ | — ။ |
| ၄၊ | လျှာဟုတွင်မည်၊ | ။ | — ။ |
| ၅။ | ကိုယ်ဟုတွင်မည်၊ | ၊ | — ။ |
| ၆။ | မနောတွင်မည်၊ | ။ | — ။ |

## (ခ) ကိုယ်ပြင် ဗဟိဒ္ဓရုပ် (၆)ပါး။

၁။ အဆင်းတွင်မည်၊ ရုပ်ထို၍လည်း၊ မြင့်ရှည်ကာလ မတည်ထပဲ၊ ခဏဖြစ်လျက် ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်ကို နှိပ်စက်ဒဏ်ဖြင့်၊ တရံမဆဲ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာနှစ်မပါဘူး၊ ပညာစက္ခု မြှော်ထောက်ရှုသော်၊ သူ့သဘာဝအနိစ္စသည်၊ ဒုက္ခ၊ အနတ္တ ပါတကား။

| | | | |
|---|---|---|---|
| ၂။ | အသံထွက်မည်၊ | ရုပ်အကြည်လည်း | — ပျက်၏။ |
| ၃၊ | အနံ့ထွက်မည်။ | ။ | — ။ |
| ၄။ | ရသာတွင်မည်၊ | ၊ | — ။ |
| ၅။ | အတွေ့တွင်မည်၊ | ။ | — ။ |
| ၆။ | ဓမ္မတွင်မည့်ရုပ်နာမ်သည်လည်း— | | — ။ |

ဤအာယတန (ရုပ်တရား) ၁၂–ပါးတို့၏ လက္ခဏာရေး သုံးပါး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော အမှား အမှန်ကို မဂ်ဉာဏ်လေးဝါရသည့်အထိ သိမြင်အောင် ကြိုးစားပွားများကြပါကုန်။ ။

၈။ ဘုရားဟော၊ အနတ္တသုတ်နှင့် ယဒနိစ္စသုတ်။

ရဟန်းတို့ရုပ်သည် မမြဲ၊ မမြဲသောရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည်၊ အတ္တမဟုတ်၊ အတ္တမဟုတ်သောရုပ်ကို၊ ဤရုပ်သည် ငါ့ဉစ္စာမဟုတ်၊ ငါ့ရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏အတ္တမဟုတ်ဟု ဤသို့ဟုတ်မှန်သည့် အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်။

ဝေဒနာသည် မမြဲ၊ သညာသည် မမြဲ၊ သင်္ခါရတို့သည် မမြဲကုန်။

ဝိညာဏ်သည် မမြဲ၊ မမြဲသောဝိညာဏ်သည် ဆင်းရဲ၏။ ဆင်းရဲသော ဝိညာဏ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဉစ္စာမဟုတ်၊ ငါ့အတ္တမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တ မဟုတ်ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သောပညာဖြင့် ရှုရမည်။

ဤသို့မြင်သော၊ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌ လည်း ငြီးငွေ့၏။ ဝေဒနာကိုလည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏၊

တပ်မက်မှုကင်းခြင်းကြောင့် (ကိလေသာ)မှ လွတ်၏။ ကိလေသာမှ လွတ်သော် (ကိလေသာ)မှ လွတ်ပြီဟု အသိဉာဏ်ဖြစ်၏။

ပဋိသန္ဓေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးပြီ၊ ပြုဘွယ်ကိစ္စကို ပြုပြီး ပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှာ တပါးသော ပြုဘွယ်မရှိဟု၊ သိ၏ဟု မိန့်တော် မူ၏။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ မြန်မာပြန်– စာမျက်နှာ– ၁၈)။

**မှတ်ချက်။ ။**

(က) ကိလေသာ၏ အာရုံကား ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ၊ (ပညတ်)တရားတည်း၊

(ခ) ဝိပဿနာ၏အာရုံကား၊ ခေတ် ၄–ပါး၊ ခန္ဓာ ၅-ပါး၊ ရုပ်နာမ် (ပရမတ်)တရားတည်း။

(ဂ) မဂ်ဖိုလ်၏ အာရုံကား (နိဗ္ဗာန်)တရားပင်တည်း၊

## ၉။ ကမ္မဋ္ဌာန်းဝိပဿနာအားထုတ်ရာ၌ မဂ္ဂင်ရှစ်(ဂ)ပါး ပါဝင်ခြင်း။

၁။ အားထုတ်ခြင်းသည် – သမ္မာဝါယ မဂ္ဂင်တည်း။

၂။ သတိတားခြင်း၊ တည်ကြည်ခြင်းသည် – သမာဓိမဂ္ဂင်တည်း။

၃။ ကိုယ်နှုတ်ငြိမ်သက်ခြင်းသည်– ၁။ သမ္မာဝါစာ မဂ္ဂင်တည်း။
၂။ သမာကမန္တ မဂ္ဂင်တည်း။
၃။ သမာအာဇီဝ မဂ္ဂင်တည်း။

၄၊ ဖြစ်ပျက်ကိုကြံစည်ခြင်းသည် – သမ္မာသင်္ကပ္ပ မဂ္ဂင်တည်း။

၅၊ ကိုယ်နှုတ်ငြိမ်သက်ခြင်းသည် – သမာဒိဋ္ဌိ မဂ္ဂင်တည်း။

## ၁၀။ သမ္မပဓာန် တရား (၄)ပါး။

၁။ မဖြစ်ပေါ်သေးသော အကုသိုလ်မဖြစ်ရအောင် လုံ့လပြုခြင်း။

၂။ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်သတ်ရန် လုံ့လပြုခြင်း။

၃၊ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေရန် လုံ့လပြုခြင်း။

၄။ ဖြစ်ပြီးသော ကုသိုလ်ကို တိုးပွားစေရန် လုံ့လပြုခြင်း။

ဤတရား(၄)ပါးသည် တန်ခိုးပြင်းထန်လှ၏၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗ တို့ကို အာဏာနှင့်ခေါ်၍ ခိုင်းလိုရာ ခိုင်းနိုင်သော (သီရိဓမ္မာသောက မင်းကြီး)၏ တန်ခိုးထက်သာ၏။ ဤပြခဲ့သော ဝိရိယ (၄)မျိုး ပိုင်နိုင်ပါလျှင် အရိယာ စစ်စစ်ဖြစ်နေပါပြီ၊ ချိန်ကြည့်ပါ၊

၁၁။ မြေလျှိုးမိုးပျံ၊တန်ခိုးဣဒ္ဓိပါဒ်(၄၀)မျိုး။

ဤဣဒ္ဓိပါဒ်လေးပါးရှိလျှင် ဘဝတိုင်း၊ မြေလျှိုးမိုးပျံ တန်ခိုးဈာန်နှင့် ပြည့်စုံ၍ နိဗ္ဗာန်အထိ တက်ရောက်ရတော့မည်။

ဣဒ္ဓိ– တန်ခိုးအမျိုးမျိုးနှင့် (ပါဒ)ကို အခြေခံဟုဆိုလိုပါသည်။နှစ် ခု ပေါင်းလျှင် (ဣဒ္ဓိပါဒ)– တန်ခိုးအမျိုးမျိုးရဘို့ ဖြစ်ဘို့ရန် အခြေခံ ( ၄ ) ပါး ဟုဆိုပါသည်။

"ဆန်ဝိရိယံ၊ စိတ်ဝိမံ၊ ပြီးရန်ပါဒလေး ဟူသော လင်္ကာအရ။ ဆန္ဒာ ဓိပတိ– ဆန္ဒပြင်းထန်ရမည်။ ဝိရိယာဓိပတိ– ဝိရိယ ပြင်းထန်ရမည်။ စိတ္တာ ဓိပတိ– စိတ်ထားထက်သန်ရမည်။ ဝိမံဓိပတိ– ပညာစူးရှ ထက်မျက် ရ မည်။"

ပဌာန်း အဓိပတိပစ္စည်းအရ ဤလေး(၄)ပါး ထက်သန်နေပါလျှင်၊ နိုးအမျိုးမျိုးရဘို့ရန် အခြေဘည်မိပါပြီ။

လယ်ယာ၊ အိမ်မြေ၊ ရွှေငွေတို့သည် ယူချမ်းသာဖြစ်ဘို့ရန်အခြေခံတို သကဲ့သို့ (ဆန်၊ ဝိ၊ စိ၊ မံ) ဤပါဒ လေးတန်တို့သည်လည်း လောကီ၊ လော ကုတ္တရာ အားလုံးသော တန်ခိုးများ ရဘို့ရန် မူလအခြေခံပင်ဖြစ်ပေသည်။

ပရိဉ်ပဟာန်၊ သစ္ဆိကံ၊ ဘာဝန် ကိစ္စလေးဟူသော လင်္ကာအရ–

၁။ ပရိဉ်က – ဉာတ ပရိညာတည်း၊ ရုပ်နာမ် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း။

၂။ ပဟာန်က – ပဟာနပရိညာ၊ မောဟာဒိဋ္ဌိစိတ်တို့ကိုပယ်သတ် နိုင်ခြင်း။

၃။ သစ္ဆိကံ – သစ္ဆိကရဏပရိညာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြု နိုင်ခြင်း။

၄။ ဘာဝန်တ – ဘာဝေတဗ္ဗပရိညာ မဂ္ဂသစ္စာဖြင့်လောကုတ္တရာ တိုးပွားစေခြင်း။

ဤသည်မှာ တန်ခိုးကြီး။ ဣဒ္ဓိကြီး (၄)ပါးပင်ဖြစ်၏ အ[illegible]န်ခိုး

ငယ်များကား ဝိဇ္ဇာတဘိဉာဏ်၊ သမာပတ်ချာန် (၉) ချာန်။ ပဋိသမ္ဘိဒါ သိဒ္ဓိကြီး (၉)တန်တို့လည်း ကုဒ္ဓိပင်တည်း။

သီရိမ္မာသောကမင်းကြီး၏အာဏာစက်သည်လည်း ကုဒ္ဓိပါတ်တည်း။ ဤပြခဲ့ပြီးသော တန်ခိုးတို့ကို အလိုရှိပါလျှင် ဖော်ပြပြီး (ဆန်၊ ဝိ၊ စိ၊ မံ)ကို အခြေခံထားလုပ်ပါ၊ မုချရပါလိမ့်မည်။

ဗိုလ်ငါးပါးသည် ကိလေသာမှန်သမျှ အနန္တတို့ကို မှုန့်မှုန့်ညက်ညက် နေအောင် ကြိတ်ချေဘတ်သော သတ္တိရှိ၏။ ဗိုလ်ငါးပါး ခန္ဓာကိုယ်၌ရောက် တည်မိပါလျှင်၊ ကိလေသာတို့ ဝင်ခွင့်မရ၊ ရှိပြီးသားလည်း ညက်ညက်ကြေ နေသဖြင့် အပါယ် ပဋိသန္ဓေပေးရန် မတတ်နိုင်တော့ပါ။ ဗိုလ်ငါးပါးဟူသည် အောက်ပါအတိုင်းဖြစ်၏။

၁။ သဒ္ဓါဗိုလ် — သဒ္ဓါတရားကြီးထွားရမည်။

၂။ ဝိရိယဗိုလ် — လုံ့လဝိရိယကြီးထွားရမည်။

၃။ သတိဗိုလ် — သတိတရားကြီးထွားရမည်။

၄။ သမာဓိဗိုလ် — စိတ်တည်ငြိမ်ခြင်း ကြီးထွားရမည်။

၅။ ပညာဗိုလ် — ဉာဏ်ပညာ ကြီးထွားရမည်။

ဤဘပါး ပါးရှိလျှင်ပင် အရိယာဖြစ်ပါပြီ။

(ဉာဏစာဂီ မဟာထေရ်)။

## ၁၂။ ဝိပဿနာဉာဏ် (၁၀)ပါး။

အထူးထူး အပြားပြား ရှုဆင်ခြင်ရသော ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ် အမြင် ဆယ်ပါးဖြစ်၏။

၁။ သမ္မသနဉာဏ် — ရုပ်နာမ်တရားစု လက္ခဏာရေး (၃)ပါး တင်၍ ဆင်ခြင်သုံးသတ်သောဉာဏ်။

၂။ ဥဒယဗ္ဗယဉာဏ် — တရားတို့၏ဖြစ်ပုံ၊ ပျက်ပုံကိုရှုသောဉာဏ်၊

၃။ ဘင်ဉာဏ် — ရုပ်နာမ် တရားစု၏ အပျက်ကို ရှုသော ဉာဏ်။

၄။ ဘယဉာဏ် – ရုပ်နာမ်တို့၏ ကြောက်မက်ဖွယ် ဘေးကို ရှုသောဉာဏ်။

၅။ အာဒီနဝဉာဏ် – ရုပ်နာမ်တို့၏ အပြစ်ကိုရှုသောဉာဏ်။

၆။ နိဗ္ဗိဒါဉာဏ် – ရုပ်နာမ်တို့၌ ငြီးငွေ့သောဉာဏ်။

၇။ မုစ္စိတုကမတာ ဉာဏ် – သင်္ခါရတို့မှ လွတ်မြောက်လိုသော ဉာဏ်။

၈။ ပဋိသင်္ခါဉာဏ် – ထိုသင်္ခါရတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ထပ်မံ၍ရှုသောဉာဏ်။

၉။ သင်္ခါရ ပေက္ခာ ဉာဏ် – သင်္ခါရတို့၌ လစ်လျူရှုနိုင်သော ဉာဏ်။

၁၀။ အနုလောမဉာဏ် – ပြဆိုပြီးသော ဉာဏ်စဉ် ရှစ်ပါးနှင့် မဂ်ဖိုလ် တရားတို့ကိုပါ လျော်စွာ ရှုသော ဉာဏ်။

## ၁၃။ တရားကမ္မဋ္ဌာန်းထိုင်ရာ၌ နိမိတ် (၃) ပါး။

ဘာဝနာ၏ အကြောင်းဖြစ်သော အာရုံ (၃)မျိုးကို ခေါ်ဆိုသည်။

၁။ ပရိကမ္မနိမိတ် – ပရိကမ္မ ဘာဝနာ၏ အာရုံကို ပရိကမ္မ နိမိတ်၊ (မူလစတင်စီးဖြန်းသော အာရုံကို ခေါ်သည်)။

၂။ ဥဂ္ဂဟနိမိတ် – ကမ္မဋ္ဌာန်းစီးဖြန်း၍ စိတ်ထည်း၌ အတော် တည်ကြည်လာသည့်အခါ၊ (သို့မဟုတ်) မူလ ပထဝီကသိုဏ်း စသည်တို့ကို မျက်စိ ဖြင့်မကြည့်တော့ပဲ၊ စိတ်ဖြင့်မှန်း၍ တန်း တန်းဖြောင့်ဖြောင့်၊ ထင်ရှားပေါ်လွင်စွာ အာရုံကိုယူနိုင်သည့်အခါ၊ ထိုစိတ်ဖြင့် ယူ နိုင်သော အာရုံကိုပင် (ဥဂ္ဂဟနိမိတ်)ဟု ခေါ်သည်။

၃။ ပဋိဘာဂနိမိတ် – ပဋိဘာဂ သဒ္ဒါကား အတု၊ အတုဟူသော အနက်ကို ဟော၏။ မူလစီစဉ်ထားသည် မှတပါး အခြားသော အတုအပ အာရုံ၊ (သို့မဟုတ်) မူလ ကသိုဏ်းဝန်းနှင့်တူစွာ၊ စိတ်ထဲမှာ ထင်ပေါ်လာသော အာရုံကို (ပဋိဘာဂနိမိတ်)ဟုခေါ်ယည်။

၁၄။ **ကမ္မဋ္ဌာန်း(၄၀)**။

တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏ အကျင့်ဌာန (၄၀) လေးဆယ်ဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ | ကသိုဏ်း | ၁၀ | ဆယ်ပါး။ |
| ၂။ | အသုဘ | ၁၀ | ဆယ်ပါး။ |
| ၃။ | အနုဿတိ | ၁၀ | ဆယ်ပါး၊ |
| ၄။ | ဗြဟ္မဝိဟာရ | ၄ | လေးပါး။ |
| ၅။ | အဟာရေပဋိကူလ သညာ | ၁ | တပါး။ |
| ၆။ | စတုဓာတု ဝဝတ္ထာန် | ၁ | တပါး။ |
| ၇။ | အရူပ | ၄ | လေးပါး။ |

၁၅။ **ကမ္မဋ္ဌာန်းပညာပေးနိုင်သော ဆရာ (၆)မျိုး**။

ကမ္မဋ္ဌာန်းယူလိုသောပုဂ္ဂိုလ်တို့သည် ထိုဆရာများကို ရှာဖွေဆည်းကပ်ရာ၏။ (ဝိသုဒ္ဓိမဂ်မှ)။

၁။ ရဟန္တာ ပုဂ္ဂိုလ်။

၂။ အနာဂါမ် ပုဂ္ဂိုလ်။

၃။ သကဒါဂါမ် ပုဂ္ဂိုလ်။

၄။ သောတာပန် ပုဂ္ဂိုလ်။

၅။ ဈာနလာဘီခေါ် ဈာန်ရပုဂ္ဂိုလ်။

၆။ ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်၊ နှစ်ပုံဆောင်ပုဂ္ဂိုလ်၊ တစ်ပုံဆောင် ပုဂ္ဂိုလ်၊ အဌကထာဆောင် ပုဂ္ဂိုလ်။ ကမ္မဋ္ဌာန်တရားအားထုတ် လေ့လာဆည်းဘူးသူ။ သီလန္တေလဇ္ဇီပေသလ ဗဟုသုတများ သော ပုဂ္ဂိုလ်တို့ဖြစ်၏။

## ၁၆။ ကမ္မဋ္ဌာန်းကျောင်း(၁၀)မျိုး။

ရဟန်းတော်များ၏ ဆိတ်ငြိမ်ရာ ကျောင်းသင်္ကန်းများဖြစ်၏။

၁။ ဝိဝိတ္တသေနာသန – အမိုးအကာ အခင်းတို့ဖြင့် ဆိတ်ငြိမ်ရာ ဆောက်လုပ်ထားသော ကျောင်း။

၂။ အရည – တောရကျောင်း (ရွာနီးချုပ်စပ်တောငယ် မျိုး)။

၃။ ရုက္ခမူလ – သစ်တပင်ရင်း၊ ဝါးတပင်ရင်းအောက်။

၄။ ပဗ္ဗတ – တောင်ပေါ် တောင်စောင်း၊ တောင် သာယာ။

၅။ ကန္ဒရ – ချောက်၊ ချောင်း၊ သာယာသောကမ္ဘားရံ။

၆။ ဂိရိဂုဟာ – တောင်ခေါင်း၊ ဥမင်၊ လှိုင်ဂူ။

၇။ သုသာန် – သင်းချိုင်း၊ သုသာန်။

၈။ ဝနပတ္တ – တောအုပ်၊ တောနက်၊ ရွာနှင့်ဝေး၍ တောကြီးခေါင်ခေါင်။

၉။ အဗ္ဘောကာသ – လွင်ပြင်၊ လဟာပြင်။

၁၀။ ပလာလပုဉ္ဇ – ကောက်ရိုးပုံ၊ မြက်ပုံ၊ ၎င်းနှင့် အုံသော ကျောင်း။

၁၇။ ဝိပဿနာကမ္မဋ္ဌာန်းမထိုင်မီ အောက်ပါ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ (ဝါ)ရှစ်ပါးသီလများကို အရင်ဆောက်တည်ပါ။

## အဝေစ္စပသာဒ (တသက်ပန် သရဏဂုံ)

## (သုံးကြိမ် ဆောက်တည်ပါ)။

၁။ ဇီဝိတ ပရိယန္တိကံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဇီဝိတ ပရိယန္တိကံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ ဇီဝိတ ပရိယန္တိကံ၊ သံဃံ သရဏံ ဂစ္ဆာမိ။

## ခန္ဓာကိုယ် လှူဒါန်းခြင်း။

၁။ အဇ္ဇအာဒိံ ကတွာ။ အယံအတ္တာနံ၊ ဗုဒ္ဓဿ၊ နိယျာဒေမိ။
၂။ အဇ္ဇအာဒိံ ကတွာ၊ အယံအတ္တာနံ၊ ဓမ္မဿ၊ နိယျာဒေမိ။
၃။ အဇ္ဇအာဒိံ ကတွာ၊ အယံအတ္တာနံ၊ သံဃဿ၊ နိယျာဒေမိ။

## ရင်းအနက်များ။

၁။ ဇီဝိတပရိယန္တိကံ– အသက်ဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏၊

၂။ ဇီဝိတ ပရိယန္တိကံ– အသက်ဆုံးသည့် တိုင်အောင်၊ ဓမ္မံ– တရားတော်မြတ်ကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏။

၃။ ဇီဝိတ ပရိယန္တိကံ– အသက်ဆုံးသည့်တိုင်အောင်၊ သံဃံ– သံဃာတော်မြတ်ကို၊ ဂစ္ဆာမိ-- ဆည်းကပ်ပါ၏။

၁။ အဇ္ဈာအာဒိံ ကတွာ– ယနေ့ကိုအစပြု၍၊ အယံအတ္တာနံ– ဤကိုယ်ကို။ ဗုဒ္ဓဿ– မြတ်စွာဘုရားအား၊ နိယျာဒေမိ– အပ်နှင်း လှူဒါန်းပါ၏။

၂၊ အဇ္ဇာအာဒိံ ကတွာ– ယနေ့ကို အစပြု၍၊ အယံ အတ္တာနံ– ဤကိုယ်ကို၊ ဓမ္မဿ– တရားတော်မြတ်အား၊ နိယျာဒေမိ– အပ်နှင်း လှူဒါန်းပါ၏။

၃။ အဇ္ဇအာဒိကတွာ– ယနေ့ကိုအစပြု၍၊ အယံအတ္တာနံ။ ဤကိုယ်ကို၊ သံဃဿ– သံဃာတော်မြတ်အား၊ နိယျာ ဒေမိ– အပ်နှင်းလှူဒါန်းပါ၏။ ။

## ၁၀။ ငါးပါးသီလ။

၁၊ ပါဏာတိပါတာ–သူတပါး၏ အသက်ကိုသတ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–ရှောင်ကြဉ်ပါ၏။

၂။ အဒိန္နာဒါနာ–သူတပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–ရှောင်ကြဉ်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ–သူတပါး၏ သားမယားကို ကျူးလွန်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ–ရှောင်ကြဉ်ပါ၏။

၄။ မုသာဝါဒါ–မဟုတ်မမှန်သော မုသားစကားကို ပြောဆိုခြင်းမှ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–ရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ–သေရည်အရက်ကို သောက်စားခြင်း၊ မူးယစ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–ရှောင်ကြဉ်ပါ၏။

## ၁၄။ ရှစ်ပါးသီလ။

၁။ ပါဏာတိပါတာ–သူတပါးအသက်ကို သတ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–ရှောင်ကြဉ်ပါ၏။

၂၊ အဒိန္နာဒါနာ–သူတပါးဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ–ရှောင်ကြဉ်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ–သူတပါး၏ သားမယားကို ကျူးလွန်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–ရှောင်ကြဉ်ပါ၏။

၄။ မုသာဝါဒါ—မဟုတ် မမှန်သောစကားကို ပြောဆိုခြင်းမှ၊ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ—ရှောင်ကြဉ်ပါ၏။
၅။ သုရာမေရိယ မဇ္ဇပမာဒဋ္ဌာနာ—သေရည်အရက်ကို သောက်စားမူးယစ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ—ရှောင်ကြဉ်ပါ၏။
၆။ ဖရုသပါစာ—ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ၊ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ—ရှောင်ကြဉ်ပါ၏။
၇။ ပိသုဏာဝါစာ—သူတပါးကို ကုန်းတိုက်ခြင်းမှ၊ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ—ရှောင်ကြဉ်ပါ၏။
၈။ သမ္ဖပ္ပလာပဝါစာ—သိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ—ရှောင်ကြဉ်ပါ၏။

## ၂၀။ ဆယ်ပါးသီလ။

(အထက်ရှစ်ပါး သီလကို အောက်ပါနှစ်ပါး ထပ်ဖြည့်ပါ၊ (၁၀)ဆယ်ပါးပြည့်၏)။

၉။ ဗျာပါဒါ—သူတပါးပျက်စီးအောင်ကြံခြင်းမှ၊ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ—ရှောင်ကြဉ်ပါ၏။
၁၀။ မိစ္ဆာဒိဋ္ဌိ—မှားသောအယူကို ယူခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ—ရှောင်ကြဉ်ပါ၏။

## ၂၁။ တရားဂုဏ်တော်(၆)ပါးခေါ်(၄)ဖော်တရားကိုယ်။

တရားဂုဏ်တော်(၆)ပါးသည် ဤတရားကို(၄)ပါးမှ ထွက်လာခြင်းဖြစ်၏။

၁။ မဂ်တရား—ကိလေသာကိုသတ်သောတရား။

၂။ ဖိုလ်တရား—ကိလေသာကို ငြိမ်းစေသောတရား။

၃။ နိဗ္ဗာန်တရား—မဂ်၊ ဖိုလ်ရရေးလမ်းညွှန်တရားစုဖြစ်၏။

## ၂၂။ နိရောဓသမာပတ်ဝင်စားနိုင်သူ(၂)မျိုး။

စိတ်၊ စေတသိတ်၊ စိတ္တဇရုပ်တို့ကို အခိုက်အတန့်အားဖြင့်ချုပ်စေကာ၊ ချမ်းသာမှုကို ခံစားနိုင်သူ ပုဂ္ဂိုလ်နှစ်ယောက်ကိုဆိုသည်။

၁။ ဈာနလာဘီ—အနာဂါမ်ပုဂ္ဂိုလ်တယောက်။

၂။ ဈာနလာဘီ—ရဟန္တာပုဂ္ဂိုလ်တယောက်။

**မှတ်ချက်။** ။သောတာပန်သကဒါဂါမ်နှင့် ပုထုဇဉ်ဈာန်ရ ပုဂ္ဂိုလ်တို့ကား နံ့သော သမာဓိရှိ၍ မဝင်စားနိုင်ဟုဆို၏၊ ဈာန်သမာပတ်မရသူ အနာဂမ် ရဟန္တာတို့လည်း မဝင်စားနိုင်ဟုဆို၏၊ ။

## ၂၃။ ပါရမီ(၁၀)ပါး။

နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မျိုးဆယ်ပါးဖြစ်၏။အကျယ်ကို (စရိယာပိဋကအဋ္ဌကထာနှင့် ဇိနာလင်္ကာရဋီကာ၌)ရှုပါ။

၁။ ဒါနပါရမီ — လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း။

၂။ သီလပါရမီ — ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော သီလများကို ဆောက်တည် သိမ်းဆည်းခြင်း။

၃။ နိက္ခမ ပါရမီ — အိမ်ရာစွန့်ခွာ၍ ရသေ့၊ ရဟန်းဘောင်သို့ ကူးပြောင်းခြင်း။

၄။ ပညာပါရမီ — ပညာကိုဆည်းပူးရှာဖွေ တိုးပွားစေခြင်း။

၅။ ဝိရိယပါရမီ — မတွန့်မဆုတ် အားထုတ်သော ဇွဲနပဲဖြင့် ရဲရဲ ရွံ့ရွံ့ ကြိုးစားခြင်း။

၆။ သစ္စာပါရမီ — မှန်ကန် ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်ခြင်း၊

၇။ ခန္တီပါရမီ — သီးခံခြင်း။

၈။ မေတ္တာပါရမီ — ကမ္ဘာသားများကို မိမိကိုယ်နှင့် တသားတည်း ချစ်ခြင်း၊

၉။ အဓိဋ္ဌာနပါရမီ — အပြစ်ကင်းသောအရာ၌ စိတ်ဖြင့်ဆုံးဖြတ်ခြင်း၊ ဆုံးဖြတ်သည့်အားလျော်စွာ လုပ်ကိုင်ခြင်း။

၁၀။ ဥပေက္ခာပါရမီ – သူစိမ်း၊ သူကျက် မငဲ့ကွက်ပဲ၊ ဆင်းရဲချမ်းသာ အရေးတို့၌ အလယ်ကြား၌တည့် မတ်စွာရှုခြင်း။

## ၂၄။ ပါရမီ (၃၀)။

ဤ၌ သုံးဆယ်ဖြစ်စေရန် အထက်ပါ ဆယ်ပါးကို တပါးစီတွင် အောက်ပါ ပါရမီ (၃)သုံးမျိုးနှင့် မြှောက်ပါ။

၁။ ရိုးရိုးပါရမီ – ကိုယ်ခန္ဓာမှအပ အခြားသော အရာများ တွက် မငဲ့ကွက်မှု။

၂။ ဥပပါရမီ – ကိုယ်အင်္ဂါ အစိတ်အပိုင်း၊ ခြေ၊ လက်၊ မျက်စိတို့အတွက် မငဲ့ကွက်မှု။

၃၊ ပရမတ္တပါရမီ – ကိုယ့်အသက်ကိုပင် မငဲ့ကွက်မှုတို့ဖြစ်၏။

* * *

## (သရဏဂုံ(၃)ပါး၏ အကျိုးသတ္တိထူးများ။

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးသည် သုံးဆယ့် တဘုံတွင် အထွဋ်အထိပ် အမြင့်မြတ်ဆုံးဖြစ်သည်။ ဤရတနာ မြတ်သုံးပါးကို အဝေစ္စ ပသာဒဖြစ်သည့် မတုန်မလှုပ် သက်ဝင်ယုံကြည်စွာ သဒ္ဒါတရားနဲ့ ဆောက်တည်၍ သရဏဂုံတည်သူများအပေါ်၌ ကျရောက်လတံ့ဖြစ်သော ဘေးရန်ခပ်သိမ်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှုများကို ပယ်ဖျက် တားမြစ်နိုင်တဲ့အပြင်၊ သေသည်နှင့်တပြိုင်နက် မဂ်ဖိုကိုရသဖြင့် သောတပန်တည်သွားပြီး၊ နတ်ပြည်သို့ရောက်သွားရပါတယ်။

မြတ်စွာဘုရားရှိစဉ်ကာတွင်၊ ဘုရားသခင် ဆွေတော်ထဲမှ တဦးသည် ငယ်ရွယ်စဉ်မှစပြီး သေသည့်တိုင်အောင် အရက်ကို စွဲစွဲမြဲ သောက်၏။ သို့

သော်လည်း သူသည် (ဘုရား၊ တရား၊ သံဃာ)ဖြစ်တဲ့ သရဏဂုံ သုံးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ (အဝေစ္စပသာဒ)ဖြစ်သည့် မဟုန်မလှုပ်သည့်ယုံကြည်ခြင်းဖြင့် ယုံကြည်လေသည်။ ထို့ကြောင့် သူ့ကို (သာရဏ ဥပသကာ) လို့ ခေါ်၏။

တနေ့ (သရဏဥပသကာ) သေသွားတဲ့အခါမှာ မြတ်စွာဘုရားက သူဟာ နတ်ပြည်ရောက်သွားတယ်လို့ ဟောတော်မူ၏။

အဲဒီအခါမှာ ဘုရားဆွေမျိုးတော်အပေါင်းက ဘုရားရှင်အား ကဲ့ရဲ့ ပြစ်တင်ကြလေသည်။ အဘယ်ကြောင့်မူ အရက်ဒါလောက် ကြူးလွန်စွာ သောက်နေတဲ့လူ၊ သေတော့ နတ်ပြည်ရောက်တယ်ဆိုတာ မယုံနိုင်ကြသည့် အတွက် ဖြစ်လေသည်။ သူတို့လူစုမိကြသည့်အခါတိုင်း ဒို့တော့မယုံနိုင်ဘူးလို့ အတင်းပြောဆိုနေကြလေသည်။

ထိုအကြောင်းကို မဟာနာမ်မင်းကကြားပြီး၊ ဘုရားထံသွားကာ ဘုရားရှင် ဆွေတော်မျိုးတော်များက သရဏဥပသကာ နတ်ပြည်ရောက်တယ်ဆိုတာ မယုံနိုင်ကြောင်း ကဲ့ရဲ့နေကြပါတယ်ဘုရားဟု လျှောက်တယ်၊

ဘုရားရှင် ကြားတော်မူသောအခါ၊ အင်း— ဟုတ်ပေတယ်။ သူဟာ မသေမီ သရဏဂုံသုံးပါးကို (အဝေစ္စပသာဒ)ဟု ဆိုအပ်သော မတုန်မလှုပ် သက်ဝင်ယုံကြည်စွာ သဒ္ဒါတရားနဲ့တည်နေသောကြောင့်သူဟာသောတာပန် တည်ပြီး၊ သေတော့ နတ်ပြည်ရောက်ရတယ်လို့ ဟောတယ်။

ဒီအရက်သောက်သော အကုသိုလ် မကောင်းမှုဟာ ဘုရား၊ တရား၊ သံဃာ ကို အသဲစွဲယုံကြည်တဲ့ ကုသိုလ်ကို မတားမြစ်နိုင်ဘူး၊ ဒါ့ကြောင့် သူဟာ နတ်ပြည်ရောတ်ရတယ်လို့ ဟောလိုက်တယ်။

(အဝေစ္စပသာဒ)ဟုဆိုအပ်သော မတုန်မလှုပ် အသဲစွဲမျှ သက်ဝင်ယုံကြည်တဲ့ သဒ္ဒါတရားသည်—

ဥပမာ— အခြားသူတဦးက (သရဏဥပသကာ)ကို သင်— ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူး လို့ မပြောလျှင် သတ်ခဲ့မည်ဟု ဆိုသည်တိုင်၊ လူသာအသေခံပြီး၊ ဘုရားဟာ ဘုရားပဲ၊ တရားဟာ တရားပဲ၊ သံဃာဟာ သံဃာပဲလို့ အသက်ကို စွန့်လွှတ်ပြီး ယုံကြည်လေးစားမှုင် ဖြစ်လေသည်။ ။

ထို့ကြောင့် လောကရှိ သူတော်ကောင်း အပေါင်းတို့သည်(သံရဏာ ဥပါသကာ)ကဲ့သို့ ရတနာသုံးပါး (သရဏဂုံ)သုံးပါးကို (အဝေစ္စ ပသာဒ) ဖြင့် စွဲမြဲပြီး၊ ငါးပါးသီလ၊ ရှစ်ပါးသီလ စသည် ဆောက်တည်နိုင်ကြမည် ဆိုပါက ကျရောက်သာလတံ့သော ဘေးရန်ခပ်သိမ်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှုများကို ပယ်ဖျက်တားမြစ်နိုင်တဲ့အပြင်၊ သက်တမ်းစေ့လို့ သေရသည့်တိုင် (သရဏဂုံ)နှင့် သီလဆောက်တည်သော ကောင်းမှုများကြောင့် တွေဝေခြင်းမရှိပဲ ငြိမ်သက်စွာ စုတိကမ္မဇရုပ် ချုပ်သွားပါမည်။ သေလွန်ပြီးနောက်ပိုင်းသည်း နတ်ပြည် ကောင်းကျိုး ချမ်းသာကို မလွဲ ရရှိပေလိမ့်မယ်။

သို့အတွက် လောက၌ အမြတ်ဆုံး သုံး(၃)ဆူ ဖြစ်သည့် သရဏဂုံ သုံးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစွဲယုံကြည်ရာ၏။ ။

* * *

## (ဘုရားဟော သောတာပန်)

၁။ **မဟာဝဂ္ဂသံယုတ်၊ ၁၁– သောတာပတ္တိသံယုတ်၊ ၁– ဝေဠုဒွါရဝဂ်၊ ပထမပုဒ်။**

မြတ်စွာဘုရားသည်–

အို... ချစ်သား သာရိပုတ္တရာ–

(သောတ သောတ) ဟူသော ဤစကားကို ပြောကြားတော်မူအပ်၏။

အဘယ်သည်သောတရားသည် (သောတ)မည်သနည်းဟု မေးတော်မူသည်။

အရှင်မြတ်ဘုရား....

မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော (အရိယာ မဂ်) သည် "သောတ"မည်ပါ၏ ဘုရားဟု လျှောက်ကြားလေ၏။

အရိယာမဂ်ဟူသည်–

၁။ သမ္မာဒိဋ္ဌိ – ကောင်းစွာသိခြင်း။ )
၂။ သမ္မာသင်္ကပ္ပ – ကောင်းစွာကြံစည်ခြင်း။ ) ပညာ။

၃။ သမ္မာဝါစာ – မှန်ကန်စွာပြောဆိုခြင်း။ )
၄။ သမ္မာကမ္မန္တ – မှန်ကန်စွာ ပြုလုပ်ခြင်း။ ) သီလ။
၅။ သမ္မာအာဇီဝ – မှန်ကန်သောအသက်မွေးမှုပြုခြင်း။ )
၆။ သမ္မာဝါယမ – မှန်ကန်စွာအားထုတ်ခြင်း။ )

၇။ သမ္မာသတိ – ကောင်းစွာအောင့်မေ့ သတိရှိခြင်း။ (
၈။ သမ္မာသမာဓိ – ကောင်းစွာတည်ကြည်ခြင်း။ ( သမာဓိ။

ဤမဂ္ဂင် (၈)ပါး ဖြစ်ပါသည်ဘုရား၊

အို... ချစ်သား– သာရိပုတ္တရာ၊

ကောင်းလေစွ၊ ကောင်းလေစွ၊

မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဤ(အရိယာမဂ်)သည် "သောတ"မည်ပေ၏ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

**၂။ မဟာဝဂ္ဂသံယုတ်၊ ၁၁–သောတာပတ္တိသံယုတ်၊ ၁–ဝေဠုဒွါရဝဂ်၊ ပဉ္စမသုတ်၊ ဒုတိယပိုင်း။**

မြတ်စွာဘုရားသည်—

အို... ချစ်သား– သာရိပုတ္တရာ—

(သောတာပန္န၊ သောတာပန္န– ဟူသော ဤစကားကို ဟောကြား အပ်၏။

အဘယ်မည်သော ပုဂ္ဂိုလ်သည် သောတာပန္န (သောတာပန်)ပုဂ္ဂိုလ် မည်သနည်းဟု မေးမြန်းတော်မူ၏။

အရှင်ဘုရား....

အကြင်ပုဂ္ဂိုလ်သည် မြတ်သောအင်္ဂါရှစ်ပါးဖြစ်သည့် ဤမဂ်နှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည် (သောတာပန်) ပုဂ္ဂိုလ်မည်ပါ၏ ဘုရားဟု လျှောက်ထား၏။

ထိုအခါမြတ်စွာဘုရားသည်၊ ဤသို့စကား မြွက်ကြား ချီးမွမ်းတော်မူ၏။

အို.... ချစ်သား— သာရိပုတ္တရာ၊

ကောင်းလေစွ၊ ကောင်းလေစွ၊

အို.... ချစ်သား— သာရိပုတ္တရာ—

အကြင်ပုဂ္ဂိုလ်သည် မြတ်သောအင်္ဂါရှစ်ပါးဖြစ်သည့် ဤမဂ်နှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည် (သောတာပန်) ပုဂ္ဂိုလ်မည်၏ဟု ဟောတော်မူ၏။

**၃။ မဟာဝဂ္ဂသံယုတ်၊ ၁၁–သောတာပတ္တိသံယုတ်၊ ၁–ဝေဠုဒွါရဝဂ်၊ ပဉ္စမသုတ်၊ တတိယပိုင်း။**

မြတ်စွာဘုရားသည်—

အို.... ချစ်သား သာရိပုတ္တရာ—

(သောတာပတ္တိယင်္ဂ) သောတာပတ္တိမဂ်ကို ရနိုင်ကြောင်းဖြစ်သော အကြောင်း အင်္ဂါ— ဟူသော ဤစကားကို ဟောကြားအပ်၏။

အို.... ချစ်သား— သာရိပုတ္တရာ၊

အဘယ်မည်သောတရားသည် သောတာပတ္တိယင်္ဂ (သောတာပတ္တိမဂ်) ရရှိကြောင်းဖြစ်သော အကြောင်းအင်္ဂါမည်၏ဟူသနည်းဟု မေးတော်မူ၏။

အရှင်မြတ်ဘုရား....

၁၊ သပ္ပုရိသသံသေဝ — သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်းသည်လည်းကောင်း။

၂၊ သခမ္မသဝန – သူတော်ကောင်းတို့၏တရားစကားကို ကြားနာခြင်းသည်လည်းကောင်း။

၃။ ယောနိသော
မနသိကာရ – အသင့်အတင့် နှစ်လုံးသွင်းခြင်းသည် လည်းကောင်း။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ – လောကုတ္တရာ တရားကိုးပါး အား လျော်စွာ အကျင့်ကို ကျင့်ခြင်းသည် လည်းကောင်း။

ထိုအင်္ဂါ (၄)ပါးသည် (သောတာပတ္တိ မဂ်)ကိုရကြောင်းဖြစ်သော အကြောင်းအင်္ဂါများ ဖြစ်ပါသည်ဘုရား။

အို.... ချစ်သား သာရိပုတ္တရာ–

ကောင်းလေစွ၊ ကောင်းလေစွ– ဟူ၍ မိန့်မြွက် ချီးကျူးတော်မူ၏။ ထို့ကြောင့်–

၁။ မေတ္တာတရား ပွားများရာ၌လည်းကောင်း။

၂။ ဝိပဿနာတရား ပွားများရာ၌လည်းကောင်း။

အထက်ဖော်ပြခဲ့သော ဘုရားဟော ကျင့်ဝင့် အင်္ဂါတရားများနှင့် ပြည့်စုံမှသာလျှင် ရှေ့အဖို့၌ မိမိအလိုရှိအပ်သော ကောင်းကျိုးကို ပြီးစီး အောင်မြင်နိုင်မည်ဖြစ်၏။

သို့မဟုတ်ပါက မပြီးစီး မအောင်မြင်နိုင်ဟူသော အချက်ကို သတိ ပြုအပ်ပေသတည်း။ ။

## (စူဠသောတာပန်)

ဖော်ပြပြီးသော မဂ္ဂင် (မဂ်)ရှစ်ပါးဖြစ်သည့် သီလ၊ ပညာ၊ သမာဓိ– တည်းဟူသော သမ္မာဒိဋ္ဌိတရားသုံးမျိုးနှင့် ပြည့်စုံသူကို စူဠသောတာပန်(အငယ် စား သောတာပန်)ဟု ခေါ်သည်။

အင်္ဂုတ္တရ အဋ္ဌကထာ နဝက နိပါတ် သီဟနာဒဝဂ်အရ၊ သရဏဂုံ တည်သူ၊ ငါးပါးသီလမြဲသူ၊ နှစ်စဉ်ဝါဆိုသင်္ကန်း တထည်လှူသူ၊ နှစ်စဉ်

ကထိန်ခင်းသူ။ နေ့စဉ်လစဉ် ဝတ်မြဲအောင်ပြု၍ ထာဝရ ကုသိုလ်ပြုသူ မှန်သမျှကို (စူဠသောတာပန)ခေါ်၏။

## (မဟာသောတာပန်)။

မဂ်(မဂ္ဂင်ရှစ်ပါး) တရားသုံးပါးကို ရထားပြီး၊ ဤဘဝမှ နောက် (၃)ဘဝသာ ဝဋ်သံသရာ၌နေပြီး ရဟန္တာအဖြစ် ရရှိတော့မည့် ပုဂ္ဂိုလ်အား (မဟာသောတာပန်)ခေါ်၏။

## (သကဒါဂါမ်ပုဂ္ဂိုလ်)

ဤပုဂ္ဂိုလ်သည် သောတာပန်ဘဝ၌၊ ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ခဲ့ပြီးနောက်၊ သကဒါဂါမ်ဘဝတွင် ကာမရာဂ၊ ဒေါသနှင့် ဩဠာရိကတဝိပ္ပယုတ်၊ ပဋိဃကဝိပ္ပယုတ်၌ယှဉ်၊ မောဟနှင့် ကိလေသာတို့ကို ခေါင်းပါးခြင်း အဖြစ်ကို ပြုထားပြီးသူအား– (သကဒါဂါမ်ပုဂ္ဂိုလ်)ဟုခေါ်သည်။

ဆိုလိုသည့် ဝဋ်၌ကျင်လည်နေရသော လူပုထုဇဉ် အပေါင်းတို့သည် ထူထပ်သော ကိလေသာများ အမြဲမပြတ် ပြုလုပ်သကဲ့သို့ မဟုတ်ပဲ၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့မှာ ၎င်းကာမ၊ ရာဂ၊ ဒေါသနှင့် မောဟတို့ကို တခါတရံသာ ဖြစ်သည်။ ပြုသော် ဖြစ်သော်လည်း ကျဲကျဲပါးပါး အနည်းငယ်မျှသာဖြစ်၏။ ထိုပုဂ္ဂိုလ်တို့မှာ အိမ်ထောင်သားမွေးခြင်းများ ရှိသေးသော်လည်း ထူထပ်သော ကိလေသာ ရာဂများကြောင့် မဟုတ်တော့ပဲ၊ မလွှဲမရှောင်သာ အနံ့အသက် သဘောသာရှိတော့၏။

## (သကဒါဂါမ် ၆–မျိုး)

၁။ ဤလူ့ပြည်၌ သကဒါဂါမ်ဖြစ်၍၊ ဤလူ့ပြည်၌ပင် ဘဝမခြားပဲ (အနာဂါမ် ရဟန္တာ)ဖြစ်၍ ပရိနိဗ္ဗာန်ပြုသူ။

၂။ ဤလူ့ပြည်၌ သကဒါဂါမ်ဖြစ်၍၊ ဒုတိယဘဝ နတ်ပြည်၌ အနာဂါမ် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုသူ၊

၃။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ပြည်၌ပင် ဘဝမခြားပဲ၊ အနာဂါမ် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုသူ။

၄။ နတ်ပြည်၌ သကဒါဂါမိဖြစ်၍၊ ဒုတိယဘဝ ဤလူ့ပြည်၌ အနာဂါမိ ရဟာဖြစ်၍ ပရိနိဗ္ဗာန်ပြုသူ။

၅၊ လူ့ပြည်၌ သကဒါဂါမိဖြစ်၍ ဒုတိယဘဝ နတ်ပြည်၌ပဋိသန္ဓေ နေပြီးနောက်၊ တတိယဘဝတွင် ဤလူ့ပြည်၌ အနာဂါမိ ရဟန္တာဖြစ်၍ ဂရိနိဗ္ဗာန်ပြုသူ။

၆။ နတ်ပြည်၌ သကဒါဂါမိဖြစ်၍၊ ဒုတိယဘဝလူ့ပြည်၌ပဋိသန္ဓေ နေပြီးနောက်၊ တတိယ ဘဝထွင် နတ်ပြည်၌၊ အနာဂါမိ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုသူ။ ။

## (အနာဂါမိပုဂ္ဂိုလ်)။

ဤအနာဂါမိ ဂ္ဂိုလ်သည် သကဒါဂါမိဘဝက ခေါင်းပါးအောင်ပြုခဲ့သော၊ ကာမရာဂ၊ ဒေါသနှင့် မောဟတို့ကိုအကြွင်းမဲ့ ပယ်ပြီးသူဖြစ်၏။

ထိုကာမရာဂ၊(ဝါ) ကာမတဏှာကို ပယ်ထားပြီးဖြစ်သောကြောင့်၊ ဤအနာဂါမိ ပုဂ္ဂိုလ်သည် ကာမဘုံ၌နောက်ထပ် ပဋိသန္ဓေ မနေရတော့ပေ။

သို့မသော်၊ ရူပရာဂ၊ နှင့် အရူပရာဂကို မပယ်သေးသဖြင့်၊ ရူပဘုံနှင့် အရူပဘုံတို့၌ ပဋိသန္ဓေ နေရနိုင်သေးသည်။

ထို့ကြောင့် ဤလူ့ဘုံမှ အနာဂါမိဂ္ဂိုလ်သည်၊ ဤဘဝ၌ပင် ရဟန္တာဖြစ်လျှင်ဖြစ်၊ အကယ်၍မဖြစ်ပါက၊ ရူပနှင့် အရူပဘုံတို့၌ ပဋိသန္ဓေဖြစ်၍ ထိုဘဝ၌ပင် ရဟန္တာဖြစ်နိုင်သည်၊ ။

## (ရဟန္တာပုဂ္ဂိုလ်)။

ရဟန္တာသည်၊ သောတာပန်။ သကဒါဂါမိ၊ အနာဂါမိ ပုဂ္ဂိုလ်တို့ မပယ်နိုင်သေးသော၊ ကိလေသာ(၁၀)ပါးတွင်၊ ရူပရာဂ၊ အရူပရာဂ ဟူသောလောဘစိတ်(၁)ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ်ရှိသော မောဟစိတ် (၁)ခု။ မာန၊ ထိန။ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ တို့ကိုအကြွင်းမဲ့၊ လုံးဝ ပယ်ပြီးသော ပုဂ္ဂိုလ်ဖြစ်၍၊ ဤရဟန္တာဘဝမှ ပရိနိဗ္ဗာန်ပြုလေသည်။

**မှတ်ချက်။** ။ဆိုပြီးခဲ့သော် ပုဂ္ဂိုလ်အပေါင်းတို့တွင်၊ ရဟန္တာ ပုဂ္ဂိုလ် တမျိုးတည်းသာ၊ ရူပရာဂ၊ အရူပရာဂ၊ ဖြစ်သော တဏှာဘုံနယ် အားလုံးတို့မှ ကွင်းလုံးကျွတ် လွတ်ကင်းသည်ကို တွေ့ရ၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်(၁၂)မျိုးတွင်၊ ရဟန္တာပုဂ္ဂိုလ် တမျိုးတည်းသာ၊ တဏှာဘုံနယ်မှ လွတ်မြောက်ပြီး၊ နိဗ္ဗာန် သို့တိုက်ရိုက် ရောက်ရှိနိုင်သူဖြစ်ပေသည်။ ။

* * *

## (နိဗ္ဗာန်ကို တောင့်တရာ၌ တဏှာမဖြစ်)။

"ဣဒံမေပုံညံ နိဗ္ဗာနဿ ပစ္စယော

ဟောတု၊ ဟုဝိဝဋ္ဋ"—

ဝဋ်ကိုမတွယ်တာသောကုသိုလ်ဖြစ်အောင် နိဗ္ဗာန်ကိုသာ တောင့်တ၍ လှူခြင်းသာဖြစ်ရာ၏။

သို့သော်၊ လူနတ်ပြဟ္မာ စည်းစိမ်ချမ်းသာစသည်တို့ကို မတောင့်တပဲ နိဗ္ဗာန်ကိုသာ တောင့်တ၍ ကုသိုလ်ကောင်းမှုများကို ပြုသည်ဖြစ်သော်လည်း၊ နိဗ္ဗာန်သို့သွားရာ အဆင့်ဆင့်ဘုံစဉ်စံ၍ တက်ရသဖြင့်၊ လူနတ်ပြဟ္မာချမ်းသာ အပေါင်းတို့ကို အားလုံးပြည့်ပြီးဖြစ်သည်၊

ဥပမာ မန္တလေးသို့ မီးရထားနှင့် ခရီးသွားသည်ဆိုအံ့၊ ကြားဘူတာများဖြစ်သည့်ပဲခူး၊ ညောင်လေးပင်၊ ပျဉ်းမနား၊ သောင်ငူ စသည်တို့ကို တဆင့်ပြီးတဆင့်ရောက်၍၊ ဖြတ်၍၊ သွားရသကဲ့သို့ ပြည့်ပြီးဖြစ်သည်။

ထိုသို့ကောင်းမှုကုသိုလ်ပြု၍ နိဗ္ဗာန်ဟူသော အကျိုးတရားကို ရခြင်းသည်ကား၊ တဏှာလောဘ၊ ဟူသောအကြောင်းတရားတို့ကြောင့်မဟုတ်။

တဏှာလောဘတို့မှ လွတ်မြောက်ရာ၊ လွတ်ကင်းရာ ဖြစ်သော အကြောင်းကြောင့်၊ နိဗ္ဗာန်ကိုလိုချင်တောင့်တရာ၌ လုံးဝတဏှာ မဖြစ်နိုင်ပဲ (ဆန္ဒသာ)ဖြစ်ချေသည်။ ။

**မှတ်ချက်။** ။တဏှာလုံးဝ မရှိသောနေရာကို လိုချင်တောင့်တမှုမှာ၊ တဏှာလာ၍ဖြစ်နိုင်၊ ရနိုင်ပါဦးမည်လော။(ဥပမာ၊မိန်းမ မယူသောသူ၌ ကလေးရနိုင်ပါမည်လော။ ။

*　　　*　　　*

## (အရိယာအပြား)။

### ၁။ အရိယာဆိုတာဘာလဲ။

၁။ အရိ–ဆိုတာ–ရန်သူအနန္တဖြစ်သည်။

၂။ ယာ –ဆိုတာ–လွတ်မြောက်ခြင်းဖြစ်ပါသည်။

ထို့ကြောင့်(အရိယာ)ပါဠိကို အနက်အဓိပ္ပါယ် ပြန်လိုက်ပါသော်–

၃။ အရိယာ–ရန်သူအနန္တတို့ ဘေးရန်မှ လွတ်မြောက်ခဲ့သူများ ဖြစ်ပါသည်။ (အပါယ်ငရဲနှင့် ဆင်းရဲ ဒုက္ခအပေါင်းမှ လွတ်မြောက်ခဲ့သူများပင်ဖြစ်ပါသည်)။

၄၊ အရိယာ–ကား၊ နာမ်ရုပ်စေး၊ပုလှေပ်ရှား၊(ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ဤဓာတ်(၄)ပါးနှင့်မြင်ကြား နံလျက်၊ တွေ့သိဖက်၍၊ ကိုးချက်ရုပ်နာမ်၊ သိသောဉာဏ် ဇောကန်ဒိဋ္ဌိ တွာ၊ ဟူသော လင်္ကာအတိုင်း–

ရုပ်ပရမတ်ဖြစ်သော ခေတ်ကြီးလေးပါးနှင့် နာမ်ပရမတ်ဖြစ်သော နာမ်တရား (၅)ပါး၊ (၆)ပါးကိုသာ ဂရုမူ အလေးထားပြီး အာရုံပြုသည်။

— (အရိယာတိ ဇဟတိတိ အရိယာ)။ အရိ – အဝိဇ္ဇာနှင့်ဒိဋ္ဌိ၊ ဝိစိတည်းဟူသော မူလရန်သူကို– ယာတိ ဇဟတိ– သတ်ဖြတ်စွန့်ပစ်တတ်၏။ ဤတိတသ္မာ၊ ထို့ကြောင့်– အရိယာ– အရိယာ– ပုဂ္ဂိုလ်မည်ပါပေသတည်း။

၆။ ပုထုဇဉ်– ကား၊ လှသည်၊ ချောသည်၊ အမျိုးကောင်းသည်၊ မိန်းမ၊ ယောကျ်ား၊ အင်္ဂါလက္ခဏာတည်းဟူသော (ပညတ်) အာရုံများကို အလေးပေးဂရုပြုသည်။

(သဘာဝဖြစ်ပျက်စဉ် (ပရမတ်) တရားသဘောကို မမြင်သူ)။
— ဖောက်ပြန်တတ်သော (ပညတ်)သဘောကို အာရုံပြုသူကား ပုထုဇဉ်တည်း။

## (Absolute Truth) ပရမတ္ထတရား (၄)ပါး။

၁။ **စိတ်** (Conciousness) — မြင်သိ၊ ကြားသိ၊ နံသိ၊ လျက်သိ၊ ထိသိ၊ ကြံသိ၊ ယင်း (၆)ပါးကို စိတ်ဟုခေါ်သည်။

၂။ စေတသိတ် (Current of Mind) — လိုချင်၊ စိတ်ဆိုး၊ တွေဝေခြင်း စသော(၅၂)ပါးကိုစေတသိတ်ဟု ခေါ်သည်။
(စေ့ဆော်ခြင်းများဖြစ်၏)။

၃။ **ရုပ်** (Matter) — ရွရွ။ ဖွဖွ၊ မွမွ၊ ကြွကြွ၊ ပူဓ၊ စီး၊ ယို စသော (၂၈)ပါးကို ရုပ်ဟုခေါ်သည်။

၄။ **နိဗ္ဗာန်** — စိတ်။ စေတသိတ်။ ရုပ်။ ) ၎င်း သုံးပါးတို့၏ ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဟု ခေါ်သည်။

**သောတာပန်။**

ဗုဒ္ဓဂေါတမဘုရားသခင် ပွင့်တော်မူပြီး၊ ပထမဆုံး ပဉ္စဝဂ္ဂီငါးဦးအား ဟောကြားခဲ့သော ဓမ္မစကြာ တရားသည်သာ မူလအနှစ်သာရအခြေ

ခံ စစ်စစ်ဖြစ်သည်။ ပိဋကတ (၃)ပုံမှ ထိုမှဲ့ထွက်လာသော လက်တက်ပွား အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များသာဖြစ်ကြောင်း သိထားပါ။

၁။ ဒုက္ခသစ္စာတရား။

၂။ သမုဒယသစ္စာတရား၊

၃။ နိရောဓသစ္စာတရား။

၄။ မဂ္ဂသစ္စာတရား။
ပဋိစ္စသမုပ္ပါဒ်တရားဆိုသည်မှာ—

၁။ ဒုက္ခသစ္စာနှင့်၊ ၂၊ သမုဒယသစ္စာ တရားများကို ရောပေါင်းခေါ်ဆိုခြင်းဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်၏ အဓိပ္ပါယ်မှာ— သံသရာထဲ၌ အစဉ်မပြတ်ပဲ လည်နေခြင်းဖြစ်၍ ဓမ္မစကြာ၊ စကြာရဟတ်လို အစဉ်လည်နေသည့် တရားပင်တည်း။

ထိုပဋိစ္စသမုပ္ပါဒ်တရား— ၁၂၊ ၁၃ ပါး ရှိသည့်တွင်—

(က) **အဝိဇ္ဇာ (ဒုက္ခသစ္စာ) (၇)ပါး။**

၁။ အဝိဇ္ဇာ။

၂။ သင်္ခါ။

၃။ ဝိညာ။

၄။ နာမ်ရုပ်။

၅။ သဠာ။

၆။ ဖဿ။

၇။ ဝေဒနာ။

ဤ (၇)ပါးသည် ဒိဋ္ဌိမကောင်းမှုများဖြစ်၍ ပယ်ဖျောက်ဖြတ်တောက်နိုင်ပါက—

၁။ စူဠသောတပန် (အငယ်စား အရိယာ)။

၂။ မဇ္ဈိမသောတပန် (အလတ်စား အရိယာ)။

၃။ မဟာသောတပန် (ပဋိဝေဓအရိယာ) ဖြစ်နိုင်သည်ဆို၏။

## (ခ) တဏှာ (သမုဒယသစ္စာ) (၆)ပါး။

၁။ တဏှာ။

၂။ ဥပါ။

၃။ ဘဝ။

၄။ ဇာတိ။

၅။ ဇရာ။

၆။ မရဏ။

ဤ (၆)ပါးကို ဖြတ်တောက်နိုင်ပါက—

၁။ သဒါဂါမ်ပုဂ္ဂိုလ်။

၂။ အနာဂါမ်ပုဂ္ဂိုလ်။

၃။ ရဟန္တာဖြစ်၏ ဆို၏။

(ဉာဏာစာဂိမဟာထေရ်)။

## သောတာပန်(၄)မျိုး။

၁၊ စူဠသောတာပန် — သဒ်္ဒါဝိတရဏ ဝိသုဒ္ဓိစခန်းသို့ရောက် သောပုဂ္ဂိုလ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အတော်များများ ပယ်ခွာ စွန့်နိုင်ပြီ ဖြစ်၍— စူဠ သောတာပန်မည်၏။

၂။ သတ္တက္ခတ္တုပရမ သောတာပန် — သောတာပတ္တိမဂ်ရပြီး နောက် (၇) ကြိမ်၊ (၇)ဘဝ ပဋိသန္ဓေ နေခွင့်ရှိ သောပုဂ္ဂိုလ်မျိုး။

၃။ ကော်လံကောလ

သောတာပန် — သောတာပတ္တိမဂ် ရပြီးနောက် (၂) ဘဝမှ (၆)ဘဝအတွင်း တခုသော အမျိုးမြတ်သို့ ပြောင်းရွှေ့ ပဋိသန္ဓေ နေနိုင်သောပုဂ္ဂိုလ်မျိုး။

၄။ ဧကဗီဇီ သောတာပန် — မဂ်ရပြီးနောက် (၁) ဘဝသာလူ့ပြည်၌ပဋိသန္ဓေနေခွင့်ရှိသောပုဂ္ဂိုလ်မျိုး။

(ပုဂ္ဂလပညတ်အဋ္ဌကထာ)။

## ၁။ သောတာပန်ဖြစ်ကြောင်း အခြေခံ (၄)ပါး။

၁။ ဗုဒ္ဓေအဝေစ္စပသာဒ သမန္နာဂတ — ဘုရား၌ မတုန်မလှုပ် ကြည်ညို လေးစားခြင်း။

၂။ ဓမ္မေအဝေစ္စပသာဒ သမန္နာဂတ — တရားတော်၌ မတုန်မလှုပ် ကြည်ညို လေးစားခြင်း။

၃။ သံဃေအဝေစ္စပသာဒ သမန္နာဂတ — သံဃာတော်၌ မတုန်မလှုပ် ကြည်ညို လေးစားခြင်း။

၄။ အရိယကန္တသီလေဟိ သမန္နာဂတ — အရိယာကန္တသီလတို့ကို စောင့်ထိန်းရာ၌ အသက်သေမလျက် သီလ၌ညစ်နွမ်းမှုမရှိအောင် ပြည့်စုံစွာစောင့်ထိန်းခြင်း။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်)။

## ၂။ သောတာပန်ဖြစ်ကြောင်းအင်္ဂါ (၄)ပါး။

၁။ သပ္ပုရိသသံသေဝ — မင်္ဂလာလမ်းပြ သူတော်ကောင်းနှင့် ပေါင်းသင်းရမှု။

၂။ သမ္မသာဝန — ခန္ဓာနာမ်ရုပ် သူတော်ကောင်းတရား နာကြားရမှု။

၃။ ဓမ္မာနုဓမ္မပဋိပတ္တိ — မဂ်ဖိုရကြောင်း ကျင့်မှု။

၄။ ယောနိသောမန သိကာယ — ရုပ်နာမ်၌ မှန်ကန် တော်တည့်စွာနှစ် လုံးသွင်းမှု။

(မဟာဝဂ္ဂ သံယုတ်နှင့် သိဂီတိသုတ် ပါဠိတော်)

**သာဝကမျိုး (၃)ပါး။**

၁။ အဂ္ဂသာဝကမျိုး — မြတ်စွာဘုရား အောက်(၄–ပုံ ၁–ပုံ) ပါရမီဖြည့်ကျင့်ရသည်။

၂။ မဟာသာဝကမျိုး — ကမ္ဘာ (၁)သိန်း ပါရမီဖြည့်ရသော အသီတိ ရှစ်ကြိမ်တို့။

၃။ ပကတိသာဝကမျိုး — ပါရမီဖြည့်မှု သီးခြားမရှိ သူလိုငါလို ပုဂ္ဂိုလ်များ။

**အရိယာ (၈)ယောက်။**

၁။ မဂ္ဂဋ္ဌာန် (၄) ယောက်—

(က) သောတာပတ္တိမဂ် ပုဂ္ဂိုလ်။

( ခ) သကဒါဂါမိမဂ် ပုဂ္ဂိုလ်။

( ဂ) အနာဂါမိမဂ် ပုဂ္ဂိုလ်။

(ဃ) အရဟတ္တမဂ် ပုဂ္ဂိုလ်။

၂။ ဖလဋ္ဌာန် (၄)ယောက် (ဖိုလ်ပုဂ္ဂိုလ် ၄-ယောက် ဖြစ်၏)။

(က) သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်။

( ခ) သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။

(ဂ) အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။

(ဃ) အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။

**မဂ်ဖို(နိဗ္ဗာန်)မရထိုက်သူ (၁၆)ယောက်။**

၁။ တိရစ္ဆာန်။

၂။ ပြိတ္တာ။

၃။ အယူမှားယွင်းသူ။

၄။ စဉ်းလဲကောက်ကျစ်သူ။

၅။ အမိကို သတ်သူ။

၆။ အဖကိုသတ်သူ၊

၇။ ရဟန္တာကို သတ်သူ။

၈။ သံဃာကို ဂိုဏ်းခွဲခြင်း (ဂရုကံ) ကြူးလွန်သူ။

၉၊ မြတ်စွာဘုရားကို သွေးစိမ်းတည်စေသူ။

၁၀။ ရဟန်းအသွင်ကို ခိုးသူ။

၁၁။ တိတ္ထိဘောင်၌ပြောင်းရွှေ့နေသူ။

၁၂။ ဘိက္ခုနီမကို ဖျက်ဆီးသူ။

၁၃။ သံဃာဒိသိသ် အာပတ်သင့်နေသော ရဟန်း။

၁၄။ ပဏ္ဍုတ် (၁)မျိုး၌ ပါဝင်သူ။

၁၅။ ဥဘတော ဗျည်းခေါ် (ထီး၊ မ) အင်္ဂါဇာတ် (၂)မျိုးပါရှိသူ။

၁၆။ ခုနှစ်နှစ်(၇)နှစ်အောက် ငယ်ရွယ်သူ။

**မှတ်ချက်။** ။ဤပုဂ္ဂိုလ် (၁၆)ဦးတို့မှာ ပဋိပတ်ကျင့်စဉ်မှန်ကို ကောင်းစွာ ကျင့်စေကာမူ၊ မဂ်၊ ဖိုလ် (နိဗ္ဗာန်)ကို မရနိုင်ကြောင်း (ရှင်နာဂသေနထေရ်)မိန့်ဆိုဖြကြားထားလေသည်။

**ဗုဒ္ဓဘုရား (၄)မျိုး။**

၁။ သုတဗုဒ္ဓ — ခန္ဓာ (၅)ပါး၊ အာယတန (၂၀)ပါး၊ ဓာတ် (၁၈)ပါး၊ သစ္စာ (၄)ပါးနှင့် ပရိယတ်တရားများကို တတ်သိလိမ္မာကျွမ်းကျင်သော ယောကျာ်း၊ မိန်းမများကို ခေါ်သည်။

၂။ သာဝကဗုဒ္ဓ — ပကတိမဟာအဂ္ဂသာဝက(၃)မျိုးကိုခေါ် သည်။ (ရှေ့၌သာဝက (၃)ပါး ပြပြီး)။

၃။ ပစ္စေကဗုဒ္ဓ — ပစ္စေကာဗုဒ္ဓါ (ရဟန္တာ)ကို ခေါ်သည်။

၄။ သမ္မာသမ္ဗုဒ္ဓ — မြတ်စွာဘုရားများကိုခေါ်သည်။

(ဉာဏာစာဂီမဟာထေရ်)။

**အရိယာမျိုး (၄)ပါး၊ (မြင့်မြတ်ဖြူစင်သော ပုဂ္ဂိုလ် ၄–ပါးဟူ၏)။**

၁။ အာစာရအရိယာ — မြတ်သော အကျင့်ကိုကျင့်သော လူ၊ ရဟန်း၊ တိရစ္ဆာန်။

၂။ ဒဿနအရိယာ — ဣရိယာပုဒ် ၄-ပါး၌ ကြည်ညိုဘွယ်သော လူ၊ ရဟန်း၊ တိရစ္ဆာန်။

၃။ လိင်္ဂအရိယာ — ရဟန်းတော်မြတ်များနှင့် ဝတ်ရုံခြင်း အသွင်အပြင်တူသောပုဂ္ဂိုလ်။

၄။ ပဋိဝေဒ အရိယာ — မဂ်တရား၊ ဖိုလ်တရား ရပြီးသော ဘုရား စသော အရိယာ ပုဂ္ဂိုလ် (၈) ယောက်။

(မဂ္ဂဌာန်နှင့် ဖလဌာန်၊ ဖော်ပြပြီး)။

**အရိယာအပြားပေါင်း (၁၄၆)ပါး၊ တနည်း (၁၉၄)ရှိ၏။**

ဤ၌ ပဋိဝေဓ အရိယာ (မဂ္ဂဌာန်ဖလဌာန်) (၈)ပါး၊ ဘုရားပစ္စေကဗုဒ္ဓါတို့ကိုမူတည်၍ ခြောက်ပွားခြင်းဖြစ်သည်။ ၎င်းပွားနည်းကို နေတ္တိအဌ

ကထာ၊ ပုဂ္ဂလပညတ် အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်နှင့် ၎င်းမဟာဋီကာတို့၌ရှုပါ၊ အဖြေမှာ ကျယ်ဝန်းလှသဖြင့် အရေးကြီးသော အချက်များကိုသာ ရွေး၍ ဖော်ပြထားပါသည်။

**အရိယာဥစ္စာ (၇) ပါး။**

၁။ သဒ္ဓါခနံ — ရတနာသုံးပါးဂုဏ်တရားနှင့် ကံ ကံ၏အကျိုးများကို ယုံစားခြင်း။

၂။ သီလခနံ — သီလတည်းဟူသော ဥစ္စာ။

၃။ ဟိရိခနံ — မကောင်းမှု၌ ရှက်ခြင်းဥစ္စာ။

၄။ ဩတ္တပ္ပခနံ — မကောင်းမှု၌ ကြောက်ခြင်းဥစ္စာ။

၅။ သုတခနံ — အကြားအမြင်များခြင်းဥစ္စာ။

၆။ စာဂခနံ — ပေးစွန့်လှူဒါန်းခြင်းဥစ္စာ။

၇။ ပညာခနံ — မဂ်ဖိုလ်ပညာဥစ္စာ။

(သတ္တအရိယဂနာနိ--ဟု ဘုရားဟောတော်မူသည်)။

**အရိယာတရား (၁၀) ပါး။**

သောတာပန် စသော အရိယာ ပုဂ္ဂိုလ်တို့သည် အောက်ပါတရား (၁၀)ဆယ်ပါးနှင့် အမြဲနေ၏ဟု ဒသုတ္တရ သုတ္တန်၌လာသည်။

၁။ ပဉ္စင်္ဂဝိပ္ပဟီန — နီဝရဏတရား ငါးပါးတို့ကို ပယ်ပြီးခြင်း။

၂။ ဆဠင်္ဂသမန္နာဂတ — အာရုံ(၆)ပါး၊ (က) ရူပါရုံ-အဆင်း၊ (ခ) သဒ္ဒါရုံ— အသံ၊ (ဂ) ဂန္ဓာရုံ— အနံ့၊ (ဃ) ရသာရုံ— အရသာ၊ (င) ဖောဋ္ဌဗ္ဗာရုံ— အတွေ့ အထိ၊ (စ) ဓမ္မာရုံ— သုခုမရုပ်၊ သောဠသ၊ စိတ်တခု ရုပ် (၈၀)ကိုးဆယ်၊ စေတသိတ် (၅၂)၊ နိဗ္ဗာန်၊ ပညတ် စသည် တို့၌ အာရုံမရှိခြင်း။

| | | |
|---|---|---|
| ၄။ ရေကျွ | — | ကိုးသုံးပါး (ကာယကံ၊ ဝစီကံ၊ မနော ကံ)၊ မကြူးလွန်မှု၌ သတိနှင့် အမြဲ နေ၏။ |
| ၄။ စတုရာပဿေန | — | ပညာဖြင့်သာမှီဝဲ၊ သီးခံ၊ ကြဉ်ရှောင်၊ ပယ်ဖျောက်ခြင်း ကိစ္စ (၄)ပါးတို့၌ အမြဲဆင်ခြင်၍ ပြုခြင်း။ |
| ၅။ မနုဏ္ဏပစ္စေကသစ္စ | — | ငါ့ဉာဏ်မြင်နှင့် ငါ့အယူသာ မှန်၏ ဟူသော ဒိဋ္ဌိသစ္စာကိုပယ်ခြင်း။ |
| ၆။ သမဝယသဋ္ဌေသန | — | အကျင့်ကို ရှာမှီးခြင်းမှ ငြိမ်းပြီးဖြစ်၍ ချမ်းသာစွာနေခြင်း။ |
| ၇။ အနာဝိလသင်္ကပ္ပ | — | သင်္ကပ္ပသုံးပါးကို ပယ်၍ နေခြင်း။ |
| ၈။ သုဝိမုတ္တစိတ္တ | — | ရာဂ၊ ဒေါသ၊ မောဟတို့မှ စိတ်လွတ် ၍နေခြင်း။ |
| ၉။ ပဿဒ္ဓကာယသင်္ခါယ | — | စတုတ္ထဈာန်ကို ဝင်စား၍နေခြင်း။ |
| ၁၀။ သုဝိမုတ္တပညာ | — | ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ပြီး ဖြတ်ပြီး။ တဖန် မဖြစ်ပေါ်မှုကို သိ၍ နေခြင်း၊ ။ |

* * *

# ၂။ (ဈာန်သဘော)

**ဈာန်အပြား (၃) ပါး။**

ရူပါဝစရဈာန်။ အရူပါဝစရဈာန်မျိုး၌ ပုထုဈာန် အရိယာကို စွဲ၍ ကွဲနေသော ဈာန်မျိုး (၃)ပါး။

၁။ သမထာနုယောဂ

ပဋိလဒ္ဓဈာန် — သမထ ကမ္မဋ္ဌာန်းသက်သက်ကို အားထုတ်၍ရသော ဈာန်မျိုး။

၂။ မဂ္ဂသိဒ္ဓဈာန် — မိမိ၏ဆုတောင်းပတ္တနာအလျောက် မဂ်ကို ရ ရောက်သည်နှင့်တပြိုင်နက်၊ ဈာန်သမာပတ်တို့ကိုပါ အပြီးရသော ဈာန်မျိုး။

၃။ ဥပ ပတ္တိသိဒ္ဓဈာန် — ကာမဘုံသား ဇနလာဘိ စုတေ၍၊ ဗြဟ္မာ့ပြည်ရောက်သွားသောအခါ၊ တမင်အား မထုတ်ရပဲ၊ ဗြဟ္မာ့ကနဲ ထပ်၍ ရသော ဈာန်မျိုး။

**ဈာန် (၅) မျိုး။**

ကိလေသာတို့ကို လောင်မြိုက်ဖုတ်ကြည်းတတ်သော သဘောတရား ငါးပါးဖြစ်၏။

၁။ ပထမဈာန်။

၂။ ဒုတိယဈာန်။

၃။ တတိယဈာန်။

၄။ စတုတ္ထဈာန်။

၅။ ပဉ္စမဈာန်။

* * *

### ၃။ ဒေဝဒူတ တရား(၅)ပါး။

လူတို့သံဝေဂရမှုအတွက် နတ်တမာန်ခေါ် သေမင်းတမာန်ငါးပါးဖြစ်သည်။

၁။ ဇာတိ — ပဋိသန္ဓေတည်နေမွေးဖွားရမှု။

၂။ ဇိဏ္ဏ — အိုမင်းရင့်ယော်မှု။

၃။ အာတုရ — ကျင်နာကိုက်ခဲ ရောဂါသည်းခြင်း။

၄။ အာဝုဓ — ဓား၊ လှံ၊ သေနတ် စသောလက်နက်မျိုး။

၅။ မတ — သေသူ၊ သူသေကောင်။

(ဥပရိပဏ္ဏာသပါဠိတော်)။

*  *  *

### ၄။ ဓုတင် (၁၃)ပါး။

ရဟန်းတို့ ကိလေသာကိုခွာထွက်ကြောင်း ခေါင်းပါးစေသည့် တရားဆယ့်သုံးပါးဖြစ်၏။

၁။ ပံ့သကူဓုတင် — ဂဟပတိစီဝရံ ပဋိက္ခိပါမိ၊ ပံ့သူကူလိကင်္ဂံ သမာဒိယာမိ– ဒါယကာတို့လှူသော သင်္ကန်းကိုစွန့်ပါ၏။ ပံ့သူကူသင်္ကန်းကို ဆောက်တည်ပါ၏။

၂။ တေစီဝရိက်ဓုတင် — လေးထည်မြောက် သင်္ကန်းကိုစွန့်ပါ၏။ သုံးထည်မြောက် သင်္ကန်း ကိုသာ ဆောက်တည်ပါ၏။

၃။ ပိဏ္ဍပါတ်ဓုတင် — လာတ်ပိုလာတ်လျှံကိုပယ်ပါ၏။ ဆွမ်းခံလို့ရသောဆွမ်းကိုသာစားသုံးပါ၏။

၄။ သပဒါနဓုတင် — လျှပ်ပေါ်လော်လီ၊ အိမ်စဉ်ကျော်၍ခံယူခြင်းကိုပယ်ပါ၏။ အိမ်စဉ်မကျော်မလှပ် ရပ်၍ရသော ဆွမ်းကိုသာဆောက်တည်ပါ၏။

၅။ ဧကာသနိကဓုတင် — နေရာအထူးထူး၌ စားခြင်းကို ပယ်ပါ၏။ တထိုင်တနေရာတည်း၌ စားခြင်းကို ဆောက်တည်ပါ၏။

၆။ ပတ္တပိုင်ဓုတင် — နှစ်ခွက် မြောက်သော ဆွမ်းဟင်းကိုပယ်ပါ၏။ တခွက်တည်း နှင့်သာ ဆောက်တည်ပါ၏။

၇။ ခလုပစ္ဆာဓုတင် — အတိရိက်ဂိုနည်းကံ ဆွမ်းကိုပယ်ပါ၏။ ခလုပစ္ဆာဓုတင်ကိုဆောက်တည်ပါ၏။

၈။ အရညတင်ဓုတင် — ဂါမဝါသီ ကျောင်းသင်္ခန်းကိုပယ်ပါ၏။ တောရ ကျောင်း၌ နေခြင်းကို ဆောက်တည်ပါ၏။

၉။ ရုက္ခမူဓုတင် — အမိုးအကာရှိသောကျောင်းကိုပယ်ပါ၏။ သစ်ပင်ရင်း၌နေပါ၏။

၁၀။ အဗ္ဘောကာသိကဓုတင် — အမိုးအကာရှိသော ကျောင်းနှင့် သစ်ပင်တို့ကို ပယ်ပါ၏။ လွင်တီးခေါင်၌ နေခြင်းကို ဆောက်တည်ပါ၏။

၁၁။ သုသာနဓုတင် — သုသာန်မဟုတ်သောနေရာကို ပယ်ပါ၏။ သုသာန်၌နေပါ၏။

၁၂။ ယယာသန္တမှုဘင် — နေရာကောင်း၊ ကျောင်းကောင်း ရွေးချယ်မှုကို ပယ်ပါ၏။ ဖြစ်စဉ်အတိုင်း နေထိုင်ပါ၏။

၁၃။ နိသစ်ဓူတင် — အိပ်ခြင်းကိုပယ်ပါ၏။ ထခြင်း၊ ထိုင်ခြင်းကို ဆောက်တည်ပါ၏။ ။

# (သာသနာ ၆–မျိုး)

**သာသနာအပြားမျိုး (၃)ပါး။**

ဆုံးမခြင်းအပြား သုံးပါးဟူ၏။

၁။ ပရိယတ္တိသာသနာ — စာပေပိဋက သင်ကြားမှု။

၂။ ပဋိပတ္တိသာသနာ — ကမ္မဋ္ဌာန်းဘာဝနာအားထုတ်မှု။

၃။ ပဋိဝေဓသာသနာ — မဂ်၊ ဖို၊ နိဗ္ဗာန် တရားမှန်ကိုသိမှု၊

**သာသနာ (၃)ရပ်။**

ပိဋကသုံးပုံကို သာသနာအားဖြင့် (၃)ရပ်ခွဲထားသည်။

၁။ ယထာပရာဓသာသနာ — အပြစ် ရှိသူကို အပြစ် ရှိသူအ လျောက် ဆုံးမ ပညတ်သော (ဝိနည်းပိဋကတော်)။

၂။ ယထာနုလောမသာသနာ — ထိုထို သတ္တဝါ တို့၏ အလိုအဈ္ဈာသယ အား လျော် စွာ ဟောကြားဆုံးမတော်မူသော (သုတ္တန်ပိဋကတော်)။

၃။ ယထာဓမ္မသာသနာ — အားလုံးသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရေ၊ မြေ၊ တော၊ တောင် ဟူသမျှတို့သည် ပရမတ္တဓမ္မ အစုသာဖြစ်ရကား၊ရုပ်နာမ်အား လျော်စွာ ဟောကြား ဆုံးမတော်မူသော– (အဘိ ဓမ္မာ ပိဋက)။

**သြဃတရား (၄)ပါး။**

သတ္တဝါတို့အား (၃၁)ဘုံ ရေအယဉ်၌ဆွဲနှစ်ညှင်းပန်းနှိပ်စက် တတ်သော တရား (၄)ပါးဖြစ်၏။

၁။ ကာမောဃ — ကာမ (၁၁)ဘုံ၌ တပ်မက်သောလောဘ။

၂။ ဘဝေါဃ — ရူပ၊ အရူပဘုံတို့၌တပ်မက်သောလောဘ။

၃။ ဒိဋ္ဌောဃ မှားသောမိစ္ဆာအယူ ဒိဋ္ဌိစေတသိတ်။

၄။ အဝိဇ္ဇောဃ — သစ္စာအမြင် ဉာဏ်ကို ပိတ်ပင် ဆီးတားသော မောဟ။

**အနန္တရိယကံ (၅)ပါး၊ (ပဉ္စာနန္တရိယကံ)လည်း ဟူ၏။**

လူ့လောက၌ အကြီးလေးဆုံးသော ကံကို ကြူးလွန်သည့် ပြစ်မှုကြီးများဖြစ်လေသည်။

၁။ မာတုဃာတက — အမိရင်းကိုသတ်သူ။

၂။ ပိတုဃာတက — အဖရင်းကိုသတ်သူ။

၃။ အရဟန္တဃာတက — ရဟန္တာကိုသတ်သူ။

၄။ လောဟိတုပ္ပါဒက — ဘုရားအား သွေးစိမ်းတည်အောင် ပြုသူ။ (ဒေဝဒတ်၊ မြေမြိုခံရခြင်း)။

၅။ သံဃဘေဒက — သံဃာတော်တို့အား ဂိုဏ်းအသင်း ခွဲသူ။ (ဂရုကံ)လည်းခေါ်၏။

ဤကံ(၅)ပါးကို ကြူးလွန်သူ (၅)ယောက်ကား၊ မည်သို့သော ကုသိုလ်ကောင်းမှုကို မည်မျှပြုစေကာမူ၊ ချက်ချင်း တန်ပြန် ဒိဋ္ဌဓမ္မအကျိုး ပေးခြင်းမခံရသေးပါက၊ သေသည်၏ အခြားမဲ့ဘဝ၌ အဝီစိငရဲသို့ မုချရောက်မည်ဟု ဘုရားရှင်ကိုယ်တိုင်ဟော၏။

(ခုဒ္ဒကဝိဘင်း ပါဠိတော်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်မှ)။

မှတ်ချက်။ ။ ဗုဒ္ဓဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်၊ ရာဇဂြိုဟ် ပြည်ဗိမ္ဗိသာယမင်းကြီးကိုသတ်သော၊ သား အဇာတသတ် မင်းသည် (ပိတုဃာတကကံ) ထိုက်သဖြင့်၊ ဒိဋ္ဌဓမ္မအကျိုး တန်ပြန်ပေးခြင်းကိုခံမှုကာ၊ ၎င်းအဇာတသတ် မင်းအား

နန်းစံ(၃၂)နှစ်တွင်၊ ၎င်းသား–ဥဒယဘဒ္ဒကရင်း၊ ဥဒယဘဒ္ဒမင်းအားနန်းစံ(၁၆)နှစ်တွင်၊ ၎င်းသား-အနုရုဒ္ဓကရင်း၊ အနုရုဒ္ဓါမင်းနန်းစံ(၄) နှစ်တွင်၊ ၎င်းသား–ပုဏ္ဏက မင်းအား နန်းစံ (၃)နှစ်တွင်၊ ၎င်းသား-နာဂဒါသကရင်း၊ မင်းပေါင်း (၅)ငါးဆက်တိုင်တိုင် နှစ်ပေါင်း (၁၀၀)အတွင်း မိမိအဖရင်းများကို သတ်၍ဆက်တိုက် ဝတ်လည်အုပ်စိုးခြင်ခံခဲ့ကြရလေသည်။ သို့အတွက် ကမ္ဘာ့သမိုင်း ပညာရှင်တို့က ထိုအဇာတသတ် မင်းဆက်အား (အဖသတ်မင်းမျိုး) အဖသတ်မင်းဆက်ဟူ၍ မှတ်တမ်းတင်ခဲ့ကြလေသည်။

၎င်းနောက်ဆုံးမင်း (နာဂဒါယ)ကိုလည်း နန်းစံ(၂၄)နှစ်တွင် တိုင်းသူပြည်သားများ ဆူပူတော်လှန်သတ်ဖြတ်ဖြုတ်ချကာ အခြား ပညာရှိအမတ်တဦးကို နန်းတင်လိုက်ကြလေသည်။

ဤသည်မှ အိန္ဒိယ ရာဇဝင်ရိုးရှိပြည် အဖသတ်မင်း ပြုတ်သွားလေတော့သည်။

**၈။ ဗုဒ္ဓဂေါတမ မြတ်စွာဘုရား(တေဒက်)ဘွဲ့တံဆိပ်ပေးခြင်းခံရသော ရဟန်းယောကျ်ား (၄၁)ပါး။**

| | | |
|---|---|---|
| ၁။ အရှင်ကောဏ္ဍည | – | (အဂ္ဂရတည) ဘွဲ့တံဆိပ်ရသည်။ |
| ၂။ ရှင်သာရိပုတ္တရာ | – | (အဂ္ဂမဟာပညာ) ဘွဲ့တံဆိပ်ရသည်။ |
| ၃။ ရှင်မောဂ္ဂလာန် | – | တံခိုးအရာဌ(အဂ္ဂဣဒ္ဓိမန္တ)ဘွဲ့ရသည်။ |
| ၄၊ ရှင်ကဿပ | – | ဓူတင်ဆောင် (အဂ္ဂဓူတင်ဓရ)ဘွဲ့။ |
| ၅။ ရှင်အနုရုဒ္ဓါ | – | (ဒိဗ္ဗစက္ခုဉာဏ်)ဘွဲ့။ |
| ၆။ ရှင်ဘဒ္ဒိယ | – | အမျိုးမြတ် (အဂ္ဂဥစ္စကုလိက)ဘွဲ့ ရသည်၎င်းသည်ဘဝမခြားပဲအခါငါးရာ (၅၀၀) တိုင်တိုင် ဆက်၍ မင်းဖြစ်ဖူးသောကြောင့် ဘုရားထံမှ အမျိုးမြတ်ဘွဲ့တံဆိပ်ကိုရသည်ဆို၏။ |

၇။ ရှင်လကုဏ္ဍကဘဒ္ဒိယ — အသံကောင်း၍ (အဂ္ဂမဉ္စုရဿရ)ဘွဲ့ရသည်။

၈။ ရှင်ပိဏ္ဍောလဘာရဒွါဇ — ခြင်္သေ့သံဖြင့် ကြုံးဝါးသည့် (အဂ္ဂသီဟနာဒိက) ရသည်။ ၎င်းသည် အရဟတ္တဖိုလ်ရသည့် နေ့မှာပင် မဂ်ဖိုလ်၌ ယုံမှားသံသယရှိသောသူသည် ငါ့ကို မေးကြဟု၊ မကြောက်မရွံ့ ခြင်္သေ့သံဆိုလျက်၊ ဘုရားရှေ့မှောက်၌လည်း၊ အရှင်ဘုရား သာသနာတော်၌ ပြုဖွယ် ကိစ္စသည် အကျွန်ုပ်အား အပြီးတိုင် ရောက်ပါပြီဟု ခြင်္သေ့သံကို ဆိုလေသည်။ ထို့ကြောင့် တေဒဂ်ရသည်ဟုဆို၏။

၉။ ရှင်ပုဏ္ဏ — တရားဟောကောင်း၍ (အဂ္ဂဓမ္မကထိက)ဘွဲ့ရသည်။

၁၀။ ရှင်မဟာကစ္စည်း — အကျဉ်းကို အကျယ်ဖွင့်တတ်ရာ၌ ဘွဲ့ရသည်။

၁၁။ ရှင်စူဠပန်ထက် — စိတ်နှလုံးဖြင့်ပြီးသောကိုယ်ကိုဖန်ဆင်းရာ(အဂ္ဂမနောမယဝိဝဋ္ဋ)ဘွဲ့ရသည်။

၁၂။ ရှင်မဟာပန် — အဂ္ဂသညာဝိဝဋ္ဋကုသလ- အရာ၌ ဘွဲ့ရသည်။

၁၃။ ရှင်သုဘူတိထေရ် — ကိလေသာ ကင်း၍ နေသော အရာ၊ မြတ်သော အလှူခံပုဂ္ဂိုလ် အရာတို့၌ ဘွဲ့ဘံဆိပ်(၂) ထပ်ရသည်။

၁၄။ ရှင်ရေဝတ — ရှားတောခြ၌နေ၍(အရညကင်တောရ)ဘွဲ့ရသည်။

၁၅။ ရှင်ခဒိရဝနိယရေဝတ — ဈာန်ဝင်စားသော အရာ၌ ဘွဲ့ရသည်။

၁၆။ ရှင်ကောင်္ခါရေဝတ — လုံ့လဝီရိယရှိရာ၌ ဘွဲ့ရသည်။ ၎င်းလူ

ဘဝ၌ ကုဋေ (၂၀)တန် တန်ဆာကို ဝတ်ဆင့်ခဲ့ ဘူးသော သူဌေးကြီးသား သောက ဖြစ်သည်။

၁၇။ ရှင်ကုဋိကဏ္ဏသောကာ— သာယာ နားပျော်ဘွယ်ရှိအောင် ရွတ်ဖတ်သည့် အရာ၌ (အဂ္ဂ ကလျာဏဝါက္ကရ)ဘွဲ့ရသည်။ လူ့ဘဝက (၁) တကုဋေတန် နားဋောင်း ပန်ဆင်ခဲ့ဘူးသူဖြစ်သည်။

၁၈။ ရှင်သီဝလိ။ — လာဘ်ပေါများသောအရာ၌ (အဂ္ဂ လာဘီ) ဘွဲ့ရသည်၊

၁၉။ ရှင်ဝက္ကလိ — သဒ္ဓါအားကြီးသော အရာ၌ (အဂ္ဂ သဒ္ဓါဝိမုတ္တ) ဘွဲ့ရသည်။

၂၀။ ရှင်ရာဟုလာ — သိက္ခာသုံးပါးကို လိုလားလိုက်နာရာ၌ (အဂ္ဂသိက္ခာ ကာမ)ဘွဲ့ရသည်။

၂၁။ ရှင်ရဋ္ဌပါလ — (အဂ္ဂသဒ္ဓါပဗ္ဗဇိတ)ဘွဲ့ရသည်။

၂၂။ ရှင်ကောဏ္ဍဓါန — စာရေးတန် မဲလိပ်ချအလှူကို ရှေးဦးစွာယူရာ၌ (အဂ္ဂ ပဌမ သာလာ ကဂ ဏှန္တ)ဘွဲ့ရသည်။

၂၃။ ရှင်ဝင်္ဂီသ — ကဗျာဂါထာဖွဲ့ဆိုရာ လျင်မြန်ခြင်း(အဂ္ဂ ပဋိဘာနဝန္တ)ဘွဲ့ရသည်။

၂၄၊ ရှင်ဥပသေန — ထက် ဝန်း ကျင် ကြည် ညို ဘွယ် ကို ဆောင်ရာ၌ (အဂ္ဂသမန္တပါသာဒိက) ဘွဲ့ရသည်။

၂၅။ ရှင်ဒဗ္ဗ — ကျောင်းအိပ်ရာ နေရာ ခင်းတတ်ရာ၌ (အဂ္ဂ သေနာသန ပညာ ပက)ဘွဲ့ရသည်။

၂၆။ ရှင်ပိလိန္ဒဝစ္ဆ — နတ်တို့ ချစ်မြတ်နိုးအပ်သည့် အရာ၌ (အဂ္ဂဒေဝါနံပိယမနပ)ဘွဲ့ရသည်။

၂၇။ ရှင်ဒါရုစိ — တရားကို လျင်စွာ သိသော အရာ၌ (အဂ္ဂလိပ္ပါဘိည)ဘွဲ့ရသည်။

၂၈။ ရှင်ကုမာရကဿပ — ဆန်းကြယ်သော စကားကို ပြောဆိုတတ်ရာ၌ (အဂ္ဂစိတ္တကထိက) ဘွဲ့ရသည်။

၂၉၊ ရှင်မဟာ ကောဋ္ဌိတ — ဉာဏ်အရာ၌ (အဂ္ဂစိတ္တကထိက)ဘွဲ့ရသည်။

၃၀။ ရှင်အာနန္ဒာ — သုတအရာ။ သတိမမေ့သည့် အရာ၊ ပညာလျင်သည့် အရာ၊ လုလ္လရှိသည့် အရာ၊အလုပ်အကြွေးကောင်း၊ ပေါင်း ဘွဲ့တံဆိပ် (၅)ငါးထပ်ရသည်။

၃၁။ ရှင်ဥရုဝေဠကဿပ — အခြံအရံများခြင်း၌(အဂ္ဂမဟာပရိသ) ဘွဲ့ရသည်။

၃၂။ ရှင်ကာလုဒါယီ — အမျိုးကိုကြည်ညိုအောင်ပြုလုပ်တတ်ရာ၌ (အဂ္ဂကုလ ပဠ ကဿပ) ဘွဲ့ရသည်။

၃၃။ ရှင်ဗာကုလ — အနာရောဂါကင်းစင်ရာ၌ (အဂ္ဂအပ္ပါဗာဓိက)ဘွဲ့ရသည်။ ၎င်းသည်အယုတ်သဖြင့် သန်းဝေခြင်း၊ ချေခြင်းမျှ မရှိဟုဆို၏။

၃၄။ ရှင်သောဘိတ — ပုဗ္ဗေနိဝါသဉာဏ်၌(အဂ္ဂပုဗ္ဗေနိဝါသ အနုဿရန္တ)ဘွဲ့ရသည်။

၄၅။ ရှင်ဥပါလိ — ဝိနည်း ထိုရ်း ထူး၍ (အဂ္ဂဝိနယဓရ) ဘွဲ့ရသည်။

၄၆။ ရှင်နန္ဒက — ဘိက္ခုနီမတို့ကို ဆုံးမရာ၌ အကောင်းဆုံး (အဂ္ဂဘိက္ခုနောဝါဒက) ဘွဲ့ရသည်။

၄၇။ ရှင်အိန္ဒ — ဣန္ဒြေကောင်းရာ၌ (အဂ္ဂအိန္ဒြိယဂုတ္တဒွါရ)ဘွဲ့ရသည်။

၄၈။ ရှင်မဟာကပ္ပိန္န — ရဟန်းတော် တို့ကို ဆုံးမရာ၌ အကောင်းဆုံး (အဂ္ဂဘိက္ခုဩဝါဒက) ဘွဲ့ရသည်။

၄၉။ ရှင်သာဂတ — တေဇောကသိုဏ်းအရာ၌ (အဂ္ဂ တေဇော ဓာတုကုသလ)ဘွဲ့ရသည်။

၅၀။ ရှင်ရာဓ — ဒေသနာတော် အဆန်းသစ် တင်ရာ၌ (အဂ္ဂပဋိဘာနေယျက) ဘွဲ့ရသည်။

၅၁။ ရှင်မောဃရာဇ — ညစ်နွမ်း ခေါင်းပါးသော ပံ့သကူ သင်္ကန်းကို ဆောင်ရာ၌ (အဂ္ဂလူခစီဝရဓရ)ဘွဲ့ရသည်။

*　　　*　　　*

ဘုရားရှင်၏တေဒဂ်ဘွဲ့တံဆိပ်တော်ရ ရဟန်းမိန်းမ(၁၃)ပါး။

၁။ မိထွေးတော်မဟာပဇာပတိ

| | | |
|---|---|---|
| ဂေါတမီ ထေရီ | — | (အဂ္ဂရတ္တညူ)ဘွဲ့ရသည်။ |
| ၂။ ခေမာထေရီ | — | (အဂ္ဂမဟာ ပညာရှိ) ဘွဲ့ရသည်။ |
| ၃။ ဥပ္ပလဝဏ်ထေရီ | — | (တန်ခိုးကြီး)ဘွဲ့ရသည်။ ဘုရားရှင်ယမိုက် ပြာဋိဟာပြခါနီး၌၊ အရှင်ဘုရား တန်ခိုးပြတော်မမူပါနှင့်တော့၊တပြည့်မသည်အလျား (၁၂) ယူဇနာ၊ အနံ (၁၂) ယူဇာ၊ အဝန်း (၃၆)ယူဇနာ၊ ဗိုလ်ထုနှင့် စကြာမင်းဟန် ဖန်ဆင်း၍ ခြေတော်မြတ်ကို ဦးတိုက် ပါမည်ဟု လျှောက်ထားရာတွင် (ဧတဒဂ်)ဘွဲ့ထူး ရသည်။ |
| ၄။ ပဋာစာရီထေရီ | — | ဝိနည်းထိုအရာ၌ (အဂ္ဂဝိနယစာရီ)ဘွဲ့ တံဆိပ်ရသည်။ |
| ၅။ ဓမ္မဒိန္နာထေရီ | — | (အဂ္ဂဓမ္မကထိက) ဝိသာခါ ဒါယိကာမကြီး လျှောက်ထားရာ အထူးထူးသော နည်းတို့ဖြင့် ခက်ခဲ နက်နဲ သိမ်မွေ့သော မူလပဏ္ဏာသကျမ်း၌ (စူဠဝေဒလ္လ)သုတ်ကို ဟောတော်မူရာ၊ ငါဘုရား ဟောသော်လည်း သည်အတိုင်းပင် ဟောရတော့မည်ဟု ကောင်းချီးပေးလျက် ဧတဒဂ် ဘွဲ့ထူးကိုအပ်နှင်းချီးမြှောက်သည်ဆို၏။ |
| ၆။ နန္ဒာထေရီ | — | ဈာန်ဝင်စားသောအရာ၌ (အဂ္ဂ ဈာရိကာ)ဘွဲ့ ရသည်။ |
| ၇။ သောဏာထေရီ | — | လုံ့လဝီရိယ ကောင်းခြင်း ဘွဲ့ရသည်။ |
| ၈။ ဗကုလာ ထေရီ | — | ဒိဗ္ဗစက္ခုဉာဏ်ဘွဲ့ရသည်။ |
| ၉။ ဘဒ္ဒါကုဏ္ဍလထေရီ | — | အဘိညာဉ် အရာ၌ လျင်မြန်သောကြောင့် (အဂ္ဂခိပ္ပါဘိည) ဘွဲ့ရသည်။ |

၁၀။ ဘဒ္ဒါကာပိလာနီ ထေရီ – ပုဗ္ဗေနိဝါသဉာဏ် ဘွဲ့ရသည်။

၁၁။ ရာဟုလာမယ်တော် )
ဘဒ္ဒကစ္စနာ ယသော် ) ဉာဏ်အမြင်ကြီးရာ၌ ဘွဲ့ရသည်။
ဓရာ ထေရီ )

၁၂။ ကိသာဂေါတမီ ထေရီ – ညစ်နွမ်း ခေါင်းပါးသော ပန့်သကူ သင်္ကန်းကို ဆောင်ရာ၌(အဂ္ဂလူခစီဝရ ဓာရီ)ဘွဲ့ရသည်။

* * *

**ဘုရားရှင်၏ တေဒဂ်ဘွဲ့ထူးရ လူဒါယကာ (၁၀)ယောက်။**

၁။ တဖုဿနှင့် ဘလ္လိက – ကုန်သည်ညီနောင်တို့ ရှေးဦးစွာ သရဏဂုဏ် ဆောက်တည်ရာ၌ ဘွဲ့ထူးရလေသည်။ ၎င်းတို့သည် ဘုရားဖြစ်၍ (၄၉) ရက်တွင် လင်းလွန်းပင်ရင်း၌ ဘုရားနှင့် ရှေးဦးစွာ တွေ့ရသော လူထူး လူမြတ်တို့ ဖြစ်ပေသည်။ သို့သော် သံဃာတော်များ မရှိသေး ရကား၊ (ဒွေဝါစိက သရဏဂုဏ်) ဘုရားနှင့် တရားဂုဏ် (၂)ခုသာရပြီး ကိုးကွယ်ရန် ဆံတော် (၈)ဆူရရှိသည်။ ထိုဆံတော်များမှာ ရွှေတိဂုံဘုရား (၆)ဆူ၊ ပြည် ရွှေဆံတော်၌ (၂)ဆူ တည်ထားကိုးကွယ်သည်။

၂။ အနာထပိဏ်သူဌေးကြီး– အလှူဒါနအရာ၌ အများဆုံးဘွဲ့တံဆိပ် ရသည်။

၃။ စိတ္တသူကြွယ် — တရားဟောကောင်းဘွဲ့ရသည်။ ၎င်းသည် (ရုပ်၊ နာမ်၊ ကံ။ ဝိပါက်) တို့၌ အဘူးလိမ္မာလျက် နောင်အခါသာဋ္ဌရတန သံယုတ်၌ သုတ်ပေါင်း (၁၀) ကျော်ရှိသော စိတ္တသံယုတ်ကို ဟောရာတွင် ဘွဲ့ရလေသည်။

၄။ ဟတ္ထာဠဝကဒက — သင်္ဂဟဝတ္ထုလေးပါးဖြင့် ဘောက်ပံ့၍ ပရိသတ်အား မိမိတို့ ထံသို့ ရောက်အောင် ဆွဲဆောင်ရာ၌ ဘွဲ့ရသည်။

၅။ မဟာနံ သာကီဝင်မင်း — အခါမပြတ် အကောင်း အမြတ်တို့ကို ပေးလှူရာ၌ (အဂ္ဂပဏ္ဏီတဒါယကာ) ဘွဲ့ရသည်။

၆။ ဝေသာလီမြို့နေ) ဥဂ္ဂသူကြွယ် ) — နှစ်သက်ဖွယ်ရာကို ပေးလှူ တတ်ရာ၌ (အဂ္ဂမနာပ ဒါယကာ) ဘွဲ့ရသည်။

၇။ ဟတ္ထိဂါမ ရွာနေ) ဥဂ္ဂသူကြွယ် ) — သံဃာ အလုပ်အကျွေးကောင်း (အဂ္ဂ သံဃုပဌာက)ဘွဲ့ရသည်။

၈။ ဆူရပန် — မတုန်မလှုပ် ကြည်ညိုရာ၌ဘွဲ့ရသည်။

၉။ ဆရာဇီဝက — ပုဂ္ဂိုလ်ကို ကြည်ညိုတတ်သောအရာ၌ ဘွဲ့ရသည်။ သီလ၊ သမာဓိ၊ ပညာ စသည့်ဂုဏ်ကျေးဇူးရှိသော ရဟန်းကို အထူးတလည် ကြည်ညို တတ်သောကြောင့် (အဂ္ဂလပသန္န)ဘွဲ့ရသည်။

၁၀။ နကုလပိတာ သူကြွယ် — ဘုရားနှင့် အကျွမ်းဝင်ရာ၌ ဘွဲ့ရသည်။ သူသည် ဘုရားရှင်ကို ရှေးဦး အကြိမ်တွေ့ကာမျှပင်—

"ချစ်သားရယ်.... သည်မျှလောက်ကြာမြင့်အောင် မိဘကို စွန့်၍ ဘယ်အရပ်သို့ ကြွနေသနည်း"ဟု အကျွမ်းတဝင် ပြောဆိုလေသည်။

သို့ဆိုနိုင်ခြင်းကား ဘဝမခြား·ပဲ (၅၀၀)ငါးရာ တိုင်တိုင် ဘုရားရှင်၏ အဖဖြစ်ဖူးပြီး၊ ထို့အတူ ဘကြီး (၅၀၀)ငါးရာ၊ ဘထွေး (၅၀၀) ငါးရာ၊ ဝရီးအဖြစ် အကြိမ် (၅၀၀)ငါးရာ၊ ဘဝမခြားပဲ ·ဖြစ်ဖူးသည်ကိုစွဲ၍ အကျွမ်းတဝင် ဘုရားရှင်အား ချစ်သား.... ချစ်သားနှင့် ခေါ်သည်ဆို၏။

ကို့ကြောင့် (ဝိဿာသက)ဘွဲ့တံဆိပ်ရသည်ဆို၏။

*　　　　*　　　　*

**ဘုရားရှင်၏ တေဒဂ်ဘွဲ့တံဆိပ်ရ လူမိန်းမ (၁၀)ယောက်။**

၁။ သေနိယသူဌေးသမီး) — ရှေးဦးစွာ သရဏဂုဏ် ဆောက်တည်
သုဇာတာ ) ရာ (အစ္စ ပထမ သရဏာဂမနံ) ဘွဲ့ရ
သည်၊

၂၊ ပုပ္ဖါရုံကျောင်းအမကြီး၊)—အလှူဒါန အရာ၌ အများဆုံး ဘွဲ့ရ
ဝိသာခါ ) သည်။

၃။ ခုဇ္ဇုတ္တရာ — (အဂ္ဂ ဗဟုသုတ) ဘွဲ့ရသည်၊ ၎င်းသည် အကြား အမြင် များ၍ သာမာဝတီ အား စာပေပို့ချရသည်။ ၎င်းပို့ချရသောကျမ်းမှာ သုတ္တနိပါတ္ထကတ္တတိဝုတ္တကကျမ်းဖြစ်သည်။ ဤကျမ်းဖြင့်တေဒဂ်ဘွဲ့ရသည်။

၄။ သာမာဝတီ — မေတ္တာဖြင့် နေသော အရာ၌ (အဂ္ဂ မေတ္တာ ဝိဟာရီ)ဘွဲ့ရသည်။

၅။ နန္ဒမာတာဥတ္တရာ — ဈာန်ဝင်စားရာ၌ (အဂ္ဂဈာယီ)ဘွဲ့ရ သည်။

၆။ ကောလိယမင်းသမီး သုပ္ပဝါသာ — အကောင်းအမြတ်ပေးလှူရာ၌ (အဂ္ဂ ပဏီတဒါယကာ)ဘွဲ့ရသည်။

၇။ သုပ္ပိယာ — သူနာကိုပြုစုရာ၌ အကောင်းဆုံး ·သူနာပြု (အဂ္ဂ ဂိလာန ပဋ္ဌာက) ဘွဲ့ရသည်။

၈။ ကောတိယာနီ — မတုန် မလှုပ် ကြည်ညိုရာ၌ (အဂ္ဂ အဝေစ္စ ပသန္န)ဘွဲ့ရသည်။

၉။ နကုလမာတာ — ဘုရားနှင့် အကျွမ်းဝင်ခြင်း၌ (အဂ္ဂ ဝိဿာသိက) ဘွဲ့ရသည်။ ၎င်းသည် ရှေးဖော်ပြပါ (နကုလာပိတာ) သူကြွယ်ကဲ့သို့ပင်။

၁၀။ ကာလီဒါယကာမ — တဆင့်ကြားအားဖြင့် ဘုရားကို ကြည်ညိုသော အရာ၌ (အဂ္ဂ အနုဿဝပသန္န)ဘွဲ့ရသည်။

**ဘုံသုံးပါး (၃၁)ဘုံ။**

သတ္တဝါတို့ ကျင်လည်ရာ ဖြစ်သော (၃၁) ဘုံ အကျဉ်း (၃) ပါး။

၁။ ကာမဘုံ — လူ့ဘုံ (၁၁)ဘုံ။

၂။ ရူပဘုံ — နှတ်ဘုံ (၁၆)ဘုံ။

၃။ အရူပဘုံ — ဗြဟ္မာ့ဘုံ (၄)ဘုံ။

(ပေါင်း (၃၁)ဘုံဖြစ်၏)။

* * *

## ဘုရားဗျာဒိတ်ရကြောင်း အင်္ဂါ(၈)ရပ်ပါ။

ဗုဒ္ဓလောင်းလျာတို့ နိယတ ဗျာဒိတ်ရခြင်း၏ အကြောင်းအင်္ဂါ (၈) ပါးတို့ဖြစ်၏။

၁။ မနုဿဇာတိ၊ လူ့ဘုံလူ့ရပ် လူတို့ဇာတ်မှ လူကဖွားလှစ် လူစစ်ဖြစ်ရခြင်း။

၂။ လိင်္ဂသမ္ပတ္တိ၊ ပဏ္ဍုတ်မျိုး ငါးပါးတွင် မပါဝင်သောလူသား ဖြစ်ရခြင်း။

၃။ ဟေတု၊ ထိုဘဝနှင့် အားထုတ်သွားလျှင် နိဗ္ဗာန် မဂ် ဖိုလ် ရနိုင်လောက်သော စွမ်းအားအကြောင်းရှိခြင်း။

၄။ သတ္ထာရဒဿန၊ မြတ်စွာဘုရား သခင်တို့ကို ကိုယ်တိုင် မျက်မှောက်ဖူးတွေ့ရခြင်း။

၅။ သဗ္ဗဇ္ဇာ၊ အိမ်မှထွက်လှမ်း တောစခန်း၌ ရသေ့ရဟန်းအဖြစ်ဖြင့် နေခြင်း။

၆။ ဂုဏသမ္ပတ္တိ၊ ဈာန်အဘိညာဉ် တန်ခိုးဂုဏ်နှင့် ပြည့်စုံရခြင်း

၇။ အဓိကာရ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ စွန့်ပစ် ပယ်ခွာ၍ ဘုရားအဖြစ်ကိုသာ လိုလားပန်ဆင်ခြင်း။

၈။ ဆန္ဒတာ၊ ဘုရားဖြစ်လိုက ရဲရဲ၌ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ခံရမည်ရှိလျှင် ရဲပွဲစွာခံ၍ ရယူလိုသော မဟာ ဆန္ဒတော် ရှိခြင်း။

## လူစင်စစ်က နတ်ပြည်ရောက်ဖူးသူ (၄)ယောက်။

၁။ ဂုတ္တိလ စောင်းသမား။

၂။ သာဝိန မင်းကြီး။

၃။ နေမိ မင်းကြီး။

၄။ မန္ဓာတု စကြာမင်းကြီး။

*  *  *

## နတ်ပြည်(၆)ထပ်။

နတ်တို့နေရာဌာန (၆)ပါးဖြစ်သည်။

၁။ စတုမဟာရာဇ်နတ်ပြည်။

၂။ တာဝတိံသာ နတ်ပြည်။

၃။ ယာမ နတ်ပြည်။

၄။ တုသိတာ နတ်ပြည်။

၅။ နိမ္မာနရတိ နတ်ပြည်။

၆။ ပရိနိမ္မိတဝသဝတ္တိနတ်ပြည်။

*  *

## နတ်ဖြစ်ခြင်းအကြောင်း(၃)ပါး။

နတ်ပြည်ရောက်လိုသူများ ကျင့်ကြံရန် တရား (၃)သုံးပါး ဖြစ်သည်။

၁။ သစ္စကဏေ — အမှန်ကိုသာ ပြောဆိုရာ၏။

၂။ နတုဗ္ဗေယျ — အမျက်မထွက် စိတ်မဆိုးရ။

၃။ အပမ္မာဒဇ္ဇာ — တောင်းခံလာပါက နည်းနည်းဖြစ်ဖြစ် မလွှတ် ကမ်းပေးလှူရာ၏။

## နတ်မင်းကြီး (၄)ပါး။

စတုမဟာရာဇ်နတ်ကြီး လေးပါးဖြစ်သည်။

၁။ ဓတရဋ္ဌနတ်မင်းကြီး — အရှေ့အရပ်ကို အုပ်စိုးသည်။

၂။ ဝိရူပက္ခနတ်မင်းကြီး — အနောက်အရပ်ကို အုပ်စိုးသည်။

၃။ ဝိရူဠှကနတ်မင်းကြီး — တောင်အရပ်ကို အုပ်စိုးသည်။

၄။ ကုဝေရနတ်မင်းကြီး — မြောက်အရပ်ကို အုပ်စိုးသည်။

**မှတ်ချက်။** ။ဤသည်တို့ကို နတ်စစ်သူကြီး (၄)ယောက်ဟုလည်း ခေါ်၏။ တန်ခိုးအကြီးဆုံးနတ်များဟု ဆို၏။

* * *

## လူသားတို့ကိုးကွယ်ရာ နတ်မျိုး အပြား (၃)ပါး။

၁။ ဝိသုဒ္ဓိနတ် — ကိလေသာ အပေါင်းတို့မှ စင်ကြယ်ပြီးသော ဘုရား၊ ရဟန္တာနှင့် သံဃာတော်တို့ကို ခေါ်သည်။

၂။ ဥပပတ္တိနတ် — နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ကိုယ်ထင်ရှားရှိသော နတ်ဗြဟ္မာတို့ကို ခေါ်သည်။

၃။ သမ္မုတိနတ် — လူသားအပေါင်းတို့အပေါ်၌ အုပ်ချုပ်မင်းလုပ်နေသော၊ ဘုရင်ဧကရာဇ်တို့ကို ခေါ်သည်။

(စူဠနိဒ္ဒေသ ပါဠိတော်)။

* * *

**နှတ်တို့စုတေခြင်းမျိုး (၄)ပါး။**

နှတ်တို့သေရခြင်း အကြောင်းလေးပါးဖြစ်၏။

၁။ အာယုက္ခယ — သက်တန်းစေ့၍ သေရခြင်း။

၂။ အာဟာရက္ခယ — သက်တန်း မစေ့မီ ကံကုန်၍ သေရခြင်း။

၃။ ကာမက္ခယ — စားချိန် မစားမိ၍ အဟာရ ကုန်ပြတ်ပြီး သေရခြင်း။

၄။ ကောပ — အမျက်ဒေါသ ထွက်လွန်း အားကြီး၍ သေရခြင်း။

ပြဟ္မာ**မျိုး**(၄)**ပါး**(ပြဟ္မာ**ဘုံ**)-(၄)**ဘုံ**)။

ရုပ်၊ နာမ်နှင့် အကျင့်တရားလိုက်၍ အမျိုးလေးပါးဖြစ်သည်။

၁၊ ရူပပြဟ္မာ — ရုပ်၊ နာမ်၊ (၂)ပါးရှိသည်။

၂။ အရူပပြဟ္မာ — နာမ်သက်သက်သာရှိသည်။

၃။ အသညသတ်ပြဟ္မာ — ရုပ်သက်သက်သာရှိသည်၊

၄။ သုဒ္ဓါဝါသပြဟ္မာ — အရိယာသက်သက်သာရှိသည်။

* * *

**(၈) ရှစ်ထပ်။**

လူသတ္တဝါအပေါင်းတို့ မကောင်းမှုပြုလုပ်ကြပါက၊ ကြူးလွန်မှုအလိုက်သွားရမည်ဖြစ်သော ဆင်းရဲအတိပြီးသည့် အရပ်ကြီး (၈) ပါးဖြစ်သည်။

၁။ သိဉ္စိုငရဲ — ဘယ်လိုပင် သတ်ဖြတ် ညှင်းဆဲသော်လည်း ကံမကုန်သမျှ အဖန်ဖန်အသက်ရှည်၍ခံနေရသောငရဲ။

၂။ ကာဠသုတ်ငရဲ — မြည်းနက်သော မျဉ်းကြိုးဖြင့် ချတိုင်း၍ သစ်ရွေသလို တကိုယ်လုံး ခုတ်ရွေလှီးဖြတ်ခံရသောငရဲ။

၃။ သံသယာငရဲ — သံတောင် သံခဲကြီးတို့ဖြင့် အဖန်ဖန်လှိမ့်မွှေကြိတ်ခြေညှင်းဆဲခံရသောငရဲ။

၄။ ဇာလရောရုဝငရဲ — မီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန် နှိပ်စက်ခံရ၍ ကျယ်လောင်စွာအော်ဟစ်မြည်ကြွေးသောအသံရှိသည့်ငရဲ။

၅။ ဓူမရောရုဝငရဲ — မီးခိုးမီးလျှံတို့ဖြင့် ပိတ်ဖုံး နှိပ်စက်ခံရ၍ ကယ်ပါယူပါဟု ပျင်းစွာအော်မည်နေရသောငရဲ။

၆။ တာပနငရဲ — သံချွန်တို့ဖြင့် ထိုးဖေါက်ပြီး တကိုယ်လုံးမီးလျှံစွဲအောင် သံတွေခဲတွင်း၌ အမြဲကင်ဖုတ်ခံနေရသောငရဲ။

၇။ မဟာတာပနငရဲ — အလျှံရဲရဲပြောင်ဆူသံတောင်ကြီး ပေါ်သို့ ရိုက်နှက်မောင်းတင်စေလျက်၊ မြေထက်၌ စိုက်ထောင်ထားသော လှံသွားပေါ်သို့ဦးခေါင်းပြောင်းပြန်ကျစေသောငရဲ။

၈။ အဝီစိငရဲ — ဤငရဲ၌မီးလျှံနှင့်ငရဲသားများ၏ဆင်းရဲဒုက္ခတို့အကြား(ကွက်လပ်) မရှိပြည့်နှက်လျက်ရှိနေသောငရဲဟုဆို၏။

**မှတ်ချက်။** ။အခြားငရဲများလည်းရှိသေးသည်။

* * *

## (ကမ္ဘာ့ ဂြိုဟ်ကြီး ရှစ်ခွင်)

စကြာဝဠာကြီးအတွင်း၌ နေကိုအစဉ်လှည့်ပတ်သွားလာနေသော အဓိကဂြိုဟ်ကြီး(၈)ရှစ်လုံးရှိပါသည်၊ ထိုဂြိုဟ်များသည် လောက လူသားများကို ကောင်းကျိုး၊ ဆိုးကျိုးများပေးနိုင်ကြကြောင်းကို၊ ဗေဒင်(၄)ပုံ။လေး မျိုးဖြစ်သော ဗေဒင်ကျမ်းများက အတိအလင်း ဆိုကြလေသည်။

တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်၊ စသည့်တို့ဖြစ်ပြီး၊ နေကိုဒင်းတို့ လှည့်လည်သွားလာနေခြင်းကို ဂြိုဟ်ခွင်ဟု ခေါ်ပါသည်။

ထိုဂြိုဟ်ကြီးများကို အကြောင်းပြု၍ လူသားအားလုံးသည်၊ မိမိမွေးဖွားစပင်၊ တနင်္ဂနွေသား၊ တနင်္လာသား၊ အင်္ဂါသား၊ ဗုဒ္ဓဟူးသား၊ ကြာသပတေးသား၊ သောကြာသား၊ စနေသား၊ စသည်ဖြင့်(၇)နေ့ကိုစွဲကာ အမည်မှည့်ခေါ် မှတ်သားထားကြရပါသည်။

ထို(၇)နေ့သားတို့သည် တဆယ့်နှစ်(၁၂)ရာသီ၌ ဂြိုဟ်ကြီး(၈) ရှစ်ခုတို့၏ သွားလာလှည့်ပတ် စီးနင်းမှု၏ ကောင်းကျိုး ဆိုးကျိုးပေးမှုများကိုကောင်းစွာခံစားကြရ၏ဟု ဗေဒင်ကျမ်းများက ဟောချက်ထုတ်လေသည်၊ ဤဟောချက်များအရ လူတို့၌ ဖြစ်ပျက်လျက်ရှိကြသော အဖြစ် အပျက်များမှာ (၇၅)ရာခိုင်နှုန်းသည်လည်း မှန်ကန်နေကြောင်း တွေ့ရပေသည်။

ဤအခါ၌ ကျွန်ုပ်တို့ ဗုဒ္ဓ ဂေါတမမြတ်စွာဘုရားဟောကြားသောရှေးရှေးဘဝများက ပြုခဲ့ဘူးသော ကောင်းမှု မကောင်းမှု (ကံ၊ ကံ၏) အကျိုး ခံစားရသည် ဆိုခြင်းကိုငြင်းဆန်၍ မရနိုင်တော့ပါ။ ထပ်၍ ဆိုရပါမူလူသားတိုင်း၏ လက္ခဏာများနှင့် လက်ဗွေများ ဖြစ်ပေါ်ပါရှိလာမှုများမှာ တဦးနှင့်တဦး လုံးဝတူညီမှုမရှိ ခြားနားလျက်ရှိကြသည်ကို လူတိုင်းအသိပင် ဖြစ်သည်။ ထိုလက္ခဏာများမတူ ခြားနားသည့်အတိုင်းလည်း၊ ဆင်းရဲ၊ ချမ်းသာ ခံစားကြရမှုတို့လည်း၊ လူဖြစ်သည်မှ သေသည့်တိုင်အောင် လုံးဝမတူ ခြားနားခဲ့ကြလေသည်။ ကျန်းမာရေးကစ၍ အသက်တိုခြင်း၊ အသက်ရှည်ခြင်း စသည်တို့ပင် လုံးဝမတူညီကြပါသေ။

လူသားမှန်သမျှ မင်းဖြစ်ချင်ကြ၏၊ သူဌေးကြီးများဖြစ်ချင်ကြ၏။ သူမတူအောင်ပညာတတ်လိုကြ၏။ သို့သော် ရှေးဘဝက ပြုလုပ်ခဲ့သော ကောင်းမှုနှင့် မကောင်းမှုများကား ၎င်းဝိဉာဉ် ရောက်လေရာ ဘဝသို့ လက္ခဏာ များ၊ ဇာတာများအဖြစ် ပူကပ်၍ပါလာကြသည့် ပြုလုပ်ခဲ့ခြင်း (ကံ)၏ အကြောင်းတရားထက် ဒီဘဝတွင်ခံစားရခြင်း (ကံ)၏ အကျိုးတရားကပို၍ မခံစားရပါ၊ ကျိုးစားလုပ်ကိုင်မှုလောက်သာလျှင် ခံစားရနိုင်ပါမည်၊ ကောင်းမှု(ကံ)၏ အကျိုးပေးမှုထက်အလွန့်အလွန် အထွတ်ထိပ်သို့ ထူးချွန်စွာ မဖြစ် မခံစားကြရ

မွေးသည့်ဇာတာ ကံညံ့သည်ဟုဆိုလျှင် ထိုသူသည် ဂြိုဟ်ဆိုးများ၏အမြဲစီးနင်းနေခြင်းကို ခံနေရခြင်းပင် ဖြစ်သည်ဟု အောက်ပါဗေဒင် (၄)ပုံတို့က အတိအလင်းဆိုကြပါသည်။

၁။ သာမဗေဒင် – နေလတို့၏ သွားရာ လမ်းကို (၁၂) ဆယ့်နှစ်ရာသီခွင်ပြု၍ မည်သည့်ရာသီခွင်၌၊ မည်သည့်ဂြိုဟ် ရပ်တန့်နေသည်ကို ကြည့်ပြီးလျှင် အဿ၊ လိတ္တာ၊ တြင်း- နဝင်း စသည်တို့ဖြင့် ဝေဖန်လျက် အကောင်း အဆိုးကို ဟောခြင်း။

၂။ ယဇုဗေဒင် – မိမိတို့အပေါ်၌ ရောက်ဆဲ ရောက်လတံ့ဖြစ်သော ဘေးရန် အပေါင်းတို့မှ လွတ်ကင်း ပပျောက်စေရန် ဂြိုဟ်နက္ခတ် စသည်တို့အား ပူဇော်ပသသောနည်း၊ ယတြာပြုသော နည်းတို့ကို အသုံးပြုဟောခြင်း။

၃။ ဣရသျှုဗေဒင် – နေ့လ ကြတ်ခြင်း၊ နက္ခတ် တာရာတို့ အသွားမမှန်ခြင်းကြောင့် လူတို့၌ဘေးဥပါဒ် ဖြစ်တတ်။ ပျက်တတ် ခြင်းကိုဟောခြင်း။

၄။ အာဘာပ္ပနဲ့ဗေဒင် — သတ္တဝါတို့အား သေကြေပျက်စီး ပူပန်အောင်၊ မီးလောင်၊ လေတိုက်။ မိုးခေါင်၊ ရေကြီးအောင်နှင့် ဆင်းရဲမှုအမျိုးမျိုးတို့ကို ပြောက်အောင်ပြုပြင်စီရင် နည်းတို့ကို ဟောခြင်း။ (ဤအမှတ်(၄) ဗေဒင်ကျမ်းမှာ "အာထဗ္ဗဏာ" ရသေ့စုံဆောင်းစီရင်သောကြောင့်။ အာသဗ္ဗဏာ- ခေါ်ခြင်းဖြစ်သည်ဟု သက္ကဋ္ဌ ကျမ်းများက ဆို၏)။

ထိုဂြိုဟ်စီးခြင်းခံရသည်၌၊ ပါပဂြိုဟ် (၄)မျိုးတို့ အစီးခံရပါက ထိုလူသည် ဒုက္ခ အမျိုးမျိုးနှင့် အလူးအလှိမ့် ခံရလေတော့သည်။ ထိုကြောင့် လောကဒီပ သာရကျမ်းက (ပါပ လေးချက်၊ နေကထွက်၍၊ ရှိန်စက်ပူပြင်း၊ အခိုးပြင်း၏ဟုလည်းကောင်း၊ ဆိုးသွမ်းယုတ်မာသော ဂြိုဟ်၊ ]သို့မဟုတ် နေမှပေါ်ထွက်လာသောကြောင့် အရှိန်အခိုး အလွန်ပူပြင်းကြောင်းဆိုကြ၏။ ထိုဂြိုဟ်များမှာ—

၁။ တနင်္ဂနွေဂြိုဟ်။

၂။ အင်္ဂါဂြိုဟ်။

၃၊ စနေဂြိုဟ်။

၄။ ရာဟုဂြိုဟ်။

တို့ဖြစ်၏။ ကံဆိုးမိုးမှောင်ကျ၍ ထိုဂြိုဟ်များ စီးနင်းသည့်အခါ ဒုက္ခများနှင့် ရင်ဆိုင်ရမှုများ သက်သာစေရန်၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးတို့၏ ဂုဏ်တော်များကို အောင့်မေ့ ရွတ်ဆိုခြင်းဖြင့် သက်သာမှုရအောင် ပြုလုပ်နိုင်လေသည်။

ဤဂြိုဟ်များသည် မည်သို့ပင်အစွမ်းထက် ဆိုးသွမ်းစေကာမူ (ဗုဒ္ဓါနံ ဇိဝိတာယ နာသက္ကာ ကေနစိ အန္တရာယော) ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်အား မည်သည့် ဂြိုဟ်၊ မည်သည့်ရန်သူက မည်သို့မျှဒုက္ခပေးနိုင်ခြင်း ရှိချေ။ ထို့ကြောင့် ဗုဒ္ဓဂေါတမ မြတ်စွာဘုရားသခင်၏ ဂုဏ်တော်၊ တရားတော်၏ ဂုဏ်

တော်၊ သံဃာတော်၏ ဂုဏ်တော်ဖြစ်သည့် (ရတနာသုံးပါး)၏ ဂုဏ်တော်များဖြင့် ထိုဂြိုဟ်တို့၏ နှိပ်စက်မှုမှ သက်သာရာရအောင် ကာကွယ်နိုင်လေသည်၊

လောက၌ ထိုသို့ကံဇာတာညံ့၍ ရေးကကံအကျိုးပေးမကောင်း၍ခံရသောဒုက္ခမျိုးကိုကား အခြားမည်သည့်ဆေးဝါးနှင့်မျှ သက်သာအောင်ကုစား၍ မရနိုင်ပါချေ။

ထိုကံဆိုးဂြိုဟ်များ၏ အစွမ်းကား၊ မြတ်စွာဘုရားနှင့် ရဟန္တာမှတပါး မည်သူ့ကိုယ်မှ ချမ်းသာမပေးပါချေ။ ပုထုဇဉ်လူသားများအတွက်မူ ဝိပဿနာ ကမ္မဋ္ဌာန်းကျင့်ခြင်း၊ သို့မဟုတ် ဓိပ်ပုတီးဖြင့် ခန္ဓာကိုယ်အား သက်သာခွင့်ရအောင် လုပ်ရပေမည်။

# (သမထနှင့် ဝိပဿနာ ပုတီးစိပ်နည်း)

**ပခုက္ကူမြို့ အရှေ့တိုက်သစ်ဆရာတော် ဦးဇဝန ဟောကြားချက်။**

ရဟန်းတို့မှာ ပဋိသမ္ဘိဒါယောနိသောအစရှိသော မဟာပစ္စဝေက္ခဏာကို စ၍စိပ်၊ ပြီးလျှင် သရဏဂုဏ် ပုတီးစိပ်နည်းကို စိပ်။ လူတို့မှာ— သရဏဂုဏ် ပုတီးစိပ်နည်းကစ၍ စိပ်ပါ။

၁။ အထက် စဉ့်ကူစား မင်းလက်ထက်၊ မာန်လည် သာသနာပိုင် ဆရာတော် ဘုရားကြီးကား၊ ပဋိသမ္ဘိဒါယောနိသော စသော ပါဠိပုဒ်ပါဠိကို ရွတ်တော်မမူ၊ အနက်အဓိပ္ပာယ်ကိုသာ ဆင်ခြင်နှစ်လုံးသွင်းတော်မူသည်။

၂။ အနက်အဓိပ္ပာယ်မထင်၊ ပါဠိသက်သက် ဆင်ခြင်လျှင်၊ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း မပြီးသေးဟု အချို့ဆရာတော်ကြီးများ ဆုံးဖြတ်တော်မူကြကုန်၏။

၃။ ပဉ္စင်းခံရာ ဥတ်ကမ္မဝါ၏ အဓိပ္ပာယ်ကို မသိသော်လည်း ရဟန်းဖြစ်သကဲ့သို့၊ အနက်အဓိပ္ပာယ်ကို မသိသော်လည်း၊ ပါဠိဖြင့် ဆင်ခြင်လျှင် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကိစ္စပြီး၏၊ ပထမ ဆင်တဲဆရာတော် ဘုရားကြီး၏ ဩဝါဒ။

၄။ ပါဠိကို ဆင်ခြင်ရုံနှင့်၊ အနက်ကို ဆင်ခြင်ရုံနှင့် အဓိပ္ပာယ်ကို ဆင်ခြင်ရုံနှင့် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း ကိစ္စမပြီးသေး။

ပစ္စည်းလေးပါး၌ ညိတွယ်သောတဏှာ ပါးအောင် တဒင်္ဂအားဖြင့် ပယ်နိုင်အောင်၊ အနက်အဓိပ္ပာယ်ထင်ထင်မြင်မြင် ဆင်ခြင်နိုင်မှ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကိစ္စ ပြီးသည်။ ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး ဩဝါဒ။

## (သရဏဂုဏ်ပုတီးစိပ်နည်း)။

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ပါးစပ်ကမြည်၊ လက်ကပုတီး တလုံးချ၊ မြတ်စွာဘုရားကို ဆင်းရဲကို ပယ်ဖျောက်တတ်၊ အစီးအပွားကို စီရင်တော်မူတတ်ပါပေ၏ ဟူသောအလိုဖြင့် ကိုးကွယ်ပါ၏။ ဆည်းကပ်ပါ၏ဟု စိပ်ထဲကသိ။ တပတ်ရအောင်စိပ်။

၂။ ဓမ္မံ၊ သရဏံ၊ ဂစ္ဆာမိ၊ ပါးစပ်ကမြည်။လက်က ပုတီးတလုံးချ။ ဟောရားတော်မြတ်ကို ပွားပါ။ ဆည်းကပ်ပါ၏ဟု စိတ်ထဲကသိ။ တပတ်ရအောင် စိပ်။

၃။ သံဃံ၊ သရဏံ၊ ဂစ္ဆာမိ၊ ပါးစပ်ကမြည်၊ လက်က ပုတီးတလုံးချ။ သံဃာတော်မြတ်ကို ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ဟု စိတ်ထဲကသိ။ တပတ်ရအောင် စိပ်။

သရဏဂုဏ် ပုတီးစိပ်နည်း ပြီး၏။ ၎င်း၏ အကျိုးကား၊ ဘုန်းကြက်သရေ မင်္ဂလာ တိုးပွား၏။ ကျမ်းမာရေး၊ စီးပွားရေး၊ ချမ်းသာရေး၊ ကြီးပွားရေး တိုးတက်စည်ကား၏။ သေသော် အပါယ်မလား။ ။

## (ဘုရားဂုဏ်တော် ဗုဒ္ဓါနုဿတိ ပုတီးစိပ်နည်း)။

ဗုဒ္ဓါနုဿတိ၊ ပါးစပ်ကမြည်၊ လက်က ပုတီးတလုံးချ။ သည့်လို စိပ်ရသည်မဟုတ်၊ ဗုဒ္ဓါနုဿတိဟူသည် အလုပ်၏ နာမည်သာတည်း။ ဗုဒ္ဓါနုဿတိကိုစိပ်လိုသော် ဣတိပိသောကို စိပ်ရသည်။

ဣတိပိသော၊ တပုဒ်ဆုံးမှ ပုတီးတလုံးချသောနည်း။ ဘုရားဂုဏ်တော် (၉)ကိုးပါးကို (၉)ကိုးပတ်ခွဲ၍ စိပ်သောနည်းဟု (၂)မျိုးရှိသည်။

ဣတိပိသော– တပုဒ်ဆုံးမှ တလုံးချ၍ စိပ်သောနည်းသည် ဂုဏ်တော်ပုတီးစိပ်နည်းမှန်၏၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအားဖြစ်နိုင်ခြင်းမှန်၏။ ကုသိုလ်အများကြီးရ၏။

ဘုရားဂုဏ်တော် (၉)ပါးကို (၉)ပါတ်ခွဲ၍စိပ်မှု၊ (၉)ကိုးပါး ခြား နား၍ ကမ္မဋ္ဌာန်းထိုင်မှု၊ စီးဖြန်းမှု နည်းလမ်းကျသည်။

## (ဂုဏ်တော်ကို (၉)ပါးခွဲပုံ)။

၁။ သောဘဂဝါ ဣတိပိ အရဟံ။

၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

၄။ သောဘဂဝါ ဣတိပိ သုဂတော။

၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ။

၆။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ။

၇။ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ။

၈။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

၉။ သောဘဂဝါ ဣတိပိ ဘဂဝါ။

ဤဂုဏ်တော်ကိုးပါးကို ကိုးမျိုးခြား၍ (၉)ပတ်ရအောင်စိပ်၊ ၎င်း အတိုင်း ကမ္မဋ္ဌာန်းစီးဖြန်း၊ ၎င်းအတိုင်း ကမ္မဋ္ဌာန်းထိုင်။

## (ဂုဏ်တော် ၉-ပါး၊ ၉-ပတ်စိပ်နည်း)။

၁။ သောဘဂဝါ ဣတိပိ အရဟံ၊ ပါးစပ်ကမြည်၊ လက်ကပုတီး တလုံးချ။ လူနတ် ဦးခိုက်ပူဇော် အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟု သိ၊ တပပ်ရအောင်စိပ်။

၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ စိပ်။ ဉေယျ ငါးတန်' ဓမ္မခန်ကို၊ အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီးဟု သိ၊ တပတ်ရအောင်စိပ်။

၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ စိပ်။ ဝိဇ္ဇာသုံးပါး၊

ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီးဟု သိ၊ တပတ်ရအောင် စိပ်။

၄။ သောဘဂဝါ ဣတိပိ သုဂတော၊ စိပ်။ နိဗ္ဗာန် အောင်မြေနန်းရဝေသို့၊ မသွေခဖောက်၊ ကွန်းမထောက်ပဲ၊ အရောက် ကြွသွားတော်မူတတ်သော၊ မြတ်စွာ ဘုရား ကိုယ်တော် မြတ်ကြီးဟု သိ၊ တပတ်ရအောင်စိပ်။

သောဘဂဝါ ဣတိပိ လောကဝိဒူ၊ စိပ်။ သြကာသ လောက၊ သတ္တလောက၊ သင်္ခါရလောက တည်းဟူသော လောကကြီး သုံးပါးကိုသိတော်မူသော မြတ်စွာဘုရားဟု သိ၊ တပတ်ရအောင် စိပ်။

၆။ သောဘဂဝါ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ စိပ်။ အတုမရှိ၊ မယဉ်ကျေးသော ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမဟော် မူတတ်သော မြတ်စွာဘုရားဟု သိ၊ တပတ်ရအောင်စိပ်။

၇။ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ၊ စိပ်။ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားဟု သိ၊ တပတ်ရအောင်စိပ်။

၈။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ စိပ်။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင်၊ သိမြင်တော်မူပေသော မြတ်စွာဘုရားဟု သိ၊ တပတ်ရအောင်စိပ်။

၉။ သောဘဂဝါ ဣတိပိ ဘဂဝါ၊ စိပ်။ ကုန်းတော် ခြောက်စုံ ဘဂဝါဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟု သိ၊ တပတ်ရအောင်စိပ်။

ယခုဖော်ပြခဲ့သည့်အတိုင်း ဂုဏ်တော် (၉)ပါးကို (၉)မျိုးခွဲ၍ ဂုဏ်တော်တပါးလျှင် တရာစီ စိပ်၊ ဣတိပိသော တပုဒ်လုံးဆုံးမှ တလုံးချစိပ် တပတ်၊ တရာပြည့်၍ ပေါင်းဂုဏ်တော် တထောင်ဖြစ်၏။ ။

ဤသို့လျှင် ဣတိပိသော တပုဒ်လုံးဆုံးမှ တလုံးချ၍ ပုတီးစိပ်သော

သူ၊ ဂုဏ်တော်ကိုးပါးကို ကိုးမျိုးခွဲခြမ်း၍စိပ်သောသူ၊ ဂုဏ်တော်တထောင်စိပ်သောသူတို့ကိုလည်းကောင်း၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်း၍ နေသောသူတို့ကိုလည်းကောင်း၊ ယောဂီသူမြတ်များဟု ဆိုရာ၏။ ။

## (တရားဂုဏ်တော်ပုတီးစိပ်နည်း)။

၁။ သွာက္ခာတော ဘဂဝ တာဓမ္မော၊

၂။ သန္ဒိဋ္ဌိကော ဓမ္မော။

၃။ အကာလိကော ဓမ္မော။

၄။ ဧဟိပဿိကော ဓမ္မော။

၅။ ဩပနေယျိကော ဓမ္မော။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဓမ္မော။

## (ပုတီးစိပ်ပုံမှာ)

၁။ သွာက္ခာတော ဘဂဝတာဓမ္မောဟု ပါးစပ်ကမြည်၊ လက်က ပုတီးလုံးချ။ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ အမြတ် ထွဋ်ဖျား၊ ဆယ်ပါးသော တရားတော်မြတ်ကို ကောင်းစွာဟောကြားတော် မူအပ်သည်ဖြစ်၍ သွာက္ခာတ ဂုဏ်တော်နှင့် ပြည့်စုံတော် မူပေစွဟု သိ၊ တပတ်ရအောင်စိပ်။

၂။ သန္ဒိဋ္ဌိကော ဓမ္မော၊ စိပ်။ ကိုးပါးသော လောကုတ္တရာ တရားသည် ရှစ်ပါး အရိယာ၊ ကိုယ်တိုင်သာလျှင် ကိုယ်တိုင်သာလျှင် သဒ္ဓါရုံမှတ်ရှုမြင်အပ်၍ သန္ဒိဋ္ဌိက ဂုဏ်တော်နှင့် ပြည့်စုံတော် မူပေစွဟု သိ၊ တပတ်ရအောင်စိပ်။

၃။ အကာလိကော ဓမ္မော၊ စိပ်။ လေးပါးသော တရားသည် ငါးရက်၊ ခုနှစ်ရက် စသည်မဖင့် အခါမလင့် အကျိုးကို ပေးတတ်သည် ဖြစ်၍ အကာဋ္ဌိ ဂုဏ်တော်နှင့် ပြည့်စုံတော်မူပေစွဟု သိ။

တနည်း— ကုသိုလ်ဓမ္မဟူသမျှသည် ကျင့်သည့်နေ့ပင်ချက်ခြင်းဒိဌလက်တွေ့ အကျိုးရပေစွဟုသိ။ တပတ်ရအောင်စိပ်။

၄။ ဧဟိပဿိကော ဓမ္မော၊ စိပ်။ ကိုးပါးသော လောကုတ္တရာတရားသည် လာရောက်ရှုမြင် အကျိုးထင်မြဲဖြစ်၍လာပါ၊ ရှုပါ၊ ကျင့်လှဲ့ပါဟု ဖိတ်ခေါ်ခြင်းထိုက်ပေစွဟု သိ၊ တပတ်ရအောင်စိပ်။

၅။ ဩပနေယိကော ဓမ္မော၊ စိပ်။ ကိုးပါးသော လောကုတ္တရာတရားသည် ပုဆိုးဥသျှောင် မီးလောင်ရဲရဲ မသတ်ပဲလည်း စိတ်ထဲ သို့ပိုက်ကပ်၍ဆောင်ခြင်းငှာ ထိုက်ပေစွဟု သိ၊ တပတ်ရအောင်စိပ်။

၆။ ပစ္စတံဝေဒိတဗ္ဗော ဝိညူဟိဓမ္မော၊ စိပ်။ ကိုးပါးသော လောကုတ္တရာတရားသည်ကား ပညာရှိတို့နှင့် မိမိတို့၏ စိတ်၌သိအပ်ရှုအပ်ခံစားအပ်သော တရားများဖြစ်ပေစွဟုသိ၊ တပတ်ရအောင်စိပ်။ ။

## (သံဃာ့ဂုဏ်တော် ပုတီးစိပ်နည်း)

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။

၄။ သာမိစိပဋိပန္နော ဘဂဝတော သာဝက သံဃော။

၅။ ယဒိဒံစတ္တာရိ၊ ပုရိသ ယုဂါနိ၊ အဋ္ဌပုရိသ ပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက သံဃော အာဟုနေယျော။

၆။ ယဒိဒံစတ္တာရိ၊ ပုရိသ ယုဂါနိ၊ အဋ္ဌပုရိသ ပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော ပါဟုနေယျော။

၇။ ယဒိဒံစတ္တာရိ၊ ပုရိသယုဂါနိ၊ အဋ္ဌပုရိသ ပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက သံဃော ဒက္ခိဏေယျော။

၈။ ယဒိဒံစတ္တာရိ ပုရိသ ယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက သံဃော၊ အဉ္ဇလိ ကရဏီယော။

၉။ ယဒိဒံစတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝ
တော သာဝကသံဃော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## (ပုတီးစိပ်ပုံမှာ)

၁။ သုပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ပါးစပ်ကမည်၊ လက်ကပုတီးတလုံးချ။

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်တို့သည် ကောင်းစွာကျင့်တော်မူတတ်ပါပေစွဟုသိ။ တပတ်ရအောင် စိပ်။

၂။ ဥဇုပဋိပန္နော ဘဂဝတော သာဝကသံဃော၊ စိပ်။

မြတ်စွာဘုရား၏တပည့်သား သံဃာတော်သည် မာယာ– သာဌေယျ စသည် မတောင့်၊ ဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပါပေစွ တကားဟု သိ၊ တပတ်ရအောင်စိပ်။

၃။ ဉာယပဋိပန္နော၊ ဘဂဝတော သာဝကသံဃော၊ စိပ်။

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် သစ္စာ၄ကြောင်းပင် စစ်မှန်သော နိဗ္ဗာန်နှင့် လျော်ကန်အောင် ကျင့်တော်မူတတ်ပါပေစွ တကားဟု သိ၊ တပတ်ရအောင်စိပ်။

၄။ သာမီစိပဋိပန္နော ဘဂဝတော သာဝကသံဃော၊ စိပ်။

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျောက်ပတ်စွာကျင့်တော်မူတတ်ပါပေစွ တကားဟု သိ။ တပတ်ရအောင်စိပ်။

၅။ ယဒိဒံစတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ စိပ်။

လေးပုံနှင့် ရှစ်ပါးသော တပည့်သား သံဃာတော် မြတ်တို့သည်။ အဝေကမူ၊ ဆောင်ကာယူ၍။ ကြည်ဖြူလေးမြတ်၊ လှူဒါန်းအပ်သောအလှူကို ခံတော်မူထိုက်ပါပေစွ တကားဟု သိ၊ တပတ်ရအောင်စိပ်။

၆။ ယဒိဒံစတ္တာရိ ပုရိသ ယုဂါနိ၊ အဋ္ဌပုရိသ ပုဂ္ဂလာ၊ ဧသ ဘဂ ဝတော သာဝကသံဃော ပါဟုနေယျော၊ စိပ်။

လေးပုံနှင့် ရှစ်ပါးသော သံဃာတော်သည် ဩ့သည်တို့အား ရည်၍ ထားသည့် ထူးထွေ ကောင်းမြတ်၊ ပစ္စည်းရပ်ကို အလှူခံတော် မူထိုက်ပါပေစွ တကားဟုသိ၊ တပတ်ရအောင်စိပ်။

(၇) ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသဘဂဝ တော သာဝကသံဃော ဒက္ခိဏေယျော၊ စိပ်။

လေးစုံနှင့်ရှစ်ပါးသော တပည့်သားသံဃာတော့သည် ကောင်းကျိုး လိုလတ် လှူဒါန်းအပ်သော မြတ်သောအလှူကိုခံတော်မူထိုက်ပါပေစတကား ဟုသိ၊ တပတ်ရအောင်စိပ်။

(၈) ယဒိဒံ စတ္တာရိ ပုရိသာယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသဘဂ ဝတော သာဝကသံဃော အဉ္ဇလိကရဏီယော၊ စိပ်။

လေးစုံနှင့် ရှစ်ပါးသော တပည့်သား သံဃာတော်မြတ်သည်လက်အုပ် ချီမိုး ရှိခိုးခြင်းပြုထိုက်ပါပေစွတကားဟုသိ၊ တပတ်ရအောင်စိပ်။

(၉) ယဒိဒံ စတ္တာရိ ပုရိသာယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသဘဂဝ တောသာဝကသံဃော အနုတ္တရံပုညက္ခေတ္တံ လောကဿ။ စိပ်။

လေးစုံနှင့်ရှစ်ပါးသော တပည့်သားသံဃာတော်သည် ကောင်းမှုမျိုး ကိုစိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ပါပေစွ တကားဟုသိ၊ တပတ် ရအောင်စိပ်။

**မှတ်ချက်။** ။ဆိုခဲ့ပြီးသောဂုဏ်တော်တို့တွင် မိမိအနှစ်သက်ဆုံး၊ အကြိုက် ဆုံး၊ ဆက် စိပ်ရမည်။ စီးဖြန်းရမည်။ ဟိုပြောင်း။ ဒီပြောင်း၊ မပြောင်းရ။

သို့ကလိုနေ့ဆက်၊ ရက်ဆက်၊ စိပ်ဖန်များသော် ဥပစာရ သမာဓိသို့ ဆိုက်ရောက်လတံ့။

ဥပစာရသမာဓိသို့ဆိုက်လျှင် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟ ဉာဏ်တို့ကစ၍၊ ဝိပဿနာဉာဏ်ဆယ်ပါး၊ အစဉ်အတိုင်း ပွား၍ မဂ်ဖိုလ်ဆိုက် လတံ့။

ဣသရဏဂုံ ပုတီးစိပ်နည်း၊ ဂုဏ်တော်ပုတီး စိပ်နည်းများကို သမထ ပုတီးစိပ်နည်းခေါ်၊ သမထ ကမ္မဋ္ဌာန်းစီးဖြန်းနည်းဟု ခေါ်ပါ၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့နှင့် မပတ်သက်လျှင် ညမထဟုခေါ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့နှင့် ပတ်သက်လာမှ ဝိပဿနာခေါ်ပါ။

## (ဝိပဿနာ ပုတီးစိပ်နည်း)။

အနိစ္စ၊ အနိစ္စဟုစိပ်ခြင်း၊ ဒုက္ခ၊ ဒုက္ခဟုစိပ်ခြင်း၊ အနတ္တ၊ အနတ္တ၊ ဟု စိပ်ခြင်းတို့သည် ကုသိုလ်တော့ရပါ၏။ နည်းလမ်းမကျတတ်သေး။

သင်္ခါရာ အနိစ္စာ—ဟု သင်္ခါရနှင့်တွဲ၍ဖြစ်စေ။ နာမံ အနိစ္စဟု— နာမံ နှင့်တွဲ၍ဖြစ်စေ၊ တခုခုနှင့်တွဲ၍စိပ်မှ စီးဖြန်းမှု နည်းလမ်း ကျသည်။

(၁) သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ဟု ပါးစပ်ကမြည်၊ လက်က ပုတီး တ လုံးချ။

အလုံးစုံသော တေဘုမ္မက၊ ရုပ်၊ နာမ်၊ ဓမ္မသင်္ခါရတို့သည် မမြဲကုန်ဟု စိတ်ယဲကသိ၊ တပတ်ရအောင်စိပ်၊

(၂) သဗ္ဗေသင်္ခါရာဒုက္ခာ၊ စိပ်။

အလုံးစုံသော တေဘုမ္မက၊ ရုပ်၊ နာမ်၊ ဓမ္မသင်္ခါရတို့သည် ဒုက္ခဖြစ် ကုန်၏ဟု သိ၊ တပတ်ရအောင်စိပ်။

(၃) သဗ္ဗေဓမ္မာ အနတ္တာ၊ စိပ်။

အလုံးစုံသော အရာတို့သည် ကိုယ်မဟုတ်ကုန်၊ အလိုသို့ မလိုက်ကုန်။ အစိုးမရကုန်၊ အနှစ်သာရမရှိကုန်ဟုသိ၊ တပတ်ရအောင်စိပ်။

ဤသို့သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာဒုက္ခာ၊သဗ္ဗေဓမ္မာအနတ္တာ ဟူ၍ စိပ်ကြကုန်ရာ၏။

**မှတ်ချက်။** ။အနိစ္စ။ အနိစ္စ၊ ဒုက္ခ၊ ဒုက္ခ၊ အနတ္တ၊ အနတ္တ၊ဟူ၍ အခြောက် တိုက် မစိပ်ကြကုန်လင့်။

အထက်ပါအတိုင်း ပုတီးစိပ်သူအပေါင်းတို့အား၊ ဝိပဿနာအမျိုး သ မီး အမျိုးသားကောင်းများဟု ဆိုအပ်ကုန်၏။

အကျိုးကား၊ ရတနာခုနစ်ပါး အတိပြီးသော ဘဏ်တိုက်ကြီးကို ဖွင့်လှစ်၍။ အလိုရှိတိုင်း သယ်ယူသုံးစွဲနေသော သူတို့နှင့်တူကြကုန်၏။ ။

## (နာမရူပ ဝိပဿနာပုတီးစိပ်နည်း)။

ပုတီးမစိပ်မီ ရှေ့အဘို့၌ မိမိကိုယ်ကိုင်း၊ တပါးသော သူတို့၏ ကိုယ်ကိုင်း၊ အာရုံပြု၍ ဤခန္ဓာကိုယ်ကြီးသည်(ရုပ်တရားတည်း)။

စိတ်၊ စေတသိတ်တရားသည် (နာမ်တရားတည်း) ဟု ရုပ်နှင့် နာမ် ခွဲခြား၍ ထင်မြင်အောင် ဆင်ခြင်စဉ်းစားရမည်။ ပြီးမှ ပုတီးစိပ်ရမည်။

(၁) နာမံ အနိစ္စံ၊ ပါးစပ်ကမည်၊ လက်ကပုတီးလုံးချ။
စိတ်ထဲက နာမ်တရားမမြဲဟုသိ၊ ထပတ်ရအောင်စိပ်။

(၂) နာမံ ဒုက္ခံ၊ စိပ်။
နာမ်တရား ဒုက္ခဟုသိ၊ ထပတ်စိပ်။

(၃) နာမံ အနိစ္စံ၊ စိပ်။

*　　　*　　　*

(၁) ရူပံ အနိစ္စံ၊ စိပ်။
ရုပ်တရားမမြဲဟုသိ၊ ကပတ်စိပ်။

(၂) ရူပံ ဒုက္ခံ၊ စိပ်။

ရုပ်တရား ဒုက္ခဟုသိ။ တပတ်စိပ်။

(၃) ရူပံ အနတ္တာ၊ စိပ်။

ရုပ်တရားကိုယ်မဟုတ်ဟုသိ။ တပတ်စိပ်။

*　　　*　　　*

(၁) နာမရူပံ အနိစ္စံ၊ စိပ်။

နာမ်၊ ရုပ်တရား မမြဲဟုသိ၊ တပတ်စိပ်။

(၂) နာမရူပံ ဒုက္ခ။ စိပ်။

နာမ်၊ တရား ဒုက္ခဟုသိ၊ တပတ်စိပ်။

(၃) နာမရူပံ အနတ္တာ၊ စိပ်။

နာမ်ရုပ်တရား ကိုယ်မဟုတ်ဟုသိ၊ တပတ်စိပ်။

ဤသို့ပုတီးစိပ်ခြင်း၊ စီးဖြန်းခြင်းသည် ဝိပဿနာဖြစ်၏။

## (ခန္ဓာငါးပါး ပုတီးစိပ်နည်း)။

ခန္ဓာငါးပါးပုတီးစိပ်လိုသော် မစိပ်မီ ခန္ဓာကိုခွဲ၍ အောက်ပါ တို့ကို ဆင်ခြင်စဉ်းစား ထင်မြင်လာအောင်လုပ်ရမည်။ ခန္ဓာဟူသည် အစု အပုံကို ခေါ်သည်။

၁။ ရူပက္ခန္ဓာ — ရုပ်အစု၊ ရုပ်အစုံ။ ခန္ဓာကိုယ်။

၂၊ ဝေဒနက္ခန္ဓာ — ဝေဒနာအစု၊ ဝေဒနာအစုံ။ အာရုံကို ခံစားတတ်ခြင်း။

၃။ သညက္ခန္ဓာ — သညာအစု၊ သညာအစုံ၊ အဖြူအနီမှတ် [illegible]

၄၊ သင်္ခါရက္ခန္ဓာ — သင်္ခါရအစု၊သင်္ခါရအစုံ။ ဖဿစေတနာစသော စေတသိတ်များ။

၅။ ဝိညာဏက္ခန္ဓာ — ဝိညာဉ်အစု၊ ဝိညာဉ်အစုံ။ စိတ် (အသိ၊ သိခြင်း)။

(ပုတီးစိပ်ပုံ)။

(က) ၁၊ ရူပက္ခန္ဓာအနိစ္စ၊ ပါးစပ်ကမြည်၊ လက်ကပုတီးတလုံးချ။ စိတ်ထဲက ရုပ်အစုမမြဲဟုသိ၊ တပတ်စိပ်။

၂။ ရူပက္ခန္ဓာ ဒုက္ခ။ စိပ်။

ရုပ်အစုဆင်းရဲ၏ဟုသိ၊ တပတ်စိပ်။

၃။ ရူပက္ခန္ဓာ အနတ္တ၊ စိပ်။

ရုပ်အစုကိုယ်မဟုတ်၊ အလိုသို့မလိုက်၊ အစိုးမရ၊ အနှစ်သာရမရှိဟုသိ၊ တပတ်စိပ်။

(ခ) ၁။ ဝေဒနက္ခန္ဓာ အနိစ္စ၊ စိပ်၊

ဝေဒနာအစု မမြဲဟုသိ၊ တပတ်စိပ်။

၂။ ဝေဒနက္ခန္ဓာ ဒုက္ခစိပ်။

၃။ ဝေဒနက္ခန္ဓာ အနတ္တ၊ စိပ်၊

ဝေဒနာအစုကိုယ်မဟုတ်ဒုက္ခ၊ တပတ်စိပ်၊

(ဂ) ၁။ သညက္ခန္ဓာ အနိစ္စ၊ စိပ်။

သညာအစု မမြဲဟုသိ၊ တပတ်စိပ်။

၂။ သညက္ခန္ဓာ ဒုက္ခ၊ စိပ်။

သညာအစုဆင်းရဲ၏ဟုသိ။ တပတ်စိပ်။

၃။ သညက္ခန္ဓာ အနတ္တ၊ စိပ်။

သညာအစု ကိုယ်မဟုတ်သိ၊ တပတ်စိပ်။

(ဃ) ၁။ သင်္ခါရက္ခန္ဓာ အနိစ္စ၊ စိပ်။

သင်္ခါရတရားစု မမြဲဟုသိ၊ တပတ်စိပ်။

၂။ သင်္ခါရက္ခန္ဓာ ဒုက္ခ၊ စိပ်။

သင်္ခါရတရားစု ဆင်းရဲ၏ဟုသိ။ တပတ်စိပ်၊

၃။ သင်္ခါရက္ခန္ဓာ အနတ္တ၊ စိပ်။

သင်္ခါရတရားစု ကိုယ်မဟုတ်သိ၊ တပတ်စိပ်။

(င) ၁။ ဝိညာဏက္ခန္ဓာ အနိစ္စ၊ စိပ်။

ဝိညာဉ်အစု မမြဲဟုသိ၊ တပတ်စိပ်။

၂။ ဝိညာဏက္ခန္ဓာဒုက္ခ၊ စိပ်၊

ဝိညာဉ်တရားစု ဆင်းရဲ၏ဟုသိ၊ တပတ်စိပ်။

၃။ ဝိညာဏက္ခန္ဓာ အနတ္တ၊ စိပ်။

ဝိညာဉ်အစု ကိုယ်မဟုတ်သိ၊ တပတ်စိပ်။

## (ခန္ဓာငါးပါး ပေါင်းစိပ်နည်း)။

၁။ ပဉ္စက္ခန္ဓာ မေ အနိစ္စာ၊ စိပ်။

ငါ၏ ခန္ဓာ ငါးပါး မမြဲဟုသိ၊ တပတ်စိပ်။

၂။ ပဉ္စက္ခဓာ မေ ဒုက္ခာ၊ စိပ်။

ငါ၏ ခန္ဓာငါးပါးဆင်းရဲ၏ဟု။ တပတ်စိပ်။

၃။ ပဉ္စက္ခန္ဓာ မေ အနတ္တာ၊ စိပ်။

ငါ၏ခန္ဓာ ငါးပါး ကိုယ်မဟုတ်ဟုသိ၊ တပတ်စိပ်။

အကျိုးကား၊ ဤခန္ဓာငါးပါး ပုတီးစိပ်နည်းကိုစ၍ စီးဖြန်းသည့်နေ့ကစ၍ တနေ့ထက်တနေ့၊ တခါထက်တခါ၊ တပတ်ထက်တပတ်၊ ဓမ္မသာရ တိုး၍တိုး၍ လာလိမ့်မည်။

ဓမ္မပီတိသုခံသေတိ (ဓမ္မပဒပါဠိတော်) ဓမ္မပီတိ၊ တရား အမြိုက်၊

တကြိုက်တပေါက် သောက်ရသောသူမှာ၊ သုခံ– ချမ်းသာစွာ၊ သေတိ– အိပ်ရ၊ နေရလေသတည်း။ ။

## (ဓာတ် ၆-ပါး ပုတီးစိပ်နည်း)။

ဤဓာတ် (၆)ပါး ပုတီးစိပ်နည်းသို့ မရောက်မီ၊ ရှေးဦးစွာ စဉ်းစား ဉာဏ် အသိဉာဏ်ဖြစ်ဖို့ရန်၊ ဓာတ် ၆–ပါးတို့၏ သရုပ်သဘောကို အသေး စိပ် အနူစိပ်၍ ထင်ရှားစွာ မြင်အောင်ဆိုပေအံ့။

"ဆဓာတုယော အယံ ဘိက္ခု ပုရိသော၊"

(ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ် ပါဠိတော်)။

အနက်ကား – ဘိက္ခု ရဟန်းတို့၊ အယံပုရိသော ဤယောက်ျား သည်၊ ဆဓာတုယော ဓာတ်ခြောက်ပါးဖြင့် ပြီး၏။

အဓိပ္ပာယ်ကား – ရဟန်း၊ ဤယောက်ျားဟူသည်၊ မိန်းမဟူသည်၊ ငါ၊ သူ။ လူ၊ နတ် စသည့် ဟူသည့်ဓာတ် ၆–ပါးမျှသာ တည်း။

ပရမတ္ထအားဖြင့် – ယောက်ျားဟူ၍မရှိ၊ မိန်းမဟူ၍မရှိ၊ ငါဟူ၍မရှိ၊ လူဟူ၍မရှိ၊ နတ်ဟူ၍မရှိ၊ ဓာတ် ခြောက်ပါးမျှသာ ရှိ၏။

**ဓာတ်ခြောက်ပါးကား....**

(၁) ပထဝီဓာတ် – အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ မိမိကိုယ်ကို၊ သူတပါး၏ ကိုယ်တို့၌၊ အခြားဓာတ်တို့တည်ရာ၊ ကြမ်း တမ်းခက်မာခြင်းသဘော။

(၂) အာပေါဓာတ်– ယိုစီး ဖွဲ့စီးခြင်းသဘော။

(၃) တေဇောဓာတ်– ကျက်စေ၊ ရင့်စေ၊ မှည့်စေ၊ အိုစေ၊ အပူ အအေး၊ အဇ စသည့်သဘော။

(၄) ဝါယောဓာတ်–ထောက်ခံခြင်း။ လှုပ်ရှားခြင်းသဘော။

(၅) အာကာသဓာတ်–ရုပ်ကလာပ်တို့၏ အကြားအကြားရှိခြင်း။ (မဆက်စပ်ခြင်း)။

(၆) ဝိညာဏဓာတ်– စိတ်၊ စေတသိတ်ဖြစ်၏။ (ပရိစ္ဆေဒရုပ်ဟူ၍ လည်း ခေါ်သည်)။

ဤအထက်ပါ ခေတ် (၆) ပါးကို သဘောပေါက်အောင် ဆင်ခြင်ပါ။ ။

**ထပ်၍ရှင်းဦးအံ့—**

ဥပမာ— လင်ပန်းထဲ၌ထားသော ဘယဆေးမှုန့် ကလေးများသည် ပထဝီဓာတ် ရုပ်ကလာပ်များနှင့်တူ၏။

၎င်းဆေးမှုန့်ကလေးများကို ရေဖျော်၍ အလုံးအဆိုင်အခဲပြုလုပ်ထားခြင်းသည် အာပေါဓာတ် ဖွဲ့စည်း၍ထားသည်နှင့်တူ၏။

၎င်းလုံးကဲ့သို့၎င်း ဘယဆေးမှုန့် အဆိုင်အခဲ အလုံးကို ယောကျ်ားရုပ်လုပ်ထားလျှင် ယောကျ်ားဟု ခေါ်ဝေါ်ကြသကဲ့သို့၊ မိန်းမရုပ်လုပ်ထားလျှင် မိန်းမဟု ခေါ်သကဲ့သို့၊

“ပထဝီဓာတ်”ရုပ်မှုန့်သဘောကလေးတွေကို “အာပေါဓာတ်”က ဖွဲ့စည်းပြီးလျှင် ယောကျ်ားမဟုတ်၊ ဘူတရုပ်က ယောကျ်ားလုပ်၍ ပြတတ်၏။ မိန်းမ မဟုတ်၊ ဘူတရုပ်က မိန်းမလုပ်၍ပြတတ်၏။

ပရမတ္ထသဘောတရားတို့၏ အလွန်တရာသိမ်မွေ့သေးဖွဲ့သည်၏အဖြစ်ကိုသိကြစေရန်၊ ပထဝီဓာတ် ရုပ်မှုန့်ကလေးတွေ စသဖြင့် ဥပမာ တင်စားထားသည်။

ပရမတ္ထသဘောမှာ— အနုမြူမျှ အထည်ဒြပ်အမှုန့်မရှိ၊ အနုမြူ အထည်ဒြပ်အမှုန့်ရှိလာလျှင် ပရမတ္ထ မဟုတ်ဟုမှတ်။

အရည်ကလာပ်၊ အဖတ်ကလာပ်ဟူ၍မရှိ။ အရည်၌တည်သော ရုပ်ကလာပ်ကို အရည်ကလာပ်၊ အဖတ်ကလာပ်၌ တည်ရှိသော ရုပ်ကလာပ်ကို အဖတ်ကလာပ်ဟု မှတ်။

ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ ဖွဲ့စည်းလုံးထွေး၍ နေသည်ကို မပုပ်အောင် မသိုးအောင်၊ ရင့်အောင်၊ နွေးအောင်၊ တေဇောဓာတ်က လုပ်၍ပေး၏။

ရပ်၍နေသောအခါ၊ ထိုင်၍နေသော အခါတို့၌လည်းကောင်း။ သွားသောအခါ၊ ကွေးသောအခါ ဆန့်သောအခါတို့၌ လှုပ်ရှားအောင် ဝါယောဓာတ်ကကျေးဇူးပြု၏။

ရုပ်ကလာပ်ကလေးတွေ၏ အကြားအကြားကို အာကာသဓာတ်ခေါ်သည်။ (ပရိစ္ဆေဒရုပ်ဟူ၍လည်း ခေါ်သည်)။

ဥပမာ၊ ဘယဆေးမှုန့်ကလေးတို့၏ အကြားအကြားရှိ၏။ ဆန်တောင်းထဲ၌ထည့်ထားသော ဆန်စေ့ကလေးတို့၏ အကြားအကြားရှိ၏။ ရှိ၍ပင်လျှင် ဆန်ထည့်ထားသော ဆန်ဆေးတောင်း၌ ရေလောင်းလျှင် ရေတွေယိုကျ၏။

ငှင်း ဘယဆေးမှုန့်ကလေးတို့၏ ဆန်စေ့ကလေးတို့၏အကြား အာကာသကဲ့သို့၊ ရုပ်ကလာပ်ကလေးတွေ၏ အကြားအကြားကို အာကာသဓာတ်ခေါ် (ပရိစ္ဆေဒ)ခေါ်သည်။

စေတသိက်နှင့်တကွ စိတ်ကို ဝိညာဏဓာတ်ခေါ်သည်။ ဤဓာတ်(၆)ပါးကို အသေးစိပ်၍ ထင်မြင်အောင် ဆင်ခြင်ပြီးမှ ပုတီးစိပ်ပါ။

(ပုတီးစိပ်ပုံ)

၁။ (က) ပထဝီဓာတုအနိစ္စ၊ ပါးစပ်ကမြည်၊ လက်က ပုတီးတလုံးချ။ ပထဝီဓာတ် မမြဲဟုသိ၊ တပတ်ရအောင် စိပ်။

(ခ) ပထဝီဓာတ် ဒုက္ခ။ စိပ်။
ပထဝီဓာတ် ဒုက္ခဟုသိ၊ တပတ်စိပ်။

(ဂ) ပထဝီဓာတု အနတ္တ၊ စိပ်။
ပထဝီဓာတ် ကိုယ်မဟုတ်သိ၊ တပတ်စိပ်။

၂။ (က) အာပေါဓာတ်အနိစ္စ၊ စိပ်။
အာပေါဓာတ် မမြဲဟုသိ၊ တပတ်စိပ်။

(ခ) အာပေါဓာတ် ဒုက္ခ၊ စိပ်။
အာပေါဓာတ် ဒုက္ခဟုသိ၊ တပတ်စိပ်။

(ဂ) အာပေါဓာတ် အနတ္တ၊ စိပ်။

၃။ (က) တေဇောဓာတ် အနိစ္စ။ စိပ်။

တေဇောဓာတ် မမြဲဟုသိ၊ တပတ်စိပ်။

(ခ) တေဇောဓာတ် ဒုက္ခ၊ စိပ်။

တေဇောဓာတ် မမြဲဟုသိ၊ တပတ်စိပ်။

(ဂ) တေဇောဓာတ် အနတ္တ၊ စိပ်။

၄။ (က) ဝါယောဓာတ် အနိစ္စ၊ စိပ်။

ဝါယောဓာတ် မမြဲဟုသိ၊ တပတ်စိပ်။

(ခ) ဝါယောဓာတ် ဒုက္ခ၊ စိပ်။

ဝါယောဓာတ် မမြဲဟုသိ၊ တပတ်စိပ်။

(ဂ) ဝါယောဓာတ် အနတ္တ၊ စိပ်။

ဝါယောဓာတ် ကိုယ်မဟုတ်သိ၊ တပတ်စိပ်။

၅။ (က) အာကာသ ဓာတ်သည် သဘာဝမရ။ ရုပ်အလပ်တို့၏ အကြား အကြား (မဆက်စပ်ခြင်း)သာ ဖြစ်၍၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပုတီးစိပ်၍မရ။ မသုံးသပ်ရ။

၆။ (က) ဝိညာဏ ဓာတ်အနိစ္စ၊ စိပ်။

ဝိညာဏဓာတ်မမြဲဟုသိ၊ တပတ်စိပ်။

(ခ) ဝိညာဏဓာတ် ဒုက္ခ၊ စိပ်။

ဝိညာဏဓာတ် ဒုက္ခဟုသိ၊ တပတ်စိပ်။

(ဂ) ဝိညာဏဓာတ် အနတ္တ၊ စိပ်။

ဝိညာဏဓာတ် ကိုယ်မဟုတ်သိ။ တပတ်စိပ်။

(ဓာတ် (၆)ပါး ပေါင်းစိပ်နည်း)

၁။ ဓာတုမ အနိစ္စ၊ စိပ်။

မိမိ၏ခေတ်တို့မမြဲဟုသိ၊ တပတ်စိပ်။

၂။ ခေတုမေ ဒုက္ခ။ စိပ်။

မိမိ၏ခေတ်တို့ ဒုက္ခဟုသိ။ တပတ်စိပ်။

၃။ ခေတုမေ အနတ္တ။ စိပ်။

မိမိ၏ခေတ် ကိုယ်မဟုတ်သိ။ တပတ်စိပ်။

မေ— ငါ၊ မိမိ။ ကျွန်ုပ်ဖြစ်သည်။

ခေတ်ပုတီးစိပ်နည်းတို့ကို ကြိုးပမ်း အားထုတ်သော ယောဂီ အမျိုးကောင်း ယောက်ျား၊ အမျိုးသမီးတို့သည် ဒိဋ္ဌခမ္မ၊ ကာယသုခ၊ စေတသိက သုခ၊ အကျိုးများကို ခံစားရကြ၍ ယခုဘဝ၌ မဂ်ဖိုလ်မရလျှင် သာဂကိဘဝ ကေန္တ ရကြကုန်အံ့။ ။

(ဝိသုဒ္ဓိ ၇—ပါးနှင့် ဉာဏ်စဉ်များ)

၁။ သီလဝိသုဒ္ဓိ။

၂။ စိတ္တဝိသုဒ္ဓိ။

၃။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။

၄။ ဒိဋ္ဌိဝိသုဒ္ဓိ။

၅။ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ။

၆။ ဂဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ။

၇။ လောကုတ္တရာဉာဏ ဒဿနဝိသုဒ္ဓိ။

ဉာဏ်စဉ် (၁၀)ပါး။

၁။ ကမ္မဿကတာဉာဏ်။

၂။ သမထဉာဏ်။

၃။ နာမရူပ ပရိစ္ဆေဒဉာဏ်။

၄။ ပစ္စယပရိဂ္ဂဟဉာဏ်။

၅။ သမ္မသနဉာဏ်။

၆။ ဥဒယဗ္ဗယဉာဏ်။

၇။ ဘင်္ဂဉာဏ်။

၈။ ဘယဉာဏ်။

၉။ အာဒီနဝဉာဏ်။

၁၀။ နိဗ္ဗိဒါဉာဏ်။

၁၁။ မုစ္စိတုကမျတာဉာဏ်။

၁၂။ ပဋိသင်္ခါဉာဏ်။

၁၃။ သင်္ခါရုပေက္ခာဉာဏ်။

၁၄။ အနုလောမဉာဏ်။

၁၅။ ဂေါတြဘူဉာဏ်။

၁၆။ မဂ်ဉာဏ်။

၁၇။ ဖိုလ်ဉာဏ်။

၁၈။ ပစ္စဝေက္ခဏာဉာဏ်။

ဤဉာဏ်စဉ်များကို သိရာ၏။

## (ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ် ၁၈-ပါးကို အတိုချုပ် ယှဉ်ပြခြင်း)။

လူမှာ လူတို့နှင့်ဆိုင်ရာ သီလ၊ ရဟန်းမှာ ရဟန်းတို့နှင့်ဆိုင်ရာသီလ၊ စင်ကြယ်လျှင် "သီလဝိသုဒ္ဓိ"ဖြစ်၏။

ဧင်း "သီလဝိသုဒ္ဓိ"သည် အားလုံးသော ဝိသုဒ္ဓိ၊ အားလုံးသောဉာဏ်တို့၏ အခြေခံဖြစ်သည်။

၁၊ သွားလေသမျှ မစင်၊ ထားလေသမျှ မသေခင်၊ လူမှု၊ တန်းမှ ဆာဝစဉ်။

(၂) စားလေသမျှ မစင်ဖြစ်၊ ထားလေသမျှဘုံဖြစ်။ လူမှ တန်းမှ ကိုယ်ပိုင်ဖြစ်၊

(က) ဤသို့ ကုသိုလ်ကံသည်သာ ကိုယ်ပိုင်ဥစ္စာဟု သိတတ်သော ဉာဏ်သည် ကမ္မဿကတာ ဉာဏ်မည်၏။

ဤတွင် သီလဝိသုဒ္ဓိနှင့် ကမ္မဿကတာဉာဏ် တတွဲတရပ် မှတ်။

(ခ) ပထဝီ ပထဝီ။ အာပေါ အာပေါ စသည် စီးဖြန်း၍ အဘော် ခာတ်ရသည်မှစ၍ ဈာန်အဘိဉာဏ်တွေ အကုန်ရသော်၊ စိတ္တဝိသုဒ္ဓိစခန်း ပေါက်ရောက်ပြီ။

ငင်း သမထစိတ်တို့၌ ယှဉ်သော ဉာဏ်ကို သမထ ဉာဏ် ပေါသည်၊

ဤတွင် စိတ္တဝိသုဒ္ဓိနှင့် သမထဉာဏ် တတွဲ တရပ်မှတ်၊

(ဂ) နာမ်တရား၊ ရုပ်တရား နှစ်ပါးကို ပိုင်းခြားထင်ထင် သိမြင်နိုင်က သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူလျှင် ဒိဋ္ဌိဝိသုဒ္ဓိပေါက် ရောက်ပြီ။

နာမ်ရုပ် အပိုင်း အခြားကို သိမြင်သော ဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏။

ဤတွင် ဒိဋ္ဌိဝိသုဒ္ဓိနှင့် နာမရူပ ပရိစ္ဆေဒဉာဏ် တတွဲ တရပ်ဟုမှတ်။

(ဃ) နာမ်တရား၊ ရုပ်တရားတို့၏အကြောင်းကို သိမ်းဆည်း၍ ပဋိစ္စ သမုပ္ပါဒ်ကို အထပ်ထပ် ထင်ထင်ပိုင်ပိုင်မြင်သဖြင့် ကင်္ခါရုံမှား (၁၆)ပါးနှင့် (၈)ပါးသော ဝိစိကိစ္ဆာ ကင်းကွာသော်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဆိုက်ရောက်၏၊ ပစ္စယပရိဂ္ဂဟ ဉာဏ် လည်း အမြင်သန်၏။

ဤတွင် ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှင့် ပစ္စယပရိဂ္ဂဟဉာဏ် တတွဲတရပ်မှတ်၊

(ခ) ရုပ်နာမ်ဓမ္မသင်္ခါရကို ခန္ဓာငါးပါးစသည် ဖွဲ့ပြီးလျှင် ရူပက္ခန္ဓာ အနိစ္စံ၊ ရူပက္ခန္ဓာ ဒုက္ခံ။ ရူပက္ခန္ဓာ အနတ္တ စသည် စီးဖြန်း ထင်မြင်သုံးသပ်ခြင်းသည် သမ္မသနဉာဏ်မည်၏။

ယင်းသို့ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အဖန်ဖန် ရှုလတ်သော် ဖြစ်ပျက်နှစ်ခု အစုံရှုသော ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ် လာ၏။

ဥဒယဗ္ဗယဉာဏ် အမြင်သန်လျှင် ဩဘာသော ပီတိပဿဒ္ဓိစသော ဝိပဿနာညစ်နွမ်းကြောင်းတရား (၁၀) ပါး ပေါ်လာမြဲ၊ ထိုသို့ပေါ်လာသော အခါ ဤဩဘာသ စသည်ကား၊ ဝိပဿနာ လမ်းရိုး မကျ။ အ,မဂ္ဂင် တည်း။

ဤမဂ္ဂ၊ အမဂ္ဂကို ပိုင်ပိုင်ထင်မြင်စင်ကြယ်၍လာလျှင်၊ မဂ္ဂါ၊မဂ္ဂဉာဏ ဒဿန ဝသုဒ္ဓိသို့ဆိုက်ရောက်၏။

ဤတွင်သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ မဂ္ဂ၊ အမဂ္ဂကို . သိမြင်ခြင်း နှင့် မဂ္ဂါ မဂ္ဂဉာဏ ဒဿနဝိဒ္ဓိတတွဲ တရပ်ဟုမှတ်။

၁။ ဥဒယဗ္ဗအမြင်သန်ပြီး ဖြစ်သော်လည်း ဩဘာသစသည် နှောက် ယှက်၍ မှေးမှိန်ပြန်သဖြင့်၊ ဥဒယဗ္ဗဉာဏ်၊ တဖန်ပြန်၍ ပျိုးပြီးလျှင်၊

၂။ အပျက်ကိုသာရှုသောဘင်္ဂဉာဏ်။

၃။ ကြောက်ဖွယ်တုံ့စ။ ဘေးကြီးတကားသိရှုသော ဘယဉာဏ်။

၄။ ရုပ်နာမ် ဓမ္မသင်္ခါမျိုးတရားဆိုး၌ ခိုခိုးစရာ မရှိခက်မှန်း သိသော အာဒီနဝဉာဏ်။

၅၊ ခို၊ ခိုးစရာမမြင် ခက်ခြေမြင်သဖြင့်၊ မရွှင်မလမ်း၊ မချမ်း မမြေ့ ဝဋ်ဆင်းရဲ၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်။

၆။ နိဗ္ဗိဒါဉာဏ် အလွတ်သန်သော်လျှင်မြန်စွာ ဝဋ်ဆင်းရဲမှ လွတ် လိုသော ပုစ္စိကမျတဉာဏ်။

၇။ မုစ္စိတုကမျတာဉာဏ် အမြင်သာသော် ဘာဝနာ (၄၀) ကို အကျယ်ဖြန့်၍၊ အားတိုက်ဘိလျှင် ပဋိသင်္ခါဉာဏ်သို့ ဆိုက်၏။

ရုပ်နာမ် ဓမ္မသင်္ခါရဝယ် မတွယ်သမှု၊ လက်လျှော့ရှုသော သင်္ခါရုပေက္ခာဉာဏ်သို့ဆိုက်၏။

## (မဂ္ဂဝီထိပုံ)။

ဘွင်ဘွင်–ဘဝင်္ဂစလန၊ ဘွင်ဂုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇာန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ သောတာပတ္တိမဂ်တကြိမ်၊ သောတာပတ္တိဖိုလ်နှစ်ကြိမ် သုံးကြိမ်၊ ထို့နောင်ဘဝင် ကိစ္စဖြစ်ထိုက်သ၍ဖြစ်၏။ သောတာပန်ပုဂ္ဂိုလ်ဘဝသို့ ရောက်သွားပြီ၊

ဤဝီထိ၌ပါသော အနုလုံ၌ ယှဉ်သော ဉာဏ်ကို အနုလောမ မဉာဏ် ခေါ်သည်။ ဂေါတြဘူနှင့်ယှဉ်သော ဉာဏ်ကို ဂေါတြဘူဉာဏ် ခေါ်သည်၊ မဂ်စိတ်၌ယှဉ်သော ဉာဏ်ကို မဂ်ဉာဏ်ခေါ်သည်။ ဖိုလ်စိတ်၌ယှဉ်သောဉာဏ်ကို ဖိုလ်ဉာဏ်ခေါ်သည်။

၎င်းနောက် ပစ္စဝေက္ခဏာဂေါ ဝိထိကျ၏။ ၎င်းပစ္စဝေက္ခဏာဇော၌ ယှဉ်သောဉာဏ်ကို ပစ္စဝေက္ခဏာဉာဉ်ဟု ခေါ်သည်။

ဤတွင်၊ ဥဒယဗ္ဗယဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တို့နှင့် ပဋိပဒါညာဏဒဿန ဝိသုဒ္ဓိတတွဲတရပ်ဟုမှတ်။

မဂ်စိတ်၌ယှဉ်သောမဂ်ဉာဏ်နှင့် ဉာဏဒဿနဝိသုဒ္ဓိတတွဲတရပ်မှတ်။ သင်္ခါရုပေက္ခာဉာဏ်နှင့်အနုလောမဉာဏ်ကိုပင် ဂုဋ္ဌာနဂါမိနိဝိပဿနာခေါ်သည်။

၎င်းနောက် သဒါဂါမိမဂ်–ဖိုလ်၊အနာဂါမိမဂ်–ဖို၊ အရဟတ္တဖိုလ်မဂ်တို့သို့ဆိုက်၍ ရဟန္တာဖြစ်ကြသော်။ ရဟန္တာမိန်းမ ဖြစ်ကြကုန်၏။

ဌင်းရဟန္တာ ပုဂ္ဂိုလ်သည် အသက်ရှည်သမျှနေပြီး စုတိကျ၍၊ ဒုက္ခခပ်သိမ်းငြိမ်းအေးရာ မှန်မြတ် နိဗ္ဗာန်သို့ ကေန်ဆိုက်ရောက်လေသတည်း။

*　　　*　　　*

(ပုတီးစိပ်နည်းအမျိုးမျိုး)

ပုတီးစိပ်ခြင်း အလုပ်သည် အဓိကအားဖြင့် စိတ်စင်ကြယ်အောင် လုပ်ခြင်းပင်ဖြစ်သည်။ စိတ်စင်ကြယ်လာပါက တည်ငြိမ်မှုရပြီး(သမာဓိ)ရှိသောအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်ပါသည်။

ထိုအခါ ဝိပဿနာ ကမ္မဋ္ဌာန်းကျင့်သည့် အဆင့်သို့မလုပ်ကိုင်နိုင်သေးသည့်တိုင်အောင်၊ မိမိ၌အမြဲဒုက္ခပေးလျက် ရှိကြသော ပြုပ်ဆိုး ဘေးအန္တရာယ်ရန်အသွယ်သွယ်ဟူသမျှတို့သည်။ နီးရာမှဝေးရာသို့ တဖြည်းဖြည်း ပြေးထွက်ပျောက်လွင့် ပျက်သွန်းသွားကြတော့မည်မှာအမှန်ပင် ဖြစ်ပေတော့သည်။

ပုတီးစိပ်ရာနေရာများသည်၊ ဘုရား၊ သို့မဟုတ် ကမ္မဋ္ဌာန်းကျောင်း၊ သို့မဟုတ်အခြား တိတ်ဆိတ် အေးချမ်းသည့် နေရာများဖြစ်ပါက ပိုကောင်းပြီး၊ သမာဓိပို၍ ရနိုင်ပါသည်။ ဘုရား စစ်စစ်တို့၏လေး (၄) စုခေတ်များ စုရာ ရွှေတိဂုံဘုရား၌ ဆိုလျှင်ပို၍ အကျိုးရှိနိုင်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ဘုရားလေးစုတို့၏ ခေတ်စစ်ခေတ်မှန်များသည် ပုထုဇဉ်လူသားတို့၏ စိတ်ကို အလွန်အေးချမ်းကြည်လင်သွားစေနိုင်သောကြောင့် ဖြစ်ပါသည်။

အခြားတန်ခိုးကြီး မမြင်အပ်သည့် ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း ထိုဘုရားစစ်စစ်၏ ခေတ်တော်များကို အမြဲပူဇော်စည်းကပ် စောင့်ရှောက်ရင်း ရှိနေကြသည် ဖြစ်သောကြောင့်၊ သူတော်ကောင်းမှန်လျှင် ထိုပုဂ္ဂိုလ်တို့၏ ကူညီစောင်မမှုတို့ကို အတော်အတန်ခံစားရရှိနိုင်လေသည်။

ဤသို့မှ မသွားနိုင်ပါက၊ အိမ်၌ဝင်း။ လမ်းခရီးသွားရင်းဖြင့် ဝင်းစိပ်နိုင်ပါသည်။ ထိုအခါ ပုတီးမဟုတ်ပဲ လက်ချိုး၍ မှတ်လျှင်လည်း ဖြစ်ပါသည်။ ကုသိုလ်လဲ သူ့အလိုက်အလျောက် ရရှိခံစားနိုင်ပါသည်။ မလုပ်နိုင် မကျင့်နိုင်သူနှင့်စာလျှင် အများကြီး အကျိုးရှိနိုင်ပါသည်။

ပုတီးစိပ်ခြင်း မပြုမီ ရှေးဦးစွာ၊ သရဏဂုံသုံးပါးနှင့် ငါးပါး သီလများကို အောက်ပါအတိုင်း ခံယူပါ။

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## (ဝင်းအနက်)

အရဟတော— လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သင်္ခါရ။ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန် ပညတ်တည်းဟူသော ဉေယျဓမ် တရားငါးပါးကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်သိတော်မူပြီးထသော၊ တဿဘဂဝတော။ ထိုသမ္ဗုဒ္ဓမြတ်စွာဘုရားအား၊ နမော၊ ရှိခိုးပါ၏။ ။

၂။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## ဝင်းအနက်

ဗုဒ္ဓံ— မြတ်စွာဘုရားကို။ သရဏံ— ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ— ဆည်းကပ်ပါ၏။ ဓမ္မံ— တရားတော်မြတ်ကို။ သရဏံ— ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ— နှစ်ကြိမ်မြောက်။ ဗုဒ္ဓံ— မြတ်စွာဘုရားကို။ သရဏံ— ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ— ဆည်းကပ်ပါ၏။ ဒုတိယမ္ပိ— နှစ်ကြိမ်မြောက်၊ ဓမ္မံ— တရားတော်မြတ်ကို။ သရဏံ— ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ— ဆည်း

ကပ်ပါ၏။ ဒုတိယမ္ပိ— နှစ်ကြိမ်မြောက်။ သံဃံ— သံဃာတော်မြတ်ကို။ သရဏံ— ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ— ဆည်းကပ်ပါ၏။

တတိယမ္ပိ— သုံးကြိမ်မြောက်။ ဗုဒ္ဓံ— မြတ်စွာဘုရားကို။ သရဏံ— ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ— ဆည်းကပ်ပါ၏။ တတိယမ္ပိ— သုံးကြိမ်မြောက်။ သံဃံ— သံဃာတော်မြတ်ကို။ သရဏံ— ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ— ဆည်းကပ်ပါ၏။ ။

၃။ (၁) ပါဏာတိပါတာ၊ ဝေဒမဏီ သိက္ခာပဒံ၊ သမာဒိယာမိ။
သူတပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၂) အဒိန္နာဒါနာ၊ ဝေဒမဏီ သိက္ခာပဒံ၊ သမာဒိ ယာမိ။
သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ။ ဝေဒမဏီသိက္ခာပဒံ။ သမာဒိယာမိ။
သူတပါး သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ပါ၏။

(၄) မုသာဝါဒါ။ ဝေဒမဏီသိက္ခာပဒံ။ သမာဓိယာ။
မဟုတ်မမှန် လိမ်လည် ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

(၅) သုရာမေရယ မဇ္ဇပ္ပမာ ဒဋ္ဌာနာ ဝေဒမဏ် သိက္ခာပဒံ၊ သမာဒိယာမိ။
သေရည် သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။ ။

ထို့နောက်မိမိခန္ဓာမိကိုယ်အား ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးအား ယုံကြည်စိတ်ချစွာဖြင့် စိတ်ဦးပေးအပ်လှူဒါန်းပါ။

၎င်းနောက်— ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ (အနန္တော အနန္တ ငါးပါးနှင့်တကွ၊ ဘုံသုံးပါး (၃၁)ဘုံ ကြဉ်လည်ကုန်သော သက်ရှိပုဂ္ဂိုလ် အပေါင်း (ချမ်းသာကိုယ်စိပ် မြဲကြပါစေ)ဟူသော ဆန္ဒဖြင့် မေတ္တာပို့ပြီး နောက်မှ မိမိကြိုက်တဲ့နည်းဖြင့် ပုတီးစိပ်ပါ။ မည်၍မည်မျှ စိပ်မည် ဖြစ်ကြောင်း အဓိဋ္ဌာန်ဖြင့်စိပ်ပါ။

ထိုသို့ ပုတီးစိပ်သည့် အခါ၌သည်း စန်း၊ ကြာရင်း။ နဝင်း များ ကြေ အောင်စိပ်ပါက ပို၍အကျိုးသက်ရောက်မှု၊ ထိရောက်အောင်မြင်မှုများရှိသည် ဟု ရှေးရှေးပုတီးဆရာကြီးများက ဆိုကြပါသည်။

## ( စန်း )

၁။ စန်းဆိုသည်မှာ — နေ့ စကြာ ဝဠာကြီး တခု လုံးကို ဂြိုဟ် စဉ် အရ (၈) ရှစ်မျက်နှာ ယား၍၊ ရာသီခွင်အရ (၁၂) ဆယ့်နှစ် လကို (၁၂) ဆယ့် နှစ် စိပ် ခွဲသားသည်။

ဂြိုဟ်ရှစ်ခွင် —

| | | |
|---|---|---|
| ၃ | ၄ | ၇ |
| ၂ | | ၅ |
| ၁ | ၆ | ၈ |

ဆယ့်နှစ်ရာသီခွင်— ၁၂—စိပ်

| | | |
|---|---|---|
| ၄<br>၃ | ၅ | ၆<br>၇ |
| ၂ | | ၈ |
| ၁<br>၁၂ | ၁၁ | ၉<br>၁၀ |

ထို့ ကြောင့် ဤ (၁၂) ရာသီခွင် စန်း နှင့် လျော်လျှင် (၁—ပုံ ၁၂-ပုံ)အား ရှိသည် ဟု ဆို၏။

## ( ကြာရင်း )

၂။ ကြာရင်းဆိုသည်မှာ — ရာသီ (၃)ခု၊ သို့မဟုတ် (၃)သုံးကြိမ် သုံးခါကို ခေါ်သည်။

ထို့ကြောင့် ကြာရင်း ကြေလျှင် (၁—ပုံ၊ ၃—ပုံ)အားရှိသည်။

ပထမ စန်း ယက်ပို၍ အားရှိပြီး၊ နဝင်းသက်လည်း ပို၍ အားရှိသည်။ ပိုကောင်းသည်ဟုဆို၏။

## ( နဝင်း )

၃။ နဝင်းဆိုသည်မှာ — ၉–ပါတ်၊ ၉–ကြိမ်၊ ၉–ခါကို ခေါ်သည်။ (၁၂) ရာသီတွင် ၉–နှင့် မြှောက်ပါက (၁၀၈)ဖြစ်၍ 'နဝင်း' ပင်ခေါ်သည်။

ထိုကြောင့် (၉) နှင့် (၁၀၈) ကို 'နဝင်း'ကြေဟုဆိုသည်။

နဝင်း ကြေလျှင် (၁–ပုံ၊ ၉–ပုံ) အားရှိသည်ဟုဆို၏။

ထို့ကြောင့် တြိရင်းကြေမှာ သုံးပုံတပုံရှိနေသဖြင့် အားအကောင်းဆုံးဖြစ်လေသည်။

စိပ်ပုတီးကို (၁၀၈)လုံး လားခြင်းသည် ရတနာ သုံးပါး၊ ဂုဏ်တော် (၁၀၈)ပါး ရှိသည့် အပြင်၊ နဝင်းကြေ အရလည်း (၁၀၈) ဖြစ်နေသည့် အတွက် အလွန်ကောင်းသည်။ မည်သည့် ဂုဏ်တော်ကိုမဆို ၎င်းပုတီးဖြင့် (၃)ကြိမ်စီ၊ သို့မဟုတ်– (၃) ပါတ်စီ သတ်မှတ်၍ စိပ်နိုင်၊ ရွတ်ဖတ်သွားနိုင်ပါက မိမိလိုရာ ဦးတည်ချက်များသည် အမြန်ဆုံး၊ အစွန်းဆုံး ထိရောက်အောင်မြင် နိုင်သည်ဟု ရှေးဆရာကြီးများ၏ အဆို အမိန့်များ ရှိခဲ့လေသည်။

ဂိုဏ်းဆရာများနှင့် ဗေဒင်ရတနာဒီပန်ဆရာတို့သည် ထိုနည်းကို အများဆုံး အသုံးပြုကြလေသည်။

သို့သော်– ပုတီးစိပ်ခြင်း၊ ဝိပဿနာကမ္မဋ္ဌာန်းပြုကျင့်ခြင်းတို့ကြောင့် ရရှိနိုင်မည့်အကျိုးကား လူတိုင်းအတွက် တူညီမှုရှိကြမည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော်– လူတဦးစီ၏ ရှေးကပြုခဲ့ကြသော ကောင်းမှုကုသိုလ်နှင့် မကောင်းမှုကုသိုလ် တရားတို့ တူညီကြမည် မဟုတ်သည့်အတွက် ယခုရရှိခံစားနိုင်သည့် အကျိုးကျေးဇူးများလည်း မြန်သည့်လူမြန်၍ နှေးသည့်လူနှေး ကွေးပြီး အကျိုးတရားခံစားရမှု အနည်းအများလည်း တူညီကြမည် မဟုတ်ကြောင်းကိုတော့ သတိပြုကြရပေမည်။ အကယ်၍ အရနှေး အကျိုးနည်းသည့်တိုင်အောင် မလျော့ပဲ ကုသိုလ်များများပြု များများ ကျင့်ကြံနိုင်ပါက နောက်ဆုံး အကျိုးပြီးနိုင်ပါသည်။ ကြိုးစားပါ။

## (က) ၁။ ဘုရားဂုဏ်တော်(၉)ပါး ပုတီးစိပ်နည်း။

ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထာ ဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ။ ။

### ၎င်းအနက်

၁။ သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ–ဤသို့လူမင်း နတ်မင်း၊ ဗြဟ္မာမင်းတို့၏ပူဇော်အထူးကို ခံတော်မူထိုက်သော ကြောင့်၊ အရဟံ– အရဟ မည်တော်မူ၏။

၂။ ဣတိပိ– ဤသို့သော တရားအလုံးစုံတို့ကို မဖောက်မပြန် သယမ္ဘူညာဏ်ဖြင့် မိမိအလိုလို အလုံးစုံ သိတော် မူသော ကြောင့် သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ ဣတိပိ– ဤသို့ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့် ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ ဣတိပိ– ဤသို့ကောင်းသောစကားကိုသာ ဆိုတော်မူသော ကြောင့်၊ သုဂတော၊ သုဂတ မည်တော်မူ၏။

၅။ ဣတိပိ– ဤသို့။ သြကာသ လောက၊ သင်္ခါရ လောက၊ သတ္တ လောကဟု ဆိုအပ်သော။ လောကကြီး သုံးပါးကို ကောင်းစွာသိတော်မူသောကြောင့်၊ လောကဝိဒူ။ လောက ဝိဒူ မည်၏။

၆။ ဣတိပိ ဤသို့အတု မရှိသည်ဖြစ်၍ ယဉ်ကျေးသောလူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ ယဉ်ကျေးအောင် ဆုံးမ တော်မူတတ်သောကြောင့်၊ အနုတ္တရောပုရိသ ဓမ္မသာရထိ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ မည်တော်မူ၏။

၇။ ဣတိပိ– ဤသို့ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်း တို့အား ပစ္စုပ္ပန်၌ အကျိုးစီးပွား၊ တမလွန်၌ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်

အကျိုးတို့ဖြင့် ဟောကြားဆုံးမတော်မူသောကြောင့်၊ သတ္တာဒေဝ မနုဿာနံ၊ သတ္တာဒေဝ မနုဿာနံ မည်တော်မူ၏။

၈။ ဣတိပိ– ဤသို့သစ္စာလေးပါး မြတ်တရားကို အကြွင်းမရှိ သိတော်မူသောကြောင့်၊ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

၉။ ဣတိပိ– ဤသို့ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူ၍ ဘုံသုံးပါးမှ သက်ရှိ ပုဂ္ဂိုလ်အားလုံးတို့၏ လေးစား ပူဇော်ခြင်းကို ခံတော်မူ ထိုက်သောကြောင့် ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။ ။

## (၂) ဘုရားဂုဏ်တော်(၉)ပါး ပုတီးစိပ်ခြင်း၏ အကျိုးကျေးဇူးများ။

၁။ လာတ်ပေါများခြင်း၊ စီးပွားတိုးတက်ခြင်း။

၂။ အကြံဉာဏ်ပွင့်လင်းတိုးတက်ခြင်း။ ဉာဏ်ပညာကြီးထွားခြင်း။

၃။ အတတ်ပညာတိုးပွားခြင်း။

၄။ စကားပြိုင်ပြောရသည့်အခါ၌ မိမိကသာ အနိုင် ရရှိနိုင်ခြင်း။

၅။ ထင်ပေါ်ကျော်ဇောခြင်း၊

၆၊ လူထူးလူချွန်ဖြစ်နိုင်ခြင်း။

၇။ သူတပါးအပေါ် မိမိဩဇာအာဏာတည်နိုင်ခြင်း။

၈။ ဘုန်းကြီး၍ အသက်ရှည်ခြင်း။

၉။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍၊ ကပ်သုံးပါးမှ လွတ်ကင်းခြင်း၊ ရန်သူမျိုး ငါးပါးတို့မှ လွတ်ကင်းနိုင်ခြင်း စသည်တို့ ဒိဋ္ဌဓမ္မ ခံစားရနိုင်ပေသည်။

## (ခ) ဘုရားဂုဏ်တော်ကွန်ချာပုတီးစိပ်နည်း။

၁။ ။သောဘဂဝါ ဣတိပိအရဟံ၊အရဟံဝတသောဘဂဝါ၊ အရဟံ သရဏံ ဂစ္ဆာမိ၊ အရဟန္တံ သိရသာနမာမိ၊ ပဋ္ဌမောဇီရပါကရော၊ သောဘဂဝါ ဣတိပိ အရဟံ။

၂။ ။သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ၊ ဒုတိယော ဝဇိရပါကရော၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သောဘဂဝါ၊ ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ၊ ဝိဇ္ဇာစရဏ သမ္ပန္နံ သိရသာ နမာမိ။ တတိယော ဝဇိရပါကရော၊ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော။

၄။ ။သောဘဂဝါ ဣတိပိ သုဂတော၊ သုဂတော ဝတ သောဘဂဝါ သုဂတံ သရဏံ ဂစ္ဆာမိ၊ သုဂတံ သိရသာ နမာမိ၊ စတုတ္ထော ဝဇိရပါကာရော၊ သောဘဂဝါ ဣတိပိ သုဂတော။

၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ၊ လောကဝိဒူ ဝတ သောဘဂဝါ လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊ လောကဝိဒုံ သိရသာ နမာမိ ပဉ္စမော ဝဇိရပါကရော သောဘဂဝါ ဣပိ လောကဝိဒူ။

၆။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သောဘဂဝါ အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ။ အနုတ္တရံ ပုရိသဒမ္မသာရထိံ သိရသာ နမာမိ၊ ဆဋ္ဌမော ဝဇိရပါကရော သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ။

၇။ သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ ဝတ သောဘဂဝါ၊ သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊ သတ္ထာရံ ဒေဝမနုဿာနံ သိရသာ နမာမိ၊ သတ္တမော ဝဇိရပါကရော သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ။

၈။ ။သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ ဗုဒ္ဓေါ ဝတ သောဘဂဝါ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဗုဒ္ဓံ သိရသာ နမာမိ အဋ္ဌမော ဝဇိရပါကရော သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

၉။ ။သောဘဂဝါ ဣတိပိ ဘဂဝါ ဘဂဝါ ဝတ သောဘဂဝါ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဘဂဝန္တံ သိရသာ နမာမိ နဝမော ဝဇိရပါကရော၊ သောဘဂဝါ ဣတိပိ ဘဂဝါ၊ ။

ဤဂုဏ်တော်ကို သွားလာနေထိုင်ရာ အခါမလပ် ရွတ်ဖတ်ခြင်း၊ ပုတီး စိပ်ခြင်း ပြုနိုင်သူတို့အား ဘေးရန်အပေါင်းမှ ကင်းဝေး၍ လူချစ်လူခင် ပေါများပြီး၊ စီးပွားဥစ္စာတိုးတက်ပေမည်။ ရန်သူတို့ မိမိကို မကောင်းမကြံစည်နိုင်။

**မှတ်ချက်။** ။ဤဂုဏ်တော်များကို ပုတီးစိပ်သည့်အခါ အချို့က ဂုဏ်တော် တခုကို ပုတီးတလုံးချသည်၊ အချို့က တပုဒ်လုံး ရွတ်ပြီးမှ တလုံးချသည်။

တချို့မှာ စိတ်တည်ငြိမ်မှုရရန်၊ မျက်စိ မှိတ်ပြီး ဂုဏ်တော်ကို တောက်လျှောက် မြန်မြန်ရသလောက်ရွတ်၍ ပုတီးလုံးကလေးများကိုသာ အာရုံစိုက်ကာ အပါတ် ပြည့်အောင် အမြန်ဆုံး စိပ်သွားကြသည်။

လမ်းသွားရင်းလဲ စိပ်လို့ရွတ်လို့ ကူသို့ဖြစ်၍ အကျိုး ရှိပါသည်၊ ရွတ်ပါ။

စိတ်မပြန့်လွင့်အောင် စိပ်ခြင်းမှာ ပို၍ အကျိုးရှိသော်လည်း၊ လူတိုင်းအတွက် အမြဲတမ်း မဖြစ်နိုင်ပဲ၊ ဥပုဒ် သတင်း ဆောက်တည်၍ (၈) ရက်တခါ၊ သို့မဟုတ်၊ ညအိပ်ယာဝင် အိပ်ယာထ အိမ်ဘုရားစင်ရှေ့၌ ပြုလုပ် ပွားများ နိုင်ပါသည်။ အမြဲပြုလုပ်ပွားများပါလေ။ ။

မည်မျှ အကျိုး ရှိမရှိဆိုသည်မှာ နောက်ကိုယ်တွေ့ဖြစ် လာပါလိမ့်မည်။ ။

## ၈။ (၁) သမ္ဗုဒ္ဓေဂါထာတော် ပုတီးစိပ်နည်း ပါဠိ။

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊ ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။

၂။ အပ္ပကာ ပါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊ တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေဏ နမာမဟံ။

၃။ နမက္ကာရာ နုဘာဝေန၊ ဟိတွာသဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

### အနက်။

၁။ အဋ္ဌဝီသံ-- သုံးပါးဘဝ သုံးလောကတွင်၊ ညာဏ ရောင်ဖိတ် မအောင်ဘိသိပ်သူ နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေစ တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။ ဒွါဒသဉ္စ

သဟဿံကေ၊ နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျော်သည့် တသောင်း နှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေစ လရောင်ပမာ ညာဏ်ရောင်ဝါဖြင့် သစ္စာ ဝင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း။ ပဉ္စသတ သဟဿနိ၊ သောင်းထိုက်စကြာဝဠာ ဂုဏ်ဝါရောင်စိန်း ငါးသိန်းကုန်သော သမ္ဗုဒ္ဓေစ နေရောင်ပမာ ညာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိမ်တို့ကို လည်းကောင်း။ အဟံ— ခန္ဓာနာမ်ရုပ် ငါသမုတ်သည့် အကျွန်ုပ်သည်။ သိရသာ— ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ— ရှစ်ခိုးပါ၏ ဘုရား။

၂။ ဝါဠုကာ ဂင်္ဂါ— မြစ်ကြီးရော ဂင်္ဂါပတ်ကုံး ရှိရှိသမျှသော သဲလုံးတို့သည်၊ အပ္ပကာ— ရေတွက်ခြင်းကား မတတ်နိုင်ကုန်သော၊ နိဗ္ဗုတာ— ဒုက္ခခပ်သိမ်း ပြတ်ငြိမ်းလွတ်စင် ခေမာခွင်သို့ စံဝင်တော်မူကြကုန်သော၊ ဇိနာ— ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်တို့သည်၊ အနန္တာ— ပိုင်းခြားမရများပြားလှကုန်၏။ တေသံ— ထိုဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြ ကုန်ပြီးသော ဘုရားရှင်တို့၏၊ ဓမ္မဉ္စ— ကောင်းစွာ ဟောသော တရားတော်မြတ်တို့ကိုလည်းကောင်း၊ သံဃဉ္စ— တပည့်မှတ်သား တရားမွေ့လျော် သံဃာတော်မြတ်ကိုလည်းကောင်း။ အာဒရေန— ရိုသေ မြတ်နိုးလှစွာဖြင့်၊ အဟံ— အကျွန်ုပ်သည်၊ နမာမိ— ရှိခိုးပါ၏။

၃။ နမက္ကာရာနုပါဝေန— ဤသို့ ရှစ်ခိုးပူဇော် ဖူးမြော် မာန်လျော့ကန်တော့ရသော ပဏာမကုသိုလ်ကံ စေတနာတို့ကြောင့်၊ သဗ္ဗေ- ခပ်သိမ်းဥဿုံ အလုံးစုံ ကုန်သော၊ ဥပဒ္ဒဝေ— များလှစွာသော ဘေးရန် တို့သည်၊ ဟိတွာ— တွင်းပြင်မကျန် ပယ်လွင့်ပျောက်၍၊ အနေကအန္တရာယာပိ— များစွာသောင်းသောင်း အန္တရာယ်အပေါင်းတို့သည်လည်း၊ အသေသတော— အကျွင်းအကျန်မရှိ ယတိပြတ်သောအားဖြင့်၊ ဝိနဿန္တု— မနှောက် မယှက် ပျောက်ပျ[illegible]စကုန်သတည်း၊ ။

၂။ **သမ္ဗုဒ္ဓေဂါထာတော်၏သမိုင်း။**

ဤသမ္ဗုဒ္ဓေဂါထာတော်သည် (၅၁၂၀၂၈) ငါးသိန်း၊ တသောင်း၊ နှစ်ထောင်၊ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့နှင့် ထိုဘုရားရှင့်များဟောကြားခဲ့သော တရားတော်များ၊ တပည့်သံဃာတော်အပေါင်းတို့ကို တကြိမ်တည်း ရှိခိုးသော ဘုရားရှိခိုး ဂါထာတော်ကြီး ဖြစ်သည်။

ထိုသို့ (၅၁၂၀၂၈)ဆူကုန်သော ဘုရား၊ တရား၊ သံဃာများ ဖြစ်သည့် ရတနာသုံးပါးဖြစ်သော (သရဏဂုံသုံးပါး)တို့အား ပေါင်းရုံးရှိခိုး ပူဇော်ရသော ကောင်းမှုကြောင့်။ ဘေးရန် အန္တရာယ် ခပ်သိမ်း ကင်းပျောက်ရပါလို၏ဟု ဆုတောင်းသော ဂါထာတော်ကြီးဖြစ်ပေသည်။

ဘုရားရှိခိုးခြင်းဆိုသည်မှာ ဘုရား၏ဂုဏ်တော်အားလုံးကို အောင့်မေ့ပြီး။ ဘုရားသက်တော်ထင်ရှား ပုံတော်ကို စိတ်အာရုံထဲ၌ မြင်လာအောင် အာရုံပြုပြီးမှ ရှိခိုးခြင်းသည် ပို၍ကုသိုလ်ထူး၍ ထိရောက်လေသည်။ ဘုရားရှိခိုးခြင်းသည် ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းကြောင်း။ ပြီး— ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံ၏ဟု ဗုဒ္ဓကျမ်းများစွာတို့ဆို၏၊

မြတ်စွာဘုရားကိုယ်တိုင်က သံယုတ်ပါဠိတော် ဓဇဂ္ဂသုတ်၌၊ ကြောက်ရွံ့ ထိတ်လန့် ကြက်သီးမွေးညှင်းထလျှင်၊ ငါဘုရားရှင်၏ဂုဏ်တော်ကိုးပါးကို အောင့်မေ့ ပွားများပါ၊ သို့မဟုတ် တရားတော်၏ ဂုဏ်တော်များကို ပွားများပါ။ သံဃာတော်များ၏ ဂုဏ်တော်ကို ပွားများပါဟု ဟောကြားထားပေသည်။

ကြောက်ရွံ့ ထိတ်လန့် ဖြစ်ခြင်းဆိုသည်မှာ—

တဏှာ— စွဲလမ်းတပ်မက်မှု ကြောင့်ဖြစ်ရာ၊ မြတ်စွာဘုရားသခင်သည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာတည်းဟူသော ဘုံသုံးပါး(၃၁)ဘုံ၌ဖြစ်သော တဏှာအားလုံးကိုချုပ်ငြိမ်းအောင်မြင်ပြီးဖြစ်သဖြင့် ကြောက်ရွံ့စိုးရိမ်ထိတ်လန့်မှုဟူသည် မြူမှုန်မျှပင်မရှိတော့ချေ။ ထို့ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ ကြောက်ရွံ့စိုးရိမ် ထိတ်လန့်ပါက မြတ်စွာဘုရား၏ ဂုဏ်တော်များကို အောင့်မေ့ပွားများပါက ဘေးအန္တရာယ်ကင်းရှင်းပြီး ကြောက်စိတ်ကင်းသည်ဟု ဟောကြားတော်မူခဲ့၏။

ရှေး ဗုဒ္ဓ ဘာသာဝင် ရဟန်းပညာရှိ၊ လူပညာရှိ စာရေးဆရာအပေါင်းတို့သည် ကျမ်းဂန်စာတစ်ပုဒ် ပေစာတစ်ဖွဲ့ ရေးတော့မည်ဟု ဆိုလျှင် ရတနာသုံးပါးနှင့် မိဘဆရာဖြစ်သော (အနန္တာ အနန္တငါးပါး)ကိုအရင်ရှိခိုး ပူဇော် ကန်တော့ကြသည်။ ထိုသို့ရှိခိုးကန်တော့ကြသည့်အတွက် အနှောက် အရှက် အတားအဆီး အန္တရာယ်အားလုံး ပျောက်ကင်းပြီး၊ ကျက်သရေ မင်္ဂလာတိုး၍ ကျမ်းဂန်ကို အမြန်ဆုံး ပြီးစီးချောမောစွာ ရေးနိုင်သည်ဟုဆို

လေသည်။ ထို့ကြောင့် ရတနာသုံးပါး၏ ဂုဏ်တော်များကို ရှိခိုးရွတ်ဆိုခြင်းသည် အန္တရာယ်ကင်းကြောင်း ထင်ရှားလေသည်။

ဘုရားရှိခိုးခြင်းမှာ သုံးမျိုးရှိသည်။

၁။ ကာယဝန္ဒနာ — ထိုင်၍ ကိုယ်ခန္ဓာတခုလုံးဖြင့်ဝပ်တွားရှိခိုးခြင်း။

၂။ ဝစီဝန္ဒနာ — ရတနာသုံးပါး ဂုဏ်တော်များကို နုတ်မှအသံထွက် ရွတ်ဆို၍ ရှိခိုးခြင်း။

၃။ မနောဝန္ဒနာ — ရတနာသုံးပါးဂုဏ်တော်များကိုအသံမထွက် စိတ်ထဲ၌သာ အောင့်မေ့၍ ရှိခိုးခြင်း။

စသည်ဖြစ်ပါသည်။ ထို့ကြောင့် လူဘဦးသည် ဘေးအန္တရာယ်တခုခုနှင့်တွေ့ကြုံ၍ သမ္ဗုဒ္ဓေဂါထာကို စိတ်ထဲ၌ အောင့်မေ့ ရွတ်ဆိုနေခြင်းသည် (မနောဝန္ဒနာ)ဖြင့်ရှိခိုးပူဇော်နေခြင်းပါသည်။ ထိုသို့ ငါးသိန်းကျော်သော ဘုရားများနှင့် ၎င်းတရားတော် သံဃာတော်များကို ရှိခိုးခြင်းဖြစ်၍ ဘေးရန်ကင်းခြင်းဖြစ်ပါသည်။

## ၃။ သမ္ဗုဒ္ဓေဂါထာတော်၏ တန်ခိုး (အစွမ်း)။

သမ္ဗုဒ္ဓေဂါထာတော်ကို လူသုံး အလွန်များလျက် ရှိသည်။ အဘယ့်ကြောင့်ဆိုသော်— ယနေ့ ဂေါတမမြတ်စွာဘုရားအပါအဝင် ရှေးရှေးတုံးက ပွင့်ကြပြီးဖြစ်ကြသော ဂင်္ဂါမြစ်၏ သဲစုမက မရေ မတွက်နိုင်သော ဘုရား၊ တရား၊ သံဃာ အားလုံးတို့ကိုပေါင်းရုံး၍ ရှိခိုးထားခြင်းဖြစ်သဖြင့် အလွန်တန်ခိုးကြီး အစွမ်းထက်ခြင်း ဖြစ်လေသည်။

### ဓားပြများ လက်လျော့ရခြင်း။

တခါတွင် ပဲခူးနယ်ဘက်မှ ရွာတရွာတွင် အစွန်ဆုံးအိမ်တလုံးကိုဓားပြတိုက်ရန်ကြံစည်ကြ၏။ ထိုအိမ်မှာ နှစ်ထပ်အိမ်ဖြစ်ပြီး လူများများမရှိ၊ လင်တ

ခုမယားတခု၊ သားငယ်လေး တယောက် ပေါင်း (၃) ယောက်သာ ရှိသည်။

ထိုအိမ်ရှင်မမှာ ညအိမ်ယာဝင်ခါနီး အမြဲဘုရားရှိခိုးပြီး သမ္ဗုဒ္ဓေဂါထာကို လေးငါးဆယ်ခေါက်မျှ ရွတ်လေ့ရှိသည်ဆို၏။ ခားပြတစုမှာလည်း ထိုအိမ်တိုက်ရန် ညစဉ်ချောင်းနေသည်ဆို၏။

ထိုအိမ်သည် ခားပြများတိုက်ရန် လာချောင်းတိုင်း ညဥ့်နက်သန်းခေါင်ကြီး၌ပင် မီးအိမ်များထိန်လင်းလျက် ဧည့်သည်ယောကျ်ား လူအများနှင့် စကားစမည် ပြောနေကြသည်ကို အမြဲတွေ့ရသည်ဆို၏။

ထိုအခါ ခားပြများမှာ ညစဉ်မည်မျှ ညဥ့်နက်အောင်စောင့်သည့်တိုင်အောင် လူများမအိပ်ကြသည့်ပြင် ဧည့်သည်များ ပြည့်ကျပ်နေသည်ကိုတွေ့ရသဖြင့် ခားပြမတိုက်ဖြစ်တော့ပဲ လက်လျှော့လိုက်ရတော့သည် ဆို၏။

ထိုအကြောင်းကို ၎င်းခားပြဂိုဏ်းသားတဦးက စေတနာသက်ပြီး အိမ်ရှင်အား အကြောင်းစုံပြောပြသည်ဆို၏။ ဤအခါတွင် အိမ်ရှင်မှာ အလွန်ပင် အံ့ဩသွားလေသည်။

အဘယ့်ကြောင့်ဆိုသော် သူ့အိမ်တွင် ထိုညများက မည်သည့် ဧည့်သည်မှ ရှိသည်မဟုတ်ကြပဲ၊ ၎င်းမိသားစု (၃)ဦးထဲ ရှိနေလေသည်။ ထိုမှမိမိ၏ ကောင်းမှုများကို ပြန်စဉ်းစားသည့်အခါသမ္ဗုဒ္ဓေဂါထာကိုအမြဲတမ်းရွတ်အိပ်သည့် အကျိုးရှိပြီး အထူးအားထား နှစ်သိပ် သွားကြသည်ဆို၏။ ။

## လူသတ်မည့် အကြံပေါ်ခြင်း။

တောမြို့လေးတခုတွင် မုဆိုးမဈေးသည်တဦးအား ၎င်းဈေးကိုသွားပြီး၊ ပြန်လမ်း၌ လိုက်သတ်ရန် ကြံစည်ကြသည်ဆို၏။

ထိုအကြံပြုပြီးနောက် ၎င်းမုဆိုးမဈေးသည် သွားရာနောက်က လူသုံးအလစ်ကို အမြဲလိုက်ချောင်းကြသည်ဆို၏။ သို့သော်လည်း ၎င်းတို့ချောင်းသည့်အခါ ထိုမိန်းမမှာ ယောကျ်ားအဖော်တဦး၊ သို့မဟုတ် နှစ်ဦးတို့သည် ၎င်းသွားရာ၌ အမြဲလိုက်ပါနေသည်ကို တွေ့ကြရသည်ဆို၏။

ထိုသို့ချောင်း၍ နေ့ရက်များကြာလာသည့်အခါ သူသတ်သမားတဦးက စိတ်ပျက်လာသည်ကတကြောင်း၊ နောက်ဇင်းမိန်းမကိုသနားလာသဖြင့် သူကိုယ်တိုင်သတ်မည့် အကြံအစည်ကို ပြောပြသည်ဆို၏။

ထိုအခါမိန်းမမှာ အမြဲတဦးတည်း သွားလာနေပြီးအဖော်တဦးမှမပါကြောင်း၊ သူခရီးသွားသည့်အခါ အမြဲသမ္ဗုဒ္ဓေဂါထာကို ရွတ်သွားလေ့ရှိကြောင်းပြောပြပြီး၊ အံ့သြထူးဆန်းစွာဖြင့် နှစ်ဦးစလုံး သမ္ဗုဒ္ဓေ ဂါထာကိုအလွန်ကြည်ညိုလေးစားသွားကြသည်ဆို၏။ ။

သ။ သရဏဂုံ(၃)ပါးပုတီးစိပ်နည်း။

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။

၎င်းသရဏဂုံသုံးပါးကို ပုတီးတလုံးစီ စိပ်ခြင်းဖြစ်သည်။ ၎င်း သရဏဂုံသုံးပါးသည် (၃၁)ဘုံ၌ တုနှိုင်းစရာမရှိ၍(အမြတ်သုံးတန်)ဖြစ်၏။

ထို့ကြောင့် (သရဏဂုံသုံးပါး)ကို မြဲမြံစွာ ပုတီးစိပ် ပွားများသူများ၌ အမြင်ပေါက်သည်ဆို၏။ အမြင်ပေါက်သည်ဆိုရာ၌ လူ တဦး တယောက်၏ အကြောင်းကို မျက်စိမှိတ်၍ စဉ်းစားလိုက်ပါက၊ ထိုသူသည်ရှေ့ဘာဖြစ်တော့မည်ဆိုသည်ကို စိတ်အာရုံတွင်း၌ ထင်ရှားစွာတွေ့ရခြင်းပင်ဖြစ်သည်။

င။ (၁) အဝေစ္စပသာဒ၊သရဏဂုံ ကြီး (၃၀)ပုတီးစိပ်နည်း။

၎င်းပုတီးစိပ်နည်းမှာ အလွန်စွမ်းလေသည်။ မဟာဂန္ဓာရုံ အတတ်တွင် ထိပ်ဆုံးမှ ပါဝင်သော ပုတီးစိပ်နည်းဖြစ်၏။

သာမ၊ ယဇု၊ ဣရု၊ အာထဗ္ဗဏစသည့် ဗေဒင်လေးပုံတွင်၊ အာထဗ္ဗဏ ဗေဒင်အတတ်ဖြစ်သော၊ သေသူ၏အရိုးကိုခေါက်၍ နားထောင် ကြည့်လျှင်၊ ၎င်းသူသည် ဘယ်ဘဝတိုင်ရောက်နေကြောင်း သိသောအတတ်ကဲ့သို့။ အမြင်ပေါက် သိနိုင်သည့်ကိုယ်တွေ့ ပုတီးစိပ်နည်းပင်ဖြစ်သည်ဆို၏။

## သရဏဂုံ (၃၀)

၁။ ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ ဓမ္မံ သရဏံဂစ္ဆာမိ။
ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ ဇီဝိတ၊ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇီဝိတပရိ ယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၄။ ယာဝဇီဝံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။

၅။ မရဏပရိယန္တံဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ မရဏံ ကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏံ လာကပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏံ ကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

၇။ အရဟတ္တမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ပစ္ဆာမိ။
အရဟတ္တမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂပရိယန္တံ သံဃံ သရဏံဂစ္ဆာမိ။

၈။ အရဟတ္တ မဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ပစ္ဆာမိ။
အရဟတ္တ မဂ္ဂကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၉။ နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၀။ နိဗ္ဗာနကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(ငင်းအနက်)။

(၁) ဇာတိပရိယန္တံ–ပဋိသန္ဓေဆုံး ညည့်တိုင်အောင်။ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–မှီဝဲ ဆည်းကပ်ပါ၏။

ဓမ္မံ– တရားတော်မြတ်ကို၊ ငင်းအတိုင်း။

သံဃံ– သံဃာတော်မြတ်ကို၊ ငင်းအတိုင်း။

၂။ ဘောဂပရိယန္တံ– စည်းစိမ်ဥစ္စာ ဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်ပါ၏။

ဓမ္မံ– တရားတော်မြတ်ကို၊ ငင်းအတိုင်း။
သံဃံ– သံဃာတော်မြတ်ကို၊ ငင်းအတိုင်း။

၃။ ဇီဝိတ ပရိယန္တံ– အသက်ထက်ဆုံး၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ မှီဝဲ ဆည်းကပ်ပါ၏။

ဓမ္မံ– ငင်းအတိုင်း။

သံဃံ– ငင်းအတိုင်း။

၄။ ယာဝဇီဝံ– အသက်ဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်ပါ၏။
ဓမ္မံ– ငင်းအတိုင်း။

သံဃံ– ငင်းအတိုင်း။

၅။ မရဏပရိယန္တံ– သေခါနီးတိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်ပါ၏။
ဓမ္မံ– ငင်းအတိုင်း။

သံဃံ– ငင်းအတိုင်း။

၆။ မဂ္ဂကာလပရိယန္တံ – သေသည့်ကာလတိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်ပါ၏။

ဒုတိယမ္ပိ– ၎င်းအတိုင်း။

တတိယမ္ပိ– ၎င်းအတိုင်း။

၇။ အရဟတ္တမဂ္ဂပရိယန္တံ – အရဟတ္တ မဂ်ရသည့်တိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်ပါ၏။

ဒုတိယမ္ပိ– ၎င်းအတိုင်း။

တတိယမ္ပိ– ၎င်းအတိုင်း။

၈။ အရဟတ္တမဂ္ဂကာလ ပရိယန္တံ– အရဟတ္တ ဖိုလ်ရသည့်တိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်ပါ၏။

ဒုတိယမ္ပိ– ၎င်းအတိုင်း။

တတိယမ္ပိ– ၎င်းအတိုင်း။

၉။ နိဗ္ဗာနပရိယန္တံ – ပရိနိဗ္ဗာန် ဝင်စံကာနီးတိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်ပါ၏။

ဒုတိယမ္ပိ– ၎င်းအတိုင်း။

တတိယမ္ပိ– ၎င်းအတိုင်း။

၁၀။ နိဗ္ဗာနကာလပရိယန္တံ– ပရိနိဗ္ဗာန် ဝင်စံသည့် တိုင်အောင်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်ပါ၏။

ဒုတိယမ္ပိ– ၎င်းအတိုင်း။

တတိယမ္ပိ– ၎င်းအတိုင်း။

ဤတွင်၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ၊ သုံးကြိမ်နှင့် ဆယ်ခါမြှောက်လျှင် သရဏဂုဏ် (၃၀)ဖြစ်သည်။

## ၂။ အဝေဠုပဿာဒသရဏဂုဏ်(၃၀)၏ တန်ခိုးသိဒ္ဓိ(အစွမ်း)။

အထက်မြန်မာပြည် မုံရွာ၊ ဖိုးဝင်းတောင်ကြောကြီး၏ အလည်၌ တည်ရှိသော (အလောင်းတော် ကဿပ)သည် မြတ်စွာဘုရား လက်ထက်က ဓုတင်တေရသဆောင်သော အရှင်မဟာ ကဿပကြီး မဟုတ်။ အင်းဝပြည်ကြီး ကောင်းစားစဉ်က နာမည်ကျော်ကြားသော ပေါင်းလောင်းရှင်ကဿပ သာဖြစ်သည်။

အင်းဝနေပြည်တော်တွင် ပေါင်းလောင်း ရှင်ကဿပသည် ငယ်စဉ် အခါကပင် သူ၏မယ်ဘော်မှာ အနိစ္စရောက်သွားသဖြင့် သာမဏေ (ကိုရင်) ဘဝနှင့်နေစဉ်၊ တနေ့တွင် အခြား ကိုရင် အဖော်များနှင့် လယ်ကွင်း ထဲသို့ အလည်သွားကြ၏။

လယ်ကွင်းထဲအရောက်တွင် (နွားမကြီး) တကောင်မှာ ရှင်ကဿပ နောက်သို့ တကောက်ကောက်လိုက်နေတော့၏။ ရှင်ကဿပသည် နွားမကြီး ကို သူ့နောက်သို့ မလိုက်ရန် အကြိမ်ကြိမ် မောင်းသော်လည်း မရပဲ လိုက်မြဲ လိုက်နေသည်ဆို၏၊

အဖော်ပါလာသော ကိုရင်တပါးမှာ လောကီ( (ဂန္ဓာရီ)အဘတ်ကို လိုက်စားသူ တဦးဖြစ်၍ ထိုအခါ ရှင်ကဿပကို—

> "ကိုယ်ရင်ကဿပ၊ သင့်နောက်သို့ တကောက်ကောက် လိုက်နေသော ဤနွားမကြီးမှာ အခြားမဟုတ်၊ သင်ငယ်စဉ် အခါက သေဆုံးသွားသော သင်၏မိခင်အရင်း ဖြစ်ပေသည်။ သင့်ကိုချစ်ခင်စွဲလမ်းသော ဥပါဒါန်ကြောင့် ယခုနွားဘဝ၌ လာ၍ဖြစ်နေရရှာသည်။ ကောင်းမွန်စွာ စောင့်ရှောက်မွေး မြူထားပါဟုဆို၏"။

ထိုအခါ ရှင်ကဿပက မယုံကြည်သဖြင့်၊ သင်ပေါ့လျှင် ကျွန်ုပ် အား ထုတ်နေသော လမ်းစဉ်အတိုင်း လိုက်လုပ်ကျင့်ကြံပါက၊ သင့်၏ မယ်ကော်၏ ဘဝကို မြင်လာပါလိမ့်မည်ဟု ပြောကာသည်။

သို့အတွက် ရှင်ကဿပလည်း မိဘ်ဆွေကိုရင် ပြောသည့်အတိုင်း ကျင့်သဖြင့် သူ့မယ်တော်၏ဘဝစုံဖြစ်စဉ်ကို သိရလေရာ ကောင်းစွာယုံကြည်သွားတော့၏။

ဤသို့ အမြင်ပေါက်ပြီးချိန်ကစ၍ (ပေါင်းလောင်း ရှင်ကဿပ)မှာ လူသိများပြီး နာမည်ကြီးလာတော့သည်။

တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး နတ်များနှင့် အစိမ်းသရဲ၊ ဘီလူးများသည် (ပေါင်းလောင်း ရှင်ကဿပ)ကို အထူးချစ်ခင်လေးစားကြသည်ဆို၏။

ဖိုးဝင်းတောင် တောကြီး၏ အလယ်ခေါင် လိုဏ်ဂူအတွင်း၌ ရှိသော (ပေါင်းလောင်းရှင် အလောင်းတော် ရှင်ကဿပ)ကိုလည်း လူသာမန်တို့ မျက်ဝါးထင်ထင် မဖူးမြင်နိုင်ကြဟုဆို၏။

## ၁။ ဂြိုဟ်(၈)ရှစ်ခွင် မေတ္တာပို့ ပုတီးစိပ်နည်းနှင့် အကျိုး။

အရပ်ရှစ်မျက်နှာတွင် မိမိမွေးနံ ဒေါင့်အရပ်ကို မျက်နှာမူ၍ နဝင်းကြေ ပုတီး (၁၀၈)လုံးဖြင့်၊ အောက်ပါတို့ကို တပုဒ်လျှင် တလုံးစိပ်၍ အနက်တချိုးကို ပုတီး တရင်းကြေ (၃)ပတ် ပြီးအောင် စိပ်ပါ။ တနင်္ဂနွေနေ့တွင် တနင်္ဂနွေဒေါင့်။ တနင်္လာနေ့တွင် တနင်္လာဒေါင့် စသဖြင့် သူ့နေ့ သူ့ဒေါင့်၌ ရှစ်(၈)ရက်တိတိ၊ မိမိမွေးနေ့၊ မွေးနံဒေါင့်ကစ၍ စိပ်ရပေမည်။ ဂါထာမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ တနင်္ဂနွေ — သဗ္ဗေ ဗုဒ္ဓါ (ဣဋ္ဌ°) ပတ္တာ၊ ပစ္စေကာ
နဉ္စယံ(ဣဋ္ဌံ) အရဟန္တာနဉ္စ၊ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

| | | | | | |
|---|---|---|---|---|---|
| ၂။ တနင်္လာ | — | ။ | (ခေမ) | ။ | (ခေမံ)။ |
| ၃။ အင်္ဂါ | — | ။ | (ဇိန) | ။ | (ဇိနံ)။ |
| ၄။ ဗုဒ္ဓဟူး | — | ။ | (လာဘ) | ။ | (လာဘံ)။ |
| ၅။ ကြာသပတေး | — | ။ | (ဗလ) | ။ | (ဗလံ)။ |

၆။ သောကြာ — ။ (သိရိ) ။ (သိရိံ)။

၇။ စနေ — ၊ (တောဇ) ။ (တောဇံ)။

၈။ ရာဟု — ။ (ယဿ) ။ (ယဿံ)၊

ရှစ်နေ့စလုံး (ကွင်းအကွင်း)စာမှတပါး အခြားစာများမှာ အားလုံး နံပါတ်(၁)အတိုင်းဖြစ်သည်၊

(ဂ) ရက်အမိဋ္ဌာန်ဇစေ့သွားပါ ၊ ဂြိုဟ်မင်းများကို မေတ္တာပို့ခြင်းဖြစ်၍ ရန်အန္တရာယ်များ ကင်းပြီး၊ စိတ်ဓါတ်ကြည်လင်ခြင်း၊ စိတ်ချမ်းသာမှုရခြင်း၊ ဝမ်းမြောက်ရွှင်ပြခြင်း၊ မိမိဋ္ဌတွေ့နေရသော အခက်အခဲမှန်သမျှချောမော၍၊ ရည်မှန်းချက်များကို သိသိသာသာကြီး အောင်မြင်မှုရသည်ဟု အဆိုရှိကြပါသည်။

ထို့အပြင် အချို့မှာလည်း ဤဂြိုဟ်နံပြေ ပုတီးစိပ်ခြင်းကို ဂြိုဟ်သက်အလိုက် မိမိမွေးနံကစ၍ စိပ်ကြပါသည်၊ ဂြိုဟ်သက်မှာ အောက်ပါအတိုင်းဖြစ်၏။ တနှစ်တပါတ်ဖြင့် တရက်စီစိပ်သည်။

၁။ တနင်္ဂနွေဃဋ္ဌ၊ အရှေ့ပြောက်ကြနေတုံခြောက်(၆)နှစ်မျှ။

၂။ တနင်းလာကျား၊ (၁၅)ဘဆယ့်ငါးနေငြား အရှေ့အရပ်က။

၃၊ အင်္ဂါခြင်္သေ့၊ အရှေ့တောင်မျှေ့ မစွေးရှစ်(၈)နှစ်မျှ။

၄။ ဗုဒ္ဓဟူးဆင်၊ တောင်ရပ်ဝင် နေပျင်သတ္တရသ(၁၇)နှစ်။

၅။ အနောက်တောင်စနေ၊ နဂါးမွေ၊ နေလေ(၁၀)ဆယ်နှစ်မျှ။

၆။ ကြာသာပတေးကြွက်၊ တဆယ့်ကိုး (၁၉) သက်၊ နေလျက်[illegible]မှ၊

၇။ ရာဟုဟိုင်းဆို အနောက်မြောက်ပို၊ ရေးလို့ပါဒသ(၁၂)။

၈၊ သောကြာမှာပူး၊ မြောက်[illegible] အရှူ နှစ်ဆယ့်တစ်(၂၁)၊ ။

## (၂) အနောဝိသမ္မေတ္တာ(၅)ပါ။

လူ၊ နတ်၊ ပြိတ္တာ၊ [illegible] အားလုံးကို ပို့သည့် မေတ္တာဖြစ်၏။

ဤမေတ္တာပို့ကို ဂြိုဟ်ရှစ်ခွင် မေတ္တာပို့အဖြစ် ကိုးနဝင်းပုတီး (၁၀၈) နှင့် တနေ့သုံးပါတ်စိပ်ရလည်း အလွန်ကောင်းပါသည်။

စိပ်နည်းမှာ အထက်ပါအတိုင်း သုနေ့နှင့်သူ တရက်စီစိပ်ပါ။

၁။ သဗ္ဗေသတ္တာ—သတ္တဝါအားလုံး။

၂။ သဗ္ဗေပါဏာ—သက်ရှိအားလုံး။

၃။ သဗ္ဗေဘူတာ—ဖြစ်နေသူအားလုံး။

၄။ သဗ္ဗေပုဂ္ဂလာ—ပုဂ္ဂိုလ်အားလုံး။

၅။ သဗ္ဗေအတ္တဘာဝ

ပရိယာပန္နာ—အတ္တဘော၌ အကျုံးဝင်သူအားလုံး။

အဝေရာဟောန္တု—ရန်မရှိကြပါစေနှင့်။

အဗျာပဇ္ဈာဟောန္တု—စိုးရိမ်ကြောင့်ကြခြင်း ကင်းကြပါစေ။

အာနိဃာဟောန္တု—ညှင်းဆဲ ဆင်းရဲအပေါင်းမှ ကင်းဝေးကြပါစေ။

သုခီအတ္တာနံပရိဟရန္တု—

ချမ်းသာကိုယ်စိတ် မြဲကြပါစေသတည်း။ ။

## ဆ။ အနန္တေ့ာအနန္တ (၅) ပါးပုတီးစိပ်၊

ဤအနန္တော အနန္တငါးပါးကို ပူဇော်ခြင်းဖြင့်လည်း ဂြိုဟ်ခွင် ပုတီးစိပ်ကြပါသည်၊ ဤစိပ်နည်းမှာလည်း ပွဲတွေ့သမားများ၏ ပြောပြချက်အရ အလွန်ကုသိုလ်ဖြစ်ပြီး၊ တွေ့ကြုံနေရသော အခက်အခဲမှန်သမျှလည်း မမြော်လင့်ဟာင့်တပဲနှင့် သူ့အလိုလိုကျော်လွှားရ၍အောင်မြင်မှု ရသွားနိုင်သည်ဆို၏။ ပါ။

ပဥ္စဂုဏံ— ဘုရား၊ တရား၊ သံဃာ၊
အမိအဘနှင့် ဆရာသမားတို့အား—

အဟံ ဝန္ဒာမိ—ရှိခိုးဆီးကပ်ပါ၏၊

ပေါင်း၍ (ပဥ္စဂုဏ် အပ ၀န္ဒာမိ)ကို ပုတီးတလုံးချ၍ အထက်ပါနည်း အတိုင်း ကြိုက်သလိုစိပ်ပါ။ သို့မဟုတ်လမ်းသွားရင်းတတ်နိုင်သလောက်ရွတ် ပါ။ ဘေးအန္တရာယ်များကင်းသည်မှာ အမှန်ပင်ဖြစ်ပါသည်။ရန်သူများလည်း မကောင်းမကြံစည်နိုင်ပါ။

**မှတ်ချက်။** ။ ဤအနန္တော အနန္တငါး (၅)ပါးကို ပြစ်မှား ကြူးလွန်းထား သောသူများသည်၊ မည်သို့သော တရားဘာ၀နာနှင့်အလှူဒါ နကုသိုလ်ကောင်းမှုပြုစေကာမူ၊ အကျိုးမရနိုင်ပဲ၊ အပါယ်ငရဲမှ လည်း မလွတ်နိုင်သည့်အပြင်၊ ဘုရားလက်ထက်တော်၌ ချက် ခြင်းမြေမြို ခံရကြောင်းကို ဤစာအုပ်ရှေ့ပိုင်းတွင် ပြခဲ့ပြီးဖြစ် ပါသည်။

## ၈။ (၁)။ ရက္ခန်းစင်တော်ဆရာတော် ပုတီးစိပ်နည်း။

ဤပုတီးစိပ်နည်းသည် အောက်ပါအကြောင်းကို၊(၁၀၈)လုံး ပုတီးဖြင့် တနေ့(၄၉)ပါတ်ဖြင့် (၇)ရက်စီ အသီးသီး(၇)မျိုးအထိပြီးအောင် စိပ်ရပါ မည်၊

ဤနည်းကိုစိပ်၍ရက်(၂၀)လောက်ရသည့်အခါ၌ အိပ်မက်ဖြင့်ရဟန်း ပုဂ္ဂိုလ် တဦးဦးနှင့် တွေ့ရပါလိမ့်မည်။ထိုအခါ၌ ပုဂ္ဂိုလ်မှာသင့်ပုတီးစိပ်ခြင်းနှင့် (၄၉)ရက်ပြီးမြောက်အောင်မြင်သွားပါက သင့်အားကူညီမည့် ပုဂ္ဂိုလ်သာ ဖြစ်သည်၊ သို့အတွက် ထိုသို့ရဟန်း တွေ့ရပါက ၀မ်းသာပါ၊ အကျိုး ရှိမည် ဖြစ်ကြောင်း အုတ်ကျင်းမှ ဗေဒင်ဆရာကြီး (၀ိဇ္ဇာဗလ၏) ကိုယ်တွေ့ဖြစ်သည် ဆို၏။

ဂါထာမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ဣအဒွေ့ဒါပ္ပ၀ိရိယသန် – ပုတီးတလုံးချ၊ တနေ့(၄၉)ပါတ်(၇) ရက် စိပ်။

| | | | |
|---|---|---|---|
| ၂။ တိရ၀ိန္ဒော့ဗုသတ္တာဗု | ။ | ၎င်း | ။ |
| ၃။ ပိဟ ဇာသုအခ ဒေဒ္ဓေါ | ။ | ၎င်း | ။ |
| ၄။ သောသစဂနူမ္မ၀ဘာ | ။ | ၎င်း | ။ |

၅။ ဘမ္မာရတောတတ္တသာမဂ္ဂ ။ ငင်း ။

၆။ ဂသဏသောရောရန္နဝါ ။ ငင်း ။

၇။ ဝါဗုသာကပုတ္တိသာတိ ။ ငင်း ။

ဤဂါထာသည်ဂုဏ်တော်(၉)ကိုးပါးကို လှည့်ထားသော ပုတီး စိပ်နည်းတမျိုးပင်ဖြစ်၍ကောင်းသည်။ ကျွန်ုပ်ကိုယ်တိုင်လည်းရဟာမ်းပုဂ္ဂိုလ် တဦး နှင့်တွေ့ရဘူး၏။

**၈၂။ ရန်ကုန်ကမာရွတ်သဘောဓတော ဦးအိန္ဒ၏ ပုတီးစိပ်နည်း။**

၁။ ပြောင်းနမောဗုဒ္ဓါယ၊ သောဘဂဝါ၊ ဣတိပိ–အရဟံ။

၂။ ။ ငင်း ။ သမ္မါသမ္ဗုဒ္ဓေါ။

၃။ ။ ငင်း ။ ဝိဇ္ဇာစရဏ သမ္ပန္နော။

၄။ ။ ငင်း ။ သုဂတော။

၅။ ၊ ငင်း ။ လောကဝိဒူ။

၆။ ။ ငင်း ။ အနုတ္တရော ပုရိသ။

၇။ ။ ငင်း ။ သတ္တာ ဒေဝမ နုဿာနံ။

၈။ ။ ငင်း ။ ဗုဒ္ဓေါ။

၉။ ။ ငင်း ။ ဘဂဝါ။

ဤသည်မှာလည်း ဂုဏ်တော်ပုတီးစိပ်တမျိုးပင်ဖြစ်သည်။ ငင်းစိပ်နည်းမှာ–

အထက်ပါ စာတကြောင်းကို ပုတီး တလုံးချပြီး၊ တနေ့ကို(၉)ကိုးပါတ် စိပ်၍ (၉)ကိုးရက်ပြည့်အောင် ဆက်တိုက်စိပ်ရမည်။ ၉×၉(၈၁) ပါတ်စိပ် ပြီးဖြစ်သည်။

၁။ ထို–၉ ရက်–၈၁-ပါတ်တဂဏ္ဍခေါ်သည်။

၂၊ ထို–၈၁ ပါတ်ကို ၉–ကြိမ်–(၈၁×၉)–၇၂၉–ပါတ်။

၃။ ထို–၈၁×၉–ကြိမ်–၇၂၉–ပါတ်ကို တ၀ါခေါ်သည်။

၄။ ထို–၇၂၉–ပါတ်ကို–၉–ကြိမ် (၇၂၉×၉) ပြည့်အောင်စိပ်လျှင် (၉)ဝါဖြစ်သည်။

(၁၀၈)လုံး ပုတီးဖြင့် ထို(၉)ဝါမြောက်အောင် စိပ်နိုင်လျှင် အကျိုးရှိအောင်မြင်မည်ဟုဆိုသည်။

သို့သော် အားလုံးပြည့်အောင်မစိပ်နိုင်သေးသည့်တိုင်အောင် (တဝါပြီးလျှင်) တဝါစိပ်ထားသလောက်အတော်ခရီးပေါက်အောင်မြင်မှုရနိုင်သည်ဆို၏။ ဤသို့ခံစားရမှုမှာ ထိုသဘောတော ဆရာတော်၏ ကိုယ်တွေ့ဖြစ်သည်ဆို၏။

စိတ်ဝင်စားကစိပ်ကြည့်ပါ၊ အကျိုးများမည်ထင်ပါသည်။ ဤပုတီးစိပ်နည်းကို အုတ်ကျင်းမှ ဗေဒင်ဆရာကြီး(ဝိဇ္ဇာဗလ)ကဟဆင့်ညွှန်းခြင်းဖြစ်ပါသည်။

သင့်တော်သည့် နေရာ၌စိပ်ပါ။ ။

## ၈၂။ သစ္စာလေးပါး တရားဥာဏ်စဉ်ပုတီးစိပ်။

၁။ စက္ခုံဥဒပါဒိ –မြင်တတ်သောပညာမျက်စိ။

၂။ ဥာဏံဥဒပါဒိ –သိသောဥာဏ်။

၃။ ပညာဥဒပါဒိ –ပိုင်းခြားသိသောပညာ။

၄။ ဝိဇ္ဇာဥဒပါဒိ –ထိုးထွင်းသိသောဝိဇ္ဇာ။

၅။ အလောကော ဥဒပါဒိ –မောဟ အမှောင်ကို ဖျက်ဆီးတတ်သော ပညာအလင်းရောင်။

အထက်ပါ စာတကြောင်းကိုပုတီးတလုံးချ၊ (၁၀၈)လုံး ပုတီးဖြင့် တနေ့သုံးကြိမ်ပြီးအောင်၊ မိမိတတ်နိုင်သလောက် စိပ် [illegible] ပညာအတွေးအခေါ်များအလွှန်ပွင့်လင်းသည်ဆို၏၊ စိပ်ပါ။

အကယ်၍ အဓိဋ္ဌာန်ဖြင့် မစိပ်နိုင်သည်တိုင်အောင်တတ်နိုင်သလောက် စိတ်မှာ အနည်းဆုံး(၂၀)လောက်ရွတ်ပေးပါ၊ အကျိုးရှိပါမည်။ ။

**မှတ်ချက်။** ။ မည်သည့် ပုတီးစိပ်နည်းဖြင့် စိပ်စေကာမူ၊ ပုတီးမစိပ်မီ သရဏဂုံ သုံးပါးကို အနည်းဆုံးသုံးကြိမ်ရွတ်ပြီးမှ စိပ်ပါ။ တတ်နိုင်၍ ငါးပါးသီလခံပြီးမှ စိပ်လျှင် ပိုအရာရောက်ပါသည်၊ ။

**ည။ အနုဿတိဆယ်ပါး ပုတီးစိပ်နည်း။**

၁။ ဗုဒ္ဓါနုဿတိ —မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်များကို စီးဖြန်းဆောက်တည်ပါ၏။

၂။ ဓမ္မာနုဿတိ —တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော်များကိုစီးဖြန်းဆောက်တည်ပါ၏။

၃။ သံဃာနုဿတိ —သံဃာတော် မြတ်တို့၏ ဂုဏ်ကျေးဇူးကို စီးဖြန်းဆောက်တည်ပါ၏။

၄။ သီလာနုဿတိ —သုံးပါးသရဏဂုံ၊ ငါးစုံသီလ၊ အဋ္ဌဥပုသ်တို့ကိုအမြဲစီးဖြန်းဆောက်တည်ပါ၏။

၅။ ဒေဝတာနုဿတိ—ရှစ်ပါးသံဃာ အရိယာများကို အလှူ ဒါနအားဖြင့် အမြဲမကွာ ချီးမြှင့်ဆောက်တည်ပါ၏။

၆။ ဒေဝတာနုဿတိ—ကျွန်ုပ်၏ အလှူဒါနများကို နတ်အပေါင်းတို့ သိစိမ့်သောငှာ၊ အာရုံပြု၍အမျှပေးဝေအမြဲဆောက်တည်ပါ၏။

၇။ ဥပသမာနုဿတိ—ချမ်းသာစင်စစ် နိဗ္ဗာန်အဆင့်သို့ရောက်လိုသဖြင့်အမြဲအောင်မေ့ စီးဖြန်းဆောက်တည်ပါ၏။

၈။ မရဏာနုဿတိ— မရဏကင်း သေခြင်းတရား မရှိသော ပြည်နိဗ္ဗာန်သို့ရောက်လိုသဖြင့် လုံ့လပြုကာ အမြဲ စီးဖြန်းအောင့်မေ့ ဆောက်တည်ပါ၏။

၉။ ကာယဂတာနုဿတိ —ဤရုပ်ခန္ဓာဆင်းရဲခြင်း အပေါင်းမှ လွတ်ကင်းရာ ပြည်နိဗ္ဗာန်ကိုရောက်လိုသဖြင့် လုံ့လပြုကာ အမြဲစီးဖြန်း ဆောက်တည်ပါ၏။

၁၀။ အာနာပါဏာနုဿတိ—ဤခန္ဓာရုပ် ဖြစ်ပြန်၊ ပျက်ပြန် အနိစ္စဒါန် မခံနိုင်၍ ဇာတိဘာ၊ မရဏာမရှိ နိဗ္ဗာန် ဆီသို့ ရောက်လိုကြောင်းဖြင့် တောင့်တ၍အမြဲစီးဖြန်း ဆောက်တည်ပါ၏။

**မှတ်ချက်။** ။ ဤပုတီးစိပ်နည်းအပေါင်းမှာ လူကြီးများအတွက်သာ မဟုတ်၊ လူငယ်စာဖတ်နိုင်သည့်အရွယ်ကစ၍ အသုံးပြုနိုင်သည့် ပုတီးစိပ်။ ရွတ်ဖတ်နိုင်သည့်ဂါထာများဖြစ်ပေသည်။

ဤပုတီးစိပ်နည်းများသည် လောကုတ္တရာ-တမလွန်အကျိုးနှင့် လောကီ-ယခုလက်ရှိအကျိုးများကို အများဆုံးပေးနိုင်သည့် ဂါထာများဖြစ်ပါသည်။

ဥပမာ၊ စီးပွားလာဘ်ပေါ်များရေး၊ လူချစ်လူခင် ပေါများရေး၊ ဘေး အန္တရာယ်ကင်းရေး၊ တန်ခိုးဣဒ္ဓိရရှိရေး။ အကြံဥာဏ် ပညာများ ပွင့်လင်းတိုး တက်ပြီး၊ ကျော်ကြားသော ပညာရှိများ အဖြစ်သို့ ရောက်အောင် များစွာ အထောက်အကူပြုနိုင်ပေလိမ့်မည်။

ထို့ကြောင့် မိမိတို့ရသည့်အားလပ်ချိန်။ သို့မဟုတ် အိပ်ချိန် ကလေး များ၌ပင် အချိန်အလကား မကုန်စေပဲ၊ လူငယ်များပင် တတ်နိုင်သလောက် ကုသိုလ်ပြုသင့်ကြလေသည်။ ။

*　　　　*

# ပဋ္ဌာန် ဘိုးဘိုးအောင်၏ ပုတီးစိပ်နည်းနှင့်အကျိုး။

ပြည်မြို့လောကဒိပတောင်မှ ရရှိသော ပုရပိုက်မူရင်းတွင် သုဒဿန နဂါးပတ်နဝင်း ပိုင်သိဒ္ဓိရှင် ပဋ္ဌာန် ဆရာကြီး ဘိုးဘိုးအောင်သည် အောက်ပါ ပုတီးစိပ်နည်း လမ်းစဉ်များကို ညွှန်ကြားထားခဲ့ပါသည်။ ၎င်းပုတီးစိပ်နည်း လမ်းစဉ် အတိုင်း မှန်ကန်ကျနစွာ အဓိဋ္ဌာန်စေ့ မြောက်အောင် စိပ်ပါက အကျိုးများမည်ဟုဆိုသည်။

၎င်းမူရင်းအတိုင်း ညွှန်ကြားချက် အစီအစဉ်ကို အောက်ပါ အတိုင်း ဖေါ်ပြလိုက်ပါသည်။

၁။ အောင်နမော ဗုဒ္ဓါယျ သောဘဂဝါ ဣတိပိ အရဟံ။

၂။ အောင်နမောဗုဒ္ဓါယျ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၃။ အောင်နမောဗုဒ္ဓါယျ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော။

၄။ — ။ — သုဂတော။

၅။ — ။ — လောကဝိဒူ။

၆။ — ။ — အနုတ္တရော ပုရိသဓမ္မသာရထိ။

၇။ — ။ — သတ္ထာဒေဝမနုဿာနံ

၈။ — । — ဗုဒ္ဓေါ။

၉। — ။ — ဘဂဝါ။

အထက်ပါဂုဏ်တော်မြတ် ကိုးပါးကို အောက်ဖေါ်ပြပါ ဂုဏ်တော် တက်စဉ်အတိုင်းတက်၍ မမေ့မလျော့ကြိုးစားအားထုတ်ပါမည်။

၁။ တပါးလျှင်ပုတီးတပတ်တနေ့(၉) ပတ်၊ (၉)ရက်စိပ်။

၂। । နှစ်ပတ်တနေ့ (၁၈)ပတ်(၉)ရက်စိပ်။

၃။ ။ (၃)ပတ်ဘနေ့ (၂၇)ပတ်(၉)ရက်စိပ်။

| | | | | | | |
|---|---|---|---|---|---|---|
| ၄။ | ။ | (၄) | ။ | (၃၉) | (၉)ရက်စိပ်၊ | |
| ၅။ | ၊ | (၅) | ။ | (၄၅) | (၉) | ။ |
| ၆။ | ။ | (၆) | ။ | (၅၄) | (၉) | ။ |
| ၇။ | ။ | (၇) | ။ | (၆၃) | (၉) | ။ |
| ၈၊ | ။ | (၉) | ။ | (၈၁) | (၉) | ။ |
| ၉။ | ၊ | (၉) | ။ | (၈၁) | (၉) | ။ |

ဤအစဉ်အတိုင်း အဓိဋ္ဌာန်ပြည့်စုံသွားပါက၊ ဤလောကကြီး၌ လောကီအလို နဝင်းအုပ်စိုးသဖြင့် နဝင်းပိုင်လျှင် အကျိုး အမျိုးမျိုး ခံစားရမည်ဆို၏။

အသက်ပါနည်းလမ်းအရ အားထုတ်လိုသောအခါ ကန်တော့ပွဲ၊ ပန်းခါမီး စသည်တို့ဖြင့်အစီရင်ပြုပြီးလျှင်သုဒဿနဂါးပတ် နဝင်းပိုင်သိဒ္ဓိရှင် ပဌမံဘိုးကိုးအောင်ကို ပင့်လျှောက်တိုင်ကြားပူဇော်ပြီးသော် တတ်စွမ်းနိုင်ပါက နဝင်ဂသီလကိုပါ ဆောက်တည်ခြင်း။ သက်သတ်လွတ် စားခြင်း၊ မေတ္တာပွားများခြင်းစသည်တို့ဖြင့် ခြံရံလျှက် အဓိဋ္ဌာန်ကို မပျက်ရအောင် လမ်းစဉ်အတိုင်းအားထုတ်ပါက မိမိလိုရာအကျိုးရရှိလာမည်ဟုဆိုလေသည်။

* * *

ဇိနပုတီးသည် ဘုရားဟော၊ မည်သည့်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများတွင်မျှ မပါရှိပေ၊

သို့သော် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါကာလ၌ ဗုဒ္ဓဘာသာ ကိုးကွယ်သော ရဟန္တာနှင့် သာဝကများအသုံးမပြုကြသော်လည်း အခြားအကျင့်ရှိသူများ ပုတီးကို အသုံးပြုခဲ့ကြသည်ဟုဆို၏။

ဗုဒ္ဓဂေါတမ မြတ်စွာဘုရားသခင်နှင့် မတွေ့ခင်၊ (ဝင်္ဂီရပုဏ္ဏား)သည်၊

မန္တာန်များ စိတ်သဖြင့်၊ အာထဗ္ဗဏ ဗေဒင်ကဲ့သို့၊ သေသူ၏ အရိုးများကို ခေါက်ကြည့်လျှင်၊ ဘယ်ဘဝရောက်နေကြောင်း(နိဗ္ဗာန်ဝင်ပုဂ္ဂိုလ်)မှတပါး။ အခြားသူတို့အကြောင်း အလုံးစုံသိရှိသည်ဟု၊ ဓမ္မပဒတရားတော်တွင် ပါရှိလေသည်။

ထိုအကြောင်းကို ထောက်သဖြင့် ဘုရားမတိုင်ခင်ကပင် စိပ်ပုတီးသက်ဝင်သော အရာများ အိန္ဒိယနိုင်ငံဘက်တွင် ရှိခဲ့ကြောင်းယူဆရပေသည်။

ဘုရားလက်ထက်တော်က၊ ပစ္စေကာသာဝကများနှင့်ရဟန္တာအပေါင်းတို့သည် သတိသမ္မစဉ်အလွန် ကောင်းကြသောကြောင့် ရှစ်သောင်း လေးထောင်သောဓမ္မဒေသနာတော်အားလုံးကို စိတ်တွင်မှတ်၍ နှုတ်တိုက်ပင်ရွတ်ဆို ဟောပြောခဲ့ကြသည်။ ထိုဓမ္မခန္ဓာများကို စတုတ္ထသံဃာ ရတနာ တင်မှစတင်၍ နောက်လူတို့ မေ့မည်စိုးသဖြင့် ပေရွက်၌ ရေးမှတ်သည့် ပေတက်အက္ခရာတင်ခဲ့ပြီး၊ ပဥ္စမ သံဃာ ရတနာတင်၌ ကျောက်ထက်အက္ခရာ။ ဆဋ္ဌမသံဃာရတနာတင်၌ စက္ကူတွင် အက္ခရာ တင်မှတ်သားခဲ့လေသည်။ထို့ကြောင့် အမှတ်အသားဖြစ်သော စိပ်ပုတီးကို ကိုင်ဆောင်နေရန် လိုအပ်ခြင်း မရှိဖြစ်ပေမည်။ သို့အတွက် ဘုရားသခင် ကိုယ်တိုင်လည်း မသုံးခဲ့၊ တပည့်ပစ္စေကာ ရဟန္တာ သာဝကတို့အတွက်လည်း သတ်မှတ်ကိုင်ဆောင်စေခြင်း မပြုခဲ့ဟုယူဆရပေသည်။

အမှန်မှာ စိပ်ပုတီးသည်၊ လောကုတ္တရာ ဘာသာရေး၊ နိဗ္ဗာန်ရောက်ကြောင်း လုပ်ငန်းများထက်၊ လောကီရေးဖြစ်သော၊ အင်းအိုင်၊မန္တာန်၊လက်ဖွဲ့ စသည့်သိဒ္ဓိရရှိရေး ခန္ဓာရီခရီး လုပ်ငန်းများတွင် အများဆုံး အလုံးပြုခဲ့ကြခြင်းဖြစ်ခဲ့လသည်။ သို့အတွက် ဂေါတမမြတ်စွာဘုရား မပွင့်မီကာလက၊ကိုယ့်နည်းကိုယ်ဟန်များဖြင့်၊ မိမိကိုယ်ကို ဘုရားဟုသမုတ်၍ လောကီသဒ္ဓိအမျိုးမျိုးကိုရရှိအောင် ကျင့်ကြံခဲ့ကြသော အိန္ဒိယနိုင်ငံ (ဂန္ဓာလရာဇ်တိုင်း)မှ ရသေ့၊ ရဟန်းကြီးများစတင် အလုံးပြုခဲ့ဟန်ရှိပါသည်။

စိပ်ပုတီး၏ အလယ်ဆုံး၊ အရှင်းဆုံးနှင့် လိုရင်းအဓိပ္ပါယ်မှာ၊ အရေးအတွက်မည်မျှရှိသည်ကို မှားရှင်းမသွားစေပဲ တိတိကျကျဖြစ်စေရန်မှတ်သားထားသည့် အမှတ်လက္ခဏာလုံးကလေးများကို သီကုံးထားခြင်းပင် ဖြစ်သည်။

မဟာဂန္ဓာရီ၊ စူဠဂန္ဓာရီဟူ၍ နှစ်မျိုးရှိသည့် အနက်မှ၊ ပိယသိဒ္ဓိ၊ ဝဏ္ဏသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ပယောဂသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ တေဇောသိဒ္ဓိ၊ အဟာရသိဒ္ဓိ၊ စသည် လောကီသိဒ္ဓိ (၁၀) မျိုးတို့ ရရှိနိုင်ရန် အလို့ငှာ၊ အင်း၊ အိုင်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တရာတို့ဖြင့် အမျိုးမျိုး စီရင် လုပ်ကြရာ၌ သတ်မှတ်၍၊ မန္တာန် (၁၀၀၀) စုတ်သည်၊ (၁၀၀၀၀) တသောင်း စုတ်သည် စသည်တို့၌၊ ရှုပ်ထွေးရသော အခါ၊ အနည်းအများ အလိုအပို၊ မဖြစ် ကိုက်ကျစေရန် ပုတီးကုံးဖြင့် မှတ်သား ဖအသုံး ပြုခြင်းများ ဖြစ်သည်။

**(လောကိက္ကဒ္ဓိ-၁၀-ပါး)။**

၁။ ပိယသိဒ္ဓိ – လူ နတ် ပြဟ္မာ သက်ရှိ သတ္တဝါ အပေါင်းတို့ အလိုအလျောက် ရင်ဝယ်သားကဲ့သို့ ချစ်ခင် မြတ်နိုးခြင်းကို ရရှိခြင်း။

၂၊ ဝဏ္ဏသိဒ္ဓိ – ပစ္စည်းဥစ္စာ၊ ရတနာ အပေါင်းတို့ကို အလိုရှိသလောက် အရှန်ပယ် ရရှိခြင်း။

၃။ လာဘသိဒ္ဓိ – လာဘ် ရွှင်လန်းခြင်း၊ ပေးကမ်း ကူညီမည့်သူ ပေါများခြင်း။

၄။ ပယောဂသိဒ္ဓိ – အနှောက်အယှက် အန္တရာယ်များ မည်သို့မှ မပေးနိုင်ခြင်း၊ ပင်းတော့မှ ကင်းဝေးခြင်း။

၅။ ကာယသိဒ္ဓိ – ခန္ဓာကိုယ်၌ စွဲကပ် ဖြစ်စေသော ရောဂါ ဝေဒနာနှင့် ယှဉ်တက် ဒဏ်ရာရမှု လုံးဝ မရှိနိုင်ခြင်း။

၆။ ပထဝီသိဒ္ဓိ – မြေကြီး၊ မြေတွင်းသို့ ဖောက်ထွင်း ဝင်ရောက်နိုင်ခြင်း။

၇။ အာကာသသိဒ္ဓိ – မိုးပေါ်၊ ကောင်းကင်သို့ ယာဥ်များ မပါဘဲ သွားလာနိုင်ခြင်း။

၈။ ဥဒကသိဒ္ဓိ – ရေပြင်၊ ရေအတွင်း၌ ယာဥ်များ မပါဘဲ သွားလာနိုင်ခြင်း။

၉။ တေဇောသိဒ္ဓိ — အပူအအေး စသည့် ဒဏ်များကို ခံနိုင်ခြင်း။

၁၀။ အဟာရသိဒ္ဓိ — အစားအစာများကို မစားမသောက်ပဲ အလိုလို အာဟာရ ဖြစ်၍ အားရှိခြင်း၊ မည်သည့် အစားအစာကို စားသော်လည်း အစာကြေ ညက်၍ ဝမ်းတွင်း ဘေးဥပါဒ် မပေးနိုင်ခြင်း။

## (လောကုတ္တရာဣဒ္ဓိ-၁၀-ပါး)။

## (ဝိသုဒ္ဓိမဂ်)။

၁။ အဓိဋ္ဌာသိဒ္ဓိ — မိမိမူလ ရုပ်သွင်တူ ဖန်ဆင်းနိုင်ခြင်း တန်ခိုး။

၂။ ဝိကုဗ္ဗသိဒ္ဓိ — မိမိအသွင် ဖွက်၍ နဂါး ဂဠုန် ရုပ်သွင် ဖန်ဆင်းနိုင်ခြင်း တန်ခိုး။

၃။ မနောမယသိဒ္ဓိ — မိမိကိုယ် အဆင်း သဏ္ဌာန်းက စိတ် အလို အတိုင်း ဖြစ်စေနိုင်ခြင်း တန်ခိုး။

၄။ ဉာဏ်ဝိပ္ပါရိဒ္ဓိ — အနာဂါမ်ရဟန္တာ တို့၏ အရဟတ္တမဂ်ဉာဏ်ကို မရမီ၊ ရှေ့အဖို့ရပြီး၊ နောက်အဖို့၌ သူတပါး၏ လုံ့လ ပယောဂဖြင့် မသေနိုင်ခြင်း တန်ခိုး။

၅။ သမာဓိဝိပ္ပါရိဒ္ဓိ — အနာဂါမ်ရဟန္တာ တို့၏ နိရောဓသမာပတ် ဝင်စားခိုက်၊ သူတပါး၏ လုံ့လ ပယောဂဖြင့် မသေနိုင်ခြင်း တန်ခိုး၊

၆။ အရိယာသိဒ္ဓိ — အရိယာတို့၏ အနိဋ္ဌစသည့် အာရုံကို ကြဉ်ရှောင်၍ ရှုနိုင်ခြင်း တန်ခိုး။

၇။ ကမ္မဇိဒ္ဓိ — ငှက်စသည်တို့ ကဲ့သို့ ကောင်းကင်၌ ပျံနိုင်ခြင်း တန်ခိုး။

၈။ ပုညဝတောဣဒ္ဓိ — စကြာမင်း စသည်တို့၏ မိုးကောင်းကင်၌ စစ်အင်္ဂါ လေးပါးနှင့် သွားလာနိုင်ခြင်း တန်ခိုး။

၉။ ဝိဇ္ဇာမယိဒ္ဓိ — ဝိဇ္ဇာဓိုရ်၏ မြေလျှိုး မိုးပျံ နိုင်ခြင်း တန်ခိုး၊

၁၀။ အတ္ထသမ္မာပယောဂ

ပစ္စသိဒ္ဓိ — ကလာအတတ် (၆၄) ရပ်နှင့် အဌာရသ (၁၈)ရပ်၊ ဝိဇ္ဇာအတတ်မျိုး ဟူသမျှ ပြီးသည့် တန်ခိုးများ။

ဂြိုဟ်ရှစ်ခွင်၌ (၁၂)ရာသီ ရှိ၍ (၉)နှင့် မြှောက်ပါက (၁၀၈) ရ သဖြင့် နဝင်းကြေပုတီး ဖြစ်သည်။

(၁၀၈)လုံးပြည့် ပုတီးသည်၊ ဘုရား၊ တရား၊ သံဃာ ဖြစ်သော၊ ရတနာသုံးပါး ဂုဏ်တော်ပေါင်း (၁၀၈)ဖြစ်၍ ဂုဏ်တော် ပုတီးလည်း ဖြစ်သည်။ ထို့ကြောင့် ဤဂြိုဟ် (၈)ခွင် နဝင်းကြေ (၁၀၈)လုံး ဂုဏ်တော် သုံးပါး ပုတီးသည် ကပ်သုံးပါး လွတ်မြောက်နိုင်စွမ်း ရှိသည်ဆို၏။ ထို့ကြောင့် ဤပုတီးမျိုး ရှေးက အလွန် ထင်ရှား တန်ခိုး ထက်သော ရသေ့ ရဟန်း ပညာရှိအများ အသုံးပြုခဲ့ကြသည်။

ယခု ဖော်ပြခဲ့သော နံသားကလွဲ၍ ပြုလုပ်လျှင် အစီအရင် မတတ်ဟု ဆို၏။ ဤပုတီးသည် ဂြိုဟ်ရှစ်ခွင်အရ မေတ္တာဖြင့် စီရင်သဖြင့် အလွန် အာနိသင် ထက်သည်ဆို၏၊

ကံနိမ့်၍ ဂြိုဟ်စီးဂြိုဟ်နင်း ခံရပြီး ဒုက္ခအမျိုးမျိုး ရောက်နေသူများ သည်၊ ဤပုတီးမျိုးကို ကိုင်ဆောင်၍ ဂြိုဟ်ပြေနံ့ပြ အမိဌာန်ဖြင့် စိပ်ရန် အလွန် သင့်လေသည်။ အမိဌာန် (၈)ရက် ပြည့်သည်နှင့် မိမိ တွေ့ကြုံ နေ ရသော ဒုက္ခများလည်း သိသိသာသာ ပျောက်ကွယ် သွားနိုင်ပေသည်။

ဘုရားဂုဏ်တော်ပေါင်း (၅၆)ပါး၊ တရားဂုဏ်တော်ပေါင်း (၂၈) ပါး၊ သံဃာ ဂုဏ်တော်ပေါင်း (၂၄) ပါး၊ ပေါင်း (၁၀၈)ပါး ဖြစ်သည်။ ၎င်းပြင် မြတ်စွာဘုရား သခင်၌ စက်လက္ခဏာပေါင်း(၁၀၈)ပါး ရှိသဖြင့်၊ စက်လက္ခဏာ ပုတီးဟူ၍လည်း ဆိုနိုင်ပေသည်။ ထို့ကြောင့် ဤ(၁၀၈)လုံး ပုတီးသည် သုံးမျိုးသုံးဖလယ် ကေန်မြတ်၍ အစွမ်းထက်မည် ဖြစ်သည်။

အချို့ ပုတီးမှာ ကမ္မဌာန်း(၄၀)ယူ၍ အလုံး(၄၀)ထားသည်။ အချို့ မှာ (၃၂)ကောဋ္ဌာသ လူတကိုယ်လုံး အစိတ်အပိုင်းများကို ယူ၍ (၃၂)လုံး

ထားသည်။ ဘုရား၏ အဝေနိက ဂုဏ်တော် (၁၈)ပါးကို ယူ၍ (၁၈)လုံး ထားသည်။ ၎င်းအပြင်လည်း ရှိပါသေးသည်။ ဤတွင် လုံလောက်၍ မဖော်ပြတော့ပါ။

စိပ်ပုတီးများကို ဆင်ဆွယ်ပုတီး၊ အရိုးပုတီး၊ အုန်းသားပုတီး၊ နံ့သာနီ နံ့သာဖြူ ပုတီး၊ ပုလဲပုတီး၊ ပယင်းပုတီး၊ ပေပုတီး၊ ကြံမ်ပုတီး၊ ကြိုးပုတီး၊ ပန်းပေါင်း ပုတီး၊ ဂမုန်းပေါင်း ပုတီး၊ ရေသစ်ကနက်ပုတီး၊ကုန်းသစ်ကနက် ပုတီး၊ သီဟိုဠ်သစ်ကနက် ပုတီး စသည်တို့ ဖြစ်ပြီး လူအမျိုးမျိုး တို့၏ စိတ်အလို အမျိုးမျိုးတိုင်း မိမိနှင့် သက်သလို ပြုလုပ် ကိုင်ဆောင်ကြသည်။

သစ်ကနက် ပုတီးကို အထူးသဖြင့် လာတ်ပေါ်များချင်သူတို့က ပိုအသုံးပြု၏။ သစ်ကနက် အသားများသည် မူလ အပွင့်ဓာတ်မှာ လာတ်ဓာတ်ကို ပေးသည်ဟု ယူဆကြသဖြင့် မျက်နှာ ပွင့်လန်း၍ လူချစ်လူခင်ပေါ များပြီး လာတ်ဝင်ရန် စိပ်ကြ၏။

အချို့မှာလည်း ဂမုန်းပေါင်း ပုတီးများကို အစီအရင်လုပ်၍ စိပ်ကြသည်၊ ပုတီး၏ အဆက်ထိပ် (ပင်လယ်ကူး)တွင် အချို့က အင်းလက်ဖွဲ့များကိုပင် ထည့်စီရင်ကြသည်။

အချို့မှာလည်း ဂြိုဟ်သက်ပေါင်း (၁၀၈)ဖြင့် နဝင်းကြေ အောက်ပါ ပုတီးမျိုးကို ပြုလုပ်စီရင် ကိုင်ဆောင်ကြသည်၊ အထူးသဖြင့် အင်းစိန် မဟာ ဆေးဝက်ဘာ ဆရာတော် အမြဲ ကိုင်ဆောင်၍ အဓိဋ္ဌာန် ဝင်သော နဝင်ကြေ ဂုဏ်တော်နံ့ ပုတီးမျိုး ဖြစ်သည်။

| | | | | |
|---|---|---|---|---|
| ၁။ | တနင်္ဂနွေနံ | — | အင်သား | (၆) လုံး။ |
| ၂။ | တနင်္လာနံ | — | ကျွန်းသား (၁၅) | လုံး။ |
| ၃။ | အင်္ဂါနံ | — | ဇီးသား | (၈) လုံး။ |
| ၄။ | ဗုဒ္ဓဟူးနံ | — | လိမ်သား | (၁၇) လုံး။ |
| ၅။ | စနေနံ | — | ထိန်သား | (၁၀) လုံး။ |
| ၆။ | ကြာသာပတေးနံ | — | ပေါက်သား | (၁၂) လုံး။ |
| ၇။ | သောကြာနံ | — | သီးသား | (၂၁) လုံး။ |

ဂြိုဟ်သက်ပေါင်း(၁၀၈) လုံး
နဝင်းကြေ။

ထိုသို့ပြဆိုခဲ့သော ပုတီးများကို မအားလပ်၍မစိပ်နိုင်သည့်တိုင်အောင် ဦးခေါင်း။ လည်ပင်း လက်ကောက်ဝတ်၊ အိမ်အမိုး၊ ဘုရားစင်စသည်တို့၌အမြဲ ဆောင်ထားကာ။ ဤပုတီးသည် ရတနာသုံးပါး (သရဏဂုံသုံးပါး)ကိုရည်ဆူး၍ ထားခြင်းဖြစ်သည်ဟု အောင့်မေ့ပွားများမိကာမျှနှင့် ထိုသူများသည် အပါယ်မလားနွင်ဟု ခုဒ္ဒကနိပါတ်ကျမ်း၌ဆိုလေသည်။ ထို့ကြောင့် ဆောင်ထားပါ၊ စိပ်ပါ။

## (ပုတီးကိုင်နည်း)။

၁။ ပုတီးကို (ထ)ပုံထားပြီး လက်နှစ်ဖက်လုံးဖြင့်ထိုင်၍ မြန်စွာ စိပ်နိုင်သည်။ ထိုသို့မြန်စွာ စိပ်နိုင်သောကြောင့်စိတ်အာရုံမှာအခြားသို့မပြန့်လွင့်ပဲ ပုတီးလုံးကလေးများ၌သာ တည်ရှိနေသည်၊ စိတ်ငြိမ်ခြင်းသည် သမာဓိဖြစ်၍ ပုတီးစိပ်သူအတွက်များစွာ အကျိုးရှိသည်။ ထို့ကြောင့် (ထ)ပုံကိုလက်နှစ်ဖက်ဖြင့်ကိုင်၍ အမြန်စိပ်ခြင်းကို ထွက်ရာပေါက်ကျင့်သည့် ပုဂ္ဂိုလ်များ အများဆုံးစိပ်ကြလေသည်။

၂။ ပုတီးလုံးကလေးများကို လက်မလက်ညှိုးဖြင့်ဆွဲ၍ စိပ်ခြင်း၊ ဤနည်းမှာ သာမန်ရှေးသမရိုးကျ စိပ်ခြင်းဖြစ်သည်၊ (လက်ညှိုးသည် ညွှန်ပြစေပိုင်သည့် တန်ခိုးရှိသည်)။

၃။ ပုတီး လုံးကလေးများကို၊ လက်မ လက်ခလယ်ဖြင့်ဆွဲ၍ စိပ်ခြင်း၊ ဤနည်းကို ယခုထွက်ရာပေါက် ကျင့်နေသူလူအများအသုံးပြုနေကြသည်။ လက်ခလယ်မှာ ဆေးမှွေ၊ ဆေးဖျော်သည့်အခါတို့၌အသုံးပြုရသဖြင့် ပို၍ထက်မြက်သည်ဟုယနေ့ဆရာများကပို၍အလေးကြီးကြသည်ရင်းပြင် လက်ညှိုးမှာလည်း မိမိလိုရာသို့ ညွှန်ပြနေဟန်ရှိသဖြင့်ပို၍ ကောင်းသည်၊ ပေါက်ရောက်မှုမြန်သည်ဟု အယူရှိကြသည်။

၄။ ပုတီးလုံးကလေးများကို လက်မလက်သူကြွယ်ဖြင့်ဆွဲ၍ စိပ်ခြင်း၊ လက်သူကြွယ်မှာ ဥစ္စာပေါသူ ဘဏ္ဍာစိုးဖြစ်၍၊ စည်းစိမ်ဥစ္စာ မနေလာတ်ပေါများ၍လူသူများက ဤလက်သူကြွယ်ဖြင့်စိပ်ကြသည်။

၅။ ပုတီးလုံးလေးများကို လက်မ လက်သန်းဖြင့်ဆွဲ၍စိပ်ခြင်း၊ လက်သန်းနှင့်စိပ်ခြင်းသည် မိမိအား သူတပါးကမကောင်းကြံစည်လျှင်ဒါဏ်ပြန်သည်ဟု အယူရှိကြသဖြင့်၊ ရန်အန္တရာယ်ကင်းသည်ဟုဆိုကြသည်။

ကျွန်ုပ်စာရေးသူအနေဖြင့်ရင်း အယူအားလုံးကို ခြုံ၍မှတ်ချက်ပြုရပါမူ။ ပထမမှုရင်း ဂုဏ်တော်၏ အာဏာစက်နှင့် မိမိစိတ်၏ယုံကြည်စွာ စူးစိုက်အာရုံပြုနေသော စိတ်တန်ခိုးသည်သာ အောင်မြင်မှု၏ အရင်းခံဖြစ်ပေသည်။

ထို့ကြောင့် ပုတီးလုံးကလေးများကို မိမိတို့ကြိုက်သလိုအဆင်ပြေစွာ စိပ်နိုင်ကြပါသည်။ ပထမဂုဏ်တော်၏ ထက်မြက်မှုနှင့် ပုတီးစိပ်သူ၏ ယုံကြည်ကိုးစားကြိုးစားအား[illegible]သည်သာ အဓိကလိုအပ်ချက်ဖြစ်ပေသည်။

မည်သည့်လက်နှင့်ကိုင်တွယ်မှုသည် ထိုမျှအကြောင်း မဟုတ်ပဲ၊ စိတ်ကြည်လင် သန့်ရှင်းယုံကြည်မှုနှင့် စိတ်တည်ငြိမ်မှု (သမာဓိ) ရလာရေးသည်သာအခြေခံအကြောင်းရင်းများဖြစ်ပါသည်။ သို့အတွက် စိတ်ပြန့်လွင့်မှု၊ ထွေပြားမှုမရှိပဲ။ (သမာဓိ)ရလာမှ၊ မိမိလိုရာကို အောင်မြင် ပေါက်ရောက်မှုပို၍ရလာနိုင်စေလိမ့်မည်ဖြစ်ပါကြောင်း။

*　　　*　　　*

## (ပရိတ်တော်သမိုင်း)။

ပရိတ်တော်သည်–(ပရိတ္တ)ဟူသော ပါဠိစကားမှလာ၍(ပရိတ်ကြီး) ဟုခေါ်သည်၊ ထိုပရိတ္တ(ပရိတ်ကြီး)ကို အနက်ပြန်သော်၊ ဘေးပတ်ဝန်းကျင်အရပ်တို့မှ ကျရောက်လာမည့်ဘေးဥပါဒ် အန္တရာယ် ရောဂါအပေါင်း တို့ကို ကာကွယ်စောင့်ရှောက်ပေးတတ်သော မြတ်စွာဘုရား၏ တရားတော်များဟု အမိပ္ပါယ်ရပေသည်။

ကုသာဝတီကဇာတ်တော်၌၊ အိန္ဒိယပြည်၊ မာဂဓတိုင်း၊ မလေးရွာသားဘုရားအလောင်း (မာဃလုလင်)ခေါင်းဆောင်သောအဖွဲ့သည်၊ ရွာအတွင်း ရေတွင်း ရေကန်ပြင်ခြင်း၊ [illegible]ကာ များ သန့်ရှင်းရေးလုပ်ခြင်း ဇရပ်၌ လာ

ရောက်တည်းခိုသူ ရပ်ဝေးဧည့်သည်တို့အား ပြုစုစောင့်ရှောက် ဆေးကုအကူ အညီပေးခြင်းစသည့် ရပ်ရွာစည်ပင်ရေး ကုသိုလ်ကောင်းမှုများကို ပြုလျက် ၎င်းတို့၌ ငါးပါးသီလကိုမြဲစေလေသည်။

ထိုအခါက မစလရွာကို အုပ်ချုပ်ရသော ရွာသူကြီးသည် ဒုစရိုက်မှုများ နည်းပါးလာ၍ ၎င်းအတွက် ဒဏ်ငွေ စသည့် မကောင်းမှု လပ်ငွေများ ရမှု မရှိတော့ သဖြင့်၊ မာဃလုင် အဖွဲ့ကို ပြုးကာမဟုတ် တရားတိုင်ဘန်းပြီး ဖမ်းဆီး၍ ဘုရင့်ထံသို့ ပို့အပ်လေသည်။

ဘုရင်ကြီး အမြှော်အမြင် နည်းပါးလျက် မစစ်ဆေးပဲ မာဃလုင် အဖွဲ့ကို ဆင်နှင့် နင်းသတ်ရန် ပြစ်ဒဏ် ချမှတ်၏။ ထိုအခါ ဘုရားအလောင်း မာဃလုင်က—

'အချင်းတို့၊ ရွာ၌ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု များနှင့် ငါတို့ ကျင့်သုံးခဲ့သော သီလဇရားတို့ကို ဆင်ခြင် အောင်မေ့ကြလော့။

ကုန်းတိုက်သူ ရွာသူကြီး သတ်မိန့် ပေးသော ဘုရင်နှင့် နင်းသက်မည့် ဆင်တို့ကိုမိမိကိုယ်ကဲ့သို့နှိုင်း၍ မေတ္တာပွား ကြကုန်လော့ဟု အမိန့်ပေး သဖြင့် အားလုံး လိုက်နာ၏'

ထိုအခါ နင်းသတ်ရန် ယူလာသည့် ဆင်တို့မှာ၊ မာဃလုင်တို့ အဖွဲ့ အနားရောက်အောင်ပင် မသွားကြတော့ပဲ၊ အော်ဟစ်၍ အဝေးသို့ ရုန်း ထွက် သွားကြကုန်၏။ နောက်ယူလာသော ဆင်အပေါင်းတို့ မှာလည်း ထို ကဲ့သို့ အတိုင်းသာ ပြေးကုန်၏။

ဤအကြောင်းကို ဘုရင်ကြီး သိသောအခါ၊ မာဃလုင်တို့ အဖွဲ့၌ ဆေးလက်ဖွဲ့များ စောင်ထားမှုများ ရှိမရှိ စစ်ဆေး ရှာဖွေ ခိုင်းသည်၌ မရှိ ကြောင်း သိရ၏၊ ထို့နောက် အန္တရာယ်ကင်း မန္တာန် ပရိတ်များ ရွတ်ဖတ် မှု ရှိမရှိ မေးမြန်းပြန်ရာ၊ မာဃလုင်က ရှိပါသည်ဟု အဖြေပေးသည်။

'ထိုမန္တာန် ပရိတ်မှာ အခြားမဟုတ်၊ ရေတွင်း၊ ရေကန်၊ တံတား၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ ဇရပ်၌ တည်းခိုသည့် ခရီးသွားများ ဒုက္ခ မရောက်အောင် ကူညီ ပြုစုခြင်း၊ ကံငါးပါးကို လုံအောင် ထိန်းခြင်း ပိမိ့ကို အပေါ် မကောင်းကြံသူ တို့အား မေတ္တာတရား ပွားများခြင်းပင် ကာနိုင်၏၊ မန္တာန်ပရိတ် ဖြစ်သည်ဟု ဆို၏'

ဘုရင်ကြီးသည် ဤအကြောင်းကို သိရသောအခါ ရှာသူကြီးကို ဖမ်းကာ၊ ရင်းပိုင် ပစ္စည်းများကို သိမ်းပြီး မာဃလုလင်ကို ပေးသည်။ မစလရွာသူကြီး၏ ရာထူးကိုပါ ပေးအပ် လိုက်လေသည်။ ။

ဘေလပဏ္ဏဇာတ်၌၊ ဘုရားအလောင်း နူစဉ် ပဥ္စဝုဓ မင်းသားသည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် အသွားလမ်း၌ ဘီလူးများ ဘေးရန်မှ ကင်းလွတ်ရန်၊ အလောင်းတော်၏ ဆရာ ရဟန္တာတို့က ပရိတ်တော်များ ရွတ်ဖတ်ပြီး၊ ပရိတ်သဲ၊ ပရိတ်ခြည် စသည်တို့ကို ဆောင်၍ သွားစေသဖြင့်၊ ဘီလူးစား ခံရခြင်းဘေးမှ လွတ်ခဲ့ရကြောင်း လာသည်။ ။

မောရဇာတ်၌ဘုရားအလောင်းဦးဒေါင်းမင်းဖြစ်စဉ်အခါက၊ နေထွက်မင်းနှင့်တကွ ရှေးဘုရားရှင် အပေါင်းတို့ကို အကာအကွယ် ပြု၏၊ နေဝင်ချိန်၌လည်း နေဝင်းနှင့်တကွ ရှေးဘုရားရှင် အပေါင်းကိုလဲ ရှိခိုး ကန်တော့၏ အကာအကွယ် ပရိတ်ပြု၍ အိပ်တန်းတက်၏။

ထိုပရိတ်တော်၏ အကာအကွယ် အစွမ်းကြောင့် မင်း (၇) ဆက်တိုင်အောင် မုဆိုးတို့ ဘုရားအလောင်း ဥဒေါင်းမင်းကို ဖမ်းဆီးနိုင်ခြင်း မရှိချေ။ နောက်ဆုံး ဒေါင်းမနှင့် ထောင်ဖမ်းသည်မှ၊ ဘုရားအလောင်း ဒေါင်းမင်းသည် ပရိတ်ရွတ် မေ့သဖြင့် အဖမ်း ခံရလေသည်။ ။

ဝဋ္ဋဇာတ်လာ၊ ဘုရားအလောင်း ငုံးမင်းဖြစ်စဉ် ကလည်း၊ အကောင်ပေါက်စ ဘဝ၌ တောမီးလောင်းရာ၊ အမိအဘတို့လည်း အစာရှာ သွားနေကြသဖြင့်၊ မပြေးနိုင်ပဲ မီးလောင်းခံရအံ့ ဆဲဆဲ၌ ရှိလေသည်။ ထိုအခါ ငုံးမင်းသည် အကြံမရသည့် နောက်ဆုံး၌ မှန်သော စကား ဆိုခြင်း (သစ္စာ) ပြု၏။

'အို–အသင်တောမီး၊ ကျွန်ုပ်၌ အတောင် ရှိသော်လဲ အမွေးအမှင် မစုံသဖြင့် ပျံခြင်းငှာ မတတ်နိုင်၊ ခြေထောက်များ ရှိသော်လဲ နုနယ်လှသဖြင့် ပြေးထွက်ခြင်းငှာ မတတ်နိုင်ပါ မိဘနှစ်ပါးလဲ မရှိကြလေပြီ၊ ဤမှန်သော စကားကို ဆိုခြင်းကြောင့် ဖယ်ရှား ပါလော့ဟု သစ္စာပြု' သဖြင့် တောမီး ငြိမ်းခဲ့ရဘူးသည်။ ။

ခန္ဓဇာတ်၌ ဘုရားအလောင်း ရသေ့ဘဝတွင်၊ ဟိမဝန္တာ တောတွင်း တပည့် ရသေ့တို့ တရားကျင့်စဉ် မြွေကိုက် သေရသဖြင့်၊ မြွေမင်း

နဂါးမင်းတို့ကို မေတ္တာပို့သည့်မှ ၎င်းပရိတ် တန်ခိုးကြောင့် နောင်တွင် မြွေကိုက်ခံရခြင်း ဘေးမှ လွတ်ခဲ့ရလေသည်။

ထိုပြဆိုခဲ့သော ဇာတ်များကို ထောက်သဖြင့်၊ ဂေါတမ မြတ်စွာဘုရား မပွင့်မီကပင် ပေါ်ပေါက်ခဲ့ကြောင်း ထင်ရှားလေ၏။

ထို့နောက် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူခဲ့ပြီး၊ ဘုရားကိုယ်တိုင် ပရိတ်ရွတ်ခြင်းနှင့် တပည့်ရဟန္တာ သာဝက များကိုလည်း ပရိတ် ရွတ်ကြရန် ခွင့်ပြုတော်မူခဲ့လေသည်။

ယခုအခါ မြန်မာပြည်၌ မြန်မာလူမျိုးတို့ အများဆုံး အသုံးပြုနေရသည်မှာ ဤပရိတ်ကြီး (၁၁)သုတ်သာ ဖြစ်လေသည်။ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်တို့ ဖြစ်၏။ ။

* * *

## (ပရိတ်တော်၏ တန်ခိုးများ)။

### (ရတနသုတ်)

၁။ ။ဂေါတမမြတ်ဘုရား ပွင့်တော်မူပြီးကာလ အိန္ဒိယနိုင်ငံ ဝေသာလီပြည်တွင် မိုးခေါင်သဖြင့် အသီးအနှံ များပျက်စီးကာ လူတို့ငတ်မွတ်ခေါင်းပါး၍ အများအပြား သေဆုံးကြ၏။ ထိုလူသေလောင်းများကို မြို့ပြင်ကိုပြစ်ထားကြရာမှ ဘီလူးသရဲတို့ စားသုံးပြီး မြို့တွင်းသို့ ဝင်ရောက်နှောက်ယှက်ကြပြန်သဖြင့် လူတို့ပျက်စီးကြပြန်၏။ တဖန် လူသေကောင်တို့၏ အပုပ်နံ့များကြောင့် (အဟိဝါတ)ခေါ် ရောဂါဘိုးများ ဖြစ်ကြပြန်သဖြင့် လူအများထပ်မံသေဆုံးကြပြန်သည်။ ဤသို့ဖြင့် ဝေသာလီပြည်၌ ကပ်ကြီးသုံးပါးဆိုက်ရောက်ခြင်းကို ခံရသဖြင့် ပြည်သူများ သေဆုံးမှုများ ဒုက္ခ တွေ့နေ ကြရလေသည်။

ဝေသာလီပြည်၌ မင်းပေါင်း (၇)ဆက်တိုင် ဤသို့ဖြစ်ဘူးခဲ့သောကြောင့် တိုင်းပြည်အုပ်ချုပ်သည့် ဘုရင်သည် သစ္စာစောင့်သည်း၍လော ဟု

တိုင်းသူပြည်သားတို့ စည်းဝေးတိုင်ပင်ကြကာ ဘုရင်ကိုစစ်ဆေးကြ၏။ဘုရင်၌လည်း အပြစ်မရှိကြောင်းတွေ့ရသဖြင့် အခြားနည်းလမ်းကို ရှာကြလေသည်။ ထိုအခါ၌ မြတ်စွာဘုရားကိုပင့်ရန် အများသဘောတူ ဆုံးဖြတ်ကြလေ၏။

မြတ်စွာဘုရားလည်း ဗိမ္ဗိသာရမင်းကြီး၏ အပူဇော်ကို ခံယူလျက် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေတော်မူသည်။

ဝေသာလီပြည် လစ္ဆဝီမင်းသားနှစ်ပါးတို့သည် ဗိမ္ဗိသာရ မင်းကြီးအတွက် လက်ဆောင်ပဏ္ဏာများနှင့်တကွ နောက်ပါစစ်သည် ဗိုလ်ခြေ အလုံးအရင်းနှင့် မြတ်စွာဘုရားကို ပင့်ဆောင်ရန် ရာဇဂြိုဟ်ပြည်သို့ လာကြလေသည်။

ဝေသာလီပြည်သို့ ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီးအား လက်ဆောင်များဆက်သလျက် ဘုရားသခင်အား ဝေသာလီပြည့်သို့ကြွရောက်ပါရန် ပင့်ပေးဖို့ လျှောက်ထားကြ၏။ ထိုအခါဗိမ္ဗိသာရမင်းကြီးကမိမိတို့ကိုယ်တိုင် ပင့်ကြရန် အကြံပေးသဖြင့် ကိုယ်တိုင်သွား၍ပင့်ကြ၏။

လစ္ဆဝီမင်းနှစ်ပါးတို့လည်း ဘုရားရှင်ထံရောက်သည့်အခါ၌ ဝေသာလီပြည်တွင် ဘေးကြီးသုံးပါး ဆိုက်ရောက်နေသဖြင့် လူတွေအများအပြား သေဆုံးလျက်ရှိကြ၍မြတ်စွာဘုရားကိုယ်တော်တို ကြွရောက်ချီးမြှောက်ပါကအသက်ချမ်းသာရကြရပါမည်ဟု လျှောက်ထားကြ၏။

ထိုအခါ ဂေါတမမြတ်စွာဘုရားသည် ဝေသာလီပြည်တွင် ရတနသုတ်ပရိတ်တော်ကိုရွတ်ကဘေးကြီးသုံးပါးအေးငြိမ်းသွားမည့်ပြင် ရတနသုတ်ပရိတ်တရားတော်ကို နာကြားကြရသဖြင့် ဝေနေယျအပေါင်း တရားထူးရကြမည်ကို ဆင်ခြင်သိမြင်တော်မူ၍ ဘုရားရှင်ကိုယ်တိုင် ဝေသာလီပြည်သို့ ကြွရန်သဘောတူလိုက်၏။

မြတ်စွာဘုရားသခင်လည်း ဝေသာလီပြည်ရောက်သည့်အခါ၌ မြို့တံခါးဝ၌ ရပ်တော်မူလျက် ညီတော်အနန္ဒာအား (ရတနသုတ် ပရိတ်တော်) ကိုသင်ပေးပြီး၊ မြို့တံခါးသုံးထပ်အတွင်း၌ လှည့်လည်၍ ရွတ်လော့ဟု မိန့်တော်မူ၏။

ညီတော်အာနန္ဒာလည်း အမိန့်တော်အတိုင်း ဘုရားသခင်၏ သပိတ်တော်ဖြင့် ရေကိုထည့်ကာ ပရိတ်ရွတ်၍ဂှင်းရေများကိုလည်း ပက်ဖြန်းလေ၏။ ညီတော်အာနန္ဒာ၏ ဘုရားဂုဏ်တော် ပရိတ်တော်သံများကို ကြားရသည်နှင့်တပြိုင်နက် မြို့တံခါးလေးဘက်ပေါက်တို့မှ ထွက်ပြေးကြကုန်၏။

ထိုဘီလူး အစိမ်းသရဲတို့ မရှိကြသည်နှင့်တပြိုင်နက် မြို့တော် သန့်ရှင်းကာ လူအပေါင်းတို့မှာ ကျန်းမာချမ်းသာ ပျော်ရွှင်စွာ နေကြရကုန်သည်။

သို့အတွက် ဝေသာလီ ပြည်သူပြည်သား အပေါင်းတို့သည် ညီတော် အာနန္ဒာအား ပန်း နံ့သာတို့ဖြင့် ပူဇော်ကြသည်။ မြတ်စွာဘုရားသခင်အား လည်း မြို့လယ်ဓမ္မာရုံသို့ပင့်ဆောင်ကာ ကြီးကျယ် ခန်းနားစွာ ပူဇော်ကြ လေသည်။

ဝေသာလီမြို့လယ်ဓမ္မာရုံကြီး၌ သိကြားမင်းနှင့်တကွ နတ်အပေါင်းနှင့် ပြည်သူပြည်သား စုဝေးရောက်ကြသည့်အချိန်၌ (ရတနသုတ်တရားတော်)ကြီး ကို စတင်ဟောကြားတော်မူလေသည်။ ။

## (မေတ္တာသုတ်)

၂။ ။မြတ်စွာဘုရားသခင်၏ တပည့်ရဟန်း (၅၀၀)ငါးရာတို့သည် ဘုရားထံမှ ကမ္မဋ္ဌာန်းကိုသင်ယူပြီး ဟိမဝန္တာအနီး၌ရှိသော တောအုပ်တခု၌ သွားရောက်ကြကာ ကမ္မဋ္ဌာန်း အားထုတ်ကြသည်။

ထိုအခါ ဘုရားတပည့်ရဟန်းများမှာ အကျင့်သီလနှင့်ပြည့်စုံသူများဖြစ် ကြ၍ ထို[illegible]၌ရှိကြသော ရုက္ခစိုးနတ်တို့သည် ရဟန်းများမိသည့်သစ်ပင် တို့အပေါ်၌ မနေနိုင်ကြပဲ မြေပြင်သို့ဆင်းကာ နေကြရ၏။

သစ်ပင်စောင့် ရုက္ခစိုးနတ်များသည် ပထမ၌ ဘာမျှ အနှောက်အရှက် မပေးကြသော်လည်း၊ ရက်တွေကြာညောင်းလာသည့်အခါ၌ စိတ်မရှည်နိုင် တော့သည်ဖြစ်ကာ ရဟန်းအပေါင်းတို့အား မနေနိုင်အောင် ကြောက်မက် ဖွယ်ရုပ်ပုံအမျိုးမျိုးကို ပြကြ၏။ အသံအမျိုးမျိုး အော်မည်ကြ၏။ အနံ့ဆိုးတို့ ကိုလွှတ်ကြ၏။

ထိုအခါ ရဟန်းအပေါင်းတို့လည်း ကြောက်ရွံ့ထိတ်လန့်၍ လာကြသဖြင့် ကမ္မဋ္ဌာန်းတရားပင် အားမထုတ်နိုင်သောအဖြစ်သို့ ရောက်လေ၏။ ထိုအခါ ရဟန်းများတိုင်ပင်၍ ဘုရားသခင်ထံသို့ ပြန်ခဲ့ကြလေသည်။

မြတ်စွာဘုရားသည် ရဟန်း (၅၀၀)ပြန်ရောက်လာပြီး အကြောင်းစုံသိရသောအခါ ကမ္မဋ္ဌာန်းဘာဝနာများ ကျင့်ရန် ရဟန်း (၅၀၀)တို့ အတွက် ထိုတောအုပ်သည်သာ အသင့်မြတ်ဆုံးဖြစ်သည်ကိုသိမြင်တော်မူသဖြင့်အောက်ပါအတိုင်း မိန့်တော်မူ၏။

"ချစ်သားရဟန်းတို့ ထိုတောအုပ်သို့ပြန်၍တရားအားထုတ်ကြကုန်လော့၊ နတ်တို့က သင်တို့ကို မချောက်လှန့် စေရန် (မေတ္တာသုတ်)ပရိတ်တော်ကို ရွတ်ကြကုန်လော့။

ဤမေတ္တာသုတ်သည် သင်တို့အတွက် ပရိတ်အရံအတားလည်းဖြစ်သည်၊ ပွားများရန် မေတ္တာ ဘာဝနာ ကမ္မဋ္ဌာန်းလည်းဖြစ်ပေသည်ဟု ဟောတော်မူ၏။

သို့အတွက် ရဟန်း(၅၀၀)တို့လည်း ထိုတောအုပ်သို့ပြန်ကာ မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ဖတ်ပွားများကြ၏။ ထိုအခါ သစ်ပင်စောင့်ရုက္ခစိုးနတ်များလည်း ရဟန်းအပေါင်းတို့အား ချစ်ခင်လေးစားလာကြသဖြင့် ယခင်ကလိုချောက်လှန့်ခြင်း မပြုကြပေ။

ရဟန်း (၅၀၀)တို့လည်း အနှောက်အရှက် ကြောက်ရွံ့ထိတ်လန့်မှုများမရှိတော့၍ ကမ္မဋ္ဌာန်းဝိပဿနာဘာဝနာများကို အေးချမ်းစွာ အားထုတ်ရပြီး ရဟန္တာများအဖြစ်သို့ အားလုံးရရှိကြကုန်လေ၏။

ထို့ပြင် မေတ္တာ၏ အကျိုးသည်ကား လူတယောက်သည် နံနက်နေ့ညထမင်းအိုးတရာစီချက်၍ လှူ၏။ ထိုသူ၏ကုသိုလ်ထက် (ရှိ)— နွားနို့တညစ်စာ အချိန်ကာလမျှ (နံနက်၊ နေ့၊ ည)တနေ့ သုံးကြိမ် မေတ္တာပွားများသူက ကုသိုလ်ပို၍ အကျိုးကြီးသည်ဟု သံယုတ် ပါဠိတော်တွင် ဟောထားလေသည်။ ။

၃။ ။မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ဆွမ်းချက်မီးဖိုအနီး ထင်ခွဲနေသည့် ရဟန်းတပါးကိုမြွေကိုက်သဖြင့် ပျံလွန်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသိ၍ ချစ်သားရဟန်းတို့—

"ခန္ဓာသုတ် ပရိတ်တော်ဖြင့် ဝိရူပက္ခစသော နဂါးမြွေ လေးပါးတို့ကို မေတ္တာပို့သငြားအံ့၊ ထိုမြွေအပေါင်းတို့သည် ရဟန်းများကို မကိုက်ရာ၊

ရှေးပညာရှိတို့လည်း မြွေလေးပါးကို မေတ္တာများ ပို့သ၍၊ မြွေကိုက် ခြင်း ဘေးရန်မှ လွတ်ဘူးပြီဟု အတိတ်ဇာတ်ကို ဟော၏။

ဘုရားအလောင်း နူစဉ် ရသေ့ဘဝ၌ ဟိမဝန္တာ မြစ်ကွေ့အနီးတွင် တပည့်ရသေ့များ ခြံရံလျက် နေ၏။ ရသေ့အချို့မှာ မြွေကိုက် ပျံလွန် တော်မူရသဖြင့်။ မေတ္တာ ပို့ခိုင်းသဖြင့် နောင်တွင် မြွေရန်ဘေးမှ လွတ် ကင်းရကြောင်း (ခန္ဓနသုတ် ပရိတ်တော်) အရအတားကို ဟောတော် မူ၏။

ထိုအချိန်မှစ၍ ရဟန်း အပေါင်းတို့ မြွေကိုက်သည့် သေဘေးမှ လွတ် ကင်းကြ လေကုန်သတည်း။ ။

## (မောရသုတ်)။

၄။ မောရဇာတ်မှာ ဘုရားအလောင်း နူစဉ်က၊ ဗာရာဏသီပြည် အနီး ဒဏ္ဍက ရွှေတောင်၌ ရွှေအဆင်းနှင့် တူ၍ လှပတင့်တယ်သော ဥဒေါင်းမင်း ဖြစ်၏။

ဘုရားလောင်း ဥဒေါင်းမင်းသည် နံနက် အိပ်တန်းမှ ဆင်းသောအခါ ရွှေတောင်ထိပ်မှ နေမင်းကို ကြည့်လျက် (ဥဒေတယံစက္ခုမာ) စသောဂါထာ ဖြင့် ရှိခိုး၏။ ထို့ကြောင့် ရှေးက ပွင့်ခဲ့ကုန်သော ဘုရားရှင် အပေါင်းတို့ကို (ယေဗြဟ္မဏာဝေဒဂူ) စသော ဂါထာဖြင့် ရှိခိုးပူဇော်ကာ၊ အစာရှာထွက် မည့် နေရာတွင်လည်း ပရိတ် အရအတား ပြုပြီးမှ အစာရှာ၏။

ညနေ နေဝင်သည့် အခါ၌လည်း ဝင်အံ့ဆဲဆဲ ရှိသော နေမင်းကို ကြည့်လျက် (အပေတယံစက္ခုမာ) စသော ဂါထာဖြင့် ရှိခိုး၏။ ထို့နောက် ရှေးရှေး ဘုရားရှင် အပေါင်းတို့အား (ယေဗြဟ္မဏာဝေဒဂူ) စသော ဂါ ထာဖြင့် ရှိခိုးပူဇော်၏၊ အိပ်တန်းတွင်လည်း ပရိတ် အရအတား ပြုပြီးမှ အိပ်လေသည်။

ဘုရားလောင်း ဥဒေါင်းမင်း ထိုသို့ အမြဲဂါထာများ ရွတ်ပြီး နေလေရာ၊ ဘေးအန္တရာယ် အပေါင်းမှ ကင်းဝေး၍ အေးချမ်းစွာ နေရလေသည်။

တနေ့တွင် ဗာရာဏသီပြည် ဘုရင်ကြီး၏ မိဖုရားကြီး (ခေမာ)သည် ရွှေဥဒေါင်း၏ တရားကို နာကြားရသည်ဟု အိပ်မက်၌ မြင်မက်လေရာ ဘုရင်ကြီးကို အကြောင်းစုံ လျှောက်ထား၏။

ထိုအခါ ဘုရင်ကြီးလည်း မုဆိုးတို့ကို ခေါ်၍ ဥဒေါင်းမင်း ရှိရာကို ရှာ၍ ဖမ်းစေလေရာ၊ ဥဒေါင်းမင်းအား တွေ့ရ သော်လည်း ကျော့ကွင်းဖြင့် ဖမ်း၍ မမိနိုင်ပဲ ရှိလေသည်၊ ထိုနည်းဖြင့် အကြိမ်ကြိမ် ကြိုးစား ဖမ်းကြသော် နှစ်ပေါင်းများစွာ ကုန်လွန်၍ ၎င်းတို့ သေဆုံး ခဲ့ကြသည့်တိုင် ဖမ်းမမိပဲ ရှိလေသည်။

ခေမာမိဖုရားကြီး မှာလည်း ဥဒေါင်းမင်းကို မရသဖြင့် စွဲလန်း တောင့်တမှုကြောင့် သေလေ၏။ ဘုရင်ကြီးလည်း ဥဒေါင်းမင်း အတွက် မုဆိုးများလည်း ဖမ်းဆီးရင်း သေဆုံးခဲ့ကြသည့်ပြင် မိဖုရားကြီးပါ အသက်ဆုံးခဲ့ရသည့် အတွက် စိတ်နာကာ ဥဒေါင်းမင်းကို ရန်ညှိုး ဖွဲ့လေ၏။

ဟိမဝန္တာ အရပ်၌ ဒဏ္ဍကမည်သော ရွှေတောင်ရှိ၏၊ ထိုတောင်၌ ရွှေအဆင်းနှင့် တူသော ဥဒေါင်း၏ အသားကို စားရလျှင်၊ မအို၊ မနာ၊ မသေပဲ အသက်ရှည်နေနိုင်မည်ဟု ရွှေပြားတွင် ကဗျည်းရေးကာသေတ္တာနှင့် ထည့်၍ သိမ်းဆီး ထားခဲ့ထေသည်။

ထိုမင်း နတ်ရွာစံသော အခါ နောက်ဆက်ခံသော မင်းအပေါင်းတို့သည် ထိုရွှေပြားစာ အရ မုဆိုးများကို လွှတ်၍ ဥဒေါင်းမင်းကို ဖမ်းစေသော်လည်း မုဆိုးအပေါင်းတို့ ဖမ်းမမိပဲ၊ ဒဏ္ဍကတောင် အနီး၌သာ သေကြလေကုန်သည်။ ထိုနည်းဖြင့် မင်းပေါင်း (၆)ဆက်တိုင် မဖမ်းမိပဲရှိ၏။

(၇)ဆက် မြောက်သော မင်းလက်ထက်တွင်မှ တာဝန်ကျသော မုဆိုးသည် အသလွတ် ကျော့ကွင်းနှင့် ဖမ်းမရမှန်း သိ၍ ဥဒေါင်းမနှင့် မြှားဖမ်းသည်တွင်၊ ရွတ်နေကျ ပရိတ် ဂါထာတော်များ မရွတ်မိပဲ မေ့သဖြင့်၊ မုဆိုး ကျော့ကွင်း၌ အမိခံရလေ၏။

ထိုအခါ မုဆိုးလည်း ဘုရင်ထံ ဆက်လေ၏။ဥဒေါင်းမင်းသည် မသေပဲ

ဘုရင်အား တရားဟောကာ ၎င်း၏ ရွှေကျောင်းသို့ နောက်ဆုံး ပြန်သွားလေသည်။ ။

## (ဝဋ္ဋသုတ်)။

၅။ တနေ့သောအခါ မြတ်စွာဘုရားသည် ရဟန်း သံဃာတော်များနှင့်အတူ မဂဓတိုင်းအတွင်း ဒေသစာရီ ကြွချီတော်မူ၏။ တခုသော တောအုပ်ကို ဖြတ်ကြွနေစဉ် တောမီးကြီးစွာ လောင်နေသည်နှင့် ကြုံလေ၏။ ထိုအခါ တောမီးသည် ဘုရားသခင် ရှိရာသို့ ရောက်မလာပဲ၊ မြတ်စွာဘုရား၏ ဘေးပတ်လည် (၁၆)ပယ်စာ ဝေးသော အရပ်မှ ကွင်း၍ လောင်သွားလေသည်။

ဤအချင်း အရာကို မြင်သော ရဟန်းသံဃာ အပေါင်းတို့ အထူးတလည် အံ့သြကြ၍ ဘုရားသခင်အား လျှောက်ထား မေးမြန်းကြလေသည်။

ထိုအခါ မြတ်စွာဘုရားက၊ ဤအရပ်ကို မီးကွင်းသည်မှာ၊ ငါဘုရား၏ ယခုဘဝ ဘုန်းတော် အစွမ်းကြောင့် မဟုတ်၊ ငါ၏ ရှေးနုစဉ် အလောင်းတော် ဘဝက ပြုခဲ့သော သစ္စာ၏ စွမ်းအားကြောင့်သာ ဖြစ်သည်၊ ဤနေရာကား ကမ္ဘာ့တသက် မီးလောင်တော့မည် မဟုတ်၊ (ကပ္ပဋ္ဌိတ်) တန်ခိုး ပြာဋိဟာ ဖြစ်သည်ဟု ဟောတော်မူ၏။

ရဟန်းသံဃာတို့၏ လျှောက်ထား၊ တောင်းပန်ချက်အရ (ဝဋ္ဋသုတ်) အောက်ပါ ငုံးမင်းဇာတ်ကို ဟောတော်မူ၏။

ဤဘဒ္ဒကမ္ဘာ၌အလောင်းတော် ငုံးမင်းဖြစ်စဉ်၊ ဥမှ ပေါက်စ၌၊ ဤနေရာ၌ တောမီးကြီး လောင်ခဲ့သည်။ ထိုအခါ အခြားတိရစ္ဆာန် တို့သည် မီးဘေးမှ လွတ်ရာသို့ ပြေးကြ၏။ အလောင်းတော်၏ မိဘတို့လည်း မီးကြီး နီးလာသဖြင့် အလောင်းတော် ငုံးမင်းကို စွန့်ခွာကာ ပျံသန်း သွားကြကုန်၏။

အလောင်းတော်မှာ ဥမှ ပေါက်စဖြစ်၍ အတောင် ဖြင့်လည်း မပျံနိုင်၊ ခြေထောက်နှင့်လည်း မပြေးနိုင်ပဲ တကောင်တည်း အားကိုးရာမဲ့ ဖြစ်နေ၏။ ဤအခိုက် အလောင်းတော်၌ ရှေးရှေး ဘဝ ကျင့်ကာ ဖြည့်ဆည်း

ခဲ့ဘူးသော ပါရမီများက နှိုးဆော်မှုကြောင့် ၎င်း၌ အားကိုးရာ သစ္စာတရား ရှိနေသေးကြောင်း သတိရလာကာ—

(သန္တိ ပက္ခာအပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ၊

မာတာပိတာစနိက္ခန္တာ၊ ဇာတဝေဒပဋိက္ကမ)။

ငါ့၌ အတောင်များ ရှိနေ၏၊ ပျံကား မပျံနိုင်၊ ငါ့၌ ခြေထောက်များ ရှိနေ၏။ သွားကား မသွားနိုင်၊ ငါ့မိငါ့ဘတို့လည်း အသက်ဘေးမှ လွတ်ရာသို့ ထွက်ပြေး ကြလေကုန်ပြီ၊ အိုတောမီး၊ ဤမှန်သော (သစ္စာ စကားကြောင့်) ငါ့အား ရှောင်လော့။

ထိုကဲ့သို့ ငါဘုရား အလောင်းတော် ငုံးမင်းဘဝက သစ္စာ ပြုလိုက်သည်နှင့် တပြိုင်နက်၊ တောမီးကြီးကို ရေဖျန်းလိုက်သော အခါ ငြိမ်းသွားဘိသကဲ့သို့၊ (၁၆)ပယ်စာ အကွာအဝေး တိုင်အောင် ရှောင်ကွင်း ငြိမ်းအေးသွားလေသည်။

ဤငါ၏ သစ္စာနှင့်တူသော တရားကား မရှိပြီ၊ ဤသစ္စာပြုမှုသည်၊ ယခု ငါဘုရားအဖြစ် အထွဋ်အထိပ် ရောက်လာရသော သစ္စာပါရမီများ ဖြစ်တော့သည်။ ။

## (ဓဇဂ္ဂသုတ်)။

၆။ မြတ်စွာဘုရားသည် လူတို့ နတ်သကြားများကို ကိုးကွယ် ပူဇော်နေခြင်းများ အကျိုးမရှိကြောင်းကို မြင်သဖြင့်၊ ရာဂ၊ ဒေါသ၊ မောဟ၊ ကိလေသာ အညစ်အကြေးများ ကင်းစင်သည့် ဘုရား၊ တရား၊ သံဃာ စသည့် (ရတနာ သုံးပါး)ကို ကိုးကွယ် အားထားရန် (ဓဇဂ္ဂသုတ်) ပရိတ်တော်ကို ဟောတော်မူခြင်း ဖြစ်၏။

ဤဓဇဂ္ဂသုတ်၏ အမွမ်း၌ ရှေး ဆရာတော်ကြီး များက၊ ဤသုတ်ကို ရွတ်ဖတ် ကြားနာသူ၊ ကျင့်ကြံသူများကို မဆိုထားနှင့်၊ ဤသုတ်ကို အောင့်မေ့ သတိရရုံမျှဖြင့် (ဓဇဂ္ဂသုတ် တန်ခိုး)ကြောင့်၊ လူတို့သည် မြေပြင်မှာကဲ့သို့၊ ကောင်းကင်ပြင်၌ အသလွတ် ရပ်တည်နိုင်သည်ဟု ဆိုထားလေသည်။

တခါတွင် သီဟိုဠ်ကျွန်း (ဒီဃဝါပီ စေတီ၌) အင်္ဂတေများ အချောကိုင်နေစဉ်၊ ရဟန်းတော် တပါးသည် စေတီ အထက်ဖျားမှ လိမ့်ကျလာ၏။

ထိုအခါ အောက်မှ ကြည့်နေသော ရဟန်း အပေါင်းတို့က—

'ငါ့ရှင် ဇဇ္ဇသုတ် ပရိတ်ထို ဆင်ခြင် အောင့်မေ့ပါဟု၊ လှမ်းအော်ကာ သတိပေးကြ၏။

ထိုအခါ ကျလာသော ရဟန်းကအထိတ်တလန့်ဖြင့်၊ 'ဓဇဂ္ဂ ပရိတ္တာ ရက္ခတု' ဓဇဂ္ဂ ပရိတ်သည် ငါ့အား စောင့်ရှောက်ပါစေ အတည်းဟု ရွတ်လိုက်၏။'

ထိုအခိုက် စေတီမှ အုတ်ချပ်ပြား နှစ်ခုသည်၊ အပြင်သို့ ချက်ချင်းထွက်လာပြီး၊ လှေကားထစ်ကဲ့သို့ ဖြစ်ကာ ရဟန်းငယ်ကို အောက်မှ မခံသည် ဆို၏။

ထိုအခါ အခြား ရဟန်းတော်များက၊ ကြိုးလှေကားလုပ်၍ ထိုရဟန်းငယ်အား ကယ်တင်လိုက်သည်နှင့် တပြိုင်တည်း၊ မူလအတိုင်း စေတီအတွင်း ပြန်ဝင်သွားသည် ဆို၏။

ထို့ကြောင့် လိမ္မာကျသော ရဟန်းငယ် မှာလည်း အသက်ဘေးမှ ဓဇဂ္ဂ ပရိတ်အစအန တန်ခိုးဖြင့်ပင် အသက်ချမ်းသာ ရသွားလေသတည်း။

ဤသုတ်၌ မြတ်စွာဘုရားက—

'အရညေ ရုက္ခမူလေဝါ၊

သုညာဂါရေဝ ဘိက္ခဝေါ။

အနုဿရေထသမ္ဗုဒ္ဓံ၊ ဘယံတုမှာက နေသိယာ'။

ရဟန်းတို့၊ တောအရပ် သစ်ပင်ရင်း စိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်ကုန်သော သင်တို့သည်၊ ငါဘုရားကို အဖန်ဖန် အောင့်မေ့ ကြကုန်လော့၊ ဤသို့ အောင်မေ့သော သင်တို့အား ကြောက်ရွံ့ တုန်လှုပ် ထိတ်လန့်ခြင်း များ မဖြစ်လတန့်။ ။

## (အင္ဂုနာဋိယသုတ်)။

၇။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းတော်မူစဉ် နတ်မင်းကြီး လေးယောက်တို့သည်၊ ဘီလူး၊ ဂန္ဓဗ္ဗ၊ ဂနဗ၊

စသည်တို့ကို မြို့တံခါးလေးဘက်တွင် အစောင့်ထားလျက် ဘုရားထံ လာရောက်ကြ၏။

ထိုအခါ ဝေသာလီ နတ်မင်းကြီးက လျှောက်ထားရာ၌—

'အရှင်မြတ်ဘုရား၊ အချို့သော ဘီလူးတို့သည်၊ ဘုရားရှင်အား မကြည်ညိုကြကုန်၊ တောကြောင်း၌နေသော ရဟန်းတို့အနီးတွင် ဘီလူးများ ရှိတတ်ပါသည်။ ထိုဘီလူးများ သာသနာကိုကြည်ညိုစေရန်၊ မြတ်စွာဘုရားသည် ရဟန်းတော်များနှင့် လူတကာအပေါင်းတို့အား၊ အာဋာနာဋိယသုတ်ကိုသင်ပေးတော်မူပါဘုရားဟုလျှောက်ထားလေသည်။ဘုရားရှင်က ဆိတ်ဆိတ်နေ၍ လက်ခံတော်မူ၏။

ထိုအခါ ဝေသာလီနတ်မင်းကြီးသည် ဘုရားရှင် လက်ခံ မှန်း သိသဖြင့် အာဋာနာဋိ မည်သောနတ်မြို့တော်၌ဖွဲ့ဆိုသီကုန်းခဲ့သည်ဖြစ်၍ အာဋာနာဋိ မည်သော (ဝိပဿိဿစနမတ္ထု) စသော အစောင့်အရှောက် ဂါထာကို လျှောက်ဆိုလျှောက်ထား၏။

ဤသုတ်ကို ရွတ်သော ရဟန်းတော်များနှင့် လူအပေါင်း တို့အား ဘီလူး၊ ဂန္ဓဗ္ဗ၊ ဂန္ဓဗ္ဗ၊ နဂါးတို့က ပူးဝင်ဖမ်းစားကြပါက၊ ၎င်းတို့သည် နတ်မင်းကြီးအပေါင်းတို့၏ အမိန့်ကိုဆန့်ကျင်မနာခံသူများ ဖြစ်ပါမည်၊ ထိုအခါ ဤဂါထာကို ရွတ်၍ ကျွန်ုပ်တို့ကိုတိုင်တန်းပါ ဘုရားဟူ၍ လျှောက်ထားပြီး နတ်ပြည်သို့ ပြန်သွားကြလေ၏။

နံက်မိုးလင်းသောအခါ မြတ်စွာဘုရားလည်းနတ်မင်းကြီးများလျှောက်ထားသည့်အတိုင်း ရဟန်းတော်များပြန်ဟော၍၊ အဋ္ဌာနာဋိယ ပရိတ်အရံအတားကို သင်ယူဆောင်ထားလော့၊ ရဟန်းနှင့်လူတို့ချမ်းသာစွာ နေရန် အကာအကွယ် အစောင့်အရှောက်ဖြစ်မည်ဟု ဟောတော်မူလေ၏။

ရှေးဆရာတော်ကြီးများက၊၎င်းအညွှန်းတွင်ဤ(အာဋာနာဋိယ)သုတ်သည် နတ်စစ်သူကြီးများအား တိုင်တန်းသည်ဖြစ်၍ အလွန်အာဏာပြင်းထန်သည့်အတွက်၊ အကယ်၍ ဘီလူး၊ သရဲ၊ ဖုတစ္ဆေများ ဖမ်းဆီးခြင်း ခံရလျှင် အခြားပရိတ်များကို အရင်ရွတ်ရမည်ဟုဆို၏၊ ထိုပရိတ်များနှင့် ရွတ်မရပါမှ ဤ(အာဋာနာဋိယသုတ်ပရိတ်)ကို ရွတ်ပါဟု၊ သုက်ပါယေယျအဋ္ဌကထာတွင် ပြထားလေသည်။

ထို့ကြောင့် ဤအာဋ္ဌာနာဋိယ သုတ်ရွတ်ဖတ်ခြင်းမှာ အပ ပယောဂါများ မိမိမှုကင်းရှင်းသွားရန်အတွက် အာဏာအပြင်းဆုံးဟု သိမှတ်ရပေမည်။

## (အင်္ဂုလိမာလသုတ်)။

(၁)။ ။အင်္ဂုလိမာလသုတ် ပရိတ်ကိုမဇ္ဈိမပဏ္ဏာသမှ မီးမဖွားနိုင်သော အမျိုးသမီးများမီးဖွားနိုင်ရန်ထုတ်နုတ်ထားခြင်းဖြစ်သည်။

အင်္ဂုလိမာလသည် ကောသလမင်းကြီး၏ အကြံအစါပေး၊ ပရောဟိတ်ပုဏ္ဏားကြီး၏သားဖြစ်သည်။ ငယ်မည်မှာ (အဟိံသက)ဖြစ်၏။

အဟိံသက မွေးဖွားစက တိုင်းပြည်လုံးရှိ လက်နက်များပြောင်ပြောင်တောက်သောကြောင့်၊ ထိုကိုအစွဲပြုပြီး ဘခင်ပရောဟိတ်က ကြီးလာလျှင်ခိုးသူကြီးဖြစ်မည်ဟု နမိတ်ဖတ်လေ၏။

အရွယ်ရောက်၍ ဟိံသကကို တက္ကသိုလ်ဆရာကြီးထံ ပညာသင်စေလွှတ်သောအခါ။ ဆရာကြီးက အလွန်အရေးပေးလေရာ၊ အခြား တပည့်များက မနာလိုကုန်းချောကြသဖြင့် ဆရာကြီးက ယုံကြည်သွားရာ၊ ဆရာကြီးက ဟိံသကို သေစေရန် ပရိတ်ယာယ်သုံးလေသည်။

၎င်းအားခေါ်၍ အဟိံသက နောက်ထပ် ထူးခြားသော ပညာသင်ကြားမှုအထောက်အကူ ရရေးအတွက် လူပေါင်း (၁၀၀၀)တထောင် ပြည့်အောင်သတ်ရမည်။ အကယ်၍ မသတ်လျှင် ထိုပညာ၏ အကျိုးကို ခံစားရမည်မဟုတ်ဟု အမိန့်ရှိလေသည်။

အဟိံကလည်း ပထမတွင် ငြင်းဆန်လိုသော်လည်း။ ပညာတတ်လိုလှ၍ ဆရာကြီးပြောသည့်အတိုင်း တောသို့သွားကာ တွေ့သမျှ လူအပေါင်းကိုသတ်လေ၏။ ပထမတွင် လက်ညှိုးများကို သစ်ခေါင်း၌ ပုတ်တို့၌ ထားရာ ငှက်တို့ ထိုးသုတ်စားကြသဖြင့်၊ ၎င်းနောက်သတ်ပြီးသူများ၏ အရေအတွက် ... လက်ညှိုးများကို ဖြတ်ကာ ကြိုးဖြင့် သီကုန်းလျက် လည်ပင်းတွင် ဆွဲထားလေသည်၊

ထိုအချိန်မှစ၍၊ "လက်ညှိုးပန်းကုန်းရှိသူ" (အင်္ဂုလိမာလ)ဟု အမည်တွင်လေသည်။ တောတွင်းသို့ လူမလာသောအခါ ရွာအတွင်းသို့ဝင်၍သတ်၏ သို့ဖြင့် အင်္ဂုလိမာလ ခိုးသူကြီး အကြောင်း ဘုရင့်နားပေါက်လေ၏။

ထိုအခါ ကောသလမင်းကြီးသည် အင်္ဂုလိမာလကို ဖမ်းဆီးရန် စစ်တပ်များကို စေလွှတ်မည်ဟု ပြောကြားရာ၌၊ ၎င်းမိခင်ကြီးမှာ သားအတွက် စိတ်မကောင်းသဖြင့် အင်္ဂုလိမာလ နောက်သို့ လိုက်ကာ သတိပေးလေသည်။

အင်္ဂုလိမာလမှာလည်းလူပေါင်း(၁၀၀၀)ပြည့်ရန်လက်ညှိုးတချောင်း သာလိုတော့သည်ဖြစ်ရာ၊ မအေကိုတွေ့သည်တွင်၊ မအေကို သတ်ရန် 'လိုက်လေ၏။

မြတ်စွာဘုရားလည်း ကယ်တင်ရမည့်သူများကို ကြည့်တော်မူရာ၊ အင်္ဂုလိမာလသည် မိခင်ကို သတ်မိပါက၊ အဝီစိငရဲရောက်အောင်ပင်ကံကြီး (အနန္တရိယကံ) ထိုက်တော့မည်ကိုသိသဖြင့်၊ အင်္ဂုလိမာလရှိရာ တောထဲသို့မြတ်စွာဘုရားကိုယ်တိုင် ကြွသွားလေသည်။

ထိုအခါ အင်္ဂုလိမာလသည် မအေကိုသတ်ရန် လိုတ်နေရာမှ မြတ်စွာဘုရားကိုတွေ့သဖြင့်၊အမိကိုထားကာ ဘုရားသခင်အား အပြေးလိုက်သေသည်။ ဘုရားသခင်၏ တန်ခိုးတော်အရ လိုက်၍မမှီသောအခါ အင်္ဂုလိမာလမှာ ခါတိုင်းနှင့်မတူပဲ အံ့အားသင့်သွားလေ၏။

မမှီသဖြင့် အင်္ဂုလိမာလက အသင်ရဟန်း ရပ်လေဟုပြော၏။ မြတ်စွာဘုရားကလည်း ငါရပ်နေ၏၊ သင်သာမရပ်ပါဟုပြော၏။ဘုရားဖြည်းဖြည်းကြွနေပါလျက် မိမိမည်သို့မှ ပြေး၍လိုက်မမှီသောကြောင့် အလွန်မောပန်းကာ—

"အရှင်ရဟန်းသည် ပြေးနေပါလျက် ရပ်နေသည်ဟုဆို၏။ကျွန်ုပ်ကား လိုက်မမှီခြင်ပါ၊ အဘယ်ကြောင့် အလွဲလွဲအမှားမှား ပြောလေသလော ဟု မေးရာ"

ငါကား သတ္တဝါတို့အား သတ်ဖြတ်ခြင်း ဒုစရိုက်မှုမှ ကင်းရှင်း၍ ရပ်နေသူဖြစ်သည်။ သင်သာ သတ္တဝါတို့အား အမြဲသတ်ဖြတ်နေသော ဒုစရိုက်မှုများကို ကြူးလွန်နေသူဖြစ်၍ ပြေးနေသူဖြစ်ချေ၏။ မှားလေစွဟု မိန့်တော်မူလေ၏။

ထိုသို့မိန့်သဖြင့် အင်္ဂုလိမာလမှာ တရား၊ သံဝေဂရပြီး မြတ်စွာဘုရား ရှေ့တော်၌ ဒူးထောက်၍ ရဟန်းပြုပေးရန် ခွင့်ပန်လေသည်။ မြတ်စွာဘုရား က ခွင့်ပြုခြင်း (ဧဟိဘိက္ခု)ခေါ်တော်မူသည်နှင့်ပရိက္ခရာအစုံနှင့်တကွခေါင်း ကတုံးပါရိတ်ပြီးဖြစ်၍ ချက်ခြင်း ရဟန်းဖြစ်သွားလေသည်။

နောက်နောင်သောနေ့များ၌ အရှင်အင်္ဂုလိမာလ မြို့တွင်းသို့ ဆွမ်းခံ ဝင်လျှင်။ မြင်မြင်သမျှသော လူအပေါင်းတို့သည်၊ ဤသူပင် ငါတို့ အဘကို သတ်၏။ ငါတို့သားကိုသတ်၏။ စသည်ဖြင့် ပြောဆိုကြလျက်အချို့ အိမ်တံခါး များကို ပိတ်လင့်ကုန်သည်၊ အချို့လည်း ရှောင်ထွက်ပြေးကြကုန်၏။

အချို့ လူတို့ကမူ အုတ်ပဲ့ ဒုတ်တို့ဖြင့် ပစ်ပေါက်ကြကုန်၏။ တစုံ တခု သောလူ့ဘွယ် ဝတ္ထု ဆွမ်းစသည် တစွန်းတလေမျှကိုပင် လောင်းလှူခြင်း မပြု ကြလေကုန်။ ။

ကျောင်းသို့ ပြန်ရောက်သည့်အခါအခြားရဟန်းတို့ကသာဆွမ်းကိုမျှတ ပေး၍သုံးဆောင်ရကုန်၏။

ထိုအကြောင်းကိုမြတ်စွာဘုရားသခင် သိတော်မူသော်၊ အင်္ဂုလိမာလကို ခေါ်တော်မူ၍–

“ချစ်သားအင်္ဂုလိမာလ၊သင့်ကိုပြည်သူပြည်သားတို့သည်၊အံသွားတခဲခဲ ဖြင့် ပြေးလွှား ရှောင်ကြခြင်း၊ တစုံတခု ယာဂုဆွမ်းကိုမျှ မလှူဒါန်းကြခြင်း၊ ဟူသော အကျိုးသည်။ ယခုဘဝ၌ လူတထောင်ကို သင်သတ်ခဲ့သော ပါဏာ တိပါတကံ၏ ဒိဋ္ဌဓမ္မ အကျိုးပေးလေပြီ၊ သင်၏သန္တိ၌ဥပပတ္တဝေဒနီယ စေတ နာသည်လည်းကောင်း၊ အလယ်ဇော ဟူသော အပရာပရိယ စေတနာ သည်လတ်းကောင်း၊ အဟောသိကံ (အကျိုးမဲ့)သာ ဖြစ်လေကုန်ပြီ၊ ဟု တရားဓမ္မ များကို ပြတော်မူ၍ အသက် မွေးရခြင်း လွယ်စေသောငှာ အောက်ပါ ဂါထာတော်ကို ဘုရားသခင်က သင်ကြားပေး သနားတော် မူလေသည်။

ထိုအခါ အရှင်အင်္ဂုလိမာလလည်း ဤပရိတ်တည်း ဟူသော ဆေး ဖြင့်သာ မီးမဖွား နိုင်သော မာတုကာမတို့အား ပရိတ်တရားကို ဟော၍ အသက်ချမ်းသာ ဝမ်းမြောက်စေ၏။ထိုအခါ ဒါယကာ ဒါယိကာမ အပေါင်း တို့လည်း အရှင်အင်္ဂုလိမာလသည် တန်ခိုး ကြီးပေစွဟု သဒ္ဓါပသန္န ဖြစ်၍ ဝတ္ထုပစ္စည်း ဆွမ်း စသည်တို့ကို လှူဒါန်း ကြကုန်လေသည်။

အင်္ဂုလိမာလထေရ်သည် ဘုရား၏ အမိန့်တော် အတိုင်း မီးမဖွားနိုင်သော အမျိုးသမီးထံသို့ ကြွသွားကာ—

'ယတောဟံ ဘဂိနိအရိယာယ ဇာတိယာ ဇာတော၊ နာဘိဇာနာမိ သိဉ္စိစ္စ ပါဏံဇီဝိတာဝေါ ယောပေတာ၊ တေနသစ္စေန သောတ္ထိ တေဟော ထုသောတ္ထိ ဂဗ္ဘဿ။'

'နှစ်မ၊ ငါသည် အရိယာဇာတ် ဖြစ်သော နေ့မှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါကို မသတ်ခဲ့ဘူး၊ ဤသစ္စာ စကားကြောင့် သင်၏ ရောဂါလေးပါး ချမ်းသာပါစေ။'

ထိုသို့ သစ္စာပြုပြီးသည်နှင့် တပြိုင်နက်၊ ကိုယ်ဝန်မှ အလွယ်တကူ မွေးဖွားပြီး။ မိခင်ရော ကလေးပါ အသက်ချမ်းသာရာ ရသွားလေ၏။

ထိုအင်္ဂုလိမာလမထေရ် (ရဟန်း) သစ္စာပြုထားသည့် နေရာ၌ ခုံတခု ပြုလုပ်ထားရာ သားမဖွားနိုင်သူများကို ခုံပေါ်တင်လိုက်ပါက အလွယ်တကူပင် သားဖွားတော့၏။ တခါတလေ ကိုယ်ဝန်မိန်းမကို သယ်ယူရန် မလွယ်ကူသည့် အခါများ၌၊ ထိုခုံကို ရေဆေးကာ ထိုဆေးသည့် ရေနှင့် ကိုယ်ဝန်သယ်အား ခေါင်းမှ ပြန်လောင်းချလိုက်လျှင် အလွယ်တကူပင် ဖွားလေ၏။

ဤနေရာ၌ သားဖွား လွယ်ကူရုံသာ မဟုတ်၊ အခြား ရောဂါများလည်း ပျောက်ကင်း၍၊ တကြိမ်သာ သစ္စာပြုထားသော ဤနေရာ၌ ကမ္ဘာတသက်လုံး တန်ခိုး ရှိနေသည်ဟု မဇ္ဈိမနိကာယအကထာတွင် ဖွင့်ဆိုထားလေသည်။

## (ဗောဇ္ဈင်္ဂသုတ်)။

၄။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ်၊ ဝိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးနေတော် မူသော (အရှင်မဟာ ကဿပ) မထေရ်သည် မကျန်းမမာ ဖြစ်တော်မူ၏။ ထိုအခါ ဘုရားရှင် သိသဖြင့် ကိုယ်တော်တိုင် ကြွရောက်ကာ (ဗောဇ္ဈင် -၇- ပါး) တရားတော်ကို ဟောတော်မူ၏။ ၎င်းဗောဇ္ဈင် တရားကို နာရပြီးနောက် ရှင်မဟာကဿပမှာ ကျန်းမာနေကောင်း သွားလေ၏။

ထို့နောက် မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်တွင် သီတင်း သုံးနေတော်

မှုစဉ် (အရှင်မဟာ မောဂ္ဂလာန် မထေရ်) မကျန်းမမာ ဖြစ်ပြန်၏။ ထိုအခါ၌လည်း ဘုရားရှင် ကိုတ်တော်တိုင်ပင် ဗောဇ္ဈင်သုတ်ကိုဟောတော် မူသည်၊ တရားနာပြီး ရှင်မောဂ္ဂလာန်လည်း ကျန်းမာသွား၏။

၎င်းပြင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် (ဝေဠုဝန် ကျောင်းတော်၌) သီတင်းသုံးနေတော် မူသောအခါတွင် မကျန်းမမာ ဖြစ်တော်မူ၏၊ ထိုအခါ ဘုရားသခင်သည် (ရှင်စုန္ဒ)အား ဗောဇ္ဈင် တရားကို သင်ပေးကာ ၎င်းအနီး၌ ရွတ်ဆိုရန် မိန့်တော်မူ၏။

မြတ်စွာဘုရားလည်း ရှင်စုန္ဒ ရွတ်ဆိုသော ဗောဇ္ဈင်တရား ကြားနာပြီးနောက်၊ ဝေဒနာများ ပျောက်ကင်း ကျန်းမာ သွားလေ၏။

ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တိုင်ပင် ဗောဇ္ဈင် ပရိတ်တရားတော်ကို နာကြားပြီး ရောဂါ ပျောက်ကင်းသည်ဟု မှတ်ရပေမည်။

အထက်ပါ အကြောင်း အားလုံးကို ထောက်သဖြင့် ပရိတ်တော်၏ တန်ခိုးတော် များမှာ မည်မျှ ထင်ရှားကြောင်း သိသာလေပြီတည်း။ ။

*　　*　　*

*　　*　　*

(ပရိတ်ရွတ်နည်း)။

လောက၌ သေခြင်းထရား ဟူသည် အတုမရှိသော မြတ်စွာဘုရားနှင့် ရဟန္တာများပင် မလွတ်ကင်း၍ ပုထုဇဉ် လူသားများအဖို့ ဆိုဘွယ်ရာ မရှိပါချေ။

သို့သော် သက်ရှိ သတ္တဝါများ အဖို့တော့အချိန်တန်၍ (ကံကုန်၍) ရိုးရိုး ဖျားနာကာ မသေရပဲ၊ ထိခိုက် ဒဏ်ရာရ၍သော် လည်းကောင်း၊ ရန်သူ အမျိုးမျိုး၏ ပယောဂ များကြောင့်သော် လည်းကောင်း၊ မချိမဆန့် သေချင်းဆိုးနှင့် သေရခြင်းဟူ၍ (၂)မျိုးရှိပါသည်။

ဘုရားဟော ပရိတ်တော် များသည်၊ သေချိန် မရောက် (ကံမကုန်)ပဲ

သေသူများနှင့် (ပဋ္ဌာနန္တရိယကံ) ထိုက်ခြင်း မခံရသူများ အတွက်၊ အရံ အတား အကာအကွယ်များ အဖြစ် အလွန်အသုံးဝင် အရာ ရောက်လှပေသည်။

မသေနိုင်သော လူမမာ (ကံမကုန်) သေချိန် မရောက် သေးသော လူမမာများသည် ရောဂါဝေဒနာကို (ဆေးစားလျှင်) ကြာရှည် မခံရသကဲ့သို့၊ ဘုရားဟော ပရိတ်တော်များကို ရွတ်ဖတ် သရဇ္ဈာယ်မှု များမှာလည်း လူသားတို့အတွက် ရောဂါများနှင့် အနှောက်အယှက် ဘေးဥပါဒ် အန္တရာယ်များ အမြန် ကင်းရှင်း စေသည်မှာ အလွန် ထင်ရှားစွာ ပြခဲ့ပြီး ဖြစ်လေသည်။

သို့သော် ပရိတ်ရွတ်သူနှင့် ပရိတ် နာသူများသည်အောက်ပါ အချက်များနှင့် ညီညွတ်ပါက ပို၍ အကျိုး ရှိပေလိမ့်မည်။

**ပရိတ်သူသည်—**

၁။ ပရိတ် ပါဠိတော်များကို ပီပီသသနှင့် စာပိုဒ် အဖြတ် အတောက် များကို မှန်ကန်စွာ ဖြတ်တောက် ရွတ်ဖတ်နိုင်ခြင်း။

၂၊ မိမိ ရွတ်ဖတ် နေသော ပရိတ် ပါဠိများ၏ မြန်မာ အနက် အဓိပ္ပာယ် များကို နားလည်ပြီး ဆင်ခြင် အောင့်မေ့နိုင်ခြင်း၊

၃။ ပရိတ်တရား နာသူများအား အမှန် ရောဂါ အန္တရာယ်များ ကင်းစေရန် မေတ္တာထား၍ ရွတ်ဖတ် ရပေမည်။

**ပရိတ်နာသူသည်—**

၁။ ပဋ္ဌာနန္တရိယကံ (ကံကြီးငါးပါး)ထိုက်ခြင်း မခံရသူ ဖြစ်ခြင်း၊ (ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ တို့ကို ပစ်မှား ကျူးလွန် ထားသူ မဟုတ်ခြင်း)။

၂။ ကံ၊ ကံ၏အကျိုးကို ယုံကြည်၍ သမာဒိဋ္ဌိ မှန်ကန်သော အယူရှိခြင်း။

၃။ မြတ်စွာဘုရား၏ ပရိတ်တရားတော် များကို နာကြားရသဖြင့် ဝမ်းသာပီတိ ဖြစ်ကာ၊ မိမိတို့၌ အမှန်တကယ် ရောဂါ ဘေး ဥပါဒ် အန္တရာယ်များ အမြန် ကင်းရှင်း ပပျောက်သွားမည်ဟု ယုံကြည် စိတ်ချခြင်း။

ပရိတ်ရွတ်သူနှင့် ပရိတ်နာသူ များမှာ ထိုအချက် များနှင့် ပြည့်စုံပါက၊ ပြောခဲ့သည်ထက် ပို၍ ရောဂါဘေးဥပါဒ် အန္တရာယ်များ အမြန် ကင်းရှင်းကြမည် ဖြစ်ကြောင်း တိကျစွာ ရေးသား အပ်ပေသည်။ ။

* * *

## (ဥပုသ်စောင့်နည်း အမျိုးမျိုး)။

ဒါန–ပေးကမ်း၊ စွန့်ကြဲ လှူဒါန်းခြင်း။ သီလ– ဥပုသ် ဆောက်တည်ခြင်း။ ဘာဝနာ– သမထ ဝိပဿနာ တရားများကို အောင့်မေ့ ပွားများခြင်းတို့ ဖြစ်သည်။

### ၁။ **အရိယာဥပုသ် မျိုး (၆)ပါး။**

၁။ ဗြဟ္မုပေါသထ – မြတ်စွာဘုရား၏ ဂုဏ်တော် များကို ဆင်ခြင် စောင့်သုံးသော ဥပုသ်။

၂၊ ဓမ္မုပေါသထ – တရားတော်၏ ဂုဏ် များ ကို စောင့်သော ဥပုသ်။

၃။ သံဃုပေါသထ – သံဃာတော်တို့၏ ဂုဏ်တော်များကို စောင့်သော ဥပုသ်။

၄၊ သီလုပေါသထ – မိမိ စောင့်သော သီလဂုဏ် များကို စောင့်သော ဥပုသ်။

၅။ ဒေဝပေါသထ — နတ်တို့ကို သက်သေ ပုံထားပြီး မိမိ စောင့်သော သီလဂုဏ်များကို စောင့်သော ဥပုသ်။

၆။ အဌင်္ဂီကုပေါသထ — သူ့အသက်ကို သတ်ဖြတ်ခြင်းစသောဒုသီလ အကျင့် များမှ ရှောင်၍ (၈)ရှစ်ပါး သီလကို ရိုသေစွာ စောင့်သော ဥပုသ်။

## ၂။ လူအများ ဆောက်တည်ကြသည့် ဥပုသ်မျိုး (၃)ပါး။

၁။ နိဂဏ္ဌဥပုသ် — ဒိဌိတို့ စောင့်သည့် ဥပုသ်မျိုး။ ပုံ–မိုင်တရာ အတွင်း၌ ရှိသော သတ္တဝါကိုသာ သတ်ပါမည်၊ စသည်ဖြင့် သိက္ခာပုဒ်ကိုသာ ဆောက်တည်၏။ (အပြစ်ရှိသည်)။

၂။ ဂေါပါလဥပုသ် — သီလဥပုသ် ခံယူပြီး ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူး တော်ကို မအောင့်မေ့ မပွားများပဲ၊ စားဝတ်နေမှု အစုစုတို့ကိုသာ ကြံစည် အောင့်မေ့ ပွားများ နေသော ဥပုသ်မျိုး။ (နည်းသော အကျိုးပေး၏)။

၃။ အရိယာဥပုသ် — ဥပုသ် စောင့်တည် ပြီးလျှင်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဖြစ်သည့် လက္ခဏာကြီး သုံးပါးနှင့် အသုဘ တရားတို့ကို ဆင်ခြင် စဉ်းစားခြင်း၊ ရတနာ သုံးပါး၏ ဂုဏ်တော်များကို အောင့်မေ့ ပွားများခြင်း များစွာ အကျိုးရှိ၏။

## ၃။ (တနည်း) လူတို့ ဥပုသ်စောင့်နည်း (၄)မျိုး။

၁။ ပကတိဥပုသ် — ရှစ်ရက်၊ လပြည့်၊ လကွယ်တို့၌ စောင့်သည့် ဥပုသ်၊

၂။ ပတိဇာဂရဥပုသ် — အဖိတ်စသည့် အကြို၊ အပို စောင့်သော ဥပုသ်။

၃။ အခိဌာန်ဥပုသ် — ရက်၊ လ နှစ်၊ ပိုင်းခြား ဆောက်တည်သော ဥပုသ်။

၄။ ပါဋိဟာရိယ ဥပုသ် — အထွက်တရက် နေ့၌ စောင့်သော ဥပုသ်။

(စတုတ္ထနိပါတ် အင်္ဂုတ္တရ ပါဠိတော်)

၄။ ရဟန်းတော်များနှင့်ဆိုင်သောဥပုသ်(၉)ပါး။

၁။ စတုဒသီဥပုသ်။
၂။ ပန္နရသီဥပုသ်။
၃။ သာမဂ္ဂီဥပုသ်။
၄။ သံဃဥပုသ်။
၅။ ဂဏဥပုသ်။
၆။ ပုဂ္ဂလဥပုသ်။
၇။ သုတ္တုဒ္ဒေသဥပုသ်။
၈။ ပါရိသုဒ္ဓိဥပုသ်။

*　　　*　　　*

(ဒါနပြုနည်း အပုံပုံ)။

**၁။ စေတနာသုံး(၃)တန်။**

အလုပ်တခုလုပ်ရာ၌ စေ့ဆော်ခြင်းတရား သုံးပါးဖြစ်၏။ (ဤအချက်များ ဖြောင့်မှန်စင်ကျယ်ရမည်)။

၁။ ပုဗ္ဗစေတနာ — မပြုလုပ်မီ ကြိုတင်၍ ဖြစ်သောစေတနာ။
၂၊ မုဉ္စစေတနာ — ပြုလုပ်ဆဲအခါ၌ ဖြစ်ပေါ်သောစေတနာ။
၃။ ပရစေတနာ — ပြုလုပ်ပြီးနောက်အခါ၌ ဒ ၁ နပြန်၍ ပေါ်လာသော စေတနာ။

## ၂။ ဒါနပြု၍အကျိုးရှိရန် အင်္ဂါ(၃)ပါး။

ဒါနပြုအလှူပေးရာ၌၊ မဟာမ္ဗလခေါ် ကြီးကျယ်သော အကျိုးကိုရရှိနိုင်ရန် ပြည့်စုံရမည့်အင်္ဂါ(၃)သုံးပါးဖြစ်သည်။

၁။ အလှူပေးသူသည်ဖြူစင်သော သီလဖြင့် လွတ်ကျွတ်ပြတ်စဲစွာလှူဒါန်းစွန့်ကြဲနိုင်ရခြင်း။

၂။ အလှူခံ ပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်သီလဖြူစင်ခြင်း၊ ကောင်းခြင်း၊

၃။ လှူဘွယ်ဝတ္ထု၏(ဓမ္မိယလဒ္ဓ)ခေါ် တရားသဖြင့်ရရှိထားသောပစ္စည်းများဖြစ်ရခြင်း။

## ၃။ ဒါနပြုခြင်း ကောင်းဆိုးနည်း(၅)မျိုး။

၁၊ (က) ဝဋ္ဋနိဿိတဒါန — လူနတ် စည်းစိမ် ချမ်းသာမျှကိုသာ တောင့်တ၍ ပြုသောအလှူ။

(ခ) ဝိဝဋ္ဋနိဿိတဒါန — ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာမဂ်ဖိုလ်နိဗ္ဗာန်ကိုရည်မှန်း၍ ပြုသောအလှူ (ပါရမီ ဒါနလည်းဟူ၏)။

၂။ (က) အာမိသဒါန — ဝတ္ထုပစ္စည်းမျိုးစုံအလှူ။

(ခ) ဓမ္မဒါန — တရားပေစာအလှူ၊ တရားဟော၊ တရားနာ။တရားအားထုတ်၊တရားစာသင်ယူပို့ ချမှု အလှူ။

၃၊ (က) သံဃိကဒါန — အများပိုင်၊ အများဆိုင်အလှူ ။

(ခ) ပုဂ္ဂလဒါန — တဦးတည်းပိုင်ပုဂ္ဂိုလ်ကိုလှူခြင်း။

၄။ (က) အဂ္ဂဒါန — စားဦးစားဖျား၊ အထွတ်အမြတ်အသစ်ကိုပေးလှူခြင်း။

(ခ) ဥစ္ဆိဋ္ဌဒါန — စားကြွင်းစားကျန်၊ သုံးပြီးသားများကို ပေးလှူခြင်း။

၅။ (က) သက္ကစ္စဒါန — ရိုသေလေးမြတ်စွာ ပေးလှူခြင်း။
(ခ) အသက္ကစ္စဒါန — မရိုမသေ ပေးလှူခြင်း။

၄။ ပေးကမ်းလှူဒါန်းရာ၌ အယုတ်၊ အလတ်၊ အမြတ်(၃)ပါး။

၁။ ဟီနဒါန — ပကာသနမှုလိုလားပြီး၊ စိတ်၊ ဆန္ဒ၊ ဝိရိယ၊ ပညာ တို့ညံ့ညံ့ဖြင့်ပြုသောအလှူ။

၂။ မဇ္ဈိမဒါန — စိတ်၊ ဆန္ဒ၊ ဝိရိယစသည့် အလတ်စား လောကီ စည်းစိမ်ချမ်းသာ ရလောက်ရုံသာ အာရုံပြု၍ ပေးလှူခြင်း။

၃။ ပဏီတဒါန — စိတ်၊ ဆန္ဒ၊ ဝိရိယစသည့် ထက်မြက်စွာ လောက မှထွက်ရေး နိဗ္ဗာန်သို့ မြော်တွေး ပေးလှူခြင်း၊

၅။ ဒါနပြုခြင်း အကြောင်း(၈)ပါး။

၁။ မိမိတို့ နေအိမ်ဌာနသို့ ရောက်လာ၍လှူခြင်း။
၂။ ကြောက်သောကြောင့်လှူခြင်း။
၃။ သူကပေးလှူ၍တဖန် ပြန်လှူခြင်း၊
၄။ လာမည့်လာဘ်ကို မြော်၍လှူခြင်း။
၅။ မိရိုးဖလာ ထုံးစံအရလှူခြင်း။
၆။ ရဟန်းတော်များ ချက်မစားကောင်း၍လှူခြင်း။
၇။ ချီးမွမ်းခံလို၍လှူခြင်း။
၈၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရလို၍ လှူခြင်း။

၆။ ဒါနမျိုး(၃)ပါး။

၁။ ဒါနဒါသ — ကျွန်ကိုပေးကျွေးသလို ယုတ်ညံ့စွာလှူခြင်း။
၂။ ဒါနသဟာယ — မိတ်ဆွေကို ပေးကျွေးသလို မိမိ စားသုံးသည့် အ တိုင်း ပေးလှူခြင်း။

၃။ ဒါနသာမိ — သခင်အရှင်ကို ပေးကျွေးသလို အထွတ်အမြတ်ကို ပေးလှူခြင်း။

## ၇။ ဒါနဥပါယ်မျိုး(၅)သွယ်။

၁။ ဒဗ္ဗဒါန — သူယူသုံးဆောင်သည်ကို ပြန်မတောင်း တော့ပဲ အပြီးအပိုင်ပေးလိုက်ခြင်း။

၂။ အနုမောဒ
နဒါန — မိမိအားပန်ကြား၊ မပန်ကြားပဲ ယူငင်သုံးဆောင် သည်ကိုဝမ်းမြောက်ခြင်း။

၃။ အပုဗ္ဗဒါန — ရှေးကမရစဖူးထူးမြတ်သော ဥစ္စာရတနာ တို့ကို ပေးကမ်းခြင်း။

၄၊ သယံဂါဟပဝတ္တ
နဒါန — မိမိ၌ အခန့်မသင့်မိသူတပါး ဥစ္စာကို ချေးငှားယူ သုံးစေလျက် နောက်အခါငါပေးမည်ဟုကတိပေး ခြင်း။

၅။ ဣကာဗ္ဗမော
ခနဒါန — ကြွေးမြီနှိပ်စက်ခံနေရသူကို စိုက်ဆပ်ပေးကာ သူ့ ကြွေးမှ လွတ်စေခြင်း။

## ၈။ တနည်းဒါနပြုနည်းမျိုး(၃)ပါး။

ဒါန (ပေးလှူဘွယ်ပစ္စည်း)သည် (၁)အသာမိဒါန (၂) အဘာယ ဒါန၊ (၃)ဓမ္မဒါန၊ အားဖြင့် သုံးမျိုးရှိပြန်သည်၊

### (၁) အသာမိဒါန်။

ဝိနည်းဒေသနာတော်အားဖြင့် (၁)သင်္ကန်း၊ (၂)ဆွမ်း၊(၃)ကျောင်း (၄)ဆေး၊ ဟူ၍လှူဘွယ် ပစ္စည်းလေးပါးဖြစ်သည်။

အဘိဓမ္မာ ဒေသနာတော်အားဖြင့်(၁) အဆင်းအလှူ။ (၂) အသံအလှူ၊ (၃) အနံ့အလှူ၊(၄) အရသာအလှူ။ (၅)၊ အခင်း၊ အာရုံစသည့်၊ အတွေ့အထိအလှူ၊ (ဩဇာဒါန၊ ပါနဒါန၊ ဇီဝိတဒါန)ဟူ၍လှူဘွယ်ပစ္စည်းခြောက်ပါးဖြစ်သည်။

သုတ္တန်ဒေသနာတော်နည်းအားဖြင့် (၁)ထမင်း၊ (၂)အဖျော်၊ (၃) ကျောင်း၊ ဇရပ်၊ (၄)အဝတ်သင်္ကန်း၊ (၅)ယာဉ်၊ ဘိနပ်၊ (၆)ပန်း။ (၇) နံ့သာပျောင်း (နံ့သာရည်)(၈)နံ့သာခဲ၊ နံ့သာတုံး၊ (၉)ညောင်စောင်း၊အင်ပျဉ်၊ အိပ်ယာနေရာ၊ (၁၀)ဆီးမီးထွန်းရန်ဆီ၊ ဆီမီးခွက် ဟူ၍လှူဘွယ်ပစ္စည်း(ဒါနဝတ္ထု)ဆယ်ပါးဖြစ်သည်။

ဤဆိုခဲ့ပြီးသော ပေးလှူဘွယ်ဒါန ပစ္စည်းတို့ကို (အသာမိဒါန)ဟုဆိုကုန်၏။

ဤအသာမိဒါနကို၊ ကံ၊ ကံ၏အကျိုးစသည်၌ ယုံကြည်သဖြင့်၊ လာတ်လာဘကို မမြော်ပဲ ပေးလှူရာသည်။

## (၂) အဘယဒါန။

အဘယဒါနကိုလည်း၊ ရာဇာဘယ၊ အဂ္ဂိယဘယ၊ စသောဘေးနှင့်ကြုံကြိုက်သည့်အခါ၌ ချမ်းသာစေသဖြင့် ပေးလှူပူဇော်ရာသည်။

## (၃) ဓမ္မဒါန။

(၁) ဒါနကထာ။ သီလကထာ၊ သဂ္ဂကထာ၊ စသည်တို့ကိုဟောပြောသဖြင့်၎င်း၊ (၂)သာသနာတော်ကို မကြည်ညိုကုန်သေးသော သူတို့အား၊ ကြည်ညိုအောင်။ (၃) သရဏဂုံ မဆောက်တည် သေးသော သူတို့အား၊ ဆောက်တည်အောင်၊ (၄) သီလမဆောက်တည်သေးသူတို့အား၊ ဆောက်တည်အောင်၊ (၅)မလှူသူတို့အား လှူလိုအောင်၊ (၆)တရားမနာ သေးသူတို့အား တရားနာအောင် တိုက်တွန်းနှိုးဆော်ခြင်းသည်။ ဓမ္မဒါနမည်၏။

## (၄) သီလ။

အကျင့်သီလကိုကား(၁)သန့်ရှင်းမှု၌ အလိုရှိခြင်း၊(၂) အလေးအမြတ်ပြုအပ်သောအရာမြတ်တို့၌ ဆောက်တည်ခြင်း၊ (၃) မကျူးလွန် ရန်ရှောင်

ကျင်စောင့်ထိန်းခြင်း၊ (၄)လွန်ကျူးမိလျှင်။ ချောင်တခင် အသစ်ကုစားခြင်း ဟုဆိုအပ်သော သီလ၏စင်ကြယ်ခြင်း (၄)ပါးကို နှစ်လုံး ထားသဖြင့်။ ငါး ပါးသီလ၊ ရှစ်ပါးသီလ။ ဆယ်ပါးသီလ၊ တို့ကိုကောင်းစွာ ဆောက်တည်ခြင်း ဖြစ်၏။

**(သံဃာများ ဆွမ်းမခံအပ်သည့်နေရာများ)။**

ရဟန်းတော်များ ဆွမ်းမခံရကုန် မြတ်စွာဘုရား ပညတ်တော် မူခဲ့သည့် နေရာဌာန(၆)ပါးဖြစ်သည်၊

| | | | |
|---|---|---|---|
| ၁။ | ဝေသိရဂေါစရ | — | ပြည့်တန်ဆာမအိမ်၊ ၎င်းတို့ရပ်ကွက်။ |
| ၂။ | ဝိဓဝါဂေါစရ | — | မုဆိုးမချည်းနေသောအိမ်။ |
| ၃။ | ကုလ္လကုမာရီ ဂေါစရ | — | အပျိုကြီး အပျိုဟိုင်းချည်းနေသောအိမ်။ |
| ၄။ | ပဏ္ဍကဂေါစရ | — | ပဏ္ဍုပ်(နပုန်းလိင်ကျား/မ) အင်္ဂါရှိသူအိမ်၊ |
| ၅၊ | ဘိက္ခုနိဂေါစရ | — | ဘိက္ခုနီမများထံ။ |
| ၆၊ | ပါနဂါရဂေါစရ | — | အရက်သေးစာကင်းကုပ်၊ ဘုံဆိုင်။ |

ထို(၆)ဌာနသို့ မိတ်ဆွေဖွဲ့၍ သွားလာလည်ပတ်ခြင်းလည်း မပြုအပ်။ ပြုသော် ဒုက္ကဋ်အာပတ်အဖြစ်သင့်၏။

* * *

**(ဝိဋ္ဌမဲ့ အကျိုးပေးခံရသူများ)။**

ဂေါတမမြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်ကာလ၌၊ မိမိတို့၏ အလှူဒါနကြောင့် လက်ငင်းမျက်မှောက်ဘဝ၌ပင် ချက်ချင်း အကျိုးပေးခြင်း ခံရသူ (၆)ဦးဖြစ်သည်။ အခြားပုဂ္ဂိုလ်များလည်းအများအပြားရှိသေးသည်၊

၁။ မလ္လိကာမိဖုရား — မြတ်စွာဘုရားအား (မုရောမုန့်) ကပ်လှူသဖြင့်၊ ထိုနေ့၌ပင် ကောသလမင်းကြီး၏ မိဖုရားဖြစ်သွားလေသည်။

၂။ ပုဏ္ဏခေါ်ကျွန်ကူလီ— ရှင်သာရိပုတ္တရာအား ဆွမ်းလှူသဖြင့်၊ ထိုနေ့၌ပင် (သူဌေးကြီး ပုဏ္ဏ) ဖြစ်သွားခဲ့ရသည်)။

၃။ ကေသာဋ္ဌကပုဏ္ဏား— ဘုရားသခင်အား အပေါ်ရုံ(ပုဆိုး)လှူသဖြင့် ထိုနေ့၌ပင် ရှစ်ခုရှစ်လီသော ဥစ္စာတို့ကိုရ၏။

၄။ သုမနပန်းသည်မ — ဘုရားသခင်အား (မုလေးပန်း) ရှစ်ဆုပ်လှူသဖြင့်။ ထိုနေ့၌ပင် စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံခြင်းသို့ ရောက်လေ၏။

၅။ သုပ္ပိယခေါ်ဒါယိကာမ—ဂိလာနရဟန်းကြီးအား မိမိပေါင်သားကိုဝှလှူ၍၊ နှစ်ရက်မြောက်သောနေ့၌ပင်မိမိစွဲကပ်နေသော အနာရောဂါများလုံးဝပျောက်ကင်းပြီး အမာရွတ်မျှမထင်ပဲရှိလေ၏။

၆။ ဂေါပါလမာတာဒေဝီ—မိမိ၏ဆံပင်ကိုဖြတ်၍ ရောင်းရသော ရှစ် (၈) သပြာငွေမျှကို ရှင်မဟာကစ္စည်း ထေရ်အား လှူသဖြင့်၊ ထိုနေ့၌ပင် ဥတေနမင်းကြီး၏ မိဖုရားကြီးဖြစ်သွားလေသည်။

* * *

ဒိဋ္ဌဓမ္မအကျိုးပေးခံရနိုင်ရန် လိုအပ်သည့်အင်္ဂါ(၄)ပါး။

( အလှူဒါန ပြုရာ၌ မျက်တွေ့ဘဝတွင် ချက်ခြင်း လက်ငင်း ကြီးကျယ်စွာ အကျိုးပေးမှုခံစားရနိုင်ရန်အတွက် လိုအပ်သည့်၊ ဒိဋ္ဌဓမ္မဝေဒနိယ ကံ၏ အင်္ဂါ(၄)ပါးပင်ဖြစ်ပါသည်။

၁။ အလှူခံပုဂ္ဂိုလ်မှာ။ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါဖြစ်ရခြင်း။

၂။ နိရောဓသမာပတ်မှ ထခါစဖြစ်ရခြင်း။

၃။ အလှူဝတ္ထု၏(ဓမ္မိဟလဒ္ဓ)ခေါ်တရားသဖြင့်ရသောပစ္စည်းဖြစ်ရခြင်း။

၄။ ထူးကဲလွန်မြတ်သော သဒ္ဓါရှိရခြင်း။

ထိုအင်္ဂါ(၄)ပါးနှင့် ညီညွတ်ပါမှ ချက်ခြင်းလက်ငင်း ဒိဋ္ဌဓမ္မ အကျိုးပေးခြင်းကို ခံစားရနိုင်မည်ဖြစ်သည်။

* * *

## (နိဗ္ဗာန်ကိုသွားရာ၌ မြန်ခြင်းနှင့် နှေးခြင်းအကြောင်းများ)။

နိဗ္ဗာန်ကိုရောက်ရန် မြန်စေနိုင်ခြင်းကားလွန်ခဲ့သော အတိတ်ဘဝများကပြုလုပ်ခဲ့သော၊ ဒါန၊ သီလ၊ ဘာဝနာ၊ဝိပဿနာတရားတို့၏ပြည့်စုံခဲ့သော အကြောင်းက ပါရမီတို့ကြောင့်ဖြစ်၏၊

အရောက်နှေးကွေးခြင်းမှာ ၎င်းဒါန၊ သီလ၊ ဘာဝနာ၊ စသည် တို့ကို ပြုကျင့်နည်းသော အတိတ်ဘဝကပါရမီက နည်းခဲ့သောကြောင့်ဖြစ်၏။

ထိုကြောင့် အတိတ်ဘဝများကဒါန၊ သီလ။ ဘာဝနာ၊ ဝိပဿနာလမ်းစဉ်တို့ကို လိုက်စားလုပ်ကိုင်၍ ပြည့်စုံခဲ့သောသူများ၊ ပါရမီ၊ကံ၊အထောက်အပံ့ရှိပြီးသူ အပေါင်းတို့သည် ယခုဘဝ၌ပြုသော ကုသိုလ်ဖြင့် ပေါင်း၍ နိဗ္ဗာန်သို့ သူ့အထိုက်အလျောက်အမြန်ဆုံး ရောက်နိုင်သူများ ဖြစ်ပေ၏။

ထို့ကြောင့် ကုသိုလ်မည်သော၊ ဒါန၊ သီလ၊ သမထနှင့် ဝိပဿနာ၊ လေးမျိုးတို့ကို အတိတ်လွန်ခဲ့သော ဘဝများက ပြုခဲ့သော အထောက် အပံ့ တခုခုမှ မရှိခဲ့ မရခဲ့ပါက၊ ယခုဘဝ၌ပြုသော ကုသိုလ် ကောင်းမှုများကြောင့် အမြန်ဆုံးနိဗ္ဗာန်ကို ရောက်နိုင်မည် မဟုတ်ပဲ၊ အစပျိုးမျိုးစေ့ချခြင်းမျှသာ ဖြစ်နေ၍၊ နောက်ဘဝများစွာမှ နှေးစွာပင် ရောက်ရှိ။ ရရှိနိုင်ပေမည်၊

## (အတိတ်ဘဝက ပါရမီရှိခဲ့သောကြောင့် အကျိုးပေးမြန်သူများ)။

### (မဟာဒုတ်)။

မဟာဒုတ်ကား လွန်စွာဆင်းရဲသူဖြစ်ရကား ထမင်းမှ နပ်မှန်အောင် အနိုင်နိုင် ရှာစားရသူဖြစ်၏၊

တနေ့တွင်ကဿပဘုရားနှင့်တကွသံဃာ (၂၀,၀၀၀)နှစ်သောင်း တို့ကို စာရေးတံမဲချ၍ လှူရာ၌ နိဗ္ဗာန်ဆော်ကို၏ တိုက်တွန်းချက်ဖြင့် ရဟန်းတပါး အတွက်ဆွမ်းကိုတာဝန်ယူရလေသည်။

ဆွမ်းများချက်ပြုပြီး၍ကျောင်းတော်သို့သွားကာရဟန်းတပါးကိုပင့်ရာ ကဿပဘုရားမှတပါး၊ အခြားရဟန်းရှိသမျှအားလုံး သူ့တကာနှင့်သူ ပြည့်သွားပြီးဖြစ်သောကြောင့် မဟာဒုတ်အတွက် ရဟန်းတပါးလိုနေတော့၏။

ထိုအခါ ကဿပမြတ်စွာဘုရားရှင်သည် မဟာဒုတ်အား မစရမည့် အချိန်ရောက်နေပြီကိုသိသောကြောင့်၊ သူကိုယ်တိုင်ပင် မဟာဒုတ်အိမ်သို့ဆွမ်းခံဘို့တာဝန်ယူကာ၊ မဟာဒုတ်လက်သို့ သပိတ်အပ်ပြီးကိုယ်တိုင် ကြွတော်မူလေသည်။

ထိုဒါနကုသိုလ်ကံကြောင့် မဟာဒုတ်သည် ဒိဋ္ဌဓမ္မ အကျိုးပေးသဖြင့်၊ တကဲ့သူဌေးကြီးများက ငွေအမြောက်များ ဘုရားအတွက် ပေးလှူကူညီကြသောကြောင့် ချက်ခြင်းချမ်းသာသွားကာ သူဌေးကြီး တဦးအဖြစ် ရရှိသွားလေ၏။

သူဌေးကြီးဘဝမှ သေပြီးသောအခါ၌လည်း နတ်ပြည်၌ နတ်ဖြစ်လေ၏။ ထိုမှတဖန် ဂေါတမမြတ်စွာဘုရား လက်ယက်တော်၌ သာဝတ္ထိပြည် သူဌေးမကြီးတဦးဝမ်း၌ ပဋိသန္ဓေယူပြီး၊ (၇)နှစ်အရွယ်ကပင် ဝိပဿနာတရားကိုအားထုတ်ရာ၊ ထိုဘဝကဒါန ပါရမီ၏ အထောက် အပံ့ကြောင့် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်ကိုရရှိသွားလေ၏။ ။

## (ကေနပေါသက(ဥတ္တမာ)ထေရီ)။

ဥတ္တမာထေရီသည် ဝိပဿီဘုရားလက်ထက် ဗန္ဓုမတီပြည်၌ သူဌေးတဦးအိမ်တွင် အိုးခွက်များဆေးကြောထိမ်းသိမ်းရသော အိမ်စေဖြစ်ခဲ့၏။

ဝိပဿီ ဘုရားရှင်၏ ဖခင်ခမည်းတော် ဗန္ဓုမတီမင်းကြီး ဥပုသ်သီလ ဆောက်တည်သည်ကို မြင်သောအခါ၊ ငါလည်း ဆောက်တည်အံ့ဟု ကြံကာ အိုးခွက်များဆေးကြောရင်းပင် ဥပုသ်ဆောက်တည်လေ၏။

ယင်းဥပုသ်ဆောက်တည်ခြင်း ကုသိုလ်ကံကြောင့် တာဝတိံသာနတ်ပြည်၌နတ်မင်းကြီးတို့၏မိဖုဘုရားဖြစ်ပြီး၊ တဖန်လူ့ပြည်၌ စကြာဝတေးမင်းကြီး၏ မိဖုရားဘဝပေါင်းများစွာ ဖြစ်ရလေသည်။

ဤအပရာပရိယကုသိုလ် အကျိုးအဆက်ကြောင့်ကိုးဆယ့် တကမ္ဘာတိုင်အပါယ်မလားပဲ၊ ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ သာဝတ္ထိပြည်၌သူဌေးကြီးတဦး၏ သမီးဖြစ်ကာ(ဥတ္တမာ)ဟု ထင်ရှားလေ၏။

ဥတ္တမာထေရီသည် (၇)နှစ်အရွယ်၌ (ပဋာစာရီ ရဟန္တာထေရီမ)ထံ သာမဏေသီလရှင်ဝတ်ပြီး၊ ဝိပဿနာတရားအားထုတ်ရာ၊ ထိုအတိတ်သီလက အထောက်အပံ့ဖြင့်(၁၅)ရက် ကျင့်ရုံမျှနှင့် ရဟန္တာမဖြစ်လေသည်။ ။

## (ယသမထေရ်နှင့်ရဟန်း–၅၅–ပါး)။

ယသမထေရ်နှင့်ရဟန်း(၅၅)ပါးတို့သည် ရှေးယခင်ဘဝက ကိုယ်ဝန်ဆောင်မိန်းမတဦး၏ အလောင်းကို မီးသင်္ဂြိုဟ်ရာ၌။ အသုဘပညာ၊ အသုဘသမထကို ပွားများခဲ့ကြသဖြင့် ထိုကုသိုလ်ကြောင့် ဂေါတမမြတ်စွာဘုရား လက်ထက်၌ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး အသံကိုကြားရရုံမျှနှင့်နှင့် တနေ့ရာတည်း ဝိပဿနာဉာဏ်ဝင်ကာ အားလုံး ရဟန္တာအဖြစ်ကို ရရှိသွားကြလေသည်။

## (နိဂြောဓပုပ္ဖိထေရ်)။

နိဂြောဓပုပ္ဖိထေရ်သည် ကျောက်ပန်းပွင့်ကိုယူ၍(ပဒုမုတ္တရ)ဘုရားရှင်၏ မြတ်သောခြေရာ၌တင်ထားပူဇော်ခဲ့ဘူးသော ဒါနကြောင့်၊ အပါယ်မကျရောက်တော့သည့်အပြင် စကြာဝတေးမင်းပင် ဖြစ်ခဲ့ဘူးလေသည်။

ထို့နောက် ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ ဘုရားထံ၌ရဟန်းပြုတော်မူ၏။ တနေ့တွင် ရှင်အနန္ဒာ၏ တရားစကားကိုနာကြားရသဖြင့် ရှေးဘဝကကောင်းမှု ကုသိုလ်ကံကိုသတိရကာ (၇)နှစ်သားအရွယ်၌ ဝိပဿနာတရားကျင့်ကာ ရဟန္တာအဖြစ်ချက်ခြင်း ရရှိလေသည်။

## (ပဉ္စသီလသမာဒါနိထေရ်)။

ပဉ္စသီလသမာဒါနိထေရ်သည်၊အနောမဒဿိဘုရား၏ လက်ျာရံ နိသဘထေရ်ထံ၌ ငါးပါးသီလကိုခံယူကာ စောင့်ထိန်းခဲ့သဖြင့် စကြာဝတေးမင်ဖြစ်ခဲ့ဘူး၏။

ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ ဝေသာလီပြည်မဟာသာ သူကြွယ်မျိုး၌ဖြစ်၏။ တနေ့တွင် မိဘတို့ ငါးပါးသီလ ခံယူနေသည်ကို ကြားရ၍ မိမိ၏ရှေးရှေးဘဝက သီလကို သတိရသဖြင့် (၅)နှစ်သားအရွယ်၌ဝိပဿနာဥာဏ်သက်ဝင်ကာ ရဟန္တာအဖြစ် ရရှိလေသည်။ ။

**မှတ်ချက်**။ ။ အတိတ်ဘဝ၏ (ဒါန၊ သီလ၊ သမထ၊ ဘာဝနာ၊ ဝိပဿနာ ဟူသော ပါရမီကုသိုလ်ကံ တို့သည်၊ ဖော်ပြခဲ့သည်တို့ အတိုင်း ယခုဘဝ ဝိပဿနာလမ်းစဉ်ကို အထောက်အပံ့ အကူအညီပေးနိုင်ရုံမျှမကပဲ၊ မီးခဲပြာဖုံးကို လေတိုက်သည်အခါ ရဲသွားသကဲ့သို့၊ အကျိုးပေးချိန် ရောက်သည့်အခါ၌ ယင်းပါရမီ ကုသိုလ်ကံသည်ယခုဘဝ၌ သူတော်ကောင်းတရားတို့နှင့် တွေ့ထိသွားပါက တနေရာတည်း တထိုင်တည်း၌ပင် ထူးကဲမြင့်မြတ်သောပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိအောင်မြင်သွားနိုင်ပေသည်။ ။

× × ×

## (ဥပါဒါန်စွဲလမ်းမှုကြောင့် အပါယ်ရောက်ရသူများ)၊

ဖော်ပြခဲ့ပြီး၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊စသောကုသိုလ်ကောင်းမှုတို့ဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားမှန်များဖြစ်သော်လည်း၊အခြေခံ (ကာမာဝစရ) ကုသိုလ်ကံမျှသာဖြစ်သဖြင့်၊ အယူလွဲမှားပါက အပါယ်ချောက်ကမ်းပါးသို့ ကျနိုင်ကြောင်းကို သူတော်ကောင်းအပေါင်းတို့ သတိကြီးစွာ ပြုအပ်လှပေသည်။ သို့အတွက်ဥပါဒါန်စွဲလမ်းမှုကြောင့် ဘဝများသို့ရောက်ကာ ဒုက္ခဖြစ်ရပုံကို မှတ်သားကြပါကုန်။

## (ရဟုလာ အလောင်း)။

ရဟုလာ အလောင်းတော်သည် (ပဒုမုတ္တရ)ဘုရား လက်ထက်၊ ဟံသာဝတီပြည်၌၊ အာဂတပါကဋသူဌေးဖြစ်ပြီး၊ မြို့တံခါး လေးပေါက် တို့၌

မဏ္ဍပ်များဆောက်ကာ စတုဒိသာ ရောက်လာသမျှ လူတို့ကိုလှူဒါန်း ကျွေးမွေလေ၏။ ထို့ပြင် ရသေ့တပါးကိုလည်း အိမ်၌နေ့စဉ်ဆွမ်းကပ် လှူဒါန်းခဲ့လေသည်။

ထိုရသေ့ကြီးကဘနေ့တွင် (ပထဝိန္ဒရ)နဂါးမင်းအကြောင်းကိုချီးမွမ်းဟောကြားရာ၊ အာဂထပါကဋသူဌေးသည်၊ နဂါးမင်းစည်းစိမ်သို့ ညွတ်မိလေသည် (စွဲလမ်းလေသည်) ဤစိတ်ဖြင့် ထိုသူဌေးကြီး သေလွန်သော် တိရစ္ဆာန်ဘ၀ (ပထဝိန္ဒရနဂါးမင်း)သွားဖြစ်ရလေ၏။ ။

## (ဧရကပတ္တရဟန်း)။

ဧရကပတ္တရဟန်းသည် နှစ်ပေါင်းများစွာပင် သီလများကို ဆောက်တည်ကျင့်သုံးခဲ့၏။ သို့သော် သေခါနီးကာလ၌ ဒေါမနဿ အကုသိုလ်ဇောဖြင့် ဂင်္ဂါမြစ်ကိုလှေဖြင့် ဖြတ်ကူးစဉ်၊ ပိန်းရွက်ကိုဆွဲမိခဲ့သည့် အကြောင်းကို ပြန်လည်အောင့်မေ့သတိရသဖြင့် နဂါးဖြစ်ခဲ့လေသည်။

ထိုအတူ၊ သီလပုဂ္ဂိုလ်တိဿရဟန်းကြီးသည်လည်း၊ သင်္ကန်း၌စွဲလမ်းမိသောတဏှာကြောင့်၊ အကုသိုလ်ဇောဖြင့်သေ၍ (သန်းကြီး)ဖြစ်ခဲ့ရ၏။ ။

## (ဒေ၀ဒတ်အလောင်း)။

ရှင်ဒေ၀ဒတ်သည် သမထ အစွမ်း သိဒ္ဓိဖြင့် လောကစျာန်အဘိဉာဏ်တို့ကိုရရှိခဲ့၏။သို့သော်မြတ်စွာဘုရားကိုကြိမ်ဖန်များစွာ ပြစ်မှားထားသော အကုသိုလ်ကံတို့ကြောင့် ချက်ခြင်း မြေမြိုခံရပြီး ယနေ့တိုင် အဝီစိငရဲ၌ ရှိနေ၏။

ဒေ၀ဒတ်၌ သာမန်အခြေခံ ကာမာ၀စရ ကုသိုလ်ကို လွန်၍၊ ရူပ၊ အရူပ ကုသိုလ်အဆင့်သို့ပင် ဆိုက်ရောက်ပြီးသားဖြစ်သော်လည်း မမြဲသေးသော လောကီ ကုသိုလ်များသာ ဖြစ်သဖြင့် လမ်းလွဲကာ အပါယ်ငရဲသို့ ကျရခြင်းဖြစ်လေသည်။ ။

## (လောသကတိဿထေရ်)။

လောသကတိဿထေရ်သည် တောရွာရှိ ကျောင်းတကျောင်းတွင်မှီ၍ ဝိပဿနာ တရားတို့ကိုအားထုတ်နေ၏။

တနေ့တွင် အာဂန္တုရဟန္တာတပါးသည် ထိုကျောင်းသို့ ရောက်လာ၏။ ထိုရဟန္တာပုဂ္ဂိုလ်အား ကျောင်းဒါယကာမတို့က မိမိထက်ပိုမို ကြည်ညိုသွားမည်စိုးသဖြင့် မနာလိုဝန်တိုဖြစ်ကာ ထိုရဟန္တာအား လပ်မရအောင် ပြုလုပ်လေ၏။

ထိုရဟန္တာအား ပြုခဲ့သော မကောင်းမှု အကုသိုလ်ကံတို့ကြောင့်သေသော် ငရဲ၌ကျပြီး၊ ခွေးဘဝ၊ ငါးဘဝ တိရစ္ဆာန်ဘဝများစွာတို့၌ အစာကို ပင်ဝအောင်မစားခဲ့ရ၊ မသေမီ တကြိမ်မျှသာ အဝစားခဲ့ရမြဲဖြစ်၏။

နောက်ဆုံး လူ့ဘဝ ရောက်သော် တငါရွာတခု၌ ပဋိသန္ဓေနေခဲ့ရ၏ ၎င်းသန္ဓေတည်သည့်အချိန်မှစ၍ တငါအမိ အဘတို့ကလည်း လာတ်တိတ်ခဲ့ကြရ၏။ မီးလောင်ဒဏ်ခတ်ခံခဲ့ရ၏။ လောသကတိဿသန္ဓေတည်သော မိခင်လောင်းမှာ ရွာသားများ၏ အဝေးသို့ နှင်ထုတ်ခြင်းပင်ခံခဲ့၏။

မိခင်လည်း ယင်းသန္ဓေကြောင့် ရောက်ရာနေရာတို့၌ လာတ်မရ ငတ်မွတ်ခဲ့ရ၏။ မွေးမွားပြီးသွားနိုင်သည့်အရွယ်ရောက်သော် မိခင်သည် ထိုကလေးအား စွန့်ပစ်လေတော့၏။

ထိုအခါ လောသကတိဿအလောင်းမှာ ရောက်ရာပေါက်ရာသို့သွား၍ တောင်းရမ်းစားသောက်နေရ၏။ တနေ့တွင် ရှင်သာရိပုတ္တရာ ရဟန္တာက သနားသဖြင့် ၎င်းအား ရှင်ပြုပေးခဲ့၏။ ရှင်သာရိပုတ္တရာ ရဟန္တာ ယင်းရှင်ပြုပေးမှုကြောင့် လာတ်တိတ်ခဲ့ရပြန်၏။

ထို့နောက် လောသကတိဿထေရ်သည် ရှေးကကုသိုလ်ပြုခဲ့ဘူးသောကြောင့် ယခုဘဝ၌ ရဟန္တာဖြစ်ခဲ့၏။ သို့သော်လာတ်မရှိ၍ အစာဆွမ်းတို့ကို ဝအောင်မဘုန်းပေးရချေ။

၎င်း ပရိနိဗ္ဗာန် စံလွန်ခါနီး အချိန်၌ ရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် သပိတ်ကို ကိုင်ထားပြီးစားစေသဖြင့် ရဟန္တာဘဝ၌ပင် နောက်ဆုံး တကြိမ်သာ ဘုန်းပေးသွားရလေသည်။ ။

(သေသူများကိုရည်စူး၍ အလှူဒါနပြုခြင်း သည်ပြောက်မပြောက်)။

အခါတပါးတွင်(ဇာဏုသောဏိပုဏ္ဏား)သည်ဂေါတမမြတ်စွာဘုရား ထံသို့ ချဉ်းကပ်ကာဝမ်းမြောက်ဝမ်းသာဘွယ်ရာ စကားပဲ့ကို ပြောဆိုပြီးလျှင် သင့်တင့်လျောက်ပတ်သောနေရာ၌ထိုင်၍ ဘုရားသခင်အား အောက်ဖော်ပြပါအမှုကိစ္စတို့ကို မေးမြန်းလျှောက်ထားလေသည်။

အရှင်မြတ် ဂေါတမဘုရား—

၁။ ကျွန်ုပ်တို့ ပုဏ္ဏားမျိုးများသည် ဤအလှူသည် သေလွန်ကုန်သောဆွေမျိုးသားချင်းတို့ထံသို့ ရောက်ပါစေသတည်းဟူ၍ရှင်း၊

၂။ ဤအလှူကို သေလွန်ကုန်သော ဆွေမျိုးသားချင်းတို့သည် သုံးဆောင်ခံစားရပါစေသတည်းဟုရှင်း၊ ရည်မှန်းလျက်အလှူဒါနကို ပေးလှူကြပါကုန်၏။

အရှင်မြတ် ဂေါတမဘုရား—

အဘယ်သို့ပါနည်း၊ ထိုအလှူသည် သေလွန်ကုန်သော ဆွေမျိုး သားချင်းတို့ထံသို့ ရောက်ပါ၏လော။ သေလွန်ကုန်သော ဆွေမျိုး သားချင်းတို့သည် ထိုအလှူကို သုံးဆောင်ခံစားရပါ၏လောဟု လျှောက်ထား မေးမြန်း၏။ ထိုအခါ မြတ်စွာဘုရားက—

သင်ဇာဏုသောဏိပုဏ္ဏား—

၁။ အကျိုးပေးခွင့်ရှိသော ဌာန၌ဖြစ်မူရောက်၏။

၂။ အကျိုးပေးခွင့် မရှိသောဌာန၌ဖြစ်မူ၊ မူရောက်ဟုဖြေတော်မူ၏၊

အရှင်မြတ်ဂေါတမဘုရား—

၁။ အကျိုးပေးခိုင့်ရှိသောဌာနဟူသည်ကား အဘယ်ပါနည်း။

၂။ အကျိုးပေးခွင့်မရှိသော ဌာနဟူသည်ကား အဘယ်ပါနည်းဟု မေးမြန်းလျှောက်ပြန်၏။

အသင်ဇာဏုသောဏိပုဏ္ဏား—

၁။ အကျိုးပေးခွင့်

မရှိသောဌာန
များက —(က) ငရဲဘုံ။
(ခ) တိရစ္ဆာန်ဘုံ။
(ဂ) လူ့ဘုံ။
(ဃ) နတ်ဘုံ။

၂။ အကျိုးပေးခွင့်ရှိ သောဌာနကား—(က) ငြိတ္တာဘုံ။

တို့ဖြစ်၏။ ဤလောက၌ အချို့သော သတ္တဝါသည် ပါဏာတိပါတ အစရှိသော၊ ဒုစရိုက်ဆယ်ပါး အယုတ်တရားတို့ကို ကျူးလွန်၍၊ ထိုသူသည် သေလွန်ပြီး နောက်ဘဝ၌ (ငရဲဘုံ)သို့ ရောက်အံ့၊ ထိုအခါ၌ ထိုသူသည် ငရဲသား သတ္တဝါတို့၏ အဟာရဖြင့်မျှတတည်နေ၏၊
ထို့ကြောင့်—

၁၊ ငရဲဘုံ — သည်သေလွန်သောသူကို ရည်စူး၍ ပေးလှူအပ်သော ဒါန၏ အကျိုးပေးခွင့် မရှိ၊ မရ၊ မရောက်နိုင်သောအရပ်ဌာနဖြစ်၏။

၂။ တိရစ္ဆာန်ဘုံ — သည်လည်း သတ္တဝါတို့၏၊ အဟာရဖြင့် မျှတတည်နေသောကြောင့်၊ သေလွန်သော သူကို ရည်စူး၍ ပေးလှူသောဒါန၏ အကျိုးပေးခွင့် မရှိ၊ မရ၊ မရောက်နိုင်သောအရပ်ဌာနဖြစ်၏။

အသင်ဇာဏုသောဏပုဏ္ဏား—

အချို့သော သတ္တဝါတို့သည်၊ ပါဏာတိ ပါတအစရှိသော ဒုစရိုက်ဆယ်ပါးအယုတ်တရားတို့မှ ရှောင်ကြဉ်ကင်းလွတ်ကြ၏။ ထိုသူတို့သည် သေပြီးသည့်နောက်ဘဝများ၌ လူဘုံနှင့် နတ်ဘုံများသို့ ရောက်အံ့၊ ထိုသူများသည်၊ လူဘဝတွင် လူ၏အဟာရ အလျောက်၊ နတ်ဘဝကွင် နတ်အဟာရအလျောက် မျှတတည်နေမှုရှိကြ၏။ ထို့ကြောင့်—

၁။ လူ့ဘုံ — သည်သေလွန်သောသူတို့ကိုရည်စူး၍ ပေးလှူ

အပ်သောဒါန၏အကျိုးပေးခွင့်မရှိ၊ မရ၊ မရောက်နိုင်သောအရပ်ဌာနဖြစ်၏။

၂။ နတ်ဘုံ — သည်လည်း သေလွန်သော သူတို့ကို ရည်စူး၍ပေးလှူအပ်သောဒါန၏အကျိုးပေးခွင့် မရှိ၊ မရ၊ မရောက်နိုင်သော အရပ်ဌာနဖြစ်၏။

အသင်ဇာဏုသောဏိပုဏ္ဏား—

အချို့သော သတ္တဝါတို့သည်၊ ပါဏာတိပါတ အစရှိသော ဒုစရိုက်ဆယ်ပါး အယုတ်တရားတို့ကို ပြုလုပ်ကျူးလွန်ကြ၏။ ထိုသူများသည်သေလွန်ပြီးသည့်နောက်ဘဝ၌ ပြိတ္တာဘုံသို့ရောက်အံ့၊ ထိုပြိတ္တာတို့၏အဟာရဖြင့်၎င်း၊ လူ့ပြည်မှ ဆွေမျိုးသားချင်းတို့ ပေးလှူအပ်သော အလှူဒါနန၏အစွမ်းဖြင့်၎င်း၊ အဟာရများနှင့်သာမျှတတည်နေရ၏။ ထို့ကြောင့်—

၁။ ပြိတ္တာဘုံ — သည်သေလွန်သောသူတို့ကိုရည်စူး၍ ပေလှူအပ်သောဒါန၏ အကျိုးပေးမှု၊ ရောက်ရှိ၊ရရှိ၊ ခံစားရသော အရပ်ဌာနဖြစ်၏။

အရှင်မြတ်ဂေါတမဘုရား—

သေလွန်သော ဆွေမျိုးသားချင်းတို့သည် (ပြိတ္တာဘုံ)သို့ မရောက်ရှိသော်၊ အဘယ်သို့သော သူသည် ထိုအလှူ၏ အကျိုးကို ခံစားသုံးဆောင်ရပါသနည်း။

အသင်ဇာဏုသောဏိပုဏ္ဏား—

ထိုအလှူပြုသောသူများ၏ သေလွန်ကုန်သော အခြားတပါး ဆွေမျိုးသားချင်းတို့သည် ထိုပြိတ္တာဘုံသို့ ရောက်ရှိနေကြအံ့၊ ထိုသူများသည်အလှူ၏ အကျိုးကိုရရှိမှုဝဲ သုံးဆောင်ရ၏၊ ။

အရှင်မြတ်ဂေါတမဘုရား—

အကယ်၍ ရည်စူးအပ်သော ထိုသေလွန်သည့် ဆွေမျိုး သားချင်း

သည်၎င်း၊ ထိုအလှူပြုသောသူ၏ သေလွန်ကုန်သော အခြားကပါးသောဆွေမျိုးသားချင်းတို့သည်၎င်း၊ ထိုပြိတ္တာဘုံသို့ မရောက်သည်ဖြစ်အံ့၊ အဘယ်သူသည် ထိုအလှူ၏ အကျိုးကို ခံစား၊ ရရှိ၊ မှီဝဲသုံးဆောင်ရပါသနည်း။

အသင်ဇာဏုသောဏ်ပုဏ္ဏား—

ဤရှည်လျားလှစွာ ကျင်လည်ရာဖြစ်သည့် (ဘုံသုံးပါး) သုံးဆယ့်တဘုံဟူသော သံသရာခရီးကြီး၌ သေလွန်ကုန်သောဆွေမျိုးသားချင်းတို့ရောက်ရာဘုံဌာနအရပ်သည် အကြောင်းရင်း အခွင့်မဟုတ်။

မည်သို့ပင်ဖြစ်စေ အလှူရှင်ဒါယကာ၌ အကျိုးမဲ့မှုမရှိ၊ အကျိုးရသည်သာဖြစ်၏။

အရှင်မြတ်ဂေါတမဘုရား—

အရှင်မြတ်သည် သေလွန်ပြီးသောသူတို့ကိုရည်စူး၍ ပေးလှူအပ်သော ဒါနကောင်းမှု၏ အကျိုးအာနိသင် မသက်ရောက်ရာဌာန၌လည်း၊ ထိုအလှူရှင်တို့သည် ဒါနကောင်းမှု၏ အကျိုးကိုခံစားရရှိနိုင်ကြောင်း ဟောတော်မူပါသလားဘုရားဟုထပ်မံမေးလျှောက်ပြန်၏၊

အသင်ဇာဏုသောဏ်ပုဏ္ဏား—

ငါဘုရားသည် သေလွန်ပြီးသော သူတို့ကိုရည်စူး၍ ပေးလှူအပ်သော ဒါနကောင်းမှု၏ အကျိုးအာနိသင် မသက်ရောက်ရာဌာန၌လည်း။ အလှူရှင်သည် ထိုကောင်းမှု၏အကျိုးကို ရနိုင်ကြောင်း ဟောတော်မူ၏။

အသင်ဇာဏုသောဏ်ပုဏ္ဏား—

လောက၌ အချို့သော သတ္တဝါတို့သည် ပါဏာတိပါတအစရှိသော ဒုစရိုက်ဆယ်ပါး အယုတ်တရားတို့ကို ပြစ်မှားကျူးလွန်ကြ၏။

ရဟန်းသံဃာအား၎င်း၊ အကျင့်မြတ်ရှိသော သူတို့အား၎င်း၊ ဆွမ်းသင်္ကန်း၊ ထမင်း၊ အဝတ်၊ ပန်း၊ နံ့သာ၊ အိပ်ယာ၊ နေယာ၊ ကျောင်း၊အိမ်၊ ယာဉ်ရထား၊ ဆီမီးအစရှိသော ဝတ္ထုတို့ကို ပေးလှူကြ၏။

ထိုသူတို့သည် သေပြီးသောနောက်ဘဝများ၌ ဒုစရိုက်ဆယ်ပါးအယုတ်တရားတို့ကို ပြုကျင့်လုပ်ကိုင်မှုကြောင့် တိရစ္ဆာန်ဘုံသို့ရောက်အံ့၊ ထိုပေးလှူ

ခဲ့သောကောင်းမှုကံကြောင့်၊ အစား အစာ၊ အဝတ်အရုံ၊ အိပ်ယာ၊ နေရာ စသည်တို့ကို ရလွယ်ပေ၏၊

အသင်ဇာဂဏုသောဏာပုဏ္ဏား—

ဤလောကဥ္စ အချို့သော သတ္တဝါတို့သည် ပါဏာတိပါတ အစရှိသောဒုစရိုက်ဆယ်ပါး အယုတ်တရားတို့ကို ကြူးလွန်ခြင်းမှ ရှောင်ကြဉ်ကင်းလွတ်ကြ၏။ ရဟန်းသံဃာတို့အားငင်း၊ အကြင့်မြတ်ရှိသော သူတို့အားငင်း၊ ဆွမ်း၊ သယ်န်းစသည်တို့ကိုပေးလှူကြ၏။

ထိုလူတို့သည် သေလွန်ပြီး နောက်ဘဝ၌ ဒုစရိုက်ဆယ်ပါး ကောင်းမှုပြုကျင့်ခြင်းကြောင့်၊ လူဘုံ၊ နတ်ဘုံတို့၌ ရောက်၏။

ထိုပေးကမ်းလှူအပ်သော ဒါနအကျိုးကြောင့်၊ လူတို့၏စည်းစိမ် အမျိုးမျိုးနှင့် နတ်တို့၏စည်းစိမ် အမျိုးမျိုးတို့ကို ရလွယ်ပေ၏။ ပေါများပေ၏။ ၊

အသင်ဇာဂဏုသောဏာပုဏ္ဏား—

ထိုအချင်းအရာများကြောင့်၊အလှူရှင်ဒါယိကာ၌ အကျိုးမမဲ့၊အကျိုးရှိသည်သာဖြစ်ပေ၏။ ။

အရှင်မြတ်ဂေါတမဘုရား—

၁။ အံ့ဩဘွယ်ကောင်းပါပေ့တကား။

၂။ မကြားမနာရစဘူး ထူးဆန်းပေစွ
အရှင်ဘုရားဟု လျှောက်ထားလေ၏။

အရှင်မြတ်ဂေါတမဘုရား—

အလှူရှင် ဒါယိကာသည် အကျိုးမဲ့မဟုတ်၊ အကျိုးရှိသည်သာ ဖြစ်သောကြောင့်၊ အလှူဒါနများကို ပြုလုပ်ကြရန်အလွန်သင့်လျော်ပါပေ့ဘုရား မဟာဘတ်ခေါ်-(ကုတ်ဟီး ထမင်း)တို့ကို ပေးလှူရန် အလွန်သင့်လျော်ပေစွဘုရား ဟု လျှောက်တင်လေ၏။

အသင်ဇာဂဏုသောဏာပုဏ္ဏား—

အသင်ဆိုသည့်အတိုင်းမှန်ပေ၏၊ အလှူရှင်သည် အကျိုးမယုတ်၊အကျိုးရှိသည်သာ ဖြစ်၏ဟု မိန့်တော်မူ၏။ ၊

အရှင်မြတ်ဂေါတမဘုရား—

အလွန်နှစ်သက်ကြည်ညိုဘွယ်ကောင်းပါ၏ဘုရား။

အရှင်မြတ်ဂေါတမသည် ကျွန်ုပ်အား (ရတနာသုံးပါး) ဆည်းကပ်ကိုးကွယ်သော (ဥပါသကာ)အဖြစ် သတ်မှတ်တော်မူပါဘုရား ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်သောသူဟူ၍ မှတ်တော်မူပါဘုရားဟု နောက်ဆုံးတောင်ပန်လျှောက်ထားလေ၏။ ။

**မှတ်ချက်။** ။ဤတရားများသည်၊အင်္ဂုတ္တိုရ်၊ ဒသနိပါတ်၊ စတုတ္ထ၊ပဏ္ဏာသကယမကဝဂ်၊ ဒသမသုတ်၊မြန်မာပြန်ဖြစ်၏။အရင်းသိလိုက ထို၌ရှုပါ။ ။

## (ရခဲသောဘဝငါးပါး)။

ရခဲဖြစ်ခဲလှစွာသော ဘဝဒုလ္လဘ တရား (၅)ပါးဖြစ်သည်။ အကျယ်သိလိုက သံဂါယနာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ရှုပါ။

၁။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ — ဘုရားအဖြစ်ကို ရခဲခြင်း။

၂၊ အနုဿတ္တဘာဝ ဒုလ္လဘ — လူ့ဘဝလူ့အဖြစ်ကိုရခဲခြင်း၊

၃။ သဒ္ဓါသမ္ပတ္တိဒုလ္လဘ — ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်း စိတ်ဓာတ်ကို ရခဲခြင်း။

၄။ ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘ — ဘုရားသာသနာအတွင်း၌ [illegible] သာမဏေ၊ ရဟန်း၊ ပဉ္စင်းအဖြစ်ကို [illegible]။

၅။ သဒ္ဓမ္မသဝန အတိဒုလ္လဘ — သူတော်ကောင်းတို့၏ [illegible]၊ တရားမှန်များကို အလွန်တရား [illegible] ခဲခြင်း။

* *

## (ဒိဋ္ဌဓမ္မမြေမျိုခံရသူများ)။

ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်မကောင်းမှု ပြုသဖြင့် ချက်ခြင်းလက်ငင်း မြေမျိုခြင်းခံရသူ (၅)ငါးယောက်ဖြစ်သည်။

၁။ ဒေဝဒတ်ရဟန်း — ဘုရား၏ ယောက်ဖတော်သူ။

၂။ စိဉ္စမာန — မိန်းမယုတ်ကြီး၊

၃။ သုပ္ပဗုဒ္ဓ — သာကီဝင်။ (ဘုရားယောက္ခမ)။

၄။ နန္ဒက — ဘီးလူး(အရှင်သာရိပုတ္တရာ ဈာန် သမာပတ်ဝင်စားနေစဉ်၊ ၎င်း၏ထိပ်ဦးခေါင်းကို လက်နှင့်တအား ပုတ်ခပ်ခဲ့သူ) ဖြစ်၏။

၅။ နန္ဒ — လုလင်။

ဤငါးဦးဖြစ်သည်။

*  *  *

## (ဒိဋ္ဌိကြီးလေးမျိုး)။

သမ္မုဒ္ဓဝါဒနှင့်ဆန့်ကျင်သော အကျင့်တရား(၄)လေးပါးဖြစ်၏။

၁။ အကြိယဒိဋ္ဌိ — ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ် ခေါ်သောအကြောင်းအရာစု ပြုမှုတို့ကို ပယ်သောအယူ။

၂။ နတ္ထိကဒိဋ္ဌိ — ကောင်းမှု၊ မကောင်းမှုတို့၏ ကောင်းကျိုး မကောင်း ကျိုးဟူ၍မရှိ၊ လူသေက လူ့ဘဝ၊ နတ်ဘဝ၊ အပါယ်ဘဝ ဟူ၍မရှိ။ မရောက်၊ အပြီးအပြတ်ဝါဒ၊

၃။ အဟေတုကဒိဋ္ဌိ — ကောင်းမှု၊ မကောင်းမှုပြုလိုရာပြု ကုသိုလ် အကုသိုလ်အရာသို့ မရောက်။
သူ့အသက်ကိုသတ်နိုင်သည်။ သူ့ဥစ္စာကို ခိုးနိုင်သည်စသော အကြောင်းအကျိုး(၂)မျိုးလုံးကို ပယ်သည့်ဝါဒ။

၄။ နိယတမိစ္ဆာဒိဋ္ဌိ — အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ (၃)ပါးတို့တွင် တပါးပါးကို မြဲမြံစွာစွဲယူကိုင်ထားသောဝါဒ။ ၊

× * ×

(ဒုက္ခကြီး(၃)သုံးပါး)။

၁။ ဒုက္ခဒုက္ခ — ကာယိကဒုက္ခ၊ စေတသိကဒုက္ခခေါ်ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း။

၂။ သင်္ခါရဒုက္ခ — လောကစည်းစိမ်တွေ မဖြစ်ဖြစ်အောင် ပြုပြင်အားထုတ်ရမှုအတွက်ဆင်းရဲခြင်း။

၃။ ဝိပရိနာမဒုက္ခ — သင်္ခါရနယ်ပယ်ဟူသမျှ ဖေါက်ပြန်ပျက်စီးရမြဲ ဆင်းရဲခြင်း။ ။

× × ×

(စေတီနှင့်ပုထိုးတော်များ)။

၁။ စေတီတော် — မုခ်ပေါက်လိုဏ်ဂူမပါသောစေတီ၊ ဥပမာ—

ရွှေတိဂုံ၊ ရွှေစည်ခုံ၊ ပြည် ရွှေဆံတော်၊
ရွှေမောဓော၊ စသည်တို့ကဲ့သို့ဖြစ်၏။

၂။ ပုထိုးတော် — မုခ်ပေါက်လိုဏ်ဂူပါသော စေတီ၊ ဥပမာ—
ပုဂံ—သဗ္ဗညု၊ အနန္ဒာ၊ ကျော်တော့ပလ္လင်၊
စသည်တို့ကဲ့သို့ဖြစ်၏။

× × ×

## (စေတီတည်ထားကိုးကွယ်ထိုက်သူပုဂ္ဂိုလ်(၄)ဦး။)

အောက်၌ဖော်ပြပါ ပုဂ္ဂိုလ်လေးဦးတို့ကို စေတီတည်ထား ကိုးကွယ်ထိုက်ကြောင်း၊ မဟာပရိနိဗ္ဗာန်သုတ် အဋ္ဌကထာ၌လာ၏။

၁။ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသခင်။

၂။ ဘုရားငယ်ခေါ် ပစ္စေကဗုဒ္ဓရဟန္တာအရှင်များ။

၃။ သီလဝန္တဖြစ်သော မြတ်စွာဘုရား၏ တပည့်သားများ။

၄။ စကြာရတနာ (၇)ပါးနှင့် ပြည့်စုံသော စကြာမင်း၊

* * *

## (စေတီလေးပါး)။

ရှိသေလေးစားအပ်သော အရာဝတ္ထုများဖြစ်၏။

၁။ သာရီရိကစေတီ) — မြတ်စွာဘုရား၏ ခန္ဓာကိုယ်ဒြပ်မှ ဖြစ်သမျှ
(သရီရစေတီ) ) — ဓာတ်တော်တို့ကို ခေါ်သည်။ သရီရစေတီ
လည်းဟူ၏။

၂။ ပရိဘောဂစေတီ ။ ဗောဓိပင်နှင့်တကွ မြတ်စွာဘုရား၏ အသုံးအဆောင်တော် ပရိက္ခရာစသည်များကိုခေါ်သည်။

၃။ ဥဒ္ဒိဿစေတီ – မျက်ကွယ်ကမှန်းဆရည်ရွယ်အပ်သော-(၃၂) ပါးသော လက္ခဏာတော်ကြီး၊ (၈၀)သော လက္ခဏာတော်ငယ်၊ ရောင်ခြည်တော် (၆) သွယ်နှင့်၊ တင့်တယ်စပ်ပါးတော်မူသော မြတ်စွာဘုရား၏ ရူပါရုံအဆင်းတော်၊ သို့မဟုတ် (ဗုဒ္ဓပဋိမာဥဒ္ဒိဿကစေတိယံ) ဟူသောခုဒ္ဒကပါဠိအဋ္ဌကထာအရ၊ ရုပ်ပွား ဆင်းတုတော်၊ ကောင်းမြတ် သာယာသော အသံတော်၊ အနန္တဂုဏ်တော်တို့ကို ခေါ်သည်။

**မှတ်ချက်။** ။ ဤသုံးပါးကား၊ တေရသကာလိကဗောဓိ ဇာတ်လာ၊ အနာထပိဏ် သူဌေး တောင်းပန်၍ ရှင်အာနန္ဒာလျှောက်ထားသဖြင့်၊ သာဝတ္ထိပြည်၌ ဘုရားရှင်ကိုယ်တိုင် ခွင့်ပြုတော် မူသော စေတီတို့ဖြစ်သည်။

၄။ ဓမ္မစေတီ – တရား ဒေသနာတော်တို့ကို ရေးသားထားသည့်၊ ပေ၊ ရွှေပြား ငွေပြား၊ စသည်များကို သိမ်းဆည်းသာပနာ၍ပြုအပ်သော စေတီကို၊ (ဓမ္မစေတီ)မည်၏ဟု၊ သာရတ္ထ ဒီပနီကာ ဆရာ မိန့်တော်မူသည်။

* * *

## (စေတီတို့ကို ကိုးကွယ်၍ရနိုင်သည့်အကျိုးများ)။

ယောဓေဿပူဇေယျသမ္ဗုဒ္ဓံ။ လ ၊ ပူဇေဟိ ဇိနဓာတုယော (ထေရာပဒါန် ပါဠိ–၁၆၇)။ နတ္ထိ စိတ္တေပသန္နမှိ၊ လ ၊ သတ္ထာ ဂစ္ဆန္တိ သုဂ္ဂတိ (ဝမာနဝတ္ထု ပါဠိ–၆၆)။

ကိဥ္စာနန္ဒတတ္တဝသံ၊ ပဋိစ္စတထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ထုပါရဟော (မဟာမရိနိဗ္ဗာန်နသုတ်–၁၁၈)။

ပါဠိတော်များသည် မြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်၊ဆံတော်စသော ခေတီ၊ ပုထိုး၊ ရုပ်ပွားတော်၊ ဆင်းတုတော်များကို လူ နတ် ဗြဟ္မာသတ္တဝါအပေါင်းတို့ ရှိခိုးပူဇော်ပြုကြခြင်းများသည်–

ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော အဖဘုရားသခင် ကိုယ်တော်မြတ်နှင့်ထပ်တူထပ်မျှ ကြည်လင်သော ပသန္နသဒ္ဓါဖြစ်ခြင်း တူညီလျှင် ရှိခိုးပူဇော်သူတို့အား အကျိုးအာနိသင်များကို ခံစားရသည်ဟု မြတ်စွာဘုရားမိန့်တော်မူခဲ့သည်။

* * *

**(ဗုဒ္ဓ၏ထာဝရအခါတော်နေ့ထူးနေ့မြတ်များ)။**

၁။ တန်ခူးလပြည့် – မင်္ဂလာအခါတော်နေ့။

၂။ ကဆုန်လပြည့် – ဗုဒ္ဓနေ့ (ဘုရားမွေးနေ့)။

၃။ နယုန်လပြည့် – မဟာသမယအခါတော်နေ့။

၄။ ဝါဆိုလပြည့် – ဓမ္မစကြာအခါတော်နေ့။
(ဝါ) ဓမ္မ၊ တရားတော်နေ့။
(တရားစတင် ဟောကြားသည့်နေ့)။

၅။ ဝါခေါင်လပြည့် – မေတ္တာအခါတော်နေ့။

၆။ တော်သလင်းလပြည့်– ပဋ္ဌာန်းအခါတော်နေ့။

* * *

## မြန်မာပြည်တွင် ဂေါတမဘုရား ဆံတော်အစစ်နှင့် တည်သည့်စေတီများ။

၁။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး။ ဆံတော် (၈) ဆူနှင့် ကကုသန် မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂုံ မြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပ မြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်တို့ဖြစ်၏။

၂၊ ပြည်မြို့ (သရေခေတ္တရာမြို့) ရွှေဆံတော်စေတီတော်ကြီး၊ ဆံတော် (၂)ဆူ။

ဤစေတီတော် (၂)ဆူတို့မှာ ကျမ်းအဆောင်ဆောင်တို့ ကိုးကား၍ ဂေါတမမြတ်စွာဘုရား သာသနာတော်၌၊ ကမ္ဘာနှင့်တကွ မြန်မာတပြည်လုံး အစောဆုံးနှင့် ပထမဦးဆုံး စေတီကြီးများလည်းဖြစ်ပေသည်။

*　　*　　*

## (လူတို့သေခါနီး၌ အောင့်မေ့ပြုကျင့်အပ်သည့် ကံတရားများ)။ အကျိုးပေးမည့်ကံလေးပါး။

၁။ ဂရုကံ — အာနန္တရိယကံ၊ ပဉ္စာနန္တရိယကံ (ဥပစ္ဆေဒကကံ) ဟူ၍ လည်းခေါ်၏။

၁။ မာတုဃာတကကံ — အမိရင်းကိုသတ်သူ။

၂။ ပိတုဃာတကကံ — အဖရင်းကိုသတ်သူ။

၃။ အရဟန္တဃာတကကံ— ရဟန္တာကိုသတ်သူ၊

၄။ လောဟိတုပ္ပါဒကကံ- ဘုရားအား ဒေဝဒတ်ကဲ့သို့သွေးစိမ်းတည်အောင်ပြုသူ။ (၅) သံဃဘေဒကကံ—သံဃာ တော်တို့အား မညီညွတ်အောင် ဂိုဏ်းအသင်းခွဲသူ။ ဤငါးယောက်တို့ကား ဂရုကံ ထိုက်သူများဖြစ်၏။

ဤဂရုကံကို ပြစ်မှား ကျူးလွန်ခြင်းသည် ကား၊ လူ၊ နတ်၊ ဗြဟ္မာ(၃၃)ဘုံ၌၊ အကြီးလေးဆုံး အကုသိုလ်မကောင်းမှု ကံတရားကြီး ဖြစ်ပေသည်။

ဤကံတပါးပါးကို ကျူးလွန် ထားသော သူများသည် မည်သို့ပင် ကောင်းမှုများကို ပြုလုပ်စေကာမူ၊ ကြေပပြေပျောက်ပျက်ပျယ် သွားနိုင်နိုင်ခြင်းမရှိပဲ၊ အဝီစိငရဲ၌ကေန်မုချ ခံရမည်သာဖြစ်ပေသည်၊

(ခုဒ္ဒကဝိဘင်းပါဠိတော်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်)။

၂။ အာသန္နကကံ — သေခါနီးကာလ၌ အောင့်မေ့အပ် ပြုအပ် ပွားများအပ်သောကံတည်း၊

(၁) မိမိ၌များစွာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ခြင်း မရှိငြားသော်လည်း၊ သေခါနီးအချိန်ကာလ၌ ထိုကုသိုလ်ကို မအောင့်မေ့ မစွဲလမ်းမိပဲ၊ တရံတဖန်အနည်းငယ်မျှ ပြုလုပ်ခဲ့ဘူးသော မကောင်းမှု အကုသိုလ်ကို ဥပါဒ်ဒဏ်စွဲလမ်းမိလျှင် ၎င်းအကုသိုလ် စေတနာသည် နီးသည်ဖြစ်၍၊ သေပြီး တမလွန်ဘဝ၌ မကောင်းသော (ဒုဂ္ဂတိ) အဖြစ်သို့ ရောက်ရတတ်လေသည်။

(၂) သေခါနီးကာလ၌ အကုသိုလ်မကောင်းမှုများကို မအောင့်မေ့ မစွဲလမ်းပဲ၊ တရံတဖန် အနည်းငယ် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကိုသာ ဥပါဒ်ဒဏ် အောင့်မေ့စွဲလမ်းမိလျှင်။ကုသိုလ်ကောင်းမှု စေတနာသည်နီးသည်ဖြစ်၍၊ ၎င်းကုသိုလ်၏ အကျိုးကိုဦးစွာပေးကာ၊ သေပြီးဘဝ၌ သုဂတိကောင်းသောနေရာဌာနအဖြစ်တို့၌ ရောက်ရလေသည်။

သို့သော်၊ မိမိများစွာပြုခဲ့သော် အကုသိုလ် မကောင်းမှုတရားတို့ကား လွတ်သွားသည်မရှိပဲ၊ ယိုဘဝမှနောက်ပိုင်းခံရဦးမှာတော့ (အကုသလဝိပါက် လိုက်ဦးမှာတော့) အမှန်ဖြစ်သည်။

ထို့ကြောင့် လူတို့၌ မကောင်းမှုလုံးဝ မရှိပဲ စင်ကြယ်လျှင်ပို၍ကောင်း၏၊ သို့သော် ကုသိုလ်များ၏ အကုသိုလ်မှာ အနည်းငယ်သာဖြစ်လျှင်ပပျောက်သွားနိုင်ပေသည်၊

ထို့ကြောင့်လူတို့သည် သေခါနီးကာလ သတိရနေစဉ်၌၊ ဒါနကထာ၊ သီလကထာ၊ မဂ္ဂကထာစသော၊ ကောင်းမှု ကုသိုလ်တရားများ အကြောင်းကို ထိုလူမမာအနီးအပါးမှ ဆွေမျိုးသားချင်းများက မပြတ်ပြောဆို ရွတ်ဖတ်ပေးနေသင့်ပေသည်။ သို့မဟုတ်ကက်ဆက်တိတ်ခွေများဖြင့် ဖွင့်ထား ပေးသင့်၏။ ၎င်းပြင်လူမမာကိုယ်တိုင်ကလည်း မိမိပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှုများကို အမြဲပွားများအောင့်မေ့နေသင့်ပေသည်။

ထိုသေခါနီးကာလ၌လူမမာ၏ အနီးအပါးတွင် ဆွေမျိုး သားသမီး အပေါင်းတို့သည်၊ စိတ်ညစ်ငြူးစေမည့်၊ ဥပါဒ်ဒဏ် (စွဲလမ်းခြင်း) ဖြစ်သွားစေမည့်၊ ရန့်ရင်းကြမ်းတမ်း မကောင်းသောအပြောအဆို လုပ်ရပ် ဟူသမျှတို့ကိုလုံးဝ မပြုလုပ်မိကြရန်ထိန်းသိမ်းကြဘို့လိုကြောင်း များစွာ သတိပြုကြပါလေ။

**မှတ်ချက်။** ။ ရှေးအခါက ဘုရားဒကာ (ဒုဋ္ဌကာမဏိမင်းကြီး)သည် ၎င်း သေခါနီးအချိန်၌ ကြေးမိစ္ဆာတို့ကို တိုက်ဖျက် သတ်လေသော မကောင်းမှု ဥပါဒ်ဒဏ် စွဲလမ်းမိလေသောကြောင့်၊ ငရဲမင်း (ရမမင်း)၏ တမာန်တို့သည် ခေါ်ရန်ရောက်လာကြကုန်၏။

ထိုအခါ မင်းကြီး၏အနီး၌ ရဟန္တာ အရှင်မြဘ်တို့တရားဟော၍စောင့် နေသည်ကိုမြင် သဖြင့်ငရဲတမာန်တို့မချဉ်းကပ်ဝံ့ပဲရှိလေသည်။

နောက်ဘဝန် မင်းကြီး၌ ကုသိုလ်များသတိရ၍ နိမိတ်များ ထင်ကာ၊ နတ်ပြည်ခြောက်ထပ်လုံးမှ ခေါ်ဆောင်ရန် ရထားများ ဆိုက်ရောက်လာကြ သည်ဆို၏။ ။

ထို့ကြောင့် (အာသန္နကကံ)၏အကျိုးပြုမှုကား၊ မီးရထားရုံ တခု၏ တခါးဝ၌ ခရီးသွားလက်မှတ်ယူရန် စောင့်၍တန်းစီနေသော လူများကဲ့သို့။ ရှေ့ဆုံးမှနေသောသူသည် အရင်လက်မှတ်ရသကဲ့သို့၊ သေခါနီးကာလ၌အနီး ဆုံးအာရုံအရောက်ဆုံးသော (စွဲလမ်းထင်မြင်ဆုံးသော) ကုသိုလ်၊ ကောင်းမှု၊ သို့မဟုတ်–အကုသိုလ်မကောင်းမှု၊ တခုခုတို့သာလျှင်ဦးစွာ အကျိုးပေးခံစား ရလေသည်၊

**အထူးသတိပြုရန်။** ။ အထက်၌ဖော်ပြပြီးသော (ဂရုက°)ထိုက်ခြင်း ပြစ်မှုလုံးဝမရှိပါမူ၊ ဤအာစိန္နကက အကျိုးကိုခံစားရနိုင်ပေမည်။

သို့မဟုတ်မည်သို့ပြုပြင်စေတော့၊ ထိုသူသည် ဒိဋ္ဌဓမ္မချက်ချင်း အကုသိုလ်လိုက်ခြင်းမခံရသော်မူ၊ အသက်ချုပ်သွားသည်နှင့် တပြိုင်နက်၊ အဝီစိငရဲဟူသော၊ မကောင်းဒုက္ခကြီးစွာ ခံစားရမည် အရပ်ဌာန ကြီးသို့၊ တိုက်ရိုက်ရောက်သွားမည်ဟုတထစ်ကျမှတ်ရပေမည်။

အကယ်၍ (ဂရုက°)တခုခုကို ကြူးလွန်မိခြင်း မရှိခဲ့သော သူသည်။ အာသန္နကက°အကျိုးပေးမှုကိုတော်ခံစားရပေမည်။

အာသန္နကက°မခံစားရေသော်၊ ကဋတ္တာကက°အကျိုးပေး ခံစားရမည်ဖြစ်၏။ အာစိဏ္ဏကက°မရှိသော်၊ ကဋတ္တာကက°အကျိုးပေးမည်ဖြစ်လေသည်။

(၃) အာစိဏ္ဏကက°—မပြတ်လေ့ကျင့် ပြုအပ်သောကံဖြစ်သည်၊

(၄) ကဋတ္တာကက° —ပြုကာ မတ္တာဖြစ်သောက°တည်း၊

**ကောင်းမှုကိုအောင့်မေ့ခြင်း။**

အကျင်သူသည် မိမိပြုလုပ်ခဲ့သော တစုံတခုသော မကောင်းမှုကိုအောင့်မေ့စွဲလမ်းမိ၍ ငရဲပြည်သို့ရောက်လေ၏၊ ထိုငရဲ၌ပင် မိမိပြုလုပ်ခဲ့သောကုသိုလ်ကောင်းမှုကိုအောင့်မေ့ပြန်နိုင်၍ တဖန်နတ်ပြည်သို့ ပြန်လည်ရောက်ရသည်။

အကြောင်းမူကား၊ ဒီယံမနန္ဒ 'အမည်ရှိသော ကြေးကုလားသည်၊ သေသောအခါ၌၊ဉဿဒ္ဒရက်ငရဲ၏ အနီး၌ဖြစ်လေ၏။ ထိုအခါ ငရဲမီးလျှံအသံကိုကြား၍ ကြည့်သည်ရှိသော်၊ ငရဲမီးလျှံကိုမြင်၍ ကြောက်လန့်တုန်လှုပ်ကာနောက်က မိမိ ပြုလုပ်ခဲ့ဘူးသော အာကာသစေတီတော်၌တံခွန် လှူခဲ့ဘူးသည်ကို အောင့်မေ့၏။ ထိုသို့အောင့်မေ့သောခဏ၌ပင်ထိုအရပ်မှသေလွန်၍ နတ်ပြည်၌ရောက်ဘူးလေသည်။ ၊

ထိုမှတပါးလည်း၊ ဒါယကာတဦးသည် မိမိ၏သားဖြစ်သော ရဟန်းအား အစာချေသော ပုဆိုးကိုလှူခဲ့ဘူး၏၊ ယိုဒါယကာသည် သေသည့်အခါ၌ အယူမှား၍ ဉဿဒ္ဒရက် ငရဲ၏ အနီး၌ဖြစ်လေ၏၊

ထိုအခါ ငရဲမီးလျှံကိုမြင်သော်၊ ကြောက်လန့်သဖြင့်မိမိ၏သားရဟန်းအား နောက်ကပုဆိုးလှူခဲ့ဘူးသည်ကို အောင့်မေ့စွဲလမ်းမိ၍ သို့ကြောင့် ထိုအရပ်မှစုတေသေပြီးနတ်ပြည်သို့ပြန်လည်ရောက်ရ၏။ ။

ရှေးအခါက အမတ်တဦးသည် အယူမှား၍ ငရဲသို့ရောက်လေ၏၊ ငရဲတမာန်တို့ကဆောင်ယူ၍ ယမမင်းအား ပြကုန်၏။

ထိုအခါယမမင်းသည်ဝေဒရတမာန် ငါးပါးကိုမေး၏။ ထိုအခါတမာန်တို့လည်း ကောင်းမှုနည်း၍ မအောင့်မေ့နိုင်ဟုဆို၏။ ထိုအခါ ယမမင်းက၊သင်သည် မဟာစေတီကို ပူဇော်သောအခါက ငါ့ကိုလည်း အမျှဝေပေး၏ဟုသက်သေခံသဖြင့်၊ မိမိပြုခဲ့ဘူးသော ကောင်းမှုများကို ပြန်သတိရ အောင့်မေ့ကာ အဖန်တလဲလဲ ပွားများသဖြင့်၊ ထိုငရဲမှ စုတေ၍ နတ်ပြည် (ကောင်းသောနေရာ၌) ပြန်ဖြစ်ရလေသည်ဆို၏။ ။

**အချိန်အခါအားဖြင့် အကျိုးပေးသောကံလေးပါး။**

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ — မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ဘဝအတွက်ဘော၌ အကျိုးကို ဖြစ်စေ တတ်သော ပထမဇောစေတနာဖြစ်သည်။

၂။ ဥပပဇ္ဇဝေဒနီယကံ — အခြားမဲ့ နောက်ဘဝ၌ အကျိုးဖြစ်စေတတ်သောသတ္တမဇောစေတနာဖြစ်သည်။

၃။ အပရာပရိယဝေဒနီယကံ — မျက်မှောက် ပစ္စုပ္ပန်ဘဝမှတပါး၊ အခြားသော ဘဝအဆက်ဆက် ဟို့၌ အကျိုးကို ဖြစ်စေတတ်သော ဒုတိယဇော ငါးချက်စေတနာဖြစ်သည်။

၄။ အဟောသိကံ — အကျိုး ဖြစ်ပြီးသည်လည်း မဟုတ်၊ ဖြစ်လတံ့သည်လည်း မဟုတ်သော ကံ ဖြစ်သည်၊ လုံးဝအကျိုးမဲ့ဖြစ်သည်။

**မှတ်ချက်။** ။ပ[illegible]စေတနာသည် ပစ္စုပ္ပန်ဘဝ အတ္တသဘော၌သာ အကျိုးပေး၏။ ထိုသို့မပေးသည်ရှိသော် အဟောတိက ဖြစ်လေ[illegible]။

သတ္တမဇော စေတနာသည် အခြားမဲ့ တမလွန်ဘဝ၌သာအကျိုးပေး၏၊ ထိုသို့မပေးသော် အဟောသိက ဖြစ်၏။

အလယ်ဇော င[illegible]ချ[illegible]ာ အခြားသော ဘဝ အဆက်ဆက် တို့၌ အကျိုးပေးလေသည်။

**ကုသိုလ်မျိုး(၁၀)ဆယ်ပါး။**

လူနတ်နိဗ္ဗာန် သုံးတန်သော သုခချမ်းသာကို ပေးစေတတ်သော တရားဆယ်ပါး။ သုစရိုက်ဆယ်[illegible]ါ ဟူ၍၎င်း၊ ကုသလကမ္မပထတရားဆယ်ပါး ဟူ၍၎င်း၊ ပုညကြိယာ ဝတ္ထုဆယ်[illegible]ါးဟူ၍၎င်း ခေါ်ဆိုကြ၏။

၁။ ဒါန — သ[illegible]ါကြည်ဖြူ ပေးလှူရခြင်းဖြစ်သည်။

၂။ သီလ — [illegible]၊ ဝစီ၊ ထိုနှစ်လီသော မကောင်းမှု(ဒုစရိုက်) ကို မပြုလုပ်ပဲ ရှောင်ကြဉ်ရခြင်း ဖြစ်သည်။

၃။ ဘာဝနာ — သမထ၊ ဝိပဿနာ၊ ထိုနှစ်ဖြာကို လေ့လာ ပွား များအားထုတ်ရခြင်းဖြစ်သည်။

၄။ အပစာယန — ဘုရား၊တရား၊သံဃာ၊အမိအဖနှင့်ဆရာ(အနန္တော အနန္တငါးပါး)တို့အား ရိုသေရခြင်း ဖြစ်သည်။

၅။ ဝေယျာဝစ္စ — ကုသိုလ်ဖြစ်ဘွယ်ဝတ်ကြီး ဝတ်ငယ်တို့ကို ဆောင် ရွက်ပြုလုပ်ရခြင်းဖြစ်သည်။

၆။ ပတ္တိဒါန — မိမိပြုရ ကုသိုလ်များကို အမျှ ပေးဝေရခြင်း ဖြစ်သည်။

၇။ ပတ္တာနုမောဒန — သူတပါးပြုလုပ်သော ကောင်းမှု ကုသိုလ်ကိုသာ ဓု အနုမောဒနာခေါ်ခြင်းဖြစ်သည်၊

၈။ ဓမ္မသာဝန — ဘုရားစကား၊ တရားဓမ္မတို့ကို နာကြားခြင်းဖြစ်သည်။

၉၊ ဓမ္မဒေသနာ — ဘုရားစကား၊ တရားဓမ္မတို့ကို ဟောကြားရခြင်းဖြစ်သည်။

၁၀။ ဒိဋ္ဌိဇုကမ္မ — နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အယူတို့ကို ဖြောင့်မှန်စွာယူခြင်း ဖြစ်သည်။

**အကုသလကမ္မပထ(ဒုစရိုက်)တရားဆယ်ပါး။**

(၁) ပါဏာတိပါတာ။ (၂) အဒိန္နာဒါနာ။ (၃) ကာမေသုမိစ္ဆာ စာရ ဟူ၍ ကာယကံမှု (၃)ပါး၊

(၁) မုသာဝါဒါ။ (၂) ပိသုဏာဝါစာ၊ (၃) ဖရုသာဝါစာ။ (၄)သမ္ဖပ္ပလာပ–ဟူ၍ ဝစီကံမှု (၄)ပါး။

(၁) အဘိဇ္ဈာ၊ (၂)ဗျာပါဒ။(၃) မိစ္ဆာဒိဋ္ဌိ–ဟူ၍မနောကံ(၃)ပါး။ ပေါင်း အကုသိုလ်တရား ဆယ်ပါး ဖြစ်၏။

၁၊ ကာယကံမှု — ၁။ ပါဏာတိပါတာ — သူတပါး အသက်ကိုသတ်ခြင်း။

၂၊ အဒိန္နာဒါနာ — သူ တ ပါး ဥစ္စာကို ခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရ — သူ တ ပါး သား မယား ကို ပြစ် မှား မှား ကြူးလွန်ခြင်း။

| | | | |
|---|---|---|---|
| ၂။ ဝစီကံမှု | ၄။ | မုသာဝါဒါ | – မဟုတ် မမှန် လိမ်လည် ပြောဆိုခြင်း။ |
| | ၅၊ | ပိသုဏာဝါစာ | – ချစ်သူ နှစ်ဦး အကြား၌ မတည့်အောင် ကုံးချောခြင်း၊ |
| | ၆။ | ဖရုဿဝါစာ | – ကြမ်းတမ်း ယုတ်မာသော စကားကို ပြောဆိုခြင်း။ |
| | ၇၊ | သမ္ဖပ္ပလာပဝါစာ | – သိပ် ဖျင်းသော စကား ကိုသာ ပြောဆိုခြင်း၊ |
| ၃။ မနောကံ | ၈။ | အဘိဇ္ဈာ | – သူတပါး ပစ္စည်းကို ငါ့ပစ္စည်းဖြစ်ကကောင်း၏ဟု အောင့်မေ့ခြင်း |
| | ၉။ | ဗျာပါဒ | – သူတပါး စီးပွား ချမ်းသာဖျက်စီး သေ ကြေ ကကောင်း လေ စွ ဟုကြံစည်ခြင်း။ |
| | ၁၀။ | မိစ္ဆာဒိဋ္ဌိ | – ဖောက် ပြန်သော အားဖြင့် မှားသော အယူကိုယူခြင်း။ |

ဤအကုသိုလ်တရား (ဒုစရိုက်)ဆယ်ပါးကို ရှောင်ကျဉ်နိုင်လျှင်။ ကုသ

လကမ္မပထ (သုစရိုက်)ကောင်းမှုတရားမည်၍၊ ဆယ်ပါးသီလကိုလည်း စောင့်ထိမ်းဆောက်တည်နိုင်သည်မည်၏။ ။

**မှတ်ချက်။** ။ ပါဏာတိပါတာ၊ ဖရုသဝါစာ၊ ဗျာပါဒ၊ ဤ သုံးခုကား–
ဒေါသမှုကြောင့်ဖြစ်ကုန်၏။

ကာမေသုမိစ္ဆာစာရာ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ ဤလေးပါးက လောဘမှုကြောင့် ဖြစ်ကုန်၏၊

အဒိန္နဒါနာ၊ မုသာဝါဒါ၊ ပိသုဏာဝါစာ။ သမ္ဖပ္ပလာပ။ ဤ လေးပါးကား၊ လောဘမှု။ ဒေါသမှု၊ မောဟမှု၊ ဤ သုံးပါးကြောင့်ဖြစ်ကုန်၏။

ထိုအကုသိုလ်ကံသည် စိတ်အားဖြင့် (၁၂)ပါး ဖြစ်သည်။ လောဘမှုစိတ်(၈)ခု။ ဒေါသမှုစိတ်(၂)ခု၊ မောဟမှုစိတ်(၂)ခု၊ ပေါင်း (၁၂)တဆယ့်နှစ်ခုဖြစ်သည်။ ၊

**ကိလေသာတရားဆယ်ပါး။**

(၁)လောဘ။ (၂)ဒေါသ၊ (၃) မောဟ။ (၄) မာန။ (၅) ဒိဋ္ဌိ၊ (၆)ဝိစိကိစ္ဆာ။ (၇)ထိန။ (၈)ဥဒ္ဓစ္စ။ (၉)အဟိရိက၊ (၁၀)အနောတ္တပ္ပ။ ဤ ဆယ်ပါးတည်း။ ။

**ကိလေသာ(၁၅၀၀)တထောင့်ငါးရာ။**

| | | | |
|---|---|---|---|
| ၁။ | နာမ်တရား | – | တေပညာသ(၅၃)ခု။ |
| ၂။ | နိပ္ဖန္နရုပ် | – | (၁၈) တဆယ့်ရှစ်ခု။ |
| ၃၊ | လက္ခဏာရုပ် | – | (၄) လေးခု။ |

၎င်းတို့ကိုပေါင်းသော်၊ နာမ်ရုပ်ပေါင်း(၇၅) ပါး ရသည် ၎င်းကို၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်(၂)ပါးနှင့် မြှောက်(၁၅၀)ရသည်၊ ၎င်းကို ကိလေသာ(၁၀)ပါးနှင့် မြှောက်သော် (၁၅၀၀) တထောင်ငါးရာဖြစ်သည်။

ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်သောအင်္ဂါ(၅)ပါး။

ငင်းဖော်ပြပါ အင်္ဂါ(၅)ပါးကို ယုံကြည်မှုပြည့်စုံမှ ဗုဒ္ဓ ဘာသာဝင် အစစ်ဖြစ်နိုင်ကြောင်း ကျမ်းဂန်တို့ကဆို၏။

၁။ ဗုဒ္ဓသဒ္ဓဟာန — ဘုရားကိုယုံကြည်ခြင်း၊
၂။ ဓမ္မသဒ္ဓဟာန — ဘုရား၏ တရားတော်ကို ယုံကြည်ခြင်း။
၃။ သံဃသဒ္ဓဟာန — ဘုရား၏တပည့်သား သံဃာ တော်တို့ကို ယုံကြည်ခြင်း။
၄၊ ကမ္မသဒ္ဓဟာန — ကောင်းကံ၊ ဆိုးကံခေါ်ကံ တရားတို့ကို ယုံကြည်ခြင်း။
၅၊ ကမ္မဖလသဒ္ဓဟာန — ထိုကံနှစ်ပါတို့၏ ကောင်းကျိုး ဆိုးကျိုး တို့ကို ယုံကြည်ခြင်းဖြစ်၏။ ။

*   *   *

ကိုးကားသောကျမ်းများ။

၁။ ဇိနတ္ထပကာသနီကျမ်း — ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီး။
၂၊ ဗုဒ္ဓဘာသာလက်စွဲ(နဝမတွဲ) — အစိုးရပုံနှိပ်တိုက်။
၃။ ငင်း (သတ္တမတွဲ) — ။
၄၊ ငင်း (ပဉ္စမတွဲ) — ။
၅။ ဓမ္မစကြာ အမေးအဖြေ။ — လယ်တီပဏ္ဍိတဦး မောင် ကြီး။

၅။ ပိဋကသုံးပုံ အနှစ်သာရများ။ — စေတနာရှင်ယောဂီ။
၇။ သုတေသနသရုပ်ပြ အဘိဓာန်။ — အသျှင်ဩဘာသာဘိဝံသ။
၈။ ငါအရိယာဖြစ်ပြီလား။ — ဥာဏဗောဓာဂမဟာထေရ်။
၉။ ပရိတ်ကြီးဆယ်စောင်တွဲ။ — သစ္စာမဏ္ဍိုင်။
၁၀။ ကိုယ်ကျင့်ပရိတ်နှင့်အိမ်သုံးပရိတ်များ — ဦးသောင်းလွင်။
၁၁။ အကြောင်းကံ၏ အကျိုးတရား — ဦးဘိုးစိန်။
၁၂။ ဘဝပြဿနာအမေးအဖြေ။ — မဟာစည်ဆရာတော်။
၁၃။ ဗုဒ္ဓဝါဒပန်းတိုင်နှင့်ဝါဒလမ်းစဉ်များ— မင်းကြည်မွန်။
၁၄။ စွန်းလွန်းဆရာတော်ဘုရားထေရုပ္ပတ္တိ
နှင့်တရားတော်များ။ — ဦးသောဘဏ။
၁၅။ ကိုယ်တွေ့သမထဝိပဿနာအလုပ် — သဲအင်းဂူဆရာတော်။
၁၆။ သမထနှင့်ဝိပဿနာပုတီးစိပ်နည်း။— ဦးဇဝန။
၁၇။ လူသေလူဖြစ် ဝိနိစ္ဆယစစ်တန်းနှင့်
ကောက်နုတ်ချက်။ — ဝိနိစ္ဆယအဖွဲ့။
၁၈။ မဟာဗုဒ္ဓဝင်နှင့် သာသနာဝင် ) — ကမ္ဘာ့အေးစေတီ ကော်မတီ
သမိုင်း အကျဉ်းချုပ် ) —
၁၉။ ဂုဏ်တော်ပုတီးစိပ်နည်းနှင့်အန္တရာယ်
ကင်းဂါထာတော်များ။ — ဓမ္မဒါန။
၂၀။ ဘုရားရှိခိုး အမျိုးမျိုးမူဟောင်း — ဣစ္ဆာသယ။
၂၁။ လောကီထွက်ရပ်လမ်း လက်တွေ့ကျမ်း— ဇင်းကျိုက်တောင်။
၂၂။ စိတ်ပညာအလင်းပြကျမ်း — ဆရာဖြိုး။
၂၃။ အသက်၏မူလအစ။ — အိုဂရင်း။

| | | | |
|---|---|---|---|
| ၂၄။ | လူ၏မူလအစ။ | — | မိခေလ်နက်စ်တပ်။ |
| ၂၅။ | ယနေ့လူတိုင်းရင်ဆိုင်နေရသော အိမ်ထောင်ရေးတရားဥပဒေများ | — | ဦးသောင်းဖေ။ |
| ၂၆။ | ဝိပါက်တော်(၁၂)ပါး။ | — | အရှင်ဓမ္မသာမိဘိဝံသ။ |
| ၂၇။ | ပါဠိသက်ဝေါဟာရအဘိဓာန် | — | ဦးထွန်းမြင့်။ |
| ၂၈။ | ပါဠိမြန်မာအဘိဓာန်။ | — | လှသမိန်။ |
| ၂၉။ | ရွှေတိဂုံဘုရား။ | — | ဦးသော်ဇင်။ |
| ၃၀၊ | ရွှေတိဂုံအောက်မြေမှအံ့ဘွယ်ကိုး | — | မြင့်ထွန်း။ |
| ၃၁။ | ကမ္ဘာ့သမိုင်း၏ မှတ်တိုင်များ (ပထမတွဲ) | — | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဌာနချုပ်။ |
| ၃၂။ | ၎င်း (ဒုတိယတွဲ) | | ။ |
| ၃၃။ | မြောက်ပိုင်းဗုဒ္ဓဘာသာမဟာနဂိုဏ်း | — | အမျိုးသားပညာဝန် |
| | | — | ဦးဘိုးကျား။ |

**(ခရစ်ယာန်)။**

| | | | |
|---|---|---|---|
| ၃၃။ | သမာကျမ်းစာအဘိဓာန်။ | — | ၎င်းအသင်း(၁၉၃၆)ခုနှစ်။ |
| ၃၄။ | ဓမ္မဟောင်းကျမ်း၊ | — | တောင်ငူ ပုံနှိပ်တိုက် (၁၉၅၁) ခုနှစ်။ |
| ၃၅။ | ဓမ္မသစ်ကျမ်း။ | — | ဆရာယုဒသန်(၁၉၅၇)ခုနှစ်။ |

(မူစလင်)။

| | | | | |
|---|---|---|---|---|
| ၃၆။ | သဘင်ဝန် ဦးနုံ၏ ဘိုးထော်ဘုရားသို့ သံတော်ဦး –( အစ္စလာမ် တင်လျှောက်ချမ်း | | သာသနာရေး ကောင်စီ ဌာနချုပ်။ | |
| ၃၇။ | ဒေသနာစာတမ်း။ | | ၎င်း | ။ |
| ၃၈။ | အစ္စလာမ်ဘာသာသင်္ခန်းစာ – | | (တတိယတွဲ) | ။ |
| ၃၉။ | ၎င်း (စတုတ္ထတွဲ) – | | ၎င်း | ။ |
| ၀။ | အစ္စလာမ်ကြေးမုံ(ပထမတွဲ) – | | ၎င်း | ။ |

(ဟိန္ဒူ)။

| | | | | |
|---|---|---|---|---|
| ၄၁။ | စန်ကရိတိမာလာ။ | – | ဟိန္ဒူအဖွဲ့ချုပ်ရန်ကုန် | ။ |
| ၄၂။ | မဟာဘာရတရာဇဝင် အကျဉ်းချုပ် | | ။ | ။ |
| ၄၃။ | မဟာသျှကသိ(ခ)စန္ဒီမယ်ဟော်– | | ။ | ။ |
| ၄၄၊ | ဟိန္ဒူဓမ္မမိတ်ဆက်။ | – | ။ | ။ |
| ၄၅။ | သိဝအရှင်ပတ္တံနာ။ | – | ။ | ၊ |
| ၄၆။ | မဟာပိဿနိုး၊ | – | ။ | ၊ |

* * *

## ဆရာ ဦးသောင်းဖေ ရေးသားထုတ်ဝေပြီးစာအုပ်များ။

၁။ ဘဝဟောင်းတွင် အဆင်မပြေသူတိုင်း ဘဝသစ်တည်ဆောက်ရေးသို့။ နှစ်ကြိမ်။
၂။ ကမ္ဘာ့ဆိုရှယ်လစ် ခေါင်းဆောင်ကြီးများ အတ္ထုပ္ပတ္တိ နှစ်ကြိမ်။
၃။ ယနေ့လူတိုင်းရင်ဆိုင်နေရသော အိမ်ထောင်ရေးတရားဥပဒေများ။ နှစ်ကြိမ်။
၄။ ကိုလိုနီစနစ်ဆိုတာဘာလဲ။ နှစ်ကြိမ်။
၅။ နှစ်တရာ ကမ္ဘာ့အံ့ဘွယ်ဖြစ်ရပ်များ။ နှစ်ကြိမ်။
၆။ လူတိုင်းအတွက် ကမ္ဘာ့မှတ်သားဘွယ် အဖြစ်အပျက်များ နှစ်ကြိမ်။
၇။ မြန်မာ သူရဲကောင်းများ။ တကြိမ်။
၈။ တိုင်းရင်းသား လူမျိုးစုံ၏ အပျိုလူပျိုလှည့်နည်းများ (ယဉ်ကျေးမှု) တကြိမ်။
၉။ သပြေညို (တွေးခေါ်မြော်မြင်ရေးဝတ္ထု)။ တကြိမ်။
၁၀။ ဇာနဂုဏ်တော်ဖြင့် အကြံအောင်မြင်နည်း ဗုဒ္ဓလက်စွဲ ဒီပနီ (ဘာသာပေါင်းစုံပါဝင်သည်)။ တကြိမ်။
(The Hand Book of Buddhism, Inclding all other Religins)
၁၁။ ကျွမ္ဘာကျော် လင်ကွန်းဖုံး အင်္ဂလိပ်စကားပြော သင်တန်းစာအုပ်၊ (ဘာသာပြန်) တကြိမ်။

## ရိုက်ဆဲစာအုပ်များ။

၁၂။ ဗုဒ္ဓ၏ဓမ္မစစ်တလင်းနှင့် အပြိုင်ဘုရားကြီးများ။

"မေမြို့၊တပ်မတော် ဝိုလ်သင်တန်းကျောင်းသားများအတွက်၊ **ဆရာဦးသောင်းဖေ** ၏ (လင်ဂွါဖုန်း အင်္ဂလိပ်စကားပြော သင်တန်း စာအုပ်နှင့် အသံထွက်တိတ်ခွေများ၊ လှူဒါန်းပွဲ အခန်းအနား။"

ရန်ကုန်မြို့၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့စစ်နှင့် ပြည်သူ့ဆက်ဆံရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး၏ လက်ခံချက်အရ၊ (၁–၁၀–၁၉၇၀)ခုနေ့၊ နေ့လည် (၁)နာရီတိတိ အချိန်တွင်၊ ရန်ကုန်မြို့၊ ၄၇–လမ်း၊ အမှတ်–၁၇၀၊ချင်းတွင်းစာအုပ်တိုက်၌ကာကွယ်ရေး ဝန်ကြီးဌာနမှတာဝန်ခံ ဗိုလ်ကြီးညီစန်း၊ မေမြို့ စစ်တက္ကသိုလ်မှ ကိုယ်စားလည် ဗိုလ်မှူး ဘမြင့်၊ တပ်ကြပ်ကြီး မြင့်ဦးနှင့် အခြားဓါတ်ပုံဆရာ တပ်ကြပ်ကြီးတဦးတို့ စာအုပ် အလှူခံရန်ရောက်ရှိလာသဖြင့်၊ မေမြို့ စစ်တက္ကသိုလ်မှ ကိုယ်စားလည် ဗိုလ်မှူး ဘမြင့်လက်သို့၊ လင်ဂွါဖုန်း အင်္ဂလိပ်စကားပြော သင်တန်းစာအုပ် (၂၀)နှင့်အတူ ငင်းအင်္ဂလိပ်အသံထွက် မူရင်းတိတ်ခွေ(၁)စုံ၊ ပေါင်း တန်ကြေး ၁၀၀၀/– (တထောင်ကျော်)ဘိုးကို အခြား ဧည့်ပရိသတ်များရှေ့တွင်အခန်းအနားဖြင့်၊ ဆရာ ဦးသောင်းဖေကိုယ်တိုင် လှူဒါန်းခဲ့ပါသည်၊

၎င်းပြင် ကာကွယ်ရေးဝနကြီးဌာန စာကြည့်တိုက် အတွက် သီးသန့် (၂)အုပ်ကိုလည်း၊ ဗိုလ်ကြီး ညီစန်း လက်သို့ ပေးအပ်ခဲ့ပါသည်၊ လှူဒါန်းပွဲ အခန်းအနား၌ဗိုလ်မှူးဘမြင့်က....

"ဤစာအုပ်မှာ ဗိုလ်သင်တန်းကျောင်းသားများ၏ အင်္ဂလိပ် ဘာသာရပ်အတွက် အထောက်အကူပြုရုံသာမက၊ တိုက်ရိုက်အသုံးဝင်နေသည့်အပြင်၊ ယခုလို မရည်ရွယ် မမျှော်လင့်ပဲနှင့် လှူဒါန်းမှု ပေါ်ပေါက်လာသောကြောင့်၊ မေမြို့ စစ်တက္ကသိုလ်ကိုယ်စား အထူးပင် ဝမ်းသာပီတိ ဖြစ်မိပါသည်၊ တိုင်းပြည်အတွက်အကျိုးရှိမည့် စာအုပ်ကို ပြုစုထုတ်ဝေသည့်အတွက်လည်း များစွာ ဂုဏ်ယူမိပါကြောင်း၊ ကျေးဇူးတင်စကားပြောကြားသွား၍ လှူဒါန်းပွဲ မှတ်တမ်းဓါတ်ပုံများကိုလည်း ရိုက်ခဲ့ပါသည်။

ယခုလင်ဂွါဖုန်း စာအုပ်နှင့် အင်္ဂလိပ် အသံထွက် တိပ်ခွေ များကို မေမြို့စစ်တက္ကသိုလ်သို့၊ ဗိုလ်မှူးဘမြင့်ကိုယ်တိုင် ယူဆောင် သွားခဲ့ပြီး ဖြစ်၍၊ နောင်တွင် ခေါင်းဆောင်လူကြီးများဖြစ်လာကြမည့် တိုင်းပြည်၏ အညွန့်အဖူး ကလေးများအား (English Language) အင်္ဂလိပ် ဘာသာရပ် ပညာကို အထောက်အကူပြု သင်ပေးနိုင်ကြပြီ ဖြစ်သည့်အတွက်၊ လှူဒါန်းခဲ့ရသူကျွန်ုပ် (ဦးသောင်းဖေ)အဖို့ များစွာ နှစ်သိမ့်ကြည်နူးမိလျက်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

(ဦးသောင်းဖေ)ဘာဝသစ်ကောလိပ်၊

လူတိုင်း မိမိနှင့် တကွ ရင်သွေး သားသမီးများ အားလုံး၊ အင်္ဂလိပ်
နှင့် စကားပြော တတ်ကျွမ်းစေလိုသူတိုင်း–
ဆရာကြီး **ဦးသောင်းဖေ** ဘာသာပြန် ယနေ့ခေတ်အမှီဆုံး–

# ကမ္ဘာသုံး–လင်ဂွါဖုန်း

စာအုပ်နှင့် မူရင်းစကားပြော အသံထွက် **တိပ်ခွေ** စစ်များကိုရောင်း
ချနေပါပြီ၊ အင်္ဂလိပ်စာ ထိပ်တန်းကျလိုသူတိုင်း၊ အမြန်လာရောက်၊ မှာကြား
ဝယ်ယူထားပါ။

တအုပ်- ၄၀/တန်ကို–၂–အုပ်မှ အထက် ဝယ်သူများအား– ၃၂–ကျပ်
နှင့်ဖေါက်သည်နှုန်းပေးပါသည်။

တဦးတည်းဖြန့်ချိရေး–

**ဘဝသစ်** အင်းစိန်လမ်းမကြီး၊ သမိုင်းချည်စက်၊ ပန်ပဲဖို မှတ်တိုင်

တောင်ဘက်၊ ရန်ကုန်မြို့။

## ဗုဒ္ဓဘာသာအခန်း ပြင်ဆင်ချက်

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁ | ၂၉ | ၁၃ | ရဟန်းသံဃာအားလုံး | ရဟန်းသံဃာအချို့ |
| ၂ | ၃၃ | ၁၃ | (အရိမေရေ့ရ) | (အရိမေတ္တေယျ) |
| ၃ | ၄၃ | ၁ | ဩကာသလေ၂က<br>ဆိုသည်မှာ<br>နေစကြာဝဠာကြီး။ | ဩကာသလောက<br>ဆိုသည်မှာ<br>သတ္တဝါတို့၏တည်နေရာ<br>ဘုံဌာနဖြစ်သည်။ |
| ၄ | ၄၅ | ၉ | (ဥပပတ်သဋိပန္ဓ) | (ဥပပတ်ပဋိသန္ဓေ) |

**မြတ်စွာဘုရား ပဋိသန္ဓေတည်ပုံ**

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၅ | ၆၀ | ၁ | ကောပရိသန္တ | ကောဂါရိသန္တိ |
| | | ၂ | သဋ္ဌိဝါသာနိ | သဋ္ဌိဝသာနိ |
| | | ၄ | သဏ္ဍမဒိဝသတော | သတ္တမဒိဝသတော |
| | | ၅ | ဝိဘူတိသမ္ပန္န | ဝိဘူတိသမ္ပန္နံ |
| | | ၅/၆ | နက္ခတ္တတို့ဠံ | နက္ခတ္တကီဠံ |
| | | ၆ | ဒိဝါသေ | ဒိဝသေ |
| | | ၇ | ရဋ္ဌာယ | ဝုဋ္ဌာယ |
| | | ၇ | ဂန္ဓောဒတေန<br>နတာဟိတွာ | ဂန္ဓောဒကေန<br>နဟာယိတွာ |
| | | ၈ | သာဗ္ဗသတွာ | သဗ္ဗာလင်္ကာယ |
| ၆ | ၆၁ | ၈ | ဣဒံသုပိအဋ္ဌယ | ဣဒံပိသုနံဒးဋ္ဌယ |
| ၇ | ၆၃ | ၂၂ | အဗ္ဗူဒါဇာယ<br>ဘောပေသိ | သဗ္ဗုဒါဇာယ<br>တောပေသိ |
| ၈ | ၈၁ | ၁ | သမ္မဒါကာဒါ | သမ္မဒါယဒါ |
| | | ၂ | ကမ္မယောနိကမ္မ<br>ဗန္ဓုကမ္မ | ကမ္မယောနိကမ္မ<br>ဗန္ဓူကမ္မ |
| | | ၃ | ဟိနပ္ပဏီဟိတတာ | ဟိနပ္ပဏီဘတာ |
| | | ၆ | မာဏဝသဏ္ဍ | မာဏဝသတ္တ |
| | | ၇ | ကမ္မယောနိကမ္မဗန္ဓု | ကမ္မယောနိကမ္မဗန္ဓူ။ |
| | | ၉ | ဟိနမ္မဏီတတာယာတို့<br>(၎င်း-၂၃၃) | ဟိနပ္ပဏီဘတာယာတို့<br>(၎င်း- '၄၄)။ |

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၉ | ၁၆၄ | ၃/၄/၅ | အဇာတသတ်မင်းဆက် နောက်ဆုံးဘုရင် (နာဂဒါသ) တို့ ထီးပြိုင်နန်းပြိုင် | အဇာတသတ်မင်းနှင့် (နာဂဒါသ) ဘုရင်တို့ထီးပြိုင်နန်းပြိုင် |
| ၁၀ | ၁၆၈ | ၂၅/၂၆ | "ဆည်းနှောင်ထား သောဘောင်များ" စာနှင့် "(ဝိနယပိဋက)" စာအကြား၌၊ အမှန်မှ စာများဖြည့်ဖတ်ပါ (ပုံနှိပ်တိုက်အမှား) | အတွင်းမှ လွတ်ပေ တော့မည်၊ ဤရဟန်းကြီးကား ဤအမှုကိုပြုအပ်၏၊ ဤအမှုကိုကား မပြုအပ်၊ မည်သို့ အာပတ်သင့်စေသည် စသဖြင့် ငါတို့အား ညှင်းဆဲခဲ့လှချေပြီ၊ ယခုမူငါတို့ပြုလိုကပြုနိုင်သည်၊ မပြုလိုကလည်း နေနိုင်ပြီ၊ စသဖြင့်အပြစ်ဆို၏။ ဘုရားကို ဤ သုဘဒ် ရဟန်းကြီး အပြစ် ဆိုမှုကို အကြောင်းပြုပြီး၊ ရှင်မဟာကဿပသည် |
| ၁၁ | ၁၈၀ | ၂၃/၂၄ | ဂန္ဓာရာနံ ဂန္ဓာရတိုင်း သားတို့၏သော | ဂန္ဓာရာနံ ဂန္ဓာရတိုင်း သားတို့၏သော။ |
| ၁၂ | ၁၉၁ | ၁၁ | စိတ်တခုရှပ်ကိုးဆယ် | စိတ်တခုယုတ်ကိုးဆယ်။ |
| ၁၃ | ၁၉၈ | ၄ | နိမ္မာန်ညက် | ၎င်းမရှိပယ်ပါ |
| ၁၄ | ၂၀၈ | ၈ | တနည်းပြောရယင် ဖြစ်ပျက်မဆုံးပဲနဲ့ မဖေတ်ပါနဲ့၊ ဒီတော့မှရှစ်နာမ် (၂) ပါးတပြိုင်ထဲ ဖြစ်ချုပ်တဲ့သဘောကို သိနိုင်ပါလိမ့်မယ်။ | ၎င်းရှစ်နာမ် (၂) ပါးလုံး တပြိုင်ထဲချုပ်ခြင်းမရှိ။ (ပယ်ပါ) |
| ၁၅ | ၂၀၈ | ၁၉/၂၀ | (သခါ်ရဝိတရဏာဝိသုဒ္ဓိ) | (တခါ်ရဝိတရဏာဝိသုဒ္ဓိ) |
| ၁၆ | ၂၅၅ | ၂၄ | သန္တစ | သန္တတိ |
| ၁၇ | ၂၅၆ | ၁ | သောတာ | ဇရတာ |
| ၁၈ | ၂၆၉ | ၂၃/၂၅ | ၁၉။ ရှစ်ပါးသီလအားလုံး ပြင်ဖတ်ပါ။ (ပုံနှိပ်တိုက်အမှား) | |

## *၁၉။ ရှစ်ပါးသီလ (အမှန်)

၁။ ပါဏာတိပါတာ၊ သူတပါး၏အသက်ကို သတ်ခြင်းမှ၊
ဝေရမဏိသိက္ခာပဒံ၊ သမာဒိယာမိ၊ ရှောင်ကြဉ်ပါ၏။
၂။ အဒိန္နာဒါနာ၊ သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ၊
ဝေရမဏိ သိက္ခာပဒံ၊ သမာဒိယာမိ ရှောင်ကြဉ်ပါ၏။
၃။ အဗြဟ္မစရိယာ၊ မေထုံမှီဝဲခြင်းမှ၊
ဝေရမဏိသိက္ခာပဒံ၊ သမာဒိယာမိ၊ ရှောင်ကြဉ်ပါ၏။
၄။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ၊
ဝေရမဏိသိက္ခာပဒံ၊ သမာဒိယာမိ၊ ရှောင်ကြဉ်ပါ၏။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ သေရည်သေရက် သောက်ခြင်းမှ၊
ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ပါ၏။
၆။ ဝိကာလဘောဇနာ၊ နေလွဲညစာစားခြင်းမှ၊
ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ပါ၏။
၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ၊ ကခုန်ခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းတို့မှ၊
ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ပါ၏။
၈။ ဥစ္စာသယန၊ မဟာသယနာ၊ မြင့်မြတ်သောနေရာကိုကို နေထိုင်ခြင်းမှ၊
ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ပါ၏။

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁၀ | ၂၇၀ | ၁၂ | ၂၀။ဆယ်ပါးသီလပါယ်၊ | အောက်ပါ-၉-နှင့် ၁၀-ကိုအစားထိုးပတ်ပါ။ |

*၉။ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ တန်းဆာဆင်ခြင်းတို့မှ၊
ဝေရမဏိသိက္ခာပဒံ၊ သမာဒိယာမိ၊ ရှောင်ကျဉ်ပါ၏။
၁၀။ ဇာတရူပ၊ ရဇတ၊ ပဋိဂ္ဂဟဏာ၊ ရွှေငွေတို့ကို ကိုင်ဆောင်ခြင်းမှ၊
ဝေမဏိသိက္ခာပဒံ၊ သမာဒိယာမိ၊ ရှောင်ကြဉ်ပါ၏။

| | | | | |
|---|---|---|---|---|
| ၁၉ | ၂၇၀ | ၂၀ | တရားကိုယ်တရား (၄)ပါး၌တပါး ကျန်နေသည်။ | "ပရိတ်တရား၊ စာပေပိုချသင်ယူခြင်း တရား" ကို (၁)အဖြစ် ထပ်ထည့်ပါ ပေါင်း(၄)ပါး။ |

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၂၀ | ၂၉၇/၃၀၁ | ၃ | ရှဥ်မောဂ္ဂလာန် | ရှင်မောဂ္ဂလာ္န် |
| | | ၇ | ရှင်လုကုဏ္ဍာဘဒ္ဒိယ် | ရှင်လကုဏ္ဍကဘဒ္ဒိယ |
| | | ၈ | ရှင်ပိဏ္ဍောလဘာရဒ္ဒါယ | ရှင်ပိဏ္ဍောလဘာရဒ္ဒါဇ |
| | | ၁၀ | ရှင်မဟာကစ္စည်း | ရှင်မဟာကစ္စာယန |
| | | ၁၁ | ရှင်စူုလမန် | ရှင်စူဠပန္ထက |
| | | ၁၂ | ရှင်မဟးပန် | ရှင်မဟာပန္ထက |
| | | ၁၅ | ရှင်ဂခ်ါရေဝတ | ရှင်သခ်ါရေဝတ |
| | | ၁၆ | ရှင်ကောဋ္ဌိဝိသသောကာ | ရှင်သောဏကောဋ္ဌိဝိသ |
| | | ၁၇ | ရှင်ကုဋ္ဌိကဏ္ဍသော့ကာ | ရှင်သောဏကုဋ္ဌိကဏ္ဍ |
| | | ၂၂ | ရှင်ကောဏ္ဍဒါန | ရှင်ကုဏ္ဍဓာန |
| | | ၂၆ | ရှင်ပိလိန္ဒဝစ္ဆ | ရှင်မိလိန္ဒဝစ္ဆ |
| | | ၂၇ | ရှင်ဒါရှစိ | ရှင်ဒါရုစိရိယ |
| | | ၃၂ | ရှင်ကာလုဒါယီ | ရှင်ကာဠုဒါယီ |
| | | ၃၇ | ရှင်အိန္ဒ | ရှင်နန္ဒ |
| | | ၃၈ | ရှင်မဟာဇာပိန္န | ရှင်မဟာကပ္ပိန |
| ၂၂ | ၃၉၃ | ၁၀ | စာကျန်သည်။ | ၉။ အမိဋ္ဌာန်ဉပုသ် |
| ၂၂ | ၄၁၇ | ၁၃ | (ဥပစ္စေတကကုံ) အသတ်ခံရသူတို့၏ ကံဖြစ်သည်။ | ၎င်းကိုပါယ်ပါ |
| ၂၃ | ၂၀၂ | ၁/၇ အထိ | ၎င်းစာ (၂) ပုဒ် ပိဋကနှင့်မညီ | ၎င်းကိုပယ်ပါ |

နေ့စွဲ၊ ၁၉၇၁-ခု၊ ဇွန်လ (၂၇) ရက်။

## သက်ဆိုင်ရာသို့

စာရေးဆရာ ဦးသောင်းဖေ ရေးသားထုတ်ဝေသော (ဇိနဂုဏ်တော်ဖြင့်အကြံအောင်မြင်နည်း၊ ဗုဒ္ဓလက်စွဲ ဒီပနီ၊ ဘာသာပေါင်းစုံပါဝင်သည်) စာအုပ်တွင် ပူးတွဲပါအယူအဆမတူညီမှုလေးများကို ဖေါ်ပြပါအတိုင်း အမှား-အမှန်ပြင်ဆင်ချက် ကပ်ထည့်ပေးပါက၊ ကန့်ကွက်ရန် အကြောင်းမရှိပါ။

**ပုံ/သာဓိမိုဟမ္မဒ်ဟာရှင်**
၂၇–၆–၁၉၇၁
ဥက္ကဋ္ဌ
အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်။

**ပုံ/ဟာဂျီဘသန်း**
အထွေထွေအတွင်းရေးမှူးချုပ်
အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်။

(မိတ္တူမှန်)

# မှတ်စလင်မ်ကလ္လာ

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁ | ၁၃၀ | ၁– ၃ | အစ္စရေးနိုင်ငံ ဂျေရုစလမ် မြို့ရှိ ကျောက်နက် ကြီးပုံ(လက်ဝဲ)နှင့်ဆော်ဒီ အာရေဗျနိုင်ငံမက္ကာမြို့ရှိ ကာအ်ဘာကျောင်းတော် အတွင်းတမာန်တော် မဟာမှက်၏အုတ်ဂူ (ယာပုံ)တို့ဖြစ်၏။ | ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တော်ရှိ ကျောက်နက် (ဝဲ) ပုံ နှင့် ကာအ်ဘာကျောင်းတော် (ယာ) ပုံ တို့ဖြစ်၏။ |
| ၂ | ၁၃၀ | ၁၃ | ကျောက်နက်တုံးကိုသာ | ဆင်းတုများကိုသာ |
| ၃ | ၁၃၁ | ၃– ၄ | ရေရောင်းစားခြင်းဖြင့် စီးပွားရှာနေသော | ရေလှူကြသော |
| ၄ | ၁၃၁ | ၇ | ထိုရေရောင်းသော | ရေလှူသော |
| ၅ | ၁၃၁ | ၁၀ | ဆွေမျိုးများ၏ဆိတ် နှင့် ကုလားအုပ်များကို ထိန်းကြောင်းနေခဲ့ ရသည်။ | တခါတရံနို့စို့ဘက်များ နှင့်အတူ တောသို့သွား၍ ဆိတ်များကျောင်းတော် မူခဲ့ပါသည်။ |
| ၆ | ၁၃၁ | ၁၃–၁၄ | ကုလားအုပ်မောင်း သမားအဖြစ်ဝင်ရောက် လုပ်ကိုင်ကာ အသက် မွေးမြူခဲ့ရသည်။ | အမှန်မှာ-ကိုယ်ပိုင် အရောင်းအဝယ်ဖြင့် ခရီးသွားခဲ့သည်။ |
| ၇ | ၁၃၁ | ၁၆–၁၇ | မုဆိုးမတဦးထံ၌အခစား အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း | မုဆိုးမတဦးနှင့်ဖက်စပ် လုပ်ကိုင်ခဲ့သည်။ |
| ၈ | ၁၃၁ | ၁၈ | စီးပွားရေးလုပ်ငန်းကိုသာ | စီးပွားရေးလုပ်ငန်းကို |
| ၉ | ၁၃၁ | ၂၀–၂၂ | နောင်တွင်မဟာမက် သည် ဘုရားသခင်၏ အလိုတော်ကိုဖော်ထုတ် နိုင်သူအဖြစ်ဖြင့်မိမိကိုယ်ကို မိမိယုံကြည် စိတ်ချလာခဲ့ သည်။ | နောင်တွင်မဟာမက်သည် ဘာသာတရားကို စူးစမ်း ရှာဖွေလာခဲ့လေသည်။ |

| အပုဒ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁၀ | ၁၃၁ | ၂၃-၂၆ | မဟာမက်သည်မက္ကာမြို့ အနီး(ဟီရာ)တောင်ကုန်း ရှိလူများသို့ သွားရောက် ဘာဝ ဂူတွင်းဆောင်ဥပုသ် ဆောင့်တရားကျင့်ယင်း ဘာသာရေး အမြင်ကို ဆန်းစစ်ခဲ့၏။ထိုအချိန်မှ စပြီးမဟာမက်သည်သူ၏ ဘာသာများကို ဟော ပြော ဖြန့်ဖြူးခဲ့သည်။ | မဟာမက်သည်မက္ကာမြို့ တော်အနီးရှိ ဟီရာလှိုင်ဂူသို့ သွားရောက်၍ တရား အားထုတ်နေခဲ့၏။ ထိုစဉ် တွင်ပင် တမန်တော် အဖြစ် ချီးမြှင့်ခြင်းခံခဲ့ရ၏။ ထိုနောက် အစ္စလာမ်ကို စတင်ဟောကြားခဲ့၏။ |
| ၁၁ | ၁၃၁ | ၂၇-၂၉ | မဟာမက်ပြောသော စကားများနှင့် ဟောပြော ချက် အကြောင်းအရာ များကို စုပေါင်းမှတ်ချက် များသည်နောင်အခါတွင် ကိုရမ်ကျမ်းကြီးဖြစ်လာ ၏။ (ကိုရမ်၏အဓိပ္ပာယ် မှာ-ရွတ်ဖတ်ခြင်းပင်ဖြစ်၏) | အမှန်မှာ-အလာအသျှင် မြတ်ထံတော်မှ တမန်တော် မဟာမက်ထံသို့ ကျရောက် လာခဲ့သော မုခကျွံပါဠိ တော်များသည် ကုရ်အာန် ကျမ်းဖြစ်၏။ |
| ၁၂ | ၁၃၂ | ၃ | ကောင်းကင်ဘုံမှ | — |
| ၁၃ | ၁၃၂ | ၁၄ | ထွက်ပြေးသွားခဲ့ရ လေသည်။ | တိမ်းရှောင်သွားခဲ့ လေသည်။ |
| ၁၄ | ၁၃၂ | ၁၆ | ထွက်ပြေး | တိမ်းရှောင် |
| ၁၅ | ၁၃၂ | ၂၂ | ဟာဂျီရာ | ဟစ်ဂျရတ် |
| ၁၆ | ၁၃၂ | ၂၅ | မတာမက် | မဟာမက် |
| ၁၇ | ၁၃၃ | ၁၁-၁၁ | ကျောက်ဖြင့်ဆောက် လုပ်ထားသော အဆောင် ကြီးဖြစ်၍ ရုပ်ပုံပန်းပုံ အခင်းအကျင်းအမွမ်းမံ ထားခြင်းများမပြုရ။ | — |
| ၁၈ | ၁၃၃ | ၁၅ | မက္ကာမြို့သို့ | မက္ကာမြို့တော်ရှိကျောင်း တော်သို့။ |

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁၉ | ၁၃၄ | ၁၄–၁၈ | သာမာလူသားများ နှင့် သာဝကတို့အားအလ္လာဟ် အသျှင်မြတ် (ထာဝရ ဘုရားသခင်) ထံမှရရှိခဲ့ သောဗျာဒိတ်တော်များ ကိုတမာန်တော်မဟာမုက် မှတဆင့် ပြန်လည်ဟော ကြားပို့ချခဲ့သည်ဟုဆိုသည်။ ယင်း ဟောကြား ပို့ချ ခဲ့ သော တရားတော်များအား စုပေါင်း ရိုက်နှိပ်ထားသည့် စာအုပ်ကို (ကိုရမ်ကျမ်း) ဟုခေါ်သည်။ | အမှန်မှာ-အလ္လာဟ် အသျှင် မြတ်ထံမှ တမန်တော်မဟာ မက်ထံသို့ ကျရောက် လာခဲ့ သော မုက္ခပါဠိတော် များ သည်သာ ကုရ်အာန်ကျမ်း ဖြစ်၏။ |
| ၂၀ | ၁၃၄ | ၁၉–၂၀ | ထို ကိုရမ် ကျမ်းသည် တတိယမြောက်သမ္မတ (သာဝက) အုတ္တမန် လက်ထက်၌ ယနေ့တိုင်ကွဲ လွဲမှုမရှိသော စုစည်းထား သည့်ကျမ်းစာအုပ်အဖြစ် ပေါ်လာသည်ဟုဆို၏။ | ကုရ်အာန်ကျမ်းသည် တမန် တော် မုဟမ္မဒ် လက်ထက်မှ စ၍ ကွဲပြားမှုစိုးစဉ်းမျှမရှိဘဲ မူရင်း အတိုင်း ယနေ့တိုင် တည်ရှိသည်။ |
| ၂၁ | ၁၃၅ | ၃– ၅ | မဟာမက်၏အယူဘာ သာ၊ တနည်းအားဖြင့် အစ္စလာမ်ဘာသာ၌ ယုံ ကြည်သူတို့အား (မဟာ မေဒင်) လူမျိုးဟု လည်း ကောင်း၊ (မူဆလင်) လူမျိုး ဟူ၍လည်းကောင်း ခေါ်ဆို ကြသည်။ | အစ္စလာမ်ကို သက်ဝင် ယုံကြည်သူကို မွတ်စလင်မ် ဟု ခေါ်သည်။ မွတ်စလင်မ် သည် လူမျိုးမဟုတ်။ |
| ၂၂ | ၁၃၅ | ၁၂–၁၃ | ဂျော်ဂျီယာတို့ကိုပါ တိုက်ခိုက်သိမ်းယူခဲ့၏။ | ဂျော်ဂျီယာတို့အထိ အစ္စလာမ်ပြန့်ပွားလာခဲ့၏။ |
| ၂၃ | ၁၃၆ | ၁ | ဘာသာရေးနယ်ချဲ့ခြင်း | ဘာသာရေးပြန့်ပွားခြင်း |
| ၂၄ | ၁၃၆ | ၂၄ | မူဆလင်ဘာသာ | အစ္စလာမ်ဘာသာ |
| ၂၅ | ၁၃၇ | ၁၉ | ကတို့မှပြု | အမှိတကဲမပြု |
| ၂၆ | ၁၃၉ | ၇ | ထိုရောင်ခြည်တော်အနန္တ | ထိုရောင်ခြည်တော်ကအနန္တ |

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၂၇ | ၁၄၀ | ၁၂ | အလွှာလ် | ဟလာလ် |
| ၂၈ | ၁၄၀ | ၂၅ | ရွှေညာတကာ | ဆွေညာတကာ |
| ၂၉ | ၁၄၂ | ၈ | မိုဟမက် | မိုဟာမက်နဗျီ |
| ၃၀ | ၁၄၂ | ၅ | အမွမည်သော | အမွာရာမည်သော |
| ၃၁ | ၁၄၂ | ၁၉ | အမွရာ | အမွာရာ |
| ၃၂ | ၁၄၂ | ၂၄ | မုဟမက်နဗီ | မိုဟာမွဒ်နဗျီ |
| ၃၃ | ၁၄၃ | ၂ | — | လူတွင်လည်းငရဲ (၇)ထပ် ရှိပါသည်။ |
| ၃၄ | ၁၄၃ | ၇ | ထားဝစဉ် | ထားစဉ် |
| ၃၅ | ၁၄၃ | ၁၃ | မမြင့် | မထင် |
| ၃၆ | ၁၄၃ | ၁၅ | (အလွှာဟတ်) | မလာယစ် (ကောင်းကင်တမန်) |
| ၃၇ | ၁၄၃ | ၂၃ | ထိုအရိုးသည်မကျွမ်း | ထိုအရိုးသည်မီးမကျွမ်း |
| ၃၈ | ၁၄၃ | ၂၅ | တန်ခိုးတော်ဖြင့် | တန်ခိုးတော်ဖြင့်အစ္စရာဖွဲလ် |
| ၃၉ | ၁၄၄ | ၄ | တောင်ကင်ဂျန္နက် | ဂျန္နက် |
| ၄၀ | ၁၄၄ | ၅ | ဤကိုယ်ဖြင့်ခံဝန်ရမည် | ဤကိုယ်ဖြင့်ခံစားရမည် |
| ၄၁ | ၁၄၄ | ၂၂ | မက္ကာမြို့တော်၌ | အရဖက်ကွင်းပြင်ကြီး၌ |
| ၄၂ | ၁၄၄ | ၂၃ | ဟူ၍ | ဟ၍ |
| ၄၃ | ၁၄၄ | ၅၂ | ပြီး | — |
| ၄၄ | ၁၄၅ | ၁၀ | အခြား | — |
| ၄၅ | ၁၄၆ | ၈၃ | မုချွတ္တ | မုချွတ္တ (မုချကေန်) |
| ၄၆ | ၁၄၇ | ၁၅ | ခေါင် | ခေါင်းဆောင် |
| ၄၇ | ၁၄၈ | ၆ | အစ္စလာမ်သာသနာဝင်များကမူ | အစ္စလာမ်သာသနာဝင်များကမူ မိမိတို့ တိုင်းပြည် အသီးသီးတွင် |
| ၄၈ | ၁၄၈ | ၉–၁၃ | အသားသတ်လျှုခြင်း | — |
| ၄၉ | ၁၄၈ | | အသားသတ်လျှုခြင်း | ကုရ်ဘာနီသားကောင် သတ်၍လျှုခြင်း။ |
| ၅၀ | ၁၄၈ | ၁၉–၂၃ | ထိုနောက်မိမိရှိပစ္စည်းအားလုံးတန်ဘိုးဆက် အခြားကြွေးမြီ ပေးဆပ်ရန်များကပိုနေပါကထိုသူသည် ကုရ်ဘာနီ (သားသတ် ၍ | — |

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| | | | လှူခြင်း) မပြုလုပ်ရ၊ ပြုလုပ်ခဲ့သော်လည်း အကျိုးမရှိ၊ အချိုးနှိုးသာဖြစ်သည်ဟု ဆို၏ (ငင်းအစွဲလာမ်ဗွာနချုပ် ဦးမောင်မောင်၏ ဖြေကြားချက်) | |
| ၅၁ | ၁၄၀ | ၂၆ | (ကုရ်အာန်-၂၂၊၃၆) | ကုရ်အာန် (၂၂း၃၆) |
| ၅၂ | ၁၄၉ | ၃ | သတ္တဝါ | တက္ကဝါ (သူတော်စဉ်တရား) |
| ၅၃ | ၁၄၉ | ၃- ၄ | (ကုရ်အာန်-၂၂-၃၇) | ကုရ်အာန် (၂၂း၃၇) |
| ၅၄ | ၁၅၀ | ၂၆ | ထိုဥပုသ်တလကုန်ပြီးရက်ပေါင်း (၆၀) ၂လပြည့်၍ နောက်ထပ်လဆန်း (၁၀, ၉) ရက်တနေ့နေ့က စ၍ (အစ်) ပွဲတော်ကြီး (၃) ရက်တိုင်တိုင်ကျင်းပကြသည်။ ဆိုလိုသည်မှာ ဥပုသ်တလစောင့်ပြီး နောက်ရက်ပေါင်း (၆၉ ၇၀) ရက်၌၊ တရက်ရက်တွင် အစ်ပွဲစသည်။ | ဥပုသ်တလ ကုန်ဆုံးသည့်အခါ ဥပုသ် လ၏ နောက်လ၊ လဆန်း (၁) ရက်နေ့တွင် ဝါကျွတ် ပွဲတော် ကျင်းပကြသည်။ ဥပုသ်လ ကုန်ဆုံး၍-၂-လကျော်ပြီး၊ တတိယလ၊ လဆန်း (၁၀) ရက် နေ့တွင် အီဒွလ်အဿဟာ (ကုရ်ဘာနီပွဲတော်) ကျင်းပကြသည်။ အစ္စလာမ်၏ လများမှာ-၂၉-ရက်နှင့်တလ၊ ၃၀-ရက်နှင့် တလ အသီးသီး ရှိသည်။ |
| ၅၅ | စာအုပ်မာတိကာ အမှတ်စဉ် (၇) မှ | | မဟာမေဒင် | မဟာမေဒင် |

နေ့စွဲ ၁၉၇၁ ခု၊ ဇွန်လ (၂၆) ရက်။

## သက်ဆိုင်ရာသို့

စာရေးဆရာ ဦးသောင်းဖေရေးသားထုတ်ဝေသော (ဇ°နဂုဏတော်ဖြင့် အကြံ အောင်မြင်နည်း၊ ဗုဒ္ဓလက်စွဲ ဒီပနီ၊ ဘာသာပေါင်းစုံ ပါဝင်သည်) စာအုပ်တွင်၊ ဟိန္ဒူ ကဏ္ဍ၌၊ ပူးတွဲပါအယူအဆ မတူညီမှု လေးများကို ဖော်ပြပါအတိုင်း အမှား–အမှန် ပြင်ဆင်ချက်ကပ်ထည့်ပေးပါက၊ ဟိန္ဒူ ဘာသာဝင်များ အနေဖြင့် ကန့်ကွက်စရာ မရှိ ပါကြောင်းနှင့် စာအုပ်ကို ရောင်းချခွင့်ပြုရန် သဘောတူထောက်ခံအပ်ပါကြောင်း။

ပုံ/သိန်းမောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ်၊ ရန်ကုန်။
(မိတ္တူမှန်)

### ဟိန္ဒူကဏ္ဍ အမှားအမှန် ပြင်သင်ချက်

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁၅၆ | ၁/ | ၂ | နောင်အာရိယန် လူမျိုးများက မိမိတို့သည် ဒယားး မီးဒီးယန်း လူမျိုးများထက်အမျိုးသန့် သည်ဟု ခွဲခြားရာမှ ဇာတ်များပေါ်ပေါက်ခဲ့လေသည်။ | နောင်တွင် နိုင်ငံနှင့် လူမျိုးတို့၏ တာဝန်များကိုခွဲခြားသတ်မှတ်ရာမှ ဇာတ်များ ပေါ်ခဲ့ လေသည်။ |
| ၁၅၆ | – | | (1) Rie Veda.<br>(2) Sama Veda.<br>(3) Yahura Veda,<br>(4) Athava Veda.<br>၎င်းစကားပြေများ။ | ၎င်း ဝေဒကျမ်း အားလုံးတွင် ရှိသော လင်္ကာများမှာ ဘုရားဂုဏ်ကို ရွတ်ဖတ်ခြင်းနှင့် နတ်များအား ပင့်ဖိတ်ပူဇော်ရာတွင် သော်လည်းကောင်း ယဇ်ပူဇော်ရာတွင် ပြုလုပ်သော ကျင့်စဉ်များဖြစ်သည်။ |
| ၁၅၆ | ၂၅/၂၆ | | နတ်ပေါင်းများစွာတို့အကြီးအကြီးအကဲ မှာ (မဟာ ဗြဟ္မာကြီး) ဖြစ်သည်။ | ဟိန္ဒူတို့သည် ဒေဝ-ဒေဝီ မြောက်များစွာ ကိုးကွယ် ကြသော်လည်း နောက်ဆုံးအချုပ်မှာ (ဗြဟ္မ°) ဟုခေါ်သည့်တဆူတည်းသော ဘုရားရှင် သာ ဖြစ်သည်။ |

| အပုဒ်ဝဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁၅၉ | — | ၁။ သုဋ္ဌ ၂။ ဝဿ ၃။ ခတ္တိယ ၄၊ ဗြာဟ္မဏ | ၎င်း၊ စကား၊ ပြေ၊ များ။ | သုဋ္ဌ=လယ်ယာ ကိုင်းကျွန်းနှင့် ကြမ်းတမ်းသော အလုပ်များကို လုပ်ကိုင်သူ။ ဝဿ=ကုန်သွယ်ခြင်းနှင့် နိုင်ငံတော် အကျိုး စီးပွားကို သည်ပိုးဆောင်ရွက်သူ။ ခတ္တိယ=တိုင်းပြည်အုပ်ချုပ်မှုကို ကျွမ်းကျင်စွာ ပြုလုပ်သူ မင်း များနှင့် ကာကွယ် စောင့်ရှောက်သူ စစ်သည် တော်များ။ ဗြာဟ္မဏ=ဘာသာရေး ပညာများကို လေ့လာသင်ကြားပြီး အများအား သင်ပေး ပို့ချသူ။ |
| ၁၆၁ | ၇/၉ | ဟိန္ဒူဘာသာ၏ဘုရားမှာ အလောင်းတော် ရာမနှင့် (ခရစ်ရှနား) ဖြစ်၍ မဟာ ဗြဟ္မာ၊ ဝိဿနိုး၊ သိဝ၊ ဒရှိ တို့မှာ နတ်ကြီးများ ဖြစ်၏။ | | အလောင်းတော်ရာမကို (အဝ သာရ ၇ ရှ သူ) ဟု ခေါ်ကြပါသည်။ ထိုကဲ့သို့ အဝသာရ ပုရှသူမှာ ခမြောက်များစွာ ရှိပါသည်။ ရာမခရစ်ရှနား ဆိုသူမှာ လွန်ခဲ့သောရာစုတွင် ဘင်္ဂလားပြည်၌ မွေးဖွားခဲ့သော ရဟန်းတပါးဖြစ်သည်။ ဗြဟ္မာ၊ ဝိဿနိုး၊ သိဝတို့မှာ နတ်ကြီးများ မဟုတ်ပါ။ (နာသ်) ဟု ဟိန္ဒူများ ခေါ်သော အဓိပ္ပာယ်မှာ အလုံးစုံကို အစိုးရသူ ဖြစ်ပါသည်။ တနည်းအားဖြင့် ဒေဝဒေဝီများဟုလည်း ခေါ်ဝေါ် သုံးစွဲနိုင်ပါသည်။ |

**မှတ်ချက်။** ။ကျွန်ုပ် ဤစာအုပ်ရေးစဉ်က အစိုးရ စာကြည့်တိုက်ကြီးများသို့ လည်းကောင်း၊ ဟိန္ဒူဓွာနအဖွဲ့ချုပ်သို့ လည်းကောင်း၊ ကိုးကားရန် စာအုပ်နှင့် မှတ်တမ်းများ သွားရောက်ရှာဖွေဝယ်ယူရာ၌ မတွေ့သဖြင့် ဟိန္ဒူဘာသာ၏ အဘိဓမ္မာသဘော၊ သီလတရားနှင့် ကျင့်စဉ်များကျန်ရှိသွားပါသည်။ ဒုတိယအကြိမ်ထွက်ပါက နောက်ထပ်ရှာရသလောက် အပြည့်အစုံ ထည့်သွင်း ဖော်ပြပေးပါမည်။

## ခရစ်ယာန်ကဏ္ဍ

နေ့စွဲ။ ။၁၉၇၁၊ ဇွန်လ (၁၀) ရက်။

ဝိုင်-အမ်-စီ-အေ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေ အတွင်းရေးမှူးချုပ် ဦးအောင်ခင်၏ (၁၀-၆-၇၁) ခု နေ့လယ်အချိန်တွင် ပြောကြားချက်။

ကျွန်တော်တို့ ခရစ်ယာန်ဘာသာမှာ (ဘက်ပတစ်) နှင့် (ကက်သလိပ်) အသင်း နှစ်မျိုးရှိနေပါသဖြင့် ဇိနဂုဏ်တော်ဖြင့် အကြံအောင်မြင်နည်း၊ ဗုဒ္ဓလက်စွဲဒီပနီ၊ ဘာသာပေါင်းစုံပါဝင်သည်။ စာအုပ်တွက် ထောက်ခံစာ မပေးနိုင်သော်လည်း ဦးသောင်းဖေ ရေးသားထားသည့် အတွင်းစာသားများမှာ ခရစ်ယာန်စာအုပ်ထဲမှ မူရင်းများအတိုင်းသာ ဖြစ်ပါသောကြောင့် ရောင်းချမှုကို သဘောတူပါသည်။ စာပေစိစစ်မှုလည်း ခွင့်ပြုထားပြီး ဖြစ်သည့်အတွက် အောက်ဖော်ပြပါ ပုံနှိပ်တိုက်အမှားမှတပါး ကန့်ကွက်ပြင်ဆင်ရန် အထူးမရှိပါ။ ရောင်းချပါဟု ပြောပါသည်။

ထို့ပြင် ၎င်းတို့ကိုယ်တိုင် (အဲသင်းတော်မှ) စာအုပ်ကောင်းများ မထုတ်နိုင်သေးသည့်အတွက် ဦးသောင်းဖေ၏ ရေးသားမှု (စာအုပ်) ကို ကျွန်တော်တို့က ကျေးဇူးတင်ရပါမည်ဟု ထပ်မံ ပြောကြားပါသည်။

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁ | ၁ | | သခင်ရေရှု | "သခင်ယေရှု" ဟု နေရာအားလုံး၌ ပြင်ဖတ်ပါ။ |
| ၁၀၀ | ၂ | | (ဆိုင်ဘာယ်) | (ဘိုင်ဘာယ်)။ |